



www.linhtet.com

အလင်္ကာဝတ်ရည်

www.foreverspace.com.mm

အလင်္ကာဝတ်ရည်(စာစဉ်–၁၆)

အလင်္ကာဝတ်ရည်

အလင်္ကာဝတ်ရည်စာပေ
အမှတ်–၂၆၇(ဘီ–၁)၊ ၃၉–လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၃၈၁၉၅၄

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး --- ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး --- ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး --- ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်

တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်

တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏

လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊

အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.foreverspace.com.mm


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၃၁၀၀၆၁၀၉၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၁၀၀၆၇၀၉၀၈
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ
ဖလင်
**Colour King**
အတွင်းဖလင်
ကိုဦးနှင့်ညီများ
ထုတ်ဝေသူ
ဦးဥက္ကာအေး
(ယာယီ–၁၁၂၁)
အလင်္ကာဝတ်ရည်
မျက်နှာဖုံး+အတွင်းပုံနှိပ်
အလင်္ကာဝတ်ရည်ပုံနှိပ်တိုက် (ယာယီ–၆၃၂၇)
အမှတ် (၁၂၉)၊ မြဝတ်ရည်လမ်း၊
၂၉– ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
ကိုသန်းဌေး
၉၇–လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အုပ်ရေ
၅၀၀
တန်ဖိုး
၃၀၀၀/– ကျပ်
ဖြန့်ချိရေး
ရန်ကုန်မြို့၊အလင်္ကာဝတ်ရည်စာပေ
ဖုန်း–၃၉၂၅၀၇၊
မန္တလေး၊ထွန်းဦးစာပေ
ဖုန်း–၀၂–၃၉၈၉၁၊ ၃၉၈၀၁
မျက်နှာဖုံးပန်းချီ
အောင်ကျော်

ဟိန်းလတ်

# တရုတ်နိုင်ငံရေးသုခမိန်
# တိန့်ရှောက်ဖိန်

www.foreverspace.com.mm

www.foreverspace.com.mm

# မာတိကာ


| | | |
|---|---|---|
| | မှတ်တမ်းဓာတ်ပုံများ | ၁၁ |
| | စာရေးသူအမှာ | ၂၅ |
| ၁။ | ၁၉၆၆ အုံးအုံးကြွက်ကြွက်ဖြစ်ရပ်များ | ၃၂ |
| ၂။ | ပြည်တွင်းပြဿနာများစ,ပြီ | ၃၉ |
| ၃။ | ဌာနချုပ်ကိုဖုံးကြဲခြင်း | ၄၇ |
| ၄။ | လျှူနှင့်တိန့်ကို ဝေဖန်ကြ | ၅၂ |
| ၅။ | ဓနရှင်လမ်းကြောင်းလိုက်သူ တာဝန်ရှိပုဂ္ဂိုလ်များကို ဆန့်ကျင်ကြ | ၅၆ |
| ၆။ | လျူ၊ တိန့်၊ တောက် ကျဆုံးပါစေ | ၆၀ |
| ၇။ | တိန့်ရှောက်ဖိန် အမှုစစ်အဖွဲ့ | ၆၄ |
| ၈။ | တိန့်ရှောက်ဖိန်၏ ဘဝနိဒါန်း | ၆၉ |
| ၉။ | ၈ ကြိမ်မြောက် ပါတီဗဟိုကော်မတီ အကြိုအစည်းအဝေး | ၇၇ |
| ၁၀။ | ထိတ်လန့်စရာ မေလမှာ | ၈၀ |
| ၁၁။ | ကောင်းကင်ပေါ်မှကျလာသော ငြိမ်သက်မှု | ၈၃ |
| ၁၂။ | တိန့်ရှောက်ဖိန်အမှုစစ်အဖွဲ့၏ လုပ်ဆောင်မှု အစမှအဆုံး | ၈၆ |
| ၁၃။ | ၉ ကြိမ်မြောက် ပါလီအမျိုးသားကွန်ကရက်နှင့် တော်လှန်ရေး ဆက်လက်လှုပ်ရှားခြင်း | ၈၉ |
| ၁၄။ | သေနင်္ဂပျူဟာပြင်ဆင်ခြင်း | ၉၂ |
| ၁၅။ | တစ်ကိုယ်တော် ရွှေ့ပြောင်းခန်း | ၉၄ |
| ၁၆။ | ကျန်ဇီတွင် နေထိုင်ရသောနေ့ရပ်များ | ၉၇ |
| ၁၇။ | အလုပ်သမားဘဝ | ၁၀၀ |
| ၁၈။ | သားသမီးများနှင့် ပြန်ကြုံရဆုံရ | ၁၀၅ |
| ၁၉။ | ထင်ထင်ရှားရှား အပြောင်းအလဲ | ၁၀၇ |
| ၂၀။ | လူရှန်းညီလာခံမှ လှိုင်းတံပိုးများ | ၁၁၀ |
| ၂၁။ | မသက်မသာငြိမ်သက်သောနေ့များစွာ | ၁၁၄ |
| ၂၂။ | ပုဖုန်း၏ အဖြစ်ဆိုးများ | ၁၁၈ |
| ၂၃။ | ကောင်းကင်ဘုံက ပြည်သူကို ပစ်မထားပါ | ၁၂၂ |
| ၂၄။ | ကေဒါပေါင်းများ လွတ်မြောက်ရေးလမ်းစ | ၁၂၈ |
| ၂၅။ | အစွန်းရောက်သမားများ၏အမှားများကို ပြန်ပြင်ခြင်း | ၁၃၁ |
| ၂၆။ | လက်ထိပ်များကိုချိုးဖျက် တောင်တန်းများပေါ်အတက် | ၁၃၅ |
| ၂၇။ | နှုတ်ဆက်ခဲ့ပါတယ်၊ ခြေလျင်တပ်ကျောင်းရယ် | ၁၃၈ |

www.foreverspace.com.mm


| | | |
|---|---|---|
| ၂၈။ | နွေရာသီ- အလုပ်ပြန်ဆင်းရပြီ | ၁၄၃ |
| ၂၉။ | ၁၀ ကြိမ်မြောက်၊ ပါတီအမျိုးသား ကွန်ကရက်က ယဉ်ကျေးမှုတော်လှန်ရေးလမ်းကြောင်းကို ဆက်လိုက် | ၁၄၉ |
| ၃၀။ | စစ်ကော်မရှင်နှင့် ပေါ်လစ်ဗျူရိုတွင် | ၁၅၃ |
| ၃၁။ | ကုလသမဂ္ဂအထူးအစည်းအဝေးအပြီး မုန်တိုင်း | ၁၅၈ |
| ၃၂။ | အကျဉ်းတန်သောတိုက်ပွဲ | ၁၆၃ |
| ၃၃။ | စတုတ္ထအကြိမ် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အစိုးရအဖွဲ့သစ်လုပ်ဆောင်မှုများ | ၁၆၆ |
| ၃၄။ | စတုတ္ထမြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အရေးပါမှုများ | ၁၇၂ |
| ၃၅။ | ပြန်လည်ပြုပြင်ရေးလုပ်ဆောင်ချက်များ | ၁၇၅ |
| ၃၆။ | မော်စီတုံးက လေးဦးဂိုဏ်းကို ဝေဖန်ပြီ | ၁၇၉ |
| ၃၇။ | အဆုံးစွန်ပြုပြင်ပြောင်းလဲမှုများ | ၁၈၄ |
| ၃၈။ | အကြီးအကျယ်ပြီးမြောက်မှုများ | ၁၈၇ |
| ၃၉။ | ယုတ်မာသောသူများ၏စွပ်စွဲချက် | ၁၉၄ |
| ၄၀။ | ခက်ခဲသောနေ့ရက်များ | ၁၉၈ |
| ၄၁။ | ကြေကွဲဖွယ်ရာအဖြစ်သနစ်များ | ၂၀၄ |
| ၄၂။ | တိန့်ကိုဝေဖန်ကြ၊ လက်ျာယိမ်းဝါဒီများ၏ ကြိုးပမ်းမှုများကို ဆန့်ကျင်ကြ | ၂၀၈ |
| ၄၃။ | မဟာဧပြီ ၅ လှုပ်ရှားမှု | ၂၁၃ |
| ၄၄။ | သန္နိဋ္ဌာန်နှစ်ရပ်နှင့် တိန့်၏ဒုတိယမြောက် အဖယ်ရှားခံရခြင်း | ၂၁၇ |
| ၄၅။ | လှိုင်းလုံးများကို မကြောက်မရွံ့ ထိပ်တိုက်ရင်ဆိုင် | ၂၂၁ |
| ၄၆။ | ဧရာမလူသားကြီး မော်စီတုံး ကွယ်လွန်ရှာပြီ | ၂၂၅ |
| ၄၇။ | လေးဦးဂိုဏ်းကို အပြီးတိုင်ချေမှုန်းပြီ | ၂၃၁ |
| ၄၈။ | ပြန်လည်တည်ဆောက်မှု အသီးအပွင့်များ | ၂၃၈ |
| ၄၉။ | နိဂုံးကောက်ချက်ချရလျှင် | ၂၄၀ |
| ၅၀။ | အနိမ့် အမြင့် အတက်အကျ ဘဝအစ အလည် အဆုံး | ၂၄၈ |
| ၅၁။ | တိန့်၏နောက်ဆုံးနေ့များ | ၂၅၄ |
| ၅၂။ | နောက်ဆက်တွဲ (က) | ၂၆၇ |
| ၅၃။ | နောက်ဆက်တွဲ (ခ) | ၂၇၇ |

www.foreverspace.com.mm



ပုံ (၁)
ပြင်သစ်နိုင်ငံတွင် ပညာသင်စဉ်
တိန့်ရှောင်ဖိန်



ပုံ (၂)
ဖက်ဆစ်တော်လှန်ရေးကာလ
တိန့်ရှောင်ဖိန်

www.foreverspace.com.mm



ပုံ (၃)
တိန့်ရှောက်ဖိန်နှင့် သူ့ဇနီး (၁၉၆၄)



ပုံ (၄)
တိန့်ရှောက်ဖိန့်မိသားစု (၁၉၆၄)

www.foreverspace.com.mm



ပုံ (၅)
တိန့်ရှောက်ဖိန်နှင့် မော်စီတုံး(၁၉၆၀)



ပုံ (၆)
ယဉ်ကျေးမှုတော်လှန်ရေးအပြီး
တိန့်ရှောက်ဖိန်နှင့်
သူ့မိသားစုပြန်ဆုံကြပုံ

www.foreverspace.com.mm

ပုံ (ဃ)
တက်ကြွစွာ
ဟောပြောနေသော
တိန့်ရှောက်ပိန်





ပုံ (ဂ)
မော်စီတုံးနှင့် တိန့်ရှောက်ပိန်

www.foreverspace.com.mm



ပုံ (၉)
တိန့်ရှောက်ဖိန် နှင့် ကင်မ်အီဆွန်း



ပုံ (၁၀)
တိန့်ရှောက်ဖိန် ပြင်သစ်သွားစဉ်



ပုံ (၁၁)

လျူရှောက်ချီ (လယ်) ချူအင်လိုင်း (ယာ)နှင့် တိန့်ရှောက်ဖိန် (ဝဲ) · ၁၉၆၈



ပုံ (၁၂)

တပ်နီဝတ်စုံများနှင့် တိန့်ရှောက်ဖိန်၏သမီးများ



ပုံ (၁၃)
တိန့်ရှောက်ဖိန်နှင့် ချူအင်လိုင်ဇနီး တိန့်ရင်းချောင်း



ပုံ (၁၄)
တိန့်ရှောက်ဖိန်ကုလသမဂ္ဂ
အထွေထွေညီလာခံသို့အသွား
ဝန်ကြီးချုပ် ချူအင်လိုင်က
လိုက်လံပို့ဆောင်စဉ်

www.foreverspace.com.mm



ပုံ (၁၅)
နိုင်ငံတော်ကောင်စီ၏ ဒုတိယဝန်ကြီးချုပ်အဖြစ် တိန့်ရှောက်ဖိန်မိန့်ခွန်းပြောနေပုံ



ပုံ (၁၆)
ပေကျင်းသို့ ပြန်အရောက်
(၁၉၇၃)

www.foreverspace.com.mm



ပုံ (၁၇) တိန့်ရှောက်ပိန်နှင့်ဇနီး သမီး တိန့်နန်း တိန့်ရောင်းတို့အမှတ်တရ (၁၉၇၄)



ပုံ (၁၈) တိန့်နှင့် မြေးမလေး (၁၉၇၄)

www.foreverspace.com.mm



ပုံ (၁၉)
အဖိုးတိန့်ရှောက်ဖိန်
မြေးမလေးနှင့်အတူ
(၁၉၇၂)



ပုံ (၂၀)
၆ နှစ်ကြာအကျယ်ချုပ်မှ လွတ်မြောက်ပြီး တိန့်ရှောက်ဖိန်ကို မိသားစုနှင့်အတူ တွေ့ရပုံ (၁၉၇၃)

www.foreverspace.com.mm



ပုံ (၂၁)
စီးပွားရေး
ပြောင်းလဲမှုအကြောင်း
တွေးနေသော
တိန့်ရှောက်ဖိန်



ပုံ (၂၂)
လယ်ယာမြေ ပြန်လည်ပြုပြင်ရေး စစ်ဆေးနေသော တိန့်ရှောက်ဖိန်

www.foreverspace.com.mm



ပုံ (၂၃)

မော်စီတုံးနှင့် တိန့်ရှောက်ဖိန် (၁၉၇၅)

www.foreverspace.com.mm



ပုံ (၂၄)
တိန့်ရှောက်ဖိန်
စိတ်ကြိုက်ရွေးထားသော
ကျန်ဇီမင်းကို
နှုတ်ဆက်နေစဉ်



ပုံ (၂၅)
ရှင်ကျင့်အထူးစီးပွားရေးဇုန်ရှိ
တိန့်ရှောက်ဖိန်ပန်းချီကား

www.foreverspace.com.mm



ပုံ (၂၆)
မကွယ်လွန်မီ အထူးစီးပွားရေးဇုန်များသို့ နောက်ဆုံးခရီးအဖြစ် စစ်ဆေးစဉ်
တိန့်ရှောက်ဖိန်အား သမီးများက တွဲခေါ်လာစဉ်



ပုံ (၂၇)
တိန့်ရှောက်ဖိန်၏ရုပ်ကလာပ်အား သမ္မတကျန်စီမင်နှင့် ဝန်ကြီးချုပ်လီဖုန်းတို့ ဂါရဝပြုစဉ်

www.foreverspace.com.mm

## စာရေးသူ၏အမှာစာ

(၁)

ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၉၉၅ တွင် မြန်မာစာရေးဆရာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါခွင့်ရခဲ့ကာ ၂၀၀၇ခုနှစ် မြန်မာသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် သွားရောက်ခွင့် ရခဲ့ပါသည်။ ပေကျင်း၊ ဟန်ချို၊ ဘူချို၊ ရှန်ဟဲ၊ ကူမင်း စသည့်ဒေသအသီးသီးသို့ရောက်ရှိခဲ့ကာ တရုတ်စာရေးဆရာများ၊ သတင်းစာဆရာများနှင့် တွေ့ဆုံဆွေးနွေးစကားပြောခွင့် ရခဲ့ပါသည်။ သူတို့နှင့်စကားပြောတိုင်း မော်စီတုံး၊ ချူအင်လိုင်း၊ တိန့်ရှောက်ဖိန်စသောခေါင်းဆောင်ကြီးများ၏ အမည်နာမသည် မပါမဖြစ် ပါကြသည်ချည့်ပင်ဖြစ်၏။ မော်စီတုံးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သူ၊ တရုတ်ကွန်မြူနစ်ပါတီ၏ဥက္ကဋ္ဌကြီး ခေါင်းဆောင်ကြီးအဖြစ် လေးစားရိုသေချစ်မြတ်နိုးကြသကဲ့သို့၊ ချူအင်လိုင်းကိုကား အုပ်ချုပ်ရေးပိုင်းတွင် ပိုင်နိုင်သူ၊ မော်၏လမ်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်သူ၊ သံခင်းတမန်ခင်း ကျွမ်းကျင်သူဝန်ကြီးချုပ်အဖြစ် မော်ကွန်းထိုးထားကြသည်။ တရုတ်ပြည်သစ်ကြီး တံခါးဖွင့်ဝါဒကျင့်သုံးကာ စီးပွားရေးအရှိန်အဟုန်မြင့်တက်လာပြီး ချမ်းသာကြွယ်ဝသည့်အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာအောင် ဆောင်ကြဉ်း လမ်းဖွင့်ပေးသူအဖြစ်ကားတိန့်ရှောက်ဖိန်၏ကျေးဇူးကို သူတို့ဆပ်၍မကုန်ကြောင်း လူတိုင်းလိုလို တဖွဖွပြောခဲ့ကြသည်ကို ကြားသိခဲ့ရသည်။

တိန့်ရှောက်ဖိန်သည် တကယ့်နိုင်ငံရေးသုခမိန်ကြီး ဖြစ်သည်။ သူ့ကို 'သရဖူမဆောင်းသော မင်းဧကရာဇ်' ဟုတင်စားခေါ်ဝေါ်ကြသည်လည်း ရှိသည်။

မည်မျှပင် တိုက်ခိုက်ခြင်းခံရခံရ ပြန်ပြန်ခေါင်းထောင်လာသဖြင့် 'ပုတော့ဝုန်း' (ပစ်တိုင်းထောင်ကြီး)ဟုလည်း ချစ်စနိုးခေါ်တတ်ကြသည်။

ကမ္ဘာတစ်လွှားတွင် ယခုထက်တိုင် 'ဟိန်း'နေဆဲမှာ မော်စီတုံး အမည်ဖြစ်သော်လည်း တကယ်တမ်းတရုတ်သူရဲကောင်းအမွေဆက်ခံသူမှာ တိန့်ရှောက်ဖိန် ဖြစ်သည်။ မော်စီတုံးသည် တော်လှန်ရေးအတွေးအခေါ်တစ်ရပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သစ် ထူထောင်သူသာ ဖြစ်သော်လည်း တရုတ်တို့၏ အံ့ဖွယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သူသည် တိန့်ရှောက်ဖိန်ပင် ဖြစ်ပါသည်။

တိတိပပပြောရလျှင် တရုတ်ပြည်သမိုင်းတွင် 'မော်စီတုံးအကျ' 'တိန့်ရှောက်ဖိန်အတက်'ဖြစ်၍ နိုင်ငံအတွက် ကံထူးသည်ဟုပင် ဆိုရမည်။ 'လက်တွေ့မျက်မြင်ဝါဒီ'အဖြစ် လူအများ၏ ကောင်းချီးပေးကြိုဆိုခံရသူမှာ 'မော်' မဟုတ်၊ 'တိန့်'ပင် ဖြစ်၏။ တရုတ်ပြည်ကြီးကို ပုံစံသစ်စီးပွားရေး အရှိန်အဟုန်တိုးပြီး မိတ်ဆက်ပေးခဲ့သူမှာလည်း 'တိန့်'ပင် ဖြစ်၏။

'ကြောင်ဆိုတာ အဖြူပဲဖြစ်ဖြစ်အမည်းပဲဖြစ်ဖြစ် အရေးကြီးတာ ကြွက်ခုတ်ဖို့ပဲ'ဟူသော တိန့်၏စကားမှာ ခေတ်ဟောင်းဥဒ္ဓံထဲတွင် ငိုက်မြည်း အိပ်မောကျနေကြသော အစွဲကြီးသူများကို အိပ်ယာမှလန့်နိုးစေရန် ဖောက်ခွဲလိုက်သောဗုံး တစ်လုံးပင် ဖြစ်ပါသည်။

စင်ကာပူဝန်ကြီးချုပ်လီကွမ်ယူ တဖွဖွ ချီးကျူးအားကျသော ပုဂ္ဂိုလ်မှာ တိန့်ရှောက်ဖိန်ပင် ဖြစ်၏။

'အရပ်ပုသလောက် ခေါင်းကြီးတဲ့သူဗျ။ သူက တစ်သက်လုံး ကွန်မြူနစ်လုပ်လာတဲ့ သူ။ ဒါပေမယ့် တရုတ်ပြည်ကြီးကို တံခါးဖွင့်ပေးတာလဲ သူပဲ။ ဈေးကွက်အင်အားစုတွေ လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ပေးလိုက်တာလဲ သူပဲ။ တရုတ်တွေ ချမ်းသာကြွယ်ဝတိုးတက်လာတာဟာ သူ့တစ်ယောက်တည်းရဲ့ကျေးဇူးကြောင့်ပဲ။ နိုင်ငံရေးခေါင်းဆောင်တွေထဲမှာ အန္တရာယ်ကို အမြင်တတ်ဆုံး၊ အချိန်အခါကို အရွေးတတ်ဆုံးလူဟာ တိန့်ရှောက်ဖိန်ပဲ'ဟု 'အွန်ကိုး'ရေးသားသော 'ဒဿနဘုရင်စာအုပ်'တွင် လီကွမ်ယူက တိန့်ကို တစ်ခမ်းတစ်နားပင် ချီးကျူးခဲ့သည်။

www.foreverspace.com.mm



ယေးလ်တက္ကသိုလ်မှ ခေတ်သစ်စိနဗေဒပညာရှင် ပါမောက္ခယောနသန် စပင့်ဇ်ကလည်း တိန့်ရှောက်ဖိန်အကြောင်း ရေးသားရာတွင် ‘ဦးထုပ်နီဆောင်းထားသော အရင်းရှင်လမ်းကြောင်းဖောက်သူ’ဟုဂုဏ်ပုဒ်ဖော်ကာ ‘သူ၏ရပ်တည်ချက်ကြောင့် တရုတ်ပြည်တွင်ရော နိုင်ငံတကာကပါ သူ့ကို ခေတ်သစ်တရုတ်ပြည်၏သူရဲကောင်းဟု အသိအမှတ်ပြု လက်ခံနေကြပါသည်။ ကွန်မြူနစ်ဇာတ်ခုံတွင် တစ်ကြိမ်ကျပြီးလျှင် မည်သို့မျှ ပြန်နေရာရရန် မလွယ်ပါလျက် တိန့်သည် နှစ်ကြိမ်တိုင် ရာထူးမှကျအပုပ်ချခံရသော်လည်း အံ့သြစရာကောင်းလှစွာ နှစ်ကြိမ်တိုင် ပြန်တက်ခဲ့သည်။ တကယ်တော့ သူကျင့်သုံးသောပေါ်လစီများ မှန်သဖြင့် တရုတ်ပြည်သည် ယခုအောင်ပွဲရနေခြင်း ဖြစ်၏။ တရုတ်ပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းရှင်စနစ်ကို ဝေဖန်နေ၍မဖြစ်၊ လက်ခံစရာရှိတာ လက်ခံပြီး တိုင်းပြည်အကျိုးရှိရာရှိကြောင်း သုံးတတ်ရမည်ဟု သူကခံယူခဲ့၏။ တရုတ်ပြည်ကြီး ခေတ်မီအင်အားကြီးလာစေရေးအတွက် သူသည် အပြောင်းအလဲများစွာကိုလုပ်ခဲ့၏။ သူ၏စွမ်းဆောင်ရည်၊ မှန်ကန်သောအယူအဆတို့ကြောင့် သန်းနှင့်ချီသော တရုတ်လူထုကို ကာလတိုအတွင်းမှာ ဆင်းရဲတွင်းမှ ကယ်တင်နိုင်ခဲ့၏။ ထို့ပြင် ကမ္ဘာကြီးတစ်ခုလုံး၏ထုတ်လုပ်မှုဗဟိုအဖြစ် တရုတ်ပြည်ရောက်လာအောင် ဆယ်နှစ်အတွင်းတွင် ကြိုးပမ်းပြနိုင်ခဲ့သည်။ ယခုအခါ တရုတ်ပြည်သည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် အဓိကဘဏ္ဍာရေးခြယ်လှယ်သူအဖြစ်ပါဝင်လှုပ်ရှားနိုင်ပြီ ဖြစ်၏။ တိန့်လမ်းဖွင့်ပေးခဲ့သော တရုတ်ပြည်ကြီးမှာ ကမ္ဘာကလေးစားခန့်ညားရသော ပထဝီနိုင်ငံရေးအင်အားစုကြီးဖြစ်လာလေပြီ’ဟု ရေးသားထားသည်။

တိန့်ရှောက်ဖိန်သည် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ တရုတ်ပြည်လွတ်မြောက်ရေးတိုက်ပွဲကာလတွင်လည်း တိုက်ပွဲများစွာ ဦးဆောင်ဆင်နွှဲကာ အောင်ပွဲခံခဲ့သူဖြစ်သည်။

တိန့်ရှောက်ဖိန်သည် တရုတ်တို့၏ သဘောသဘာဝ အကျင့်စရိုက်နှင့် ဆိုရှယ်လစ်သဘောတရားတွင် မရှိမဖြစ်လိုအပ်သောအချက်မှာ စိတ်ကို လွတ်လပ်မှုပေး၍ အမှန်တရားကို ကြိုးပမ်းရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်မည်ဟု ဆို၏။ တိန့်ရှောက်ဖိန်၏ခေတ်သစ်တပ်မတော်တည်ဆောက်ရေးအတွေးအခေါ်များသည်

www.foreverstar.com.mm

တရုတ်တို့၏သဘောသဘာဝနှင့်ဆိုရှယ်လစ်သဘောတရားများပါဝင်သော အခြေခံသီအိုရီအချက်အလက်နှင့် လမ်းညွှန်ချက်များအပေါ် ထပ်မံ၍ အကျယ်ချဲ့ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။ ခေတ်သစ် သိပ္ပံနှင့်နည်းပညာလက်နက်များ တပ်ဆင်ထားသော တရုတ်လက်နက်ကိုင်တပ်မတော်ကို ဖွဲ့စည်းကာ အနာဂတ်စစ်ပွဲဆိုင်ရာအမြင်များပါ ထည့်သွင်းလမ်းညွှန်မှု ပြုခဲ့၏။ တိန့်၏စစ်ရေးဆိုင်ရာအတွေးအခေါ်များကား သူ့ကို ကမ္ဘာ့စစ်သေနင်္ဂဗျူဟာပါရဂူတစ်ဦးအဖြစ် တွန်းပို့ပေးနိုင်ခဲ့၏။

ထို့ကြောင့် တိန့်ရှောက်ဖိန်အကြောင်းရေးရာ၌ နိုင်ငံရေးသမား၊ စီးပွားရေးပညာရှင်၊ စစ်သေနင်္ဂဗျူဟာ ကျွမ်းကျင်သူ၊ အုပ်ချုပ်ရေးပိုင်း ပိုင်နိုင်နှံ့စပ်သူ၊ ဒဿနပညာရှင်စသဖြင့် ဘက်ပေါင်းစုံရေးနိုင်မှပြည့်စုံပါမည်။ ဤစာအုပ်အမည်ကို "တရုတ်နိုင်ငံရေးသုခမိန် တိန့်ရှောက်ဖိန်"ဟု စာအုပ်ကို ခြုံငုံပေးထားသော်လည်း သူ့အကြောင်း ရေးလျှင် စီးပွားရေး ၊စစ်ရေး၊ အတွေးအခေါ်ဒဿနတို့ ပါရှိရမည်ပင် ဖြစ်ပါသည်။

မော်စီတုံးအကြောင်း၊ ချူအင်လိုင်းအကြောင်း မြန်မာစာဖတ်ပရိသတ်အတွက် စာအုပ်တော်တော်များများ ထွက်ပြီးခဲ့ပါပြီ။ တိန့်ရှောက်ဖိန်အကြောင်းကား စာအုပ် အထွက်နည်းလှပါသေးသည်။ မကြာမီက ထွက်ခဲ့သော ဆရာရဲရင့်တင့်ဆွေ၏"တိန့်ရှောက်ဖိန်၊ ကျန်ဇီမင်းနှင့် ခေတ်သစ်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်"စာအုပ်ကိုသာ ထင်းထင်းပြက်ပြက်တွေ့ရပါသေးသည်။ ဆရာ"ကံဟိန်း"ရေးသားခဲ့သော "တိန့်ရှောက်ဖိန်"စာအုပ်ကား လွန်ခဲ့သောနှစ် ပေါင်း (၃၀)ကျော်က ထွက်ဖူးခဲ့၍ နောက်ပိုင်းအချက်အလက်များ မပါဝင်ခဲ့။ ထို့ကြောင့် မြန်မာလူငယ်စာဖတ်ပရိသတ်အတွက်ရည်ရွယ်ပြီး ကျွန်တော် ဤ "တရုတ်နိုင်ငံရေးသုခမိန် တိန့်ရှောက်ဖိန်"ကို ကြိုးပမ်းပြုစုရခြင်း ဖြစ်ပါသည်။ တိန့်ရှောက်ဖိန်အကြောင်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့နှင့် ပတ်သက်၍ တတ်နိုင်သမျှစုစည်းတင်ပြထားပါသည်။ (စစ်ရေးနှင့်ပတ်သက်၍ကား ဆရာရဲရင့်တင့်ဆွေစာအုပ်ကိုသာ ဖတ်ရှုကြပါရန် ညွှန်းဆိုလိုပါသည်။)

ဤစာအုပ်ပြုစုရာတွင် စာအုပ်တစ်အုပ်ထဲကို တိုက်ရိုက် ဘာသာပြန်ဆိုခြင်းမဟုတ်ပါ။ စာအုပ်များစွာ ဖတ်ရှု၊ ဆင်ဟွာသတင်းဌာနနှင့်အင်တာနက်

ထဲမှ နှိုက်၍ရသမျှနှိုက်ထုတ်ကာ စုစည်းတင်ပြခြင်းဖြစ်ပါသည်။ ကျမ်းကိုးစာရင်းကို စာအုပ်အဆုံးတွင် တင်ပြထားပါသည်။

တိန့်ရှောက်ဖိန်၏ ဖြတ်သန်းခဲ့ရသော ယဉ်ကျေးမှုတော်လှန်ရေးကာလ ၁၀နှစ်တာမှာ သူ့ဘဝအတွက် အထူးအရေးပါသဖြင့် ထိုကာလနှင့်ပတ်သက်၍ အထူးခေါင်းပေး ရေးသားထားပါသည်။

ကျွန်တော်ရေးသားထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၈၀ ရှိသည့်အနက် ဤစာအုပ်သည် ကျွန်တော်၏ အတ္ထုပ္ပတ္တိစာအုပ် ၁၀ အုပ်မြောက်စာအုပ် ဖြစ်ပါသည်။ ကျွန်တော် ပထမဆုံး ရေးသားသော အတ္ထုပ္ပတ္တိစာအုပ်မှာ ၁၉၇၅ခုတွင် ထုတ်ဝေခဲ့သော 'ဆိုရှယ်လစ်သူရဲကောင်း ဇာဇင်စကီး' စာအုပ်ဖြစ်ပါသည်။ ဆိုဗီယက်ယူနီယံနိုင်ငံကို ကမ္ဘာ့ပထမဆုံးဆိုရှယ်လစ်နိုင်ငံကြီးအဖြစ် ထူထောင်ခဲ့စဉ်က ဖောက်ပြန်ရေးအုပ်စုများကိုပြတ်ပြတ်သားသားဖယ်ရှားဖော်ထုတ်ခဲ့သူ၊ ကိုယ်ကျိုးစွန့် ရာသက်ပန်တော်လှန်ရေးသမား(နောင် ကေဂျီဘီ ထောက်လှမ်းရေးအဖွဲ့ကြီး၏ဖခင်ကြီး)အကြောင်း ဖြစ်ပါသည်။ ဒုတိယစာအုပ်မှာ ၁၉၇၉တွင် ထုတ်ဝေခဲ့သော 'အိန္ဒိယမျိုးချစ်သူရဲကောင်း ဆူဘာတ်ချန္ဒရာဘို့စ်'၏အတ္ထုပ္ပတ္တိ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံကို ဗြိတိသျှတို့လက်အောက်မှလွတ်မြောက်စေရန် အိန္ဒိယမျိုးချစ်တပ်မတော်ဖွဲ့စည်းပြီး တော်လှန်ပုန်ကန်ခဲ့သော 'နေတာဂျီ'ခေါ် 'ဆူဘာတ်ချန္ဒရာဘို့စ်'အကြောင်း ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသမိုင်းတွင် 'မဟတ္တမဂန္ဒီ'က 'အဟိံသ'ခေါ် အကြမ်းမဖက်နည်းဖြင့် ဗြိတိသျှနယ်ချဲ့တို့ကို တိုက်ခိုက်ခဲ့ကာ ဆူဘာတ်ချန္ဒရာဘို့စ်က လက်နက်ကိုင်နည်းဖြင့်တိုက်ခိုက်ခဲ့သူဖြစ်ပါသည်။ သူသည် မြန်မာပြည်တွင်ပင် လာရောက်နေထိုင်ကာ တပ်ဖွဲ့ဝင်များစု စုဆောင်းပြီး အင်းဖားမှတစ်ဆင့် ဒေလီကိုသိမ်းပိုက်ရန် ကြိုးပမ်းခဲ့သူဖြစ်ပါသည်။

နောက်စာအုပ် တစ်အုပ်ကတော့ ၁၉၉၇ ခုနှစ်က ထုတ်သော 'ငမဲ' ဖြစ်ပါသည်။ အသားအရောင်ခွဲခြားမှုအောက်တွင် ပြားပြားမှောက်အနှိမ်ခံခဲ့ရမှ သူ့နည်းသူ့ဟန်နှင့်သူ လူဖြူအမေရိကန်တို့အပေါ်စိုးမိုးအနိုင်ယူခဲ့သော အားကစားသမား 'ဒစ်ဂရေဂိုရီ'၏အတ္ထုပ္ပတ္တိဖြစ်ပါသည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲဝင်ရန်အထိ စိုင်းပြင်းခဲ့ကာ အမေရိကန်ပြည်တွင်ပထမဆုံး လူမည်းသမ္မတအဖြစ်ပင် ရောက်အောင်ကြိုးပမ်းခဲ့သူ ဖြစ်ပါသည်။ သူ့ကို အတုယူပြီး

ယခု အမေရိကန်သမ္မတလောင်း 'အိုဘားမား' လမ်းစပွင့်သွားခြင်းလည်း ဖြစ်ပါသည်။

၁၉၈၀တွင် ထုတ်ဝေခဲ့သော 'ဆွာမိဝိဝေကာနန္ဒ' ကား အမေရိကန်ပြည် ရှိကာဂိုမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ဘာသာရေးညီလာခံတွင် ရဲရဲတောက်မိန့်ခွန်းပြောကြားခဲ့ကာ ဘာသာပေါင်းစုံညီညွတ်ရေးကိုလှုံ့ဆော်ခဲ့သူ ဟိန္ဒူသူတော်စင်ကြီး၏အကြောင်းပင် ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်တွင် ဆေးရုံများ၊ စာကြည့်တိုက်များ ဆောက်လုပ်လှူဒါန်းခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပညာမျက်စိဖွင့်ရေးဆောင်ရွက်မှုများပြုလုပ်ခဲ့သူ ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ဂန္ဒီဆေးရုံကြီး (ယခု အရှေ့ပိုင်းဆေးရုံ)နှင့် ဗိုလ်တထောင်ဘုရားလမ်းရှိ ရာမာခရစ်ရှနာစာကြည့်တိုက်ကြီးကို ထူထောင်ပေးခဲ့သူ ကျေးဇူးရှင်ကြီးအကြောင်း ဖြစ်ပါသည်။ အိန္ဒိယဘာသာရေးခေါင်းဆောင်ကြီး ရာမာခရစ်ရှနာနှင့် ဆွာမိဝိဝေကာနန္ဒာတို့၏ပုံတော်များကို ဟိန္ဒူဘာသာဝင်တို့အိမ်တိုင်း၏ အိမ်ဦးခန်းတွင် တမြတ်တနိုးပူဇော်ထားရှိကြပါသည်။

'စာတော အလည်မှာ' သည်ကား ၂၀၀၁နှစ်ထုတ် ကျွန်တော်၏ စာပေဘဝကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ပိုင်းတစ်စ ဖြစ်ပါသည်။ စာပေဖြတ်သန်းမှု ပထမပိုင်းကိုသာ နိဒါန်းသွယ်ထားခြင်း ဖြစ်ပြီး နောက်ပိုင်း ဆက်လက်ရေးသားရန် အစီအစဉ်များရှိပါသည်။ ၁၉၉၇ တွင် ထုတ်ဝေသော 'ကမ္ဘာကျော်စာရေးဆရာများနှင့်သူတို့စာများ' စာအုပ်ကတော့ ကမ္ဘာ့အမြင့်ဆုံးစာပေဆုကြီးဖြစ်သော နိုဗယ်ဆုရ စာရေးဆရာများအကြောင်းနှင့် သူတို့၏လက်ရာမွန်များကို ရှင်းပြချက်ဖြစ်ပါသည်။

၁၉၉၂တွင် ထုတ်ဝေသော 'တတိယကမ္ဘာမှ ပထမကမ္ဘာသို့' စာအုပ်သည် စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယု၏ အတ္ထုပ္ပတ္တိဖြစ်သည်။ သောက်စရာရေချိုရေသန့်ပင် မရှိသော၊ သယံဇာတခေါင်းပါးသည့် တံငါရွာလေးဘဝမှ ကမ္ဘာ့ထိပ်တန်းစီးပွားရေးဖွံ့ဖြိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် ကြိုးပမ်းသော ပုဂ္ဂိုလ်ကြီးအကြောင်း ဖြစ်ပါသည်။ ထိုစာအုပ်ဖြင့် ကျွန်တော်သည် ၂၀၀၂အတွက် အမျိုးသားစာပေ(ဘာသာပြန်-သုတ)ဆုကို ရခဲ့ပါသည်။

၁၉၉၈ က ထုတ်ဝေခဲ့သော 'ထင်ရှားကျော်ကြား စီးပွားရေးသမားများ'

စာအုပ်သည်လည်း ကမ္ဘာပေါ်တွင် ထူးချွန်ထက်မြက်အောင်မြင်သောစီးပွားရေး လုပ်ငန်းရှင် (၂၁)ဦးတို့အကြောင်း ဖြစ်ပါသည်။

စားသောက်ဆိုင်ပိုင်ရှင် မက်ဒေါနယ်၊ မော်တော်ကားသူဌေး ဟင်နရီဖို့ဒ်၊ ကာတွန်းဆရာကြီး ဝေါလ်ဒစ်စနေတို့မှအစ နောက်ဆုံး ဘီလ်ဂိတ်စ်အထိ ပါဝင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများအကြောင်း ဖြစ်ပါသည်။

၂၀၀၈ခုနှစ်ထုတ် 'မော်စီတုံး-နတ်သိကြားမဟုတ်လူသား' စာအုပ်သည် မော်စီတုံး၏ကိုယ်ရံတော်တပ်မှူးတစ်ဦး ရေးသားထားသော မော်စီတုံးအကြောင်း စာအုပ်ဖြစ်ပါသည်။ မော်စီတုံးကို အနီးကပ်သိရှိခဲ့ရသူတစ်ဦးက မော်စီတုံး၏လူသားဆန်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ ဝမ်းသာဝမ်းနည်း ဟန်မဆောင်နိုင်မှု၊ အမှားအယွင်းမကင်းမှု စသည်တို့ကို ရိုးရိုးရှင်းရှင်းတင်ပြထားသောစာအုပ်ဖြစ်ပါသည်။ မော်စီတုံးအကြောင်း ရေးသော စာအုပ်များစွာ ထွက်ပေါ်ခဲ့သော်လည်း မော်စီတုံးကိုယ်တိုင် အကြိုက်ဆုံးစာအုပ်မှာ ဤစာအုပ်ပင်ဖြစ်ကြောင်း သိရပါသည်။

မြန်မာလူငယ်စာဖတ်ပရိသတ်အတွက် အထူးရည်ညွှန်း၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စာပေရေးရာ စသည့်နယ်ပယ်အသီးသီးတွင် ထူးချွန်ပေါက်မြောက်ထင်ရှားသူပုဂ္ဂိုလ်ကြီးများအကြောင်း ကျွန်တော်၏ အစဉ်တစိုက်ရေးသားမှုများဖြစ်ပါသည်။ ကမ္ဘာ့ပုဂ္ဂိုလ်ကျော်အသီးသီးတို့၏ ကြိုးပမ်းမှု ဇွဲလုံ့လဝီရိယ၊ အပင်ပန်းအနစ်နာခံ ကိုယ်ကျိုးစွန့်လွှတ်မှုများ၊ ပုထုဇဉ်ပီပီ ကျူးလွန်မိသောအမှားများ၊ မိမိကိုယ်မိမိ မညှာမတာ ဝေဖန်ရေးပေးကာ ပြန်လည်ပြုပြင်တည်ဆောက်မှုဘဝပုံစံများ၊ စသည်တို့ကို အတုယူစရာရှိတာ ယူနိုင်စေရန်၊ ဆောင်ရန်ရှောင်ရန် ပြုလုပ်နိုင်စေရန် ရည်သန်ပြုစုရေးသားခြင်း ဖြစ်ပါသည်။ စာဖတ်သူများ တစ်စုံတစ်ရာသောအတိုင်းအတာအထိအကျိုးရှိစေမည်ဟု ကျွန်တော် ကောင်းစွာယုံကြည်မိပါကြောင်း။

ဟိန်းလတ်

၉-၇-၂၀၀၈

## ။ ၁ ။

## ၁၉၆၆ အုံးအုံးကြွက်ကြွက်ဖြစ်ရပ်များ

၁၉၆၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို(ယခုအခေါ် ပေါ်လစ်ဗျူရို)က ဖြန့်ဝေစာတစ်စောင် ထုတ်ပြန်ခဲ့၏။ (၄င်းကို နာမည်ကျော် 'မေ ၁၆ ဖြန့်ဝေမှု' ဟု ခေါ်ကြ၏။) ၄င်းသည် 'မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေး' ကို စတင်ဖောက်ခွဲလိုက်ခြင်းပင် ဖြစ်သည်။

ဤသည်မှာ မတော်တဆဖြစ်ရပ် မဟုတ်။ ပါတီတွင်းမှ 'လက်ဝဲဝါဒီ' များ၏ အမှားများက အစွန်းသို့ရောက်လာခြင်းပင် ဖြစ်၏။

ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီးသောအခါ ဆိုရှယ်လစ်ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးအောင်မြင်သောကာလ (၇)နှစ်ကျော်ကို ဖြတ်သန်းခဲ့ရ၏။ သို့သော် ထိုနောက်ပိုင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာနိုင်ငံရေးအခြေအနေများအပြင် အောင်ပွဲများ၏ဩဇာဂယက်ပါ ပေါင်းစပ်ပြီး မိမိကိုယ်မိမိ ယုံကြည်မှုလွန်ကဲလာခြင်း၊ ဦးနှောက်အသုံးချမှု များလာခြင်းတို့သည် ပါတီတွင်း ပေါက်ဖွားလာကာ စိတ်ကြီးဝင်မှုများ ဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် ပါတီတွင်း ဒီမိုကရက်တစ်အခြေခံအုတ်မြစ်သည် အားနည်းလာ၏။ ထိပ်တန်းခေါင်းဆောင်များကို ပုဂ္ဂိုလ်ရေးကိုးကွယ်မှု လွန်ကဲလာကာ လူနည်းစု၏စိတ်တိုင်းကျအဆုံးအဖြတ်များက တိုးပွားလာ၏။ ပါတီတွင်းဆက်ဆံရေးသည် ပုံမှန်မဟုတ်တော့။ မော်စီတုံး၏ ပြည်တွင်းနှင့် နိုင်ငံတကာအခြေအနေများအပေါ် သုံးသပ်မှု အကဲဖြတ်မှုများ မှားယွင်းလာ၏။ အထူးသဖြင့် လူတန်းစားတိုက်ပွဲကိစ္စ။ သူသည် သူ့ကိုယ်သူ အာဏာပိုင်လုံးလုံးလျားလျားအဖြစ်ထူထောင်ခဲ့ကာ သူနှင့်သဘော

www.foreverspace.com.mm

မတူသောကိစ္စဟူသမျှကို အလွန်အမင်း သည်းမခံတတ်တော့။ သို့ဖြင့် ပေါ်လစီနှင့်စည်းရုံးရေးတွင် အစွန်းရောက်မှုများကို လုပ်လာ၏။ သူ့အတွက် အနှောက်အယှက်ဖြစ်စရာမှန်သမျှကို ဖယ်ရှားခဲ့၏။

မူလက ၁၉၆၆ သည် တခြားနှစ်များနှင့် အတူတူပင်ဟု ထင်စရာအကြောင်းရှိ၏။ ထုံးစံအတိုင်း အေးစက်သော ဆောင်းရာသီရှိ၏။ ထုံးစံအတိုင်း အေးစက်သော မြောက်လေ တိုက်၏။ ဆောင်းနေသည် ကျယ်ပြန့်သောနယ်မြေအနှံ့ ထွန်းလင်းတောက်ပကာ သက်ရှိအရာအားလုံးအတွက် အားသစ်ခွန်သစ်ကို ဆောင်ကြဉ်းလာခဲ့၏။

၁၉၆၃မှ ၁၉၆၆အတွင်း သုံးနှစ်တာကာလမှာ ဗဟိုကော်မတီမှ အောက်ခြေအထိ မဆုတ်မနစ်သောဇွဲလုံ့လဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့သဖြင့် စီးပွားရေးသည် အတော်အောင်မြင်မှု ရခဲ့၏။ ပြဿနာအခက်အခဲဟူသမျှကို ကျော်နင်းဖြတ်သန်းနိုင်ခဲ့၏။

ဗဟိုကော်မတီသည် တတိယငါးနှစ်စီမံကိန်းအတွက်ပင် စတင်ဆွေးနွေးနေကြပြီ။ ဂျုံစပါးကို ရာရှင်နှင့်ရောင်းရ၊ ကုန်ပစ္စည်းများ ပြတ်လတ်နေကြရစေကာမူ ပြည်သူအများစုသည် ဝဝလင်လင် စားသုံးကြရပြီ။ အတော်အတန်စိတ်အေးလက်အေးနေနိုင်၊ အလုပ်လုပ်နိုင်ကြပေပြီ။ ရှေ့နှစ်ဆိုလျှင် ပိုကောင်းပြီဟု ပြည်သူတွေက ယုံကြည်ထားကြ၏။ ဆိုရှယ်လစ်တည်ဆောက်ရေးသည် ပိုမိုတိုးတက်လာသည်ဟု မျှော်မှန်းထားကြ၏။

သို့သော် အခြေအနေတွေက မထင်မှတ်စရာတွေ ဖြစ်လာခဲ့၏။

၁၉၆၅ ခု နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ရှန်ဟဲသတင်းစာ 'ဝမ်ဟွီဘောက်'တွင် 'ယောင်ဝေယွမ်'က စာရေးဆရာ'ဝူဟန်'ကို ဝေဖန်ထားသောဆောင်းပါးပါလာ၏။ 'ဝူဟန်'သည် 'ဟိုက်ယွီ အလုပ်ထုတ်ခံရခြင်း'သမိုင်းဝင်ပြဇာတ် ရေးသူ ဖြစ်၏။ ထိုပြဇာတ်မှာ မင်မင်းဆက်ခေတ်က ဧကရာဇ်တစ်ပါးသည် 'ဟိုက်ယွီ'ဟူသော ဝန်ထမ်းကောင်းကို မဆင်မခြင်ဖြင့် အလုပ်မှထုတ်ခဲ့သောအကြောင်း ဖြစ်၏။ မော်စီတုံးက သူ့ကို ယုတ်မာသောမင်းနှင့် နှိုင်းသည်ဟု ယုံကြည်၏။ သူသည် 'မာရှယ်ပိန်ဒီဟွေ့'ကို အလုပ်မှ ထုတ်ပစ်ခြင်းကို ဤပြဇာတ်က စောင်းရေးသည်ဟု အထင်ရောက်၏။ သတင်းစာဆောင်းပါးကို

မော်စီတုံး၏ဖနီး 'ကျန်းကျင်း' နှင့် 'ဖန်ချွန်းကြောင်' တို့က လျှို့ဝှက်စွာ စိတ်ကူး ကြံစည်ကာ 'ယောင်ဝေယွမ်' ကို ရေးခိုင်းခြင်းဖြစ်၏။

ကျန်းကျင်းသည် ဗဟိုကော်မတီဝါဒဖြန့်ချိရေးဌာန၏ ရုပ်ရှင်ဌာနခွဲ၏ အကြီးအကဲဖြစ်၏။ တကယ်တော့ သူသည် ထိုဌာနတွင် ဘာတစ်ခုမှ မလုပ်ခဲ့။ နေမကောင်းဟုသာ အကြောင်းပြနေသူဖြစ်သည်။

'ဖန်ချွန်းကြောင်' မှာ ရှန်ဟဲပါတီအတွင်းရေးမှူးအဖွဲ့၏ အကြီးအကဲ အဖြစ် မကြာခင်ကမှ ခန့်ထားခဲ့သူဖြစ်၏။ သူသည် ဝါဒဖြန့်ချိရေးနှင့် ယဉ်ကျေး မှုတာဝန်ခံဖြစ်၏။

'ယောင်ဝေယွမ်' သည် ရှန်ဟဲပါတီကော်မတီ၏ နိုင်ငံရေးသုတေသန ဌာနမှ ပုဂ္ဂိုလ်ဖြစ်၏။

၁၉၆၅ ဖေဖော်ဝါရီလတွင် 'ကျန်းကျင်း' သည် ရှန်ဟဲသို့ ရောက်၏။ ရှန်ဟဲပါတီကော်မတီ၏ပထမအတွင်းရေးမှူး 'ကိကျင်ရှိ' ၏ အကူအညီဖြင့် သူ သည် 'ဖန်ချွန်းကြောင်' နှင့်တွေ့ဆုံကာ 'ယောင်ဝေယွမ်' အား ဝေဖန်စာရေးခိုင်း ခဲ့၏။ အကြမ်းရေးပြီးနောက် 'မော်စီတုံး' ကိုပြရာ သုံးကြိမ်တိုင်တိုင်စစ်ဆေးပြီးမှ သူက လက်ခံအတည်ပြု၍ သတင်းစာတွင် ဖော်ပြခဲ့ခြင်းဖြစ်၏။ ဤဆောင်းပါး သည် နောင်အခါ ယဉ်ကျေးမှုတော်လှန်ရေး၏ စနက်တံတစ်ခု ဖြစ်လာမည်ကို ထိုစဉ်က မည်သူမျှ မရိပ်စားမိကြ။ ရှန်ဟဲတွင် ဤဆောင်းပါး ပါလာပြီးနောက် တွင်ပင် ပေကျင်းရှိ ဗဟိုကော်မတီက သိပ်ဂရုမထားမိကြသေး။

ထိုအချိန်က 'တိန့်ရှောက်ဖိန်' သည် ပါတီအထွေထွေအတွင်းရေးမှူးဖြစ် ၏။ သူက 'ဝူဟန်' ကို ဤသို့ဝေဖန်သည်ကို လုံးလုံးလျားလျားသဘောမကျ။

'ဒီပြဇာတ်ကို ကျုပ်လဲ ကြည့်ပြီးပါပြီ၊ ဘာမှ အမှားအယွင်း မရှိပါဘူး၊ တချို့လူတွေကတော့ သူများပခုံးပေါ်ကနေ ခုတုံး လုပ်ပြီး တက်ချင်ကြတာမျိုး ရှိမှာပေါ့၊ သူတို့က ဘာမှကောင်းကောင်းနားလည်တဲ့လူတွေမှမဟုတ်တာ၊ သူ တို့ဘာသာသူတို့ နာမည်ရအောင်ပဲ လုပ်ချင်ကြသူတွေပဲ၊ ဒါမျိုး ကျုပ် မကြိုက် ဘူး၊ ပါမောက္ခဝူဟန်ကို ပြောလိုက်ပါ၊ ဘာမှမပူနဲ့လို့၊ နိုင်ငံရေးနဲ့ အတတ်ပညာ ဟာ ခွဲထားရတယ်၊ နှစ်ခုပေါင်းလိုက်ရင် အန္တရာယ်များတယ်၊ လွတ်လပ်စွာဖော် ထုတ်ခွင့်ကို ပိတ်ပင်တတ်တယ်' ဟု ပြောခဲ့၏။

www.foreverspace.com.mm



'တိန့်ရှောက်ဖိန်'သည် အဝေဖန်ခံရ၍စိုးရိမ်နေသော 'ဂူဟန်'ကို နှစ်သိမ့်တတ်၏။

'ပါမောက္ခကြီးရယ် မစိုးရိမ်ပါနဲ့၊ ဘာကို ကြောက်နေတာလဲ၊ ကောင်းကင်ကြီးပြိုကျမှာစိုးလို့လား၊ ကျုပ် ဒီနှစ်၆၁နှစ်ပြည့်ပြီ၊ တော်လှန်ရေးကို စ၊ ဝင်စကနေ ခုထိ ကျုပ် မှန်တိုင်းမျိုးစုံကြားက ရှင်သန်ခဲ့ရတယ်၊ ကျုပ် သိတာ နှစ်ခုရှိတယ်၊ ပထမတစ်ခုက ဘာမှမကြောက်နဲ့၊ ဒုတိယတစ်ခုကတော့ အရာရာကို အကောင်းမြင်တတ်ဖို့ပဲ၊ ရေရှည်ကို ကြည့်တတ်ပါစေ၊ ဒီလိုလုပ်တတ်ရင် ခင်ဗျား ဘာကိုမဆို ရင်ဆိုင်သွားနိုင်မယ်၊ ခင်ဗျားကို ကျုပ်ထောက်ခံတယ်၊စိတ်အေးအေးသာထား'

သို့သော် 'ယောင်ဝေယွမ်'၏ဆောင်းပါးနောက်တွင် ရှိသူမှာ 'မော်'ဖြစ်သည်ကို ဗဟိုကော်မတီအတွင်းရေးမှူးအဖွဲ့က သိသွားသောအခါ ထိုဆောင်းပါးကို ပေကျင်းရှိ သတင်းစာများတွင်ပါ ထည့်သွင်း ဖော်ပြကြရရုံမှအပ ရွေးချယ်စရာ အခြားမရှိတော့။

၁၉၆၅ ခု နိုဝင်ဘာလတွင် ဗဟိုကော်မတီအတွင်းရေးမှူးအဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဗဟိုကော်မတီရုံးချုပ်၏အကြီးအကဲ'ယန်ရှန်ကွန်း'ကို ရာထူးမှဖယ်ရှားခဲ့၏။ အပြစ်မှာ ဗဟိုကော်မတီ မသိဘဲ အသံဖမ်းစက် တပ်ဆင်မှု။

'တိန့်ရှောက်ဖိန်'ကမူ 'ယန်'၏အပြစ်သည် အလုပ်မှဖယ်ရှားရလောက်အောင် မကြီးကျယ်ဟုထင်၏။ 'ယန်'က လျှို့ဝှက်ထောက်လှမ်းရန် အကြံအစည်ရှိမည်ဟု သူ မယုံကြည်။

ဒီဇင်ဘာလတွင် ဗဟိုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုစစ်ကော်မရှင် အမျိုးသားစစ်ဆင်ရေးဌာနအကြီးအကဲ'လင်ပြောင်'က ဗဟိုကော်မတီအတွင်းရေးမှူးအဖွဲ့၏ဒုတိယအတွင်းရေးမှူး၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အကြီးအကဲ'လိုရွှီကျင်း'ကို စစ်တပ်၏ထိန်းချုပ်မှုကို လုယူရန် ကြိုးစားသည် ဟူသောပြစ်မှုဖြင့် စွပ်စွဲ၏။

ဤစွပ်စွဲချက်ကို 'မော်စီတုံး'ကြားသွားသောအခါ ရှန်ဟဲပေါ်လစ်ဗျူရို၏ အလုပ်အမှုဆောင်အစည်းအဝေးတွင် 'လိုရွှီကျင်း'ကို အကြီးအကျယ်ဝေဖန်တော့၏။

ဒီဇင်ဘာ ၁၀ ရက်နေ့တွင် 'လို'ကို တင်ဆောင်လာသော အထူးလေယာဉ်သည် ပေကျင်းမှ ရှန်ဟဲသို့ရောက်၏။ 'မော်'က 'ချူအင်လိုင်း'နှင့်'တိန့်ရှောက်ဖိန်'တို့ကို 'လို'နှင့်စကားပြောရန် ညွှန်ကြား၏။

'တိန့်ရှောက်ဖိန်'က သူ့ဇနီးကိုပါ ခေါ်သွား၏။ 'လို'၏ဇနီး 'ဟောက်ဇီပင်း'ကို အားပေးစကားပြောရန် ဖြစ်သည်။

'လို'ကို ထိန်းသိမ်းထားသောအိမ်သို့ ရောက်သောအခါ အောက်ထပ်တွင် 'ချူအင်လိုင်း'နှင့်'တိန့်ရှောက်ဖိန်'တို့က 'လို'ကို စကားပြော၏။ 'တိန့်ရှောက်ဖိန်'ဇနီးနှင့် 'လို'၏ဇနီးတို့က အပေါ်ထပ်တွင်စကားပြောကြ၏။

ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် 'တိန့်ရှောက်ဖိန်'၏ဇနီးနှင့် 'လို'၏ဇနီးတို့ ဖက်ငိုကြသည်ဟု စွပ်စွဲကြ၏။ 'တိန့်ရှောက်ဖိန်'က 'လို'ကို ကာကွယ်သည်ဟု အပြစ်တင်ကြ၏။

တကယ်တော့ စစ်တပ်ကို စည်းရုံးသိမ်းသွင်းသူမှာ 'လို' မဟုတ်။ 'လင်ပြောင်'သာဖြစ်ကြောင်း 'တိန့်ရှောက်ဖိန်'က ရိပ်စားမိ၏။ သို့သော် ထိုစဉ်က ပြောခွင့်မသာ၍ မပြောခဲ့။

ရှန်ဟဲတွေ့ဆုံပွဲ အပြီးတွင် ပေကျင်းတွင်လည်း အစည်းအဝေး တစ်ခုထပ်ကျင်းပ၏။ မော်က တိန့်ရှောက်ဖိန်ကို ဥက္ကဋ္ဌလုပ်ခိုင်း၏။ သို့သော် တိန့်က 'လို'ကို ယုံ၏။ သစ္စာဖောက်ဟု မယူဆ။

'ယန်ရှန်ကွန်း'နှင့် 'လိုယွီကျင်း'တို့ကို ဝေဖန်ကြ၍ ထိပ်တန်းအဆင့် ပုဂ္ဂိုလ်များ အတော်တုန်လှုပ်သွားကြ၏။ အခြေအနေမှာ လျင်မြန်စွာ ပြောင်းလဲနေရာ ပြည်သူများမှာ နားလည်အောင်ကြိုးစားဖို့ အချိန်ပင် မရခဲ့ကြ။

၁၉၆၆ ခု နှစ်စကပင် မမျှော်လင့်သောဖြစ်ရပ်များ တစ်ခုစီ တစ်ခုစီ ဆက်တိုက်ဖြစ်လာတော့၏။

ဇန်နဝါရီ - 'လင်ပြောင်'က နိုင်ငံရေးအလုပ်ကို လုပ်နေကြသော တပ်ဖွဲ့ဝင်များအား နိုင်ငံရေးကို အလေးပေးကြရန် ပြောကြား။

ဖေဖော်ဝါရီ - 'ကျန်းကျင်း'နှင့်'လင်ပြောင်'တို့ဦးစီးကာ 'တပ်မတော်တွင်းမှ စာပေအနုပညာကိစ္စများ'ခေါင်းစဉ်ဖြင့် ဆွေးနွေးကြ။

မတ် - မော်စီတုံးက အထက်ဖော်ပြပါ စာတမ်းကို ပြန်လည် ပြုပြင်

တည်းဖြတ်၏။ ထို့နောက် တစ်နိုင်ငံလုံးသို့ဖြန့်၏။ ဤသည်မှာ တပ်မတော်သားတို့အဖို့ ယဉ်ကျေးမှုတော်လှန်ရေးတွင် ပါဝင်ကြရန်အတွက် စပရိန်တပ်ပေးလိုက်ခြင်းပင် ဖြစ်၏။

မတ် – လိုယွိကျင်းကို ဖမ်းဆီး ထိန်းသိမ်း။ ထိုလတွင်ပင် မော်စီတုံးသည် ‘ကန်ရှိန်’ ‘ကျန်းကျင်း’ တို့နှင့် အကြိမ်ကြိမ်ဆွေးနွေး၏။ အကယ်၍ ဗဟိုကော်မတီက သူ့ကို ကလန်ကဆန်လုပ်လျှင် သူသည် တခြားတပ်ဖွဲ့ဝင်များကို ပုန်ကန်ထကြွရန် လှုံ့ဆော်ပေးမည်ဟု စီစဉ်ထား၏။

ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးတိန့်ရှောက်ဖိန်သည်လည်း ပါတီထိပ်တန်းခေါင်းဆောင်ကြီးများကဲ့သို့ပင် ဤပြစ်မှုကို မကျေနပ်ခဲ့။

ဧပြီလ ၈ ရက်နေ့တွင် ကန်ရှိန်က တိန့်ရှောက်ဖိန်ကို ဖုန်းဆက်ကာ ပေကျင်းသို့ အမြန်လာခဲ့ပါဟု ပြော၏။ ထိုအချိန်တွင် တိန့်ရှောက်ဖိန်တို့သည် အနောက်မြောက်နယ်မြေတွင် လုပ်ငန်းများကိုစုံစမ်းနေကြချိန်ဖြစ်၏။ သူတို့သည် အနောက်မြောက်ခြမ်းတွင် စီးပွားရေးတိုးတက်စေရန် ကြံဆောင်နေကြ၏။ တိန့်ရှောက်ဖိန်တို့သည် ပေကျင်းသို့ အထူးလေယာဉ်ဖြင့် လာခဲ့ကြ၏။ ထိုအခါကျမှ ပိန်ဇင်း ဒုက္ခရောက်နေသည်ကိုသိကြရ၏။ ပိန်ဇင်းသည် ယောင်ဝေယွမ်၏ဆောင်းပါးပုံနှိပ်မှုကို သဘောမတူခဲ့၍ဖြစ်၏။ ဝူဟာန်မှာ ပေကျင်း၏ဒုတိယမြို့တော်ဝန် ဖြစ်၏။ ပိန်ဇင်းသည် ပေကျင်းပါတီကော်မတီ၏ပထမအတွင်းရေးမှူးဖြစ်သည့်အပြင် မြို့တော်ဝန်လည်းဖြစ်၏။ မြို့တော်ဝန်အနေဖြင့် ဒုတိယမြို့တော်ဝန်ဖြစ်သူ ထင်ရှားသောသမိုင်းပညာရှင်ကြီးဝူဟာန်ကို တိုက်ခိုက်သည်ကို သဘောမကျနိုင်သည်မှာ သဘာဝကျ၏။

ကျန်းကျင်း၊ ကန်ရှိန်၊ဇန်ချွန်းကြောင်တို့သည် ဗဟိုကော်မတီကို အသိမပေးဘဲ ရှန်ဟဲသို့သွားကာ မော်ကိုသွားတွေ့ကြ၏။ ပိန်ဇင်းက မော်ကို ကလန်ကဆန်လုပ်ကြောင်း ဦးအောင် သွားတိုင်ကြသည်။ မော်က အလွန်စိတ်ဆိုးကာ ပိန်ဇင်းကို ဝေဖန်ကြရန် အမိန့်ပေးခဲ့၏။

ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့်ဗဟိုကော်မတီအတွင်းရေးမှူးအဖွဲ့ဝင် ကန်ရှိန်က ပိန်ဇင်းအား ဝေဖန်ချက်ကိုဖတ်ပြ၏။ပိန်ဇင်းသည် အမှားနှင့်အမှန်ကို မဝေ

ဖန် မပိုင်းခြားတတ်သူဖြစ်၍ ယခုကဲ့သို့ အရေးကြီးသောအမှားမျိုးကို ကျူးလွန်ခဲ့ကြောင်း စွဲချက်တင်၏။ ဗဟိုကော်မတီ ပြည်သူ့ဆက်ဆံရေးဌာနသည် 'သရဲ သဘက်များ၏နန်းတော်'ဖြစ်နေကာ ပေကျင်းပါတီကော်မတီသည် မကောင်းသူများ (ဂူဟန်ကို ဆိုလိုသည်)ကို အကာအကွယ်ပေးနေကြောင်း စသည့် မော်၏ စကားများကိုပါ ထည့်ပြော၏။

မော်သည် စိတ်ဆိုးလွန်းသဖြင့် ဟန်ချိုတွင် ဧပြီ ၁၆မှ၂၂အထိ ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးခေါ်ကာ ပိန်ဇင်း၏ ပါတီဆန့်ကျင်ရေးရာဇဝတ်မှုများကို ဝေဖန်ခဲ့၏။ တိန့်ရှောက်ဖိန်သည် ပိန်ဇင်းကို ယခုကဲ့သို့ဝေဖန်သည်ကို မနှစ်မြို့။ သို့သော် ပါတီတွင်းဒီမိုကရေစီ အလွန်နိမ့်ကျနေသောကာလတွင် ထိပ်တန်းကွန်မြူနစ်ခေါင်းဆောင်ကြီးဖြစ်သော တိန့်ရှောက်ဖိန်သည်လည်း ပွင့်ပွင့်လင်းလင်း ဘာတစ်ခုမှမပြောရဲခဲ့။

'ကျုပ်လဲ အဲဒီတုန်းက သူ့ဘက်က ဘာမှ မကာကွယ်နိုင်ခဲ့ဘူး၊ ဒါကြောင့် သူ့ကို လိမ္မော်သီးသေတ္တာတွေပဲ လက်ဆောင်ပေးပြီး ကျုပ် ဘယ်လိုခံစားရတယ်ဆိုတာ ပြသခဲ့တယ်'ဟု နောက်ပိုင်းတွင် ပြန်ပြောပြ၏။

မေ ၂မှ ၂၆အထိ ပေကျင်းတွင် ပေါ်လစ်ဗျူရိုအစည်းအဝေးကျင်းပကာ ပိန်ဇင်း၊ လိုယွိကျင်း၊ လုရှွင်ယီ၊ ယန်ရှန်ကွန်းတို့ကို 'ပါတီဆန့်ကျင်ရေးလှုပ်ရှားမှု'လုပ်သူများအဖြစ်စွဲချက်တင်ခဲ့၏။ ဤအစည်းအဝေးတွင် လင်ပြောင်က ဗဟိုကော်မတီဝင်အချို့သည် 'ပါတီတွင်း အာဏာသိမ်းမှု'ကို ကြံစည်ခဲ့သည်ဟုပင် စွပ်စွဲခဲ့၏။

'ဖောက်ပြန်သော ဘူဇွာအတွေးအခေါ်'များ ပညာရေး၊ ပြန်ကြားရေး၊ သတင်း၊ စာပေ၊ အနုပညာစသည်တို့တွင် စိမ့်ဝင်ပျံ့နှံ့နေခြင်းကို တိုက်ဖျက်ရန်အတွက် 'မေ ၁၆ ဖြန့်ဝေစာ'ထုတ်ခဲ့ကြ၏။ ရေးသားသူမှာ 'ချင်ဘိုဒါ'ဖြစ်ပြီး မော်စီတုံးကိုယ်တိုင် အကြိမ်ကြိမ်အဖန်ဖန်ပြင်ခဲ့သောစာ ဖြစ်၏။

'တန်ပြန်တော်လှန်ရေးပြန်လည်ပြင်ဆင်ရေးဝါဒီ'တို့သည် အချိန်ရင့်မှည့်လာလျှင် နိုင်ငံရေးအာဏာကိုသိမ်းပိုက်ကြကာ ပစ္စည်းမဲ့တို့လက်မှဓနရှင်တို့လက်သို့အပ်နှံကြမည် ဟူ၍ပင် စကားလုံးပြင်းပြင်းထန်ထန်များသုံးကာ ရေးသား၏။ ဤစာလွှာသည်ပင်လျှင် ဧရာမနိုင်ငံရေးမုန်တိုင်းကြီးကို အစပြုလိုက်ခြင်းဖြစ်၏။

www.foreverspace.com.mm

## ။ ၂ ။
## ပြည်တွင်းပြဿနာများ စ,ပြီ

မော်စီတုံးသည် ပေကျင်းတွင် မရှိ။ သို့သော် ပေါ်လစ်ဗျူရို အရေးပေါ် အစည်းအဝေးကို ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတဖြစ်သော လျူရှောက်ချီအား သဘာပတိအဖြစ် လုပ်ရန် သူက အမိန့်ပေး ခဲ့၏။

'လျူ'သည် ထိုစဉ်က 'မော်' ဘာတွေလုပ်ခဲ့သည်ကို အစစအရာရာ သဘောမပေါက်သေး။ အချို့ကိစ္စများကို သူ သဘောမတူ။

၁၉၅၈ တွင် 'မဟာရှေ့သို့ခုန်ပျံရေး'မအောင်မြင်ပြီးနောက်တွင် 'မော်' သည် လျူရှောက်ချီနှင့် တိန့်ရှောက်ဖိန်တို့အပေါ်တွင် မကျေနပ်မှု စတင်ခဲ့၏။ သူတို့နှစ်ဦးသည် ဗဟိုကော်မတီ၏ အထွေထွေလုပ်ငန်းများတွင် ညီတူ မျှတူ တာဝန်ရှိကြသော်လည်း မော်စီတုံး၏စိတ်နှင့်ကား သိပ် အဟပ်မတွေ့ခဲ့။ အထူး သဖြင့် ရာထူးအမြင့်ဆုံးဖြစ်သော လျူရှောက်ချီကို ပို၍ သူက ဒေါသဖြစ်ခဲ့၏။

မော်၏ပန်းတိုင်မှာ 'ပစ္စည်းမဲ့အာဏာရှင်စံနစ်အောက်မှ တော်လှန်ရေး ကို ဆက်လက်ဆင်နွှဲရန်'ဖြစ်၏။ သို့မှသာ 'ပြန်လည်ပြင်ဆင်ရေးဝါဒ'ကို ခေါင်း မထောင်နိုင်စေပြီး 'ဓနရှင်ဝါဒ'သို့ ပြန်မရောက်အောင် ကာကွယ်နိုင်မည် ဖြစ်၏။ ထို့ကြောင့် မော်သည် နဂိုကတည်းက ဆုံးဖြတ်ချက်ချပြီး ဖြစ်၏။ လျူရှောက်ချီ နေရာတွင် လင်ပြောင်ကို အစားထိုးရန်။ လင်ပြောင်ကို ကွန်မြူနစ်ပါတီခေါင်း ဆောင်အဖြစ် မော်၏အရိုက်အရာကို ဆက်ခံရန် ရွေးချယ်ထားပြီး ဖြစ်သည်။ လင်ပြောင်သည် မော်နှင့် သူ၏သဘောတရားများအပေါ် သစ္စာရှိပုံကို အမြဲပင် ပြသတတ်သူ ဖြစ်၏။

လျူရှောက်ချီကား မော်၏ရည်ရွယ်ချက်ကို သတိမပြုမိ။ထို့အတူ တိန့်

ရှောက်ဖိန်ရော၊ ပါတီမှအဆင့်မြင့်ပုဂ္ဂိုလ်ကြီးများရော ဤအကြောင်းကို မရိပ်စားမိကြ။ သူတို့ နောက်ဆုံးတွင် ရိပ်စားမိကြသောအခါတွင်မူကား သူတို့ဘာသာသူတို့ပင် နားမလည်နိုင်အောင် ဖြစ်ကြရ၏။

ပိန်၊ လျူ၊ လူနှင့် ယန်တို့ကို ဝေဖန်ရန် စီစဉ်ထားသောအစည်းအဝေး မတိုင်မီ တစ်ရက် ဖြစ်သော မေလ ၂၅ ရက်တွင် ပေကျင်းတက္ကသိုလ်ပရဝုဏ်တွင် ဧရာမပိုစတာကြီးကိုတင်ခဲ့ကြ၏။ ၎င်းကို ပုဂ္ဂိုလ်(၇)ဦးက လက်မှတ်ရေးထိုးထား၏။ ထိုအထဲတွင် 'နီယွမ်ဇီ'ဆိုသူ အမျိုးသမီးတစ်ဦးလည်း ပါသည်။ သူသည် ဒဿနိကဌာနမှ ကွန်မြူနစ်ပါတီအထွေထွေဌာန၏အတွင်းရေးမှူး ဖြစ်သည်။ ပိုစတာသည် တက္ကသိုလ်၏ပါတီကော်မတီနှင့် ပေကျင်းမြူနီစပါယ်အစိုးရ၏ပါတီကော်မတီတို့ကို တိုက်ခိုက်ထား၏။ ၎င်းကို 'ကန်ရှိန်'က စီစဉ်ပေးခြင်းဖြစ်သည်။

ဤသည်ပင် နာမည်ဆိုးဖြင့် ကျော်ကြားသည့် 'ပထမဆုံး မာ့က်စ်လီနင်ဝါဒီပိုစတာ' ဖြစ်သည်။ ၎င်းသည်ပင် ယဉ်ကျေးမှုတော်လှန်ရေးကြီးကို အစပျိုး မီးမွှေးပေးခဲ့၏။

ပိုစတာသည် ပေကျင်းတက္ကသိုလ်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားစေ၏။ မုန်တိုင်းကား စပြီ။ မည်သူမျှ မတားနိုင်တော့။ ပိုစတာတွေ ထောင်ချီ၍ထွက်ပေါ်လာ၏။ ပိုစတာများသည် ကောလိပ်တိုင်း၊ အလယ်တန်းကျောင်းတိုင်းမှ မော်ကွန်းထိန်းများကို တိုက်ခိုက်ထားခြင်းများသာ ဖြစ်၏။ ဇွန်လ (၁)ရက်နေ့တွင်ကား ပေကျင်းရှိ ကျောင်းများ၊ တက္ကသိုလ်များ အားလုံးတွင် ပလူပျံအောင်ထွက်ပေါ်လာကြပြီ။ ဤလှုပ်ရှားမှုသည် ပလိပ်ရောဂါကဲ့သို့ တစ်ရှိန်ထိုးပျံ့နှံ့သွား၏။ ပုန်ကန်မှုများသည် ဆပွားလာကာ ပြင်းထန်လာ၏။ ကျောင်းအချို့တွင် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများကို ပြင်းပြင်းထန်ထန်ဝေဖန်တိုက်ခိုက်ကြ၏။ အချို့မှာ ဆရာများကို ရိုက်နှက်သည်အထိ ဖြစ်လာ၏။

မေလ ၂၈ ရက်တွင် ဗဟိုကော်မတီသည် 'ယဉ်ကျေးမှုတော်လှန်ရေးဦးဆောင်အဖွဲ့'ကို တရားဝင်ပင် ဖွဲ့ပေးခဲ့၏။ မော်စီတုံး၏ လမ်းညွှန်ချက်ဖြင့် 'ချင်ဘိုဒါ'က ခေါင်းဆောင်၏။ 'ကန်ရှိန်'က အကြံပေးပုဂ္ဂိုလ်'။ 'ကျန်းကျင်း'နှင့် 'ဇန်ချွန်းကြောင်'တို့က ဒုတိယခေါင်းဆောင်များ။ အဖွဲ့ဝင်က 'ယောင်ဝေ

ယွမ်"။ ထိုသူများသည် ယခင်က နောက်ကွယ်မှ ကြိုးကိုင်ကြသူများ။ ယခုတော့ ပြောင်ပြောင်တင်းတင်းပင် ရှေ့ထွက်လာကြပြီ။

မော်၏အခြေခံစည်းမျဉ်းမှာ "ပထမ ရိုက်ချိုး၊ ပြီးမှ တည်ဆောက်"ဖြစ်၏။ ရုတ်ရုတ်သဲသဲကသောင်းကနင်းဖြစ်ပြီးမှ တည်ငြိမ်မှုရမည်ဟု သူက ယုံကြည်ထားပုံ ရ၏။

ပါတီနှင့် အစိုးရ၏ အဓိကအရေးအခင်းများကို တာဝန်ယူ ကိုင်တွယ်နေကြရသော ပေကျင်းမှ လျူရှောက်ချီ၊ ချူအင်လိုင်းနှင့် တိန့်ရှောက်ဖိန်တို့ကား ဘေးကြပ်နံကြပ်တိုးတော့၏။

မေ ၂၉တွင် လျူရှောက်ချီ၊ ချူအင်လိုင်းနှင့် တိန့်ရှောက်ဖိန် စသော ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်များကို ယဉ်ကျေးမှုတော်လှန်ရေး၏ တိုးတက်မှုများကို ဆွေးနွေးတင်ပြရန် အမိန့်ရောက်လာ၏။ ထိုအထဲတွင် "ချင်ဘိုဒါ"ခေါင်းဆောင်သောအုပ်စုတစ်ခုက "ပြည်သူ့နေ့စဉ်"ကို ကိုင်တွယ်၏။ ပညာရေးဒုတိယဝန်ကြီး "မန်ချင်ဇီယန်"ကို ပေကျင်းတက္ကသိုလ်သို့ ပို့၏။ ချူအင်လိုင်းက ဟန်ချိုတွင်ရှိသော မော်စီတုံးထံ တယ်လီဖုံးဆက်ပြီး အကျိုးအကြောင်းမေး၏။ မေလ ၃၀ ရက်တွင် လျူရှောက်ချီ၊ ချူအင်လိုင်း၊ တိန့်ရှောက်ဖိန်တို့သုံးဦးသား လက်မှတ်ထိုးကာ မော်ထံ ကြေးနန်းရိုက်ပြီး အခြေအနေကိုမေး၏။ ထိုညနေတွင်ပင် မော်ထံမှ အဖြေရ၏။ "ဒါတွေ ငါသဘောတူလို့ လုပ်ကြတာ"ဟူ၍။

ဇွန်လ ၁ ရက်နေ့တွင် မော်က "နီယွမ်ဇီ"၏ပိုစတာကို ထောက်ခံအသိအမှတ်ပြုကြောင်း ကြေညာ၏။ သူက ဆင်ဟွာသတင်းဌာနအား သတင်းထုတ်ပြန် ကြေညာပေးရန်နှင့် သတင်းစာ စာစောင်တိုင်းတွင် ဤပိုစတာကို အပြည့်အစုံထည့်သွင်းဖော်ပြရန် အမိန့်ပေးခဲ့၏။

"ဒါဟာ ပေကျင်းတက္ကသိုလ်ရဲ့ ဖောက်ပြန်သောခံတပ်ကို ရိုက်ချိုးဖို့ စတင်တဲ့ အထိမ်းအမှတ်ပဲ"ဟု ပြောခဲ့၏။

ဇွန်လ ၁ ရက်နေ့တွင် "ပြည်သူ့နေ့စဉ်"ခေါင်းကြီးပိုင်းတွင် "နွားသူရဲနှင့် အဆိပ်ရှိသောဝိညာဉ်အားလုံးကို သုတ်သင်ကြ"ဟု ရေးသားချက်ပါလာ၏။ ဤအသုံးအနှုန်းများမှာ တရုတ်ဒဏ္ဍာရီလာ အယူသည်းသော မကောင်းဆိုးရွားသင်္ကေတများ ဖြစ်၏။

'ကျွမ်းကျင်သူ၊ ပညာရှင်၊ အာဏာပိုင်ဟု ဆိုသူများနှင့် ဓနရှင်များထံမှ အရည်ကို ညှစ်ထုတ်ကာ သူတို့၏သိက္ခာများကို ရွှံ့ထဲ ဒရွတ်တိုက်ဆွဲချရန်' ဟု ခေါင်းကြီးပိုင်းက တိုက်တွန်းထား၏။

ဤခေါင်းကြီးပိုင်းကို 'ချိန်ဘိုဒါ'က ညတွင်းချင်းအပြီးရေးကာ ဗဟိုကော်မတီကို ကြိုတင်မပြဘဲ နောက်နေ့နံနက် သတင်းစာတွင် ဖော်ပြလိုက်ခြင်းဖြစ်၏။ ထိုညတွင်ပင် ဗဟိုပြည်သူ့ရေဒီယိုအသံလွှင့်ဌာနမှ နီယွမ်ဇီနှင့် သူမ၏ အပေါင်းအပါ ၆ဦးတို့၏ပိုစတာကို အသံလွှင့်ခဲ့၏။ ထိုနေ့မှစ၍ ပြည်သူ့နေ့စဉ်က ခေါင်းကြီးများ၊ အစီရင်ခံစာများ၊ ဆောင်းပါးများ ဆက်တိုက်ဖော်ပြတော့၏။ လှုပ်ရှားမှုသည် နိုင်ငံအနှံ့ ချက်ချင်း ပျံ့နှံ့သွား၏။ လျူရှောက်ချီ၊ ချူအင်လိုင်းနှင့် တိန့်ရှောက်ဖိန်တို့ကား ဘာမှမတတ်နိုင်ကြတော့။ ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသားနှင့်။

ဇွန်လ ၃ ရက်နေ့တွင် လျူရှောက်ချီသည် ပေါ်လစ်ဗျူရို အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ချက်ခြင်းခေါ်ကာ အခြေအနေကို မည်သို့ကိုင်တွယ်ရမည်ကို ဆွေးနွေး၏။ အစည်းအဝေးက ယဉ်ကျေးမှုတော်လှန်ရေးတွင် ပါဝင်ကြသူများကို ထိန်းချုပ်ရန် အချက် (၈)ချက်ကို ထုတ်ပြန်ခဲ့၏။

ပြည်တွင်းနှင့်ပြည်ပ အရေးကိစ္စများကို ခွဲခွဲခြားခြားလုပ်ရန်၊ လျှို့ဝှက်ကိစ္စများကို ထိန်းသိမ်းထားရန်၊ လမ်းပေါ်တွင် ပိုစတာ မထောင်ရန်၊ ကွဲပြားခြားနားသော အဖွဲ့အစည်းများရှိ တော်လှန်သောအုပ်စုများနှင့် မဆက်သွယ်ရန်၊ စီတန်းလှည့်လည် ဆန္ဒမပြရန်၊ ရှုံ့ချပွဲအစည်းအဝေး အကြီးအကျယ်မလုပ်ရန်၊ စွပ်စွဲခံရသူများ၏အိမ်အနီးတစ်ဝိုက်တွင် မလုပ်ရန်၊ ရိုက်နှက်စော်ကားခြင်း မပြုရန်။

ကျောင်းများ သိပ္ပံများတွင် စာသင်၍မရတော့။ ထိုနေရာများသို့ အလုပ်အဖွဲ့များစေလွှတ်၏။ မီးလောင်ရာ မီးသတ်ကား လွှတ်သည့်ပုံစံ။သို့သော် ထိန်း၍မရ။ နောက်ကွယ်မှကြိုးကိုင်ကြသူများ၏ အထောက်အခံရှိသဖြင့် သူပုန်များကို နှိပ်ကွပ်၍မရ။

မော်သည် ပေကျင်းတွင် မရှိသဖြင့် အရေးကြီးသော ပေါ်လစီပြဿနာများကို အဆုံးအဖြတ်မပြုနိုင်။ ထို့ကြောင့် ဇွန်လ ၉ ရက်တွင် လျူ၊ ချူနှင့်တိန့်

www.foreverspace.com.mm

တို့သည် ဟန်ချီသို့သွား၍ မော်ကို အစီရင်ခံကြရ၏။ ၁၀ ရက်မှ ၁၂ရက်အထိ အစည်းအဝေးနှစ်ကြိမ်ကျင်းပကာ ယဉ်ကျေးမှုတော်လှန်ရေးကိစ္စဆွေးနွေးကြ၏။ သို့သော် ကိစ္စက မပြတ်။ ထို့ကြောင့် သူတို့သုံးဦးသား ပေကျင်းသို့ ပြန်လာကြ၏။ ချူက နိုင်ငံခြားသွားစရာရှိသဖြင့် လျူနှင့်တိန့်တို့ကို လွှဲခဲ့သည်။ သူတို့က အလုပ်အုပ်စုများကို ကျောင်းများသို့ စေလွှတ်ကာ ထိန်းသိမ်းခိုင်း၏။

ဆရာ၊ ဆရာမများကို "ခေါင်းရှင်အတတ်ပညာရှင် အာဏာပိုင်တွေ"ဟု စွပ်စွဲမှုများကို ပြေလည်အောင်ညှိနှိုင်းပေး၏။ သို့ဖြင့် မကြာခင်တွင် ကျောင်းတွေ ပုံမှန်ဖြစ်၊ ကျောင်းသူကျောင်းသားများ အတန်းထဲ ပြန်ဝင်ကြ၊ သို့ဖြင့် မြို့တော်ကြီး ပြန်လည်အေးချမ်းလာမည်ဟု ယုံကြည်ကြ၏။

ဤသည်တို့မှာ မော်စီတုံး၏ဦးတည်ချက်နှင့် သွေဖီနေသည်ကို သူတို့ မသိကြ။

တိုက်ပွဲသည် ရှေးအယူအဆကို စွဲကိုင်သူများနှင့် သူပုန်တို့၏ အားစမ်းမှု ဖြစ်၏။ လျူရှောက်ချီ၊ တိန့်ရှောက်ဖိန်တို့ ဦးဆောင်သော ဗဟိုကော်မတီနှင့် လင်ပြောင်၊ ကျန်းကျင်းတို့ဦးဆောင်သော ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုတို့၏ ထိပ်တိုက်ရင်ဆိုင်မှု။

ဇူလိုင်လတွင် အခြေအနေက ပိုဆိုးလာ၏။ ဗဟိုကော်မတီက ၁၃၊၁၉ နှင့် ၂၂ တွင် အစည်းအဝေး သုံးကြိမ်ခေါ်ရ၏။ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုကိုယ်စား "ချင်ဘိုဒါ"ကပြောရာတွင် အလုပ်အဖွဲ့များသည် ဒီမိုကရေစီကို ဖိနှိပ်ကြသဖြင့် သူတို့ကိုရုပ်သိမ်းပေးရန် ပြော၏။

လျူရှောက်ချီကလည်း ဒေါနှင့်မောနှင့်ပြန်ချေပ၏။ သူနှင့် ကန်ရှိန်တို့ အခြေအတင်။ တိန့်ရှောက်ဖိန်လည်း မနေသာ၍ဝင်ပြောရ၏။ သူက "ချင်ဘိုဒါ"ကို လက်ညှိုးငေါက်ငေါက်ထိုးကာ အော်ပြော၏။

"မင်းတို့ကောင်တွေက ငါတို့ကို ပြည်သူကြောက်တဲ့ကောင်တွေလို့ပြောတယ် ဟုတ်စ၊ ဒါဆို မင်းဘာသာမင်း သွားကြည့်၊ အလုပ်အဖွဲ့တွေကိုလဲ ရုပ်တော့၊ ဘာမှအလုပ်မဖြစ်တော့မဲ့ အတူတူ"

ဗဟိုကော်မတီနှင့် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုတို့သည် အခြေအတင် ငြင်းခုန်ကြပြီ။ ရတ်ရတ်သဲသဲဖြစ်မှုသည် တစ်လခန့် ကြာ၏။ တချို့ကျောင်းများ

www.foreverstar.com.mm

တွင် "တပ်နီ"တပ်ဖွဲ့များ ဖွဲ့၏။ အစည်းအဝေးများ ကျင်းပကာ ကျောင်းအာဏာ ပိုင်များကို တိုက်ခိုက်ရှုံ့ချကြ၏။ တချို့နေရာများတွင် ရိုက်မောင်းပုတ်မောင်းပင် လုပ်ကြသည်အထိ။ ဤတွင် အလုပ်အဖွဲ့များက ကြားဝင် တားဆီးပေးရ၏။ ဤသည်တွင်ပင် အလုပ်အဖွဲ့နှင့် တပ်နီတို့ ပဋိပက္ခဖြစ်ရပြန်၏။

အထက်တန်းကျောင်းနှင့် ကောလိပ်တို့တွင် စာမသင်နိုင်တော့။ နေ့ ရော ညပါ စကားရည်စစ်ထိုးပွဲတွေ ကျင်းပနေကြ၏။ ယဉ်ကျေးမှုတော်လှန်ရေး အုပ်စုမှအဖွဲ့ဝင်များသည် ကျောင်းတိုင်းသို့ လိုက်ဝင်ကြကာ မီးလောင်ရာ လေ ပင့်ကြ၏။ တော်လှန်ရေးလုပ်ရန် မြှောက်ပေးကြ၏။ လျူနှင့် တိန့်တို့သည်လည်း အခြားရွေးစရာလမ်း မရှိ၍ ကျောင်းများသို့ သွားကြ၏။ ကျောင်းသားများကို အကျိုးသင့်အကြောင်းသင့် နှစ်သိမ့်ကြ၏။

မော်စီတုံးသည် မဟာပစ္စည်းမဲ့တော်လှန်ရေးကို မီးမွှေးခဲ့သူ ဖြစ်၏။ သူသည် တော်လှန်ရေးကို ထောက်ပံ့၏။ ပေကျင်းတွင် တိုင်းပြည်ပျက်မတတ် ဖြစ်နေစဉ် မော်သည် ဟန်ချိုရှိ အနောက်ဘက်ကန်တော်ဘေးတွင် အနားယူကာ မသိကျိုးကျွံပြုနေ၏။

ဇွန်လ ၂၁ ရက်တွင် ယဉ်ကျေးမှုတော်လှန်ရေးသည် နိုင်ငံရေးတိုက်ပွဲ၊ လူတန်းစားတိုက်ပွဲဖြစ်ကြောင်း သူက ပြော၏။

ဇူလိုင် ၈ ရက် နေ့စွဲဖြင့် ကျန်းကျင်းထံ ရေးသောစာ၌ -

"လုံးဝဥဿုံရှုပ်ထွေးမှုဟာ လုံးဝဥဿုံတည်ငြိမ်မှုကို ဦးတည်နေတယ်၊ ဒီနေ့အလုပ်ဟာ ကွန်မြူနစ်ပါတီတစ်ခုလုံးအတွက်၊ တစ်နိုင်ငံလုံးအတွက်၊ လက် ယာဝါဒီတွေကို အခြေခံကျကျ ဖျက်ဆီးပစ်တာပဲ" ဟု ရေးထား၏။

ယဉ်ကျေးမှုတော်လှန်ရေးအတွင်းက မော်စီတုံး၏ တိုက်ပွဲခေါ်သံ တစ် ခုပင်။

ဇူလိုင် ၁၈ တွင် ဝူဟန်ရှိ ယန်စီမြစ်တွင်ရေကူးခဲ့ပြီးနောက် မော်သည် ပေကျင်းသို့ ပြန်၏။

သူ့ကို လာကြိုကာ အစီရင်ခံသော လျူရှောက်ချီကို အနားယူချင်သေး သည် အကြောင်းပြကာ အတွေ့မခံ။ သို့သော် သူသည် ယဉ်ကျေးမှုတော်လှန် ရေးအုပ်စုမှအဖွဲ့ဝင်များ၏ အစီရင်ခံစာကိုကား နားထောင်ခဲ့၏။

www.foreverspace.com.mm



နောင်နေ့မှစ၍ ဇူလိုင် ၂၃ ရက်အထိ မော်၏ညွှန်ကြားချက်အရ လျူသည် အစည်းအဝေးတစ်ခုခေါ်ကာ မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးကြီး၏တိုးတက်မှုကို အစီရင်ခံရ၏။ သဘောမတူညီမှုများစွာ အပြင်းအထန်ပေါ်ထွက်လာ၏။ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုက ဗဟိုကော်မတီမှစေလွှတ်သော အလုပ်အဖွဲ့များသည် ကျောင်းသားများကို နှိပ်ကွပ်သည်ဟု အစီရင်ခံခဲ့၏။

ဇူလိုင် ၂၄ တွင် မော်သည် ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်ကော်မတီနှင့် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုတို့ နှစ်ခုကို ခေါ်ကာ ပူးတွဲအစည်းအဝေးကျင်းပ၏။ မော်က အလုပ်အုပ်စုများသည် နာမည်ပျက်ကြကြောင်း၊ သူတို့သည် လှုပ်ရှားမှုကို နှောင့်နှေးစေကြောင်း၊ သူတို့ကို ဖယ်ရှားရမည်ဟု ပြောခဲ့၏။

ဇူလိုင် ၂၈ တွင် ပေကျင်းမြူနီစပယ်ပါတီကော်မတီက အလုပ်အုပ်စုများကို တရားဝင်ဖယ်ရှားလိုက်၏။

ထိုအစည်းအဝေးသို့ လျူရှောက်ချီ၊ ချူအင်လိုင်း၊ တိန့်ရှောက်ဖိန်တို့ သုံးဦးလုံး တက်ကာ စကားပြောခဲ့ကြ၏။

လျူရှောက်ချီက -

'မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးကြီးကို ဘယ်လို ဆင်နွှဲရမယ်ဆိုတာ မင်းတို့ သိပ်ရှင်းဟန်မတူဘူး၊ မင်းတို့က ငါတို့ကိုမေးနေတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါလဲ မသိဘူး၊ ဗဟိုကော်မတီဝင်တွေလဲ စမ်းတဝါးဝါးပဲ၊ ဘာမှ ရေရေရာရာမသိကြဘူး' ဟု ပြော၏။

ချူအင်လိုင်းကမူ -

'အလုပ်အုပ်စုအဖွဲ့တွေက ရဲဘော်အများစုဟာ တော်ကြတယ်၊ တော်လှန်ရေးသမားဟောင်းကြီးတွေက တကယ်တော့ ပြဿနာသစ်တွေနဲ့ရင်ဆိုင်ရတာပဲ' ဟု ပြောခဲ့၏။

တိန့်ရှောက်ဖိန်က - 'ရဲဘော်တချို့က ပြောတယ်၊ တော်လှန်ရေးသမားအိုကြီးတွေက ပြဿနာသစ်တွေနဲ့ ရင်ဆိုင်ကြရတယ်တဲ့၊ ဒီတင် ပြဿနာဖြစ်တော့တာပဲ' ဟု ဆို၏။

အစည်းအဝေးပြီးသောအခါ မော်စီတုံးသည် စကားပြောစင်မြင့်နောက်မှ ပေါ်လာ၏။ ပရိသတ်ကား ထိန်းမနိုင်တော့။ တပ်နီကလေးများက စိတ်လှုပ်

www.foreverstore.com.mm



ရှားစွာ ခုန်ပေါက်ကြ၏။ ချီးကျူးသြဘာပေးကြ၏။ မျက်ရည်များပင် တွေတွေကျနေကြ၏။ သူတို့သည် ဥက္ကဋ္ဌကြီးမော်ကို လူကိုယ်တိုင် မြင်ဖူးလိုကြသည်။ နောက်တန်းမှလူများက ခုံများပေါ်တွင် မတ်တပ်ရပ်၍ကြည့်ကြ၏။

'ဥက္ကဋ္ဌမော် သက်တော်ရာကျော် ရှည်ပါစေ'

သူတို့က စိတ်လှုပ်ရှားစွာ အော်ဟစ်နေကြ၏။

အစည်းအဝေး စ,ကာစက တင်းကြပ်နေသောစိတ်များသည် ပျော်ရွှင်တက်ကြွမှုအဖြစ် ပြောင်းသွားသည်။

ထိုနေ့မှစ၍ မော်စီတုံး၏ မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးအရှိန်အဟုန်များ စီးမျောတော့၏။ ထိုမှတစ်ဆင့်တက်၍ နောက်တစ်မျိုးသို့ ကူးပြောင်းသွားသည်။

'ပုန်ကန်ခြင်းသည် လျော်ကန်သင့်မြတ်သည်' ဟူ၍။

www.foreverspace.com.mm

## ။ ၃ ။
## ဗြာနချုပ်ကို ဗုံးကြဲခြင်း

ရှစ်ကြိမ်မြောက် ပါတီဗဟိုကော်မတီ အစည်းအဝေးကို ၁၉၆၆ ခု၊ ဩဂုတ်လ ၁ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်ကော်မတီက စာတန်းများ ဖတ်၏။ မော်စီတုံးက ကျောင်းများသို့ အလုပ်အဖွဲ့များ စေလွှတ်မှုကို ရှုံ့ချ၏။

'ဒါက ခြိမ်းခြောက်တာပဲ၊ခြိမ်းခြောက်မှုက ဗဟိုကော်မတီကနေ လာတယ်၊ ကျုပ်တို့ကြားထဲ ဒီနေရာမှာ အဖျက်သမားမိစ္ဆာဝိညာဉ်တွေ ရှိနေပြီ'

မော်က ဤသို့ပင် ပြောခဲ့၏။ ထိုနောက် သူကိုယ်တိုင် ရေးသားထားသော နာမည်ကျော်ပိုစတာကို စ,ထောင်၏။

'ဌာနချုပ်ကို ဗုံးကြဲ'

သူသည် ဗဟိုကော်မတီမှ ဖောက်ပြန်သောဘူဇွာအတွေးအခေါ်ရှိသူများကို စတင်တိုက်ခိုက်၏။ မည်သူမည်ဝါဟု အမည်မတပ်သော်လည်း မည်သူတွေကို ရည်ရွယ်သည်ကား သိသာထင်ရှားလှ၏။

'လျူရှောက်ချီ'နှင့် 'တိန့်ရှောက်ဖိန်'တို့၏အမည်များကို ဖွင့်ထုတ်ဝေဖန်မှု စတင်လေပြီ။ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုမှ အဓိကဦးဆောင်သူများက 'လျူ'နှင့် 'တိန့်'တို့က ကျောင်းသားလှုပ်ရှားမှုကို နှိမ်နင်းရန် အလုပ်အဖွဲ့များ စေလွှတ်မှုကို ထောက်ပြဝေဖန်တိုက်ခိုက်တော့သည်။ ထိပ်တန်းဗဟိုကော်မတီခေါင်းဆောင်များ၏ ၁၉၆၂ ခုနှစ်မှ စတင်ကျူးလွန်ခဲ့သောအမှားများကို ဝေဖန်ကြ၏။ မော်ကိုယ်တိုင်ကပင်လျှင် ကျောင်းသားလှုပ်ရှားမှုကို ဖိနှိပ်သော 'လျူ' နှင့် 'တိန့်'တို့၏ မှားယွင်းသောလမ်းကြောင်းကို ဝေဖန်ခဲ့သည်။

ပြည်သူများကလည်း 'မော်'ဦးဆောင်သောဗဟိုကော်မတီအပြင် 'လျူရှောက်ချီ'ခေါင်းဆောင်သော ဘူဇွာဌာနချုပ်လည်း ရှိသေးသည်ဟု အသိရောက်သွားသည်။

ပေါ်လစ်ဗျူရိုကို ပြန်လည်ရွေးကောက်ကြရာ 'လျူ'သည် နံပါတ်(၂) နေရာမှ (၈)နေရာသို့ကျသွား၏။ 'တိန့်'ကား သတ္တမမှဆဋ္ဌမသို့ရောက်သွားသော်လည်း သူလည်း ရာထူးကျသည့်သဘောပင် ဖြစ်၏။ 'လင်ပြောင်'က ဒုတိယနေရာသို့ရောက်လာကာ 'လျူရှောက်ချီ'နေရာတွင် အစားထိုး၏။သူသည် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဖြစ်လာ၍ တရုတ်ကွန်မြူနစ်ပါတီတွင် 'မော်' ပြီးလျှင် အမြင့်ဆုံးခေါင်းဆောင်ဖြစ်လာသည်။

ဗဟိုကော်မတီ၏အဓိကတာဝန်များကို ဦးဆောင်ပြုလုပ်ကြရသော'လျူရှောက်ချီ'နှင့် 'တိန့်ရှောက်ဖိန်'တို့သည် ဦးဆောင်မှု မပြုကြရတော့။

'တိန့်ရှောက်ဖိန်'သည် ကျောင်းတချို့သို့ သွားကာ အစည်းအဝေးများ တက်ရ၊ မေးခွန်းများဖြေရသောအလုပ်ကို ဆက်လုပ်ရ၏။

'တော်လှန်ရေးသမားဟောင်းကြီးတွေဟာ ပြဿနာသစ်တွေနဲ့ထိပ်တိုက်တိုးနေရတယ်'ဟူသောစွပ်စွဲချက်များကိုမူ သူနားမလည်။ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စု၏ရူးသွပ်မှုနှင့် ပုန်ကန်မှုဆန်သောလုပ်ရပ်များကိုကား သူ မနှစ်မြို့။

ဩဂုတ်လ ၂ ရက်တွင် သူ့ကို တရုတ်ပြည်သူ့တက္ကသိုလ်မှ ဆရာ၊ ကျောင်းသား၊ အလုပ်သမားထုအစည်းအဝေးသို့ တက်ခိုင်းသည်။ ကျောင်းသားတစ်ယောက်က စာရွက်တိုကလေးတစ်ခု သူ့ကို လာပေး၏။ 'ဖေဖော်ဝါရီပုန်ကန်မှုနဲ့ပတ်သက်လို့ ပြောပါ'။ မာရှယ်ဟီလောင်ကို ထုတ်ပစ်မှုနှင့်ပတ်သက်၍ အတို့အထောင်လုပ်ခြင်း ဖြစ်၏။ အစည်းအဝေးတက်ရောက်သူ ပရိသတ်များထဲတွင် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုဘက်တော်သားများ ပါဝင်သည်ကို သူသိ၏။ သို့သော် သူက ပွင့်ပွင့်လင်းလင်းပင် ပြော၏။

"ဒီကိစ္စက စုံစမ်းစစ်ဆေးပြီးပြီပဲ၊ ဘာမှပြောစရာမရှိတော့ဘူး၊ တစ်ခုပဲ ပြောနိုင်တာ ရှိတယ်၊ ပိန်ဇင်းက တပ်မတော်ကိုသိမ်းသွင်းစည်းရုံးတာ မလုပ်နိုင်ဘူး၊ သူ့လိုပဲ ကျုပ်လဲ မလုပ်နိုင်ဘူး"

သူက ဘယ်သူ့ကိုမှ မမှု။ မှန်တာကိုပဲ ပြောခဲ့၏။ မော်၏ ညွှန်ကြား

www.foreverspace.com.mm

ချက်အရ လင်ပြောင်က ပေါ်လစ်ဗျူရိုအစည်းအဝေးကြီးတစ်ခုဆင့်ခေါ်ကာ လျူ ရှောက်ချီအား ဆက်လက်ဝေဖန်ခဲ့၏။ သို့သော် လင်ပြောင်နှင့် ကျန်းကျင်းတို့က 'လျူ'ကား အရာမှကျသွားပြီ။ ကျန်သေးသည်မှာ 'တိန့်ရှောက်ဖိန်'ပဲ။ သူ့ကို အပြတ်ချမှပဟု ရည်ရွယ်ကြဟန်တူသည်။ ထို့ကြောင့် လင်ပြောင်က 'လျူ'ကို ဦးတည်ထားမှုကို ပြောင်းပစ်ကာ 'တိန့်'ဘက်သို့ မြားဦးလှည့်လိုက်၏။ 'တိန့်'ကို ပစ်မှတ်ထားကာ ရန်သူသဘောမျိုးသတ်မှတ်ပြီး တိုက်ခိုက်တော့၏။

စွဲချက်များမှာ မရေရာ။ အခြေအမြစ်မရှိ။ 'တိန့်'သည် ဒေါသဖြစ်ဖြစ် နှင့် သည်းခံ နားထောင်ကာ အိမ်ပြန်ခဲ့၏။ အိမ်ကျတော့ ဘာစကားမှ မပြော။ သို့သော် သူ တစ်ညလုံး အိပ်မရ။ ဇနီးဖြစ်သူက လာမေး၏။

'မနက် သုံးနာရီတောင် ထိုးပြီ၊ ရှင် မအိပ်သေးဘူးလား'

'ဒီညနေက ငါ့ကို သူတို့တိုက်ခိုက်ကြတယ်၊ လျူရှောက်ချီကို တိုက်တာကနေ ငါ့ဘက်ပြောင်းလာကြပြီ'

'ဘယ်သူတွေက ရှင့်ကို တိုက်တာလဲ'

'စစ်သားတစ်ယောက်ပေါ့ကွာ'

'တိန့်'က ဆက်မပြောတော့။ ဇနီးကလည်း အလိုက်သိစွာ မမေးခဲ့။

'ကဲ ကဲ ပျော်အောင် အိပ်နော်၊ နက်ဖန် အစည်းအဝေးမတက်နိုင်ဘဲ နေဦးမယ်'

နောက်နေ့ အစည်းအဝေးတွင် သူ့ကို ရာထူးထပ်ချ၏။ သူ့တာဝန်များ ကို ကန်ရှိန်ကို လွှဲပေးခဲ့ရ၏။

'ဒီအလုပ်တွေ ငါ မင်းကိုလွှဲပေးလိုက်ပြီနော်၊ ငါ ဆက်မလုပ်တော့ဘူး' ဟု သူက ကန်ရှိန်ကို ပြောခဲ့၏။ သူလွှဲပေးရသော အလုပ်များမှာ ဆက်ဆံရေး နှင့် ထောက်လှမ်းရေးတာဝန်များ။

တိန့်ရှောက်ဖိန်၏သမီးများကား ကျောင်းအသီးသီးတွင် ယဉ်ကျေးမှု တော်လှန်ရေးလှုပ်ရှားမှုများ၌ ပါဝင်နေကြရ၏။ သူတို့၏ဖခင်သည် ဗဟိုကော် မတီတာဝန်များကို မယူသည့်နောက်ပိုင်းတွင်လည်း ကျောင်းလှုပ်ရှားမှုများတွင် သူတို့ ဆက်လှုပ်ရှားနေကြဆဲ။ သို့သော် ကျောင်းများတွင် ပိုစတာတိုက်ပွဲတစ်ခု က စ,လာပြန်၏။

"တကယ်လို့ အဖေက သူရဲကောင်းဆိုရင် သားကလည်း လူကောင်း ပေါ့။ တကယ်လို့ အဖေက ဖောက်ပြန်ရေးသမားဆိုရင် သားကလည်း ကြက်ဥ ပုပ်ပဲ"

သားသမီးများက ဖခင်များကို ပြန်ဝေဖန်ရန် လှုံ့ဆော်မှု စပြီ။

တိန့်ရှောက်ဖိန်၏ သမီးအကြီးဆုံး အနုပညာတက္ကသိုလ် တက်နေသူ "တိန့်လင်း"က "အဖေက ဖောက်ပြန်ရေးသမားပဲ"ဟု စတင် ဝေဖန်လာသည်။ သမီးအငယ် "တိန့်ရုံ"ကမူ ဒါကို သဘောမတူ။ ညီအစ်မအချင်းချင်းပင် သဘော ထားကွဲကုန်ကြပြီ။

ဩဂုတ်လ ၁၈ ရက်တွင် မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးကို ကြိုဆိုသော လူထုအစည်းအဝေးကြီးတစ်ရပ်ကျင်းပခဲ့၏။ "လင်ပြောင်"က တပ်နီ များအား လူတန်းစားပျက်များ၏အယူအဆဟောင်း၊ ယဉ်ကျေးမှုဟောင်း၊ ဓလေ့ ထုံးစံဟောင်း၊ အလေ့အကျင့်ဟောင်းများအားလုံးကို ရိုက်ချိုးကြ"ဟု မိန့်ခွန်းပြော ပညာပေးခဲ့၏။ ၂၀ ရက်နေ့မှ စ၍ ပေကျင်းတွင် "အဟောင်းလေးရပ်"တိုက်ပွဲ စခဲ့သည်။ ထိုမှ တစ်ပြည်လုံး ပျံ့နှံ့သွားသည်။

"ဥက္ကဋ္ဌမော်၏တော်လှန်ရေးလမ်းကြောင်းကို ကာကွယ်ကြ"ဟူသော ခေါင်းစဉ်အောက်တွင် ဘာတစ်ခုမှမသိနားမလည်ကြသော တပ်နီလေးများသည် မင်းမဲ့စရိုက်များစွာကို စည်းမဲ့ကမ်းမဲ့လုပ်ကြတော့၏။

ကျောင်းသားအချင်းချင်းလည်း သွေးခွဲပေး၏။ လယ်သမား၊ အလုပ် သမား၊ စစ်သားမျိုးရိုးမှဆင်းသက်လာသူမဟုတ်သ၍ "ခေနရှင်လမ်းကြောင်းလိုက် သူ"ဟု စွပ်စွဲကာ ရှုံ့ချဝေဖန်ကြ၏။

သို့ဖြင့် အိမ်များထဲသို့ ကျူးကျော် ဝင်ရောက်၊ ပစ္စည်းများ ဖျက်ဆီး၊ မီးကုန်ယမ်းကုန် တိုက်ခိုက်၊ တစ်ခါတလေ လူသတ်မှုများအထိပင် ကျူးလွန်ကြ ၏။

သူတို့ကို မည်သို့မျှ ထိန်းမနိုင်သိမ်းမရတော့။ တော်လှန်သောလှုပ်ရှား မှုဟုဆိုကာ ရူးသွပ်စွာပင် လုပ်ချင်တာ လုပ်ကြတော့၏။

လျူရှောက်ချီသည် အလယ်တန်းအဆင့်တွင် ပညာသင်နေသော သမီး နှင့်သားကို ကျောင်းမလွှတ်တော့။ အိမ်မှာပဲ အချုပ်အလုပ်၊ အချက်အပြုတ်သင်။

www.foreverspace.com.mm

တရုတ်စာလက်ရေးလှလေ့ကျင့်။ ရေဒီယိုပြင်။ ပြင်ပမရှုးသွပ်မှုများနှင့် ခပ်ကင်းကင်းနေကြ၏။

ယဉ်ကျေးမှုတော်လှန်ရေးနှင့်ပြည်သူ့လှုပ်ရှားမှုသည် လူမှုအသိုင်းအဝန်းတစ်ခုလုံးကို ဖောက်ထိုးမိုးမျှော်ဖြစ်စေ၏။

မော်စီတုံးသည် စစ်ယူနီဖောင်းကိုဝတ်၊ တပ်နီလက်ပတ်ကို လက်မောင်းတွင် တပ်ကာ ဩဂုတ်လ ၁၈ ရက်တွင် တိန်အန်မင်တံခါးဝထိပ်မှနေ၍ တပ်နီတစ်သန်း၏ အလေးပြုကို ခံခဲ့၏။ ထိုနှစ် နိုဝင်ဘာလအထိ (၈)ကြိမ်မျှ သူပုန်တပ်နီ ၁၁ သန်း ရှေ့တွင် ရပ်ပြခဲ့၏။ 'မော်'ကိုယ်တိုင် ထောက်ခံအားပေးမှုဖြင့် တပ်နီလှုပ်ရှားမှုသည် လျင်မြန်စွာကျယ်ပြန့်သွားရာ သောင်းကျန်းချင်တိုင်း သောင်းကျန်းခွင့် တရားဝင်လိုင်စင်ရသွားသကဲ့သို့ပင် ဖြစ်သွားသည်။

'တော်လှန်ရေးကို ပျံ့နှံ့အောင်လုပ်ကြ' ဟူသော ဆောင်ပုဒ်နှင့်အညီ လှုပ်ရှားကြ၏။ လူငယ်တပ်နီများသည် စစ်ဝတ်စုံဟောင်းအတုများကို ဝတ်ကာ ရထားများ၊ ဘတ်စ်ကားများဖြင့်(ရထားခ၊ ကားခ မပေးဘဲ) နိုင်ငံအနှံ့ လျှောက်သွားကြကာ တော်လှန်ရေးမီးများကို ရှို့ကြ၏။

လူမှုရေးတည်ငြိမ်မှုကား ပျက်ပြားသွားပြီ။ စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများ ဆိုးရွားစွာ ထိခိုက်၏။ တပ်နီအဖွဲ့အစည်းအချင်းချင်းလည်း သဘောထားအယူအဆတွေ ကွဲလွဲကုန်၏။ သူတို့အချင်းချင်းလည်း တိုက်ခိုက်ကြ၏။ တရုတ်တစ်ပြည်လုံးကား မည်သည့်နေရာမှ တည်ငြိမ်သည် မရှိတော့။

www.foreverstore.com.mm

## ။ ၄ ။

## လျူနှင့်တိန့်ကို ဝေဖန်ကြ

ဤလှုပ်ရှားမှုများကို မော်စီတုံးက စတင်ခဲ့၏။လင်ပြောင်နှင့်ကျန်းကျင်းက ထောက်ခံသည်။သို့ဖြင့် တစ်တိုင်းတစ်ပြည်လုံး တောမီးလိုပျံ့နှံ့ခဲ့ရာ စည်းလွတ်ကမ်းလွတ်ဖြစ်ကုန်သည်။ မော်စီတုံးက 'လျူ'နှင့် 'တိန့်'သည် 'အရင်းရှင်လမ်းကြောင်းလိုက်သူများ'ဟုစွပ်စွဲခဲ့၏။ ထိုသူများကိုရှင်းပစ်ရန် ဤလှုပ်ရှားမှုကိုလုပ်ခြင်းဖြစ်၏။ အောက်တိုဘာ၉ ရက်မှ၂၈ ရက်အထိ မော်သည် ဗဟိုကော်မတီအစည်းအဝေးခေါ်ကာ အရင်းရှင်လမ်းကြောင်းလိုက်သူများကို ဝေဖန်ရှုံ့ချခဲ့၏။ သို့သော် အစည်းအဝေးတက်ရောက်သူများက ဘာမှမယ်မယ်ရရမသိကြ၍ မော်က ဒေါသထွက်ခဲ့၏။ ထို့ကြောင့် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုက ရှေ့ကိုဝင်ရပ်ကြကာ ဝေဖန်မှုများကို လမ်းကြောင်းပေးကြသည်။ လင်ပြောင်က 'လျူနဲ့ တိန့်တို့ဟာ ပြည်သူကိုဖိနှိပ်တဲ့ တော်လှန်ရေးဖောက်ပြန်မှုကို ကျူးလွန်သူတွေပဲ'ဟု စွပ်စွဲ၏။

ကန်ရှိန်နှင့် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုကလည်း ဝေဖန်မှုကို မီးလောင်ရာ လေပင့် လုပ်ကြ၏။

'တိန့်'၏လက်အောက်တွင် လုပ်ခဲ့ဖူးသော တပည့်ရင်း 'ဓိဖူဓိ'ကပင် သူ့ဆရာကို ပစ်ပစ်နှစ်နှစ် စော်ကားဝေဖန်ခဲ့၏။

'တိန့်ဟာ နှစ်သုံးဆယ်လုံးလုံး အများတွေကို လူမသိအောင် ပိပိရိရိ ကျူးလွန်ခဲ့တယ်၊ သူက ပါတီမှာ သိပ်ဩဇာညောင်းအောင် ထူထောင်နိုင်ခဲ့တယ်၊ သူဖောက်ပြန်တာဟာ သိပ်ကို အန္တရာယ်များတယ်'

'ချိန်ဘိုဒါ' ကလည်း 'ဖ၀ခုနှစ်များကစပြီး မှားယွင်းသောလမ်းကြောင်းကို ဦးဆောင်ခဲ့သူ တိန့်ရှောက်ဖိန်၏အမှားများ' ကို စာရင်းထိုးတင်ပြ၏။

အောက်တိုဘာ ၂၅ တွင် မော်က နိဂုံးချုပ်မိန့်ခွန်း ပြောကြားခဲ့ရာတွင် 'သူသည် ထိုလူများကို ယခင်က သိပ်ယုံခဲ့ကြောင်း၊ ယခု သူတို့ကို ဖယ်ရှားရန်အတွက် ယဉ်ကျေးမှုတော်လှန်ရေးကို ဆင်နွှဲရကြောင်း၊ ပေကျင်းတက္ကသိုလ်မှ ပိုစတာတစ်ခုမှနေ၍ ဤမျှအထိ ကျယ်ပြန့်ကြီးမားလာသော လှုပ်ရှားမှုဖြစ်လာမည်ဟု သူ ယခင်က မတွေးထင်ခဲ့ကြောင်း၊ ယခုလှုပ်ရှားမှုကို စတင်ခဲ့သည်မှာ ငါးလမျှသာ ရှိသေးကြောင်း၊ နောက်ထပ် ဆယ်လမျှအထိ ဆက်လှုပ်ရှားသင့်ကြောင်း၊ သို့မှသာ ပန်းတိုင်ရောက်မည်ဖြစ်ကြောင်း' ပြောကြားခဲ့၏။

အောက်တိုဘာ ၂၅ အစည်းအဝေးတွင် 'လျူရှောက်ချီ' ရော၊ 'တိန့်ရှောက်ဖိန်' ပါ မိမိကိုယ်မိမိဝေဖန်ရေးများ ပေးခဲ့ရ၏။ မော်သည် 'လျူ'၏အသင့်ရေးသားထားပြီးကြေညာချက်ကို ဖတ်ပြ၏။ ပထမဆုံး လျူသည် ယဉ်ကျေးမှုတော်လှန်ရေး၏ ပထမရက် ၅၀တွင် အမှားများ ကျူးလွန်ခဲ့ကြောင်း၊ ယခင်ကလည်း အမှားများလုပ်ဖူးကြောင်း၊ ခွင့်လွှတ်ပါဟု မတောင်းခံလိုကြောင်း၊ တာဝန်အရ အရေးယူဆောင်ရွက်ပါဟုသာ ပြောဆိုလိုကြောင်း စသဖြင့် ရေးထား၏။

'တိန့်ရှောက်ဖိန်' ကလည်း 'ဒီယဉ်ကျေးမှုတော်လှန်ရေးမှာ ဗဟိုကော်မတီခေါင်းဆောင်ပိုင်းတွေကြားထဲက အရင်းရှင်ဖောက်ပြန်ရေးလမ်းကြောင်းလိုက်သူတွေက ရဲဘော်လျူနဲ့ ကျွန်တော် နှစ်ယောက်ပဲ ရှိပါတယ်' ဟု ဝန်ခံခဲ့ရ၏။

'ကွန်မြူနစ်ပါတီက ခေါင်းဆောင်ပိုင်းအများစုဟာ ကောင်းကြပါတယ်၊ အမှားလုပ်တာ တစ်ယောက် နှစ်ယောက်ပဲ ရှိပါတယ်၊ အပြစ်တင်စရာ ရှိရင်ကျွန်တော်နဲ့ ရဲဘော်လျူရှောက်ချီကိုပဲ အပြစ်တင်ကြပါ' ဟု ပြောခဲ့၏။

ဤဖြောင့်ချက်များကို အောက်တိုဘာ ၂၂ ရက်နေ့ကတည်းက မော်၏ရှေ့တွင် အစမ်းဖတ်ပြခဲ့ပြီး ဖြစ်၏။ မော်ကိုယ်တိုင် စကားလုံးများကို သူ့လက်ရေးဖြင့် ပြင်ပေး၏။

'စစခြင်း ခင်ဗျား ဒီလိုပြောရမယ်၊ကျွန်တော် အမှားတွေပြင်ပြီး အသစ်က ပြန်စ,ပါမယ်လို့ ပြောထားမယ့်အစား ကျွန်တော်ကိုယ်တိုင် အပြင်းအထန်ကြိုးစားပါမယ်၊ ရဲဘော်တို့ရဲ့အကူအညီလဲ ရယူပါမယ်၊ ကျွန်တော့်အမှားတွေကို

www.foreverstore.com.mm

ကျွန်တော် ပြင်နိုင်မယ်လို့ ယုံကြည်ပါတယ်၊ ရဲဘော်တို့ ကျွန်တော့်ကို အချိန်ပေးပါ၊ ကျွန်တော် လဲရာက ပြန်ထ,ပါမယ်၊ ကျွန်တော့်ဘဝရဲ့တစ်ဝက်ကို တော်လှန်ရေးထဲမှာ နှစ်မြှုပ်ခဲ့ပြီးပါပြီ၊ ဒီအမှားတစ်ချက်ကိုပဲ ပြန်ပြင်ပါရစေ‥အဲဒီလိုရေး' ဟု ပြင်ပေးခဲ့သည်။

အစည်းအဝေးကား ပြီးသွားပြီ။ မိမိကိုယ်မိမိ ဝေဖန်မှုများလည်း ပြီးသွားပြီ။ သို့သော် တကယ်တော့ မပြီးသေး။

နိုဝင်ဘာ ၂ ရက်နေ့တွင် ဗဟိုကော်မတီစည်းရုံးရေးမှူးရှေ့တွင် ပိုစတာတွေ ထောင်လာပြန်၏။ လျူနှင့် တိန့်ကို ဝေဖန်မှုများ။

'တိန့်ရှောက်ဖိန်သည် ကွန်မြူနစ်ပါတီ အတွင်းတွင် အရင်းရှင်လမ်းကြောင်းကိုလိုက်သော တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သည်' ဟူ၍ 'နီယွမ်ဇီ' က ရေးသားကာ ပေကျင်းတက္ကသိုလ်တွင် နိုဝင်ဘာ၈ ရက်နေ့တွင် ထောင်၏။ 'ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ကိုးကွယ်မှုအား ဆန့်ကျင်သည်' ဟုလည်းစွပ်စွဲ၏။ (ဆိုလိုသည်မှာ မော်ကို အာခံသည်ဟူ၍)ပုဂ္ဂလိကလယ်ယာမြေထူထောင်မှုကို ထိန်းသိမ်းသူ၊ ယဉ်ကျေးမှုတော်လှန်ရေးကိုဆန့်ကျင်သူ၊ 'ပိန်ဖင်း' ကို နောက်ကွယ်မှ ထောက်ခံသူ ဟူ၍ ဟူ၍ စွဲချက်များစွာ။

လျူရှောက်ချီနှင့် တိန့်ရှောက်ဖိန်တို့သည် ဘာမှ မလုပ်ကြရတော့။ အစည်းအဝေးများလည်း မတက်ရ။ တိန့်ရှောက်ဖိန်သည် အိမ်မှာသာ နေပြီး စာဖတ်နေ၏။ သို့သော် သူ မည်သည့်ခြေလှမ်း လှမ်းတော့မည်ကိုမူ မည်သူမျှ မခန့်မှန်းနိုင်။ ယခုကား သူ စိတ်ရှည်သည်းခံစွာ တစ်စုံတစ်ရာကို စောင့်ဆိုင်းနေပုံရ၏။

မော်စီတုံးသည် လျူရှောက်ချီ နေရာတွင် လင်ပြောင်ကို အစားထိုးခဲ့သော်လည်း သူသည် တိန့်ရှောက်ဖိန်ကိုကား တစ်စုံတစ်ရာအသုံးချလိုဟန်ရှိ၏။သူလုပ်နေသောအပြောင်းအလဲများကို တိန့်သည် ထောက်ခံနိုင်မည်ဟု သူက မျှော်လင့်၏။ ထို့ကြောင့် မော်စီတုံးက တိန့်ရှောက်ဖိန်ကိုခေါ်၍ လင်ပြောင်နှင့် လက်တွဲ ဆောင်ရွက်ရန် ပြော၏။ သို့သော် လင်ပြောင်က လက်မတွဲချင်။ ဤတွင် ကိစ္စပြတ်သွားတော့၏။ လင်ပြောင်က တိန့်ရှောက်ဖိန်နှင့်လက်တွဲရလျှင် သူ့အရည်အချင်းတွေ မှိန်သွားမည်ကို သိ၍ မတွဲရဲ၍ မတွဲခြင်းသာ ဖြစ်သည်။

www.foreverspace.com.mm

လျှုရှောက်ချီ လွှင့်သွားပြီးနောက်တွင် လင်ပြောင်အကြောက်ဆုံးမှာ တိန့်ရှောက်ဖိန်ပင် ဖြစ်၏။

'မော်'၏ဘက်က ရပ်တန်းက ရပ်နေပြီဖြစ်သော်လည်း ချိန်ဘိုဒါ၊ကန်ရှိန်၊ ကျန်းကျင်း စသော ယဉ်ကျေးမှုတော်လှန်ရေး ခေါင်းဆောင်ပိုင်းများကား လင်ပြောင်အုပ်စုနှင့်ပေါင်းကာ လျှုရှောက်ချီနှင့်တိန့်ရှောက်ဖိန်တို့ကို ပိုမိုပြင်းထန်စွာ အပြုတ်တိုက်ရေးကို စီစဉ်ကြ၏။

ဒီဇင်ဘာ ၁၈ ရက်တွင် ကျန်းကျင်းက လျှုရှောက်ချီကို လုံးဝဥဿုံ ဖယ်ရှားပစ်ရန် လူသိရှင်ကြား တောင်းဆိုခဲ့၏။

၁၉၆၆ ခု၊ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် စင်ဟွာတက္ကသိုလ်မှ ဆရာနှင့် ကျောင်းသား ၅၀၀၀တို့သည် တိန်အန်မင်ရင်ပြင်သို့ ဆောင်းရာသီအအေးဒဏ်ကို အံတုပြီး ချီတက်လာကြ၏။ ထို့နောက် ရင်ပြင်ပေါ်တွင် မတ်တပ်ရပ်ကြပြီး လျှုနှင့်တိန့်ကို ဖယ်ရှားရန် တောင်းဆိုကြ၏။

ဒီဇင်ဘာ ၂၇ တွင် ပေကျင်းကောလိပ်နှင့် တက္ကသိုလ်များမှ တပ်နီအုပ်စုများသည် အလုပ်သမားအားကစားကွင်းတွင် လူထုစည်းဝေးပွဲကျင်းပကာ 'လျှုနှင့်တိန့်တို့၏ ခေရှင်ဖောက်ပြန်သောလမ်းကြောင်း' ကို ရှုံ့ချကြ၏။ ၁၉၆၆ ကား ကုန်ဆုံးတော့မည်။ သို့သော် မော်စီတုံးက ၁၉၆၇သည် လူတန်းစားတိုက်ပွဲနှစ်ဟု တိုက်ပွဲခေါ်သံ ကြိုတင်နိမိတ်ဖတ်ပြန်၏။ ဤနိမိတ်ဖတ်ချက်သည်ကား တရုတ်ပြည်အတွက် ကျိန်စာတစ်ရပ်ပေတည်း။

www.foreverstore.com.mm

## ။ ၅ ။
## ဓနရှင်လမ်းကြောင်းလိုက်သူ တာဝန်ရှိပုဂ္ဂိုလ်များကို ဆန့်ကျင်ကြ

'မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးကို အဆုံးထိလုပ်ရှားကြ' ဟူသည့် ခေါင်းကြီးကို ၁၉၆၇၊ ဇန်နဝါရီ ၁ ရက်နေ့ထုတ် ကွန်မြူနစ်ပါတီသတင်းစာများ၊ စာစောင်များတွင် ထည့်သွင်းဖော်ပြကြ၏။

ထို့ကြောင့် ဗဟိုကော်မတီမှ ရပ်ကွက်အဆင့်အထိ ပါတီခေါင်းဆောင်များသည် အဝေဖန်ခံရ၏။ ဖြုတ်ချခံကြရ၏။

တိုင်း ခရိုင်အသီးသီးမှ ပါတီခေါင်းဆောင်များ၊ စစ်ရေးခေါင်းဆောင်များ အဖြုတ်ခံရ၏။ တချို့ကို သေသည်အထိ ရိုက်နှက်ခဲ့၏။ တရုတ်ပြည်သစ်တည်ထောင်ကတည်းက ပါဝင်လာခဲ့ကြသော အစိုးရအရာရှိအများစုသည် နေ့ချင်းညချင်းပင် ရာထူးမှလျှော့သွားကြ၏။

ဤသည်ကိုပင် လင်ပြောင်နှင့် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုများက မကျေနပ်ကြသေး။ ဇန်နဝါရီလတွင် 'ဇန်ချွန်းကြောင်' နှင့် 'ယောင်ဝေယွမ်' တို့၏ဦးဆောင်မှုဖြင့် သူပုန်များသည် ရှန်ဟဲပါတီနှင့်အစိုးရအဖွဲ့အစည်းကို သိမ်းပိုက်ခဲ့ကြသည်။ ဤသည်ကို မော်စီတုံးက ထောက်ခံ၏။ အာဏာသိမ်းမှုများသည် နိုင်ငံအနှံ့ ဖြစ်ပွားကုန်၏။ သူပုန်အုပ်စုအဓိကဦးဆောင်သော 'ယဉ်ကျေးမှုတော်လှန်ရေးကော်မတီ' သည် မူလပါတီနှင့်အစိုးရအဖွဲ့အစည်းနေရာအားလုံးကို အစားထိုး ဝင်ရောက်ခဲ့ကြ၏။

မော်က အပြည့်အဝ ထောက်ခံအားပေး၏။ သူက ဤသည်မှာ သူ၏စဉ်ဆက်မပြတ်တော်လှန်ရေးကို ဖော်ဆောင်ရာတွင် အရေးကြီးသောခြေလှမ်းဟု မှတ်ယူထား၏။ 'လူ့သမိုင်းတွင် အကြီးဆုံးတော်လှန်သော အပြောင်းအလဲ' ဖြင့်

'ခနရှင်လမ်းကြောင်းလိုက်သောပါတီအာဏာပိုင်များ' ထိန်းချုပ်ထားသည့် ကမ္ဘာ ဟောင်းကိုခြေမှုန်းပစ်မည်ဟု သူက စိတ်ကူးထားသည်။ စံပြကမ္ဘာသည် ပါရီ ကွန်မြူန်းပေါ်တွင် ပုံစံတူတည်ဆောက်ထား၏။ ပစ္စည်းမဲ့တော်လှန်ရေးသမားများ သည် အစိုးရအဖွဲ့သစ်ကို ဦးဆောင်မည်။ ၎င်းကို တော်လှန်ရေးကော်မတီဟုခေါ် မည်။

မော်စီတုံးက 'မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေး' သည် အရှုပ် အထွေးကသောင်းကနင်းမှသည် အကြီးအကျယ်တည်ငြိမ်မှုသို့ ဦးတည်သွားမည် ဟု ပြော၏။

သူပုန်တို့သည် ကျောင်းများကို စီးနင်း၏။ ပါတီနှင့် အစိုးရရုံးများကို စီးနင်း၏။ တပ်မတော်ဌာနချုပ်များကို ဝင်ရောက်သိမ်းပိုက်၏။

၁၉၆၇ ဇန်နဝါရီလကုန်တွင် တရုတ်ပြည်အနောက်မြောက်ပိုင်း ကိုယ် ပိုင်အုပ်ချုပ်သောဒေသဖြစ်သည့် ရှီမီဇီကို သူပုန်တပ်က ဝင်ကာ တပ်စုတစ်စုကို တိုက်ခိုက်ရာ သွေးချောင်းစီးခဲ့၏။ တရုတ်ပြည်အနောက်တောင်ဘက် ရှီချွမ်ပြည် နယ်၏မြို့တော် ချိန်ဒူးတွင် တပ်မတော်နှင့်သူပုန်တပ်တို့တိုက်ပွဲဖြစ်ကြ၏။ တစ် ဦးကို တစ်ဦးက 'တန်ပြန်တော်လှန်ရေးသမား' ဟုစွပ်စွဲကာ တိုက်ခိုက်ကြသည်။

တရုတ်ပြည်အနောက်မြောက်ဘက် ကျင်ဟိုင်းပြည်နယ်၏မြို့တော် ဇီ နင်းကို သူပုန်တို့က လက်နက်နှင့်ဝင်ရောက်တိုက်ခိုက်ရာ ပစ်ကြခတ်ကြသဖြင့် အသေအပျောက် များခဲ့ကြ၏။ ထိုသို့သောအဖြစ်အပျက်များ နေရာများစွာတွင် ဖြစ်ပွားခဲ့၏။ သို့ဖြင့် ပြည်သူအများစုက ယဉ်ကျေးမှုတော်လှန်ရေးကို စိတ်ကုန် လာကြ၏။

၁၉၆၇ ဖေဖော်ဝါရီတွင် ဒုတိယကမ္ဘာစစ်အတွင်းက ဖက်ဆစ်ကို ရဲ ရဲဝံ့ဝံ့တိုက်ခိုက်ခဲ့ကြသော တရုတ်ကွန်မြူနစ်ခေါင်းဆောင်ဟောင်းတို့က တစ် ဘက်၊ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုဝင်များက တစ်ဘက် ကွဲထွက်လာကြ၏။

ပေါ်လစ်ဗျူရိုနှင့် ဗဟိုစစ်ကော်မရှင် အစည်းအဝေးများတွင် ရဲဘော် ဟောင်းကြီးများက ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုကို ပြောင်ပြောင်တင်းတင်း ဝေဖန်လာကြ၏။ သို့သော် မော်ကမူ ဤသည်တို့ကို မသိကျိုးကျွံပြုခဲ့၏။

ဧပြီလ ၁ ရက်နေ့ထုတ် 'ပြည်သူ့နေ့စဉ်' သတင်းစာနှင့် 'အလံနီ'

www.foreverspace.com.mm

မဂ္ဂဇင်းတို့တွင် 'မျိုးချစ်ဝါဒလား သစ္စာဖောက်တာလား' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါး ပါလာ၏။ နာမည်တပ်၍မစွပ်စွဲသော်လည်း လျူရှောက်ချီနှင့် တိန့်ရှောက်ဖိန်တို့ကို ရေးထားမှန်း ထင်ရှား၏။

သူပုန်များသည် ၁၉၆၇၊ ဧပြီလ ၆ ရက်တွင် လျူရှောက်ချီ၏အိမ်တွင်းသို့ ဝင်ကာ ရှုံ့ချမှုများကို ပြုကြ၏။ အမျိုးသားပြည်သူ့ကွန်ကရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ထားသူကို ဝေဖန် ရှုံ့ချရဲကြလေခြင်း။

ထိုလ ၁၀ ရက်နေ့တွင် စင်ဟွာတက္ကသိုလ်မှ လူထုစည်းဝေးပွဲကျင်းပကာ လူသုံးသိန်းတို့က လျူရှောက်ချီ၏ဇနီး 'ဝမ်ရွှမ်မေ' ကို ရှုံ့ချပွဲ လုပ်ကြ၏။

တိန့်ရှောက်ဖိန်ကား သူ့အလှည့် ဘယ်တော့ရောက်မလဲကိုသာ စောင့်နေရ၏။

မေလ ၁ ရက်တွင် ဗဟိုကော်မတီရုံးချုပ်မှ ဌာနကြီးမှူး 'ဝမ်ဒုံမင်း' တိန့်ရှောက်ဖိန်၏ အိမ်သို့ ရောက်လာ၏။ သူက ဥက္ကဋ္ဌမော်ထံမှစာကို ပေး၏။ ဥက္ကဋ္ဌမော်က တိန့်ကို အချက်(၃)ချက် ပြော၏။

(၁) သည်းခံပါ။ စိတ် သိပ်မလှုပ်ရှားနဲ့။

(၂) လျူနှင့်တိန့် ကွဲကွဲပြားပြားရှိကြောင်း နားလည်ထားပါ။

(၃) လိုအပ်လျှင် ကျုပ်ကို တိုက်ရိုက်စာရေးပါ။

တစ်ညတွင် မော်ထံမှဖုန်း 'တိန့်' ဆီ လာ၏။ သူနှင့် ချက်ချင်းလာတွေ့ရန်။ မော်နှင့်တိန့် တွေ့သောအခါ ၁၉၃၀ ခုနှစ် တော်လှန်ရေးကာလရှေးဟောင်းနှောင်းဖြစ်များကိုပြောကြ၏။ကျောင်းများသို့ အလုပ်အဖွဲ့များလွှတ်ခြင်းမှာ မှားကြောင်း ပြော၏။ တိန့်က ဝေဖန်မှုကို ခံယူပါကြောင်း ပြန်ပြောခဲ့၏။ မော်မှာ တိန့်ကို နွေးနွေးထွေးထွေးပင် ဆက်ဆံခဲ့၏။ အကြောင်းတစ်စုံတစ်ရာ ရှိလျှင် သူ့ကိုသာ တိုက်ရိုက်ဆက်သွယ်ရန်လည်း မှာကြား၏။

နောက်ပိုင်းတွင် လျူကိုဝေဖန်တိုက်ခိုက်မှုများ ပိုလာသော်လည်း တိန့်ကို ဝေဖန်မှုများကတော့ အားလျော့လာသည်ကို တွေ့ရ၏။

၁၉၆၇ ဇူလိုင် ၁၆ ရက်နေ့တွင် တိန့်ကို ရုံးမှထုတ်ပယ်လိုက်၏။

'လင်ပြောင် ကျန်းမာရေးပိုဆိုးလာရင် ငါ တိန့်ကိုပြန်ခေါ်မယ်၊ သူဟာ

ပေါ်လစ်ဗျူရိုမှာ အလုပ်အမှုဆောင်တော့ အနည်းဆုံး ဖြစ်စေရမယ်’ဟု မော်က ပြောခဲ့၏။ မော်သည် တိန့်ကို အနာဂတ်တွင် သုံးရန် လျာထားနေဆဲပင် ရှိသေး၏။

တိန့်သည် ရုံးသွားစရာမလို၍ အိမ်မှာပဲ နေ၏။ ဘာမှလုပ်စရာလည်း မရှိ။ သူကား လောကဓံကိုမမှု။ နှစ်ဖဝလုံးလုံး သူသည် ခယောင်းလမ်းကိုဖြတ်ခဲ့ဖူးပြီ။ ထို့ကြောင့် ဤကာလများတွင် တိန့်ကို ကြည့်ရသည်မှာ ဘာတစ်ခုမှ အပြောင်းအလဲမရှိ။ မျက်နှာတစ်စက်ကလေးမျှမပျက်။ ထုံးစံအတိုင်း အေးအေးသက်သာ။ စိတ်ဓာတ်ကျပုံလည်း တစိုးတစေ့မျှ မတွေ့ရ။ မျက်နှာထားကလည်း နဂိုမူဟန်အတိုင်း ခပ်ပြုံးပြုံး။

## ။ ၆ ။

## လျူ၊ တိန့်၊ တောက် ကျဆုံးပါစေ

၁၉၆၇ လှုပ်ရှားမှုသည် တစ်နှစ်ကျော်မျှ ဆက်လက်ဖြစ်ပွားနေသည်။ ဤလှုပ်ရှားမှုသည် မော် မျှော်လင့်တာထက်ပင် ပို၍အောင်မြင်နေပုံရ၏။ အကယ်၍ ၄င်းသည်သာ သူ၏ပန်းတိုင်ဟုဆိုရလျှင် သူ့အနေဖြင့် ကျေနပ်လောက်ပေပြီ။ သို့သော် အဖြစ်အပျက်များသည် မော်မျှော်မှန်းသလို မဟုတ်တော့။ နောက်ပိုင်းတွင် သူကိုယ်တိုင်ပင် ထိန်းလို့မရတော့။ တကယ်တော့ ဤလှုပ်ရှားမှု၏အတွေးအခေါ်နှင့် ရည်ရွယ်ချက်ကိုယ်နှိုက်ကပင်လျှင် မှားယွင်းနေသောကြောင့် ဖြစ်၏။

မော်၏ စိတ်ရင်းအတိုင်းဆိုရပါမူ သူသည် လျူနှင့် တိန့်တို့ကို တခြား၊ ပိန်ဇင်း၊ လိုရှီကျင်း၊ လုတင်ယီနှင့် ယန်ရှန်ကွန်းတို့ကိုတခြား၊ သီးခြားစီ ခွဲခြားဝေဖန်လိုပုံရ၏။ ဤသည်ကို လင်ပြောင်နှင့်ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုတို့က မကျေနပ်။ သူတို့က လျူနှင့်တိန့်တို့ကို လုံးဝဥဿုံ အရိုက်အရာက ချပစ်ချင်ကြ၏။ ထို့ကြောင့် သူတို့က မော်ကိုပင် သိပ်အလေးမထားတော့ဘဲ လျူနှင့် တိန့်တို့ကို လူထုစည်းဝေးပွဲကြီးများကျင်းပကာ ရှုံ့ချပွဲကြီးများ အရှိန်အဟုန်မြှင့်ကျင်းပကြတော့၏။

လျူရှောက်ချီကို လူထုစည်းဝေးပွဲကြီးကျင်းပကာ ရှုံ့ချရန် ပြင်ဆင်သည့်အနေဖြင့် ဇူလိုင် ၁၈ ရက်တွင် ကျန်းကျင်းအုပ်စုက လျူ၏အိမ်ကို ဝင်ရှာကြသည်။ ထိုနောက် ပစ္စည်းများ ထရပ်ကားတစ်စီးစာ သိမ်းသွားကြသည်။ ‘လျူ’ ၏အိမ်ကိုရှာပြီးလျှင် ‘တိန့်’ အိမ်ကို ရှာတော့မည့်ပုံရှိ၍ ‘တိန့်’ ကလည်း ပြင်ဆင်ထား၏။ ‘တိန့်’ တို့အိမ်တွင် ဖိမ်ခံပစ္စည်း သိပ်မရှိ။ ဇနီးသည်တွင် သူ ဆိုဗီယက်

ယူနီယံရောက်နေစဉ်က ရုရှားမိတ်ဆွေများ လက်ဆောင်ပေးခဲ့သော ရေမွှေးပုလင်း သုံး လေးလုံးသာ ရှိ၏။ ထိုပုလင်းများကို တစ်ခါမှ မသုံးရသေး။ တိန့်၏သမီး သုံးယောက်က ထိုပုလင်းများကို ဖွင့်ကာ ရေချိုးခန်းထဲတွင် သွန်ပစ်လိုက်ကြ၏။ ဤသည်ပင် အမှားဖြစ်၏။ သူတို့က ရေမွှေးများကို သွန်ပစ်ကာ ပုလင်းလွတ်များ ကို ဒီအတိုင်းထားခဲ့၍ အရှာဖွေခံရလျှင် ဤမိသားစုက ဇိမ်ခံပစ္စည်းများ တစ် ချိန်လုံး သုံးစွဲနေကြသည်ဟု ထင်စရာအကြောင်းရှိ၏။ သို့သော် ကံကောင်းတာ က ရှာဖွေရေးများ လာချိန်တွင် ရေမွှေးပုလင်းလွတ်များကို မျက်စိလျှမ်းပြီးရှာ မတွေ့ကြခြင်းပင် ဖြစ်၏။

ပိန်ဇင်း၊ လျူရီကွင်း၊ ယန်ရှန်ကွန်းတို့နှင့်အတူ ရိုက်ကူးထားသောပုံ များကိုလည်း မီးရှို့ပစ်ရသည်မှာ နှမြောစရာကောင်းလှ၏။ သမိုင်းတန်ဖိုးအရ အဖိုးမဖြတ်နိုင်သောပစ္စည်းများ ဖြစ်ကြ၏။

ဇူလိုင် ၁၉ တွင် ထင်ထားသည့်အတိုင်း သူပုန်အုပ်စု 'တိန့်'၏အိမ်သို့ လာရှာကြ၏။ သူတို့ တစ်အိမ်လုံး လှန်လှောရှာကြ၏။ ဘာမှမတွေ့။ နေ့တစ်ဝက် လုံး ရှာကြသည်ပင် ဘာအထောက်အထား၊ ဘာသံသယဖြစ်စရာမှရှာမတွေ့ကြ၍ သူတို့ မကျေမနပ်ဖြစ်ကြ၏။ 'တိန့်'၏သားငယ်လေးကိုလည်း ဘာလုပ်နေ သလဲဟု မေးကြ၏။ သူက 'အနောက်သို့ခရီးသွားခြင်း' တရုတ်ဂန္ထဝင်စာအုပ် ဖတ်နေသည်ကို ပြော၍ ထွက်သွားကြ၏။ ကံကောင်းသည်မှာ သူ့အိတ်ကပ်ထဲ တွင် ဖဲထုပ်တစ်ထုပ်ရှိသည်ကို ရှာမတွေ့သွားကြခြင်း ဖြစ်၏။ (တိန့်ကို ဖဲကစား တတ်သည်ဟု ရာဇဝတ်မှုမြောက်အောင် စွပ်စွဲခဲ့ကြသည်များ ရှိရာ၊ အကယ်၍ သားထံတွင် ဖဲထုပ်သာ တွေ့သွားပါက သားအဖနှစ်ယောက်စလုံး ဖဲသမားတွေ ဟု စွဲချက်တင်လိုက်ကြမည့်ဖြစ်ခြင်း။)

ဘဏ်မှာ ငွေတွေဘာတွေ အပ်ထားသလားဟုလည်း မေး၏။ ဘဏ် အပ်စရာ တစ်ပြားမှ အပိုမရှိသည့်အပြင် ရုံးမှပင် ယွမ် ၂၀၀ ချေးထားရကြောင်း ပြောမှ ရှာဖွေရေးသမားတွေ ကျေနပ်သွားကြ၏။

အိမ်ကိုပင် ဝင်ရှာသည်ကိုထောက်လျှင် 'တိန့်'တို့ကို လုံးဝဥဿုံအရာ မှ ချလိုက်ပြီဖြစ်ကြောင်း ထင်ရှားလှပြီ။ ဇူလိုင် ၂၉တွင် တရားဝင်အမိန့်ထုတ် ကာ 'တိန့်'ကို အပြစ်ဒဏ်ချမှတ်ရန် တောင်းဆိုကြ၏။

'တိန့်'က 'မော်'ထံ တိုက်ရိုက်စာရေးလိုက်သည်။

'မေလတုန်းက ကျွန်တော်နဲ့ ဥက္ကဋ္ဌကြီး တွေ့ကြတဲ့အခါ လိုအပ်ရင် ဥက္ကဋ္ဌကြီးဆီ တိုက်ရိုက်စာရေးဖို့ ပြောခဲ့ပါတယ်၊ ဒီနေ့မနက် ဇူလိုင် ၂၉မှာ ကျွန်တော့်ကို အမှားတွေ၊ ရာဇဝတ်မှုတွေ ကျူးလွန်တယ်ဆိုပြီး ပါတီဌာနခွဲတွေနဲ့အဖွဲ့အစည်းတွေက အစည်းအဝေးတွေ ကျင်းပပြီး ရှုံ့ချပွဲတွေ လုပ်ကြတယ်၊ သူတို့က ၃ ရက်အတွင်း အပြစ်ဒဏ်ခံဖို့ ဖြောင့်ချက်ပေးပါလို့လဲ တောင်းဆိုကြတယ်၊ ပါတီရယ်၊ ဆိုရှယ်လစ်ဝါဒရယ်၊ မော်စီတုံးရယ်ကိုဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေလုပ်ခဲ့တယ်လို့ ကျွန်တော့်ကို ဝန်ခံခိုင်းတယ်၊ ကျွန်တော်တော့ မတရားအစွပ်စွဲခံနေရပြီ၊ ဥက္ကဋ္ဌကြီး သိပ်အလုပ်များနေရင် တခြားရဲဘော်တစ်ယောက်ယောက်လွှတ်ပြီး ကျွန်တော့်ကို အကျိုးအကြောင်းပြောပါဦး'

မော်ထံမှ မည်သည့်ပြန်ကြားချက်မှ မရ။

ဩဂုတ်လ၁ ရက်နေ့တွင် တိန့်၏အတွင်းရေးမှူး ဝမ်ရှီလင်နှင့် သက်တော်စောင့် ဘိုဂွန်တို့ကို ရာထူးမှရွှေ့ပြောင်းလိုက်၏။ အတွင်းရေးမှူးသစ်တစ်ယောက် ရောက်လာ၏။ သူက ရောက်ရောက်ချင်း တိန့်၏ဇနီးကို ဆင့်ခေါ်၏။

'တိန့်' ဘာတွေ လုပ်သလဲ မေးရာ ဇနီးက 'တိန့်'သည် သူ့အလုပ်အကြောင်း ဘာတစ်ခုမှ ဇနီးသည်ကိုပြန်မပြောကြောင်း ပြန်ပြောလိုက်၏။ သို့ဖြင့် တစ်ကဏ္ဍပြီးသွား၏။ ရှုံ့ချပွဲတွေကတော့ လာတော့၏။

ဩဂုတ်လ ၅ ရက်နေ့တွင် 'လျူရှောက်ချီ' 'တိန့်ရှောက်ဖိန်'နှင့် 'တောက်ဇု'တို့ကို ဝေဖန်ရှုံ့ချပွဲစည်းရုံးမှု လုပ်ကြ၏။ သူပုန်အုပ်စုသည် 'တိန့်' အိမ်ဝင်းကို ဝင်လာကြ၏။ 'တိန့်'နှင့်ဇနီးသည်ကို အိမ်ပြင်ထုတ်ကာ ဝိုင်းထားကြ၏။ ခေါင်းငုံ့ ခါးကိုင်းထားစေကာ 'သူတို့ကျဆုံးပါစေ'ဟု ညာသံပေးကာ ဝိုင်းအော်ကြ၏။ ထိုနောက် စွပ်စွဲချက်မျိုးစုံကို တစ်ယောက်တစ်မျိုး ဟစ်ကြွေးကြ၏။ မေးခွန်းမျိုးစုံ မေးကြ၏။ 'တိန့်'က ဘာမှပြန်မဖြေ။ ဖြေရှင်းချက်တချို့ပြောသော်လည်း သူ့စကားကို ဘယ်သူမှ နားမထောင်ဘဲ စူးစူးဝါးဝါးအော်ဟစ်နေကြ၏။ တိန့်အန်မင်ရင်ပြင်မှ လူထုအစည်းအဝေးပွဲကြီးက ရှုံ့ချဟစ်ကြွေးသမျှကို တိုက်ရိုက်အသံဖမ်းကာ အသံချဲ့စက်မှတစ်ဆင့် 'တိန့်'တို့ဇနီးမောင်နှံကြားရန် တမင်ဖွင့်ပေး၏။ သူတို့ အားရကျေနပ်မှ ပြန်သွားကြ၏။

www.foreverspace.com.mm



'လျှို'နှင့် 'တောက်'ကို ဝေဖန်မှုကား ပိုဆိုး၏။ တချို့က 'လျှို'ကို ရိုက်မောင်းပုတ်မောင်းပင် လုပ်ခဲ့ကြသည်ဆို၏။

ထိုနေ့မှစ၍ 'တိန့်'တို့မိသားစုသည် အကျယ်ချုပ်ခံခဲ့ကြရ၏။ ဘယ်ကိုမှ သွားခွင့်မရှိတော့။ သားသမီးများကိုပင် တခြားနေရာခေါ်သွားကြ၏။ မိဘနှင့် သားသမီးများပင် ရှင်ကွဲ ကွဲကြရလေပြီ။



॥ ၇ ॥

## တိန့်ရှောက်ဖိန် အမှုစစ်အဖွဲ့

မေလ ၁၆ ရက်နေ့တွင် 'တိန့်ရှောက်ဖိန်အမှု'ကို စစ်ဆေးရန်အတွက် ပြည်သူ့ခန်းမတွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ 'ဟွမ်ယောင်ရှိန်'နှင့် 'ဂူဖက်ရှန်'တို့ကက ကြားနာမှုတွင် လူကြီးများအဖြစ် ဆောင်ရွက်၏။ အဓိကစွဲချက်တင်သူကား 'ကန်ရှိန်'။

သူ၏စွဲချက်များက တသီတတန်းကြီး။

'တိန့်ရှောက်ဖိန်သည် သတ္တမမြောက်တပ်နီတော် တိုက်ပွဲဖြစ်ချိန်တွင် ထွက်ပြေးခဲ့သည်။ ဝမ်မင်းကို ဆန့်ကျင်ရေးတွင် အားလျော့၏။ ဖိန်ဒိန်ဟွီနှင့် ဆက်ဆံရေးကောင်းခဲ့သည်။ ထိုက်ဟန်တောင်တန်းတွင် ဝမ်မင်းလိုင်းကို ဝင်ခဲ့၏။ ၁၉၆၂ တွင် မော်စကို၌ သုံးခုညီညွတ်၊ တစ်ခုလျှော့ပေါ်လစီကို မြှင့်တင်ခဲ့၏။ ခြုံ၍ဆိုရလျှင် တိန့်သည် ဝမ်မင်းလိုင်းကိုအားဖြည့်သူဖြစ်၏။ လက်မြောက်အရှုံးပေးသူ၊ သစ္စာဖောက်သူဖြစ်၏။ တပ်မတော်ကိုသွေးခွဲစည်းရုံးပြီး ပါတီကို ဆန့်ကျင်သူ ဖြစ်၏။'

ကန်ရှိန်၏စွပ်စွဲချက်များသည် ကျယ်ပြန့်သဖြင့် တိန့်ရှောက်ဖိန်အမှုစစ်အဖွဲ့ကိုပင် အဖွဲ့ဝင် ၉ ဦးအထိ တိုးချဲ့ဖွဲ့စည်းလိုက်ရ၏။

'တိန့်'ကား သူ့အမှုစစ်အဖွဲ့အကြောင်း မသိရ။ ထို့ကြောင့် မေလ၂၁ ရက်တွင် သူက 'ဝမ်ဒုံမင်း'ထံ စာရေး၏။ ဥက္ကဋ္ဌမော်ကိုသော်လည်းကောင်း၊ ဝမ်ကိုသော်လည်းကောင်း တွေ့ပါရစေဟု။ ဝမ်က မော်ကို စာပေးလိုက်သည်။ မော်က ထိုစာကို မေလ ၂၃ ရက်နေ့တွင် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုအစည်း

www.foreverspace.com.mm



အဝေးတွင် ဖတ်ခိုင်းလိုက်၏။ 'တိန့်'ကို တွေ့သင့်မတွေ့သင့် ဆွေးနွေးဆုံးဖြတ်ကြပါဟု သူက ဆို၏။

'တိန့်ရှောက်ဖိန်'ကို ရာထူးမှ ချပြီး ဖြစ်၏။ သို့စဉ်လျက် မော်သည် 'တိန့်'ကိုတွေ့ရန် ကြိုးစားမှုပြုခဲ့သေး၏။ ဤသည်မှာ တစ်စုံတစ်ရာသောအတိုင်းအတာအထိ မော်သည် တိန့်အပေါ် သံယောဇဉ်ရှိနေခြင်းကိုပြနေခြင်းပင် ဖြစ်၏။ သူသည် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုကိုကား မလွှန်ဆန်နိုင်တော့။ သူတင်ခဲ့သောစစ်ကဲကို သူပြန်ချုပ်မရတော့။ ဤအနေအထားကို လင်ပြောင်နှင့် ကျန်းကျင်းတို့က မကျေနပ်ကြ။ သူတို့က ဥက္ကဋ္ဌမော်ကို တိန့်နှင့် မတွေ့ရန် အဆုံးအဖြတ်ပေးကြ၏။

'တိန့်'ကို စွဲချက်တင်မှုမှနေ၍ ပြစ်ဒဏ်ကျစေရန် သူတို့ အထောက်အထားမျိုးစုံ ရှာကြ၏။ တချို့မှာ ပါးစပ်ပြောစကား၊ ပါးစပ်ရာဇဝင်များထက် မပို။ ခိုင်လုံသောသက်သေပြချက် မည်သို့မှရှာမရကြ။ သို့ဖြင့် တစ်နည်းတစ်ဖုံ ကြံစည်ကြပြန်၏။

တိန့်ကို သူ့ကိုယ်ရေးရာဇဝင် သူ ပြန်ရေးခိုင်း၏။ ၈ နှစ်သားမှစ၍ လက်ရှိကာလအထိ အသေးစိတ်ရေးပြရန်။ သူ့ဘဝတွင် ပေါင်းသင်းဆက်ဆံသူ ဟူသမျှအကြောင်း။ ပြောဆိုဆက်ဆံမှုဟူသမျှ အတိအကျတင်ပြရန်။ ဇူလိုင်လဆန်းပိုင်းတွင် အပြီးရေးပေးရန်။

တိန့်ရှောက်ဖိန်သည် သူ့ကို အမှုစစ်ဆေးရန် စီစဉ်နေသည်ကို လုံးဝမသိ။ ဤသည်မှာ ဗဟိုကော်မတီက သူ့ကို လျှောက်လဲချက်ပေးရန်တောင်းခံနေသည်ဟုပင် သူကထင်၏။ ထို့ကြောင့် မတုံ့မဆိုင်းဘဲ ကလောင်ကိုင်ကာရေးတော့၏။

ယခု သူ အကျယ်ချုပ်ကျခံနေရသည်မှာ ဖလကျော်ပြီ။ သူ့မှာ အချိန်တွေ အများကြီးရပြီး သူ့ဘဝကို သူသုံးသပ်နိုင်နေ၏။ သူသည် အသက်၁၈နှစ်သားမှ စ၍ တော်လှန်ရေးထဲသို့ ဝင်ခဲ့သည်။ ယခု တော်လှန်ရေးသက်တမ်းပင် ၄၆နှစ် ကျော်ခဲ့ပြီ။

တိုင်းပြည်မလွတ်မြောက်မီကာလအထိ သူသည် စစ်ဆင်ရေးမျိုးစုံတွင် ပါဝင်ဆင်နွှဲခဲ့သည်။ လွတ်မြောက်ပြီးကာလတွင် သူသည် ရာထူးကြီးကြီးရခဲ့ကာ

ပေးအပ်သမျှတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်ခဲ့၏။ အလုပ်များလွန်း သဖြင့် အတိတ်ကာလကိုပြန်ပြောင်းစဉ်းစားဖို့ အချိန်ပင် မရခဲ့။ ယခုတော့ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ ရေးခွင့်ကြုံလေပြီ။ မည်သူက ဘာကြောင့်ရေးခိုင်းသည် ဖြစ်စေ သူ့အတွက် ကိစ္စမရှိ။ သူ ရေးဖို့ဆုံးဖြတ်လိုက်၏။ ၁၉၆၈၊ ဇွန်လ ၂၀ ရက်တွင် သူ စရေး၏။ ၁၅ ရက်တွင် အပြီးသတ်နိုင်ခဲ့၏။ စာလုံးပေါင်း ၂၆၁,၅၀၀ ပါ၏။ 'မိမိကိုယ်မိမိ တန်ဖိုးဖြတ်ခြင်း' ဟု ခေါင်းစဉ်တပ်လိုက်၏။

သူမွေးဖွားပုံ၊ သူ့မိသားစု၊ ငယ်စဉ်ကာလ ကျောင်းသားဘဝ၊ ချုံကျင်းတွင် ကျောင်းနေခဲ့ပုံ၊ အလုပ်လည်း လုပ်၊ ပညာလည်းသင်အစီအစဉ်ဖြင့် ပြင်သစ်သို့သွားခဲ့ပုံ၊ သမုဒ္ဒရာကိုဖြတ် ခရီးစဉ်၊ ပြင်သစ်တွင် အလုပ်ကြိုးစား ပညာဆည်းပူးခဲ့၊ ထိုနေရာမှာပင် တော်လှန်ရေးနှင့် စတင်မိတ်ဆက်၊ သူတွေ့ခဲ့သော တော်လှန်ရေးရဲဘော်များ၊ တော်လှန်ရေးအစတွင် ကွန်မြူနစ်မြေအောက်တော်လှန်ရေးသမားအဖြစ် ရှန်ဟဲတွင် နေထိုင်ခဲ့ရသော ခရီးကြမ်း၊ သတ္တမနှင့် အဋ္ဌမတပ်နီတော်အတွင်းမှတိုက်ပွဲများ၊ ရှုံးနိမ့်မှု အောင်မြင်မှုတွေ၊ ကျန်ဇီရှိ ဗဟိုဆိုဗီယက်နယ်မြေ အတက်အကျများ၊ ခရီးရှည်ချီတက်ပွဲ၊ ဂျပန်နှင့် တော်လှန်စစ်များ၊ ၁၂၉ တပ်မရှိ သူ့ရဲဘော်တွေအကြောင်း၊ ဒါဘေတောင်တန်းနှင့် ဟွီပဲရှိ လှုပ်ရှားမှုများ၊ အနောက်တောင်ဘက်လွတ်မြောက်မှု၊ တရုတ်ပြည်သစ်တည်ဆောက်ရေး ၁၇နှစ်တာကာလ ကြိုးပမ်းမှုများ၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဘဝ ၁၀နှစ်တာကာလ····။

အဆုံးသတ်တွင် သူက ဤသို့ ရေးထား၏။

'ကျွန်တော့်ရဲ့ အကြီးမားဆုံး မျှော်လင့်ချက်က ကျွန်တော့်ကို ပါတီရဲ့ သာမန်အဖွဲ့ဝင်အဖြစ် ဆက်လက်ထမ်းဆောင်ခွင့်ပြုဖို့ပါပဲ၊ ကျွန်တော် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ဘယ်နေရာမှာမဆို ထမ်းဆောင်ပါမယ်'

တိန့်ရှောက်ဖိန် ကိုယ်ရေးရာဇဝင်ရေးနေစဉ် သူ့ကို စွဲချက်တင်မည့်သူများကလည်း မနားကြ။ သူတို့က တိန့်ရှောက်ဖိန်၏အထွေထွေရာဇဝတ်မှုများကို စတင် မှုကြမ်းရေးနေကြ၏။ လင်ပြောင်နှင့် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုသည် တိန့်ရှောက်ဖိန်ကို အပြီးသတ်ချေမှုန်းရန် အားသွန်ခွန်စိုက်ကြိုးစားနေကြ

၏။ 'တိန့်'ကို အပြစ်ရှာရသည်မှာ ပြောသလောက် မလွယ်ပါ။ 'တိန့်'သည် ရန်သူ၏အဖမ်း တစ်ခါမှမခံခဲ့ရ။ (အဖမ်းခံခဲ့ရလျှင် ရန်သူ၏ပဋိမံသူလျှိုဟုစွပ်စွဲ၍ရ၏။) 'တိန့်'သည် တိုက်ပွဲတွင် တစ်ခါမှ ဒဏ်ရာမရခဲ့။ (ဒဏ်ရာရခဲ့လျှင် စိတ်မူမမှန်ဟုစွဲချက်တင်၍ရနိုင်သေးသည်။) ထိုအခါ သက်သေပြစရာ အပြစ်မရှိ၍ 'လံကြုတ်'ဇာတ်လမ်းတွေ ဆင်ရတော့၏။ သို့ဖြင့် တစ်လခွဲအကြာ ဦးနှောက်အခြောက်ခံကြရင်းဖြင့် တိန့်ရှောက်ဖိန်အမှုကို ဆင်ကြ၏။

ဇူလိုင် ၂၅ ရက်တွင် ပြည်သူ့ခန်းမ၏အရှေ့ခြမ်းတွင် အမှုစစ်အဖွဲ့က စည်းဝေးကြကာ မည်သို့စွဲချက်တင်ရမည်ကို ညှိနှိုင်းကြ၏။

ကန်ရှိန်က 'အထောက်အထားတွေတော့ စုပြီးပါပြီ၊ ဒါပေမယ့် သိပ်မခိုင်လုံလို့ ဘယ်လိုအသုံးချရမှန်းတောင် မသိတော့ဘူး'ဟု ပြောခဲ့၏။

'ဂူဖက်ရှန်'ကမူ 'တိန့်ကို ကွန်မြူနစ်ပါတီထဲ ဝင်အောင် စည်းရုံးခဲ့သူတွေကို စစ်မေးမှ ဖြစ်မယ်၊ ခုတော့ အဲဒီလူအားလုံး သေကုန်ကြလို့ ဒီလိုလုပ်လို့ မရတော့ဘူး'ဟု ပြောပြန်သည်။

သို့သော် သူတို့အုပ်စုသည် ညလုံးပေါက် တိုင်ပင်ကြကာ နောက်နေ့နံနက်တွင် မူကြမ်းရေးဆွဲပြီးခဲ့ကြ၏။

'ပါတီတွင်းမှ အရေးအကြီးဆုံးပုဂ္ဂိုလ်ကြီးနောက်တစ်ဦး၏ ခနရှင်လမ်းကြောင်းလိုက်မှု အဓိကရာဇဝတ်မှုကြီးများ'ဟု ခေါင်းစဉ်တပ်ကာ အပိုင်း(၇)ပိုင်း၊ စကားလုံး ၁၅,၀၀၀ ပါသော စွဲချက်။

'ဒီမူကြမ်းကို ဥက္ကဋ္ဌရယ်၊ ဒုဥက္ကဋ္ဌလင်ပြောင်ရယ်၊ ဗဟိုကော်မတီရယ်၊ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုရယ်ကို အမြန်ဆုံးပို့ကြ၊ ကော်ပီ၅၂ကော်ပီ ချက်ချင်းကူး'ဟု ကန်ရှိန်က အမိန့်ပေး၏။

သူတို့၏စွဲချက်တွင် ဘာတစ်ခုမှ ခိုင်ခိုင်လုံလုံအထောက်အထားမပြနိုင်။ သတ္တမတပ်နီတော်တွင် အုပ်ချုပ်ရေးအားနည်းမှုကိုသာ နှစ်၄၀တော်လှန်ရေးခရီးတစ်လျှောက်လုံးတွင် တစ်ချက်ကလေး ထောက်ပြ၍ရ၏။ ထို့ကြောင့် ထိုအားနည်းချက်ကိုပင် ပုံကြီးချဲ့ရန် ထပ်ကြံစည်ကြ၏။ 'တိန့်'အား ကိုယ်တိုင် သတ္တမတပ်နီတော်ကိစ္စကို ရေးခိုင်း၏။ တိန့်ကလည်း ချက်ချင်းပင် ဖြစ်ရပ်မှန်ကိုရေးပေး၏။ သူသည် ဗဟိုကော်မတီသို့ အစီရင်ခံရန် ထိုစဉ်က ရှန်ဟဲသို့ နှစ်ခေါက်သွား

ခဲ့ပုံ၊ ဖြစ်ရပ်မှန်များကို အတိအကျ တင်ပြ၏။ သို့ဖြင့် စွဲချက်တင်ရန် အထောက်အထားဟူ၍ ကောက်ရိုးတစ်မျှင်ပင် အားကိုးစရာမရှိတော့။

တိန့်အမှုစစ်အဖွဲ့သည် ထိုနေ့က 'ချူအင်လိုင်း' ထံ အစီရင်ခံစာတင်ပြီး လမ်းညွှန်ချက်တောင်း၏။ တိန့်ရှောက်ဖိန်နှင့်ပတ်သက်၍ အတိတ်က အမှတ်ရစရာဖြစ်ရပ်များကိုလည်း မေး၏။ ချူအင်လိုင်းကမူ အစီရင်ခံစာပါ အချက်များသည် ယုတ္တိမတန်၊ ယုံလောက်ဘွယ်မရှိဟု ထင်၏။ ထို့ကြောင့် သူက မည်သည့်မှတ်ချက်မှမပေးဘဲ ရေငုံနှုတ်ပိတ်နေခဲ့၏။

တိန့်အမှုစစ်အဖွဲ့ကား လက်မလျှော့သေး။ တိန့်ကို အပြစ်ပုံချစရာများကို လိုက်ရှာ၏။ သို့သော် ရှာလေ ဝေးလေ၊ ဘာမှမတွေ့ရပေ။

'တိန့်' ၏ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းကြည့်လျှင်....

www.foreverspace.com.mm

## ။ ၁ ။

## တိန့်ရှောက်ဖိန်၏ဘဝနိဒါန်း

တရုတ်ပြည် ဆင်းရဲတွင်းနစ်နေစဉ်ကာလ၊ ဒေါက်တာဆွန်ယက်ဆင် ခေါင်းဆောင်မှုအချိန်အတွင်းတွင် 'တိန့်ရှောက်ဖိန်' ကို မွေးခဲ့သည်။ တိန့်၏ဇာတိ ချက်ကြွေ မွေးရပ်မြေကား ရှီချွမ်ပြည်နယ်၊ ဂွမ်ဂန်ဒေသ၊ ဇီဇင်မြို့နယ်၊ ပိုက်ဖုန်ရွာ ဖြစ်၏။ တိန့်ရှောက်ဖိန်၏ငယ်နာမည်သည် 'တိန့်ဇီဇင်' ဖြစ်၏။ ဘိုးဘွား စဉ်ဆက် မျိုးဆက်သုံးဆက် နေခဲ့သော အုတ်ကြွပ်မိုး တစ်ထပ်အိမ်လေးထဲတွင်ပင် သူ့ကို မွေးခဲ့သည်။ မွေးသက္ကရာဇ်မှာ ၂၂-၈-၁၉၀၄။ သူ့ဖခင် 'တိန့်ဝမ်မင်း' မှာ ချိန်ဒူးဥပဒေနှင့်နိုင်ငံရေးသိပ္ပံသို့ တက်ဖူး၏။ သို့သော် ကျောင်းကား မပြီးခဲ့။ တိန့်ရှောက်ဖိန်သည် အကြီးဆုံးသားဖြစ်ပြီး အစ်မတစ်ယောက်၊ ညီသုံးယောက်၊ ညီမ နှစ်ယောက် ရှိသည်။ 'တိန့်' ငယ်ငယ်ကပင် သူ့ဖခင် ဆုံးခဲ့၏။

သူ ငါးနှစ်သားတွင် ရှေးဟောင်းပုံစံ ကိုယ်ပိုင်မူကြိုကျောင်း တက်ခဲ့၏။ ခုနစ်နှစ်သားတွင် ခေတ်မီမူလတန်းကျောင်း တက်ခဲ့ကာ၊ ထိုမှတစ်ဆင့် အလယ်တန်းကျောင်းကို ဇာတိမြေမှာပင် တက်ခဲ့သည်။ ၁၉၁၉တွင် ချုံကျင်းမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ 'ဝုယေဇန်' ၏တိုက်တွန်းမှုဖြင့် ပြင်သစ်ပြည်တွင် အလုပ်လုပ်ရင်း ပညာသင် ဝင်ခွင့်စာမေးပွဲကို ဖြေခဲ့၏။ စာမေးပွဲအောင်၍ သင်တန်းတက်ခွင့်ရခဲ့၏။

'တိန့်'သည် ငယ်စဉ်ကပင် မျိုးချစ်စိတ်ဓာတ်အခံရှိခဲ့၏။ ၁၉၁၉ မေ ၄ - လှုပ်ရှားမှုနောက်ပိုင်းတွင် သူသည် ဂျပန်ပစ္စည်းများကိုသပိတ်မှောက်သော တိုက်ပွဲတွင် ပါဝင်ခဲ့၏။ "နိုင်ငံကို စက်မှုလုပ်ငန်းထူထောင်ပြီး ကယ်တင်ကြ" ဟူ

သော ဆောင်ပုဒ်ကိုလည်း အသည်းစွဲခဲ့၏။ ပြင်သစ်နိုင်ငံသွားပြီး စက်မှုပညာသင်ကာ နိုင်ငံ၏အကျိုးအတွက် ကြိုးစားမည်ဟုလည်း သန္နိဋ္ဌာန်ချခဲ့၏။

၁၉၂၀ နွေရာသီတွင် သူနှင့် ကျောင်းနေဘက် (၈၀)တို့သည် ပြင်သစ်သို့ထွက်ခွာလာကြကာ အောက်တိုဘာတွင် မာဆေးလ်မြို့သို့ရောက်၏။ ကျောင်းသားအားလုံးထဲတွင် 'တိန့်'သည် အငယ်ဆုံးဖြစ်၏။ သူ့အသက်မှာ ၁၆နှစ်ပြည့်ကာစပင် ရှိသေး၏။

ပြင်သစ်ရောက်ပြီး ၂လခန့်အကြာအထိ ပြင်သစ်အလယ်ပိုင်းတွင် ကြံ့ရာကျပန်းအလုပ်တွေ လုပ်ခဲ့ရ၏။ နောက်မှ 'ရေးနော'မော်တော်ကားစက်ရုံတွင် အလုပ်ရ၏။ ပျော်ပွဲစားရုံများတွင် မီးဖိုချောင်အကူအဖြစ်လည်းကောင်း၊ မီးရထားတွဲတွင် မီးသတ်သမားအဖြစ်လည်းကောင်း အလုပ်မျိုးစုံလုပ်ဖူးသည်။ ဤမျှ နဖူးက ချွေး ခြေမ ကျအောင် လုပ်ခဲ့သော်လည်း မဝရေစာပင် စားရ၏။အားလပ်ချိန်တွင် အလယ်တန်းကျောင်းလည်း တက်ရသေး၏။

အချိန်မှာ ပထမကမ္ဘာစစ်ပြီးကာစဖြစ်သဖြင့် ဥရောပနိုင်ငံများမှာလည်း စီးပွားရေး နာလန်မထနိုင်သေး။ ပြင်သစ်နိုင်ငံတွင် အလုပ်ရှာရ အလွန်ခက်၏။ အလုပ်ရလျှင်လည်း ပြင်သစ်လူမျိုးရသည့် လခထက် တစ်ဝက်မျှသာ တရုတ်အလုပ်သမားများက ရကြသည်။ 'တိန့်'၏မိဘများကလည်း ငွေမပို့နိုင်သဖြင့် သူ့ဘာသာသူပင် မနည်းရုန်းကန်ခဲ့ရသည်။ သို့သော် ရုရှားတွင် အောက်တိုဘာတော်လှန်ရေးဖြစ်ပွားသောအခါ ပြင်သစ်အလုပ်သမားလှုပ်ရှားမှုလည်း အရှိန်တက်လာ၏။ မာ့က်(စ်)ဝါဒကို နှစ်သက်သူလည်း များလာ၏။ တိုးတက်သောတရုတ်ကျောင်းသားအများစုသည် မာ့က်(စ်)ဝါဒကို လေ့လာသူ များ၏။ 'ကျောက်ရှီယန်'၊ 'ချူအင်လိုင်း'တို့ကဲ့သို့သော ကျောင်းသားကြီးများ၏တိုက်တွန်းမှုဖြင့် 'တိန့်'သည်လည်း မာ့က်(စ်)ဝါဒကို လေ့လာခဲ့၏။ ၁၉၂၂တွင် သူသည် ဥရောပရှိ ကွန်မြူနစ်တရုတ်လူငယ်ပါတီသို့ ဝင်၏။ (နောင်တွင် ဥရောပတရုတ်လူငယ်ဆိုရှယ်လစ်အဖွဲ့ချုပ်ဟု အမည်ပြောင်း၏။) ၁၉၂၄ ခု ဒုတိယနှစ်ဝက်လောက်တွင် သူသည် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်၏။ သို့ဖြင့် သူသည် ဥရောပတွင် လူငယ်အဖွဲ့ချုပ်၏ခေါင်းဆောင်ပိုင်းနေရာ ရလာ၏။ 'လိုင်ယွန်း'မြို့တွင် အလုပ်လုပ်စဉ် ပါတီအဖွဲ့အစည်းက သူ့ကို 'လိုင်ယွန်းဒေသပါတီဌာနခွဲ'၏အထူးကိုယ်

www.foreverspace.com.mm

စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုဒေသတွင် သူသည် ပါတီနှင့်အဖွဲ့ချုပ်ကို ဦးဆောင်ကာ တရုတ်အလုပ်သမားလှုပ်ရှားမှုကိုလည်း ဦးဆောင်နိုင်ခဲ့၏။

ပြင်သစ်တွင် ၅နှစ်တာ နေထိုင်စဉ် (အသက် ၁၆နှစ်မှ၂၁နှစ်) တိန့်သည် မျိုးချစ်လူငယ်မှ မာ့က်ဝါဒီသို့ ကူးပြောင်းခဲ့၏။ ဤသည်မှာ သူ၏တော်လှန်ရေးလှုပ်ရှားမှုအစပင် ဖြစ်၏။ ဥရောပရှိ တရုတ်ဆိုရှယ်လစ်လူငယ်အဖွဲ့ချုပ်သည် "အလင်းနီ"ဟူသော မဂ္ဂဇင်းကို ထုတ်ဝေကာ ပြင်သစ်၊ ဘယ်လ်ဂျီယမ်၊ ဂျာမနီရှိ တရုတ်ရဲဘော်များကို သဘောတရားများ ဖြန့်ချိခဲ့၏။ "တိန့်"သည် ဂျာနယ်အတွက် ဆောင်းပါးရေး၊ တွဲဘက်တည်းဖြတ်သူဖြစ်ခဲ့သည့်ပြင် ဖယောင်းစာရွက်ရေးရာတွင်ပါ အောက်ခြေသိမ်းလုပ်ခဲ့၏။

ထိုအချိန်တွင် ဥရောပရှိ တရုတ်ကွန်မြူနစ်ပါတီနှင့် လူငယ်အဖွဲ့ချုပ်အဖွဲ့ဝင်များသည် ဆိုဗီယက်ယူနီယံသို့ သွား၍ ပညာသင်နေကြ၏။ ၁၉၂၆တွင် "တိန့်"သည် ပြင်သစ်မှ မော်စကိုသို့ ထွက်ခဲ့၏။ သူသည် ဆွန်ယက်ဆင်တက္ကသိုလ်သို့ တက်ခဲ့၏။ တော်လှန်ရေးလုပ်မည့်သူများကို သင်ပေးသော ကျောင်း ဖြစ်၏။ ထိုအချိန်၌ တရုတ်ပြည်တွင် ကူမင်တန်နှင့် ကွန်မြူနစ်ပါတီတို့ ညီညွတ် ရေးတပ်ဦး ဖွဲ့ထားကြ၏။ ထိုကျောင်းတွင် "တိန့်"သည် တစ်နှစ် တက်ခဲ့၏။ မာ့က်စ်လီနင်ဝါဒအခြေခံသဘောတရားများကို သင်ယူခဲ့၏။ ထိုအချိန်တွင် "ဖုန်ယွေကျန့်"(တရုတ်ပြည်အနောက်မြောက်အမျိုးသားတပ်ဖွဲ့မှူး)သည် ဆိုဗီယက်ယူနီယံသို့ ရောက်လာသည်။ သူက သူ့တပ်တွင် တရုတ်ရဲဘော်များကို စုစည်းရန် ရောက်ရှိလာခြင်း ဖြစ်၏။ ထိုအထဲတွင် "တိန့်"လည်း ပါလာ၏။ မွန်ဂိုလီးယားသဲကန္တာရကိုဖြတ်ကာ ၁၉၂၇တွင် မိခင်မြေသို့ ပြန်ရောက်လာ၏။

"တိန့်"သည် နိုင်ငံခြားတွင် ၆နှစ်နေခဲ့၏။ တရုတ်ပြည်က ထွက်လာစဉ်က ယောင်နနအူတူတူငနဲလေးသည် ယခုပြည်တော်ပြန်တွင် ရင့်ကျက်လာသောတော်လှန်ရေးသမားကလေးဘဝသို့ပြောင်းလာပြီ။ မာ့က်စ်လီနင်ဝါဒကို အခြေခံနားလည်သဘောပေါက်သော တော်လှန်ရေးသမားတစ်ဦး ဖြစ်လာပြီ။

"တိန့်" တရုတ်ပြည်ပြန်ရောက်ချိန်တွင် ကူမင်တန်နှင့် ကွန်မြူနစ်ပါတီတို့၏ အကွဲအပြဲက စပြီ။ နိုင်ငံရေးအခြေအနေကား မတည်ငြိမ်တော့။ ၁၉၂၇ခုမတ်လတွင် ပါတီက သူ့ကို "ဇီယန်"သို့ လွှတ်ကာ ဆွန်ယက်ဆင် စစ်ရေးနှင့်

နိုင်ငံရေးသိပ္ပံသို့ ပို့၏။ 'တိန့်'သည် နိုင်ငံရေးဌာနခွဲ၏တာဝန်ခံအဖြစ် ထမ်းဆောင်ရ၏။ ရှန်ဇီမြောက်ပိုင်းတပ်နီတော်၏အနာဂတ်ဗိုလ်ချုပ်တချို့သည် ဤသိပ္ပံမှဆင်းသူများ ဖြစ်ကြ၏။

၁၉၂၇ ဧပြီတွင် တရုတ်နိုင်ငံရေးအခြေအနေသည် ရုတ်တရက်ပြောင်းလာ၏။ 'တိန့်ရှောက်ဖိန်'သည် 'ဇီယန်'မှ 'ဟန်ကို'သို့ ပြောင်းလာရ၏။ ထိုနေရာသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဌာနချုပ် တည်ရာအရပ် ဖြစ်၏။ 'ဟန်ကို'တွင် သူသည် ဗဟိုကော်မတီအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ရ၏။ ထိုအချိန်ကျမှ သူသည် 'တိန့်ဇီဇင်'မှ 'တိန့်ရှောက်ဖိန်' ဟူ၍ အမည်ပြောင်းခဲ့သည်။ ဩဂုတ်လ ၇ ရက်တွင် ဗဟိုကော်မတီ၏အရေးပေါ်အစည်းအဝေးကျင်းပသည်။ ဗဟိုကော်မတီသည် ရှန်ဟဲသို့ လျှို့ဝှက်စွာ ပြောင်းခဲ့၏။ ၂၃နှစ်သား 'တိန့်'သည် ဗဟိုကော်မတီ၏အတွင်းရေးမှူး ဖြစ်လာသည်။ ၁၉၂၈ ဇွန်လတွင် ပါတီ၏ဆဌမကွန်ဂရက်ကို မော်စကိုတွင် ကျင်းပသည်။ 'လိဝေဟန်'နှင့် 'ရင်ဘီရှီ'တို့ကို ကူညီရန် သူသည် တရုတ်ပြည်တွင် နေခဲ့၏။

ကွန်မြူနစ်ပါတီသည် ဖောက်ပြန်သောကူမင်တန်အုပ်ချုပ်ရေးကို တွန်းလှန်ရန် လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲရပြီ။ ပြည်တွင်းရှိ တပ်နီတော်သည် လူတစ်သန်းအထိ စည်းရုံး၍ရခဲ့၏။ ဤသည်မှာ သတ္တမမြောက်နှင့် အဋ္ဌမမြောက်တပ်နီတော်များ၏အစပင်တည်း။ ရှေ့တန်းကော်မတီသည် တပ်များကို ကျန်ဇီပြည်နယ်သို့ ရွှေ့ပြောင်းကာ ဗဟိုတော်လှန်ရေးအခြေစိုက်နယ်မြေကို တည်ထောင်ခဲ့သည်။ ၁၉၃၁ ဖေဖော်ဝါရီတွင် ရှေ့တန်းကော်မတီက 'တိန့်'ကို ရှန်ဟဲသို့စေလွှတ်ကာ ဗဟိုကော်မတီကို အစီရင်ခံစေ၏။ ရှန်ဟဲတွင် သူသည် သတ္တမမြောက်တပ်မတော်၏ အခြေအနေအသေးစိတ်ကို အစီရင်ခံစာ ရေးခဲ့၏။ 'တိန့်'သည် သတ္တမနှင့် အဋ္ဌမတပ်နီတော်တို့၏နိုင်ငံရေးတာဝန်ခံ ဖြစ်သည်။

၁၉၃၄ အောက်တိုဘာတွင် ဗဟိုတပ်နီတော်က ခရီးရှည်ချီတက်ပွဲစတင်ဆင်နွှဲ၏။ တိန့်ရှောက်ဖိန်သည် ဗဟိုကော်မတီအတွင်းရေးမှူးတာဝန်ကို ဒုတိယအကြိမ်ယူကာ 'ဇွန်ယိ'အစည်းအဝေးသို့ တက်ခဲ့၏။ တပ်နီတော်၏ ပထမနှင့် စတုတ္ထတပ်မများ ပူးပေါင်းပြီးနောက်တွင် သူသည် ဝါဒဖြန့်ချိရေးဌာန၏အကြီးအကဲဖြစ်လာသည်။

www.foreverspace.com.mm



၁၉၃၇တွင် ဂျပန်နယ်ချဲ့တို့က တရုတ်ပြည်ကို ထိုးစစ်ဆင်၏။ 'တိန့်' သည် နိုင်ငံရေးတာဝန်ခံအဖြစ် ဆက်လက်တာဝန်ယူကာ တော်လှန်စစ်တွင် ပါဝင်ခဲ့သည်။

၁၉၄၀ ဩဂုတ်လမှစ၍ 'တိန့်'၏လက်အောက်ရှိ တပ်ဖွဲ့ ၃၈ဖွဲ့သည် တိုက်ပွဲ ၅၂၉ပွဲကို ဆင်နွှဲခဲ့ရ၏။

'တိန့်'သည် သဘောတရားအရ လည်းကောင်း၊ လက်တွေ့အရ လည်းကောင်း ဆောင်းပါးများစွာ၊ မိန့်ခွန်းများစွာ ရေးခဲ့၏။ ဗဟိုကော်မတီမြောက်ပိုင်း ဗျူရို၏ပါတီသင်တန်းကျောင်းတွင် 'တိန့်' ပြောခဲ့သောမိန့်ခွန်းကို မော်စီတုံးကိုယ်တိုင်ပင် အလွန်သဘောကျ ချီးကျူးခဲ့သည်။ ဤမိန့်ခွန်းတွင် မော်စီတုံးအတွေးအခေါ်နှင့် မာ့က်စ်လီနင်ဝါဒအခြေခံများကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်ခဲ့၍ဖြစ်၏။

ဂျပန်ဆန့်ကျင်ရေးကာလတွင် 'တိန့်' သည် 'ယန်အန်း' သို့ သုံးကြိမ်ခေတ္တပြန်ခဲ့သည်။ ၁၉၃၈ စက်တင်ဘာတွင် ဆဋ္ဌမဗဟိုကော်မတီအစည်းအဝေးကို တက်ရန်၊ ၁၉၃၉ ဇူလိုင်တွင် ဗဟိုကော်မတီပေါ်လစ်ဗျူရိုအစည်းအဝေးတက်ရန်(တော်လှန်ရေးရဲဘော်မ ချိုလင်းနှင့်လက်ထပ်ရန်လည်း ပါ၏)၊ ၁၉၄၅ ဇွန်လတွင် ဗဟိုကော်မတီသတ္တမအစည်းအဝေးကိုတက်ရန်တို့ ဖြစ်၏။

၁၉၄၅ ဩဂုတ်လတွင် ဂျပန်တို့လက်နက်ချ၏။ မော်စီတုံး၏အုပ်ချုပ်မှုအောက်တွင် တပ်မတော်နှင့်ပြည်သူများသည် တော်လှန်ရေးကို ဆက်ဆင်နွှဲကြ၏။ ဤတော်လှန်ရေးကား 'လွတ်မြောက်မှုတော်လှန်ရေး'။ တရုတ်ပြည်၏ဒီမိုကရက်တစ်တော်လှန်ရေးသမိုင်းတွင် အဆုံးအဖြတ်ပေးမည့် အရေးကြီးသောစစ်ပွဲ။

၁၉၄၅ စက်တင်ဘာတွင် 'လျူဘိုချောင်း' နှင့် 'တိန့်ရှောက်ဖိန်' တို့သည် နာမည်ကျော် 'ရှန်ဒန်' စစ်ပွဲကို ညွှန်ကြားတိုက်ခိုက်ခဲ့ကြ၏။ ဤစစ်ပွဲတွင် သူတို့တပ်ဖွဲ့များသည် ရန်သူတပ် (၁၃)တပ်ကို ချေမှုန်းနိုင်ခဲ့၏။ ၁၉၄၆ ဇွန်လတွင် ကူမင်တန်တို့က စစ်ပြေငြိမ်းရေးသဘောတူစာချုပ်ကို ချိုးဖောက်ကြသည်။ ကူမင်တန်တပ်အင်အားက ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ထက် နှစ်ဆ အင်အားကောင်း၏။

၁၉၄၇ ဇွန်လတွင် 'တိန့်'နှင့် 'လျူ'တို့၏အင်အား ၁၂၀,၀၀၀ရှိသော တပ်ဖွဲ့သည် အန္တရာယ်များသော မြစ်ဝါမြစ်ကိုဖြတ်၏။ ၂၈ ရက်လုံးလုံး အင်အား ၅၀,၀၀၀ရှိသော ရန်သူတပ်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ကာ နှိမ်နင်းနိုင်ခဲ့၏။ ဒါဘီတောင်တန်းတွင်လည်း အင်အားနှစ်သိန်းရှိသော ရန်သူတပ်ကို ထိုးဖောက်ခဲ့၏။

၁၉၄၈ နိုဝင်ဘာတွင် 'ဟွေ့ဟိုက်'တိုက်ပွဲကို ဆင်နွဲရာ ၆၅ ရက်ကြာ၏။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အင်အား ၆သိန်း၊ ပြည်သူလုပ်အားပေး ၅.၄သန်းတို့ဖြင့် တိုက်ပွဲကို တိုက်ခဲ့၏။ ရိက္ခာဆန်တန်ချိန် နှစ်သိန်း၊ လက်နက်ခဲယမ်းတန်ချိန် ခုနစ်ထောင် သုံးခဲ့၏။ ဤသည်မှ တကယ့်ပြည်သူ့စစ်ဖြစ်၏။ 'တိန့်ရှောက်ဖိန်'သည် အထွေထွေရှေ့တန်းကော်မတီ၏ အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရ၏။ ဤ'ဟွေ့ဟိုက်'စစ်ဆင်ရေးတွင် ကူမင်တန်တပ်များက ပို၍ အင်အားကောင်း၏။ လက်နက်ပစ္စည်းကိရိယာလည်း ပိုသာ၏။ သို့သော် နောက်ဆုံး ပြည်သူဘက်ကသာ အောင်ပွဲရခဲ့၏။ ရန်သူတပ်သား ၅၅၅,၀၀၀ကို ချေမှုန်းနိုင်ခဲ့သည်။ 'နန့်ကျင်း'သို့ လမ်းကား ပွင့်သွားပြီ။

၁၉၄၉ ဧပြီလတွင် အတွင်းရေးမှူးတိန့်၏ ဦးဆောင်မှုအောက်တွင်ပင် ဒုတိယနှင့်တတိယတပ်မတို့သည် 'ချန်ကျန်း'ကိုဖြတ်ကာ 'နန်ကျင်း'နှင့်'ရှန်ဟဲ' ကို လွတ်မြောက်စေ၏။ 'နန်ကျင်း'လွတ်မြောက်ခြင်းသည် ကူမင်တန်အစိုးရ ပြိုကွဲခြင်း၏သင်္ကေတပင် ဖြစ်၏။ ထိုစစ်ဆင်ရေးကြီး၏အကြိုကာလတွင် 'တိန့်' သည် တခြားရာထူးတစ်ခုကိုပါ ရခဲ့၏။ အရှေ့တရုတ်ပြည်ဗျူရို၏ပထမအတွင်းရေးမှူးရာထူး။ တရုတ်ပြည်အရှေ့ဒေသကို သိမ်းပိုက်ရေးတာဝန်ခံ။ ဤနေရာသည် ကူမင်တန်၏အင်အားအခြေစိုက်နေရာ။

၁၉၄၉၊ အောက်တိုဘာ (၁)ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ကြောင်း ကြေညာသည်။ 'တိန့်'သည် ဤအခမ်းအနားကို ပေကျင်းတွင် ကျင်းပရာ တက်ရောက်ခဲ့၏။

နောက်ပိုင်းတွင် သူသည် တိုက်ဖော်တိုက်ဖက်များနှင့် ပူးပေါင်းကာ တရုတ်ပြည်အနောက်တောင်ဒေသလွတ်မြောက်ရေးကို ကြိုးပမ်းခဲ့ပြန်သည်။ ထိုနေရာတွင် ကူမင်တန်အင်အား ၉သိန်းရှိ၏။ 'တိန့်'သည် ရာထူးများစွာ တာဝန်

www.foreverspace.com.mm



ယူကာ တိုက်ပွဲကို ဆင်နွှဲခဲ့၏။ အနောက်တောင်ဇုန်ရုံး၏ ပထမအတွင်းရေးမှူး၊ အနောက်တောင်စစ်ရေးနှင့်အုပ်ချုပ်ရေးအဖွဲ့၏ ဒု-ဥက္ကဋ္ဌ၊ အနောက်တောင်စစ်တိုင်း၏နိုင်ငံရေးမှူး။

၁၉၅၁ တွင် သူတို့သည် တိဗက်ကို လွတ်မြောက်စေခဲ့၏။ ဤဒေသသည် 'တိန့်' ရောက်ပြီး ၃နှစ်မရှိတရှိတွင်ပင် အခြေခံအပြောင်းအလဲများဖြစ်ခဲ့၏။

၁၉၅၂ ဇူလိုင်တွင် ဗဟိုကော်မတီက 'တိန့်' ကို ဗဟိုသို့ ပြန်ခေါ်၏။ ဤသည်မှာ သူ့အတွက် အရေးပါသော တော်လှန်ရေးလုပ်ငန်းများကို လုပ်ရမည့်ကာလပင်တည်း။ သူသည် ရာထူးတာဝန်မျိုးစုံ တာဝန်ယူခဲ့ရ၏။ အစိုးရအုပ်ချုပ်ရေးကောင်စီ၏ ဒုတိယဝန်ကြီးချုပ်၊ ဘဏ္ဍာရေးနှင့်စီးပွားရေးကော်မရှင်၏ ဒု-ဥက္ကဋ္ဌ၊ ဆက်သွယ်ရေးရုံး၏ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးဝန်ကြီး။ ၁၉၅၄ တွင် ဒုဝန်ကြီးချုပ်၊ ပါတီဗဟိုကော်မတီ၏အထွေထွေအတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေးကော်မရှင်၏ ဒု-ဥက္ကဋ္ဌ။ ၁၉၅၅ ပါတီညီလာခံက သူသည် ဗဟိုကော်မတီ၏နိုင်ငံရေးဗျူရို ဖြစ်လာ၏။ သို့ဖြင့် အသက် ၅၂နှစ်တွင် သူသည် တရုတ်ကွန်မြူနစ်ပါတီ၏အဓိကခေါင်းဆောင်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်လာ၏။ မော်စီတုံး၊ လျူရှောက်ချီ၊ ချူအင်လိုင်း၊ ချူတေး၊ ချင်ယွန်းတို့နှင့်အတူ 'တိန့်' သည်လည်း တစ်ဦးအပါအဝင်။

နောက် ဆယ်နှစ်တွင် သူသည် အထွေထွေအတွင်းရေးမှူးဖြစ်လာခဲ့ကာ အတွင်းရေးမှူးအဖွဲ့၏နေ့စဉ်လုပ်ငန်းများကို ညွှန်ကြားရ၏။

'ကျွန်တော့်ဘဝမှာ အလုပ်အများဆုံးကာလပါပဲ' ဟု သူက နောင်အခါ ပြန်ပြောခဲ့၏။

၁၉၅၆ စက်တင်ဘာမှ ၁၉၆၆ မေအထိ တရုတ်ပြည်သည် ဆိုရှယ်လစ်ဝါဒကို ဘက်ပေါင်းစုံမှ တည်ဆောက်ခဲ့၏။ ထိုအချိန်ကာလအတွင်း 'တိန့်' သည် နေရာတကာတွင် ပါဝင်လုပ်ဆောင်ခဲ့ရ၏။

၁၉၆၂တွင် ဗဟိုကော်မတီက လူ ၇၀၀၀ တက်သော အလုပ်ညီလာခံ လုပ်ခဲ့၏။ ဤညီလာခံတွင် 'တိန့်' သည် ဒီမိုကရက်တစ်ဗဟိုဦးစီးဝါဒကို ချပြခဲ့၏။

ပါတီအထွေထွေအတွင်းရေးမှူးအနေဖြင့် သူသည် နိုင်ငံတကာကွန်မြူ

www.foreverspace.com.mm

နစ်လှုပ်ရှားမှုခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ရ၏။ ခရုရှော့ဖ်အပါအဝင် ဆိုဗီယက်ခေါင်းဆောင်များစွာနှင့် သူ ဆွေးနွေးခဲ့ရ၏။

၁၉၆၂ ဇဟိုကော်မတီညီလာခံတွင် ပြောခဲ့သော 'တိန့်ရှောက်ဖိန်'၏ လမ်းညွှန်ချက်များကို အများစုက သဘောကျခဲ့ကြသော်လည်း တချို့ကမူ သူ့ကို အပြင်းအထန်ဝေဖန်ခဲ့ကြ၏။ သူက ယခင် နိုင်ငံရေးလှုပ်ရှားမှုမှားယွင်းစွာ လုပ်ခဲ့သော ကေဒါများ၏အမှုကို ပြန်လည်စစ်ဆေးစိစစ်ပြီး သင့်လျော်သောရာထူးများသို့ပြန်လည်ခန့်အပ်ရန် တင်ပြခဲ့သည်။ ဤညီလာခံတွင် 'တိန့်'သည် သူ့ဘာသာသူလည်း ဝေဖန်မှုပြုခဲ့၏။

မကြာခင်မှာပင် ယဉ်ကျေးမှုတော်လှန်ရေး စတင်ခဲ့၏။ လင်ပြောင်နှင့် ကျန်းကျင်းတို့ဦးဆောင်သော အုပ်စုက 'တိန့်ရှောက်ဖိန်'ကို အကြီးအကျယ်ဝေဖန်ကာ ရာထူးမှ ချခဲ့သည်။ ဒုက္ခပေါင်းစုံပြည့်နှက်နေသော ၁၀နှစ်တာကာလတွင် 'တိန့်ရှောက်ဖိန်'သည် နှစ်ကြိမ်တိုင်တိုင် သိက္ခာအချခံခဲ့ရသည်။ သို့သော် အမှန်တရားက သူ့ဘက်မှာ အမြဲရှိ၏။ သူသည် လဲကျရာမှ ပြန်ပြန်ထ,လာနိုင်ခဲ့သည်။ သူသည် 'ပစ်တိုင်းထောင်'။ 'နိုင်ငံရေးပစ်တိုင်းထောင်'။

www.foreverspace.com.mm

## ॥ ၉ ॥
## ဂကြိမ်မြောက် ပါတီဗဟိုကော်မတီအကြိုအစည်းအဝေး

၁၉၆၈ ခုနှစ်၊ အောက်တိုဘာ ၁၃မှ ၃၁အထိ ၈ကြိမ်မြောက်ပါတီဗဟိုကော်မတီအကြိုအစည်းအဝေး ကျင်းပကာ ၉ကြိမ်မြောက် ပါတီအမျိုးသားကွန်ဂရက်အတွက် ပြင်ဆင်ကြ၏။

မော်စီတုံးက မိန့်ခွန်းပြောကာ ဤမေးခွန်းများမေး၏။ ကျုပ်တို့ ယဉ်ကျေးမှုတော်လှန်ရေးကို လိုလားသလား၊ မလိုလားဘူးလား။ အဓိကအချက် အောင်မြင်မှုရသလား ဒါမှမဟုတ် အောင်မြင်မှု အရနည်းသလား၊ ဆုံးရှုံးမှုတွေ ပိုများသလား။

သူ့မေးခွန်းကို သူ့ဘာသာသူပင် ဖြေ၏။

'မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးကြီးဟာ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ခိုင်မာအောင် ထူထောင်တာပဲ၊ အရင်းရှင်ဝါဒ ခေါင်းမထောင်နိုင်အောင် ကာကွယ်တာပဲ၊ ဆိုရှယ်လစ်ဝါဒကို တည်ဆောက်တာပဲ၊ ဒါဟာ လုံးဝဥဿုံကို လိုအပ်တယ်၊ အလွန်အမင်းကို အချိန်ကျလို့လုပ်တာဖြစ်တယ်'

လင်ပြောင်၊ ကျန်းကျင်းနှင့်သူတို့ဘက်တော်သားများသည် 'လျူရှောက်ချီ'၏သစ္စာဖောက်မှု၊ ရာဇဝတ်မှုများကို စာတန်းတင်ပြ၏။ အစည်းအဝေးကြီးက ဤသည်ကို လက်ခံကာ 'လျူရှောက်ချီ'အား ပါတီမှ ရာသက်ပန်ထုတ်ပယ်လိုက်၏။ ပါတီအတွင်းပါတီအပြင် ရာထူးအားလုံးမှလည်း ဖယ်ရှားခဲ့၏။

သူတို့အုပ်စုက ကြိုတင်ရေးသားထားသော နောက်စာတန်းတစ်ခုကို တင်ပြန်၏။

'ပါတီတွင်းမှ အရင်းရှင်လမ်းကြောင်းကိုလိုက်သူနောက်တစ်ဦး၏ အဓိက ရာဇဝတ်မှုများ ကျူးလွန်သူ = တိန့်ရှောက်ဖိန်'

ထို့ကြောင့် တိန့်ကိုလည်း ပါတီမှ လည်းကောင်း၊ အစိုးရရာထူးများမှ လည်းကောင်း ဖယ်ရှားရမည်သာ ဖြစ်သည်။ သို့သော် မော်၏ ဆုံးဖြတ်ချက်က တစ်မျိုး။

'တိန့်'သည် စစ်အတွင်းတွင် ရန်သူကို ကောင်းစွာ တိုက်ခဲ့၏။ သူ၏ အတိတ်တွင်လည်း အမှားများ ရှာမတွေ့ခဲ့။ ထို့ကြောင့် သူ့ကို လျှိုရှောက်ချီနှင့် တန်းတူ အပြစ်မပေးနိုင်။ မော်၏ဆုံးဖြတ်ချက်ကို လင်ပြောင်နှင့်ကျန်းကျင်းတို့က မကျေနပ်ကြ။

မော်စီတုံးသည် ဟူနန်ပြည်နယ်သားပီပီ ခေါင်းမာ၏။ သူဆုံးဖြတ်ပြီးလျှင် မပြင်တတ်။ ဤသည်မှာ သူ၏ထူးခြားသောဝိသေသတစ်ခု ဖြစ်၏။

ဤအစည်းအဝေးကား ထူးခြား၏။ ဗဟိုကော်မတီဝင်အတော်များများ အဖယ်ရှားခံရ၏။ ၈ကြိမ်မြောက်ဗဟိုကော်မတီဝင်များထဲမှ ၇၁%သည် 'နိုင်ငံခြားနိုင်ငံများနှင့်ဆက်သွယ်မှု'၊ 'သူလျှိုဒလန်လုပ်မှု'၊ 'ပါတီဆန့်ကျင်ရေးလုပ်မှု' စသည်တို့ဖြင့် အစွပ်စွဲခံကြရ၏။ ဗဟိုကော်မတီဝင် ၉၇ဦးအနက် ကွယ်လွန်သူ ၁၀ဦး မပါ၊ ၄၀သာ အစည်းအဝေးတက်နိုင်ကြ၏။ သို့ဆိုလျှင် ပါတီဖွဲ့စည်းပုံကို အတည်ပြုရန် ကိုယ်စားလှယ်အရေအတွက် အနည်းဆုံး ထက်ဝက်မရှိတော့။ ထို့ကြောင့် အရန်ပါတီဝင်ထဲမှ ၁၀ဦးကို ထပ်ဖြည့်ခန့်ထားရ၏။ သို့ဖြင့် အစည်းအဝေးတက်သူများထဲတွင် တရားမဝင်တက်နေသူမှာ တစ်ဝက်ခန့်ရှိ၏။ သူတို့သည်လည်း ဗဟိုကော်မတီဝင်များကဲ့သို့ပင် မဲပေးခွင့်များ ရနေကြ၏။ မဲဆန္ဒပေးသူများထဲမှတစ်ဦးဆိုလျှင် ကွန်မြူနစ်ပင် မဟုတ်ကြောင်း အစည်းအဝေးပြီးမှ သိကြရ၏။

ယဉ်ကျေးမှုတော်လှန်ရေးကာလကား နှစ်နှစ် သက်တမ်းပင် ရှိခဲ့ပြီ။ တစ်နိုင်ငံလုံးလည်း ပြောင်းဆန်ခဲ့ပြီ။ မော်စီတုံးကား ဘာဆက်လုပ်ရမည်ကို သူ့ဘာသာသူပင် သိပုံမပေါ်တော့။ အစကနဦးကမူ သူသည် ယဉ်ကျေးမှုတော်လှန်ရေးကို တစ်နှစ်လုပ်ရမည်ဟု ဆိုခဲ့၏။ နောက်ပိုင်းတွင် သုံးနှစ်မျှ လုပ်ရန်လိုသည်ဟု ဆိုပြန်သည်။

www.foreverspace.com.mm



၁၉၆၉ ဧပြီတွင် ဇုကြိမ်မြောက် ပါတီကွန်ဂရက် စတင်၏။ ကွန်မြူနစ်ပါတီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်၏။ ရာထူးများ ခန့်အပ်မှုကို ပြုလုပ်၏။ စီမံကိန်းအတိုင်း အရာရာကို ဆက်လုပ်ကြ၏။

ယဉ်ကျေးမှုတော်လှန်ရေးကား မရပ်သေး။သို့သော် ဤအချိန်တွင် မော်စီတုံး မျှော်မှန်းခဲ့သည်နှင့် ဖြစ်ပေါ်လာသည့်ရလာဒ်တို့သည် ဆန့်ကျင်ဘက်ဖြစ်နေပြီ။ ဇက်ကြိုးပြုတ်သွားသောမြင်းရိုင်းကဲ့သို့ပင် ထိန်းမနိုင်သိမ်းမရ ဦးတည်ချက်မရှိ လျှောက်ပြေးနေပြီ။ ပြဿနာတွေက မငြိမ်းဘဲ အသစ်အသစ်တိုးလာနေ၏။

www.foreverstar.com.mm

## ။ ၁၀ ။

## ထိတ်လန့်စရာ မေလမှာ

မေလ၁ ရက်တွင် ပေကျင်းတက္ကသိုလ်မှထရပ်ကားကြီးများသည် တိန့်ရှောက်ဖိန်အိမ်ဝင်းထဲသို့ ဝင်လာကြ၏။ ထိုကားပေါ်မှ တုတ်၊ ဓား ကိုင်ဆောင်ထားသောသူပုန်ကျောင်းသားတစ်စုဆင်းလာကာ တိန့်ရှောက်ဖိန်၏သားနှင့်သမီးတို့နှစ်ဦးကိုဖမ်းကာ မျက်နှာကို အဝတ်စည်းပြီး ထရပ်ကားပေါ်တင်ခေါ်သွားကြ၏။ ထိုနောက် "တိန့်ရှောက်ဖိန် ကျဆုံးပါစေ" "တန်ပြန်တော်လှန်ရေးသမားတွေ ကျဆုံးပါစေ"ဟု အော်ဟစ်ကာ ကားများကို မောင်းထွက်သွားကြ၏။ ကျောင်းရောက်သောအခါ သူတို့ကို ပထမဆုံး အဆောင်တွင် သော့ခတ် ဖမ်းထားကြ၏။ ထိုနောက် ရူပဗေဒအဆောင်ရှိ အခန်းချင်းကပ်လျက်နှစ်ခန်းတွင် မောင်နှမနှစ်ဦးကို တစ်ဦးစီ ထည့်ထားကြ၏။

ပြီးလျှင် တစ်ဦးစီကို အထူးစစ်မေးခန်းသို့ ခေါ်သွားကာ မေးခွန်းတွေ စစ်မေးကြ၏။ မေးခွန်းများမှာ သူတို့ဖခင်၏အပြစ်ကိုရှာပြီးပြောခိုင်းသော မေးခွန်းများပင် ဖြစ်ကြ၏။

ဤသည်မှာ လင်ပြောင်နှင့်ကျန်းကျင်းတို့၏စီမံချက် ဖြစ်၏။ သူတို့က ပေကျင်းတက္ကသိုလ်မှ သူပုန်ခေါင်းဆောင်"နီယွမ်ဇီ"ကို စည်းရုံးကာ တိန့်ရှောက်ဖိန်၏သားသမီးများထံမှ သက်သေအထောက်အထားရလိုရငြား စစ်မေးကြခြင်း ဖြစ်၏။

သားဖြစ်သူ ပုဖုန်းက နောက်ပိုင်းတွင် ပြန်ပြောပြ၏။

"ကျွန်တော် သိပ်ကြောက်တာပဲ၊ ဒါပေမယ့် ကြောက်နေလို့မပြီးသေးဘူးဆိုပြီး ကျွန်တော်လည်း ရင်ဆိုင်ရတာပေါ့၊ အိမ်မှာ အဖေက အလုပ်နဲ့ပတ်

www.foreverspace.com.mm

သက်လို့ဘာမှမပြောဘူး၊ ဒါကြောင့် ဘာမှမသိဘူးဆိုတာကိုပဲ ပေတေပြီး ဖြေခဲ့တယ်'

သမီးဖြစ်သူကမူ 'မိသားစုကိစ္စတွေသိတာက ကျွန်မတစ်ယောက်တည်းပါ၊ ကျွန်မညီမတွေမောင်လေးတွေက ဘာတစ်ခုမှမသိပါဘူး၊မေးစရာရှိရင် ကျွန်မကိုပဲ မေးပါ'ဟု တောင်းပန်ခဲ့၏။

သူ့ကိုမေးတော့လည်း ဖခင်၏ကောင်းသတင်းများကိုသာ ပြောခဲ့သည်။

နောက်သမီးဖြစ်သူ 'တိန့်ရောင်'နှင့်'တိန့်လင်း'တို့ကိုဖမ်းကာ သီးခြားခွဲထားပြန်၏။

ပုဖုန်းသည် တိန့်ရှောက်ဖိန်၏သားအကြီးဆုံး ဖြစ်သည်။သူတော့ သိကိုသိရမည်ဆိုကာ သူ့ကို ဖခင်အကြောင်း အတင်းစစ်မေးကြ၏။ သူ့ကို မျက်စိအဝတ်နှင့်စည်းနှောင်ကာ နေ့စဉ် မေးခွန်းတွေ မေး၏။ မေး၍ မရလျှင် ရိုက်နှက်ကြ၏။ ချုပ်နှောင်သောနေရာကိုလည်း မကြာခဏပြောင်း၏။ ကျောင်းအားကစားရုံမှရေကူးကန်၏ရေချိုးခန်းထဲတွင် ရက်ပေါင်းများစွာပိတ်လှောင်ထားခဲ့၏။ထိုအခန်းမှာ ပိန်းပိတ်အောင်မှောင်နေသည်။ စွတ်စိုထိုင်းမှိုင်းပြီး နေရောင်ခြည်လုံးဝမရ။

ပေကျင်းတက္ကသိုလ်တစ်ခုလုံးသည် ဖက်ဆစ်ညှင်းပန်းရေးစခန်းလိုဖြစ်နေ၏။ နေရာတကာ သွေးသံရဲရဲနှိပ်စက်ခန်းများ။ ပါမောက္ခတစ်ဦးသည် အနှိပ်စက်ခံရလွန်း၍ မိမိကိုယ်မိမိ သတ်သေရန် ၄ကြိမ်တိတိ ကြံစည်ခဲ့၏။ နောက်ဆုံးတွင် သူ အောင်မြင်သွားသည်။ နီယွမ်ဇီကိုဆန့်ကျင်သူ ကျောင်းသားတစ်ဦးသည် ဒူးခေါင်းကို သံရိုက်ပြီး အပြစ်ပေးခြင်းခံခဲ့ရ၏။ သူ့လက်ချောင်းများကို ပလာယာနှင့်ချိုးပစ်ကြ၏။ သူ့ကို ဂုန်နီအိတ်စွပ်ပြီး လှေကားပေါ်မှကန်ချ၏။ နောက်ဆုံးဝိုင်းရိုက်ကြ၍ သေသွားရှာ၏။

ပေကျင်းတက္ကသိုလ်၏ ဥက္ကဋ္ဌလည်း ဖြစ်၊ ကျောင်းပါတီကော်မတီ၏ အတွင်းရေးမှူးလည်းဖြစ်သူ'လူပင်း'သည် အနှိပ်စက်ခံရလွန်း၍ 'ကွန်မြူနစ်အတုအယောင်' 'လူလိမ်လူကောက်'အဖြစ် ဖြောင့်ချက်ပေးခဲ့ရသည်။ နာမည်ကျော် ဒဿနိကဆရာ'ဖုန်ဒင်'သည်လည်း နှိပ်စက်လွန်းတာ မခံနိုင်သဖြင့် မိမိကိုယ်မိမိ သတ်သေရန် ၃ကြိမ် ကြံစည်ခဲ့၏။

www.foreverspace.com.mm

ဤသည်တို့သည် ဥပမာတချို့သာ ဖြစ်၏။ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ပေကျင်းတက္ကသိုလ်၌ တိုက်ခိုက်ခံရ၍ လူသုံးဦး သေခဲ့၏။ ဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းသားများထဲမှ လူ ဖ၀ကို သေတွင်းပို့ခဲ့၏။ ထိုအထဲတွင် သမိုင်းပညာရှင် 'ကျန်ဘိုဇမ်'၊ ရူပဗေဒပညာရှင် 'ရောင်ယုတေး' နှင့် ထိပ်တန်းပါမောက္ခများစွာ ပါဝင်ခဲ့၏။ ရက်စက်ကြမ်းကြုတ်မှုဖြစ်စဉ်များကား မှတ်တမ်းတင်၍ မကုန်။ တရားဥပဒေရှုထောင့်မှကြည့်ကြည့်၊ စာရိတ္တပိုင်းဆိုင်ရာမှကြည့်ကြည့် မည်သို့မျှ ခွင့်မလွှတ်နိုင်။

သို့သော် ထိုအချိန်ထိုကာလက သူတို့က အရှင်သခင်တွေ။ ပေကျင်းတက္ကသိုလ်၏ လှပသောဥယျာဉ်များသည် ပျက်ဆီးကြလေသည်။ သာယာသောရေကန်သည်လည်း သွေးညှီနံ့သင်းလေပြီ။

၁၉၆၈ နွေရာသီကား ခါတိုင်းထက် ပိုပူ၏။ ပိုရှည်ကြာ၏။ ပိုပြီးရက်စက်ကြမ်းကြုတ်၏။

www.foreverspace.com.mm

# ॥ ၁၁ ॥

## ကောင်းကင်ပေါ်မှကျလာသောငြိမ်သက်မှု

ဩဂုတ်လ ၁ ရက်တွင် တိန့်ရှောက်ဖိန်တို့အိမ်သို့ ဖုန်းလာ၏။ သမီးလတ်ဖြစ်သူ တိန့်နန်းက ညီမဖြစ်သူ တိန့်ရောင်းကို အကြောင်းကြားသည်။

"အစ်ကိုပုဖုန်းကို ကျောင်းက ပြန်ပို့ချင်တယ်တဲ့။ အစ်ကို အမြင့်ကနေ လိမ့်ကျတယ် ပြောတယ်"

တကယ်တော့ ပုဖုန်းသည် အနှိပ်စက်ခံရလွန်း၍ မခံနိုင်ဖြစ်ကာ ချုပ်ထားသောအဆောင်ပေါ်မှ ခုန်ချထွက်ပြေးခဲ့၏။ သို့ဖြင့် ခြေကျိုးသွား၏။ ဆေးရုံသို့ပို့ကြ၏။ ဆေးရုံက တိန့်ရှောက်ဖိန်၏သားဆိုကာ လက်မခံ။ ဆေးရုံတော်တော်များများက လက်မခံကြ၍ နောက်ဆုံး တတိယပေကျင်းဆေးရုံ ရောက်ခဲ့၏။ ဆေးရုံက လက်ခံသော်လည်း သူ့ကို အရေးပေါ်အခန်းမှာမထား။ စင်္ကြံမှာသာထား၏။ တစ်ညလုံး သူ့အခြေအနေမှာ စိုးရိမ်စရာကောင်းနေသည်။ ခါးရိုးက သွင်သွင်ကျိုးသွား၏။ သူ့အား ခွဲစိတ်ရန် မိသားစုလက်မှတ်လို၏။ သူပုန်အုပ်စုသည် တိန့်နန်းကိုချုပ်ထားရာမှ ဆေးရုံသို့ခေါ်လာကာ ခွဲစိတ်ရန် သဘောတူကြောင်း လက်မှတ်ရေးထိုးခိုင်းသည်။ ပုဖုန်းသည် ဉာဏ်ထက်မြက်သူ ဖြစ်၏။ ထိုစဉ်က သူသည် ပေကျင်းတက္ကသိုလ် စတုတ္ထနှစ် ရူပဗေဒကျောင်းသားဖြစ်သည်။ သူ့အသက်မှာ ၂၄နှစ်သာရှိသေးသည်။ ယခု ဒဏ်ရာပြင်းထန်လွန်းသဖြင့် ဆေးရုံတွင် သုံးနေ့ သုံးည သတိမရတစ်ချက် ရတစ်ချက် နေခဲ့ရ၏။

ဒဏ်ရာမှာ ပြင်းထန်လွန်းသဖြင့် ရင်ဘတ်အောက်ပိုင်း ဘာမှ အထိအတွေ့ မခံစားရတော့။ ဆီးမသွားနိုင်။ ဝမ်းမသွားနိုင်။ ခန္ဓာကိုယ်အောက်ပိုင်းသေ

www.foreverstar.com.mm

သလိုဖြစ်သွားခဲ့သည်။ ဆေးရုံမှာ ၁၀ ရက်ကြာမှ အသက်ဘေးမှစိတ်ချရကြောင်း တွေ့ရ၏။ ထိုအခါ သူ့ကို အတင်းအိမ်ပြန်ခိုင်း၏။

သူ့အစ်မတွေက မကျေနပ်ကြ။ ထို့ကြောင့် အပြင်တွင် ဆေးဝါးကုသစရိတ်တောင်းရန် တာဝန်ရှိသူများကို ပြော၏။ မည်သူမျှ လက်မခံကြ။ ရုံးချုပ်သို့ ဖုန်းဆက်၏။ မည်သူကမျှ အရေးတယူမဆောင်ရွက်။

နောက်ဆုံးတွင် အထွေထွေရုံး၏လုံခြုံရေးဗျူရိုမှ တာဝန်ခံရုံးသို့ ဖုန်းဆက်၏။

“ကျွန်မတို့မောင်လေးကို ဆေးရုံကနေ အတင်းအကျပ် အိမ်ပြန်ပို့နေကြတယ်၊ ကျွန်မတို့မိဘတွေက ဖုံနန်ဟိုက်မှာနေကြရတယ်၊ မိဘတွေရှိရာကို ပို့ပေးပါ၊ ကျွန်မတို့အိမ်ကို ရှင်တို့ ပြန်ပို့ရဲရင် ပို့ကြ၊ ကျွန်မတို့ သူ့ကို လမ်းတစ်လျှောက် ဒီအတိုင်းသယ်သွားမယ်၊ တွေ့သမျှလူတွေကိုပြောမယ်၊ ဒါ တိန့်ရှောက်ဖိန်ရဲ့သားပါ၊ သူတို့နှိပ်စက်လို့ ဒီလိုဖြစ်သွားတာပါလို့ တိုင်တည်မယ်”

မည်သူကမှမတုန့်ပြန်။ နောက်ဆုံးတွင် ပုဖုန်းကို တက္ကသိုလ်ဆေးရုံသို့ ပို့ကြ၏။ သို့သော် ဘာတစ်ခုမျှမကုသပေးကြ။ ဒါက သူတို့တာဝန်မဟုတ်ဘူး၊ မိသားစုတာဝန်ပဲဟုလွှဲချကြ၏။ သားငယ်လေး ‘ဖေ့ဖေ့’ ကို သူ့ထံလွှတ်ပြီး စောင့်ခိုင်းကြ၏။ ဖေ့ဖေ့က ၁၇ နှစ်ပဲ ရှိသေးသည်။ သူကလည်း ခေါင်းခပ်မာမာ။ သူက ကလန်ကဆန်လုပ်လျှင် တပ်နီများနှင့်ထိပ်တိုက်တိုးမည်။ထို့ကြောင့် တိန့်နန်းနှင့် တိန့်ရောင်းတို့ကပဲ တစ်လှည့်စီစောင့်ကြ၏။

ပုဖုန်းမှာ လှုပ်ရှား၍မရ။ ဆီးလမ်းကြောင်းထိခိုက်ကာ အဖျားတွေဝင်နေသည်။

တပ်နီသူပုန်များသည် ဆေးရုံသို့လာ၍ ညီအစ်မနှစ်ဦးကို စိတ်အားဖြင့် ညှင်းဆဲကြသေး၏။ ရုံးပိတ်ရက်များဆိုလျှင် ဆေးရုံမှ လူနာအားလုံးကို ပေါက်စီ လိုက်ဝေ၏။ ပုဖုန်းအတွက်တော့ မပါ။သူသည် ဖောက်ပြန်ရေးသမားတိန့်ရှောက်ဖိန်၏သားဖြစ်သဖြင့် ပေါက်စီစားသောအခွင့်အရေးပင် ပိတ်ဆို့ထားခြင်း ခံရ၏။

အပြင်တွင်ကား သတင်းကောင်းတချို့ ကြားရ၏။ မော်စီတုံးက တိန့်ရှောက်ဖိန်ကို ကွန်မြူနစ်ပါတီဝင်အဖြစ်ထားဆဲ။ ထို့ကြောင့် တိန့်သည် လမ်းဆုံးသို့ မရောက်သေးသည်ကား သေချာ၏။

www.foreverspace.com.mm



ဒီဇင်ဘာ ၂ဖရက်တွင် ပါတီဗဟိုကော်မတီမှ ကြေညာချက်တစ်ခုထုတ်၏။ မော်စီတုံး၏အမိန့်အရ တန်ပြန်တော်လှန်ရေးသမားများ၏ ရင်သွေးများအား "အမှောင်ဂိုဏ်း၏သားသမီးများ"ဟု မသတ်မှတ်ကြရန်။

ထိုအခါမှစ၍ ဖမ်းချုပ်ခြင်းခံရသောသားသမီးများအပေါ် ဆက်ဆံရေးက ပြောင်းသွား၏။ ကျောင်းတက်စရာရှိသူ ကျောင်းပြန်တက်ခွင့် ရသွား၏။

ပုဖုန်းကား ဆေးရုံပေါ်တွင် မသက်သာသေး။ တိန့်လင်းသည်လည်း အနုပညာအကယ်ဒမီထဲတွင် အချုပ်ခံထားရဆဲ။ အငယ်ကောင်လေး ဖေ့ဖေ့မှာ ကျေးလက်သို့ လုပ်အားပေးသွားရသည်။ သမီးငယ် တိန့်ရောင်းက မိန်းကလေးကျောင်းတက်ရင်းက ရှန့်ဇီပြည်နယ်မြောက်ပိုင်းတွင် လယ်ယာလုပ်ငန်းခွင်များဝင်ရ၏။ သူတို့သားသမီးတွေနှင့် သူတို့ဖခင် တိန့်ရှောက်ဖိန်နှင့် သူတို့မိခင်ကိုကား တွေ့ခွင့်မရကြ။ အကျယ်ချုပ်တွင်သာ ရှိနေကြဆဲ။

www.foreverstore.com.mm

## ။ ၁၂ ။

## တိန့်ရှောက်ဖိန်အမှုစစ်အဖွဲ့၏ လုပ်ဆောင်မှု အစမှအဆုံး

၈ ကြိမ်မြောက်ပါတီဗဟိုကော်မတီ၏ ၁၂ကြိမ်မြောက် အကြီးအစည်းအဝေးတွင် မော်စီတုံးသည် ဆန့်ကျင်ဘက်အင်အားစုများကို လွှန်ဆန်ကာ တိန့်ရှောက်ဖိန်ကို ပါတီဝင်အဖြစ် ဆက်ထားခဲ့၏။ ဤသည်ကို လင်ပြောင်၊ ကျန်းကျင်းတို့အုပ်စုက ဆွေ့ဆွေ့ခုန် မကျေမနပ်ဖြစ်ကြ၏။

လင်ပြောင်သည် မော်၏အရိုက်အရာခံရမည့်သူဖြစ်၏။ သို့သော် တိန့်ရှောက်ဖိန် လုံးဝမပျောက်ကွယ်မချင်း သူ့ရာထူးမှာ ခပ်လှုပ်လှုပ်ဟု သူ ကောင်းစွာသိ၏။ တိန့်မရှိမှ သူ့ရာထူးခိုင်မြဲနိုင်သည်။ ထို့ကြောင့် သူနှင့်ကျန်းကျင်းတို့က တိန့်ရှောက်ဖိန်အမှုစစ်အဖွဲ့အား မြန်မြန်စစ်ဆေးရန် တွန်းအားပေးသည်။ တိန့်သည် တော်လှန်ရေးအား သစ္စာဖောက်ပြီး ရန်သူထံ လက်မြောက် အရှုံးပေးခဲ့ပုံ အထောက်အထားကို နိုင်ငံအနှံ့ မြေလှန်ရှာကြ၏။

အဖွဲ့တစ်ဖွဲ့သည် ရှန့်ဇီပြည်နယ်သို့သွားကာ ၁၉၂၇ တွင် ပါတီမှတိန့်ကို ကူမင်တန်ထိပ်တန်းအရာရှိကြီး 'ဖုန်ယူဇန်' နှင့်အလုပ်တွဲလုပ်ရန် စေလွှတ်ခဲ့စဉ်က အကြောင်းအရာများကို လာရောက်စုံစမ်းကြ၏။

အဖွဲ့တစ်ဖွဲ့သည် ရှန်ဟဲသို့သွားကာ တိန့်ကို တပ်ပြေးအဖြစ် စွပ်စွဲနိုင်မည့်အထောက်အထားများကို ရှာကြပြန်၏။ ၁၉၃၀ ပတ်ဝန်းကျင်က ပြင်သစ်တွင် သူ ကျောင်းနေရင်း အလုပ်လုပ်ခဲ့ပုံများကိုလည်း မေးမြန်းကြ၏။

ရှီချွမ်းတွင်လည်း သူ့မိသားစုနှင့်ပတ်သက်၍ စုံစမ်းကာ ဌာနေမြို့တွင် တန်ပြန်တော်လှန်ရေးလှုပ်ရှားမှုများ ရှိ မရှိ ရှာဖွေကြ၏။

www.foreverspace.com.mm



တီယန်ဇင်းတွင် ရှိနေစဉ် "ဖုန်ယုကျန်"၏တပ်၌ တိန့်ရှိနေစဉ် လှုပ်ရှားမှုများကိုလည်း စုံစမ်းကြသည်။

စုံစမ်းသူများသည် အလွန်ပင် ဖွဲလုံ့လရှိကြ၏။ သူတို့သည် အထောက်အထားတစ်ခုတလေ ရအောင် အလွန် ကြိုးစားအားထုတ်ကြ၏။ နှစ်လအတွင်း နေရာ ၂၂နေရာသွားကာ လူပေါင်း ၂၀၀ကျော်ကို အင်တာဗျူးလုပ်ခဲ့ကြသည်။

ပေကျင်းရှိ တိန့်အမှုစစ်ဆေးရေးအဖွဲ့ကလည်း အလကားမနေပါ။

၁၉၆၉ နွေရာသီတွင် သူတို့သည် သက်သေများကိုရှာနေကြ၏။ တိန့်၏မိတ်ဆွေဟောင်းများ၊ လုပ်ဖော်ကိုင်ဖက်များကို မေးကြ၏။ တချို့က သိသမျှကို မှန်မှန်ကန်ကန်ဖြေ၏။ တချို့ကမူ အမေးပင်မခံ။ ငြင်းဆန်ကြ၏။ မည်သူ့ထံကမှ တိန့်ရှောက်ဖိန်၏အပြစ်ဟူ၍ ရှာမရကြ။

၁၉၆၈ ဇွန်လမှစကာ တိန့်အမှုစစ်ဆေးရေးအဖွဲ့သည် စုံစမ်းရေးအဖွဲ့ခွဲ ၉၃ဖွဲ့ကို ဖွဲ့ခဲ့၏။ ထိုအဖွဲ့ခွဲများတွင် လူပေါင်း ၂၂၃ဦး ပါဝင်၏။ သူတို့သည် ပြည်နယ် ၁၅ပြည်နယ်၊ မြို့ပေါင်း ၁၄၀၊ ကီလိုမီတာ ၃သိန်း သွားရောက်ခဲ့၏။ ပေကျင်းတစ်မြို့တည်းမှာပင် နေရာဌာနပေါင်း ၁၀၀ကျော်သို့ သွားရောက်စစ်ဆေးကြ၏။

တိန့်ရှောက်ဖိန်ကား တော်လှန်ရေးလုပ်သက် ကြာ၏။ သူလုပ်ခဲ့သောနေရာ များ၏။ ထို့ကြောင့် သူ့အကြောင်း စစ်ဆေးရသည်မှာ ကျယ်ပြောသည်။ သို့သော် အမှုစစ်အဖွဲ့သည် နေရာအနှံ့ စိပ်ပိုင်း၍စစ်ဆေးစုံစမ်းကြသည်။ သို့သော် သစ္စာဖောက်မှုလက္ခဏာအရိပ်အမြွက်ဟူ၍ တစ်နေရာမျှ မတွေ့ရ။

တိန့်ရှောက်ဖိန်၏ အတိတ်ကာလမှအမည်းစက်များကို လုံးဝ ရှာမတွေ့သောအခါ ပစ္စုပ္ပန်ကို လှည့်လာကြ၏။

"တိန့်ရှောက်ဖိန်သည် ယန်ရှန်ကွန်းနှင့်ပူးပေါင်းကာ ဥက္ကဋ္ဌမော်၏အနားတွင် တန်ပြန်တော်လှန်ရေးအသံဖမ်းစက်ကိုချထားကြောင်း အထောက်အထားများ တွေ့သင့်သလောက် တွေ့ရ၏။

တိန့်သည် သူလျှိုများ၊ သစ္စာဖောက်များ၊ အမှားလမ်းလိုက်သည့်သူများကို စည်းရုံးကာ အုပ်စုဖွဲ့ခဲ့၏။ အဓိကအားဖြင့် သူသည် ရာဇဝတ်မှုကြီး ၃မှုကို ကျူးလွန်ခဲ့၏။ "တန်ပြန်တော်လှန်ရေး အာဏာသိမ်းရန် ကြံစည်မှု၊ ပါတီနှင့်

အစိုးရက သူ့ဘက်ပါအောင် စည်းရုံးမှု၊ နိုင်ငံခြားအင်အားစုများနှင့် လျှို့ဝှက်ဆက်သွယ်မှုတို့ ဖြစ်ကြသည်။'

၃ရက်အကြာတွင် ကန်ရှိန်၏အတည်ပြည်ချက် ရယူပြီး အစီရင်ခံစာကို ချူအင်လိုင်း၊ ချိန်ဘိုဒါ၊ ကျန်းကျင်း၊ ဇီဖုဇီတို့ထံ ပေးပို့၏။ ထိုအစီရင်ခံစာတွင် တိန့်ရှောက်ဖိန် မည်သို့ကွန်မြူနစ်ပါတီထဲဝင်လာသည်ကို သိလိုပါသည်ဟုလည်း မေးမြန်းထား၏။

ချူအင်လိုင်းက အစီရင်ခံစာ ဖတ်ပြီးသောအခါ မှတ်ချက်ရေး၏။

'တိန့်ရှောက်ဖိန်သည် လူငယ်အဖွဲ့ချုပ်မှတစ်ဆင့် ပါတီသို့ ကူးပြောင်းဝင်ရောက်ခဲ့သည်မှာ သူ ပြင်သစ်နိုင်ငံတွင်ရှိနေစဉ်က ဖြစ်၏။ ထိုစဉ်က သူသည် ပြင်သစ်တွင် အလုပ်လုပ်ရင်း စာသင်နေခဲ့သည်။ ကျွန်ုပ်၊ လီဖုချွန်နှင့် ဆိုက်ချန်တို့ အားလုံး ဤသည်ကို သိကြသည်'

ဤစာဖတ်ရသောအခါ အမှုစစ်အဖွဲ့နှင့် သူ့ဆရာသမားများ မည်မျှပင် မကျေမနပ်ဖြစ်ကြမည်ကို စဉ်းစားသာကြည့်တော့။

တိန့်ရှောက်ဖိန်အစီရင်ခံစာသည် မအောင်မြင်။ စွဲချက်တင်စရာ မည်မည်ရရ ဘာမှမပါ။

၁၉၇၀ ခု ဒီဇင်ဘာ၂၄တွင် တိန့်အမှုစစ်အဖွဲ့ အစည်းအဝေးကျင်းပ၏။

'တိန့်ရှောက်ဖိန်နဲ့ပတ်သက်တဲ့ အမှုကိစ္စတွေကို ခေါင်းဆောင်ပိုင်းအားလုံးက ဖတ်ပြီးကြပြီ၊ ဝန်ကြီးချုပ်ကလည်း ပြန်စာပေးပြီးပြီ၊ ခေါင်းဆောင်ပိုင်းက နောက်ထပ် ဘာအစီရင်ခံစာမှမတင်နဲ့တော့လို့ ညွှန်ကြားပါတယ်၊ တိန့်အမှုနဲ့ပတ်သက်လို့ ဘာမှ ထပ်မလုပ်နဲ့တော့ တဲ့၊ စာရွက်စာတမ်းတွေကို ကိုင်ပြီးသာ စောင့်နေကြပေရော့'

ဂူ၏အတွင်းရေးမှူးက အမိန့်ကိုဖတ်ပြ၏။ တကယ်တော့ ဘာမှ ထပ်စောင့်စရာမလိုတော့ပါ။ အမှုစစ်အဖွဲ့ဝင်အားလုံး သိထားကြသည်မှာ သူတို့လုပ်ငန်း ပြီးသွားပြီဟူသည်ပင်။ နှစ်နှစ်ခွဲကြာ စုံစမ်းခဲ့သော တိန့်ရှောက်ဖိန်အမှုစစ်အဖွဲ့၏လုပ်ငန်းတာဝန်ကား ဤသို့ပင်အဆုံးသတ်သွားသည်။

www.foreverspace.com.mm

# ။ ၁၃ ။

# ဇကြိမ်မြောက် ပါတီအမျိုးသားကွန်ဂရက်နှင့် တော်လှန်ရေး ဆက်လက်လှုပ်ရှားခြင်း

၁၉၆၉ ဧပြီလတွင် ၉ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသား ကွန်ဂရက်ကို ပေကျင်းတွင် မော်စီတုံးက ဦးဆောင်ကျင်းပ၏။ ဤကွန်ဂရက် သည် ပြန်လည်ပြင်ဆင်ရေးဝါဒီများကို တော်လှန်ရေးအင်အားစုက ချေမှုန်းရန် စွမ်းအားမြှင့်အစီအစဉ်အဖြစ် အလွန်အရေးကြီးသည်ဟု မော်က ယူဆ၏။

ကွန်ဂရက်က အရေးကြီးသောဆုံးဖြတ်ချက်များစွာ ချမှတ်ခဲ့၏။

(၁) မော်၏ လူတန်းစားတိုက်ပွဲသဘောတရားကို ပါတီ၏ အခြေခံ သဘောတရားအဖြစ် ဆိုရှယ်လစ်ဝါဒတစ်လျှောက်လုံးသတ်မှတ်ရန်။မဟာပစ္စည်း မဲ့ယဉ်ကျေးမှုတော်လှန်ရေးကို လိုအပ်သဖြင့် အချိန်နှင့်အညီ ထွက်ပေါ်လာခြင်း ကို အသိအမှတ်ပြုရန်။

(၂) ကွန်မြူနစ်ပါတီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ကာ မော်၏အရိုက်အရာကိုခံယူသူနှင့် အနီးကပ်ဆုံး တိုက်ဖော်တိုက်ဖက်ရဲဘော်အဖြစ် လင်ပြောင်ကို အသိအမှတ်ပြုရန်။

(၃) ဗဟိုကော်မတီသစ် ခန့်အပ်ရန်။ ယဉ်ကျေးမှုတော်လှန်ရေးခေါင်း ဆောင်များ၊ သူပုန်ခေါင်းဆောင်အုပ်စုများ ကော်မတီတွင် ပါလာ၏။

ကွန်ဂရက်က မော်စီတုံးကို ဥက္ကဋ္ဌ၊ လင်ပြောင်ကို ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့၏။ ကော်မတီဝင်များတွင် ကျန်းကျင်း၊ ဇန်ချွန်ကြောင်၊ ယောင်ဝေယွမ်၊ ချင်ဘိုဒါ၊ ကန်ရှိန်၊ ဇီဖုဇီ စသော ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုများ ပါလာ၏။ လင်ပြောင်အုပ်စုမှ ဟွမ်ယုံချင်း၊ လီဇုဖုန်၊ ကျူဟိုဇို၊ ဝုဖက်ကျင်း၊ ယီကျွမ်းတို့

www.foreverstore.com.mm

ပါလာ၏။ ဤအုပ်စုနှစ်စုမှပုဂ္ဂိုလ်များသည် ဗဟိုကော်မတီပေါ်လစ်ဗျူရို၏နေရာတစ်ဝက်ကို ယူထားကြသည်။

မော်ကမူ ယဉ်ကျေးမှုတော်လှန်ရေးကို အဆုံးသတ်လိုစိတ်ပေါ်နေဟန်တူ၏။ သို့သော် သူ့ဇာတ်ကိုသူမနိုင်တော့။ ပြဿနာတွေက တက်လာ၏။ ပြဿနာတစ်ခုကို ဖြေရှင်းရင်း နောက်ပြဿနာက ပေါ်လာပြန်သည်။ အဆုံးအစကိုရှာ၍မရတော့။ ပါတီကွန်ဂရက်တစ်ခုတည်းကလည်း အဖြေရှာ၍မရနိုင်။

"ဒီတော်လှန်ရေးမှာ အဆုံးမသတ်နိုင်တာတွေရှိတယ်။ ဆက်လုပ်စရာတွေရှိတယ်။ လူတန်းစားတိုက်ပွဲတို့၊ ဝေဖန်ရေးတို့၊ ပြန်လည်ဖွဲ့စည်းရေးတို့ပဲ။ နောင်နှစ်အတော်ကြာလာရင် တို့တတွေ နောက်ထပ်တော်လှန်ရေးကိုတောင်ထပ်လိုရင်လိုဦးမယ်"

မော်က ထိုသို့ပြောကာ စက်ရုံ၊ လယ်ယာ၊ကျောင်းတိုင်းတွင် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို အားဖြည့်ထူထောင်ခဲ့၏။ ယဉ်ကျေးမှုတော်လှန်ရေးကို အဆုံးမသတ်နိုင်သေးသည့်အပြင် ပို၍ပင် နက်နက်ရှိုင်းရှိုင်းလုပ်မည့်သဘောဖြစ်နေ၏။

မော်၏ အယူအဆနှင့် လင်ပြောင်၊ ကျန်းကျင်းတို့အယူအဆမှာလည်း သိပ်မတူညီကြ။ မော်သည်လည်း တချို့နေရာတွင် သံဃာအား ဘုရား မခံသာသောကိန်းမျိုး ဆိုက်နေဟန် တူ၏။

၉ကြိမ်မြောက် ပါတီကွန်ဂရက်ပြီးချိန်တွင် ယဉ်ကျေးမှုတော်လှန်ရေးသက်တမ်းမှာ ၃နှစ်ပင် ရှိခဲ့ပြီ။

၁၉၆၉ မေလ ၃ရက်တွင် တိန့်ရှောက်ဖိန်သည် ပါတီဗဟိုကော်မတီဌာနချုပ်ရုံးအကြီးအကဲ ဝမ်တုန်မင်းထံ စာရေး၏။ ကွန်ဂရက်၏ဆုံးဖြတ်ချက်များကို ထောက်ခံကြောင်းမှစ၍ သူ့ကိစ္စကိုပြန်လည်သုံးသပ်ပေးပါရန် ပါတီ၏အဆုံးအဖြတ်ကို နာခံစောင့်ဆိုင်းပါကြောင်း ရေးသားထား၏။

ဤစာသည် မော်စီတုန်းလက်သို့ ရောက်၏။ ထိုမှတစ်ဆင့် လင်ပြောင်နှင့် ပေါ်လစ်ဗျူရိုလူကြီးများထံရောက်၏။

တိန့်ရှောက်ဖိန်၏ အနေအထားကို မော်က သဘောကျသည်။ ပထမအချက်အနေနှင့် တိန့်သည် သူ့ဘာသာသူ ဝေဖန်၏။ မော်က ဤသည်ကိုအရေးကြီးသည်ဟု သဘောထား၏။ ဒုတိယအချက်အနေနှင့် မော်သည် သူ့ကို

www.foreverspace.com.mm

ပါတီမှမထုတ်ပယ်သည်မှာ မှန်၏ဟု မော်က ယုံကြည်၏။မည်သို့ဆိုစေ တိန့်၏အခြေအနေကား တိုးတက်လာသည်ဟုပင်ဆိုရမည်။ အရေးကြီးတာက တိန့်သည် သူ့သားသမီးများနှင့် တွေ့ခွင့်ရရေး။

ပေကျင်းတက္ကသိုလ်ဆေးရုံတွင် တက်နေရဆဲဖြစ်သော သားကြီး ပုဖုန်း၏ အခြေအနေမှာမူ 'တန်ပြန်တော်လှန်ရေးသမား'မှသည် 'ပညာတတ်ဖြစ်နိုင်သော ကလေး'အဖြစ် အဆင့်တိုးလာ၏။ သူ့ကို ဆေးရုံကောင်းကောင်းသို့ပြောင်းကာ အရိုးကုပါရဂူနှင့် ကြပ်ကြပ်မတ်မတ် ကုပေး၏။ သူ့အတန်းသားတွေကိုလည်း သူ့ထံ လာရောက်ခွင့်ပြုခဲ့၏။

သမီးများထဲမှ တိန့်နန်းတစ်ယောက်သာ သူ့ဖခင်မိခင်တို့နှင့် တစ်ကြိမ်တွေ့ခွင့်ရ၏။ တွေ့ခွင့်ရစဉ် သူတို့သားကြီးပုဖုန်းကို မေး၏။ ပုဖုန်း ဆေးရုံတက်ရကြောင်း အခုမှသူတို့သိကြရ၏။ တိန့်ရှောက်ဖိန်သည် ဥက္ကဋ္ဌမော်ထံ ချက်ချင်းစာရေးကာ ပိုမိုကောင်းမွန်သောကုသခွင့် တောင်း၏။

မော်စီတုန်းနှင့် ချူအင်လိုင်းတို့က ဤစာကို လက်ခံကာ အရေးတယူဆောင်ရွက်ပေးကြ၏။ သို့နှင့် ပုဖုန်းသည် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဤ အမှတ် ၃၀၁ဆေးရုံသို့ ရွှေ့ပြောင်းကုသပေးခြင်း ခံလိုက်ရ၏။ ထိုမှတစ်ဆင့်ဩဂုတ်လ ၅ရက်တွင် ခွဲစိတ်ကုသဆောင်သို့ ရောက်၏။ သို့သော် ဆရာဝန်များက ကုသမှု အားနည်းသဖြင့် ဆေးထိုးများကာ နားတစ်ဖက်ပင် ပင်းသွားခဲ့၏။ နောက်မှ အပ်စိုက်ကုသမှုခံယူရကာ ရောဂါသက်သာလာ၏။ ပုဖုန်းမှာ ထိုစဉ်က ၂၅နှစ်သာ ရှိသေး၏။ နဂိုအတိုင်း ပြန်ကောင်းဖို့ကား မလွယ်ကူလှ။ အထောက်အကူလူအတွဲ မပါဘဲ သူ့ဘာသာသူ ရပ်တည် လှုပ်ရှားနိုင်ရုံမျှပင် အခြေအနေကောင်းသေးသည်ဟု ဆိုရပေမည်။

www.foreverstar.com.mm

## ။ ၁၄ ။
## သေနင်္ဂဗျူဟာပြင်ဆင်ခြင်း

၁၉၆၉ ခု၊ မတ်လတွင် အရှေ့မြောက်နယ်စပ်၌ တရုတ်နှင့် ဆိုဗီယက်ယူနီယံတပ်များ ပဋိပက္ခဖြစ်ကြ၏။ ဤကဲ့သို့ နယ်စပ်ပဋိပက္ခများသည် ၁၉၆၄ခုကတည်းကဖြစ်ခဲ့ရာ ယခု 'ဇင်ဘိုကျွန်း'(တန်ဖိုးရှိ ပုလဲကျွန်း)ပဋိပက္ခမှာ အကြီးဆုံးဖြစ်၏။ မော်စီတုံးက အခြေအနေကိုပိုတွက်ကာ ကမ္ဘာစစ်ဖြစ်တော့မည်ဟုထင်၏။ ထို့ကြောင့် တရုတ်တပ်မတော်ကို အသင့်ပြင်ခိုင်းသည်။ အောက်တိုဘာ ၁၇ ရက်တွင် လင်ပြောင်သည် 'စစ်အင်အားတိုးချဲ့ပြီး ရန်သူ၏အလစ်တိုက်ခိုက်မှုကို ပြင်ဆင်ကြ' ဟု အရေးပေါ်ညွှန်ကြားချက် ထုတ်သည်။ အောက်တိုဘာ ၁၈ ရက်တွင် စစ်ဦးစီးချုပ်'ဟွမ်ယောင်ရှိန်'က 'ဒု-ဥက္ကဋ္ဌလင်ပြောင်၏ အမိန့် အမှတ်(၁)'ဟု ဖြန့်ဝေကာ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ကို စစ်ပြင်ခိုင်း၏။

ယခင်စစ်မှုထမ်းဟောင်း 'ချူတေး'နှင့် 'ဒုံဟီဂူ'ကို ကွမ်တုံပြည်နယ်သို့လည်းကောင်း၊ ယိကျန်ရင်ကို ဟူနန်ပြည်နယ်၊ ချင်ယွန်းနှင့် ဝမ်ဇိန်ကို ကျန်စီပြည်နယ်၊ နိရုံဇိနှင့်ချင်ယီကို ဟိဘေပြည်နယ်များသို့လည်းကောင်း ခွဲ၍ပို့၏။ လျူရှောက်ချီကို ဟီနန်ပြည်နယ် ကိုင်ဖုန်သို့ လည်းကောင်း၊ တိန့်ရှောက်ဖိန်ကို ကျန်ဇီပြည်နယ်သို့လည်းကောင်း ပို့၏။

ထိုသို့စေလွှတ်ပြီးနောက် မော်က အမိန့်ထပ်ပေး၏။

'ချင်ယွန်းနဲ့ဝမ်ဇင်ကို အဆက်အသွယ်နီးတဲ့နေရာမှာ ချထား၊ တိုက်ပွဲစ,ရင် သူတို့မရှိရင် ငါဘာမှမလုပ်နိုင်ဘူး၊ သူတို့က အသုံးဝင်တယ်၊ ငါသူတို့ကို လိုနေဆဲပဲ'ဟု ပြောသည်။

'ဝမ်တုံမင်း'က 'တိန့်ရှောက်ဖိန်'ကို လာတွေ့ကာ စစ်ပွဲအတွက် ပြင်

ဆင်မှုများကို ပြောသည်။ ဗဟိုကော်မတီက သူ့လူများကို နေရာအနှံ့ခွဲဖြန့်ထား ကြောင်းလည်း ပြော၏။ ကျန်ဇီပြည်နယ်တွင် 'တိန့်ရှောက်ဖိန်'သည် စက်ရုံတစ် ရုံတွင် အလုပ်လုပ်ရန် တာဝန်ကျ၏။ 'ဝမ်တုံမင်း'သည် မော်နှင့်အနီးကပ်နေသူ လူယုံဖြစ်၍ မော်က သူ့ကို တိန့်အား လာတွေ့ခိုင်းခြင်းဖြစ်၏။ အကျယ်ချုပ်ခံရ ပြီး မည်သူနှင့်မျှ တွေ့ခွင့်မပေးသောအခြေအနေမှနေ၍ ယခု စက်ရုံတွင်နေရာချ ထားခြင်းသည် ပိုမိုအခြေအနေကောင်းသောလက္ခဏာ ဖြစ်၏။

အပြောင်းအရွှေ့ကိစ္စကို 'ချူအင်လိုင်း'က အသေးစိတ်စီစဉ်ပေး၏။

'တိန့်ရှောက်ဖိန်ကို တခြားသူတွေနဲ့ မရောနဲ့နော်၊ သူ့ကို သီးခြားဆက် ဆံကြ၊ ဇုကြိမ်မြောက်ပါတီကွန်ဂရက်မှာ မော်က ပြောထားပြီးသားပဲ၊ တိန့်ရဲ့ အခြေအနေက တခြားသူတွေနဲ့ မတူဘူးဆိုတာ၊ သူ စက်ရုံမှာ အလုပ်လုပ်လိမ့် မယ်၊ သူက အသက် ၆၀ကျော်ပြီ၊ ကျန်းမာရေးလဲ သိပ်ကောင်းတာမဟုတ်ဘူး၊ စက်ရုံမှာ အလုပ်လုပ်ရင် သိပ်ပင်ပင်ပန်းပန်း မလုပ်စေနဲ့၊ လစာလည်း သင့်တင့် ပါစေ'ဟုပင် 'ချူအင်လိုင်း'က ပြောသည်။

တိန့်ရှောက်ဖိန်ကို ကျန်ဇီပြည်နယ်၊ ဂန်ဇုတွင် နေရာချထားကြောင်း သိသောအခါ ချူအင်လိုင်းက ဖုံးဆက်ပြန်၏။

'မင်းတို့ ဘာဖြစ်လို့ သူ့ကို ဒီလောက်အဝေးကြီးမှာထားတာလဲ၊ ဒါက တောင်ပေါ်ဒေသကွ၊ သွားရေးလာရေး ခက်ခဲတယ်၊ သူက အသက်၆၀ကျော်နေ ပြီ၊ သူဖျားရင်နာရင် ဘယ်နှယ့်လုပ်မလဲ၊ သူ့ကို မြို့နဲ့နီးနီးမှာ ထားပါ၊ နှစ်ထပ် အိမ်တစ်လုံး စီစဉ်ပေးလိုက်၊ သူတို့က အပေါ်ထပ်မှာနေ၊ ကူဖော်လောင်ဖက်တွေ က အောက်ထပ်မှာ နေပါစေ'

ဝန်ကြီးချုပ်၏ ညွှန်ကြားချက်မှာ တိကျ၏။ အသေးစိတ်ကျ၏။ 'တိန့်' က သူပြောင်းရွှေ့မည့်အစီအစဉ်ကို မော်အား စာရေးတင်ပြ၏။ မော်ကလည်း ထိုစာကို လက်ခံဖတ်ရှုခဲ့၏။

တရုတ်နိုင်ငံရေး သုခမိန်-တိန့်ရှောက်ဖိန်

॥ ၁၅ ॥

## တစ်ကိုယ်တော်ရွှေ့ပြောင်းခန်း

၁၉၆၉ အောက်တိုဘာ ၂၂ ရက်။

နံနက် ၉ နာရီတွင် အီလျူးရှင်း ၁၄-စစ်လေယာဉ်ဖြင့် ထွက်ခွာကြ၏။ ခရီးသည်ဟူ၍ တိန့်ရှောက်ဖိန်၊ သူ့ဇနီး၊ ယောက္ခမကြီးတို့သာ ပါ၏။ တိန့်အမှုစစ်အဖွဲ့သည် လေယာဉ်နောက်ဘက်တွင် လိုက်ပါကြ၏။ နာရီအတော်ကြာစီးပြီးမှ ကျန်ဇီပြည်နယ် နန်းချမ်းမြို့သို့ ရောက်သည်။ ကျန်ဇီပြည်နယ်တော်လှန်ရေးကော်မတီဥက္ကဋ္ဌက ဆီးကြို၏။

"ရဲဘော်တိန့်ရှောက်ဖိန်ခင်ဗျား၊ ဥက္ကဋ္ဌကြီးမော်က ရဲဘော်ကြီးကို စေလွှတ်လိုက်တယ် ကြားပါတယ်၊ ကျွန်တော်တို့ ရဲဘော်ကြီး ဒီကိုရောက်လာတာ သိပ်ဝမ်းသာပါတယ်"

"ရဲဘော်"ဟူသော အခေါ်အဝေါ် မကြားရသည်မှာ ကြာပြီ။ နွေးထွေးသောအပြုံးများ မတွေ့ရသည်မှာ ကြာပြီ။ ယခုမှတစ်ခါ ပြန်ကြုံရ၏။

ဆီဒင်ကား သုံးစီးဖြင့် လာကြို၏။ အလယ်ကားတွင် တိန့်ရှောက်ဖိန်တို့ လိုက်ပါရ၏။ ဧည့်ဂေဟာသို့ရောက်သောအခါ တိန့်အမှုစစ်အဖွဲ့ဝင်များနှင့် ၁၀ မိနစ်ကြာမျှ စကားပြောရ၏။ ဤသည်မှာ သူတို့အမှုစစ်အဖွဲ့နှင့် တိုက်ရိုက်စကားပြောရသည်မှာ ပထမဆုံးနှင့်နောက်ဆုံးအကြိမ်ပင် ဖြစ်၏။

ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် မော်စီတုံးသည် တိန့်ရှောက်ဖိန်ကို သာမက ရဲဘော်ဟောင်းတော်တော်များများကိုလည်း ကာကွယ်ပေးခဲ့၏။

ဤနေရာတွင် မော်အနေဖြင့် သူ့အရိုက်အရာဆက်ခံမည့်သူကို ရွေးချယ်

www.foreverspace.com.mm



သည့်မှုကို တင်ပြလိုပါသည်။ သူသည် လေးလေးနက်နက်စဉ်းစားပြီးမှ သူ့နေရာ ဆက်ခံသူအဖြစ် လင်ပြောင်ကို ရွေးခဲ့ခြင်း ဖြစ်၏။ ကျင်ဂန်းတောင်တန်းခေတ် စစ်အတွင်းကာလမှ စ၍ လင်ပြောင်သည် မော်၏အားအကိုးရဆုံး ဗိုလ်ချုပ်ကြီး များထဲတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ သူသည် စစ် မည်သို့တိုက်ရမည်ကို သိ၏။ ထို့ကြောင့် စစ်ပွဲများစွာနိုင်ခဲ့သည်။ ပါတီနှင့်တပ်မတော်အတွင်း နိုင်ငံ ရေးတိုက်ပွဲများတွင်လည်း သူသည် အမြဲပင် မော်၏ဘက်မှ ရပ်ခဲ့သူဖြစ်သည်။ လွတ်မြောက်ပြီးနောက်ပိုင်း ၁၉၅၉ လူရှန်းညီလာခံတွင် သူသည် ပိန်ဒီဟွေ့ကို ဝေဖန်ရာတွင် ပါဝင်ခဲ့၏။ ၆ဝခုနှစ်များတွင် သူသည် မော်စီတုံးအတွေးအခေါ်ကို လေ့လာရန် ဦးဆောင်ဆော်ဩခဲ့၏။ ၁၉၆၂ ခုနှစ် ညီလာခံတွင်လည်း လျူရှောက် ချီ၊ တိန့်ရှောက်ဖိန်နှင့် တခြားခေါင်းဆောင်ရဲဘော်များစွာတို့က 'လက်ဝဲ'ပေါ်လစီ များကို ပြင်းပြင်းထန်ထန်ဝေဖန်ချိန်တွင် လင်ပြောင်သည် မော်ကို ချီးကျူးကာ အလွန်အမင်း မြှောက်ပင့်ခဲ့သူဖြစ်သည်။

မော်စီတုံးသည် လူချွန်လူမွန်တစ်ဦးဖြစ်၏။ တစ်ချိန်တည်းမှာပင် သူ သည် စိတ်ခံစားမှုလွန်ကဲသူ၊ ခေါင်းမာသူလည်း ဖြစ်၏။ သူသည် လင်ပြောင်ကို သူ့နေရာဆက်ခံသူအဖြစ် ရွေးချယ်ခဲ့သော်လည်း လုံးလုံးလျားလျား ယုံကြည်မှု မရှိ။ အထူးသဖြင့် ယဉ်ကျေးမှုတော်လှန်ရေးအတွင်း လင်ပြောင်၏မဆင်မခြင် လုပ်ရပ်များကြောင့် သူ့ကို ပို၍သတိထားနေရ၏။ ကျန်းကျင်းနှင့် ယဉ်ကျေးမှု တော်လှန်ရေးအုပ်စုကိုလည်း သူ ယုံလွန်းသည်မဟုတ်။ သူတို့ကို တကယ်တမ်း ထိန်းမနိုင် သိမ်းမနိုင် ဖြစ်ချိန်တွင် သူမှားပြီ ဆိုသည်ကို သူ သိခဲ့၏။ ထို့ကြောင့် နောက်ပိုင်းတွင် ထိုသူများကို သူ့အကန့်နှင့်သူသာ ဆက်ဆံခဲ့၏။ ထိုသူများအား နိုင်ငံတော်ကောင်စီ၊ နိုင်ငံခြားရေးရာ၊ တပ်မတော်တို့ကို မကိုင်ခိုင်းခဲ့။ ဤကိစ္စ များကို မော်တစ်ဦးတည်းသာ ချင့်ချင့်ချိန်ချိန်ကိုင်တွယ်ခဲ့၏။ မော်သည် နိုင်ငံရေး သမားကောင်းတစ်ဦး ဖြစ်၏။ သူသည် အင်အားကို ချိန်ဆတတ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့ရဲဘော်ဟောင်းများအပေါ် အလွန်အမင်းမဝေဖန်။ အလွန်အမင်း ပစ်တောင်းစကာ မလုပ်။ အထူးသဖြင့် သူသည် တိန့်ရှောက်ဖိန်၏အရည်အချင်း ကို သိသည်။ ထို့ကြောင့် တိန့်ရှောက်ဖိန်ကို သူ လက်လွှတ်မခံ။

ယခုအချိန်တွင် နိုင်ငံရေးရော စီးပွားရေးပါ တရုတ်ပြည် အကြပ်ရိုက်နေ

www.foreverspace.com.mm

ချိန်ဖြစ်၏။ ဤပြဿနာများကို လင်ပြောင် မည်သည့်နည်းနှင့်မျှမဖြေရှင်းနိုင်သည်ကို မော် သိ၏။ ကျန်းကျင်းတို့အုပ်စုကား ဤသို့အရည်အသွေးမျိုးမရှိနိုင်ကြောင်းလည်း သူ နားလည်ထား၏။

မော် တကယ်အားကိုးသည်မှာ ချူအင်လိုင်း။ ထိုနောက် တိန့်ရှောက်ဖိန်ကို အရံအနေနှင့် သူအသုံးချလိုသေးသည်။ ထို့အတူ ယဉ်ကျေးမှုတော်လှန်ရေးက ဘေးဖယ်ချလိုက်သူ သူ့ရဲဘော်ဟောင်းများ၏အားကိုလည်း သူ ယုံကြည်သေးသည်။ ဤအချက်သည်ပင်လျှင် နောင်တစ်ခေတ် တရုတ်ပြည်သစ် အောင်မြင်တိုးတက်လာရေးတွင် မော်၏အမြော်အမြင်ကြီးမှုအဖြစ် တစ်သက်တာမော်ကွန်းတင်ရမည်ပင် ဖြစ်ပါသည်။

## ။ ၁၆ ။

## ကျန်ဇီတွင် နေထိုင်ရသောနေ့ရက်များ

ကျန်ဇီတွင် တိန့်ရှောက်ဖိန်၊ ဇနီးသည်နှင့်တိန့်၏မိထွေးတို့အပြင် အဖော်နှစ်ဦး ရှိခဲ့၏။ တစ်ဦးမှာ ကျန်ဇီတော်လှန်ရေးကော်မတီမှစေလွှတ်ထားသူ 'ဟွမ်ဝင်ဟွာ'ဖြစ်ပြီး၊ တစ်ဦးမှာ 'ယန်ဟိ'ဆိုသော ရဲဘော်လေးတစ်ဦးဖြစ်၏။ 'ဟွမ်'၏တာဝန်မှာ တိန့်ရှောက်ဖိန်တို့အား ကြည့်ရှုစောင့်ရှောက်၊ အထက်သို့ သတင်းပို့စရာရှိတာပို့၊ တိန့်တို့ခိုင်းတာလုပ်။ သူ့အခန်းထဲတွင် တယ်လီဖုံးတစ်လုံးတပ်ပေးထားကာ ပြင်ပနှင့်ဆက်သွယ်ပေးရသောတာဝန်များ ထမ်းဆောင်ရ၏။

'ယန်ဟိ'မှာ တောက်တိုမယ်ရ အစုံလုပ်ပေးရသည်။ တံမြက်စည်းလှဲ၊ ကြမ်းတိုက်၊ အဝတ်လျှော်၊ လက်တိုလက်တောင်းလုပ်စရာသိမ်းကျုံးလုပ်။ သူတို့နှစ်ဦးသည် အိမ်အောက်ထပ်တွင်နေရ၏။ သူတို့နှင့်တိန့်တို့မှာ ကြာတော့ မိသားစုကဲ့သို့ သွေးဝင်သားဝင် ရင်းနှီးခင်မင်လာကြ၏။

တိန့်အမှုစစ်အဖွဲ့ ပေကျင်းသို့ ပြန်ရောက်သောအခါ အောက်ပါအတိုင်း အစီရင်ခံစာတင်ပြခဲ့ကြ၏။

'အောက်တိုဘာ ၂၂ ရက်တွင် တိန့်ရှောက်ဖိန်၊ သူ့ဇနီး၊ သူ့မိထွေးတို့ကို ကျန်ဇီသို့ ပို့ခဲ့၏။ ကျွန်တော်တို့ ၂၈ ရက် ယနေ့တွင် ပြန်ရောက်ကြပါသည်။ သူတို့ကို နန်ချန်မြို့နှင့် ၁၃ကီလိုမီတာအကွာ ယခင် ခြေလျင်တပ်ကျောင်းနေရာတွင် နေရာချပေးခဲ့ပါသည်။ ပြည်နယ်တော်လှန်ရေးကော်မတီက အစောင့်အဖြစ် တပ်သား ၁၂ဦးကို စေလွှတ်ထားပါသည်။ တိန့်မိသားစုသည် အဆောက်အဦ

ငယ်လေးတွင် သီးခြားနေထိုင်ကြပါသည်။ ဝန်ထမ်းတစ်ဦးနှင့် ရဲဘော်တစ်ဦးကို အဖော်အဖြစ်ထားခဲ့ပါသည်။တိန့်သည် နေ့အခါတွင် အလုပ်လုပ်ပါသည်။ သူ့ တိန့်ရှောက်ဖိန် ဟူသောအမည်ကိုပင် ဆက်လက်သုံးစွဲခွင့်ပြုထားပါသည်။'

မကြာမီမှာပင် ကျန်ဇီတော်လှန်ရေးကော်မတီဥက္ကဋ္ဌ 'ချင်ရှိကျင်'က တိန့်ရှောက်ဖိန်နှင့် တွေ့ဆုံခဲ့သည်။ သူသည် လင်ပြောင်ဂိုဏ်း၏ နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း 'အရင်းရှင်လမ်းကြောင်းလိုက်သူ ဒုတိယအကြီးဆုံးပုဂ္ဂိုလ်'ကို တွေ့ဆုံသောအခါ အလွန်ပင် နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့ ရှိလှ၏။ တွေ့ဆုံပြီး အခန်းအပြင်ဘက်အထွက်တွင် မတ်တပ်ရပ်စောင့်နေသော အစောင့်ရဲဘော်ကို တွေ့သောအခါ 'မင်းတို့ စောင့်စရာမလိုဘူး'ဟု ကျန်ဇီတော်လှန်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌက နှင်ထုတ်ခဲ့၏။ ထိုနေ့မှစ၍ တိန့်ကို အိမ်ဝင်းအပြင်တွင် စောင့်ကြပ်နေကြသော အစောင့်တပ်များ ရုတ်သိမ်းသွားခဲ့၏။

ကျန်ဇီ၏အောက်တိုဘာလသည် ဆောင်းရာသီ မပီပြင်ပါ။ ၄င်းသည် မအေးပါ။ သစ်ပင်များသည် စိမ်းလန်းနေဆဲ။ တိန့်ရှောက်ဖိန်သည် ကျန်ဇီတွင် ဘဝသစ်ကို အေးအေးဆေးဆေးခံယူလျှောက်လှမ်းခဲ့သည်။ လေယာဉ်အဆင်းတွင် 'ရဲဘော်'ဟု သူ့ကိုနှုတ်ဆက်သော အသုံးအနှုန်းသည်ပင် သူသည် နွေးထွေးလှပြီ။ ကျန်ဇီတွင် သူသည် အကျယ်ချုပ်အချခံထားရဆဲ။ သို့သော် မတင်းကြပ်လှ။ အချုပ်အချယ်များ လျော့နည်း၏။ သူသည် စက်ရုံသို့ကား လွတ်လွတ်လပ်လပ်သွားနိုင်၏။ သို့သော် တခြားနေရာများသို့ကား သွားခွင့်မရှိ။ ခြံဝင်းအပြင်သို့ပင် သိပ်ထွက်ခွင့်မရခဲ့။

တိန့်ရှောက်ဖိန်သည် ၆၅နှစ် ရှိပြီ။ သို့သော် ကျန်းမာရေးက မယိုယွင်းသေး။ ထင်းခွဲနိုင်ဆဲ၊ ရေခပ်နိုင်ဆဲ၊ ကြမ်းတိုက်နိုင်ဆဲ။ တိန့်၏ဇနီးကမူ အသက် ၅၃နှစ်သာ ရှိသေးသော်လည်း သွေးတိုးရှိ၏။ နှလုံး မကောင်း။ သူက တံမြက်လှဲတာ၊ စားပွဲသုတ်တာ၊ အဝတ်ချုပ်တာလောက်ပဲ တတ်နိုင်၏။ တိန့်မိထွေးသည်မူ အသက်၇၀ရှိပြီဖြစ်သော်လည်း အလုပ်ကြမ်းလုပ်နိုင်ဆဲ။ သူက ခုထိ ထမင်းဟင်း ကောင်းကောင်းချက်နိုင်သေးသည်။ ဤအိုကြီးအိုမ သုံးဦးသည်ပင် ကိုယ့်ဝန်တာကို ကိုယ်တစ်နိုင်တစ်ပိုင် လုပ်နေကြရ၏။

ကျန်ဇီတွင် နေထိုင်စဉ် သူတို့၏သားသမီးများနှင့် အဆက်အသွယ်လုပ်

www.foreverspace.com.mm



ခွင့်ရ၏။ စာအဆက်အသွယ်။ မိဘများက အခြေတကျ စိတ်အေးလက်အေးနေနိုင်သော်လည်း နိုင်ငံတစ်ခုတည်း အကွဲကွဲအပြားပြားနေထိုင်နေကြရသော သားသမီးတို့အပေါ်မူ ရတက်မအေးကြ။ မိဘများက လစာထိုက်သင့်သလောက်ရနေကြ၍ ပူစရာမရှိ။ ပူနေရတာက သားသမီးများ၏ပညာသင်စရိတ်။ တိန့်လင်းနှင့် တိန့်နန်း၊ သမီးနှစ်ဦးကား ဘွဲ့ရခဲ့ကြပြီ။ အလုပ်ကိုယ်စီနှင့်။ သူတို့ဘာသာသူတို့ရပ်တည်နိုင်ကြပြီ။ သားကြီးဖြစ်သူ ပုဖုန်းမှာမူ ဆေးရုံတွင် ကိုယ်တစ်ခြမ်းသေဘဝဖြင့် ဝင်ငွေလည်း တစ်ပြားမှမရှိ။ အငယ်ဆုံးသမီး 'မော်မော်'နှင့် အငယ်ဆုံးသား 'ဖေ့ဖေ့'တို့မှာမူ စိုက်ပျိုးရေးလုပ်အားပေးတွေ။စားဖို့ကား မပူရ။အဝတ်အထည်တွေဘာတွေတော့ မဝယ်နိုင်။ အိမ်သုံးပစ္စည်း မဝယ်နိုင်။ ၄င်းကိစ္စများကို တိန့်နှင့်ဇနီးတို့က ပူပန်နေရ၏။ ထို့ကြောင့် သူတို့သုံးယောက်သားသည် အပိုအသုံးစရိတ် ဘာမှမကုန်အောင် အစွမ်းကုန်ချွေတာကြ၏။ ကုန်စရာဆို၍ တိန့်၏ စီးကရက်ဖိုးလေးမျှသာ ရှိ၏။ သူ၏အထီးကျန်ဘဝကိုဖြေဖျောက်စရာဟူ၍ ဤစီးကရက်သာရှိ၏။ စီးကရက်ကိုစွဲခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ သို့သော် သားသမီးများအတွက်မူ စီးကရက်အသောက်လျှော့ခဲ့၏။ စီးကရက်တစ်လိပ်ကို ပင် သုံးလေးခါ ခွဲသောက်၏။ နည်းနည်းလေး ဖွာလိုက်၊ မီးငြိမ်းလိုက်၊ နောက်တစ်ခါပြန်သောက်လိုက်။ တစ်ပြားဆိုတစ်ပြား ဆိုသလောက် သူတို့ ခြိုးခြံကြ၏။ တစ်လကုန်ကျစရိတ်ဟူ၍ ယွမ်ဖ၆ဝသာ ရှိ၏။ ကျန်တာတွေကိုစုပြီး သားသမီးများထံ ပို့ပေး၏။

## ။ ၁၇ ။

## အလုပ်သမားဘဝ

တိန့်ရှောက်ဖိန်နှင့်ဇနီးသည် အိမ်နှင့်သိပ်မဝေးသော ‘စင်ကျန်းပြည်နယ် လယ်ထွန်စက်စက်ရုံ’တွင် အလုပ်လုပ်ရ၏။ သူ့ကို စက်ရုံဝန်ထမ်းများက ‘တိန့်ကြီး’ဟု ခေါ်ကြ၏။ လုပ်ငန်းတာဝန်မှာ သိပ်မပင်ပန်းလှ။ ခပ်ပေ့ါပေ့ါအလုပ်များသာလုပ်ရ၏။ ယခုစက်ရုံမှူး လူဖုန်းသည် ဂျပန်တော်လှန်ရေးကာလက တိန့်ရှောက်ဖိန်၏တပ်တွင် တာဝန်ထမ်းဆောင်ဖူးသည်။ သူသည် နိုင်ငံရေးတာဝန်ခံ တိန့်ရှောက်ဖိန်၏မိန့်ခွန်းများကို မကြာခဏနားထောင်ဖူးသည်။ထို့ကြောင့် သူက တိန့်အကြောင်းကောင်းကောင်းသိ၏။ လွတ်မြောက်ပြီးနောက်ပိုင်းတွင် လူဖုန်းသည် ပေကျင်းပြည်ထဲရေးဌာနတွင် ဒုတိယအကြီးအကဲတာဝန်ထမ်းဆောင်ခဲ့၏။ သို့သော် ၁၉၅၉တွင် နိုင်ငံရေးဝေဖန်မှုတစ်ခုမှားခဲ့၍ သူ့ကို ကျန်ဇီသို့ပို့လိုက်ခြင်းဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် သူသည် ဤစက်ရုံငယ်သို့ပို့ခြင်းခံရ၏။ ဤစက်ရုံသို့ ‘တိန့်’ရောက်လာမည်ဆိုသောသတင်းကြားရသောအခါ ‘လူဖုန်း’သည် တုန်လှုပ်သွား၏။ လူဖုန်းသည် သူ့ဆရာကို သူကြည်ညိုခဲ့၏။ ထို့ကြောင့် စက်ရုံတွင် အခန်းငယ်တစ်ခန်းစီစဉ်ကာ တိန့်တို့ဇနီးမောင်နှံကို ထား၏။

နိုဝင်ဘာ ၉ ရက်တွင် အလုပ် စ,ဆင်းကြသည်။ အပြာရောင်ကာကီ အလုပ်သမားဝတ်စုံဝတ်ကြရ၏။ သူတို့က လုပ်ငန်းခွင်သွားရန် တက်ကြွနေကြ၏။ ယဉ်ကျေးမှုတော်လှန်ရေးစပြီးကတည်းက ပြင်ပလောကသို့ လွတ်လွတ်လပ်လပ်ထွက်ခွင့်ရခြင်းသည် ယနေ့ ပထမဆုံးအကြိမ်။ လူသူလေးပါးနှင့် မတွေ့ရ မဆက်ဆံခဲ့ရသည်မှာ သုံးနှစ်ပင် ကြာခဲ့ချေပြီ။

စက်ရုံသို့ လမ်းလျှောက်သွားရာ မိနစ်၄၀ ကြာ၏။ လူဖုန်းက စက်ရုံ

www.foreverspace.com.mm

အကြောင်းမိတ်ဆက်ပေးကာ ဖိုမင် 'တောက်ဂျွမ်ဂျင်း' ထံအပ်၏။စက်ရုံမှာ တပ်ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထား၏။ ဖိုမင်ကို 'ဗိုလ်လေး' ဟု ခေါ်ကြရသည်။

'ဗိုလ်လေးတောက်' သည် 'တိန့်' ကို သူ့အလုပ်ဌာနသို့ ခေါ်သွားကာ ကောင်းမွန်စွာဆက်ဆံ၏။ 'တိန့်' သူ့ထံရောက်လာသည်ကို တကယ်ပင်ဝမ်းသာနေ၏။ 'ဗိုလ်လေးတောက်' က 'တိန့်ကြီး' ကို အလုပ်ပေါ့ပေါ့ပါးပါး စ,ခိုင်း၏။ စပယ်ယာပစ္စည်းများကို ဓာတ်ဆီနှင့်ဆေးရသော အလုပ်။ သို့သော် တိန့်လက်တွေက အသက်ကြီးလာ၍တုန်ယင်နေ၏။သူသည် ကိုင်အားဆုပ်အား မကောင်း။ ခါးကိုကုန်း၍လည်း ကြာကြာမလုပ်နိုင်။ ထို့ကြောင့် နောက်အလုပ်တစ်ခုပြောင်းပေး၏။ စာရင်းဇယားများကို ဖတ်ရသော အလုပ်။ သို့သော် တိန့်က မျက်စေ့မကောင်း။ စာလုံးတွေ ဇယားတွေကို သိပ်မမြင်ရ။

'အားစိုက်ရတဲ့အလုပ် ခိုင်းစမ်းပါကွာ'

'တိန့်' က 'ဗိုလ်လေးတောက်' ကို တောင်းဆို၏။

သို့ဖြင့် တံစဉ်းတိုက်သောအလုပ်ကို လုပ်ခိုင်းကြည့်၏။ ဤတွင် အဆင်ပြေသွားသည်။ 'တိန့်' တံစဉ်းတိုက်သည်ကို ကြည့်ပြီး 'ဗိုလ်လေးတောက်' ပင် အံ့သြသွားသည်။ တယ်ပြီး ကျွမ်းကျင်လှပါကလား။

တကယ်တော့ မဆန်းပါ။ လွန်ခဲ့သော နှစ် ၄၀က ပြင်သစ်နိုင်ငံတွင် အလုပ်လုပ်ရင်း စာသင်ခဲ့ရစဉ်က 'ရေးနော' မော်တော်ယာဉ်စက်ရုံတွင် 'တိန့်' သည် အောက်ခြေသိမ်းအလုပ်မျိုးစုံ လုပ်ခဲ့ဖူး၏။ တံစဉ်းတိုက်သောအလုပ်များလည်း ပါသပေါ့။နှစ်ပေါင်းများစွာကြာသည့်တိုင် သူသည် သူ့အလုပ်ကို မမေ့သေး။ 'ဗိုလ်လေးတောက်' က 'တော်လှချည်လား' ဟု ချီးကျူးသောအခါ 'တိန့်' က ရယ်မော၍သာ နေလိုက်၏။ ပြင်သစ်ပြည်တွင် လွန်ခဲ့သည့်နှစ်လေးဆယ်က လေ့ကျင့်ခဲ့သောအလုပ်ကြမ်းသည် ယခု ကျန်ဇီစက်ရုံလေးတွင် လာပြီး အသုံးဝင်နေပါရောကလား။ ဤသို့ဖြစ်လာမည်ဟု သူတစ်ခါမှ မမျှော်လင့်ခဲ့။

'တိန့်' ၏ ဇနီးသည်ကတော့ ဝါယာတွေ ကွိုင်တွေကို သန့်စင်ရသောအလုပ်ကို လုပ်ရ၏။ လျှပ်စစ်ဌာန၏တာဝန်ခံက 'ချိန်ဟုန်ဇင်း' ဖြစ်၏။ သူက အလုပ်ကို သင်ပေး၏။ ကျန်အလုပ်သမားများက ပြုံးပြုံးလေးတွေ။ 'တိန့်' ၏ဇနီးသည် လုပ်ငန်းခွင်ကို ချက်ခြင်းသဘောကျသွား၏။

www.foreverstore.com.mm

အလုပ်သမားအများစုသည် ကျေးလက်မှဖြစ်ကြ၏။ သူတို့သည် ယဉ်ကျေးမှုတော်လှန်ရေးတွေဘာတွေကို စိတ်မဝင်စား။ ကိုယ်လုပ်မှကိုယ်စားရမည်ကိုသာ သိကြ၏။ သူတို့သည် ရိုးသားကြ၏။ 'အရင်းရှင်လမ်းကြောင်းလိုက်သူ' တို့ဘာတို့ကိုလည်း မသိ။ ထိုသူများကိုလည်း ရန်သူလို သဘောမထား။

မကြာခင်မှာပင် တိန့်တို့ဇနီးမောင်နှံနှင့် အလုပ်သမားများ ရင်းနှီးသွားကြ၏။

'တိန့်'တို့ကို သူတို့လိုပင် လုပ်ဖော်ကိုင်ဘက်တွေဟု သဘောထားကြ၏။ လုပ်စရာရှိလုပ်ကြ၊ စားစရာရှိစားကြ၊ ရယ်စရာရှိ ရယ်ကြ။

အလုပ်သွားအလုပ်ပြန် မိနစ်လေးဆယ်မျှ လမ်းလျှောက်ပြန်ရသည်ကို မကြည့်ရက်သောစက်ရုံမှူးက စက်ရုံနံရံကိုဖောက်ပေးကာ လမ်းတိုတစ်ခုထွင်ပေး၏။ ထိုလမ်းမှနေ၍ အိမ်သို့သွားလျှင် မိနစ်၂၀သာ ကြာတော့၏။ ထိုလမ်းအတိုင်း ကျန်ဇီတွင် သုံးနှစ်ကြာ 'တိန့်'တို့ စက်ရုံအသွားအပြန်လျှောက်ခဲ့ကြ၏။ ဤသုံးနှစ်တာကား တိန့်အတွက် တကယ်ပင် အလွန်အရေးပါသောနှစ်များဖြစ်၏။

'တိန့်ရှောက်ဖိန်'သည် အလုပ်အားချိန်တွင် အိမ်မှုကိစ္စများကို ဝိုင်းကူလုပ်ပေး၏။ သစ်ပင် ပင်စည်ပိုင်းတစ်ခုကိုအောက်ခံထားကာ နံနက်တိုင်း မီးသွေးခွဲပေး၏။ မီးသွေးခဲအသေးလေးတွေနှင့် ဝါးပင်ခြောက်များရောကာ မီးမွေးရ၏။ ဆောင်းရာသီတွင် ရေနွေးကို မပြတ်ကြိုထားရသည်။ ဇနီးက အဝတ်လျှော်ပြီးလျှင် 'တိန့်'က ဝိုင်းကူညှစ်ပေး၏။ လှန်းပေး၏။ ချက်ပြုတ်စားသောက်ပြီးလျှင် ပန်းကန်တွေ ဝိုင်းဆေးကြ။ နောက်တော့ ခေတ္တခဏစကားစမြည်ပြောပြီး အိပ်ယာဝင်။ နောက်နေ့နံနက်ထ၊ အလုပ်သွား။ မအိပ်ခင် ညစဉ် ဝတ်မပျက်နားထောင်တာကတော့ ဗဟိုပြည်သူ့အသံမှ ရေဒီယိုသတင်း။ 'တိန့်'က မအိပ်ခင် စာကို တစ်နာရီလောက်တော့ ဖတ်ဖြစ်အောင် ဖတ်သေးသည်။

ညဘက်ဆိုလျှင် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။ လမ်းမီးတိုင်မရှိ။ လသာညမျိုးတွင်သာ အလင်းရောင်ပျပျမြင်ရ၏။ လူသံသူသံ ငှက်သံပင်မကြားရ။ ပကတိတိတ်ဆိတ်၊ မှောင်မိုက်။ မိသားစုသုံးယောက်သား သူ့အလုပ်နှင့်သူ အဆင်ပြေနေ၍ အဖော်နှစ်ဦးပင် အားနေကြ၏။ သူတို့လည်း အပျင်းပြေပင်ပေါင်ကစားနေကြရ၏။

www.foreverspace.com.mm



တစ်လအကြာတွင် အစီရင်ခံစာတစ်စောင်ရေးရ၏။ 'တိန့်'ကမူ ပါတီ ဇဟိုကော်မတီသို့ လိပ်တပ်ပြီး ရေး၏။ နေ့စွဲက ၂၆-နိုဝင်ဘာ။

'ပေကျင်းကနေ အောက်တိုဘာ ၂၂ မှာ ထွက်ခဲ့ကြပြီး အဲဒီနေ့မှာပဲ နန်ချန်းကို ရောက်တယ်။ စစ်တပ်ဧည့်ဂေဟာမှာ လေးရက်နေပြီး ၂၆ ရက်နေ့မှာ အခုနေတဲ့အိမ်ကို ပြောင်းခဲ့ကြတယ်။ အိမ်က သိပ်ကောင်းတာပဲ။ ပစ္စည်းပစ္စယ တွေဘာတွေ နေသားတကျဖြစ်အောင် အတော်လုပ်ကြရတယ်။ လိုအပ်တဲ့မီးဖို ချောင်အသုံးအဆောင်တွေ ဘာတွေလည်း ဝယ်ရတာပေါ့။ ၉ ရက်နေ့မှာတော့ ကျွန်တော်နဲ့ကျွန်တော့်ဇနီး စက်ရုံမှာ စ,အလုပ်လုပ်ကြရတယ်။ မနက်ဆို ၆း၃၀ မှာ အိပ်ယာထ၊ ၇း၃၅မှာ အိမ်က ထွက်၊ မိနစ်၂၀လမ်းလျှောက်ပြီးရင် စက်ရုံ ရောက်တယ်။ တစ်နေ့ကို ၃နာရီခွဲပဲ အလုပ်လုပ်ရပါတယ်။ အိမ်ကို မနက်၁၁း၃၀ မှာ ပြန်ရောက်တယ်။ နံနက်စာစားပြီး တစ်ရေးတမောအိပ်။ အိပ်ယာက နိုးတော့ ဥက္ကဋ္ဌမော်ရဲ့စာတွေ ဖတ်။ (တစ်နေ့ တစ်နာရီ စာကြိုးစားဖတ်တယ်) နောက်ပြီး သတင်းစာတွေဖတ်။ ညကျရင် ရေဒီယိုသတင်း နားထောင်။ အိမ်မှုကိစ္စတွေလုပ်။ အချိန်က အကုန်မြန်လိုက်တာ။ အစားအသောက်လည်း ကိုယ့်ဘာသာကိုယ် ချက်စားကြတယ်။ (ကျွန်တော့်မိထွေးက အများဆုံးချက်တာပါ။ ဇနီးနဲ့ကျွန်တော် က ကူတာပါ) ကျွန်တော်တို့ ပျော်ပါတယ်'

ဤသည်မှာ သူ့စိတ်ရင်းအတိုင်း ရေးချခြင်းပင် ဖြစ်၏။ သူတို့၏ဘဝ သစ်။ လုပ်ငန်းခွင်တွင် အလုပ်လုပ်ရပုံ။ အရာရာသည် အလွန်လတ်ဆတ်သစ် လွင်နေ၏။ ခြုံ၍ဆိုရလျှင် သူတို့သည် တကယ်ပင် ပျော်နေကြပါသည်။

'တိန့်'ရေးသောစာကို ဆက်ဖတ်ပါဦး။

'ကျွန်တော်တို့စက်ရုံက လယ်ထွန်စက်စက်ရုံပါ။ အရင်ကတော့ ထွန်စက်ပြင်စခန်းပဲ။ ခုမှတိုးချဲ့ပြီး လယ်ထွန်စက်ထုတ်လုပ်တဲ့စက်ရုံ ဖြစ်လာတာ။ အလုပ်သမား ၈၀ကျော်ရှိတယ်။ အလုပ်အပြင် ပါတီဆွေးနွေးပွဲတွေလည်း လုပ် တယ်။ ရက်၄၀အတွင်းမှာ ပါတီအစည်းအဝေး နှစ်ကြိမ်ကျင်းပခဲ့တယ်။ စက်ရုံက ရဲဘော်တွေဟာ သိပ်ရိုးသားကြတယ်။ အလုပ်လဲ ကြိုးစားကြတယ်။ ကျွန်တော် တို့အလုပ်က သိပ်မပင်ပန်းပါဘူး။ ဇနီးသည်ကတော့ နလုံး နည်းနည်းပိုဆိုးလာ တယ်။ သူ့သွေးတိုးက အပေါ်သွေး ၂၀၀၊ အောက်သွေး ၁၀၀ကျော် ရှိတယ်။

www.foreverstore.com.mm

ဒါပေမယ့် သူလဲ နေ့တိုင်း အလုပ်ကြိုးစားလုပ်ပါတယ်။ ဒီစာကို တတ်နိုင်ရင် ပါတီဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကို ပေးပေးပါ’

စာကြွင်းအနေနဲ့ မှတ်ချက်တစ်ခုလည်း ရေးပေးခဲ့သည်။

‘လေယာဉ်မှာ ဝန်ပိုနေမှာစိုးလို့ ပစ္စည်းတွေထဲက တစ်ဝက်ပဲ သယ်ခဲ့ရတယ်။ အဝတ်တချို့၊ စာအုပ်တချို့ ခုထိ မရောက်သေးဘူး။ ခု ဒီမှာ ဘာစာအုပ်မှ မရှိဘူး။ ရထားနဲ့ပို့တယ် ထင်တာပဲ။ ဒါပေမယ့် အခုထိ မရောက်သေးဘူး။ အဲဒါလေးစီစဉ်ပေးပါ။ ဒါတွေရမှအဆင်ပြေမယ်။ ဒါတွေ ပေကျင်းမှာပဲ ချန်ခဲ့တယ်ဆိုလဲ ကျွန်တော်တို့ကို သိခွင့်ပေးပါ’

‘ဝမ်ဒုံမင်း’က ချူအင်လိုင်း၊ချိန်ဘိုဒါနှင့်ကန်ရှိန်တို့ထံ ဤစာကို လက်ဆင့်ကမ်းပေး၏။ စာကြွင်းမှတ်ချက်ကိုမူ ဗဟိုကော်မတီရုံးမှတာဝန်ရှိပုဂ္ဂိုလ်ကို ပေး၏။ မကြာခင်မှာပင် အဝတ်တွေ၊ စာအုပ်တွေ ကျန်ဇီသို့ရောက်လာ၏။

ဤသည်တို့ရောက်လာခြင်းသည် ‘တိန့်’ရေးသောစာ ရောက်သွားခြင်းဖြစ်ကြောင်း ထင်ရှား၏။ ဆက်သွယ်ရေးလမ်းကြောင်း ပွင့်နေဆဲ၏သက်သေ။

စာအုပ်များ ရ၍ ‘တိန့်’တို့ အလွန်ပျော်ရွှင်သွား၏။ သူတို့ဘဝ ပို၍ အဓိပ္ပာယ်ရှိလာပြီ။ စာအုပ်များထဲတွင် ‘ရာဇဝင် ၂၄ကျမ်း’၊ ‘ချောင်မင်းဆက်သမိုင်း’၊ ‘ခန်းဆောင်နီအိပ်မက်’၊ ‘အနောက်ဘက်ခရီးသွား’စသောစာအုပ်များ ပါ၏။ ‘ဘဂျင်း’ ‘လောရှော’တို့၏ဝတ္ထုများပါ၏။ ‘လီယိုတော်စတွိုင်း’၊ ‘ဂိုဂိုးလ်’၊ ‘အင်ကွန်ပတ်ဗလော့’ ‘ချက်ကော့ဖ်’ ‘ဘောလ်ဇက်’ ‘ဟူးဂိုး’ ‘ရိုမိန်းရိုလန်’ ‘မိုးလျဲ’ ‘ဘားနတ်ရှော’ ‘ဟဲမင်းဝေး’စသောနိုင်ငံခြားစာရေးဆရာများ၏စာအုပ်များလည်း ပါ၏။ နိုင်ငံခြားတိုင်းပြည်များစွာ၏သမိုင်းများ၊ ပုဂ္ဂိုလ်ကျော်များ၏အတ္ထုပ္ပတ္တိများ၊ ဒဿနစာပေကျမ်းဂန်များလည်း ပါ၏။ မာ့က်စ်ဝါဒဂန္ထဝင်ကျမ်းများလည်း ပါ၏။

ဤစာအုပ်သေတ္တာကြီးများသည် မိသားစု၏ရတနာသိုက်ပင် ဖြစ်သည်။ ဤစာအုပ်များဖြင့် အထီးကျန်မှုကိုဖြေဖျောက်နိုင်သည်။ အသိပညာတိုးပွားစေသည်။ စိတ်ပြေလက်ပျောက်ဖြစ်၏။ ‘တိန့်’သည် စာဖတ်ဝါသနာပါ၏။ အထီးကျန်နှစ်ကာလများတွင် အချိန်အားသမျှ စာအုပ်သည်သာလျှင် သူ၏ထာဝရမိတ်ဆွေ။

www.foreverspace.com.mm

## ။ ၁၈ ။

## သားသမီးများနှင့် ပြန်ကြုံရဆုံရ

သမီးကြီး 'တိန့်ရောင်း' သည် ပုကျင့်ပြည်နယ်တွင် လယ်သမားများနှင့် အတူနေရ၊ အလုပ်လုပ်ရ၏။ တစ်နေ့တွင် ဘုံအဖွဲ့သို့သွားကာ ခွင့်တောင်းသည်။ သူ၏မိဘများနှင့်မတွေ့ရသည်မှာ ကြာ၍ မိဘများထံ တွေ့ခွင့်ပြုရန်။ ကျန်ဇီတော် လုန်ရေးကော်မတီထံမှခွင့်ပြုစာရလျှင် သွားခွင့်ရှိသည်ဟုသိရ၏။ မိဘနှင့်တွေ့ဖို့ ပင် ခွင့်ပြုချက်တွေ တောင်းနေရပေသည်။ တစ်လကြာမှခွင့်ပြုစာရ၏။ သမီး ကြီးသည် မိခင် ဘခင်တို့နှင့်ပြန်တွေ့ရ၍ အလွန်ဝမ်းသာနေသည်။ သားသမီးများ ထဲတွင် 'တိန့်ရောင်း' တစ်ယောက်သာ မိဘနှင့်တွေ့ခွင့်ရသေး၏။ 'တိန့်လင်း' နှင့် 'တိန့်နန်း' တို့မှာမူ လာခွင့်မရသေး။ 'ဖေ့ဖေ့' ထံမှလည်းအဆက်အသွယ်မရ။ ပုဖုန်း ကတော့ ပေကျင်းရှိ အမှတ် ၃၀၁ဆေးရုံမှာပင် ရှိနေဆဲ။ သူ့ ကျန်းမာရေးအခြေ အနေကောင်း မကောင်းလည်း မသိကြရ။

'မင်းအဖေနဲ့အမေက သိပ်ခြိုးခြံကြတာပဲ၊ သူတို့က အဘွားကို အသား ဝယ်ခွင့်မပြုဘူး၊ သူတို့လဲ အသား မစားကြဘူးလေ၊ သူတို့က အသား မစားဘဲ ခြိုးခြံ ချွေတာနေကြတာက သားသမီးတွေ လိုရင် ထောက်ပံ့နိုင်ဖို့ပဲ၊ အဘွားက တော့ ကြက်မွေးထားလို့ ကြက်ဥတော့ နေ့တိုင်းစားရတာ ကံကောင်းသေးတော့'

အဘွားလုပ်သူက မြေးကြီးကို ပြန်ပြောပြသည်။

၁၉၆၉သည် တိတ်တိတ်ဆိတ်ဆိတ်ပင် ကုန်လွန်သွား၏။ ၁၉၇၀ရောက် လာပြီ။ နှစ်ကူးပြီး၍ သုံးပတ်အကြာတွင် ဆောင်းက ဝင်လာ၏။ ဆောင်းက ခိုက်ခိုက်တုန် အေးလှ၏။

'တိန့်ရှောက်ဖိန်' ကား 'အအေးဒဏ်ကို အအေးနှင့်ရင်ဆိုင်' ဟူသော

သဘောတရားကို လက်တွေ့ ကျင့်သုံး၏။ နေ့တိုင်းပင် သူသည် ရေအေးဖြင့် ရေချိုး၏။ ဤအကျင့်သည် စစ်ပွဲကာလများအတွင်းက သူရခဲ့သောအလေ့အကျင့် ဖြစ်၏။ ငယ်စဉ်ကဆိုလျှင် သူသည် ရေခဲရေများကို တစ်ပုံးပြီးတစ်ပုံး ခပ်ချိုးခဲ့သည်။ ယခု အသက်၇၀နီးပါးတွင်ကား ထိုသို့မလုပ်နိုင်တော့။ ရေခဲရေဇလုံကြီးထဲတွင် မျက်နှာသုတ်ပုဝါကြီးတစ်ထည်ကို နှစ်စိမ်ပြီး သူ့တစ်ကိုယ်လုံးကို ထိုမျက်နှာသုတ်ပုဝါဖြင့် ပွတ်တိုက်သည်။ တစ်ကိုယ်လုံး နီရဲလာသည်အထိ ပွတ်တိုက်တတ်၏။ ထိုသို့လုပ်ပြီးလျှင် သူ့တစ်ကိုယ်လုံး နွေးလာသည် ဆို၏။ ပို၍လည်း လန်းဆန်းလာသည်ဟု ပြောသည်။

'ဆောင်းတွင်းမှာ ရေခဲရေနဲ့ရေချိုးတာ အအေးဓိဒဏ်က ကာကွယ်ပေးနိုင်တယ်။ မိမိရဲ့ကိုယ်ခံအားလဲ ပိုကောင်းလာစေနိုင်တယ်၊ ကျုပ်ကိုကြည့်လေ၊ အအေးမိတာတို့ ဖျားတာနာတို့ အတော်ဖြစ်ခဲတယ်'

သူက တခြားသူများကိုလည်း သူ့လိုပင် လုပ်ခိုင်း၏။ သို့သော် တခြားသူများကား မလုပ်ရဲ၍ လိုက်မလုပ်ကြ။

ဇန်နဝါရီလထဲတွင်ပင် သားငယ်'ဖေ့ဖေ့' မိဘများထံ ရောက်လာ၏။ သူ့အသက်မှာ ၁၈နှစ်။ လူကောင်က ထွားလာသော်လည်း အသားမှာ နေလောင်ပြီး ညိုမည်းနေ၏။

အိမ်ရောက်ရောက်ချင်း သူ့ကို ပန်းသီးကျွေး၏။

'ဘယ်နှလုံးလောက် စားမလဲ'ဟု မေးသည်။

'ငါးလုံးလောက်ဆို ရပါပြီ'

တကယ်တမ်း သူဆက်တိုက်စားတာ (၁၂)လုံး။ တစ်ထိုင်တည်း ပန်းသီး ၁၂လုံး သူစားနိုင်ခဲ့သည်။ မည်မျှပင် ငတ်ပြတ်ခဲ့သည်မသိ။

'တိန့်'တို့မိသားစုမှာ သားနှင့်သမီးရောက်လာ၍ ပို၍စိုပြေသွားသည်။ သို့သော် 'တိန့်'၏ဇနီး ကျန်းမာရေးကား ပို၍ယိုယွင်းလာသည်။ သွေးတိုးမှာ အပေါ်သွေး ၂၂၀၊ အောက်သွေး ၁၁၀ထိပင် ရှိ၏။ 'တိန့်'၏ကျန်းမာရေးကား ပိုကောင်းလာ၏။ ကိုယ်အလေးချိန်ပင် တိုးလာ၏။ စိတ်ဓာတ်မှာလည်း တက်ကြွလာသည်။ ၁၉၇၀ ဇန်နဝါရီ၁ရက်နေ့မှစ၍ သူသည် စိတ်ငြိမ်ဆေးကို ဖြတ်လိုက်သည်။ ထိုအချိန်မှစ၍ သူသည် တစ်ခါမှ စိတ်ငြိမ်ဆေးထပ်မသောက်တော့။

www.foreverspace.com.mm

॥ ၁၉ ॥

## ထင်ထင်ရှားရှားအပြောင်းအလဲ

'ကံကောင်းခြင်း၏နောက်ကွယ်တွင် ဒုက္ခသည် စောင့်ဆိုင်းနေတတ်သည်' ဟူသော ဆိုရိုးစကားရှိခဲ့သည်။ တစ်နည်းဆိုရလျှင် ပျော်စရာများမရောက်လာမီ စိတ်ညစ်စရာများနှင့်ကြုံရတတ်သည့်သဘောပင် ဖြစ်သည်။

ကျွန်ဇီသို့ ရောက်ချိန်တွင် 'တိန့်ရှောက်ဖိန်'သည် ယခင်လစာအတိုင်း ရသေးသည်။ အုပ်ချုပ်ရေးပိုင်းတွင် ဒုတိယအကြီးဆုံးပုဂ္ဂိုလ်အနေဖြင့် သူ ၄၀၄ ယွမ် ရ၏။ သူ့ဇနီးက တစ်လ ၁၂၀ယွမ် ရ၏။

၁၉၇၀ ဇန်နဝါရီတွင်မှ သူတို့နှစ်ယောက်ပေါင်း လခမှာ ၂၀၅ယွမ်သာ ရတော့၏။ စုံစမ်းကြည့်သောအခါ လစာလျှော့ခြင်း မဟုတ်ပါ။ ယခုငွေသည် တစ်လစာ စားစရိတ်အတွက်မျှသာ ပေးခြင်းဖြစ်ပြီး ကျန်ငွေများကို ရုံးချုပ်က ခေတ္တထိန်းသိမ်းထားသည်ဟု ဆို၏။

ယဉ်ကျေးမှုတော်လှန်ရေးကာလတွင်မူ အရာမှကျသော ခေါင်းဆောင်များအတွက် လစာကို (၃)မျိုး ခွဲပေး၏။ တချို့ကို လစာရပ်စဲ။ တချို့ကို စားလောက်ရုံပေး။ တချို့မှာမူ သားသမီးများ အလုပ်မရှိသေးလျှင် ထောက်ပံ့ကြေး အနည်းငယ်ပေး။ ဆိုလိုသည်မှာ နဂိုရနေကျ လစာအစား စားစရိတ်ပေးခြင်းပင် ဖြစ်၏။

ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်း၊ အတွင်းရေးမှူးအဖွဲ့ဝင်ဟောင်းများလည်း ရာထူးချခံထားရလျှင် လစာမရကြတော့။ တချို့ဆို ပိုဆိုး၏။ အဖေဖြစ်သူက ထောင်ထဲမှာ၊ အမေက မိမိကိုယ် မိမိ သတ်သေ။ ကလေးများမှာ ခိုကိုးရာမဲ့။

ပိန်ဇင်း၊ လိုရှိကျင်း၊ ယန်ရှန်ကွန်းတို့ဆိုလျှင် အတွင်းရေးမှူးအဖွဲ့ဝင်များ။ သူတို့ အဖမ်းခံနေရသည်။ သူတို့ဇနီးများလည်း အဖမ်းခံနေရသည်။ ဘိုယီ၊ လီကျင်ကွမ်၊ လျူလန်တောက်တို့ဆိုလျှင် ထောင်ထဲမှာ။ သူတို့ဇနီးများကမူ ထွက်ပြေးနေကြရဆဲ။ ထိုသူများနှင့်နှိုင်းစာလျှင် တိန့်ရှောက်ဖိန်က အများကြီးခံသာသည်။ သားသမီး နှစ်ဦးမှာ လယ်ယာလုပ်ငန်းခွင်တွင် လုပ်နေကြ၍ စားဖို့သောက်ဖို့ ရှိ၏။ တက္ကသိုလ်တက်နေသောသမီးနှစ်ဦးမှာလည်း သူတို့ရသော ထောက်ပံ့ကြေးကို ခြိုးခြံချွေတာပြီး အငယ်များအတွက် ထောက်ပံ့ပေးကြသည်။

ဖေဖော်ဝါရီ ၉ရက်နေ့တွင် တိန့်သည် ဝမ်တုံကျင်းထံ စာရေး၏။

'အရင်စာရေးပြီးတာ ၂လ ကြာသွားပြီ။ အစစအရာရာ အရင်အတိုင်း ပုံမှန်ပါပဲ။ စက်ရုံကို နေ့တိုင်းသွားတယ်။ စာအုပ်တွေ သတင်းစာတွေ ဖတ်တယ်။ ရေဒီယိုနားထောင်တယ်။ စက်ရုံကလွဲလို့ ဘယ်မှတော့ သွားခွင့်မရှိဘူး။သားသမီးတွေဆီ စာရေးလို့တော့ ရတယ်။ တခြားလူတွေကိုတော့ စာရေးခွင့် မရှိဘူး။ အငယ်ဆုံးသမီး မော်မော်က ဒီဇင်ဘာလကုန်မှာ လာခွင့်ရတယ်။ ဇန်နဝါရီလအစမှာ သားအငယ်ဆုံး 'ဖေ့ဖေ့' ရောက်လာတယ်။ အခုတော့ သူတို့လုပ်ငန်းခွင်ကို ပြန်ကုန်ကြပြီ။ သူတို့နဲ့မတွေ့ရတာ ၂နှစ် ရှိပြီ။ အခုပြန်တွေ့ရတော့ ဘယ်လောက်ဝမ်းသာမလဲ၊ စဉ်းစားသာကြည့်ဗျာ။ တိန့်လင်းနဲ့ တိန့်နန်း သမီးနှစ်ယောက်ကိုတော့ ခုထိ မတွေ့ရသေးဘူး။ သူတို့လျှောက်လွှာတင်တာ ခွင့်မပြုသေးဘူးတဲ့။ သမီးကြီးတိန့်လင်းက အသက် ၂၈နှစ်ရှိနေပြီ။ ကျန်းမာရေးက သိပ်မကောင်းဘူး။ သူ့ကို စက်ရုံမှာ နေရာချထားပေးစေလိုပါတယ်။ အခုလက်ရှိအလုပ်နဲ့ သူနဲ့က သိပ်မကိုက်လို့ပါ။ လယ်တောထဲမှာလုပ်ရတယ်ဆိုတော့ သူ့ကျန်းမာရေးနဲ့ အဆင်မပြေနိုင်လို့ ပြောတာပါ။ နောက်တစ်ခုပြောရရင်တော့ အခု ကျွန်တော်တို့ တစ်လကို ၂၀၅ယွမ်ပဲ ရတော့တယ်။ အဲဒါလဲ ရေရှည် ဒီလောက်ပဲ ပေးတော့မှာလားဆိုတာ သိပါရစေ။ ကျွန်တော်တို့မိသားစု ၉ယောက်အတွက် ဒီလစာက မလောက်ပါဘူး။ သမီးကြီးတိန့်လင်းက လစာရပေမယ့် သူ့ဆေးကုသစရိတ်နဲ့သူ မလောက်ငပါဘူး။သားကြီးပုဖန်းက ဆေးရုံမှာဆိုတော့ သူ့အတွက် တစ်လကို ၃၅ ယွမ်လောက် ကုန်တယ်။ ကောလိပ်ကျောင်းသူနှစ်ယောက်အတွက်လည်း တစ်လကို ယွမ် ၃၀လောက် ပေးရတယ်။ သူတို့သုံးယောက်အတွက်တင်

www.foreverspace.com.mm

တစ်လကို ယွမ် ၉၀-၁၀၀ လောက် ကုန်တယ်။ ဒါဆို ကျွန်တော်တို့သုံးယောက် အတွက် ယွမ် ၁၀၀ လောက်ပဲ ကျန်တော့တယ်။ အငယ်ဆုံး သမီး မော်မော် နဲ့ အငယ်ဆုံးသား ဖေ့ဖေ့တို့က ဘုံလယ်မြေတွေမှာ အလုပ်လုပ်နေကြရတယ်။ သူတို့က စားဖို့ပဲရတော့ ကျွန်တော်တို့ပဲ ထောက်ပံ့နေရတာပဲ။ သူတို့က အဝေး မှာ နေကြတော့ ကျွန်တော်တို့ဆီ လာရင်တောင် စရိတ်က ယွမ်၁၀၀ လောက် ရှိတယ်။ ခြုံပြောရရင်တော့ ရတဲ့ထောက်ပံ့ကြေးက ကျပ်နေပါတယ်။ ပါတီက လဲ အားလုံးကို တွက်ချက်လုပ်နေရတော့ ကျွန်တော်တို့ အခွင့်အရေးပိုမယူချင် ပါဘူး"

ထိုစာပို့ပြီး မည်သည့်ပြန်ကြားချက်မှမလာ။ ယခင်ကထက် ခြိုးခြံသုံး စွဲရုံမျှသာ ရှိတော့၏။ စားကြွင်းစားကျန်များ အလေအလွင့်မရှိအောင် လုပ်ရ၏။ လက်ဖက်ရည် မသောက်တော့။ ဆေးလိပ်ဖြတ်သည်။

ကြက်ဥ ဘဲဥ စားဖို့ရန် ကြက်၊ ဘဲ မွေးသည်။ နောက်ဖေးဘက်တွင် ခြံရှင်းကာ အသီးအရွက်စိုက်ပြီး အိမ်နောက်ဖေး ဈေးဆိုင်တည်သည်။ "တိန့်" ကိုယ်တိုင်ပင် ပေါက်တူးကိုင်၊ ပေါင်းသင်၊ မြေတူး၊ မျိုးစေ့ကြဲ၏။

"နိုင်ငံတကာ" သီချင်းတွင်ပါသည့် စာသားအတိုင်း ကျင့်သုံးကြ၏။

"ဘယ်သူကမှ တို့ကို လွတ်လပ်မှုမပေးနိုင်။ ဘယ်သူမှ၊ ဘယ်ထာဝရ ဘုရားရှင်မှ၊ ဘယ်သူရဲကောင်းမှ မပေးနိုင်။

တို့တွေဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး

တို့လက်နဲ့တို့ လွတ်လပ်မှုကို ရယူပြီး လူ့ကံကြမ္မာကို တို့ဖန်တီးကြ ရမယ်"

စိုက်ပျိုးချိန်က သမီး မော်မော်နှင့် သား ဖေ့ဖေ့တို့ပါ ရှိနေ၍ မိသားစု ဝိုင်းလုပ်ဝိုင်းစား ပျော်ပျော်ပါးပါး။ သို့သော် အချိန်ကျလာတော့ သားနှင့်သမီး လုပ်ငန်းခွင်ပြန်ဝင်ကြရတော့သည်။ သူတို့တွေ ပြန်သွားကြတော့ တိန့်ရယ်၊သူ့ ဇနီးရယ်၊ သူ့မိထွေးကြီးရယ်။ ထုံးစံအတိုင်း "တိန့်"တို့သုံးယောက်သာ အထီး ကျန်။

www.foreverstore.com.mm

## ။ ၂၀ ။

## လူရှုန်းညီလာခံမှ လှိုင်းတံပိုးများ

နေ့ရက်များသည် ထုံးစံအတိုင်း ကုန်လွန်သွားသည်။ ယဉ်ကျေးမှုတော်လှန်ရေးကား လေးနှစ်တိတိ ကြာသွားပြီ။ မော်စီတုံး၏အစီအစဉ်အရ ဆိုလျှင် ယခုအချိန်သည် အသီးအပွင့် 'ရိတ်သိမ်းချိန်' ဖြစ်၏။ သူသည် အမျိုးသားပြည်သူ့ကွန်ဂရက်ကို ကျင်းပကာ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြင်လိုသည်။ သို့သော် နိုင်ငံရေးတိုးတက်မှုများကား မမျှော်လင့်ဘဲ ရုတ်တရက်ပြောင်းလဲသွားသည်။

မော်သည် ၁၉၇၀ နိုင်ငံရေးလှုပ်ရှားမှုသစ် ပေါက်ကွဲလာမည်ဟု မည်သည့်အခါမျှ မထင်ခဲ့။

မော်သည် နိုင်ငံအကြီးအကဲခန့်အပ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်လို၏။ လင်ပြောင်ကား သူ့ကို မော်က တရားဝင်အာဏာအပ်နှင်းသည်ကို မျှော်လင့်ထား၏။လင်ပြောင်သည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌအပြင် အစိုးရအဖွဲ့အကြီးအကဲလည်း ဖြစ်ချင်သေးသည်။ ယခုလောလောဆယ် သူ ပါတီဒုတိယဥက္ကဋ္ဌရာထူး ရ,ထားသည်ကိုပင် မတင်းတိမ်။

တကယ်တော့ လင်ပြောင်၏ကျန်းမာရေးမှာ သိပ်ကောင်းလှသည်မဟုတ်။ သူ့ဇနီး 'ယိကွန်း' ကမူ အာဏာသိပ်မက်သည်။ သူ့ခင်ပွန်းကို နိုင်ငံတော်အကြီးအကဲ မြန်မြန်ဖြစ်စေချင်သည်။

စတုတ္ထအကြိမ်မြောက် ပြည်သူ့ကွန်ဂရက်သည် ထိပ်တန်းအစိုးရရာထူးများကို ပြန်လည်ပြင်ဆင်ခန့်ထားရန် အခွင့်အရေးတစ်ရပ် ဖြစ်၏။

ယဉ်ကျေးမှုတော်လှန်ရေးအစမှာပင် လင်ပြောင်ဂိုဏ်းနှင့် ကျန်းကျင်းတို့သည် ညီညွတ်သည့်အခါ ညီညွတ်၊ ကွဲပြားသည့်အခါ ကွဲပြားမှုများ ရှိကြ၏။

www.foreverspace.com.mm

နောက်ပိုင်းတွင်ကား အကွဲအပြဲက ပိုဖြစ်လာသည်။ တစ်ဦးနှင့်တစ်ဦး စကားလုံး တွေကအစ ပြင်းပြင်းထန်ထန်သုံးလာကြ၏။ လင်ပြောင်ကို နိုင်ငံအကြီးအကဲခန့် မည့်ကိစ္စမျိုးဆိုလျှင် အပြင်းအထန်သဘောထားကွဲလွဲကြ၏။

လင်ပြောင်အတွက်ကား အခွင့်အရေးကို လက်လွှတ်မခံ။ အခွင့်ကောင်း ဟူသည် နှစ်ကြိမ်ပြန်မရနိုင်။ ထို့ကြောင့် သူတို့သည် မော်ကို ဆန့်ကျင်ရာတွင် ညီညွတ်မှုကို ရယူခဲ့၏။

၁၉၇၀ ဩဂုတ်လ ၂၃ ရက်တွင် နဝမအကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဒုတိယအစည်းအဝေးကို လူရှန်းတွင် ကျင်းပသည်။

'လူရှန်း'သည် တောင်ပေါ်အပန်းဖြေဒေသ ဖြစ်သည်။ ရှမျှော်ခင်းများ လှသကဲ့သို့ အရေးကြီးသောနိုင်ငံရေးအဖြစ်အပျက်များစွာလည်း ဖြစ်ခဲ့သောဒေသ ဖြစ်၏။ ဤနေရာတွင် လင်ပြောင်၏ယုတ်မာသောအကြံအစည် စတင်ရန် သင့် လျော်သောနေရာ ဖြစ်၏။ ဤနေရာတွင် သူသည် တခြားသူများကို တိုက်ခိုက်၏။ သို့သော် 'လူရှန်း'သည် သူ့အတွက် ကံကောင်းသောနေရာ မဟုတ်သည်ကိုမူ သူတင်ကြို မသိခဲ့ပါ။

သူ့ကို တုံ့ပြန်ဝေဖန်သူတွေ ပေါ်လာသည်။

လင်ပြောင်၏မိန့်ခွန်းတွင် နိုင်ငံတော်အကြီးအကဲရာထူးနှင့်ပတ်သက်၍ အရိပ်အမြွက်လမ်းကြောင်းပေးထားသောစကားများ ပါရှိခဲ့သည်။ သူ့အုပ်စုက လည်း သူ့ကို ထောက်ခံသံတွေ ပေးခဲ့ကြ၏။ ကျန်းကျင်းနှင့် သူ့အုပ်စုကလည်း ဒါကိုတော့ သည်းမခံနိုင်။သူတို့သည် မော်စီတုံးထံ သီးသန့်ဝင်တွေ့ကာ လင် ပြောင်၏လုပ်ရပ်များ မှုမမှန်ကြောင်း တိုင်တန်းကြ၏။ မော်သည် ပေါ်လစ်ဗျူရို အစည်းအဝေးခေါ်လိုက်၏။ ထို့နောက် လင်ပြောင်နှင့်သူ့အုပ်စုကို ပြင်းပြင်းထန် ထန်ဝေဖန်ခဲ့၏။ သို့ဖြင့် လင်ပြောင်၏ဩဇာကျဆင်းခန်း စ,တော့လေပြီ။

စက်တင်ဘာ ၆ ရက်တွင် ညီလာခံ ပြီးဆုံး၏။ ညီလာခံအပိတ်မိန့်ခွန်း ကို မော် ပြော၏။ ထိုမိန့်ခွန်း၌ လင်ပြောင်ကိုပင် ဝေဖန်သွားခဲ့၏။ မော်စီတုံးနှင့် သူကိုယ်တိုင် သူ့အရိုက်အရာဆက်ခံစေမည့်သူဆိုသော လင်ပြောင်တို့၏တိုက်ပွဲ ကား စ,ချေပြီ။ မော်စီတုံးသည် လင်ပြောင်ကို နာမည်တပ်ပြီး သိပ်မပြောသော် လည်း လင်ပြောင်အုပ်စုဝင်များကိုမူ ပေါ်ပေါ်တင်တင်ပင် ဝေဖန်ခဲ့၏။ သူတို့

သည် မိမိကိုယ်မိမိဝေဖန်ရေးများပေးကာ မှားပါသည်ဟု ဝန်ခံကြရ၏။ တချို့ကို မူ ရာထူးများမှထုတ်ပယ်လိုက်၏။လင်ပြောင်ဂိုဏ်းကား သိသိသာသာပင် အား လျော့သွားသည်။ နောက်တစ်ခါတိုက်ပွဲတွင်ကား သူတို့ အကြီးအကျယ်အထိနာ တော့မည်ကို ကောင်းကောင်းရိပ်မိလာကြ၏။

မော်ကား လင်ပြောင်အုပ်စု၏ အာဏာင်န်းင်န်းတက်မှုအပေါ် အကြီး အကျယ် ဒေါသထွက်၏။ မကျေမနပ်ဖြစ်၏။ ဤကိစ္စသည် အန္တရာယ်ကြီးသည် ကို သူ သိသည်။ သူကိုယ်တိုင်တင်ခဲ့သော စစ်ကဲက သူ့ကိုပင် ပြန်အာခံနေပြီ။ မော်၏အသက်သည် ၇၆နှစ် ရှိပြီ။ ယခုဖြစ်ရပ်သည် သူ့ကို အရှိက်ထိုးလိုက်ခြင်း ပင်ဖြစ်၏။

ဤတိုက်ပွဲတွင် အမြတ်ထွက်ကြသူများမှာ ကျန်းကျင်းတို့အုပ်စုပင်ဖြစ် ၏။ သူတို့နှင့်လင်ပြောင်အုပ်စု ပါဝါပြိုင်ကြရာတွင် သူတို့ဘက်မှအရေးသာခဲ့ပြီ မဟုတ်လား။ ညီလာခံအပြီးတွင် လင်ပြောင်၏သြဇာအာဏာလျော့ပါးသွားသကဲ့ သို့ ကျန်းကျင်းအုပ်စု၏သြဇာအာဏာက မြင့်တက်လာသည်။

ညီလာခံကတော့ ပြီးသွားပြီ။ သို့သော် မော်က ပြော၏။

"လူရှန်းမှာ ဆွေးနွေးခဲ့တဲ့ပြဿနာတွေက မပြီးဆုံးသေးဘူး၊ ရှင်းလို့မရ သေးတာတွေ ကျန်သေးတယ်"

၁၉၇၁ သြဂုတ်နှင့် စက်တင်ဘာတွင် မော်သည် နိုင်ငံအနှံ့ လှည့်လည် သွားလာသည်။ အဓိကပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသည်။ အခြေအနေများကို အကဲခတ်၏။

လင်ပြောင်ဂိုဏ်းက လုပ်ခဲ့သော အလုပ်တော်တော်များများ ဆိုးရွားလှ ကြောင်း သူ သိရ၏။ ပြည်သူအများစုက လင်ပြောင်၏လုပ်ရပ်များကို မကျေနပ် ကြ။ လင်ပြောင်၏ဂိုဏ်းသားများကြောင့် ပြည်သူအများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရ၏။ လင်ပြောင်၏သား "လင်လီဂို"ဆိုလျှင် မော်စီတုံးကို သတ်ဖို့အကြံ အစည်ပင် လုပ်ဖူး၏။ သူ့အကြံအစည် မအောင်မြင်။ အချိန်မီ လူသိသွားသည်။

၁၉၇၁ စက်တင်ဘာ ၁၃ ရက်တွင် လင်ပြောင်သည် သူ့ဇနီး "ယိကွန်း"၊ သူ့သား"လင်လီဂို"တို့၏တိုက်တွန်းချက်အရ ထွက်ပြေးသွား၏။ သူသည် "ရှန် ဟိုက်ဂွမ်"တွင် လေယာဉ်တစ်စင်းကို အမိန့်ပေးကာ မြောက်ဘက်အရပ် ဆိုဗီ

www.foreverspace.com.mm

ယက်ယူနီယံသို့ဦးတည်ကာ ထွက်ပြေးသွားသည်။ ယုတ်မာသူသွားလေရာ ကံဆိုးမှုက လိုက်ပါ ဆိုသော စကားအတိုင်း လေယာဉ်သည် မွန်ဂိုးလီးယားတွင် ပျက်ကျသွားသည်။ ကျယ်ပြောခြောက်သွေ့လှသောသဲကန္တာရကြီးသည်ပင် လင်ပြောင်၏နောက်ဆုံးနားခိုရာ သင်္ချိုင်းမြေ ဖြစ်ခဲ့၏။

ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း လင်ပြောင် အာဏာရလာခဲ့ရာ ထိုအချိန်တွင် သူ မှားယွင်းစွာ ရာထူးမှချခဲ့သော၊ ဒဏ္ဍပေးခဲ့သော၊ အကျဉ်းချခဲ့သော၊ နှိပ်စက်ခဲ့သော၊ ရိုက်နှက်ခဲ့သော၊ ကိုယ်လက်အင်္ဂါကျိုးပဲ့ခဲ့ရသော၊ သတ်ဖြတ်ခဲ့သော လူပေါင်းများစွာ ရှိခဲ့၏။ လင်ပြောင်နှင့်သူ့အုပ်စု ကျူးလွန်ခဲ့သော ရာဇဝတ်မှုပေါင်းကား မရေမတွက်နိုင်တော့။ ဤကဲ့သို့သော လူယုတ်မာတစ်ဦးသည် လူမသိသူမသိ သဲကန္တာရတစ်နေရာတွင်ဘဝဇာတ်သိမ်းခဲ့ရပုံကား ကောင်းကင်ဘုံက စီရင်ခဲ့သောတရားဟုပင် ဆိုရချေမည်။

www.foreverstore.com.mm

## ॥ ၂၁ ॥
## မသက်မသာငြိမ်သက်သောနေ့များစွာ

၁၉၇၀၊ ၁၉၇၁ နိုင်ငံရေးအခြေအနေကား အပြောင်းအလဲများ မြန်ဆန်လွန်းသဖြင့် တော်ရုံတန်ရုံလူ နားလည်နိုင်ရန် လိုက်မီဖို့မလွယ်။ မည်သို့ဆိုစေ တိန့်ရှောက်ဖိန်ကား ကျန်ရှီပြည်နယ် နန်ချန်းမြို့၏ အစွန်အဖျားရှိ ခြေလျင်တပ်စာသင်ကျောင်းဟောင်းဝင်း၏ အိမ်ကုပ်ကုပ်လေးထဲတွင်ပင် သမားရိုးကျနေ့များကို တိတ်ဆိတ်ငြိမ်သက်စွာ ဖြတ်သန်းနေထိုင်ရဆဲ။

နန်ချန်းသည် တရုတ်ပြည်၏ နာမည်ကျော်မီးလင်းဖိုကြီးဖြစ်၏။ နွေအခါတွင် မခံမရပ်နိုင်လောက်အောင် အပူပြင်း၏။ အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်မှုအထိပင် ရှိ၏။ လေဟာပြင်တွင် ပူ၏။ အရိပ်အောက်တွင်လည်း ပူ၏။ အိမ်ပြင်မှာလည်း ပူ၏။ လေငြိမ်နေသောအိမ်တွင်းမှာကား ပိုပူ၏။ အပူဒဏ်ကို လွတ်မြောက်သောနေရာ မည်သည့်နေရာတွင်မှမရှိ။ တောင်ပိုင်းဒေသသားများကား အပူကို ခံနိုင်ရည်ရှိနေကြပြီ။ တိန့်တို့ကဲ့သို့ အအေးကြိုက်သူ မြောက်ပိုင်းသားများကား ဖျတ်ဖျတ်လူးအောင် အပူဒဏ်ခံကြရ၏။

အလုပ်ကလေးနည်းနည်းလုပ်လိုက်သည်နှင့် ချွေးတွေက ရွှဲနစ်သွား၏။ မတ်တပ်ရပ်၍ အလုပ်လုပ်ရလျှင် ပိုဆိုး၏။ သူ့ဇနီးက ထိုင်ပြီး နားနားနေနေလုပ်ပါဟု ဆို၏။

"ငါက ထိုင်လို့ မရဘူးကွ၊ တစ်ခါတုန်းက ငါ ထိုင်လိုက်ပြီးတဲ့နောက် ပြန်ထလို့မရတော့ဘူး"

ထိုအချိန်က သူ့အသက်မှာ ၆၆နှစ် ရှိပြီ။

အိမ်ပြန်လာလျှင် သူတို့ ပထမဆုံးလုပ်ရသော အလုပ်မှာ ရေချိုးရခြင်း

www.foreverspace.com.mm

ပင်။ ရေကလည်း မအေး။ ရေနွေးသာသာ။ အိပ်သောအခါ မွေ့ယာနှင့် အိပ်၍ မရ။ မြက်ဖျာနှင့် အိပ်ရ၏။ မြက်ဖျာကို မအိပ်မီ ရေဆွတ်ရ၏။ ကြမ်းပြင်ကိုရေဖျန်းရ၏။ သို့စဉ်လျက် ညသန်းခေါင်ဆို ပူလွန်း၍ လန့်နိုးကြ၏။ ညသန်းခေါင်ရေ ထ,ချိုးရပြန်၏။ ကြမ်းပြင်ကို ရေထပ်ဖျန်းရပြန်သည်။

ပိုဆိုးတာက သူတို့နေသောတောင်ကုန်းပေါ်သို့ ရေက မတက်။ တောင်အောက်ဆင်း ရေခပ်ကြရ၏။ အိမ်နောက်ဖေး စိုက်ထားသောအပင်များကိုလည်း ရေလောင်းရသေး၏။ အဖော်အဖြစ်ခေါ်ထားသူ 'ယုယီ'မှာ အလွန်အားကိုးရ၏။ တစ်နေကုန်ပင် သူပင် ရေဆွဲနေရသည်။ အိမ်နောက်ဖက်စိုက်ထားသော သီးပင်စားပင်များကား အလွန်သန်၏။ဟင်းသီးဟင်းရွက်မျိုးစုံ၊ ဖရဲသီး၊ ခရမ်းချဉ်၊ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲတောင့်မျိုးစုံ၊ ဘူး၊ ဖရုံ၊ သခွား။

အစားအသောက်အတွက် မပူရတော့။ လတ်လတ်ဆတ်ဆတ် စားရသည့်အပြင် ငွေလည်း စုမိသေးသည်။

နွေရာသီကုန်ကာနီးတွင် အကြီးဆုံးသမီးတိန့်လင်း အလုပ်ခွင်မှခွင့်နှင့်ပြန်လာ၏။ တိန့်လင်းနှင့်သူ့အတန်းဖော်အတန်းဖက်များသည် ပေကျင်းအနောက်မြောက်ဘက် ကီလိုမီတာ၁၈၀အကွာတွင် တပ်မတော်မှပညာပေးစခန်းကို သွားတက်ကြရသည်။ သူတို့ ဘွဲ့ရပြီးသူများကို ပညာထပ်ပေးနေခြင်းဖြစ်၏။ အနုပညာတက္ကသိုလ်မှ ဘွဲ့ရခဲ့သော်လည်း တကယ်တမ်း လုပ်ရသည်မှာ စပါးစိုက်ခြင်း။

တိန့်ရှောက်ဖိန်သည် ဝမ်တုံကျင်းထံ စာတစ်စောင်ရေးသည်။

'ကျွန်တော်နဲ့ ကျွန်တော့်ဇနီးတို့ကတော့ အရင်လိုပါပဲ။ ထုံးစံအတိုင်း မနက်တိုင်း စက်ရုံသွားတယ်။ ပြန်လာရင် သတင်းစာဖတ်၊ ရေဒီယို နားထောင်။ အိမ်မှုကိစ္စတွေလုပ်။ စက်ရုံကလွဲလို့ ဘယ်မှသွားခွင့်မရှိဘူး။ အိမ်နောက်ဖက်မှာတော့ သီးပင်စားပင်တွေ စိုက်ထားတယ်။ ကလေးတွေဆီ စာရေးတာကလွဲလို့ အပြင်လူ ဘယ်သူနဲ့မှ အဆက်အသွယ် မရှိပါဘူး။ အကြီးဆုံးသား ပုဖန်းကတော့ ဆေးရုံက မဆင်းရသေးဘူး။ အရင်က သူ့ဘာသာသာ ဆီး ဝမ်းမသွားနိုင်သေးဘူး။ အခုတော့ အဲဒါတွေကောင်းလာပြီသိရလို့ ကျွန်တော်တို့လဲ ဝမ်းသာရတာပေါ့။ ဗဟိုကော်မတီရုံးချုပ်ကလဲ သူ့ကို ထောက်ပံ့ကြေးပေးတယ် သိရပါတယ်။

(တစ်လကို ယွမ်၃၀ ပေးတယ်။ အစားအသောက်အတွက် ၃၅ယွမ်၊ အသေးသုံး အတွက် ၅ယွမ် ပေးတယ်။ ကောင်းတာပေါ့)

အကြီးဆုံးသမီး တိန့်လင်းကတော့ ဟိဘေ့မှာပဲ။ အလုပ်တော့ မရသေးဘူး။ စက်ရုံမှာ လုပ်အားပေးနေရဆဲပဲ။ တခြားသားသမီးတွေအားလုံးလဲ လယ်ယာလုပ်ငန်းခွင် ဝင်နေကြရတယ်။ တစ်ယောက်က ကျင့်ကျန်းမှာ၊ တစ်ယောက်က ဖူကျန့်မှာ၊ နောက်တစ်ယောက်က နင်းကျန်းမှာ'

ထိုစာရေးပြီး မကြာမီမှာပင် သတင်းတစ်ခုကြားရ၏။ ပုဖုန်းမှာ ကျန်းမာရေးကောင်းလာ၍ ဆေးရုံမှ ဆင်းရမည်။ သူ့ကို သူနာပြုတစ်ဦးအကူအညီဖြင့် နန်ကျန်းရှိ မိဘများထံ ပို့ပေးမည်တဲ့။

တကယ်ပဲ သူကျန်းမာရေးကောင်းရဲ့လား။ ဆေးဝါးကုသမှု လက်လွှတ်ရပြီလား။ တိန့်သည် ပူပင်သောကကြီးစွာဖြင့် ဝမ်တုံကျင်းထံ စာထပ်ရေး၏။

'သားကို ဆေးရုံက ဆင်းခိုင်းတော့မယ်တဲ့။တကယ်တော့ သူက ခါးအောက်ပိုင်း လေဖြတ်နေတဲ့သူပဲ။ သူ့ဘာသာသူ မရပ်တည်နိုင်သေးဘူး။ ကျွန်တော်တို့အိမ်ကို ပို့ပေးမယ်ဆိုတော့ ဘယ်ဖြစ်ပါ့မလဲ။ အိမ်မှာက ကျွန်တော်တို့ အိုကြီးအိုမ သုံးယောက်ပဲ ရှိတာ။ကျွန်တော်က ၆၇၊မိထွေးကြီးက ၇၀၊ ဇနီးက ၅၅။ သူကလဲ နေကောင်းတာမဟုတ်ဘူး၊ သွေးတိုးက ရှိသေးတယ်။ အောက်သွေး ၁၁၆၊ အပေါ်သွေး ၁၈၀။ နှလုံးကလဲ မကောင်းဘူး။ သားကို ဘယ်လိုလုပ်စောင့်ရှောက်နိုင်မလဲ။ ဗဟိုကော်မတီကို တောင်းပန်ပေးပါ။ သားကို ဆေးရုံက ဆင်းမခိုင်းပါနဲ့ဦး၊ ဆက်ပြီး ကုသမှုလုပ်ပေးပါ'

ထိုစာရေးပြီးနောက် ရင်တမမနှင့် အဖြေကိုစောင့်စားကြရသည်။ ကံကောင်းချင်တော့ ပုဖုန်းကို ဆက်ကုသခွင့်ပေးပြီး ဆေးရုံမှ ဆင်းမခိုင်း ဆိုသော သတင်းကို ကြားရခြင်းပင်ဖြစ်၏။

ဆောင်းဦးပေါက်ရာသီရောက်ပြီ။ လုပ်ငန်းခွင်က သားသမီးများ ပြန်လာကြ၏။ အစ်မကြီး တိန့်နန်းပါ ပြန်လာခွင့်ရ၍ သားသမီး ၃ဦးစလုံး အိမ်ပြန်ရောက်ကြရာ မိသားစုဘဝ ချမ်းမြေ့ပျော်ရွှင်ကြရသည်။ တိန့်လင်းနှင့်ပုဖုန်းနှစ်ယောက်သာ ပြန်ရောက်နိုင်လျှင် မိသားစုဘဝ ဤထက်ပိုမိုပြည့်ဝ ပျော်ရွှင်ကြရပေမည်။

တိန့်နန်းသည် သူ့အတန်းဖော် ဇန်ဟုန်နှင့်လက်ထပ်လိုက်၏။ ဇန်ဟုန်တို့မိသားစုမှာ အလွန်ဆင်းရဲ၏။ တစ်နှစ် တစ်ခါ ရာရှင်ရသော အဝတ်ကိုပင် ရောင်းကာ ဆားတို့ဘာတို့ ဝယ်စားကြရသူများ။ တစ်မိသားစုလုံးမှ တစ်နှစ်ကို ဝက်တစ်ကောင်ပဲ မွေးနိုင်၏။ ဝက်ကို ပေါ်သောအခါ တစ်ဝက်ကို အစိုးရကို ရောင်း၊ တစ်ဝက်ကို သူတို့မိသားစု တစ်နှစ်လုံးအတွက်သိုမှီးထားရ၏။ တောင်ပေါ်ဒေသဖြစ်သဖြင့် လယ်ယာစိုက်၍လည်း သိပ်မဖြစ်။ သူတို့သည် ဆင်းရဲကြသော်လည်း စိတ်ထားအလွန်ကောင်းကြ၏။ တိန့်နန်းကို သူတို့ အလွန်ဂရုစိုက်ကြသည်။ တိန့်နန်းကို အလုပ်ပေ့ါပေ့ါပါးပါးပဲခိုင်းသည်။

တရုတ်ပြည်သစ်ပေါ်ထွန်းခဲ့သည်မှာ နှစ်၂၀ ကြာပြီ။ သို့သော် တောင်ပေါ်ဒေသများကား မဖွံ့ဖြိုးသေး။ စားစရာမလုံလောက်။ ဝတ်စရာမလုံလောက်။ ဘဝမှာ ကြမ်းတမ်းကြဆဲ။ ကွန်မြူနစ်တို့သည် သွေးချောင်းစီး၍ ဤနယ်မြေများကို လွတ်လပ်အောင်တိုက်ယူခဲ့၏။ သူတို့ အသက်စွန့်ခဲ့ကြရကျိုးနပ်ပါသလား။

နွေဦးရာသီပွဲတော် ရောက်လာပြီ။ တစ်မိသားစုလုံး ပွဲတော်ရာသီတွင် စကားပြောကြ၊ ရယ်မောကြ၊ ညလယ်ခေါင် ထမင်းချက်စားကြ။ လူကြီးတွေက ကလေးတွေပျော်နေသည်ကိုကြည့်ပြီး သူတို့ပါ အပျော်တွေ ကူးစက်နေကြသည်။ တိန့်သည် ကြည်နူးလွန်းသဖြင့် အရက်ပင် ပိုသောက်ခဲ့၏။ သူ့မျက်နှာပြင်တွင် အရက်ရှိန်ကြောင့်ရော မိဘမေတ္တာအဟုန်ကြောင့်ပါ သွေးရောင်လွှမ်းကာ စိုပြေဝင်းလက်နေသည်။

www.foreverstar.com.mm

# ။ ၂၂ ။
## ပုဖုန်း၏ အဖြစ်ဆိုးများ

ပုဖုန်းဆေးရုံတွင် အချိန်အတော်ကြာကုသမှုခံယူနေရသည်ကို မနာလို မရှုစိမ့်ကြသူတချို့ရှိ၏။ သူ့ကို ဆေးရုံမှအတင်းဆင်းခိုင်းလိုကြသည်။ သို့သော် တိန့်က ပါတီဗဟိုကော်မတီသို့ တောင်းပန်စာပို့ထား၍ သူတို့ အားမတန်၍မာန် လျှော့နေကြရခြင်း ဖြစ်သည်။

ဇန်နဝါရီ ၂၁ ရက်တွင် ပေကျင်းတက္ကသိုလ်မှလူတစ်စု ပုဖုန်းအခန်းထဲ ဝင်လာကြ၏။ သူတို့ထဲမှတစ်ယောက်က မျက်နှာထားတင်းတင်းနှင့်ပြော၏။

"ပါတီက မင်းကို တခြားနေရာပြောင်းကုဖို့ ဆုံးဖြတ်လိုက်ပြီ"

ပုဖုန်းမှာ အံ့သြနေသည်။ သို့သော် ပါတီဆိုသောစကားကြောင့် သူ လည်း မငြင်းသာ။

"ကျွန်တော်သဘောတူပါတယ်။ ဘယ်တော့ ပြောင်းရမှာလဲ"

ခံစားမှုမဲ့သောမျက်နှာဖြင့် ပုဖုန်းက ပြန်မေး၏။

"ခုချက်ချင်းပဲ"

သူတို့ခုမှလာသည်။ ခုချက်ချင်းပဲပြောင်းရမည်ဆိုပဲ။ ပုဖုန်းမှာ ဘာတစ် ခွန်းမှ မပြောနိုင်တော့။ သူ့ကို ဘယ်ပြောင်းမလဲပင် သူမမေးတော့။ မေးလို့ကော ဘာထူးမှာမို့လဲ။ သူ့ကံကြမ္မာမှာ ထိုသူများလက်တွင်သာရှိသည် မဟုတ်လား။ သူ ဤဆေးရုံ ရောက်လာစဉ်ကလည်း ဘာမှမပါ။ ယခု ပြောင်းဆိုတော့လည်း ပြောင်းရုံပဲ။ ဘာပစ္စည်းမှမရှိ။

သူတို့က သူ့ကိုကားပေါ် သယ်သွားကြ၏။ ဘာစကားမှမပြောဘဲ ကား ပေါ်တင်၏။

www.foreverspace.com.mm

ကားသည် ဆေးရုံမှ ကီလိုမီတာ ၂၀ကျော် မြောက်အရပ်သို့ မောင်းနေ၏။ ထိုနောက် အခန်းတစ်ခန်းသို့ပို့၏။ပေကျင်းတက္ကသိုလ်မှလူများသည် အချိန်မဆိုင်း။ တစ်ခါတည်းပြန်သွားကြ၏။

'ပေကျင်းလူမှုဝန်ထမ်းကယ်ဆယ်ရေးဂေဟာ'

ပေကျင်းမြို့ပြင်တွင် ရှိသည်။ ထိုစဉ်က လမ်းပန်းဆက်သွယ်ရေးမှာ မကောင်းသေး၍ ပေကျင်းမြို့မှ အတော်အလှမ်းဝေးသောနေရာဟုဆိုရမည်။

ဂေဟာတွင်နေထိုင်သူအများစုသည် စစ်ပြန်မသန်မစွမ်းများနှင့် တိုက်ပွဲကျဆုံးသူများ၏ မိခိုသူများသာ ဖြစ်ကြ၏။ မသန်မစွမ်း အဖိုးအိုအဖွားအိုများ၊ ဒုက္ခိတများနှင့် ကျပ်မပြည့်သော ကလေးငယ်များ ဖြစ်ကြ၏။ ပုဖုန်းကို အခန်းကျယ်ကြီးတစ်ခုတွင် တခြားလူ၁၀ဦးနှင့်အတူ မျှထား၏။ အခန်းထဲတွင် မီးလင်းဖိုကြီးနှစ်ခုသည် ဆောင်းရာသီအအေးဒဏ်ကို အန်တုနေ၏။ အခန်းထဲရှိ လူများအနက် နှစ်ဦးသာ လမ်းလျှောက်နိုင်၏။ တစ်ဦးမှာ အသက် ၇၉နှစ်အရွယ်ရှိပြီး နားထိုင်းသူဖြစ်သည်။ သူသည်ပင်လျှင် မီးမွေး၊ အစားအသောက်ကျွေးမွေး၊အိပ်ယာခင်းခင်း၊ အမှိုက်လှဲလုပ်ရ၏။ တခြားသူမှာ ကျပ်မပြည့်သောကလေး ဖြစ်၏။ သူကလည်း မလှုပ်မရှားနိုင်သူများကို ကူညီပါသည်။ တစ်ခန်းလုံးရှိလူများသည် အဖိုးကြီးနှင့် ဤကျပ်မပြည့်သောကလေးကိုပင် အားကိုးအားထားပြုနေကြရ၏။ ပုဖုန်းသည် ချက်ချင်းပြောင်းလာရသဖြင့် သူနှင့်အတူ ဘာပစ္စည်းမှမသယ်နိုင်ခဲ့။ သူ့မှာ အတွင်းခံဘောင်းဘီနှင့် အနွေးထည်ကောင်းကောင်းပင် ပါမလာ။

ယဉ်ကျေးမှုတော်လှန်ရေးကာလက လူမှုဝန်ထမ်းတို့ဘာတို့ ဆိုသည်မှာ ဘူဇွာအခွင့်ထူးခံများ၏နေရာဟုသဘောထားကြ၏။ လူမှုဝန်ထမ်းအစား 'ကယ်ဆယ်ရေးဂေဟာ'ဟု ခေါ်ကြ၏။ 'ကယ်ဆယ်ရေး'ဟူသော အမည်အရ လူမှုရေးဆောင်ရွက်ချက်များ အားနည်းနေသည်မှာ သဘာဝပင်ဖြစ်၏။

ထိုအချိန်က တရုတ်ပြည်သည် စီးပွားရေးအလွန်ကြပ်တည်းနေချိန်ဖြစ်၏။ သာမန်လူတို့မှာ တစ်နေ့တာစားရသောက်ရဖို့ပင် အနိုင်နိုင်ဖြစ်ရာ မသန်မစွမ်းတို့အဖို့မူ ပြောဖွယ်ရာမရှိပြီ။ သူတို့ကို ထောက်ပံ့ကြေး တစ်နေ့ ၂၁ယွမ်ပေး၏။ ထိုအထဲမှ ၈ယွမ်ကို စားစရိတ် ဖြတ်၏။ ကျန်တာက ဆေးကုမှုစရိတ်။ စားတာကလည်း ဆန်ကြမ်းနှင့် ဟင်းသီးဟင်းရွက်သာ စားရ၏။ တနင်္ဂနွေလို

နေ့မျိုးတစ်ရက်သာ အသားဟင်းစားရ၏။ အဆောက်အဦများမှာ အိုမင်းနေ၏။ အထောက်အကူပစ္စည်း ဘာမှမရှိ။ ချိုင်းထောက်၊ ဘီးတပ်ကုလားထိုင် မရှိ။

တိန့်ရှောက်ဖိန်၏ညီမအငယ်ဖြစ်သူတိန့်ချင်ကွမ်းသည် သူ့တူကို အမှတ် ၃၀၁ ဆေးရုံသို့ သွားကြည့်သောအခါ ဆေးရုံပြောင်းသွားပြီ ဆို၍ လူမှုဝန်ထမ်း ဂေဟာသို့ လိုက်ခဲ့ရ၏။ ဂေဟာတွင် သူ့တူ၏အခြေအနေဆိုးကိုတွေ့ရသောအခါ အလွန်ဝမ်းနည်းကြေကွဲစွာဖြင့် သူ့အစ်ကိုထံ စာရေးအကြောင်းကြား၏။

"အိပ်ယာခင်းတွေကလဲ ညစ်ညစ်ပတ်ပတ်နဲ့ မလဲ၊ မလျှော်ကြဘူး။ သူ့ကို သေသေချာချာကုသပေးမှပျောက်နိုင်မယ်။ဒီအတိုင်းဆို သူ့တစ်သက် နာလန်ထူတော့မှာမဟုတ်ဘူး။ အစ်ကိုကြီးတို့အစ်မကြီးတို့လဲ အသက်တွေက ကြီးပြီ။ သူက အခုမှ ၂၈ကျော်ပဲရှိသေးတာ။ သူ့ခြေထောက်ပေါ်သူရပ်နိုင်ဖို့ ရောဂါပျောက်အောင်ကုပေးရမယ်"

ဖေဖော်ဝါရီ ၃ရက်နေ့တွင် တိန့်ရှောက်ဖိန်သည် ဝမ်တုံကျင်းထံ စာတစ်စောင်ရေး၏။

"သားဖြစ်သူ ပုဖုန်းအကြောင်း ထပ်ပြီး အပူကပ်ရဦးမယ်။ ကျွန်တော့် ညီမက သူ့တူဆီ သွားတွေ့တဲ့အခြေအနေတွေကို စာရေးအကြောင်းကြားတယ်။ ဒီစာကိုလဲ ပူးတွဲထည့်ပေးလိုက်ပါတယ်။ ဂေဟာမှာ ခုလိုအခြေအနေအတိုင်းတော့ သူ့ကို ဆက်မထားရက်တော့ဘူး။ အိမ်ကိုခေါ်ထားဖို့ပဲ ရှိတော့တယ်။ ဒါကလဲ ကျွန်တော်တို့အိုကြီးအိုမသုံးယောက်နဲ့တော့ မဖြစ်နိုင်ဘူး။ ဖြစ်နိုင်ရင် သူ့အတွက် အဖော်သဟဲတစ်ယောက် စီစဉ်ပေးပြီး အိမ်ကိုသာ ပြန်ပို့လိုက်ပါတော့။ ဒီလိုမှ မဖြစ်နိုင်ရင် ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ပဲ ကိုယ့်သားကိုယ် ပြုစုစောင့် ရှောက်ကြရမှာပဲ"

ထိုစာကို ကျန်ဇီတော်လှန်ရေးကော်မတီမှတစ်ဆင့် ဝမ်တုံကျင်းသို့ပို့ပေး၏။ ဤစာ နောက်ပိုင်းတွင် မည်သည့်စာမှ မရေးတော့ရန် ကျန်ဇီကော်မတီက သတိပေး၏။ ဤသည်မှာ ကော်မတီ၏ဆုံးဖြတ်ချက်လား ဗဟိုကော်မတီ၏ဆုံး ဖြတ်ချက်လားတော့မသိ။ ပြင်ပသို့ဆက်သွယ်အကူအညီတောင်းစရာဟူ၍ ဤ တစ်လမ်းသာရှိရာ ဤလမ်းကိုပါပိတ်လိုက်သောအခါ သူတို့လည်း ဘာမှမတတ်နိုင် တော့။ စာရေးသာရေးလိုက်ရသည် ၃လကြာသည်အထိ ဘာမှအကြောင်းမထူး။

www.foreverspace.com.mm

ပုဖုန်းကား ဂေဟာတွင် ဖြစ်သလိုနေရင်းနှင့်ပင် နေသားကျသွားပြီ။ ဂေဟာရှိလူများအားလုံးသည် ကမ္ဘာပေါ်တွင် ကံအဆိုးဆုံးလူများဖြစ်ကြ၏။ သူတို့တွင် ဆွေမျိုးအထောက်အခံမရှိကြ။ကူညီမည့်သူ စောင့်ရှောက်မည့်သူ မရှိကြ။ သူတို့သည် လူမှုအသိုင်းအဝန်းတွင် အနိမ့်ကျဆုံးသူများဖြစ်ကြ၏။ သူတို့ပင်လျှင် သက်ရှင် နေထိုင်နိုင်ကြလျှင် သူရော ဘာဖြစ်လို့ မနေနိုင်ရမှာနည်း။ ပုဖုန်း ဤစိတ်ကိုသွင်းကာ သည်းခံပြီး နေပြ၏။

တစ်နေ့တွင် ပေကျင်းတက္ကသိုလ်မှလူတစ်ယောက်ရောက်လာကာ သူ့ကို ကွန်မြူနစ်ပါတီမှထုတ်ပယ်လိုက်ကြောင်း လာပြော၏။

သူ့မှာ အိမ်ရှိ၏။ ပြန်လို့မရ။ မိဘတွေ ရှိ၏။ တွေ့ခွင့် မရ။ ယခုမူ ပါတီမှပင် အထုတ်ခံလိုက်ရပြီ။ ဤကျယ်ပြန့်သောကမ္ဘာတွင် သူ့အတွက်နေစရာ ခိုစရာနေရာ မရှိပြီ။

တစ်နေ့တွင် သူသည် အခန်းဖော်များ၏အကူအညီဖြင့် ဘီးတပ်လှည်း တစ်ခုရ၏။ ထိုလှည်းဖြင့် သူသည် မြို့သို့လာခဲ့၏။ ရုံးချုပ်အာဏာပိုင်များထံတွင် အသနားခံစာတင်ရန်။ ပေကျင်းမေလကား ပူလောင်လှ၏။ သူသည် ဘီးတပ်လှည်းလေးကို အားစိုက်တွန်းကာ မြို့သို့လာခဲ့၏။ အပေါင်းအဖော်မပါ၊ တစ်ကိုယ်တည်း။ ၂၅ကီလိုမီတာခရီးကား မနီးလှ။အဝတ်အထည်တွေအားလုံး ချွေးတွေ ရွှဲနစ်ကုန်သည်။ မွန်းလွဲကျော်မှ မြို့ကိုရောက်၏။ ရုံးချုပ်၏အနောက်ဂိတ်ရုံးတွင် သူက အစောင့်တပ်သားကို သူ မည်သူမည်ဝါဟု ပြောပြီး ဆေးကုသခွင့်လျှောက်ထားလိုကြောင်းတောင်းပန်၏။ အတော်ကြာကြာစောင့်နေပြီးမှ လူတစ်ယောက်ထွက်လာကာ ဂိတ်နှင့်မျက်နှာချင်းဆိုင်လမ်းသွယ်လေးအတိုင်း တစ်နေရာသို့သွားရန် ညွှန်ပြ၏။ ပုဖုန်းက ဘီးတပ်လှည်းကိုတွန်းပြီး ထိုနေရာသို့သွားရန် ဦးတည်လိုက်သည်။ ရုတ်တရက် သူ့ကို လူတစ်စုက ဝိုင်းဖမ်းကြသည်။ ဘာမှမပြောဘဲ သူနှင့်ဘီးတပ်လှည်းကို ကြိုးနှင့်တုပ်ကြ၏။ ထိုနောက် ဂျစ်ကားပေါ်တင်ကာ ဂေဟာသို့ ပြန်ပို့ကြ၏။

သူကား ကြိုးစား၏။ သို့သော် မရ။ နှလုံးသားမှာ နာကျင်မှုကြီးစွာ ဖြစ်ခဲ့ရ၏။ လူကား မသေ။ စိတ်ကား သေပြီ။ သူ့ဘဝကား အဓိပ္ပာယ်မရှိတော့။

www.foreverstudy.com.mm

## ॥ ၂၃ ॥

## ကောင်းကင်ဘုံက ပြည်သူကို ပစ်မထားပါ

ဇွန်လနောက်ဆုံးပတ်တွင် ပုဖုန်းကို မိဘများရှိရာ ကျန်ဇီသို့ ပြန်ခွင့်ပြုလိုက်၏။ ဤသည်မှာ သူ မြို့မှအာဏာပိုင်များထံ သွားခဲ့၍ ဖြစ်သလားမဖြစ်သလားတော့ မပြောနိုင်။

တိန့်ရှောက်ဖိန်နှင့် သူ့ဇနီးသည် ဖေဖော်ဝါရီမှ ဇွန်အထိ ဤသတင်းကို စောင့်ခဲ့ရ၏။ ယခုတော့ ငါးနှစ်နီးပါးမတွေ့ခဲ့ရသောသားနှင့် ပြန်တွေ့ရတော့မည်။ သို့သော် သူတို့သားငယ်ကား မြူးတူးခုန်ပေါက်စွာ အိမ်သို့ပြန်လာနိုင်သည်ကား မဟုတ်။ ဘီးတပ်ကုလားထိုင်နှင့်ပြန်လာရခြင်း။

ပုဖုန်းကို ရဲဘော်ဟွမ်၏အခန်းဟောင်း အိမ်အောက်ထပ်တွင် နေရာချထားသည်။ ပုဖုန်းမရောက်မီကတည်းက ဒေသအာဏာပိုင်များထံမှ သံကုတင်တစ်လုံးငှားထားခဲ့၏။ သို့သော် ပုဖုန်းမှာ သံကုတင်နှင့် မအိပ်နိုင်။ သစ်သားကုတင် မာမာပေါ်တွင်သာ သူအိပ်၍ရ၏။ စက်ရုံမှလက်သမားများက ကုတင်ကို အထူးပြုလုပ်ပေးကြ၏။ ပုဖုန်းသည် သူ့ဘာသာသူ အိပ်ယာမှမထနိုင်။ ဟိုဘက်သည်ဘက်ပင် မစောင်းနိုင်။ သူသည် နှစ်နာရီတစ်ကြိမ် ဟိုလှည့်သည်လှည့် လုပ်ရ၏။ထိုသို့မှမလုပ်လျှင် သူ့ကျောပြင်တွင် အနာတွေဖြစ်လိမ့်မည်။ နေ့စဉ် အိုကြီးအိုမသုံးဦးက သူ့ကိုလှည့်ပြောင်းပေးရ၏။ အထူးသဖြင့် တိန့်က သူ့သားကိုပို အကူအညီပေးရ၏။ နေ့ဘက်သာမဟုတ်။ ညဘက်တွင်လည်း ထို့အတူ နှစ်နာရီခြား လှည့်ပေးရသည်။

ပုဖုန်းလည်း မိဘများကိုအားနာလှပြီ။ ထို့ကြောင့် စက်ရုံမှလက်သမား

www.foreverspace.com.mm

များကို မျက်နှာကျက်မှနေ၍ သံကွင်းနှစ်ခု တွဲလောင်းချခိုင်းသည်။ထိုကွင်းများကို အားပြု၍ သူ ထ,နိုင်လာသည်။ မိဘများကို သိပ်အားကိုးရန် မလိုတော့။

အိုကြီးအိုမသုံးဦးတို့က ပုဖုန်းအလုပ်ကို တာဝန်ခွဲယူကြ၏။ တိန့်က အလှည့်အပြောင်းအထူအမတာဝန်၊ ရေချိုးရေပတ်တိုက်ပေးရသောတာဝန်၊ ဇနီးလုပ်သူက ဆီးဝမ်းတာဝန်၊ အိပ်ယာခင်းလျှော်ဖွပ်ရသော တာဝန်၊ အဖွားကြီးက အချက်အပြုတ်နှင့် တခြားအဝတ်အထည်များ အလျှော်အဖွပ်တာဝန်။ မသန်မစွမ်းလူငယ်တစ်ယောက်အတွက် အိုကြီးအိုမသုံးဦးက လက်မလည်အောင် အလုပ်များကြရ၏။ သို့စဉ်လျက် တိန့်နှင့် သူ့ဇနီးသည် စက်ရုံအလုပ်ကို တစ်ရက်မပျက် အလုပ်ဆင်းကြ၏။

တောင်ပိုင်းဒေသတွင် နွေရာသီရောက်လာပြန်ပြီ။ ၁၉၇၁နွေကား ထုံးစံအတိုင်း ပူပြင်းလှ၏။ ကုတင်ပေါ်တွင် တစ်နေကုန်လဲလျောင်းနေရသော ပုဖုန်းအဖို့ကား မခံမရပ်နိုင်တော့။ သူ့လက်နှင့် ထိသမျှ ကုတင်သစ်သားများသည်ပင် မီးကျီးခဲလို ပူလောင်လှ၏။ ငြိမ်ငြိမ်သက်သက်လှဲလျောင်းနေလျှက်ကိုပင် ချွေးက တုတ်တုတ်ရွှဲ၏။သံကွင်းကိုအားပြု၍ တစ်ခါထလိုက်လျှင် ချွေးများသည် သုတ်၍မနိုင်တော့။ ထို့ကြောင့် သူ့ကို တစ်နေ့ အကြိမ်များစွာ ရေပတ်တိုက်ပေး၊ရေချိုးပေးရ၏။ ကျောပြင်ကို မကြာခဏပေါင်ဒါဖြူးပေးရ၏။ ဤသည်မှာ ကျန်ဇီသို့ ရောက်ပြီး တိန့်တို့၏ အလုပ်အများဆုံးရက်များပင်တည်း။ မည်သို့ပင်ဆိုစေ ဒုက္ခိတသားလေးကိုပြုစုနေကြရ၍ လူပင်ပန်းသော်လည်း စိတ်တွေက လန်းနေကြ၏။

သည်လိုနှင့်ပင် အပင်ပန်းခံရင်း တစ်နွေကုန်သွားသည်။ အားလုံးနည်းနည်းသက်သာသွား၏။ ဇနီးသည်က ကြက်ခြံဘဲခြံကို ကြီးကြပ်၏။ တိန့်ကတော့ ညစာ စားပြီးလျှင် လမ်းလျှောက်၏။ မကြာခင် သမီးကြီး တိန့်ရောင်း အိမ်ပြန်ရောက်လာ၍ ကူဖော်လောင်ဖက်ရလာ၏။ သမီးကြီးက သူ့မောင်ကို ကူညီပြုစုပေး၍ မိဘများ အသက်ရှူချောင်ကြရ၏။

ပုဖုန်းကား တစ်နေကုန် ကုတင်ပေါ်တွင် လဲလျောင်းရင်း စာဖတ်၊ရေဒီယို နားထောင်။ သူသည် ပေကျင်းတက္ကသိုလ် တက်ခဲ့စဉ်က စက်မှုရူပဗေဒ ကျောင်းသားများထဲတွင် ထူးချွန်သူတစ်ဦး ဖြစ်ခဲ့၏။ ကျောင်းစာအပြင် ရေဒီယို

နှင့် လျှပ်စစ်ပစ္စည်းမျိုးစုံကို ကလိတတ် ပြင်တတ်သည့် နေရာတွင်လည်း သူ နာမည်ကြီး၏။ ယခုတော့ ပညာတတ်၂၇နှစ်သားလူငယ်လေး၏ဘဝသည် ဘာ တစ်ခုမှ သုံးစား၍မရတော့ပြီ။

တိန့်က သူ့သားတတ်သည့်ပညာကို တစ်နေရာရာတွင် အသုံးချလို၏။ ထို့ကြောင့် စက်ရုံတွင် ရေဒီယိုပြင်သည့်အလုပ်များ ရနိုင် မရနိုင် စုံစမ်းကြည့်၏။ မရ။ စက်ရုံမှူးကိုလည်း မေးကြည့်၏။ အိမ်မှာ ရေဒီယိုရှိလျှင် သူ့သားက ပြင် ပေးမည့်အကြောင်း။

'အမှန်ပြောရရင် ကျွန်တော်တို့မိသားစုဝင်ငွေက တစ်လကို ယွမ်၄၀၊ ၅၀ပဲ ရှိတယ်။ သားသမီးက လေးယောက်။ အကြီးဆုံးကတောင် မူလတန်း ကျောင်းသားအရွယ်။ မိအိုဘအိုတွေလဲ ထောက်ပံ့ရသေးတယ်။ ကျွန်တော်တို့ ဘဝက သိပ်ကြမ်းပါတယ်။ ရေဒီယို ဘယ်လိုလုပ်ဝယ်နိုင်မလဲ'

တိန့်သည် စက်ရုံမှူး၏စကားကြားရ၍ အလွန်စိတ်ဓာတ်ကျသွားသည်။ သူ့သား ပုဖန်း စိတ်သက်သာရာသက်သာကြောင်း ရေဒီယိုပြင်ခွင့်မရ၍မဟုတ်။ ဆိုရှယ်လစ်စနစ်ထူထောင်ပြီး နှစ်၂၀အကြာတွင် စက်ရုံမှူးတစ်ယောက်ပင်လျှင် ရေဒီယိုတစ်လုံးမဝယ်နိုင်သည့်အဖြစ်သနစ်ကို သူ သိရ၍ဖြစ်၏။

တိန့်သည် တော်လှန်ရေးထဲတွင် ကြီးပြင်းခဲ့၏။သူ့ဘဝတစ်ခုလုံး တော် လှန်ရေးတွင် မြှုပ်နှံခဲ့သည်။ ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးအနေဖြင့် နိုင်ငံ ကောင်းကျိုးကို သူကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းခဲ့၏။ အခက်အခဲများစွာ ကြုံခဲ့ပြီးနောက် တရုတ်ပြည်သည် စီးပွားရေးတိုးတက်ရာတိုးတက်ကြောင်းလမ်း စကို ရခဲ့သည်။

သို့သော် ယဉ်ကျေးမှုတော်လှန်ရေးကြီးက အားလုံးကို ပြန်နင်းခြေပစ် ခဲ့လေပြီ။

ယခုတော့ သူလည်း ဘာမှ မတတ်နိုင်။ သူကိုယ်တိုင်ပင်လျှင် ဝေးမြေ တစ်နေရာတွင် အကျယ်ချုပ်နှင့် နေနေရ၏။ သို့သော် သူသည် နိုင်ငံ၊ ပြည်သူနှင့် ပါတီအတွက် ကောင်းရာကောင်းကျိုးလုပ်ပေးလိုစိတ်က အမြဲရှိနေ၏။

၁၉၇၁ စက်တင်ဘာ ၁၃ ရက်တွင် လင်ပြောင်သည် နိုင်ငံမှ ထွက်ပြေး ခဲ့ရာ မွန်ဂိုလီးယားသဲကန္တာရတွင် လေယာဉ်ပျက်ကျ သေဆုံးခဲ့၏။ ထိုသတင်းကို

www.foreverspace.com.mm

တိန့်သိရ၏။ ပေကျင်းရေဒီယိုမှမဟုတ် နိုင်ငံခြားသတင်းမှတစ်ဆင့်။ ပုဖုန်းသည် ရေဒီယိုကို မျိုးစုံ ကလိရင်းနှင့် နိုင်ငံခြားလိုင်းတွေ သွားဖမ်းမိကာ သတင်းတွေ သိရခြင်း ဖြစ်၏။

လင်ပြောင်သေပြီးလျှင် တရုတ်နိုင်ငံရေးလောကတွင် အကြီးအကျယ် ပြောင်းလဲမှုရှိနိုင်ကြောင်း နိုင်ငံခြားသတင်းလေ့လာသူ၏သုံးသပ်ချက်ကိုပါ ကြားရ၏။

လင်ပြောင်ကွယ်လွန်ပြီး ၅ရက်ကြာမှ မော်စီတုံး၏ခွင့်ပြုချက်ဖြင့် ဗဟိုကော်မတီသို့ ဤသတင်း ထုတ်ပြန်၏။ ဆယ်ရက်ကြာမှ စစ်ရေးခေါင်းဆောင်များကို ဤသတင်း ပြောသည်။ အောက်တိုဘာ ၆ ရက်ကျမှ ဗဟိုကော်မတီက တရားဝင် သတင်းထုတ်ပြန်သည်။ လလယ်လောက်ရောက်မှ ပြည်တွင်းကွန်မြူနစ်ပါတီအတွင်းရေးမှူးများသို့ ဤသတင်း ဖြန့်ဝေသည်။ အောက်တိုဘာ ၂၄ ကျမှ ဗဟိုကော်မတီသည် တစ်ပြည်လုံးမှကွန်မြူနစ်ပါတီဝင်များသိစေရန် ထုတ်ပြန်သည်။

နိုဝင်ဘာ၆ ရက်နေ့တွင် စက်ရုံက တိန့်တို့ကို ခေါ်ကာ ဗဟိုကော်မတီ၏ ကြေညာချက်ကို ဖတ်ပြ၏။ အလုပ်သမား ၈၀ကျော်သည် စက်ရုံ၏ ထမင်းစားခန်းထဲ၌ ငြိမ်သက်စွာ ထိုင်နေကြ၏။ တိန့်တို့ဇနီးမောင်နှံက နောက်တန်းခပ်ကျကျတွင် ကုပ်ကုပ်လေး ထိုင်နေကြ၏။ စက်ရုံတော်လှန်ရေးကော်မတီဥက္ကဋ္ဌ 'လျူ'က မြင်သွားကာ အော်ခေါ်၏။

'တိန့်ကြီးက နည်းနည်းနားလေးတယ် ကောင်းကောင်းကြားရမှာ မဟုတ်ဘူး။ ရှေ့ဆုံးလာနားထောင်ပါ'

တိန့်တို့လည်း ရှေ့တိုး နားထောင်ကြ၏။ ဗဟိုကော်မတီ၏ ကြေညာချက်တွင် လင်ပြောင်၏သစ္စာဖောက်ဖျက်ထွက်ပြေးမှုနှင့်သူ၏ပါတီဆန့်ကျင်ရေးအဖွဲ့၏ ရာဇဝတ်မှုများကို ဖော်ပြထားသည်။ ကြေညာချက်ဖတ်သည်ပင် ၂နာရီကြာ၏။ ပရိသတ်က အသက်ပင်မရှူနိုင်ကြလောက်အောင် စိတ်လှုပ်ရှားစွာနားထောင်နေကြ၏။

တိန့်တို့ကို အိမ်တွင်ဖတ်ပြီး ဆွေးနွေးရန် ထိုကြေညာချက်စာရွက်ပေးလိုက်၏။

အိမ်ပြန်ရောက်တော့ သမီးကြီးက သတင်းကိုဆီးမေး၏။ အမေလုပ်သူက သမီးလက်ဖဝါးဖြန့်ခိုင်းပြီး သူ့လက်ညှိုးနှင့် စာရေးပြ၏။

'လင်ပြောင် သေပြီ'

ဤနည်းမှာ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း သူတို့ အသုံးပြုလေ့ရှိကြသော လျှို့ဝှက်ဆက်သွယ်မှုနည်း ဖြစ်၏။

နောက် ၂ ရက်အရတွင် တိန့်သည် မော်စီတုံးထံ စာရေး၏။

'ကြေညာချက်ကို မကြားရခင်အထိ ကျွန်တော် လင်ပြောင်နဲ့ ချင်ဘိုဒါတို့အုပ်စုရဲ့ ပါတီဆန့်ကျင်ရေးအကြောင်းတွေ ကျွန်တော် တစ်ခုမှ မသိခဲ့ရပါဘူး။ သူတို့ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေ ကြားရတော့မှ ကျွန်တော် တော်တော်တုန်လှုပ်သွားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ဗဟိုကော်မတီတို့ရဲ့ တောက်ပြောင်တဲ့ ခေါင်းဆောင်မှုကြောင့်သာ သူတို့ရဲ့ပက်စက်လှတဲ့အကြံအစည်ကို အချိန်မီ ထုတ်ဖော်နိုင်ခဲ့တာပါ။ သူတို့ရဲ့ယုတ်မာမှုအောက်မှာ လူတွေဘယ်လောက်များများ စတေးခဲ့ကြရတာ မရေမတွက်နိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ဆိုရှယ်လစ်အမိမြေကြီးဟာလဲ သူတို့ရဲ့ လှည့်ဖျားမှုအောက်မှာ ချာလပတ်လည်ခဲ့ရပါတယ်။ ခုတော့ အခက်အခဲအကြပ်အတည်းတွေ ဖူးပေါ်သလို ပေါ်ခဲ့ပါပြီ။ ကျွန်တော်ဟာလဲ ပြည်သူတွေနဲ့အတူတူ ပျော်ရွှင်ဝမ်းမြောက်မိပါတယ်'

ယဉ်ကျေးမှုတော်လှန်ရေးအတွင်း တိန့်ရှောက်ဖိန်ကိုအရာမှချခဲ့သူ အဓိကတရားခံမှာ လင်ပြောင်ဖြစ်၏။ သို့သော် မော်စီတုံးမှာ တိန့်ကို ပါတီမှမထုတ်ပစ်ခဲ့။ သူ့အတွက် နိုင်ငံရေးအကြောင်းခံ တိတိကျကျရှိ၏။

လင်ပြောင် မကျဆုံးမီက တိန့်၏ရည်ရွယ်ချက်တစ်ခုမှာ နိုင်ငံရေးကာကွယ်မှုနောက်ဆုံးလမ်းကြောင်းကို ထိန်းသိမ်းရန်ဖြစ်၏။ ယခု လင်ပြောင်မရှိတော့သည့်နောက်ပိုင်းတွင် သူ၏ပန်းတိုင်မှာ ပို၍ရှင်းလင်းလာခဲ့၏။ သူသည် နိုင်ငံရေးနယ်ပယ်ရှေ့တန်းတွင်ဝင်ပါပြီး ပါတီနှင့်ပြည်သူအတွက် အလုပ်လုပ်လို၏။ အရာချခံထားရသောငါးနှစ်အတွင်း သူသည် တရုတ်ပြည်ကြီး ဆိုရှယ်လစ်လမ်းကြောင်းတွင် အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး နည်းနာစိတ်ကူးများစွာကို စဉ်းစားတွေးတောမိခဲ့၏။ ထိုစိတ်ကူးများကို လက်တွေ့အကောင်အထည်ဖော်လိုစိတ် သူ့တွင် ပြင်းပြခဲ့၏။

တိန့်သည် နိုင်ငံရေးသတ္တဝါ ဖြစ်၏။ သူ့စိတ်ထဲတွင် နိုင်ငံရေးပြဿနာများ၊ အဓိကပြဿနာများကို ပထမဦးစားပေးထား၏။

သူ့စာ နိဂုံးချုပ်တွင် အောက်ပါအတိုင်းရေးထား၏။

'ဥက္ကဋ္ဌကြီးက လမ်းညွှန်ခဲ့တယ်။ ကျွန်တော့်မှာ ပြဿနာ တစ်စုံတစ်ရာရှိရင် ရဲဘော်ဝမ်တုံကျင်းကို စာရေးပါလို့။ ဒီနှစ် စောစောပိုင်းက ကျွန်တော် ကျွန်တော့်သားပုဖုန်းအကြောင်းစာရေးခဲ့တယ်။ အဲဒီမှာ သူက သူ့ဆီစာထပ်မရေးတော့နဲ့လို့ ပြောတယ်။ နောက်ထပ် ၁၁လလုံးလုံး ကျွန်တော် ဘာစာမှ မရေးပါဘူး။ ကျွန်တော့်အနာဂတ်မှာ ပြဿနာတစ်စုံတစ်ရာ ရှိလာရင် သူ့ဆီ စာရေးခွင့်ရှိမရှိကို ကျွန်တော် မသိတော့ပါဘူး။ ဥက္ကဋ္ဌကြီး ကျွန်တော် ဆုတောင်းပါတယ် ဥက္ကဋ္ဌကြီး အသက်ရှည်ပါစေ။ ဥက္ကဋ္ဌကြီးရဲ့ ရှည်ကြာ ကျန်းမာတဲ့ သက်တမ်းသည်သာ ပါတီနဲ့ပြည်သူတို့အတွက် အကြီးမားဆုံးပျော်ရွှင်မှုဖြစ်မှာမို့ပါ'

ဤစာသည် မော်စီတုံးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွား၏။

မော်က ဝမ်တုံကျင်းကို ခေါ်မေးသည်။

'မင်း ဘာဖြစ်လို့ သူ့ကိစ္စတွေ မကိုင်တွယ်ခဲ့တာလဲ'

'ကျွန်တော် ကိုင်တွယ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့အတူ ပေကျင်းက အဝေးကို ရောက်နေချိန်မှာပဲ ရုံးချုပ်က ဒုတိယအကြီးအကဲ ဝမ်လိန်ကို လွှဲခဲ့ပါတယ်။ ကျွန်တော်မရှိတုံး သူပဲ ကိုင်တွယ်ရမှာပါ'

ဝမ်တုံကျင်းက ပြန်ဖြေ၏။

မော်စီတုံးသည် တိန့်ရောက်ဖိန်၏စာပါသောစာအိတ်ပေါ်တွင် သူ့လက်ရေးဖြင့် ထပ်ရေးလိုက်၏။

'ဒီစာကို ပုံနှိပ်ပြီး ပေါ်လစ်ဗျူရိုကိုတင်ပြလိုက်။ ဝမ်တုံကျင်းက သူ့မိသားစုအရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းပေး'

www.foreverstore.com.mm

## ။ ၂၄ ။
## ကေဒါဟောင်းများလွတ်မြောက်ရေးလမ်းစ

လင်ပြောင်ကွယ်လွန်သွားခြင်းသည် မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးကြီးတွင် တုန်လှုပ်ခြောက်ခြားဖွယ်ရာဖြစ်ရပ်ကြီးဖြစ်ခဲ့သည်။ မည်သည့်ဘက်ကပင်ကြည့်ကြည့် တရုတ်ပြည်သူ သန်းကုဋေကား ဝမ်းမြောက်ကြသည်မှာ အမှန်။

မော်သည် သူ့အရိုက်အရာကိုဆက်ခံသူအဖြစ် လင်ပြောင်ကိုပင် ရွေးချယ်ခဲ့ရာ သူအရွေးမှားခဲ့ကြောင်း အထင်အရှားပြခဲ့ပေပြီ။ သို့ဆိုလျှင် ယဉ်ကျေးမှုတော်လှန်ရေးကြီးကရော မှန်ကန်ပါ၏လော။

လင်ပြောင်ကွယ်လွန်ပြီးနောက် မော်စီတုံးသည် အကြီးအကျယ်ဖျားနာခဲ့၏။ လင်ပြောင်၏သစ္စာဖောက်မှုကို သူ အလွန်ပင် ရင်နာခဲ့၏။

"၇၃မှာ မသေရင် ဒါမှမဟုတ် ၈၄မှာ မသေရင် အဲဒီလူဟာ သေမင်းတံခါးဝကို သူ့ဘာသာသူသွားသင့်တယ်"ဟုပင် မော်က ညည်းခဲ့သည်ဟု ကြားရ၏။

ဗဟိုကော်မတီ၏ နေ့စဉ်လုပ်ငန်းများသည် ချူအင်လိုင်းလက်ထဲ လုံးလုံးလျားလျားပင် ရောက်သွား၏။ အောက်တိုဘာ၃ ရက်တွင် ယခင် လင်ပြောင်ကိုင်ခဲ့သော စစ်ကော်မရှင်ရုံးကို မာရှယ်ယိကျန်ယင်း လက်သို့ မော်စီတုံးကိုယ်တိုင်လွှဲအပ်ခဲ့၏။

ဖွဲ့စည်းပုံအခြေခံသစ်မှာ အောက်ပါအတိုင်း ဖြစ်၏။ ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီ (နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင်)တို့သည် ချူအင်လိုင်း၏

လက်အောက်ရောက်သွားသည်။ စစ်ရေးစစ်ရာကိုမူ မာရှယ်ယိကျန်းရင်းက ကိုင်၏။ စစ်ကော်မရှင်၏အဓိကပေါ်လစီရေးရာဆွေးနွေးပွဲတိုင်းလိုလို ဝန်ကြီးချုပ်က တက်ရမည် ဖြစ်၏။ ကျန်းကျင်းတို့အုပ်စုကမူ ယဉ်ကျေးမှုတော်လှန်ရေးကိုသာ တာဝန်ယူရ၏။

ယခင်က လင်ပြောင်နှင့် ကျန်းကျင်းဂိုဏ်းက အားပြိုင်ခဲ့ကြ၏။ ယခုတော့ ချူအင်လိုင်း၊ ယိကျန်ယင်းတို့အုပ်စုနှင့်ကျန်းကျင်းဂိုဏ်းတို့ အားပြိုင်မှု။

မော်စီတုံးသည် အရွေးမှားသူဖြစ်၏။ပထမ လျူရှောက်ချီ၊ ယခု လင်ပြောင်။ နှစ်ဦးလုံး မစွံကြ။ ထိုအချိန်မှစ၍ သူသည် ပုဂ္ဂလိက တစ်ဦးချင်းကို မယုံတော့။ သို့သော် သူ၏ရဲဘော်ဟောင်းများကို သူ အားထားရမည်ကိုတော့ သူ ကောင်းကောင်းသိ၏။ သူ၏အမှားတချို့ကိုလည်း သူပြန်မြင်လာ၏။ အစည်းအဝေးတော်တော်များများတွင် သူသည် သူ့ဘာသာသူဝေဖန်ခဲ့၏။ အမှားတွေကို ပြင်ပြီး အမှန်ကိုသူရွေး၏။ ရာထူးမှချခဲ့သောကေဒါများစွာကို သူရာထူးပြန်ပေး၏။ သူတို့၏ ဂုဏ်သတင်းကို ပြန်တင်ပေး၏။ သူ့ကို ပခုံးထမ်းတင်ပေးခဲ့သော ရဲဘော်များ၊ သူရဲကောင်းဟောင်းကြီးများကို သူ သေသေချာချာပြန်တောင်းပန်ကာ ရာထူးပြန်ပေးခဲ့၏။ လင်ပြောင်အတို့အထောင်လုပ်၍ မှားယွင်းခဲ့မှုများကို သူပြန်ဝန်ခံ၏။

‘ရဲဘော်တို့ တစ်ဘက်သတ်ဇာတ်လမ်းတွေကို နားယောင်မိတာ ကျုပ်အမှားပဲ။ ကျုပ်ကိုယ်ကျုပ် ဝေဖန်ရေးပေးပါတယ်’ဟု ပြော၏။

ချူအင်လိုင်းသည် အရာချခြင်းခံထားရသော ကေဒါဟောင်းများ လွတ်မြောက်ရေးကို အားဖြည့်ပေးခဲ့၏။ သူ၏ကျေးဇူးကြောင့် ရဲဘော်ဟောင်းများစွာ ပြန်ပြီးရှင်သန်ခွင့်ရခဲ့ကြ၏။

မော်သည် တိန့်ကိုအလွန်အားကိုးချင်သူဖြစ်၏။ သူအားကိုးသောရဲဘော်ဟောင်းကြီးများထဲမှမာရှယ်ဟိလောင်းတို့ မာရှယ်ချင်ယီတို့ ကွယ်လွန်ခဲ့ကြပြီ။

မာရှယ်ချင်ယီစျာပနအခမ်းအနားကို မော်ကိုယ်တိုင် တက်ရောက်ကာ ဝမ်းနည်းစကားပြောခဲ့၏။

‘ရဲဘော်ချင်ယီက လူကောင်း၊ ရဲဘော်ကောင်းပဲ။ ရဲဘော်ချင်ယီရဲ့လုပ်ဆောင်မှုတွေက ဂုဏ်ယူစရာတွေပဲ။ လင်ပြောင်သာ သူ့အစီအစဉ်တွေ အောင်

မြင်ခဲ့ရင် ချူအင်လိုင်းရော ယိကျန်ယင်းရော ရဲဘော်ဟောင်းတွေအားလုံး ပျက်စီးကြမှာပဲ၊ တိန့်ရှောက်ဖိန်လဲ လျူရှောက်ချီနဲ့မတူဘူး။ သူလဲ လင်ပြောင်ရဲ့ဒဏ်ကို ခံခဲ့ရသူပဲ’

ချူအင်လိုင်းက မော်စီတုံး၏တိန့်ရှောက်ဖိန်မှတ်ချက်ကို မှတ်ထားလိုက်၏။ ပြည်သူ့ခန်းမအစည်းအဝေးတွင် ကျန်းကျင်း၊ ယောင်ဝေယွမ်တို့ရှေ့တွင်ပင် ချူအင်လိုင်းက တိန့်ရှောက်ဖိန်အကြောင်းကို ပြောခဲ့၏။

‘လင်ပြောင်ဂိုဏ်းက တိန့်ကို ရန်သူစာရင်း သွင်းခဲ့ကြတာဟာ ဥက္ကဋ္ဌ မော်ရဲ့သဘောတူညီချက် မဟုတ်ဘူး’

တိန့်ရှောက်ဖိန်ကို ပြန်အသက်သွင်းနေကြခြင်းသည် တစ်စုံတစ်ရာသော အတိုင်းအတာအထိပျံ့နှံ့ခဲ့သော်လည်း ဤသတင်းသည် ကျန်ဇီသို့ကား မရောက်။

တိန့်တို့ထံမမျှော်လင့်သော ဧည့်သည်များ ရောက်လာကြ၏။ ယခင် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ပါတီဗဟိုကော်မတီအနောက်တောင်ဗျူရို ပထမအတွင်းရေးမှူး လီကျင်ကွမ်း၏ကလေး၃ဦး လာတွေ့ကြ၏။ သူတို့သည် ထိပ်တန်းအရာရှိကြီးတစ်ဦးထံမှ လိပ်စာ ရကာ တိန့်တို့ကို လာတွေ့ကြခြင်းဖြစ်သည်။ သူတို့သည် တိန့်တို့အတွက် ပထမဆုံး ပြင်ပပုဂ္ဂိုလ်များကို တွေ့ခွင့်ရခြင်း ဖြစ်သည်။ သူတို့မိသားစုနှင့် တိန့်တို့မိသားစုမှာ အလွန်ရင်းနှီးခဲ့ကြ၏။ နှစ်ဘက်သားသမီးများအားလုံးလည်း ခင်မင်ကြ၏။ သူတို့ဖခင်မှာလည်း စစ်ထောင်တွင် အကျခံနေရကြောင်း၊ အနှိပ်စက်အညှင်းပန်းများစွာခံရကြောင်းများပြော၏။ သူတို့ကို ရှိတတ်သမျှ ဟင်းလျာတွေကျွေးပြီး ဧည့်ဝတ်ပြုကြ၏။သူတို့ ငါးရက်ကြာ နေသွားကြ၏။

ချူအင်လိုင်းက ကေဒါဟောင်းများလွှတ်မြောက်ရေးကို စတင် တွန်းအားပေးနေပြီဖြစ်သော်လည်း တစ်ပြည်လုံးရှိကေဒါများစွာကား အနှိပ်စက်အညှင်းပန်းခံကြရဆဲ၊ မတရားအနိုင်ကျင့်ခံနေကြရဆဲ။

www.foreverspace.com.mm

# ။ ၂၅ ။
# အစွန်းရောက်သမားများ၏အမှားများကို ပြန်ပြင်ခြင်း

တိန့်၏သမီးကြီးတိန့်ရောင်းသည် ပေကျင်းတွင် မစ္စတာဝမ်မင်နှင့်တွေ့၏။ သူက တိန့်အကြောင်းကို သိပ်သိချင်နေသည်။

"ဥက္ကဋ္ဌမော်က ပြောတယ်။ မင်းအဖေရဲ့ကိစ္စက တခြားသူတွေနဲ့ မတူဘူးတဲ့။ ငါ မကြာခင် ဝန်ကြီးချုပ်ချူအင်လိုင်းနဲ့ တွေ့မယ်။ ငါ ဥက္ကဋ္ဌမော်ကို ရော ဗဟိုကော်မတီကိုရော စာရေးမယ်။ မင်းအဖေအနေနဲ့ လုပ်ငန်းခွင်ကိုပြန်ဝင်သင့်တယ်"

သူက တိန့်ရောင်းကို ကျန်ဇီသို့ တန်းပြန်ကာ တိန့်၏သဘောထားကို တောင်းခိုင်း၏။

တိန့်ကို ပြန်ပြောသောအခါ သူက ငြိမ်ပြီး နားထောင်နေ၏။ အခြေအနေများက တိုးတက် ပြောင်းလဲလာသည်။ ဇန်နဝါရီလတုန်းက ဥက္ကဋ္ဌမော်က တိန့်ရှောက်ဖိန်အမှုက တခြားအမှုတွေနဲ့မတူဘူးဟု ပြောဖူး၏။ ဖေဖော်ဝါရီလတွင် တိန့်၏ ကွန်မြူနစ်ပါတီလူပ်ရှားမှုများ ဆက်လက်လုပ်ကိုင်ခွင့်ရ၏။ ဧပြီတွင် ဖေ့ဖေ့နှင့်တိန့်ရောင်းတို့ ကောလိပ်ဆက်တက်ခွင့်ရ၏။ ဇွန်လတွင် တိန့်နှင့်ဇနီးတို့ လစာပြည့်ပြန်ခံစားရသည်။

ဝမ်တုံကျင်းသည် တိန့်ထံမှစာရသောအခါ မှတ်ချက်ရေးခဲ့သည်။

"ရဲဘော်တိန့်ရှောက်ဖိန်က ငွေကြပ်တည်းနေတဲ့အကြောင်း ရေးတယ်။ သူ့ကို မူရင်းလစာပြန်ပေးပါလို့ ထောက်ခံအပ်ပါတယ်"

ဝမ်သည် ချူအင်လိုင်းထံ တင်ပြပြီး ခွင့်ပြုချက်ပေးခြင်းဖြစ်၏။

ရှိန္တမ်ပြည်နယ်သုံး စကားပုံတစ်ခု ရှိ၏။

"ကံကောင်းမှုက လာရင် ဘယ်တံခါးမှ ပိတ်ပင်တားဆီးလို့မရဘူး"

တိန့်တို့ကံတွေလည်း ကောင်းလာပြီဟုဆိုရမည်။ နဂိုလစာတွေ ပြန်ရတာထက် တိန့်၏နိုင်ငံရေးပြဿနာအဆင်ပြေလာမည့် အတိတ်နိမိတ်က ပို အရေးကြီး၏။ လစာမူရင်းပြန်ရသဖြင့် တိန့်တို့သည် စက်ရုံမှူး၏ အကူအညီဖြင့် အဖော်သဟဲတစ်ယောက်ငှားနိုင်ခဲ့၏။ ပုဖုန်းကိုလည်း ပြုစုရန် အိမ်အလုပ်တောက်တိုမယ်ရလည်းလုပ်ရန် ဖြစ်၏။ ထိုသူ၏အမည်မှာ မြောင်ဖကျိန် ဖြစ်၏။

ပုဖုန်း၏ကျန်းမာရေးက တိုးတက်လာသည်။ ဘီးတပ်ကုလားထိုင်နှင့်သူ ခြံဝင်းထဲတွင် သွားလာနိုင်၏။ အပြင်ထွက် နေပူဆာလှုံနိုင်၏။

မကြာမီမှာပင် ဗဟိုကော်မတီဌာနချုပ်မှ စာတစ်စောင်ရ၏။ ပုဖုန်းကို အမှတ်၃၀၁ ဆေးရုံတွင် ဆေးကုသခွင့်ပြန်ပေးမည့် အကြောင်းကြားစာ။ အောက်တိုဘာ ၇ ရက်နေ့တွင် သူ ဆေးရုံပြန်တက်ရ၏။

ဖေ့ဖေ့နှင့် တိန့်ရောင်းတို့လည်း မိခင် ဖခင်တို့ထံ ပြန်ရောက်လာကြ၏။ မိသားစုတွေ တစ်စုတစ်ဝေးတည်း ပြန်ဆုံကြရ၍ ဝမ်းသာစရာကောင်းလှသည်။

လင်ပြောင် မရှိတော့သည့်နောက်ပိုင်းတွင် ချူအင်လိုင်းသည် ပါတီနှင့် အစိုးရကို ပြုပြင်မှုများစွာပြုလုပ်ခဲ့၏။ လစာများပြန်လည်ညှိနှိုင်းခြင်း၊ အုပ်ချုပ်ရေးစွမ်းအားတိုးမြှင့်ခြင်း၊ အလုပ်ဌာနအသီးသီးပြန်လည်ပြုပြင်ခြင်းများ။ သို့ဖြင့် ၁၉၇၂ တွင် အမျိုးသားဝင်ငွေ တိုးလာ၏။ စက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် ယခင်နှစ်ကထက် ၄.၅% တိုးလာသည်။

ချူအင်လိုင်းက ယခင်ခေါင်းဆောင်ဟောင်းများ၊ ပညာတတ်များကို တိုက်ခိုက်မှုများ မှားယွင်းကြောင်း၊ ပါတီကေဒါ ၉၀% သည် လူကောင်းများ ဖြစ်ကြောင်းတို့ကို "ပြည်သူ့နေ့စဉ်" ခေါင်းကြီးပိုင်းတွင် ရေးသားဖော်ပြခိုင်း၏။

ချူအင်လိုင်းကျေးဇူးကြောင့် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် ၁၂ ဦးကျော်တို့ လူရှေ့သူရှေ့ပြန်ရောက်လာကြ၏။ တချို့မှာ ထောင်မှလွတ်လာကြသည်။ တချို့ကို ဆေးရုံတွင် ဆေးကုသပေး၏။ သူနှင့်ယဲကျန်းယင်တို့ ကူညီသဖြင့် ဗိုလ်ချုပ်ကြီး၁၀၀ကျော် စစ်ခေါင်းဆောင်များ ပြန်ဖြစ်လာခဲ့သည်။ ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ် ၅၀၀တို့ကို ဆေးပြန်စစ်ပေး ကုသပေးသည်။

ဩဂုတ်လ ၁ ရက် ၁၉၇၂တွင် တိန့်သည် စက်ရုံမှအလုပ်သမားတို့၏

www.foreverspace.com.mm

အစည်းအဝေးသို့တက်၏။ သူတို့သည် လင်ပြောင်နှင့် ပါတီဆန့်ကျင်ရေးအုပ်စုတို့၏အကြံအစည်နှင့်ပတ်သက်၍ စတုတ္ထအကြိမ်မြောက် နားထောင်ကြရ၏။

နောက်ထပ် ၂ ရက်ကြာ ဩဂုတ်လ ၃ရက်နေ့တွင် တိန့်သည် မော်ထံ စာတစ်စောင် ရေး၏။ အချုပ်မှာ သူ့ကို အလုပ်ပြန်ဆင်းခွင့်ပြုရန်။

'ကျွန်တော့်အမှားတွေ ကျွန်တော်ဝန်ခံပြီးပါပြီ။ ကျွန်တော် ဥက္ကဋ္ဌကြီးရဲ့ပစ္စည်းမဲ့တော်လှန်ရေးလမ်းကြောင်းကို ပြန်လာချင်ပါတယ်။ ကျွန်တော့်ကျန်းမာရေးက သိပ်မဆိုးသေးပါ။ ကျွန်တော် ၆၈နှစ်ရှိပြီဖြစ်ပေမယ့် ကျွန်တော် စုံစမ်းစစ်ဆေးရေးအလုပ်တို့ သုတေသနအလုပ်တို့တော့ လုပ်နိုင်ပါသေးတယ်။ ကျွန်တော် ပါတီနဲ့ပြည်သူကို နောက်ထပ် ၇နှစ် ၈နှစ် အလုပ်အကျွေးပြုနိုင်ပါသေးတယ်။ အတိတ်ကိုထားခဲ့ပြီး ကျွန်တော် အကောင်းဆုံးအရည်အသွေးနဲ့ ပေးဆပ်ပါရစေ။ တခြားဘာမှမတောင်းဆိုလိုပါဘူး။ ဥက္ကဋ္ဌကြီးနဲ့ ဗဟိုကော်မတီရဲ့အမိန့်ကိုသာ နာခံလိုပါတယ်'

၁၉၇၂ ဩဂုတ်လ ၁၄ရက်တွင် မော်စီတုံးက ချူအင်လိုင်းထံ အောက်ပါညွှန်ကြားချက် ပေးသည်။

'ဒါကို ဝန်ကြီးချုပ်ဖတ်ပြီးရင် ဝမ်တုံကျင်းကို ပုံနှိပ်ခိုင်းပြီး ဗဟိုကော်မတီက ရဲဘော်အားလုံးကို ဖြန့်ဝေခိုင်းပါ။ ရဲဘော်တိန့်ရှောက်ဖိန်ဟာ အရေးကြီးတဲ့အမှားတွေ လုပ်ခဲ့တယ်။ ဒါပေမယ့် သူက လျူရှောက်ချီနဲ့မတူဘူး။ (၁)သူဟာ ဗဟိုဆိုဗီယက်နေ့ကာလတွေတုန်းက ကျုပ်တို့(၄)ဦး (တိန့်၊ မော်၊ ချီနဲ့ဂု) တို့နဲ့အတူ အဝေဖန်ခံခဲ့ရသူဖြစ်သည်။ နောက်ပြီး မော်အုပ်စုရဲ့ခေါင်းဆောင်ဆိုတာမျိုးလဲ ဖြစ်ခဲ့ရတယ်။ သူ့အကြောင်းနဲ့ပတ်သက်လို့ ဆန့်ကျင်ရေးသားတာ စာအုပ်၂အုပ်မှာပဲ တွေ့ရတယ်။ 'ဆဋ္ဌမပါတီကွန်ဂရက်နောက်ပိုင်းတွင်' နဲ့ 'လိုင်းနှစ်လိုင်း' စာအုပ်တွေမှာပါ။ (၂)သူ့အတိတ်ဘဝဇာတ်ကြောင်းမှာ အစွန်းအထင်းမရှိခဲ့ဘူး။ သူ့ရန်သူဆီမှာ တစ်ခါမှလက်နက်မချဖူးဘူး။ (၃)သူဟာ ရဲဘော်လျူဘိုချင်ကို အဖိုးတန်အကူအညီတွေ ပေးပြီး တိုက်ပွဲဝင်ခဲ့တာ ထူးခြားတဲ့အောင်မြင်မှုတွေရခဲ့တယ်။ မြို့ကိုရောက်တဲ့အခါမှာလဲ ထူးခြားတာတွေ လုပ်ဆောင်နိုင်ခဲ့တယ်။ ဥပမာ မော်စကိုဆွေးနွေးပွဲတွေရဲ့ကိုယ်စားလှယ်အနေနဲ့ သူဟာ ဆိုဗီယက်ပြန်လည်ပြင်ဆင်ရေးဝါဒီတွေကို အညံ့မခံခဲ့ဘူး။

ဒါတွေ ကျုပ် ခဏခဏပြောပြီးပါပြီ။ အခု ထပ်ပြီး ပြောရပြန်ပြီ'

'ချူ'သည် ထိုနေ့မှာပင် မော်၏ ညွှန်ကြားချက်များကို ဗဟိုကော်မတီဝင်များသို့ ဝေငှခဲ့၏။

မော်သည် သူ့ကို ပြန်အသုံးချရန် စဉ်းစားနေပြီဖြစ်ကြောင်း ပေါ်လွင်၏။ သို့သော် ယဉ်ကျေးမှုတော်လှန်ရေးအရှိန်အဟုန်က မသေသေးသဖြင့် မော်ကဲ့သို့သောပုဂ္ဂိုလ်မျိုးသည်ပင် လုပ်ချင်တာ လုပ်ခွင့်မရ။ အထူးသဖြင့် ကျန်းကျင်းတို့၏ဩဇာကို သူ မလွန်ဆန်နိုင်။ မော်တွင် သူတို့ထံမှ ထောက်ခံမှုကို လို၏။ သူတို့ကို လျစ်လျူမရှုနိုင်။

ယဉ်ကျေးမှုတော်လှန်ရေးစချိန်တွင် တိန့်၏သား ပုဖုန်းနှင့် သမီးနှစ်ဦးမှာ ကောလိပ်မှ ဘွဲ့ရပြီးကြပြီ။ ဖေ့ဖေ့နှင့် တိန့်ရောင်းတို့သည်သာ ကောလိပ်မတက်နိုင်သေး။

တိန့်သည် ဗဟိုကော်မတီသို့စာများစွာရေးပြီး သူ့သားသမီးများ ကောလိပ်ဆက်တက်ခွင့် အဆင့်မြင့်ပညာသင်ယူခွင့်တောင်း၏။ ထို့ကြောင့် နောက်ဆုံးတွင် ပညာသင်ခွင့်ရခဲ့ကြ၏။

တိန့်နှင့်သူ့ဇနီးသည် သားသမီးများအားလုံး၏ပညာရေးကို အထူးဂရုစိုက်၏။ ကောလိပ်ပညာအဆင့်မြင့်ပညာကိုသင်ယူကြစေလို၏။ ယခုအခါ သူတို့ဆန္ဒ တစ်လုံးတစ်ဝပြည့်ဝနိုင်ခဲ့ပြီ။

www.foreverspace.com.mm

## ॥ ၂၆ ॥
## လက်ထိပ်များချိုးဖျက် တောင်တန်းပေါ်အတက်

၁၉၇၂ စက်တင်ဘာတွင် ရာသီဥတုကောင်းသောကာလတစ်ခု၌ တိန့်က ကျန်ဇီပါတီခေါင်းဆောင်များထံ လျှောက်လွှာတစ်ခုတင်၏။ 'ဂျင်ကန်းတောင်တန်းသို့ တက်ခွင့်ရရေး'။ ပါတီခေါင်းဆောင်များက ခွင့်ပြုကာ ဖောလ်ဂါကားပင် စီစဉ်ပေး၏။ သမီးဖြစ်သူတိန့်နန်းမှာ ကိုယ်ဝန်ကြီးနှင့်မို့ မိဘများ မရှိတုန်းကလေးမွေးလျှင် အခက်။ သို့သော် ကျန်သမီး ၃ယောက်က သူတို့တာဝန်ထားပါဟုဆိုသဖြင့် ခရီးထွက်ခဲ့ကြ၏။

နိုဝင်ဘာ ၁၂ရက်တွင် သူတို့ ခရီးစ,ထွက်၏။ အကူအဖြစ် ရဲဘော်ဟွမ်နှင့် ပြည်နယ်အစိုးရက ထည့်လိုက်သော အစောင့်တစ်ယောက်ပါသည်။ ကျန်ဇီတွင်၂နှစ်တာနေခဲ့စဉ် ယခုအကြိမ်သည် ပထမဆုံးခရီးထွက်ခြင်း။ ခရီးစဉ်အတွင်း ရောက်ရာဒေသ၌ ပါတီဝင်များနှင့်တွေ့ဆုံခွင့်ဆွေးနွေးခွင့်များ ရခဲ့သဖြင့် တိန့်က အလွန်ပျော်နေ၏။ 'ဂျင်ကန်း'တောင်တန်း ဒေသခံအစိုးရနှင့် တပ်မတော်ခေါင်းဆောင်များက 'တိန့်'တို့ကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပေး၏။ သူတို့သည် 'ဂျင်ကန်းဒေသ'တွင် ၅ ရက်မျှနေခဲ့ကြသည်။ ၆ ရက်မြောက်နေ့တွင် သမီးကြီး ကလေးမွေးသောသတင်း ရ၏။ ပထမဆုံး မြေးဦး ရသဖြင့် သူတို့ အလွန်ဝမ်းမြောက်နေကြ၏။

သူတို့ 'ဂျင်ကန်းဒေသ'မှပြန်အလာတွင် ကွန်မြူနစ်ပါတီဗဟိုကော်မတီမှ 'ကျန်ဇီ'အာဏာပိုင်အဖွဲ့သို့ အကြောင်းကြားစာတစ်စောင် ပို့ပေး၏။

'တိန့်ရှောက်ဖိန်နှင့် ဇနီးတို့ အကန့်အသတ်မရှိ ခရီးသွားခွင့် ပြုလိုက်သည်။'

ထို့ကြောင့် သူတို့သည် ဒီဇင်ဘာ ၅ ရက်နေ့တွင် ကျန်ဇီတောင်ပိုင်းသို့ ထပ်သွားကြ၏။ 'တိန့်'သည် ယခင်ဗဟိုဆိုဗီယက်နယ်မြေကို သွားကြည့်ချင်၏။ ထိုနေရာကို သူသိပ်ကျွမ်းသည်။ သူသည် ထိုနေရာတွင် အလုပ်လုပ်ခဲ့၊ တိုက်ပွဲဝင်ခဲ့ဖူး၏။ သူ၏နိုင်ငံရေးဘဝတွင် ပထမဆုံး ဝေဖန်ခြင်းခံရသောနေရာလည်း ဖြစ်၏။

ထိုစဉ်က ပါတီသည် ဝမ်မင်းလမ်းကြောင်းလိုက်နေ၏။ ပါတီက သူ့ကို 'လက်ယာအမှားလမ်းကြောင်းလိုက်သူ'ဟု စွပ်စွဲ၏။ 'မော်အုပ်စု၏ ခေါင်းဆောင်'ဟုလည်း စွပ်စွဲခဲ့၏။

ယခု နှစ်၄၀ကြာ မရောက်ခဲ့သောဒေသသို့ သူ ပြန်ရောက်ရပြန်ပြီ။

'တိန့်'၏အဆင့်က ပိုမြင့်လာ၏။ သူ့ကို 'ဗောလ်ဂါ'ဆလွန်းကားတစ်စင်းနှင့် ဂျစ်ကားတစ်စင်း ပေးထားသည်။ ရောက်လေရာတွင် ပါတီအာဏာပိုင်များက နွေးနွေးထွေးထွေး ကြိုဆိုကြစမြဲ။ သူတို့သည် တော်လှန်ရေးသမိုင်းဝင်နေရာအများအပြားကို သွားကြည့်ကြ၏။

'တိန့်'သွားလေရာတွင် ခရီးဆောင်အိတ်ကြီး၂အိတ် ပါတတ်၏။ တစ်အိတ်က အဝတ်အထည်အသုံးအဆောင်၊ တစ်အိတ်က စာအုပ်များ။

'ဒါတွေက ရဲဘော်တိန့်ရှောက်ဖိန်ရဲ့ရတနာပစ္စည်းတွေလေ'ဟု သူ့ဇနီးက အမြဲပြောတတ်၏။

'ယုဒု'မြစ်နားရောက်သောအခါ 'တိန့်'သည် ခရီးရှည်ချီတက်ပွဲ စတင်ခဲ့သောနေရာသို့ သွား၏။

'ခရီးရှည်ချီတက်ပွဲ စ,တော့ ကျုပ်မှာ ယုဒုဒေသထွက် သိုးမွေးချည်စောင်တစ်ခု ပါခဲ့တယ်၊ အဲဒါက ၄ ပေါင်ကျော် လေးတယ်၊ ခရီးရှည်ချီတက်ပွဲအစအဆုံး ဒါကို သယ်ခဲ့တယ်'ဟု ပြောပြ၏။

သူသည် ခရီးပန်းလည်း ခံနိုင်၏။ သွားလာရာတွင် သူ့ကို ဘေးမှထူမ, ပေးသည်ကို မကြိုက်။ လက်မခံ။

'တွဲစရာမလိုပါဘူးဗျာ၊ ကျုပ် နောက်ထပ် နှစ်နှစ်ဆယ် နေနိုင်ပါသေးတယ်'ဟု ပြော၏။

'ရှင်က ဘာကိုကြည့်ပြီး ဒီလိုပြောနေတာလဲ'ဟု သူ့ဇနီးက မေး၏။

www.foreverspace.com.mm



"ငါက ခုမှ ၆၉နှစ်ပဲ ရှိသေးတာ၊ နောက်ထပ် နှစ်၂၀ ကောင်းကောင်း နေနိုင်သေးတယ်၊ အဲဒါ ငါ ကောင်းကောင်းယုံထားတယ်"ဟု သူက ပြန်ဖြေ၏။ သူသည် ၇၀နီးပါးအရွယ် ရောက်နေသော်လည်း ကျန်းမာရေးက ကောင်းတုန်း၊ စိတ်ဓာတ်က တက်ကြွတုန်း။ သူ တိုင်းပြည်၊ ပါတီနှင့် လူမျိုးအတွက် အလုပ်တွေ အများကြီး လုပ်ပြချင်သေးတယ်ဟု မကြာခဏပြောတတ်၏။

"သမိုင်းဟာ သမိုင်းပဲ၊ ဒါကို ပြောင်းလို့ မရနိုင်ဘူး၊ ဒါကို မြှုပ်နှံပစ်လို့လည်း မရဘူး"ဟုလည်း ဆိုသည်။ ရောက်လေရာတွင် လယ်ယာလုပ်ငန်းခွင်များ၊ စက်ရုံများကို ဝင်ကြည့်တတ်၏။

"စစ်လက်နက်တွေ၊ စစ်ပစ္စည်းတွေချည့်မထုတ်ကြနဲ့၊ ပြည်သူတွေ သုံးဖို့ပစ္စည်းတွေလဲ ကြိုးစားထုတ်ကြ"ဟု စက်ရုံတိုင်းတွင် လမ်းညွှန်၏။

ဒီဇင်ဘာ ၁၅ ရက်တွင် ခရီးစဉ်ပြီးဆုံး၍ နန်ချန်းသို့ပြန်ခဲ့၏။

"ဒီနေရာတွေကို ငါ နောက်ဆုံးအနေနဲ့ ရောက်ခဲ့တာ၊ နောက်ကို ဘယ်တော့မှ ရောက်ခွင့်ကြုံတော့မှာမဟုတ်ဘူး"ဟု သူက တသသပြောခဲ့သည်။

www.foreverstore.com.mm

## ။ ၂၇ ။
## နှုတ်ဆက်ခဲ့ပါတယ်၊ ခြေလျင်တပ်ကျောင်းရယ်

ကျန်ဇီတောင်ပိုင်းဒေသများသို့ အလည်အပတ်ခရီးမှာ ၁၀ ရက် ကြာခဲ့သည်။ နန်ချန်းသို့ ပြန်ရောက်တော့ မိသားစုနှင့်ပြန်ဆုံရသည်မှာ ပျော်စရာကောင်းလှ၏။ အထူးသဖြင့် မြေးဦးကလေးကိုလွမ်းလှပြီ။ ခရီးစဉ်တစ်လျှောက် ဒေသခံ ကေဒါကြီးများက လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုခဲ့ကြပုံ၊ ဘယ်နေရာသွားသွား အကောင်းဆုံး ဧည့်ဝတ်ပြုကြပုံ၊ အိပ်ယာခင်းပင်လျှင် အမြဲတစေ အသစ်ခင်းပေးပုံများကအစ မိသားစုကိုပြန်ပြောပြသည်။

သမီးကြီး'တိန့်ရောင်း'လည်း ပေကျင်း ပြန်ကာ သူ့ချစ်သူမိဘများနှင့် သွားတွေ့၏။ သမီးငယ်'တိန့်လင်း'သည်လည်း ချစ်သူရနေပြီဖြစ်ရာ သူ၏အနာဂတ် ယောက္ခမလောင်းများနှင့်တွေ့ဆုံရန် ရှိ၏။

ကျန်ဇီအိမ်တွင်ကား သမီးငယ်'တိန့်နန်း'၊ သားငယ်'ဖေ့ဖေ့'နှင့် မြေးမလေး'မြန်မြန်'တို့သာ ကျန်ခဲ့သည်။ ကူဖော်လောင်ဘက်'ဂူကြီး'တို့ဇနီးမောင်နှံနှင့် ဆိုပါလျှင် အိမ်သူအိမ်သားက (၇)ယောက်။ သို့သော် မိထွေးကြီးဖြစ်သူ၊ အဒေါ်ကျန်ကွန်း၊ သူ့ခင်ပွန်း၊ သူ့ကလေးတို့ပါ 'တီယန်စင်'မှ ရောက်လာကြ၍ အိမ်သား (၄)ဦး တိုးလာ၏။ ထို့ကြောင့် အိမ်ကျဉ်းကျဉ်းကလေးမှာ အခန်းတိုင်း လူအပြည့်။ တစ်အိမ်လုံးမှာလည်း စကားသံများဖြင့် ဆူညံနေ၏။ 'ကျန်ကွမ်း' နှင့် 'တိန့်နန်း'တို့ အသံက အကျယ်ဆုံး။ 'တိန့်ရှောက်ဖိန်'သည် စကားနည်း၏။ အနေတည်၏။ သူ့လက်အောက်တွင် လုပ်ဖူးသမျှလူတိုင်း၏ ပြောစကားအရမူ သူ့ကိုကြောက်ကြတာများသည်။သို့သော် အိမ်တွင်မူ သူက တကယ့်ကို လူအေး။ သူသည် မိသားစုနှင့်ပတ်သက်လျှင်ကား အလွန်ပင် နူးညံ့သိမ်မွေ့သူ ဖြစ်သည်။

www.foreverspace.com.mm



၁၉၇၂ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် 'တိန့်'က 'ဂျိဒင်ကွဲ'နှင့်'ဝမ်တုံကျင်း'တို့ထံ စာရေး၏။ သူ့ကို အလုပ်ပြန်ခန့်ရန် တောင်းပန်စာ။

ချူအင်လိုင်းက ထိုစာကိုဖတ်ပြီး ပြော၏။

'ရဲဘော်တိန့်ရှောက်ဖိန်နဲ့ သူ့ဇနီးက အလုပ်တောင်းနေကြတယ်၊ အဲဒါစဉ်းစားပေးကြစမ်းပါ၊ ဥက္ကဋ္ဌကြီးက ခဏခဏပြောခဲ့ပြီးသားပဲ'

ယခင်မီးရထားဝန်ကြီးဟောင်း'လူကျန့်ဇန်'က မော်ထံ စာရေးဖူးသည်။ သူ့ခင်ပွန်းသည် အပြစ်မရှိပါဘဲလျက် ထောင်ကျနေကြောင်း၊ အနှိပ်စက်ခံနေရကြောင်း။ ထိုစာကို မော်ဖတ်ပြီး ဒီဇင်ဘာ ၁၈ရက်နေ့တွင်ပင် မှတ်ချက်ရေးခဲ့၏။

'ဝန်ကြီးချုပ် အထူးဂရုပြု ဆောင်ရွက်ပေးပါ။ ဖက်ဆစ်နည်းတွေနဲ့ အကြမ်းဖက်စစ်ဆေးတာမျိုး ဘယ်သူစေခိုင်းတာလဲ။ သူတို့ကို လွတ်ငြိမ်းခွင့်ပြုလိုက်ပါ'

မော်၏မှတ်ချက်သည် ချူအင်လိုင်းအတွက် မီးစိမ်းပြခြင်းပင်။ သူသည် ကေဒါဟောင်းများကို ဆက်လက်ကယ်တင်နိုင်တော့မည်။

၁၉၇၃ အခြေအနေကား ရှုပ်ထွေးနေဆဲ။ မော်စီတုံးသည် ယဉ်ကျေးမှုတော်လှန်ရေးကို ဆက်ထောက်ခံနေဆဲ။ တစ်ချိန်တည်းမှာပင် သူသည် ချူအင်လိုင်း၏ကေဒါကယ်တင်ရေးအစီအစဉ်ကိုလည်း အားပေးနေသေး၏။ မော်သည် ချူအင်လိုင်းကို သိပ်ကျေနပ်လှသည်ကားမဟုတ်။ သို့သော် သူ မရှိဘဲနှင့်လည်း သူ ဘာမှမလုပ်နိုင်။ ချူနှင့်သူ သဘောထားမတူတာတွေ အများကြီး ရှိ၏။ သို့သော် ပါတီခိုင်မြဲတည်တန့်ရေး၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံခြားဆက်ဆံရေးတို့တွင် ချူ မပါဘဲ ဘာမှ မလုပ်နိုင်။ သို့သော် ချူသည် ကျန်းမာရေးမကောင်းလှ။ ကင်ဆာရောဂါစ,ဖြစ်နေပြီ။ မော်အတွက် အခက်ကြုံရပြီ။ ယဉ်ကျေးမှုတော်လှန်ရေးလည်း ဆက်လုပ်ရဦးမည်။ ပြည်တွင်းအခြေအနေများကို စိတ်ချလက်ချကိုင်တွယ်ရမည့်သူလည်း လိုသေး၏။ ယခုအချိန်တွင် လူလို၏။ ထို့ကြောင့် မော်စီတုံးသည် တိန့်ရှောက်ဖိန်ကို ပြန်ခေါ်ဖို့ အရေးတကြီးဆုံးဖြတ်ရဖို့သာ ရှိတော့၏။

ဇန်နဝါရီ ၁ ရက်တွင် ကျန်ဇီပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးက တိန့်ရှောက်ဖိန်ကို ခေါ်တွေ့၏။ ဗဟိုကော်မတီက သူ့ကို ပေကျင်းက ပြန်ခေါ်နေသည့်အကြောင်း အကြောင်းကြား၏။ 'တိန့်'သည် အံ့သြနေ၏။ ဤမျှမြန်

မြန် သူ့ကိုခေါ်မည်ဟုပင် မထင်။ တစ်မိသားစုလုံး ပျော်နေကြသည်။ သို့သော် 'တိန့်'ကား ပျော်ရွှင်ပုံကို မပြ။ သူ၏မျက်နှာက တည်၏။ သူ့မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်၍မရနိုင်။ ပျော်လျှင်လည်း သည်အတိုင်း။ စိတ်ညစ်လျှင်လည်း သည်အတိုင်း။ သို့သော် မိသားစုကမူ 'တိန့်' ပျော်နေသည်ကို ရိပ်စားမိကြ၏။ ယဉ်ကျေးမှုတော်လှန်ရေးက သူ့ကို ဖြန့်စ်တာမျှ ထုတ်ပယ်ခဲ့သည် မဟုတ်လား။ ယခုလိုနေ့မျိုးကို သူသည် မိနစ်တိုင်းလိုလို စောင့်စားခဲ့ရသည်။

အရာကျခဲ့သောနေ့ရက်များတွင် သူသည် သူ့ခန္ဓာကိုယ် ကျန်းမာရေးကောင်းအောင် ဂရုစိုက်ခဲ့၏။ ဆောင်းအခါတွင် ရေအေးဖြင့်ရေချိုးခြင်း၊ နွေလည်ခေါင်တွင် ချွေးတလုံးလုံးဖြင့် အလုပ်လုပ်ခြင်း၊ အိမ်မှာထင်းခွဲ၊ မီးမွှေး၊ ရေခပ်၊ အိမ်နောက်ဖေးမှာ ဥယျာဉ်ခြံမြေစိုက်ပျိုး။ ဤသည်မှာ ကာယလုပ်အားဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်အောင်လုပ်ခြင်း။ စိတ်ပိုင်းဆိုင်ရာအရလည်း စိတ်ဓာတ်မကျအောင်၊ စိတ်အင်အားတိုးတက်အောင် လေ့ကျင့်ခဲ့သည်။ ကမ္ဘာ့နိုင်ငံရေးကိုလည်း အဆက်မပြတ် လေ့လာခဲ့၏။ ပြည်တွင်းနိုင်ငံရေးလည်း မျက်ခြည်မပြတ်ခဲ့။ နိုင်ငံရေးဒီရေအတက်အကျ၊ နိုင်ငံ၏စီးပွားရေးအခြေအနေ၊ ပြည်သူတို့၏လူနေမှုဘဝ။

သူသည် စိတ်ဓာတ်မကျခဲ့။ သူသည် လောကဓံကို ခံနိုင်ရည် ရှိသည်။ အဆိုးမြင်ဝါဒီ မဟုတ်။ သူသည် ပါတီကို ယုံကြည်၏။ ပြည်သူကို ယုံကြည်၏။ နိုင်ငံတော်ကို ယုံကြည်၏။ ယခုတော့ သူစောင့်မျှော်ခဲ့သောနေ့ကား ရောက်လာပြီ။ သူကတော့ အဆင်သင့်။

ပေကျင်းသို့ပြန်ရခြင်းသည် ကျန်ဇီကို စွန့်ခွာရခြင်းပင် မည်၏။ သုံးနှစ်တာ နေခဲ့သော ဤနေရာလေးကိုလည်း လွမ်းလှ၏။

'အရင်သိပ်လိုစရာမလိုပါဘူးကွာ၊ နွေဦးပွဲတော်ပြီးမှပဲ သွားကြတာပေါ့'

'တိန့်'က ပြော၏။ သူသည် ကျန်ဇီအိမ်ကလေးတွင် နွေဦးပွဲတော်ကို နောက်ဆုံးအကြိမ်အနေဖြင့် ဆင်နွှဲလိုသေးသည်။

နွေဦးပွဲတော်က ၁၉၇၃၊ ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ကျရောက်သည်။ တစ်မိသားစုလုံးပင် တရုတ်ရိုးရာအားလပ်ရက်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ ပွဲတော်ပြီးနောက် 'တိန့်'သည် တရုတ်ပြည်၏နာမည်ကျော်အိုးလုပ်ငန်း တည်ရှိရာ 'ဂျင်ဒီဇင်'သို့သွား၏။ ကျန်ဇီပြည်နယ်အစိုးရက စီစဉ်ပေးသည်။ ဖေဖော်ဝါရီ

www.foreverspace.com.mm



၈ ရက်တွင် ထိုဒေသသို့ 'တိန့်'သွား၏။ ၁၉၅၂ ခုနှစ်က သူ၏အတွင်းရေးမှူး ဖြစ်သူ 'ဝမ်ရှီလင်း'က ထိုဒေသတွင်ရှိနေရာ သူက တွေ့ချင်နေ၏။ 'ဝမ်'မှာ ယဉ်ကျေးမှုတော်လှန်ရေးကာလက အပြစ်ပေးခံခဲ့ရကာ ဤဒေသတွင် အလုပ်ကြမ်း လာလုပ်နေရ၏။

'ဝမ်'ကိုသွားတွေ့သောအခါ ဝမ်က ဝမ်းသာအံ့သြနေ၏။ ဝမ်မှာ ပိန်လှီနေကာ အသားတွေလည်း မည်းမှောင်နေ၏။ သူ့ခြေတွေလက်တွေမှာလည်း ရွံ့တွေ ပေကျံနေ၏။ ဝမ်သည် အသက်၂၀အရွယ်ကပင်လျှင် သူ့ထံတွင် အလုပ်လုပ်ခဲ့ဖူးသည်။ယခုကား သူသည် ငယ်ရုပ်များပျောက်ကာ အိုစာနေပေပြီ။သူက တာဝန်ခံများထံမှ ခွင့်တစ်ခုတောင်း၏။

'သူ့ကို ခဏခေါ်ပြီး ကျွန်တော်နဲ့အတူတူ နန်ကျန်းမှာ နေခွင့်ပေးပါ'

ခွင့်ပြုချက်ရ၍ 'ဝမ်'သည် 'တိန့်'တို့အိမ်တွင် ၂ ရက် လာနေရ၏။

နွေဦးရာသီပွဲတော်ပြီးသောအခါ 'တိန့်'သည် ပေကျင်းသို့သွားရန်ပြင်ဆင်၏။ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း မသင်ဘဲနှင့်တတ်သော ပညာကား ပစ္စည်းပစ္စယများကို အမြန်ဆုံးထုပ်ပိုးသိမ်းဆည်းတတ်ခြင်းပညာ။ စာအုပ်များကမူ များပြားလွန်းလှသဖြင့် သေတ္တာများ ရိုက်ကာ သိမ်းရ၏။ အိုးခွက်ပန်းကန်များလည်း ယူရ၏။ ဒါတွေမှမရှိလျှင် ပေကျင်းရောက်လျှင် ဘာနှင့်ချက်စားကြမလဲ။ ပြဿနာတစ်ခုကတော့ မွေးထားသောကြက် ၁၀ကောင်။ ဤပြဿနာကို မိထွေးကြီးက ဖြေရှင်းလိုက်ပုံကလည်း အမှတ်တရ။ သူက ကြက်ကလေးတွေ အကုန်သတ်ကာ ကြက်သားဆားကြပ်တိုက် လုပ်လိုက်၏။ ရထားပေါ်တွင် အရသာခံ စားသောက်နိုင်ရန်။

သွားကာနီးတွင် စက်ရုံမှလုပ်သားများအားလုံးကို 'တိန့်'က စုစည်းခိုင်းလိုက်၏။ ဇနီးသည်က သကြားလုံးတွေ၊ အချိုမုန့်တွေ လက်ဆောင်ပေးသည်။ သူတို့က 'တိန့်'ရာထူးပြန်ရ၍ ဝမ်းသာသည့်တစ်ချိန်တည်းမှာပင် ခွဲခွာရ၍လည်း ဝမ်းနည်းနေကြဟန် ရှိ၏။

'နောက်နောင် ဒီဘက်ကို ခရီးကြုံရင် ကျွန်တော်တို့စက်ရုံကို လာလည်ဖြစ်အောင် လာပါနော်'

စက်ရုံမှူးက နှုတ်ဆက်၏။

"လာဖြစ်အောင်ကို လာမယ် စိတ်ချ၊ ခင်ဗျားတို့အလုပ်သမားတွေရော၊ ကေဒါတွေရော လူတော်တွေပါဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့ကို ဘယ်တော့မှ မမေ့ပါဘူး"

၁၉၇၃ခုနှစ်၊ ဖေဖော်ဝါရီ၂၀ ရက်နေ့တွင် နန်ကျန်းမှယင်တန်သို့ ကားဖြင့်သွားကြ၏။ နောက်နေ့တွင် ဖူချို-ပေကျင်းရထား ပြောင်းစီးရသည်။ ဘူတာရုံတွင် ဒေသခံပါတီကော်မတီခေါင်းဆောင်များ လာရောက်နှုတ်ဆက်ကြ၏။

ရထားပေါ်တွင် အထူးဧည့်သည်တော်များအဖြစ် အကောင်းဆုံးဧည့်ဝတ်ပြုကြ၏။ ရထားဝန်ကြီးဌာန၏အကြီးအကဲပင်လျှင် လိုက်ပါ စောင့်ရှောက်ခဲ့၏။ ဟန်ချိုတွင် ခရီးသည်တချို့ဆင်းသွားပြီးနောက် တွဲပေါ်သို့ မည်သူ့ကိုမှ တက်ခွင့်မပြုတော့။ ဤတွဲသည် သီးသန့်တွဲဖြစ်သွားပြီ။ "တိန့်ရှောက်ဖိန်"တို့မိသားစု ၁၀ဦးအတွက် အထူးသီးသန့်တွဲ။

www.foreverspace.com.mm

## ။ ၂၈ ။
## နွေရာသီ - အလုပ်ပြန်ဆင်းရပြီ

၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပေကျင်းဘူတာရုံ၊ စကြံအမှတ် (၁)သို့ ရထားဆိုက်၏။ ဇဟိုကော်မတီရုံးချုပ်မှ မော်တော်ယာဉ်များက တန်းစီစောင့်နေကြသည်။

ရထားပေါ်မှ 'တိန့်'သည် ပထမဆုံးဆင်းလာ၏။ လာရောက်ကြိုဆိုသူများကို နှုတ်ဆက်သည်။ ညနေပိုင်းတွင် ဗဟိုကော်မတီရုံးချုပ်မှ 'ဝမ်တုံမင်း'က 'တိန့်'ကို လာတွေ့၏။ 'တိန့်'က သူ့ကို လွှန်ခဲ့သောနှစ်များက စောင့်ရှောက်ခဲ့ပုံများကို ကျေးဇူးတင်ကြောင်း ပြော၏။

'ဒါက ဥက္ကဋ္ဌမော်ရဲ့ဆန္ဒအတိုင်း ကျွန်တော်က လိုက်လုပ်ရတာပါ'ဟု 'ဝမ်'က ပြော၏။

'တိန့်'သည် သူ့ရဲဘော်ဟောင်းများအခြေအနေကို စုံစမ်းခိုင်း၏။ ဇနီးသည်ကို 'မာရှယ်လျူရှန်ဟွမ်'၏ဇနီးထံ သွားတွေ့ခိုင်း၏။ 'လျူ'သည် ၁၉၆၀က ပင် ကွယ်လွန်ခဲ့ရှာသည်။ သို့သော် ဇနီးသည်အား လင်ပြောင်ဂိုဏ်းက ဖောက်ပြန်သူဟု ဆက်စွပ်စွဲခဲ့ဆဲ။ 'လီဖုချွန်း'နှင့်ဇနီးထံ သွားတွေ့၏။ သူတို့ကို 'တိန့်'က အစ်ကိုကြီး အစ်မကြီးကဲ့သို့ ခင်မင်၏။ ထို့နောက် မာရှယ်ချင်ယီ၏ဇနီးမုဆိုးမ 'ဇန်ကျင်'ရှိရာ အမှတ် ၃၀၁ဆေးရုံသို့ သွားကြည့်၏။ မာရှယ်ချင်ယီမှာလည်း လင်ပြောင်အုပ်စု၏တိုက်ခိုက်မှုဒဏ်ကို ခံရပြီး ၁၉၇၂ တွင် သူသည် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရှာ၏။ ဇနီးသည်မုဆိုးမမှာ အားကိုးရာမဲ့ ကျန်ရစ်ခဲ့ကာ သူပင်လျှင် ကင်ဆာရောဂါ စွဲကပ်နေပေပြီ။ သူတို့တွင် သမီးလေး 'ရှန်ရှန်'သာ

ကျန်ခဲ့၏။ မကြာခင် မိခင်ကွယ်လွန်လျှင် သူတစ်ယောက်သာ မျက်နှာငယ်ငယ်နှင့် လောကအလယ်တွင် ကျန်ခဲ့ရှာမည်။

"ရှန်ရှန်ကို ကျွန်တော် စောင့်ရှောက်ပါ့မယ်၊ ခုချိန်ကစပြီး သူ ကျွန်တော်တို့သမီး ဖြစ်သွားပြီ"

"တိန့်" သည် သူ၏တိုက်ဖော်တိုက်ဖက်ရဲဘော်ဟောင်းများ၏ကျန်ရစ်သူဇနီး သားသမီးများကိုပင် တတ်နိုင်သမျှ စောင့်ရှောက်ကူညီခဲ့၏။

ပေကျင်းသို့ "တိန့်" တို့ရောက်ပြီး ဘဝသစ်စ ,ရန် ရှိချိန်တွင်ပင် ချူအင်လိုင်းအကြောင်း စိတ်မကောင်းစရာသတင်း ကြားရ၏။ သူသည် ကင်ဆာရောဂါစ ,ဖြစ်နေပြီ။ သူသည် ယဉ်ကျေးမှုတော်လှန်ရေးကာလ ဖြနှစ်အတွင်း ပါတီ၊တပ်မတော်၊ အစိုးရတို့ကို သူတတ်နိုင်သမျှ ကိုင်တွယ်အုပ်ချုပ်ခဲ့၏။ ကေဒါကောင်းများစွာမှာ ရာထူးမှအချခံထားကြရာ ထိုအချိန်တွင် အားကိုးစရာ လူကောင်းသူကောင်း သိပ်မကျန်။ ချူအင်လိုင်းသည်ပင် စိတ်ပင်ပန်းလူပင်ပန်း တစ်ယောက်တည်း လုပ်စရာရှိသမျှ သိမ်းကျုံးလုပ်ခဲ့ရ၏။ သူတစ်ယောက်တည်းပင် ကိစ္စကြီးလည်း သူ၊ ကိစ္စငယ်လည်း သူ၊ မနားမနေလုပ်ခဲ့ရ၏။ သူ မရှိလျှင် တရုတ်ပြည် ဘာမှမလုပ်နိုင်။ မော်စီတုံးသည်ပင်လျှင် သူ မရှိလျှင် ဘာမှမလုပ်နိုင်။

ယခုတော့ ချူအင်လိုင်းသည် ခွဲစိတ်ကုသခံရန် လိုအပ်နေပေပြီ။ သူ၏ကောင်းမှုကြောင့် ကေဒါဟောင်း၃၀၀ကျော် လုပ်ငန်းခွင်ပြန်ဝင်နိုင်ကြပြီ။ သူ့ရဲဘော်ဟောင်းကြီး "တိန့်ရှောက်ဖိန်" ကိုပင် ပြန်လည်အသက်သွင်းနိုင်ခဲ့ပြီ။ သူ့ပခုံးမှဝန်ထုပ်ဝန်ပိုးကြီးကို "တိန့်" ပခုံးပေါ်သို့ပြောင်းလဲနိုင်ခဲ့၍ သူ့အဖို့ တာဝန်အနည်းငယ် ပေါ့သွားပြီ။ ဖေဖော်ဝါရီလကုန်မှ မတ်လဆန်းအထိ နေမကောင်းသည့်ကြားမှ သူသည် ပေါလစ်ဗျူရိုအစည်းအဝေးများစွာခေါ်ကာ "တိန့်ရှောက်ဖိန်" အရေးကိစ္စကို ဆွေးနွေးခဲ့၏။ "တိန့်" ကို နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ်ရာထူးထိ ပေးရန်ပင် တောင်းဆိုခဲ့၏။ ဤသည်ကို ကျန်းကျင်းတို့အုပ်စုကမူ သဘောမတူ။ တတ်နိုင်သမျှ ကိုးလိုးကန့်လန့်ကဖျက်ယဖျက်လုပ်ကြ၏။သို့သော် နောက်ဆုံးတွင် မော်စီတုံး၏အဆုံးအဖြတ်အရ "တိန့်" ကိုပြန်ခေါ်ရန် သဘောတူညီကြရ၏။ ချူအင်လိုင်းက အစီရင်ခံစာကို မော်ထံ တင်ပြကာ "တိန့်" ကို ပေကျင်းသို့ခေါ်ရန် အဆိုပြု၏။

www.foreverspace.com.mm



မော်စီတုံးက ချက်ခြင်းပင် 'သဘောတူတယ်' ဟု လက်မှတ်ရေးထိုးခဲ့၏။ ထိုအခါကျမှ ချူသည် စိတ်ပေါ့ပါးသွား၏။ နာမကျန်းခွင့်၂ပတ် ယူလိုက်သည်။

ဝန်ကြီးချုပ် ချူအင်လိုင်းက သူ့ဇနီး 'တိန့်ရင်ချောင်း' ကို 'တိန့်ရှောက်ဖိန်' တို့ဇနီးမောင်နှံထံ စေလွှတ်ခဲ့၏။ သူသည် 'တိန့်' ထက် လအနည်းငယ်ကြီးသည်။ ထို့ကြောင့် 'တိန့်' က သူ့ကို အစ်မကြီးဟုပင် ခေါ်၏။ သူနှင့် 'တိန့်' တို့သည် ရှန်ဟဲတွင် ၁၉၂၀မှ၁၉၃၀နှစ်များအထိ မြေအောက်လုပ်ငန်းများကို အတူတူလုပ်ခဲ့ကြ၏။ မြေအောက်ပါတီဗဟိုကော်မတီကို သက်စွန့်ဆံဖျားဖွဲ့စည်းခဲ့ကြ၏။ ပါတီအဖွဲ့သေးသေးလေး၏အဖွဲ့ဝင်များအဖြစ် အဆောက်အဦတစ်ခုထဲတွင် အတူတူပင် နေထိုင်ခဲ့ကြဖူး၏။

ချူအင်လိုင်းနှင့်တိန့်ရင်ချောင်းတို့သည် တိန့်ရှောက်ဖိန်၏ပထမအကြိမ် မင်္ဂလာပွဲတွင် သက်သေလက်မှတ်ထိုးခဲ့ကြသည်။ တိန့်နှင့်ဇနီးသည် 'ဇန်ယိယွမ်' တို့ကို တော်လှန်သောစုံတွဲအဖြစ် သူတို့က ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ကြသည်။ သို့သော် 'ဇန်ယိယွမ်' သည် မီးတွင်းထဲ၌ပင် ဆုံးပါးသွားရာ၏။ ချူအင်လိုင်းတို့ ဇနီးမောင်နှံက တိန့်ကို အားပေးနှစ်သိမ့်ခဲ့ကြသည်။ 'တိန့်' ကို သူတို့က 'ညီလေး' 'မောင်လေး' ဟုပင် ခေါ်ကြသည်။ ချူအင်လိုင်းနှင့်တိန့်ရင်ချောင်းတို့သည် တိန့်ရှောက်ဖိန်၏တကယ့်အစ်ကိုရင်း အစ်မရင်းသဖွယ် ဖြစ်ကြသည်။ ဆယ်စုနှစ်များစွာ တစ်စိတ်တစ်ဝမ်းတည်း ရှိခဲ့ကြ၏။ ယခု သူတို့ခွဲခွာခဲ့ရသည်မှာ ခုနစ်နှစ်နီးပါး ရှိပြီ။ တိန့်ရင်ချောင်းကို တွေ့၍ ဝမ်းသာလှ၏။ သို့သော် ချူအင်လိုင်း၏ကျန်းမာရေးအခြေအနေ စိုးရိမ်စရာသိရ၍ စိတ်မကောင်းကြရပြန်။

မတ်လ ၂၈ ရက် ည ၁၀နာရီတွင် ဝန်ကြီးချုပ်ချူအင်လိုင်း၊ ဒုတိယဝန်ကြီးချုပ်လီရှန်နီယန်၊ ကျန်းကျင်းတို့နှင့် တိန့်ရှောက်ဖိန် တွေ့ဆုံကြ၏။ သူပြန်ရောက်ပြီးမှ ပထမဆုံးတရားဝင်ဆွေးနွေးပွဲဖြစ်သည်။ သူ ချူအင်လိုင်းကို မတွေ့ခဲ့ရသည်မှာ ၇နှစ်ကြာခဲ့ပြီး ခုမှ ပြန်ဆုံရခြင်းလည်း ဖြစ်၏။ ထိုအချိန်နောက်ပိုင်းတွင် သူနှင့် တိန့်တို့ မကြာခဏတွေ့ဆုံကြ၏။ ချူအင်လိုင်းနှင့်ရင်းနှီးမှုသည်ပင်လျှင် နောက်ပိုင်း တိန့်ရှောက်ဖိန်အတွက် နိုင်ငံရေးအန္တရာယ်ဖြစ်လာဦးမည်။

၂၉ရက်နေ့တွင် မော်သည် သူ၏အိမ်ရှိ နာမည်ကျော်စာကြည့်တိုက်တွင် ပေါ်လစ်ဗျူရိုအစည်းအဝေးကို ကျင်းပခဲ့သည်။ အစည်းအဝေးမစမီ မော်သည်

ချူနှင့်တိန့်တို့ကို သီးခြားတွေ့ဆုံခဲ့၏။တိန့်သည် မော်နှင့်မတွေ့ရသည်မှာ ၁၉၆၀ စက်တင်ဘာလကတည်းက ဖြစ်၏။ ဤအစည်းအဝေးတွင် မော်က ပေါ်လစ်ဗျူရိုကို ဆုံးဖြတ်ချက်တစ်ခု တင်ပြ၏။ နိုင်ငံတော်ကောင်စီ၏ နေ့စဉ်ကိစ္စရပ်များကို တိန့်ရှောက်ဖိန်အား တရားဝင် တာဝန်ပေးခြင်း၊ ဒုတိယဝန်ကြီးချုပ်အနေဖြင့် နိုင်ငံခြားရေးကိစ္စများတွင် လုပ်ဆောင်ခြင်း၊ အဓိကအရေးကြီးသော ကိစ္စရပ်များကို ပေါ်လစ်ဗျူရိုက ဆွေးနွေးရာတွင် တက်ရောက်ခြင်း ပါဝင်ဆွေးနွေးခြင်းများ ပြုလုပ်ရန်။

ထိုနေ့မှစ၍ တိန့်ရှောက်ဖိန်သည် နိုင်ငံတော်ကောင်စီ၏ဒုတိယဝန်ကြီးချုပ်ရုံးတွင် ရုံးထိုင်ရ၏။

၁၉၅၀ခုနှစ်များတုံးက ဗဟိုအစိုးရ၏ပထမတန်း၊ ဒုတိယတန်း ဖွဲ့စည်းပုံ ဆွဲခဲ့စဉ်က တိန့်ရှောက်ဖိန်ကို ပါတီ၏အမြင့်ဆုံးခေါင်းဆောင်ရာထူး ဆက်ခံရန် အလားအလာအရှိဆုံးပုဂ္ဂိုလ်ဟု သတ်မှတ်ခဲ့ကြ၏။ ဤသည်မှာ မော်စီတုံး၏ ဆုံးဖြတ်ချက်ဖြစ်၏။ ယဉ်ကျေးမှုတော်လှန်ရေးအစပိုင်းတွင် လျူရှောက်ချီနှင့်တိန့်ရှောက်ဖိန်အား ရာထူးမှချသည်မှာလည်း မော်၏ဆုံးဖြတ်ချက်ပင် ဖြစ်၏။ ပါတီဝင်အဖြစ်ဆက်လက်ထားရှိရန် ဆုံးဖြတ်သည်မှာလည်း 'မော်'ပင်တည်း။ ယခုရာထူးများ ပြန်ပေးသူမှာလည်း 'မော်'။

မော်က သူ့ကို ပြန်တွေ့ရသည်မှာ ဝမ်းသာနေသည်။ သူသည် တိန့်ကို အမြဲချီးကျူးတတ်၏။ သူ့ကို အများကြီးမျှော်လင့်ထား၏။ ချူအင်လိုင်း ဆေးရုံတွင် ရှိနေစဉ် နိုင်ငံခြားဧည့်သည်များ လာတိုင်း မော်သည် တိန့်ကို အမြဲပင်ခေါ်၏။ နောက်ထပ် သုံးနှစ်အတွင်း တာဝန်အရ တိန့်သည် မော်၏စာကြည့်တိုက်သို့ ကြိမ်ဖန်များစွာ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ရခဲ့၏။ နောက်တစ်ချီ ရာထူးမှမချမီကာလအထိဟုပင် ဆိုပါစို့။

ဧပြီလ ၉ ရက်တွင် 'တိန့်'သည် ဆေးရုံတက်နေသော ချူအင်လိုင်းကို သွားကြည့်၏။ ချူသည် စကားများစွာမပြောနိုင်။ သို့သော် အရေးကြီးစကားတစ်ခွန်းတော့ မှာဖြစ်အောင် မှာခဲ့၏။

'ဖန်ချုန်ကျောင်းက သစ္စာဖောက်ပဲ၊ ဒါပေမယ့် ဥက္ကဋ္ဌကြီးက ငါတို့ကို သူ့အကြောင်းနဲ့ပတ်သက်ပြီး စုံစမ်းခွင့်မပြုခဲ့ဘူး'

www.foreverspace.com.mm

ထိုနောက် တိန့်၏ဇနီးဘက်သို့ လှည့်ပြီး သတိပေးသည်။

'ဒီအကြောင်းကို ဘယ်သူ့ကိုမှထပ်မပြောနဲ့နော်'

'တိန့်ရှောက်ဖိန်၊ မင်းရဲ့ကျန်းမာရေးလဲ ဂရုစိုက်နော်၊ သမားတော်ကြီး ဝုတို့ ညီအစ်ကိုထဲက တစ်ယောက်ယောက်နဲ့ အမြဲစစ်ဆေး ကုသနေ'ဟုလည်း ဂရုတစိုက် မှာကြား၏။

'ဝု'တို့ညီနောင်မှာ နာမည်ကျော်သမားတော်ကြီးများ ဖြစ်ကြ၏။

လုပ်ငန်းတွင် အန္တရာယ်အလွန်ကြီးသော အခြေအနေများကို ရင်ဆိုင်ရမည် ဖြစ်၍ သတိဝီရိယနှင့် နေထိုင်လုပ်ကိုင်ရန်လည်း တဖွဖွမှာ၏။ ကိုယ်တိုင်ရောဂါသည်းနေချိန်မှာပင် 'ချူ'သည် 'တိန့်'နှင့်ပတ်သက်၍ စိုးရိမ်နေသေး၏။ အဘယ်ကြောင့်ဆိုသော် တိန့်ကို သူ အလွန်ယုံကြည်၍၊ အားထား၍။

၁၉၇၃၊ ဧပြီလ ၁၂ ရက်တွင် ချူအင်လိုင်းသည် နေမကောင်းသည့်ကြားမှ ကမ္ဘောဒီးယားနိုင်ငံအကြီးအကဲမင်းသားကြီးသီဟာနုနှင့်ဇနီးအား ဂုဏ်ပြုညစာစားပွဲသို့တက်ခဲ့၏။ နိုင်ငံခြားသံတမန်များသည် သူတို့မျက်မှန်းတန်းမိနေသော ခပ်ပုပုလူတစ်ဦးကို သတိထားမိကြ၏။ ဩော်...တိန့်ရှောက်ဖိန် ပြန်ရောက်နေပြီကိုး။ သူတို့အံ့သြသွားကြ၏။ နောက်တစ်နေ့တွင် ဟောင်ကောင်နှင့် တိုင်ဝမ် သတင်းစာများ၏မျက်နှာဖုံးသတင်းမှာ 'တိန့်ရှောက်ဖိန် ပြန်လာပြီ'သတင်းများသာတည်း။သူတို့က 'ဘယ်လိုမှနစ်မြုပ်မသွားနိုင်တဲ့ လူ့ဗလံလေး'ဟုပင် ရေးသားကြ၏။

နိုင်ငံတော်ကောင်စီတွင် သူအလုပ်လုပ်ရသောအခါ မျက်နှာသစ်များစွာကို တွေ့ခဲ့ရ၏။ ပုဂ္ဂိုလ်တစ်ဦးမှာ ရာထူးမှအချခံထားရ၏။ နှစ်ဦးမှာ ကွယ်လွန်ခဲ့ပြီ။ လင်ပြောင်ကား သွားရှာပြီ။ လေးဦးမှာ အနှိပ်စက်ခံရလွန်းသဖြင့် အလုပ်ပင် ဆက်မလုပ်နိုင်ကြတော့။ အတွင်းရေးမှူးကြီးပင် လွင့်သွားရှာပြီ။ တကယ်အလုပ်လုပ်သူဟူ၍ ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် ဒုတိယဝန်ကြီးချုပ်လီရှန်နီယန်တို့သာ ရှိ၏။ နိုင်ငံကြီးသည် ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေရ၏။ စီးပွားရေးက ချွတ်ခြုံကျနေပြီ။ အုပ်ချုပ်ရေးကလည်း ကသောင်းကနင်း။

၁၉၇၀နှင့်၁၉၇၁တွင် မော်စီတုံးသည် နိုင်ငံတကာအခြေအနေကို တွက်ကိန်းမှားတွက်ခဲ့၏။ သူက ကမ္ဘာစစ်အသစ်ဖြစ်မည်ဟုထင်ထား၏။ ယခု သူထင်

သလို မဟုတ်ခဲ့။ ချူအင်လိုင်း၏လုံးပန်းမှုကြောင့်သာ ၁၉၇၂တွင် စက်မှုနှင့်စိုက်ပျိုးရေးပိုင်းတွင် ယခင်နှစ်ကထက် တိုးတက်မှုရလာ၏။ ၁၉၇၃တွင် ချူအင်လိုင်းသည် ယာယီနာမကျန်းခွင့်ယူထား၏။ ထို့ကြောင့် တာဝန်ဟူသမျှ တိန့်ခေါင်းပေါ်ကျ၏။ ဝန်ကြီးချုပ်က မည်သို့ပင်ကြိုးစားစေကာမူ ယဉ်ကျေးမှုတော်လှန်ရေး၏အမွေကြောင့် စီးပွားရေးမှာ အန္တရာယ်စိုးရိမ်အမှတ်သို့ရောက်နေ၏။ အခြေအနေကို ပြန်လည်ခိုင်မတ်ရန် လုပ်စရာတွေ အများကြီးရှိသေးသည်။

ပေကျင်းသည် တိန့်ရှောက်ဖိန် ပြန်လာကာစတွင် ခပ်စိမ်းစိမ်းဖြစ်နေ၏။ တဖြည်းဖြည်းနှင့် ကျင့်သားရအောင် အတော်လုပ်ယူရ၏။ အလုပ်ထဲတွင် အချိန်ပြည့်မြှုပ်နှံကာ ခေါင်းမဖော်အောင် လုပ်ရသည်။

သူစိတ်ပူနေသည်ကား ချူအင်လိုင်း၏ကျန်းမာရေး။ တိန့်ရင်ချောင်း၏ပြောစကားအရမူ မျှော်လင့်ချက်က သိပ်မရှိတော့။

အားလုံးစိတ်ဓာတ်ကျနေကြ၏။ စိတ်ဓာတ်အကျဆုံးကား ချူအင်လိုင်း၏လက်ထောက်ကြီး တိန့်ရှောက်ဖိန်။ ချူအင်လိုင်းမရှိလျှင် သူ့အတွက် အားကိုးအားထားရာ လက်မောင်းကြီးတစ်ဖက် ပြုတ်သကဲ့သို့ပင် ရှိချေမည်။

www.foreverspace.com.mm

## ။ ၂၉ ။
## ၁၀ကြိမ်မြောက် ပါတီအမျိုးသားကွန်ဂရက်က ယဉ်ကျေးမှုတော်လှန်ရေးလမ်းကြောင်းကို ဆက်လိုက်

မော်၏အရိုက်အရာကို ဆက်ခံမည့်နေရာကား လစ်လပ်နေဆဲ။ ပြည်သူများကမူ ယဉ်ကျေးမှုတော်လှန်ရေးကို အတော်စိတ်ကုန်နေကြပြီ။

မကြာမီ ၁၀ကြိမ်မြောက် အမျိုးသားကွန်ဂရက်ကျင်းပရန် ဗဟိုကော်မတီသည် ၁၉၇၃ မေလ ၂၀မှ ၃၁ရက်နေ့အထိ ပေကျင်းတွင် အစည်းအဝေး ကျင်းပကြ၏။ ဟူနန်မှ 'ဟွာကိုဖုန်း'၊ ရှန်ဟဲမှ 'ဝမ်ဟုန်ဝင်'၊ ပေကျင်းမြူနီစပယ်မှ အတွင်းရေးမှူး 'ပုဒေး' တို့ကိုခေါ်က ဗဟိုကော်မတီလေ့လာသူများအဖြစ် ခန့်အပ်ခဲ့၏။ 'ဇန်ချွန်ကျောင်း' နှင့် 'ယောင်ဝေယွမ်' တို့က လာမည့် ပါတီကွန်ဂရက်တွင်တင်ရန် နိုင်ငံရေးအစီရင်ခံစာမူကြမ်းကိုရေးကြ၏။ 'ဝမ်ဟုန်ဝင်' ကမူ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြင်ဆင်ချက်များရေးဆွဲရန် တာဝန်ရှိသူအဖြစ် ခန့်အပ်ခဲ့၏။

တိန့်ရှောက်ဖိန်ကား နိုင်ငံတော်ကောင်စီ၏ ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ယူပါဝင်ရ၏။ ချူအင်လိုင်းက တိန့်ရှောက်ဖိန်ကို ပြန်လည်ရာထူးခန့်အပ်ခြင်းကို အသားပေး တင်ပြခဲ့ရာ တက်ရောက်လာသူအများစုက ကျေနပ်ကြ၏။ သုံးလကြာ ညှိနှိုင်းခဲ့ကြ၏။

ဩဂုတ်လ ၂၄မှ ၂၈အထိ ၁၀ကြိမ်မြောက်ပါတီကွန်ဂရက်ကို ကျင်းပခဲ့ကြ၏။

'ဇန်ချွန်ကျောင်း' မူကြမ်းရေးဆွဲတင်ပြပြီး မော်စီတုံးက တည်းဖြတ်သော နိုင်ငံရေးအစီရင်ခံစာကို ကွန်ဂရက်မှ အတည်ပြု၏။ ယဉ်ကျေးမှုတော်လှန်

www.foreverstone.com.mm

ရေးအုပ်စုက ဖယ်ရှားခဲ့သော ရဲဘော်ဟောင်းများကို ဗဟိုကော်မတီသို့ ပြန်ခန့်အပ်သောကိစ္စကလည်း ချီးကျူးစရာဖြစ်၏။ ထိုအထဲတွင် 'တိန့်ရှောက်ဖိန်'၊ 'တန်ဇင်လင်း'၊ 'ဝမ်မင်'စသူတို့ ပါဝင်ကြ၏။

ဗဟိုကော်မတီသစ်၏ ပထမဆုံးအစည်းအဝေးကို ဩဂုတ်လ၃၀ ရက်တွင် စတင်၏။ မော်စီတုံးကို ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ကြ၏။ ဒုတိယဥက္ကဋ္ဌများအဖြစ် ချူအင်လိုင်း၊ ဝမ်ဟုန်ဝင်၊ ကန်ရှိန်၊ ယိဂျန်ယင်းနှင့် လိဒီရှန်း။

ကော်မတီများ၊ အရန်ကော်မတီများစွာလည်း ဖွဲ့စည်းခဲ့ရာ ရဲဘော်ဟောင်းများအပြင် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုမှပုဂ္ဂိုလ်များလည်း ထပ်တိုးဖြည့်ဆီးထား၏။ ၎င်းတို့အထဲတွင် ရှန်ဟဲ၏သူပုန်အဖွဲ့ထဲမှ အကြီးဆုံးပုဂ္ဂိုလ်'ဝမ်ဟုန်ဝင်'နှင့်'ကန်ရှိန်'တို့လည်း ပါ၏။ သူတို့သည် ပါတီ၏ဒု-ဥက္ကဋ္ဌများပင် ဖြစ်လာကြ၏။ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စု၏ဉာဏ်ကြီးရှင်'ဇန်ချွန်ကျောင်း'သည်ပင် ပါတီပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်ကော်မတီဝင် ဖြစ်လာသည်။ သို့ဖြင့် ဗဟိုကော်မတီတွင် ချူအင်လိုင်းအုပ်စုနှင့် ကျန်းကျင်းအုပ်စုဟူ၍ နှစ်ပိုင်းကွဲသွား၏။

လင်ပြောင်၏နေရာတွင် အစားထိုးခန့်အပ်ရမည့်သူကိုကား ရွေးရခက်နေ၏။ နောက်ဆုံးတွင် မော်သည် လူငယ်တစ်ဦးကို ခေါင်းဆောင်ပိုင်း၏အမြင့်ဆုံးနေရာသို့ တွန်းတင်ပေးခဲ့၏။ သူ့အရိုက်အရာဆက်ခံသူဟုကား မကြေညာ။ မော်က သူ့ကို အသုံးချရင်းနှင့် အကဲခတ်လိုသေး၏။ သူကား 'ဝမ်ဟုန်ဝင်'။ 'ဝမ်'သည် အလုပ်သမား၊ လယ်သမား၊ စစ်သားနောက်ခံရှိ၏။ ယဉ်ကျေးမှုတော်လှန်ရေး၏ခေါင်းဆောင်တစ်ဦးလည်း ဖြစ်၏။ သူ့အရိုက်အရာကို ဆက်ခံမည့်သူသည် သူ့အပေါ်သစ္စာရှိရမည့်အပြင် ယဉ်ကျေးမှုတော်လှန်ရေးအပေါ်လည်းသစ္စာစောင့်သိသူဖြစ်ရမည်ဟု မော်က မှန်းထား၏။

'ဝမ်ဟုန်ဝင်'သည် တကယ်တော့ အရည်အချင်းသိပ်ရှိသူမဟုတ်။ သူသည် ဆန္ဒပြဆူပူသူ သူပုန်အဆင့်မှ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏အမြင့်ဆုံးရာထူးသို့ တက်လှမ်းနိုင်ခဲ့သူဖြစ်၏။

ချူအင်လိုင်းပြီးလျှင် သူသည် ဒုတိယအကြီးဆုံး။ ဝမ်ဟုန်ဝင်ကို မော်စီတုံးက ဗဟိုကော်မတီတွင် မိန့်ခွန်းပြောခိုင်းရာ သူသည် မိုးကို ခေါင်းနှင့်တိုက်လိုက်ရသလို အမြောက်ကြီးမြောက်သွားခဲ့၏။

မော်က လှုပ်ရှားမှုတစ်ခုကို စီစဉ်ပြန်၏။ ‘လင်ပြောင်နှင့်ကွန်ဖြူးရှပ်စ်ကို ဝေဖန်ကြ’ ဆိုသောလှုပ်ရှားမှု။ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုအတွက်ကား မီးလောင်ရာလေပင့်ထက် မီးလောင်ရာဓာတ်ဆီလောင်းအဆင့်သို့ ရောက်သွား၏။

တိန့်ရှောက်ဖိန်ကား ဒု-ဝန်ကြီးချုပ်အဆင့်ဖြင့် နိုင်ငံခြားဧည့်သည်တော်များကို လက်ခံတွေ့ဆုံရ၏။ ဂျပန်ဧည့်သည်၊ ကနေဒါဧည့်သည်။

ထိုသို့ နိုင်ငံခြားဧည့်သည်များနှင့် အလုပ်များနေချိန် ၁၉၇၃ နိုဝင်ဘာလတွင် မမျှော်လင့်တာတစ်ခု ဖြစ်ပျက်ခဲ့၏။

အစမှာ ၁၉၇၁ခုနှစ်က။ မော်သည် တရုတ်နှင့်အမေရိကန်ဆက်ဆံရေးကို ကောင်းစေချင်၏။ ဇူလိုင်လတွင် ချူအင်လိုင်းသည် အမေရိကန်သမ္မတနစ်ဆင်၏အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်ဟင်နရီကစ်ဆင်ဂျားနှင့် လျှို့ဝှက်တွေ့ဆုံခဲ့၏။ ထို့ကြောင့် ၁၉၇၂တွင် နစ်ဆင်က တရုတ်ပြည်လာမည်ဟု ကြေညာခဲ့သည်။ အမေရိကန်သည် တိုင်ဝမ်ရှိ ချန်ကေရှိတ်ကို ထောက်ခံကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အစဉ်တစိုက်အတိုက်အခံပြုခဲ့သောနိုင်ငံ ဖြစ်၏။

၁၉၇၂ ဖေဖော်ဝါရီတွင် နစ်ဆင် တရုတ်ပြည်လာ၏။ ၂၂နှစ်ကြာ ပျက်ယွင်းခဲ့သော စကားဝိုင်းညှိနှိုင်းဆွေးနွေးမှု ပြန်စ,၏။ ကမ္ဘာကပင် တုန်လှုပ်ခဲ့သော ဤဖြစ်ရပ်သည် မော်၏ရေရှည်မြင်တတ်သော သံတမန်ပေါ်လစီပင်ဖြစ်၏။ ချူအင်လိုင်း၏သံခင်းတမန်ခင်းကောင်းမှု၏ ရလဒ်လည်း ဖြစ်သည်။

၁၉၇၃ နိုဝင်ဘာတွင် ကစ်ဆင်းဂျားသည် တစ်ခေါက် ထပ်လာကာ ချူအင်လိုင်းနှင့်ဆွေးနွေး၏။ ထိုအကြောင်းကို ချူက မော်ထံ သွားသတင်းပို့ရာ မော် အနားယူနေချိန်နှင့်ကြုံနေ၏။ မော်နိုးလာသောအခါ သူ့ကို ချက်ချင်းမတင်ပြရကောင်းလားဆိုပြီး ဒေါသပေါက်ကွဲ၏။ ချူကို မိမိကိုယ်မိမိဝေဖန်ရေးပေးရန် အမိန့်ပေး၏။ ထိုအချိန်တွင် ချူသည် သွေးဝမ်းသွားနေချိန်ဖြစ်၏။ ဆေးရုံတက်ကာနီး ကစ်ဆင်းဂျားရောက်လာ၍ ဆေးရုံမတက်ဖြစ်။ ခုတော့ ဘာမှမတတ်နိုင်။ ချူသည် ပေါ်လစ်ဗျူရိုအစည်းအဝေး ချက်ချင်းခေါ်ရ၏။

ကျန်းကျင်းအုပ်စုကား ချူကို အလဲထိုးခွင့်ရပြီဆိုကာ ဝမ်းသာနေကြ၏။ ကျန်းကျင်းကား အစည်းအဝေးတွင် ‘လင်ပြောင်၏အကြံအစည်ပြီးလျှင် ယခုအကြံအစည်သည် အဆိုးဆုံး’ ဟု စွဲချက်တင်၏။

www.foreverstore.com.mm

မော်ကား အစည်းအဝေးမတက်။ သို့သော် သူ့လူတွေကို သူက မေး၏။

'တိန့်ရှောက်ဖိန်ကရော ဘာပြောသလဲ'

'တိန့်'သည် 'ချူ'ကို သိပ်မဝေဖန်။ နိုင်ငံတကာအခြေအနေကိုသာ ဖောင်းပေးပြောသွား၏။ တရုတ်နှင့်အမေရိကန်ဆက်ဆံရေး၊ တရုတ်နှင့်ဆိုဗီယက်ဆက်ဆံရေးတို့၏ ရှုပ်ထွေးခက်ခဲပုံတို့ကိုသာ သူပြောသွား၏။ အခြေအနေကို ငုံမိခြုံမိအောင် ကြည့်တတ်ဖို့ အရေးကြီးကြောင်း သူတင်ပြသွား၏။

'တိန့်'က အချိန်အတော်ကြာ စကားပြောသွား၏။ သူ၏နိုင်ငံတကာအခြေအနေသုံးသပ်ချက်သည် ချူအင်လိုင်းအား ဝေဖန်မှုထက် ပိုအရေးကြီးကြောင်း ပြသသွားခြင်းသာ ဖြစ်၏။

မော်သည် တိန့်၏စကားများ ကြားရ၍ ကျေနပ်သွားသည်။

'သူက စကားပြောကောင်းတဲ့သူဆိုတာ ငါသိတယ်ကွ၊ သူက ငှါဆီက အကူအညီဘာမှလိုတဲ့သူ မဟုတ်ဘူး'ဟု မှတ်ချက်ချ၏။

၁၉၇၃ ဒီဇင်ဘာ ၉ရက်တွင် နိုင်ငံခြားဧည့်သည်များကို လက်ခံတွေ့ဆုံပြီးနောက် မော်စီတုံးသည် ချူအင်လိုင်းနှင့် ဝမ်ဟုန်ဝင်တို့ကို ခေါ်တွေ့ကာ ဝေဖန်ရေးနေ့က အစည်းအဝေးအကြောင်း မေး၏။ ထိုနောက် သူက ကျန်းကျင်းကို ဝေဖန်တော့၏။

မော်ကား စဉ်းစားဉာဏ်ရှိသူ ဖြစ်၏။ ဉာဏ်ကို လှော၍သုံးတတ်သူဖြစ်သည်။ ဤကိစ္စတွင် တကယ်မှားယွင်းသူမှာ ချူ မဟုတ်၊ ကျန်းကျင်းဖြစ်သည်ကို သူသိ၏။ ထို့ကြောင့် သူ့ဇနီးကိုပင် သူ မညှာမတာဝေဖန်ခဲ့၏။

www.foreverspace.com.mm

## ။ ၃၀ ။
## စစ်ကော်မရှင်နှင့် ပေါ်လစ်ဗျူရိုတွင်

၁၉၇၃ ဖေဖော်ဝါရီတွင် ပေကျင်းသို့ တိန့်ရှောက်ဖိန်ပြန်ရောက်လာပြီး ဆယ်လအထိ သူသည် နိုင်ငံတော်ကောင်စီ၏ဒုတိယဝန်ကြီးချုပ်အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့၏။

သမီးဖြစ်သူ 'တိန့်လင်း' သည် ပေကျင်းအနုပညာတက္ကသိုလ် ပန်းချီဌာနသို့ပြောင်းရွှေ့ခဲ့ပြီး သတ္တုတက္ကသိုလ်မှ သုတေသနပညာရှင် ဝူကျန်ချန်နှင့် လက်ထပ်ခဲ့၏။ ထိုအခါ တိန့်ရှောက်ဖိန်၏သမီးသုံးဦးစလုံး အိမ်ထောင်ကျခဲ့၍ မိဘများ စိတ်အေးကြရပြီ။ ပုဖုန်းကား အမှတ်၃၀၁ ဆေးရုံတွင် ဆေးကုသမှုခံရဆဲ။ တိန့်နန်းသည် တရုတ်သိပ္ပံအကယ်ဒမီ၏မော်တော်ယာဉ်သုတေသနဌာနတွင် တာဝန်ကျ၏။ ဖေ့ဖေ့နှင့် တိန့်ရောင်းတို့မှာမူ ပေကျင်းတွင် ကျောင်းဆက်တက်ကြ၏။ဖေ့ဖေ့က ပေကျင်းတက္ကသိုလ်ရူပဗေဒဌာနတွင်။ တိန့်ရောင်းကမူ ပေကျင်းဆေးကောလိပ်တွင်။

တိန့်သည် သူ၏အတွင်းရေးမှူးဟောင်းဝမ်ရှီလင်ကို ကျန်ဇီမှပြန်ခေါ်၏။ သူ၏သက်တော်စောင့်ဟောင်း ဇန်ယုဇင်နှင့် အော်ဒလေတိန့်ဇင်ဂျွန်းကို ပြန်ရာထူးပေး၏။ ကျန်ဇီတွင် လက်တိုလက်တောင်းအားကိုးခဲ့ရသူ ဂူကိုလည်း ခေါ်ထား၏။ ယခင် သူ့ဝန်ထမ်းအားလုံးလောက်နီးနီး သူ့ထံပြန်ရောက်နေကြ၏။ တိန့်အသည်းကျော်လေးကား သူ့မြေးမလေး မြန်မြန် ဖြစ်၏။

'ငါ့မှာ မြေးမလေး ရပြီ။ နင်တို့သားသမီးတွေမရှိလဲ ဘာမှမဖြစ်တော့ဘူး' ဟု သူ့သားသမီးများကို ကျီစယ်တတ်၏။

၁၉၇၃ ဒီဇင်ဘာတွင် မော်စီတုံးက တိန့်ရှောက်ဖိန်ကို ရာထူးတိုးပေး

ရန် ဆုံးဖြတ်ခဲ့သည်။ ဆယ်လကျော် သူလေ့လာပြီး၍ ကျေနပ်ပုံရ၍ဖြစ်သည်။ တိန့်ကို ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့၏။

'ပေါ်လစ်ဗျူရိုဟာ အရင်က နိုင်ငံရေးမဆွေးနွေးခဲ့တဲ့ အစဉ်အလာရှိခဲ့တယ်။ ကော်မရှင်ကလည်း စစ်ရေးကိစ္စ၊ နိုင်ငံရေးကိစ္စ မဆွေးနွေးခဲ့ကြဘူး။ ဒါကို ပြောင်းရမယ်' ဟု မော်က ပြော၏။

'အခု စစ်ရေးအကြံပေးပုဂ္ဂိုလ်တစ်ဦးကို ကျုပ်တို့ဖိတ်ကြားလိုက်ပြီ။ သူ့နာမည်က တိန့်ရှောက်ဖိန်ပဲ။ ပေါ်လစ်ဗျူရိုဟာ ဘက်စုံ ထိန်းချုပ်ရတယ်။ ပါတီ၊ အစိုးရ၊ တပ်မတော်၊ ပြည်သူ၊ ကျောင်းသား၊ အရှေ့၊ အနောက်၊တောင်၊ မြောက်၊ ဗဟို။ ဒါတွေအတွက် အထွေထွေအတွင်းရေးမှူးလိုအပ်တယ်။ တိန့်က ဒီရာထူးအမည်ကို ကြိုက်ချင်မှ ကြိုက်မယ်။ ဒါ့ကြောင့် ဦးစီးချုပ်ပဲ ခေါ်တော့မယ်' ဟု မော်ကပြော၏။

ဒီဇင်ဘာ ၁၅တွင် မော်သည် သူ၏စာကြည့်တိုက်သို့ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များနှင့် စစ်ဒေသကြီးရှစ်ခုမှ တိုင်းမှူး ၈ဦးကို ခေါ်တွေ့၏။

'ဒီနေ့ကစပြီး ဦးစီးချုပ်အသစ် ရောက်လာပြီ။ သူ့အရည်အချင်းက ၇၀ရာနှုန်းတောင်ကျော်တယ်။ လူတော်တော်များများက သူ့ကိုကြောက်ကြတယ်။ ဒါကြောင့် ကျုပ် ခင်ဗျားကို အကြံနည်းနည်းပေးပါရစေ။ အပြင်မှာ နူးနူးညံ့ညံ့နေ အတွင်းမှာတော့ သံမဏိစိတ်ဓာတ်ထားပါလို့။ သိုးမွေးထဲမှာ အပ်ကိုမြှုပ်ထားပေါ့။ ဒါလေးတော့ဖြင့် ခင်ဗျားပြင်ပါ'

မော်က တိန့်ကို ပေါ်လစ်ဗျူရိုများရှေ့တွင် ထိုသို့ရင်းရင်းနှီးနှီးပြောခဲ့၏။

ပေါ်လစ်ဗျူရိုက တိန့်ကို ဤရာထူးများပေး၍ အံ့သြနေကြ၏။ ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီကပင် သူသည် ဒုတိယဝန်ကြီးချုပ်ဖြစ်၍မဆန်းလှ။ သို့သော် သူ့တွင် စစ်ရေးရာထူးမရှိခဲ့။ ယခုမှ ဘာကြောင့် မော်က သူ့ကိုစစ်ရေးရော နိုင်ငံရေးရော ရာထူးတွေပေးပါသလဲ။ နိုင်ငံရေးအခြေအနေသစ်ကိုကားဖန်တီးလိုက်ပြီ။ နိုင်ငံတော်ကောင်စီကို ချူအင်လိုင်းနှင့်တိန့်ရှောက်ဖိန်တို့ ဦးဆောင်ကြမည်။ တပ်မတော်ကို ယိကျန်ယင်းနှင့် တိန့်ရှောက်ဖိန်တို့က ဦးဆောင်ကြမည်။

ဝမ်ဟုန်ဝင်သည် 'မော်' အာမခံ၍ အဆင့်မြင့်ရာထူးရလာသူ ဖြစ်၏။

သို့သော် သူသည် လူသစ်။သူသည် ပါတီ၊ အစိုးရနှင့်တပ်မတော်အပေါ် ဘာမှဝင်စွက်ခွင့်မရှိ။

၁၉၇၃ခုနှစ် ဒီဇင်ဘာ ၂၆သည် မော်၏ အသက်၈၀ပြည့်မွေးနေ့ဖြစ်၏။ လင်ပြောင်ကွယ်လွန်ခဲ့ပြီးနောက် မော်၏ကျန်းမာရေးမှာ အတော်ချို့ယွင်းလာ၏။ သူ မသေခင် စီစဉ်စရာရှိတာတွေ စီစဉ်သွားရဦးမည်။ သို့သော် သူ မည်မျှပင် စီစဉ်စေ အခြေအနေများကား သိပ်မလွယ်ကူလှ။

သူသည် သူ့အာဏာများကို ခွဲဝေနေ၏။ သူ၏ တော်လှန်ရေးလမ်းကြောင်းကိုဆက်လိုက်ရန်၊ ပါတီကိစ္စများကို ဦးဆောင်ရန် ဝမ်ဟုန်ဝင်ကို ရွေးခဲ့ပြီ။ အစိုးရလုပ်ငန်းများ လက်တွေ့လုပ်ဆောင်ရန်၊ တပ်မတော်ကို ကိုင်တွယ်ရန် တိန့်ရှောက်ဖိန်ကို ရွေးခဲ့ပြီ။ ထိုနောက် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုကို ထိန်းရန်၊ တန်ပြန်ရန် တိန့်ရှောက်ဖိန်နှင့် ကေဒါဟောင်းကြီးများကိုလည်း ပြန်ခန့်ထားပြီးပြီ။ ထို့အတူ အစိုးရနှင့် တပ်မတော်တွင် ကေဒါဟောင်းကြီးများ အာဏာပိုရမသွားစေရန် ဝမ်ဟုန်ဝင်နှင့်ဇန်ချွန်းကြောင်တို့ကိုလည်း ချိန်ခွင်လျှာညှိပေး၏။

တကယ်တော့ ချူအင်လိုင်းမရှိလျှင် တိန့်ရှောက်ဖိန်ကို သူအားအကိုးကြီးကိုး၏။ နိုင်ငံကြီးတစ်ခု၏ ယန္တရားကို ချောမွေ့စွာလည်ပတ်နိုင်ရန် ဤပုဂ္ဂိုလ်နှစ်ဦးသည် မရှိမဖြစ်ကြောင်း သူ ကောင်းစွာရိပ်စားနားလည်၏။

ရုတ်ရုတ်သဲသဲ ၇နှစ်တာကာလကိုဖြတ်သန်းပြီးသောအခါ ပြည်သူတို့က တည်ငြိမ်အေးချမ်းမှုကို တောင့်တနေကြပြီ။ မော်သည်လည်း ဤသို့ပင် စတင်ခံစားမိလာ၏။ 'သစ်ပင်က ငြိမ်သက်လိုပေမယ့် လေကတော့ ခွင့်မပြု' ဟူသော ဆိုရိုးစကားကိုပင် ဤနေရာတွင် သုံးရတော့မည်။ ယဉ်ကျေးမှုတော်လှန်ရေးကား တော်တော်နှင့်အနည်မထိုင်။ မင်းမဲ့ဝါဒဆန်ဆန်လှုပ်ရှားမှ သူတို့အဖို့ အနေချောင်မည်ကို သူတို့သိ၏။ အထူးသဖြင့် လင်ပြောင်မရှိတော့လျှင် သူတို့ အာဏာရတော့မည်ဟု သေချာပေါက် တွက်ထားကြလေသည်။ ယခု ကေဒါဟောင်းကြီးများပေါ်လာကြ၍ သူတို့အဖို့ အဆီးအတားဖြစ်သွားခဲ့သည်။ ကျန်းကျင်းတို့အုပ်စုက သူတို့ကိုဖယ်ရှားချင်သည်။ သို့သော် ပထမဆုံး ချူအင်လိုင်းကို ရှင်းပစ်ရဦးမည်။ ထို့ကြောင့် သူတို့သည် 'လင်ပြောင်နှင့် ကွန်ဖြူးရှပ်စ်ကို ဆန့်ကျင်ကြ' ဟူသောလှုပ်ရှားမှုကို စတင်ခဲ့ကြသည်။

www.foreverstar.com.mm

တကယ်တော့ သူတို့၏ အစစ်အမှန်ပစ်မှတ်သည် လင်ပြောင် မဟုတ်၊ ကွန်ဖြူးရှပ်စ် မဟုတ်၊ ချူအင်လိုင်း။

၁၉၇၃ ဆောင်းရာသီသည် ကျန်းကျင်းတို့အုပ်စုဗျာများသောကာလဖြစ်၏။ 'လင်ပြောင်နှင့် ကွန်ဖြူးရှပ်စ်ကို ဆန့်ကျင်ကြ'လှုပ်ရှားမှုကို မော်စီတုံး၏ ခွင့်ပြုမှုဖြင့် နိုင်ငံတစ်ဝှန်းတွင် ၁၉၇၄ ဇန်နဝါရီလမှ စ၍ လှုပ်ရှားကြ၏။

ဇန်နဝါရီ ၂၄နှင့် ၂၅တွင် ဗဟိုကော်မတီခွင့်ပြုချက်မယူဘဲ လူနှစ်သောင်းနှင့် လူထုအစည်းအဝေးပွဲကျင်းပ၏။ သူတို့၏တပ်မှူးနှစ်ဦးဖြစ်ကြသော ချိကွန်း နှင့် ဇီယင်ဂျိတို့က ကျန်းကျင်းချီးမွမ်းခန်းဖွင့်ကာ နိုင်ငံတော်ကောင်စီနှင့် စစ်ကော်မရှင်ခေါင်းဆောင်များကို ပုတ်ခတ်ဝေဖန်ကြ၏။

ကျန်ကျင်းသည် ထိုလှုပ်ရှားမှုနောက်ပိုင်းတွင် နိုင်ငံတော်ကောင်စီကို ဝေဖန်စာများ ရေးသားဖြန့်ဝေခဲ့၏။ တကယ်တော့ သူသည် ချူအင်လိုင်းကို တိုက်ခိုက်ကာ အာဏာကို ဖြတ်လမ်းမှသိမ်းယူရန်ကြံခြင်းဖြစ်၏။

ချူအင်လိုင်းနှင့် ယိကျန်ယင်းတို့ကလည်း ပြန်လည်တိုက်ခိုက်၏။ ၁၉၇၄ ဇန်နဝါရီ ၃၁တွင် ချူသည် ပေါ်လစ်ဗျူရိုအစည်းအဝေးခေါ်၏။ ယိကျန် ယင်းနှင့် တိန့်ရှောက်ဖိန်တို့အကူအညီဖြင့် တပ်မတော်ကို ပြန်လည်ထိန်းချုပ်မှု များ ပြုလုပ်ခဲ့၏။ တပ်မတော်သွေးမကွဲအောင် စည်းရုံးရေးဆင်းခြင်းဖြစ်၏။

မော်ကိုယ်တိုင်လည်း ကျန်းကျင်းအုပ်စု၏ လုပ်ရပ်များက တရားလက်လွတ်ဖြစ်လာခြင်းကို သူသိ၏။ ဆက်၍ ယခုအတိုင်းလွှတ်ထားလျှင် မထိန်းနိုင်မသိမ်းနိုင်အခြေအနေများဖြစ်လာမည်ကို သူရိပ်စားမိ၏။ ကျန်းကျင်းအုပ်စုကို ဇက်ကြိုးသတ်ရန် လိုအပ်နေပေပြီ။

မော်သည် ကျန်းကျင်းတို့စီစဉ်ထားသော အသံသွင်းတိတ်ခွေများကို နိုင်ငံအနှံ့ဖြန့်ချိမှုကို ပိတ်ပင်လိုက်၏။ ထိုတိတ်ခွေများကို ဇန်နဝါရီ ၂၅ လူထုအစည်းအဝေးတွင် ဖြန့်ချိရန် သူတို့က နဂိုကပင် စီစဉ်ထားခြင်းဖြစ်၏။

မတ် ၂၀တွင် ကျန်းကျင်းထံ မော်က ဤသို့စာရေးခဲ့၏။

"ငါတို့မတွေ့ကြတာ ပိုကောင်းမယ်။ ငါ မင်းနဲ့အရင်တုန်းက စကားတွေအများကြီး ပြောခဲ့ပြီးပြီ။ ဒါပေမယ့် ငါလုပ်ချင်တာမျိုး မင်း မလုပ်ခဲ့ဘူး။ ဒါကြောင့် ငါတို့တွေ့နေကြရင်လဲ အလကားပဲ။မာ့က်စ်ဝါဒနဲ့ပတ်သက်တဲ့ စာ

အုပ်တွေ၊ ငါရေးတဲ့စာတွေ အများကြီးရှိတယ်။ မင်း ဒါတွေမလေ့လာဘူး။ငါ အသက် ၈၁နှစ် ရှိပြီ။ ကျန်းမာရေးမကောင်းဘူး။ အဲဒါ မင်းငါ့အပေါ် ကြင်နာစိတ်ကောရှိရဲ့လား။ မင်းက အာဏာမက်တယ်။ငါသေရင် ဒီအာဏာကို မင်း ဘာလုပ်မလဲ။ မင်းက ခုတော့ ပြည်သူတွေကို ဒုက္ခတွင်းထဲကိုပဲ အမြဲပို့နေတယ်။ ပြန်စဉ်းစားပါဦးကွာ'

ကျန်းကျင်းကာ စာကိုဖတ်ပြီး ဒေါသူပုန်ထလိုက်သည့်ဖြစ်ခြင်း။ လက်ထပ်ကာစကပင် သူတို့ ကတိကဝတ်ပြုခဲ့ကြ၏။ နိုင်ငံရေးတွင် သူဝင်မပါရန်။ သို့သော် ယဉ်ကျေးမှုတော်လှန်ရေးတွင် မော်က သူ့ကိုစ,သုံးခဲ့၏။သူ့ကို သိပ်စိတ်မချ။ သို့သော် သူ့ဇနီးအနေဖြင့် သုံးခဲ့ခြင်း ဖြစ်၏။ သူသည် ကျန်းကျင်းကို မယုံကြည်။ အမျိုးစုံ ဆိုဆုံးမ၏။ မရ။ သို့သော် ဇနီးတစ်ယောက်အနေနှင့်ကား ကျန်းကျင်းအပေါ် သံယောဇဉ်ရှိသည်မှာ အမှန်။

## ။ ၃၁ ။
## ကုလသမဂ္ဂအထူးအစည်းအဝေးအပြီး မုန်တိုင်း

တရုတ်အစိုးရက ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆဋ္ဌမအကြိမ်မြောက် အထူးအစည်းအဝေးတွင် တရုတ်ကိုယ်စားလှယ်အဖွဲ့၏ခေါင်းဆောင်အဖြစ် တိန့်ရှောက်ဖိန်ကိုစေလွှတ်ရန် ရွေးချယ်ခဲ့၏။ တိန့်သည် သံတမန်အတွေ့အကြုံရှိသူ ဖြစ်၏။ ထို့ပြင် တရုတ်ပြည်၏နိုင်ငံရေးဇာတ်ခုံတွင် အရေးပါသောအခန်းကဏ္ဍ၌ အနာဂတ်၏ခေါင်းဆောင်အဖြစ် မျှော်မှန်းထားသူကိုသာ ဤအရေးကြီးသော နိုင်ငံတကာအစည်းအဝေးသို့စေလွှတ်ခြင်းလည်းဖြစ်၏။ မမာမကျန်းဖြစ်နေသော ချူအင်လိုင်း၏နေရာတွင်အစားထိုးနိုင်မည့် တစ်ဦးတည်းသောပုဂ္ဂိုလ်မှာ တိန့်တစ်ယောက်သာရှိကြောင်း မော်က မြင်ခဲ့၏။

ကျန်းကျင်းက ဒါကို မကျေနပ်။ တိန့်ရှောက်ဖိန် ဤသို့ဆက်တိုက်တန်ခိုးသြဇာမြင့်တက်လာခြင်းကို အကြီးအကျယ် မနာလိုမရှုစိမ့်ဖြစ်သည်။ အထူး သဖြင့် တိန့်ရှောက်ဖိန်ကို ဤသို့သော နိုင်ငံတကာအရေးပါသော စင်မြင့်တစ်ခု ဖြစ်သည့် ကုလသမဂ္ဂလိုနေရာမျိုးထိ မြှောက်စားခြင်းကို လုံးဝမလိုလား။ ထို့ ကြောင့် တိန့်ကို ကုလသမဂ္ဂညီလာခံသို့ ကိုယ်စားလှယ်အဖြစ် မရွေးချယ်ရန် သူက စ,ကန့်ကွက်၏။

"တိန့်ရှောက်ဖိန်ကို ကုလသမဂ္ဂကိုစေလွှတ်တာက ကျုပ်ရဲ့သဘောထားပဲ။ပေါ်လစ်ဗျူရိုက တခြားရဲဘော်တွေက သဘောမတူကြဘူးဆိုရင်လည်း ဒီအချက်ကို မေ့ပစ်လိုက်ကြပါ"ဟု မော်က ချူအင်လိုင်းထံ စာရေးပြောကြားခဲ့၏။

"ဥက္ကဋ္ဌကြီးမော်ရဲ့အကြံပေးချက်ကို လုံးဝဥဿုံထောက်ခံပါတယ်"ဟု ချူအင်လိုင်းက ပြန်အကြောင်းကြား၏။

www.foreverspace.com.mm

မတ်လ၂၆ ရက်တွင် ပေါ်လစ်ဗျူရိုတစ်ခုလုံးက ကုလသမဂ္ဂသို့ တိန့်ရှောက်ဖိန်အား စေလွှတ်မှုကို တစ်ညီတစ်ညွတ်တည်း သဘောတူလိုက်ကြ၏။ ကျန်းကျင်းတစ်ယောက်သာ ကိုးလိုးကန့်လန့်လုပ်နေ၏။

"ရဲဘော်တိန့်ရှောက်ဖိန်ကို နိုင်ငံခြားကို စေလွှတ်တာဟာ ငါ့ရဲ့ရွေးချယ်မှုပဲ။ မင်းက ဒါကိုဆန့်ကျင်ချင်သလား။ ကျန်းကျင်း သတိထားနော်။ ငါ့သဘောထားတွေကို မင်း သိပ်ကဖျက်ယဖျက်မလုပ်နဲ့"

မတ်လ ၂၇ရက်တွင် မော်က ကျန်းကျင်းကို ဒေါသတကြီးစာရေးခဲ့၏။ ထိုညတွင်ပင် ကျန်းကျင်းသည် မော်ကိုကြောက်သဖြင့် တိန့်ကိစ္စကို သဘောတူပါသည်ဟု အောင့်သီးအောင့်သက်နှင့် ဝန်ခံခဲ့၏။

ချူအင်လိုင်းနှင့်တိန့်ရှောက်ဖိန်တို့၏ တိုက်ပွဲကား အောင်မြင်ခဲ့လေပြီ။ ရှုံးနိမ့်သူကား ကျန်းကျင်း။ လွန်ခဲ့သော ၇နှစ်လုံးလုံး လင်ပြောင်နှင့် ကျန်းကျင်းတို့၏သြဇာကြီးမားလှသော ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုကြီးကို ချူအင်လိုင်းတစ်ယောက်တည်း တိုက်ခိုက်ခဲ့ရ၏။ ယခုတော့ သူ့ဘက်တွင် တိန့်ရှောက်ဖိန်တစ်ယောက်လုံး အားကိုးအားထားရှိနေပြီ။ တိန့်အပြင် ယီကျန်ယင်း၊ လီရှန်နီယန်တို့လည်းရှိ၏။ ချူအင်လိုင်း အသက်ရှူချောင်သွားပြီ။ သူမရှိလျှင်ပင် သူ၏တိုက်ဖော်တိုက်ဖက်ရဲဘော်များသည် နိုင်ငံ၊ ပြည်သူ၊ ပါတီတို့ကို ဦးဆောင်သွားနိုင်ကြမည်ကို ကောင်းစွာစိတ်ချသွား၏။

နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး ကျောက်စွမ်ဟွာနှင့် တိန့်တို့သည် ကုလသမဂ္ဂညီလာခံတွင်ပြောကြားရမည့် မိန့်ခွန်းကို အထူးအာရုံစိုက် ပြုစုခဲ့ကြ၏။

"တရုတ်ပြည်သည် အာဏာရှင်နိုင်ငံ မဟုတ်။ အင်အားကြီးနိုင်ငံလည်း မဟုတ်။တစ်နေ့နေ့တွင် တရုတ်ပြည်သည် အင်အားကြီးနိုင်ငံဖြစ်လာကာ ကမ္ဘာကို အာဏာဖြင့်စိုးမိုးမည်၊ ပြည်သူကိုဖိနှိပ်မည်၊ တခြားသူများအပေါ် ကျူးကျော်မည်၊ ခေါင်းပုံဖြတ်မည် ဆိုပါက ကမ္ဘာ့ပြည်သူများက တရုတ်ပြည်ကို ဆိုရှယ်နယ်ချဲ့ဟု တံဆိပ်ကပ်ဝေဖန်ကြလိမ့်မည်။ ထိုအခါ ကမ္ဘာ့ပြည်သူများက တရုတ်ပြည်ကို ဆန့်ကျင်ကြမည်။ တရုတ်ပြည်သူများနှင့်အတူ တိုက်ခိုက် ချေမှုန်းကြလိမ့်မည်"

ထိုသို့သော စာသားများပါသည့် ဟောပြောချက်ကို အကြမ်းရေးကာ မော်ထံအတည်ပြုချက်တောင်း၏။ မော်ထံမှမှတ်ချက်ကား တိုတိုတောင်းတောင်း။

“ကောင်းတယ်။ ထောက်ခံတယ်”

ချူအင်လိုင်းသည် တိန့်ရှောက်ဖိန်၏ခရီးအတွက် အသေးစိပ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ သူသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လေကြောင်းအုပ်ချုပ်ရေးအဖွဲ့မှပုဂ္ဂိုလ်များနှင့် ဆွေးနွေး၏။ လေယာဉ်ပေါ်အတက်မှသည် လေယာဉ်ခရီးစဉ်အတွင်း လုံခြုံချောမွေ့ရေး။

“ရဲဘော်တိန့်ရှောက်ဖိန်ဟာ ကုလသမဂ္ဂမှာ တရုတ်ပြည်ကို ကိုယ်စားပြုရမယ့်သူဖြစ်တယ်။ သူ့ရဲ့ရည်မှန်းချက်အောင်မြင်ဖို့ ကျွန်တော်တို့ ခရီးစဉ်ချောမွေ့ရေးကို အထူးတလည်စီစဉ်ပြင်ဆင်ထားရမယ်”ဟု ချူအင်လိုင်းကပြော၏။

သူသည် တရုတ်လေကြောင်းကို နှစ်ကြိမ်တိုင်တိုင် အစမ်းပျံသန်းစေ၏။ အရှေ့ဖက်လမ်းမှ တစ်ခေါက်။ အနောက်ဖက်လမ်းမှ တစ်ခေါက်။ လမ်းကြောင်းရွေးကာ အစမ်းလေ့ကျင့် ပျံသန်းခိုင်းသည်။ နိုင်ငံတကာလေကြောင်း အထူးလမ်းကြောင်းကိုတောင်းကာ ပျံသန်းစေ၏။

တိန့်ရှောက်ဖိန်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ၁၉၇၄ ဧပြီလ ၆ရက်တွင် နယူးယောက်သို့ ထွက်ခွာသွားကြ၏။ နေမကောင်းသည့်ကြားမှပင် ချူအင်လိုင်းက လေဆိပ်သို့ လိုက်လံပို့ဆောင်ခဲ့၏။

၁၉၇၄ ဧပြီလ ၁၀ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ၏ ဒုတိယဝန်ကြီးချုပ် တိန့်ရှောက်ဖိန်က ကုလသမဂ္ဂ ၆ကြိမ်မြောက် အထူးညီလာခံတွင် မိန့်ခွန်းပြောကြားခဲ့၏။ မိန့်ခွန်းထဲတွင် သူသည် မော်စီတုံး၏ ‘သုံးကမ္ဘာ’သဘောတရားကို ချပြခဲ့၏။ ပထမကမ္ဘာက အင်အားကြီးနိုင်ငံနှစ်ခု၊ ဒုတိယကမ္ဘာက တိုးတက်ပြီးနိုင်ငံကြီးများ၊ တတိယကမ္ဘာက ဖွံ့ဖြိုးဆဲနိုင်ငံများ။ တရုတ်ပြည်က ကိုင်တွယ်ကျင့်သုံးနေသည့် နိုင်ငံခြားရေးဝါဒကိုရှင်းပြ၏။ သူ့မိန့်ခွန်းအပြီးတွင် ရှည်လျားသောသြဘာလက်ခုပ်သံများ အဆက်မပြတ်ထွက်ပေါ်လာခဲ့၏။

ထိုမိန့်ခွန်းနှင့်ပတ်သက်၍ နိုင်ငံတကာသတင်းစာစောင်များစွာက ချီးကျူးကာ အသားပေးရေးသားဖော်ပြခဲ့ကြ၏။

www.foreverspace.com.mm



'ကုလသမဂ္ဂစကားပြောစင်မြင့်ပေါ်တွင် မိန့်ခွန်းပြောနေသော အရပ်ခပ်ပုပု တရုတ်လူမျိုးတစ်ဦးသည် တရုတ်ပြည်သစ်၏သင်္ကေတကိုပြခြင်း ဖြစ်ရုံမျှမက ဝန်ကြီးချုပ်ချူအင်လိုင်းရွေးချယ်ထားသည့်အထဲတွင် အတော်ဆုံးသောကိုယ်စားလှယ်တစ်ဦးဖြစ်ကြောင်း' စသဖြင့်။

ညီလာခံတွင် တိန့်သည် နိုင်ငံခေါင်းဆောင်များစွာနှင့်တွေ့ခဲ့ရ၏။ ထိုအထဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားလည်း ပါ၏။ ဧပြီလ၁၄ ရက်တွင် သူတို့နှစ်ဦးသည် နိုင်ငံတကာပြဿနာများ၊ နှစ်နိုင်ငံဆက်ဆံရေးများကို ဆွေးနွေးခဲ့ကြ၏။ ဤသည်မှာ သူတို့နှစ်ဦး ပထမဆုံးတွေ့ဆုံပွဲ။ နောက်ပိုင်း ၁၅နှစ်ကျော်ကြာမျှ မကြာခဏ ဆက်လက်တွေ့ခဲ့ကြပြီး ရင်းနှီးခဲ့ကြ၊ တစ်ဦးသဘောတစ်ဦးသိကြသူများ ဖြစ်ခဲ့ကြ၏။

ကုလသမဂ္ဂတွင် ပါဝင် မိန့်ခွန်းပြောကြားရခြင်းသည် တိန့်အဖို့ နိုင်ငံတကာနိုင်ငံရေးရာကိစ္စများတွင် အရေးကြီးအဆင့်နေရာသို့ ရောက်ရှိလာခြင်းပင်ဖြစ်၏။ ထိုအချိန်မှစ၍ သူသည် နိုင်ငံတကာ သံတမန်အသိုင်းအဝန်း၏ အကြီးအကျယ်စိတ်ဝင်စားမှုကို ခံခဲ့ရသည်။

ညီလာခံအပြီးတွင် နယူးယောက်မှ ပါရီသို့ဝင်၏။ ပါရီတွင် တရုတ်သံရုံး၌ခေတ္တတည်းခို၏။ လွန်ခဲ့သော နှစ်ငါးဆယ်နီးပါးက ပြင်သစ်တွင် သူအလုပ်လုပ်ရင်း ပညာရှာခဲ့ပုံများကိုပြန်သတိရ၏။ ၁၉၂၀ခုနှစ်များက ပါရီတွင် သူနှင့်ချူအင်လိုင်းတို့ တရုတ်ကွန်မြူနစ်ပါတီကို လျှို့ဝှက်စွာထူထောင်ခဲ့ကြပုံ။ အသက်အန္တရာယ်စိုးရိမ်စွာဖြင့် မြေအောက်လုပ်ငန်းများလုပ်ခဲ့ရပုံများကို တစ်သီတစ်တန်းကြီး ပြန်လည်မြင်ယောင်မိ၏။ သူတို့သည် တရုတ်ပြည်ကယ်တင်ရေး၊ တရုတ်ပြည်သူများလွတ်မြောက်ရေးကို ထိုစဉ်ကတည်းက ဆောင်ရွက်ကြိုးပမ်းခဲ့ကြ၏။ အဖမ်းခံရမည်ကြောက်၍ ပြင်သစ်သို့ ထွက်ပြေး၊ ထိုနောက် ဆိုဗီယက်ယူနီယံတွင် ပညာသင်။ ၄၈နှစ် ကြာသောအခါ တရုတ်ပြည်သစ်၏ ခေါင်းဆောင်အနေဖြင့် ဤနေရာသို့ပြန်ရောက်။ လောကဓံအတက်အကျ အလှည့်အပြောင်းများကို ပြန်လည်ဆင်ခြင်မိ၏။

ဧပြီလ ၁၉ ရက်တွင် ချူအင်လိုင်းက မော်စီတုံးထံ အစီရင်ခံစာတစ်စောင်တင်ပြ၏။

www.foreverspace.com.mm

တရုတ်နိုင်ငံရေး သုခမိန်-တိန့်ရှောက်ဖိန်

'ရဲဘော်တိန့်ရှောက်ဖိန်နဲ့ ကိုယ်စားလှယ်အဖွဲ့ ဒီနေ့ ညနေ ၅း၃၀မှာ ပေကျင်းကို ပြန်ရောက်ပါမယ်။ ကြိုဆိုပွဲကလဲ လိုက်ပို့တုန်းကလိုပဲ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားစီစဉ်ထားပါတယ်'

ကိုယ်တိုင်နေမကောင်းသော်လည်း ချူအင်လိုင်းသည် လေဆိပ်တွင် တိန့်ရှောက်ဖိန်ကို ကြိုဆိုခဲ့သည်။ ရည်မှန်းချက်အောင်မြင်ပြည့်ဝပြီး ပြန်လည်ရောက်ရှိလာသော သူ၏တိုက်ဖော်တိုက်ဖက်ရဲဘော်ကြီးအတွက် သူ အထူးဂုဏ်ယူဝမ်းမြောက်နေကြောင်း သူ့မျက်နှာပြင်တွင် အထင်းသားပေါ်လွင်နေ၏။

www.foreverspace.com.mm

# ။ ၃၂ ။
# အကျည်းတန်သောတိုက်ပွဲ

၁၉၇၄ခု မေလ၁၁ ရက်တွင် မော်သည် ပါကစ္စတန်ဝန်ကြီးချုပ်အလီဘူတိုကို လက်ခံတွေ့ဆုံ၏။ မော်နှင့်အတူ ချူအင်လိုင်း၊ ဝမ်ဟုန်ဝင်နှင့် တိန့်ရှောက်ဖိန်တို့ တက်ရောက်ခဲ့ကြ၏။ မေလ ၁၈ ရက်တွင် ဆိုက်ပရပ်စ်သမ္မတ မေကာရီ၊ မေ၂၅တွင် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း အက်ဒွပ်ဟိသ် စသူတို့ကို တွေ့တိုင်းလည်း မော်သည် ဝမ်ဟုန်ဝင်နှင့်တိန့်တို့ကိုအမြဲခေါ်၏။ လူသစ် ဝမ်ဟုန်ဝင်ကို သံတမန်နှင့်နိုင်ငံတကာအတွေ့အကြုံရစေ၊ တိန့်နှင့် နှစ်ဦးသားဆက်ဆံရေးလည်း ပိုမိုချောမွေ့စေရန် မော်က စီစဉ်ခြင်းဖြစ်၏။ မော်သည် တစ်နှစ်တာမျှ တိန့်ကိုအကဲခတ်ကာ သူ၏ရွေးချယ်မှုကို သူပြန်ကျေနပ်နေ၏။

ချူအင်လိုင်း၏ကျန်းမာရေးအခြေအနေကား ဆိုးလာပြီ။ နေအိမ်မှနေ၍ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဆေးရုံအမှတ်၃၀၅သို့ ပြောင်းနေရ၏။ ထိုဆေးရုံတွင် သူသည် ၁၈လကြာ တက်ခဲ့ရ၏။

လူတိုင်း စိတ်မချမ်းသာကြ။ သို့သော် ကျန်းကျင်းတို့အုပ်စုကား ဝမ်းသာနေကြ၏။ သူတို့အုပ်စုသည် ချူအင်လိုင်းကိုအပြုတ်တိုက်ခဲ့ကြသည်။ သို့သော် မရ။ ယခုတော့ သူတို့အကြံအစည် အောင်တော့မည်။

ဇွန်လ ၁၂ရက်တွင် တီယန်စင်အနီးရှိ ရွာတစ်ရွာတွင် အခမ်းအနားတက်ရင်း ကျန်းကျင်းသည် ချူအင်လိုင်းကို အတော်ပြင်းပြင်းထန်ထန် ဝေဖန်သောစကားများပြောခဲ့၏။ ဤသည်ကိုကြားသောအခါ မော်သည် အလွန်စိတ်ဆိုးသွားသည်။ ဇူလိုင်၁၇တွင် ပေါ်လစ်ဗျူရိုအစည်းအဝေးကိုခေါ်ကာ အားလုံးရှေ့တွင်ပင် မော်က ပြောခဲ့၏။

'ရဲဘော်ကျန်းကျင်း သေသေချာချာဂရုစိုက်နားထောင်နော်။ လူတွေက မင်းကို ဝေဖန်နေကြပြီ။ ဒါပေမယ့် ငါ မင်းကိုမပြောဘူး။ ဒါကြောင့် မင်းဘာမှမသိဘူး။ မင်းက နိုင်ငံရေးမှာလဲ ဝင်ရှုပ်နေတယ်။ လူတွေအပေါ်လဲ မထင်ရင်မထင်သလို စွတ်ဝေဖန်နေတယ်။ ဒီနှစ်ခုလုံးကို ရပ်တန်းက ရပ်လိုက်တော့'

ထိုသို့ပြောကာ ကျန်ပုဂ္ဂိုလ်များဘက်လှည့်ပြီး

'သူက ကျုပ်ကိုကိုယ်စားပြုတဲ့သူမဟုတ်ဘူးနော်။ သူက သူ့ဘာသာသူပဲ ကိုယ်စားပြုတဲ့သူ။ သူ့မှာက ဘက်နှစ်ဘက်ရှိတယ်။ တစ်ဘက်က အကောင်း တစ်ဘက်က သိပ်မကောင်းလှဘူး'

ထိုနောက် ဇန်ချွန်းကြောင်၊ ယောင်ဝေယွမ်၊ ဝမ်ဟုန်ဝင်တို့ဘက်လှည့်ပြီး ပြောပြန်၏။

'ကျန်းကျင်းလုပ်တာတွေက သူ့ဘာသာသူကိုယ်စားပြုတာတွေပဲ ဖြစ်ပါစေနော်။ သူက ရှန်ဟဲအုပ်စုက တစ်ယောက်ပဲ။ ခင်ဗျားတို့လဲ သိပ်သတိထားကြရမယ်။ လေးယောက်ပေါင်းတစ်အုပ်စုဖွဲ့တာမျိုး မဖြစ်စေနဲ့'

မော်က ဤသို့သော ပွင့်ပွင့်လင်းလင်းဝေဖန်မှုမျိုးပြုပြီဆိုလျှင် ထိုသူသည် ရာထူးမပြုတ်မှာသေချာ၏။ သို့သော် ကျန်းကျင်းက မော်၏ဇနီး။ ယဉ်ကျေးမှုတော်လှန်ရေး၏ခေါင်းဆောင်။ မော်က သူ့ကို လူပုံအလယ်တွင် ဝေဖန်သည်။ သို့သော် သူကတော့ မမှု။ သူ့ကိုထုတ်မပစ်နိုင်ကြောင်း သူသိ၏။ထို့ကြောင့် သူက မကြောက်။

တိန့်သည် ထိုနှစ်တွင် မြေးတစ်ယောက် ထပ်ရ၏။ သမီးကြီးတိန့်လင်းက မွေးသော သားကလေး။ သူ့ကို မိန်မိန်ဟု အမည်ပေး၏။ 'တိန့်' မြေးဦး မိန်းကလေးကိုလည်း ချစ်၊ ယခုမြေးယောက်ျားကလေးကိုလည်း လက်ကမချ။

၁၉၇၄ ဩဂုတ်လတွင် တိန့်အသက် ၇၀ပြည့်သည်။ မိသားစုအစုံအညီ မွေးနေ့ပွဲသို့တက်ကြ၏။ ဆေးရုံတက်နေသော ပုဖုန်းပင်လျှင် ခွင့်နှင့်ပြန်လာ၏။

တိန့်က ၇၀ ရှိပြီ။ သူ့အတွက် ဝန်ထမ်းကာလမှာ သိပ်မကြာတော့သည်ကို သူသိ၏။ ထို့ကြောင့် ရတတ်သမျှအချိန်ကိုတန်ဖိုးထားကာ သူကြိုးစားလုပ်ကိုင်၏။ ချူအင်လိုင်း၏ကျန်းမာရေးမှာလည်း နောက်ဆုံးအခြေအနေသို့ ရောက်နေ၏။ ချူအင်လိုင်းအလုပ်တွေကိုပါ တိန့်သည် သိမ်းကျုံးလုပ်ပေး၏။

စက်တင်ဘာ၃၀ရက်တွင် ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သော ၂၅ နှစ်မြောက်အခမ်းအနားကို ပြည်သူ့ခန်းမတွင် ကျင်းပ၏။ ယွဲ့ယွဲ့လေးသာကျန်တော့သော ချူအင်လိုင်းက မော်စီတုံး၊ တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရကိုယ်စား ဂုဏ်ပြုအမှာစကားကို ဖတ်ခဲ့၏။ ဤသည်မှာပင် သူ၏ နောက်ဆုံးပွဲကြီးလမ်းကြီးပင် ဖြစ်၏။

ထိုနောက်ပိုင်းတွင် ချူအင်လိုင်းသည် မထနိုင်တော့။ မော်သည် ဗဟိုကော်မတီ၏ နေ့စဉ်အလုပ်များကို ဝမ်ဟုန်ဝင်လက်ထဲသာ အပ်ထားရတော့၏။ နိုင်ငံတော်ကောင်စီ၏အလုပ်များကိုလုပ်ရန် ချူအင်လိုင်းနေရာတွင်အစားထိုးမည့်သူ မရှိသေး။ ထို့ကြောင့် အောက်တိုဘာ ၄ ရက်နေ့တွင် တိန့်ရှောက်ဖိန်ကို နိုင်ငံတော်ကောင်စီ၏ ပထမဒုတိယဝန်ကြီးချုပ်ခန့်အပ်ခဲ့၏။

ဤသည်မှာ လေးဦးဂိုဏ်းအတွက်တော့ ငါးရံ့ပြာလူးဖြစ်ကြရ၏။ မော်၏ဆုံးဖြတ်ချက်ကို ကျန်းကျင်းသည် အံ့လည်းအံ့သြ၊ စိတ်လည်းပျက်၏။ မကြာမီတွင် ချူအင်လိုင်းနေရာကို တိန့်ရောက်တော့မည်မှာ သေချာနေပြီ။ ဤသတင်းကြားရတော့ ဝမ်းအသာဆုံးကား ချူအင်လိုင်း။ အောက်တိုဘာ ၆ ရက်နေ့တွင် သူက တိန့်ကိုခေါ်တွေ့၏။ သူ၏လက်ကျန်တာဝန်များကို တိန့်ကိုအပ်သည်။

## ။ ၃၃ ။
## စတုတ္ထအကြိမ် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အစိုးရအဖွဲ့သစ်လုပ်ဆောင်မှုများ

မော်၏ အသက်က ၈၀။ သူ့ကျန်းမာရေးက သိသိသာသာပင် ယိုယွင်းလာပြီ။ ပါတီ၊ အစိုးရ၊ တပ်မတော်တို့ကို သူတည်ငြိမ်စေချင်သည်။ အမျိုးသားစည်းလုံးညီညွတ်မှုကို သူ မြင်ချင်သည်။ သူ မရှိလျှင် ဘာတွေဖြစ်ပျက်မည်ကို သူ မမျှော်မှန်းရဲ။ ယဉ်ကျေးမှုတော်လှန်ရေးကိုကား သူစိတ်ကုန်လာပြီ။ သို့သော် ထိုအုပ်စုဝင်အတော်များများက ရာထူးကြီးများရနေကြ၏။ ဝမ်ဟုန်ဝင်က ဒုတိယ ဥက္ကဋ္ဌ၊ ဇန်ချွန်းကြောင်က ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်၊ ကျန်းကျင်းနှင့်ယောင်ဝေယွမ်က ပေါ်လစ်ဗျူရိုဝင်တွေ။

ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုအတွက်ကား ဤမျှအဆင့်တွေရနေသည်ကိုပင် မကျေနပ်ကြသေး။ သူတို့အတွက်မူ အာဏာသည် အကန့်အသတ်မရှိ။ သူတို့သည် အစိုးရနှင့်တပ်မတော်တွင်း၌လည်း အာဏာကိုရယူချင်သေး၏။ ယခုကျင်းပတော့မည့် စတုတ္ထအကြိမ်အမျိုးသားပြည်သူ့ကွန်ဂရက်သည် သူတို့အတွက် အာဏာရရာရကြောင်း အခွင့်အရေးကောင်းဖြစ်မည်ဟုယူဆထားကြ၏။ အကယ်၍ ပါတီနှင့်တပ်မတော်တွင်း၌သာ သူတို့အာဏာပိုရထားကြလျှင် မော် မရှိတော့သည့်နောက်ပိုင်း၌ တစ်နိုင်ငံလုံးကို သူတို့ထိန်းချုပ်နိုင်ကြမည်မှာ ဧကန် ဖြစ်၏။ ထို့ကြောင့် သူတို့အုပ်စုဝင်များပါသောကက်ဘိနက်သစ်ကိုဖွဲ့စည်းနိုင်ရန် ကြိုးပမ်းကြ၏။

အောက်တိုဘာ ၆ရက်နေ့တွင် ကျန်းကျင်းသည် ချူအင်လိုင်းထံ သွားတွေ့ကာ အမျိုးသားပြည်သူ့ကွန်ဂရက်တွင်ဆွေးနွေးရန်အချက်များကို တင်ပြ၏။

ထိုအထဲတွင် ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်အကြီးအကဲကိစ္စနှင့်ပတ်သက်၍လည်း တင်ပြ၏။

တကယ်တော့ ယဉ်ကျေးမှုတော်လှန်ရေးအုပ်စုအတွက် အဓိကအဟန့်အတားမှာ ချူအင်လိုင်းနှင့်တိန့်ရှောက်ဖိန်တို့နှစ်ဦးသာရှိရာ ထိုသူနှစ်ဦးကို ဖယ်ရှားရေးသည် အရေးကြီးသောတိုက်ကွက်ဖြစ်၏။ ယခု ကျန်းကျင်းသည် 'ဖုန်ကျင်းမီးသင်္ဘော' ပြဿနာကို စတင်၏။

'ဖုန်ကျင်းမီးသင်္ဘော'သည် တရုတ်ပြည်တွင်ပြုလုပ်ပြီး ယခုအခါ စမ်းသပ်မောင်းနှင်အောင်မြင်ချိန်ရောက်နေပြီ။ နိုင်ငံတော်ကောင်စီနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့က ဤသင်္ဘောမျိုးများကိုချဲ့ထွင်အသုံးပြုလို၏။ ထို့ကြောင့် နိုင်ငံခြားမှ တချို့ကိုဝယ်၏။ ထိုစဉ်က တရုတ်ပြည်တွင် ပြည်တွင်း၌ ဤသင်္ဘောမျိုးသိပ်မထုတ်နိုင်သေး။ ကျန်းကျင်းက ဤအချက်ကို 'သစ္စာဖောက်မှု'ဟု စွဲချက်တင်၏။ သူက ဆက်သွယ်ရေးဝန်ကြီးဌာနသည် 'ဗဟိုကော်မတီဝင် တစ်ဦးဦးနှင့် လက်ဝါးချင်းရိုက်ကာ တိုင်းတစ်ပါးအားကိုးလုပ်'နေကြောင်း။ ဤသည်မှာ 'ဖောက်ပြန်သောနိုင်ငံရေးလုပ်ရပ်'ဖြစ်ကြောင်း စွဲချက်တင်သည်။ အောက်တိုဘာ ၁၇ ရက်တွင် ပေါ်လစ်ဗျူရိုအစည်းအဝေး၌ ဤအချက်ကို ဆွေးနွေးကြ၏။

'ရှင်ရဲ့သဘောထားကရော ဘယ်လိုလဲ'

ကျန်းကျင်းက တိန့်ရှောက်ဖိန်ကို မေးသည်။

တိန့်က စာရွက်စာတန်းတွေကိုဖတ်ပြီးပါပြီ။ ဆက်ပြီးစစ်ဆေးဖို့ လိုဦးမည်ဟုအေးအေးဆေးဆေးပြန်ပြောသည်။ ကျန်းကျင်းကို တိန့်၏အဖြေကို အားမရဟု ပြောသည်။

'ကျုပ်တို့အားလုံးက ပေါ်လစ်ဗျူရိုမှာ အတူတူတွေပဲ။ ခင်ဗျားရဲ့စိတ်ကူးကို လူတိုင်းက လိုက်ထောက်ခံနေရမယ်လို့ တွန်းအားပေးစရာ အကြောင်းမရှိဘူး'ဟု ပြန်တုန့်ပြန်သည်။

ဤတွင် ကျန်းကျင်းက ဒေါသူပုန်ထ,တော့၏။ သူက အော်ဟစ်ပြီးပင် ပြောသည်။ တိန့်ရှောက်ဖိန်က မတ်တပ်ထရပ်လိုက်၏။

'ကိစ္စက အပြီးသတ်မှမဆွေးနွေးမစုံစမ်းရသေးဘဲ ခုလိုစွဲချက်တင်တာတော့ မဟုတ်သေးဘူးလေ။ဒါဆို ဒီအစည်းအဝေးဆက်လုပ်နေလို့မဖြစ်တော့ဘူး'

www.foreverstore.com.mm

တိန့်သည် အစည်းအဝေးခန်းမှထွက်သွား၏။ ဇန်ချွန်းကြောင်က 'တိန့်ရှောက်ဖိန်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ' ဟုပြောသည်။

ထိုညတွင် ကျန်းကျင်းသည် ဇန်ချွန်းကြောင်၊ ယောင်ဝေယွမ်၊ ဝမ်ဟုန်ဝင်တို့နှင့် သူမအိမ်တွင် လျှို့ဝှက်ဆွေးနွေး၏။

'တိန့်ရှောက်ဖိန်က အော်ကြီးဟစ်ကျယ်ငြင်းခုံသွားတာဟာ ယဉ်ကျေးမှုတော်လှန်ရေးကို သူ မကျေနပ်လို့ဘဲ။ ဒါဟာ သူဆန့်ကျင်တာကိုပြတာပဲ' ဟုပြော၏။

'ဒါဆိုရင် စတုတ္ထမြောက်အမျိုးသားပြည်သူ့ကွန်ဂရက်မှာ ကာကွယ်ရေးဦးစီးချုပ်ကိစ္စကို မဖြစ်မနေကို ဆွေးနွေးရတော့မှာပဲ' ဟု ဇန်ချွန်းကြောင်က အဆင်း ဘီးတပ်ပေး၏။

'တိန့်ရှောက်ဖိန်ဟာ ယဉ်ကျေးမှုတော်လှန်ရေးကို မကြိုက်ဘူး။ သူဒါကို ဒေါသထွက်နေတယ်။ သူက တိုးတက်မှုသစ်တွေကို မထောက်ခံဘူး' ဟု ဝမ်ဟုန်ဝင်က ဝင်ပြောပြန်သည်။

ယောင်ဝေယွမ်ကမူ အောက်ပါအတိုင်း ဒိုင်ယာရီရေးခဲ့၏။

'တိုက်ပွဲမှာ ဒါဟာ ရုတ်တရက်အပြောင်းအလဲကို ပြတယ်။ မနေ့က အစည်းအဝေးရဲ့နိုင်ငံချုပ်မှာ ရဲဘော်တိန့်ရှောက်ဖိန်က မတ်တတ်ရပ်ပြီး ရဲဘော်ကျန်းကျင်းကို ဒေါကြီးမောကြီးနဲ့ ခွန်းတုန့်ပြန်ခဲ့တယ်'

သူတို့ ညဉ့်သန်းခေါင်အထိဆွေးနွေးကာ ဝမ်ဟုန်ဝင်ကို မော်စီတုံးထံ သွားတွေ့ခိုင်းရန် ဆုံးဖြတ်လိုက်၏။

နောက်နေ့ အောက်တိုဘာ ၁၈ ရက်တွင် ဝမ်ဟုန်ဝင်သည် ပေါ်လစ်ဗျူရိုကိုခွင့်မတောင်းဘဲ မော်စီတုံးရှိရာ ချန်ရှာသို့ လေယာဉ်နှင့်ထွက်ခဲ့၏။သူသည် ချူအင်လိုင်းနှင့်တိန့်ရှောက်ဖိန်တို့နှင့်ပတ်သက်၍ မော်စီတုံးအား တိုင်ကြားခဲ့၏။

'မနေ့ညက ကျွန်တော်တို့လေးယောက် ဆွေးနွေးပြီး ဥက္ကဋ္ဌကြီးဆီ ကျွန်တော်လာခဲ့တာပါ။ ရဲဘော်တိန့်ရှောက်ဖိန်နဲ့ရဲဘော်ကျန်းကျင်းတို့ဟာ ပေါ်လစ်ဗျူရိုအစည်းအဝေးမှာ အကြီးအကျယ်စကားများခဲ့ကြပါတယ်။ ကာကွယ်ရေးဦးစီးချုပ်သစ်ခန့်ဖို့ကိစ္စမှာ ရဲဘော်တိန့်က သဘောမတူပုံရပါတယ်'

www.foreverspace.com.mm

ထိုနောက် ဝမ်ဟုန်ဝင်သည် အပိုစကားများဖြင့် အတို့အထောင်ဆက်လုပ်၏။

"ဝန်ကြီးချုပ်က ဆေးရုံမှာရှိနေပေမယ့် သူက သိပ်တက်ကြွလှုပ်ရှားနေတယ်။ ညသန်းခေါင်ထိ သူ့လူတွေကိုခေါ်တွေ့ပြီး စကားပြောတယ်။ တိန့်ရှောက်ဖိန်၊ ယိကျန်ယင်းနဲ့လီရှန်နီယန်တို့ကတော့ နေ့တိုင်းသွားကြတာပဲ။အခုစတုတ္ထအကြိမ်ညီလာခံမှာ ခန့်အပ်မယ့်ရာထူးကိစ္စတွေ ဆွေးနွေးနေကြပုံရတယ်"

ဝမ်၏တိုင်ကြားမှုရှည်ရှည်လျားလျားကို မော်က အဆုံးအထိနားထောင်၏။ မော်ကား သူငယ်နှပ်စား မဟုတ်။ ကြားစကားကို မျက်စိမှိတ်ယုံတတ်သူမဟုတ်။

"မင်းနဲ့ အဲဒီလူတွေနဲ့ အဆင်မပြေဘူးဆိုရင် မင်း သူတို့နဲ့ တိုက်ရိုက်တွေ့ပြီး ပြောပေါ့။ အခုလို လာပြောတာ လာတိုင်တာတော့ မကောင်းပါဘူး။ တိန့်ရှောက်ဖိန်ကို နားလည်အောင်လုပ်ကွာ။ သူ့မှာက နိုင်ငံရေးအမြင်ရှိတယ်။ သူက ဖိုက်တာတစ်ယောက်ပဲ"

ထိုသို့ လေအေးနှင့်ပြန်ပြောလိုက်သည်။ ထိုနောက် ဆက်၍ပြော၏။

"မင်း ပြန်တော့။ ဝန်ကြီးချုပ်ရယ် ရဲဘော်ကျန်းကျင်းရယ်နဲ့ ဆက်ပြီး စကားပြော။ ကျန်းကျင်းကိုတော့ သိပ်အလိုမလိုက်နဲ့။ သူ့ကို သတိထားနော်"

ဝမ်၏စကားများကို ကျန်းကျင်းပြန်ကြားသောအခါ ဒေါသအိုးပေါက်ကွဲတော့၏။

မော်က ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် ဝမ်ဟုန်ဝင်တို့ကို ကွန်ဂရက်ကျင်းပရန် ပူးတွဲတာဝန်ပေးလိုက်၏။ မော်၏ဆန္ဒအရမူ တိန့်ကို ပထမဒုတိယဝန်ကြီးချုပ်၊ စစ်ကော်မရှင်၏ဒုတိယဥက္ကဋ္ဌနှင့်ကာကွယ်ရေးဦးစီးချုပ်ရာထူးများကို ခန့်ရန်ထောက်ခံခဲ့၏။

နိုဝင်ဘာ ၆ ရက်နေ့တွင် ချူအင်လိုင်းသည် စတုတ္ထအကြိမ်ပြည်သူ့ကွန်ဂရက်အတွက် ပြင်ဆင်ပြီးမြောက်မှုများကို အစီရင်ခံစာရေးခဲ့၏။

"ကိုယ်စားလှယ်စာရင်း၊ ဖွဲ့စည်းပုံမူကြမ်း၊ အစိုးရအဖွဲ့လုပ်ငန်း၊ မိန့်ခွန်းတို့အားလုံး နိုဝင်ဘာ၁၁ ရက်မှာ ပြီးပါမယ်။ လကုန်ကာနီးလောက်မှာ လျာထားတဲ့ရာထူးစာရင်းလဲ အပြီးသတ်တင်ပြနိုင်ပါမယ်။ တိန့်ရှောက်ဖိန်ကို ပထမ

ဒုတိယဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဦးစီးချုပ်ရာထူးတွေကိုခန့်အပ်ဖို့ ဥက္ကဋ္ဌကြီးရဲ့လျာထားမှုကိုလဲ ကျွန်တော် အထူးတလည်ထောက်ခံပါတယ်'

မော်က ဒါကို ဖတ်ကာ 'အတည်ပြုသည်'ဟု မှတ်ချက်ပေးခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်နေ့တွင် တိန့်ရှောက်ဖိန်သည် 'ယီမင်သမ္မတ'အား မော်နှင့်တွေ့ဆုံရန်အတွက် မော်ရှိရာ ချန်ရှာသို့ သွားခဲ့၏။ ဧည့်သည်နှင့် တွေ့ပြီးနောက် တိန့်က သူနှင့်ကျန်းကျင်း စကားများရခြင်းကိစ္စကို တင်ပြ၏။

'သူက သူ့အလိုကို လူတကာလိုက်လျောစေချင်နေတာကွ။ဒါမျိုး ငါ မကြိုက်ဘူး။ မင်း ခပ်မာမာပြတ်ပြတ်သားသားရပ်တည်ပြလိုက်တာမျိုးက သိပ်ကောင်းတယ်'

'ကျွန်တော်လဲ ဆက်သည်းမခံနိုင်တော့လို့ ခုလိုဖြစ်သွားတာပါ။ သူ ကျွန်တော့်ကို တိုက်ခိုက်ခဲ့တာတွေ များပါပြီ'

'မင်း မှန်ပါတယ်ကွာ'

'သူက ကျွန်တော့်ကို ပေါ်လစ်ဗျူရိုထဲမှာ ခုနစ်ကြိမ် ရှစ်ကြိမ်ထက်မနည်း တိုက်ခိုက်ခဲ့ပါတယ်'

'သူ့အလိုအတိုင်းလိုက်ဖို့ လူတွေကို အတင်းအကြပ်လုပ်နေတာပါကွာ။ ငါ မကြိုက်ဘူးကွ'

'ခုတော့ ပေါ်လစ်ဗျူရိုထဲမှာ ဒီမိုကရေစီ သိပ်မရှိတော့သလိုဘဲ ဥက္ကဋ္ဌကြီး'

'မင်း ညှိညှိနှိုင်းနှိုင်းနဲ့ အဆင်ပြေအောင်လုပ်ပေါ့ကွာ'

ဤကား မော်နှင့် တိန့်တို့၏ အပြန်အလှန်ပြောစကားများဖြစ်၏။

နိုဝင်ဘာ ၁၂ရက်နေ့တွင် ကျန်းကျင်းက သူလျာထားထားသောရာထူးများနှင့် ပုဂ္ဂိုလ်များစာရင်းကို မော်ထံ တင်ပြ၏။ မော်က ချက်ချင်းပင် ပယ်ချလိုက်၏။

'မင်းက ပုဂ္ဂိုလ်ရေး သိပ်တင်တယ်ကွာ။ လူတွေကိုလဲ ပုဂ္ဂိုလ်စွဲနဲ့ဝေဖန်တတ်တယ်။ ခုလဲ မင်းက အစိုးရအဖွဲ့သစ်ဖွဲ့ဖို့ကြိုးစားနေပြန်ပြီ။ ပြဿနာသစ်တွေ မီးမမွှေးပါနဲ့။ အဆင်ပြေအောင်ကြည့်နေပါ။ ကိုယ်ကိုကိုယ်သိဖို့က အရေးအကြီးဆုံးနော်'ဟုလည်း စာရေးလိုက်သည်။

www.foreverspace.com.mm



မော်၏အလိုဆန္ဒအရမူ အမျိုးသားပြည်သူ့ကွန်ဂရက်တွင် အလုပ်အမှုဆောင်ကော်မတီနေရာ၌ ချူတေးနှင့် ဒုန်ဘိဂူတို့ ပြီးလျှင် ဆွန်ချင်လင်၊ တိန့်ရှောက်ဖိန်၊ ဇန်ချွန်းကြောင်နှင့်လီရှန်နီယန်တို့သည် နိုင်ငံတော်ကောင်စီ၏ ဒုတိယဝန်ကြီးချုပ်များဖြစ်စေရမည်ဟူ၍ ဖြစ်၏။

အစိုးရအဖွဲ့၏ အစီရင်ခံစာကို တိန့်ရှောက်ဖိန်က တာဝန်ယူရေးသားခဲ့၏။ နိုဝင်ဘာ ၂၅ ရက်တွင် ဟင်နရီကစ်ဆင်ဂျားတို့အဖွဲ့ လာရောက်သောအခါ၌လည်း တိန့်ရှောက်ဖိန်ပင် တာဝန်ခံတွေ့ဆုံခဲ့၏။

www.foreverstudy.com.mm

## ॥ ၃၄ ॥

## စတုတ္ထမြောက်အမျိုးသားပြည်သူ့ကွန်ဂရက်၏အရေးပါမှုများ

ချူအင်လိုင်းသည် ဆရာဝန်များခွင့်မပြုသည့်ကြားမှနေ၍ မော်စီတုံးရှိရာ ချန်ရှာသို့ ဝမ်ဟုန်ဝင်နှင့်အတူသွားတွေ့ခဲ့၏။ ဒီဇင်ဘာ၂၃မှ ၂၇ကြားတွင် သူတို့ မော်အား သုံးကြိမ်တွေ့ဆုံခဲ့ကြ၏။စတုတ္ထအကြိမ်တွင်မူ ချူသည် ဥက္ကဋ္ဌကြီးအား တစ်ယောက်တည်းသွားတွေ့၏။

မော်က ဝမ်ဟုန်ဝင်ကို "လေးဦးဂိုဏ်းမဖွဲ့စေရန်၊ ကျန်းကျင်းကို လွှတ်မထားရန်၊ မိမိကိုယ်မိမိဝေဖန်ရေး ရေးရန်" တို့ကို ညွှန်ကြား၏။

"တိန့်ရှောက်ဖိန်က သဘောတရားအမြင် ခိုင်မာတယ်။ ရှားရှားပါးပါး အရည်အချင်းတွေရှိတယ်။ ဝမ်ဟုန်ဝင်ထက် သာတယ်" ဟုလည်း ပြောခဲ့၏။

"ချူအင်လိုင်း မင်းက ဝန်ကြီးချုပ်က ဝန်ကြီးချုပ်ပဲ၊ မင်းကျန်းမာရေးက မကောင်းဘူး။ ညီလာခံပြီးရင် မင်းအေးအေးဆေးဆေးအနားယူ။ ဆေးကုသမှုခံယူ။ နိုင်ငံတော်ကောင်စီကို တိန့်ကိုပဲ လွှဲထားလိုက်" ဟုလည်း ညွှန်ကြားသည်။

၁၉၇၄ ဒီဇင်ဘာ ၂၆သည် မော်၏ ၈၁နှစ်မြောက်မွေးနေ့ ဖြစ်သည်။ ထိုနေ့တွင် မော်နှင့်ချူအင်လိုင်းတို့သည် သီးခြားဆွေးနွေးကြ၏။ မော်က အရေးကြီးသောအကြောင်းအရာနှစ်ခုကို ရှည်ရှည်ဝေးဝေးရှင်းပြ၏။ "ပစ္စည်းမဲ့အာဏာရှင်စနစ်" နှင့် "ပြန်လည်ပြင်ဆင်ရေးဝါဒ ခေါင်းပြန်မထူနိုင်အောင် ကာကွယ်ရေးနှင့် ဆန့်ကျင်ရေး"။ သူ့ဘဝတစ်လျှောက်လုံးတွင် မော်သည် ဤကိစ္စရပ်များ အောင်မြင်စေရန် နည်းလမ်းများ ရှာခဲ့၏။ ယခုထိတော့ မတွေ့သေး။ သူသည် တိုင်းပြည်ကို ညီညွတ်စေချင်၏။ တိုးတက်စေချင်၏။ အမျိုးသားစီးပွားရေး ကြီးပွားထွန်းကားစေချင်၏။

ချူကား သူ့ကိုယ်သူ သိ၏။ ယခုအကြိမ်သည် မော်နှင့်နောက်ဆုံးတွေ့

www.foreverspace.com.mm

ခွင့်ရသောအချိန် ဖြစ်နိုင်သည်။ ထို့ကြောင့် ကျန်းကျင်းနှင့် ဇန်ချွန်းကြောင်တို့ အကြောင်း ပွင့်ပွင့်လင်းလင်းပင် တင်ပြသည်။ မော်ကလည်း ‘သူတို့က နိုင်ငံရေးအမှားကြီးတွေ ကျူးလွန်ကြသူတွေပဲ၊ ဒါတွေ ငါသိတယ်’ ဟုပြန်ပြောသည်။ သို့သော် သူတင်သည့်စစ်ကဲ သူပြန်ချ၍ မရတော့။ ယဉ်ကျေးမှုတော်လှန်ရေးမီးကို သူပင်မွေးကာ ထိုသူနှစ်ဦးကို သူပင် တင်ခဲ့သည်မဟုတ်ပါလော။

ချူအင်လိုင်းသည် ဒီဇင်ဘာ ၂၇ရက်တွင် ပေကျင်းသို့ ပြန်လာခဲ့၏။ အလွန်ပင်ပန်းနွမ်းလျနေပြီ။ သို့သော် စိတ်ဓာတ်ကား တက်ကြွလျက်။

ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီအစည်းအဝေးကို ၁၉၇၅ ဇန်နဝါရီ ၈မှ ၁၀ အထိ ကျင်းပခဲ့၏။ ပြည်သူ့ကွန်ဂရက်တွင် တင်ပြမည့်အချက်အလက်များကို ဆွေးနွေးကြခြင်းဖြစ်သည်။ ဤအစည်းအဝေးကြီးက တိန့်ရှောက်ဖိန်ကို ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်တို့အဖြစ် လျာထားချက်ကို အတည်ပြုလိုက်၏။

အစည်းအဝေးနိဂုံးချုပ်တွင် ချူအင်လိုင်းက မိန့်ခွန်း ပြော၏။ မော်၏ ဆောင်ပုဒ်သစ်ကိုလည်း တင်ပြခဲ့၏။

‘တည်ငြိမ်ရေးနှင့်စည်းရုံးညီညွတ်ရေးသည် အကောင်းဆုံး’

ညီလာခံက ဤဆောင်ပုဒ်ကို နိုင်ငံရေးအခြေခံအဖြစ်သတ်မှတ်ခဲ့၏။

မော်သည် တည်ငြိမ်မှုကို လိုလား၏။ နိုင်ငံတစ်ဝှန်းရှိ ပြည်သူများကလည်း တည်ငြိမ်မှုကိုသာ လိုလားကြ၏။ ယဉ်ကျေးမှုတော်လှန်ရေးမွှေခဲ့သည်မှာ ၈ နှစ်ပင် ကြာခဲ့ပြီ။ ပြည်သူများက ဒါကို အော့ကြောလန်နေကြပြီ။ ယခုအလိုလားဆုံးသည် တည်ငြိမ်မှု။ လေးဦးဂိုဏ်းနှင့် အခြားအုပ်စုတို့၏ ညီညွတ်မှုကား ယခုအခြေအနေအတိုင်းဆို မလွယ်ကူလှ။

၁၉၇၅ ဇန်နဝါရီ ၁၃ရက်၌ စတုတ္ထအကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်ကို စတင် ဖွင့်လှစ်ခဲ့၏။ ပြည်သူ့ခန်းမကြီးထဲတွင် ကိုယ်စားလှယ် ၁၀,၀၀၀တက်ခဲ့ကြ၏။

ချူအင်လိုင်းက ‘အစိုးရအဖွဲ့အစီရင်ခံစာ’ ကို ဖတ်၏။ ဇန်ချွန်ကြောင်က ‘နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်’ ကို ဖတ်၏။

ဝန်ကြီးချုပ်မိန့်ခွန်းတွင် လယ်ယာ၊ စက်မှု၊ တပ်မတော်၊ သိပ္ပံ၊ နည်း

ပညာ စသည်တို့ကို ယခုရာစုမကုန်မီအတွင်း ခေတ်မီတိုးတက်အောင်လုပ်ရေး၊ တရုတ်ပြည်ကို ကမ္ဘာပေါ်တွင် စီးပွားရေး၌ ထိပ်တန်းအဆင့်ရောက်ရှိစေရေးတို့ ပါဝင်၏။ မိန့်ခွန်းအပြီးတွင် လက်ခုပ်သြဘာသံများသည် သောသောညံသွား၏။

ဤကွန်ဂရက်က ချမှတ်လိုက်သော "ခေတ်မီတိုးတက်ရေး ၄ရပ်"လမ်းညွှန်ချက်သည် တရုတ်ပြည်၏ ကံကြမ္မာသစ်ကို ဖောက်ထွင်သောလမ်းများပင် ဖြစ်၏။ ပါတီ၊ နိုင်ငံနှင့် ပြည်သူ လက်တွဲ၍ ခေတ်မီနိုင်ငံတစ်ခု ဖန်တီးကြရန် သစ္စာဆိုကြခြင်းလည်း ဖြစ်၏။

ကျန်းကျင်းအုပ်စုတို့ကား ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့တွင်သာ နေရာ ရကြ၏။ ချူအင်လိုင်းနှင့် တိန့်ရှောက်ဖိန်တို့မှာမူ နိုင်ငံတော်ကောင်စီတွင် ပိုမိုအင်အားတောင့်လာ၏။ အတွေ့အကြုံရင့်ကျက်သော ကေဒါဟောင်းကြီးများသည် ကောင်စီတွင် ခေါင်းဆောင်မှုနေရာယူခွင့် ရလာကြ၏။ ဤသည်ပင် အနာဂတ်တရုတ်ပြည်သစ်၏ ကံကောင်းမှု အခြေခံအုတ်မြစ်ချလိုက်နိုင်ခြင်းပင် ဖြစ်ပါတော့သည်။

www.foreverspace.com.mm

## ။ ၃၅ ။
## ပြန်လည်ပြုပြင်ရေးလုပ်ဆောင်ချက်များ

စတုတ္ထအကြိမ်အမျိုးသားပြည်သူ့ကွန်ဂရက်ပြီးဆုံး၍ တစ်ပတ်အကြာ ဇန်နဝါရီ ၂၅ရက်နေ့တွင် တိန့်ရှောက်ဖိန်သည် ကာကွယ်ရေးဦးစီးချုပ်အနေနှင့် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အကြီးအကဲများကို အစည်းအဝေး ဆင့်ခေါ်ခဲ့၏။၁၉၅၉တွင် လင်ပြောင် တပ်မတော်ကိုကိုင်ခဲ့ပြီးသည့်နောက်ပိုင်းတွင် တပ်မတော်သည် အကွဲကွဲအပြားပြားဖြစ်ခဲ့ကြောင်း၊ တပ်မတော်၏အစဉ်အလာကောင်းများလည်း ဆိုးရွားခဲ့ကြကြောင်း၊ ယခုအခါ တပ်မတော်သည် ပြန်လည်အဖတ်ဆည် တည်ဆောက်ရမည့်ကာလသို့ ရောက်ပြီဖြစ်ကြောင်းများ ရှင်းလင်းပြောကြားခဲ့၏။

မော်၏လမ်းညွှန်ချက်နှင့်အညီ တည်ငြိမ်ရေးများဆောက်တည်ရမည်ဖြစ်ရာ ကျန်းကျင်းတို့အတွက် အခက်ကြုံရတော့၏။ သူတို့၏ယဉ်ကျေးမှုတော်လှန်ရေးက ဆူပူအုံကြွရေး၊ မတည်မငြိမ်ရေးမဟုတ်လော။ သူတို့ကတော့ ပြည်သူတွေ ငတ်ငတ်၊ သေသေ မမှု။ တိန့်ရှောက်ဖိန် ဖြုတ်ချရေးသည်သာ အဓိက။ ညီညွှတ်ရေးဆိုတာကတော့ ဝေလာဝေး။

တိန့်ရှောက်ဖိန်က ကာကွယ်ရေးဦးစီးချုပ်အနေနှင့် မိန့်ခွန်းပြောသည့် တစ်ချိန်တည်းမှာပဲ ဝမ်ဟုန်ဝင်ကလည်း သူ့လူများကို မိန့်ခွန်းပြောရာ၌ 'တပ်မတော်က ငါတို့လက်ထဲမှာ မရှိတာ ငါ့အကြောက်ဆုံးပဲ' ဟု ပြောခဲ့၏။

ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကောင်စီအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်၁၂ဦး ခန့်အပ်ကြောင်း ကြေညာချက် ထွက်လာ၏။ ပထမဒုတိယဝန်ကြီးချုပ်တိန့်ရှောက်ဖိန်ကား နိုင်ငံခြားရေးရာတွင် တာဝန်ခံဖြစ်၏။

'ကျုပ်က နေမကောင်းဘူး။ နောက်ပိုင်း အစည်းအဝေးတွေမှာ တိန့်

ရှောက်ဖိန်ပဲ ကြီးမှူးကျင်းပလိမ့်မယ်။စတုတ္ထလေးနှစ်စီမံကိန်းက ဒီနှစ်က စ, မယ်။ ရည်မှန်းချက်အောင်မြင်အောင်ကြိုးစားကြရမယ် ဟု ချူအင်လိုင်းက မိန့် ခွန်းပြောကာ တိန့်ကိုလွှဲအပ်ခဲ့၏။ ယခုအခါ နိုင်ငံ၏စီးပွားရေး၊ သယ်ယူပို့ဆောင် ရေး၊ ကျောက်မီးသွေးနှင့် သံမဏိထုတ်လုပ်ရေးတာဝန်များအားလုံး တိန့်လက်ထဲ ရောက်ပြီ။ ယခုအခါ ကျောက်မီးသွေးထုတ်လုပ်ရေးနှင့် ရထားပို့ဆောင်ရေးတို့ မှာ ပြဿနာအကြီးအကျယ်တက်နေ၏။ စက်ရုံအတော်များများမှာ ရည်မှန်းချက် ပြည့်မီအောင် မလည်ပတ်နိုင်ကြ။

ထုတ်လုပ်မှု ကျဆင်းသဖြင့် အစိုးရဝင်ငွေလည်း လျော့ပါး၏။ အသုံး စရိတ်ကတော့ဖြင့် တိုးလာ၏။ ယခင်နှစ်ထက်စာလျှင် ယခုနှစ်တွင် စက်မှုထွက် ကုန် ၀.၃ရာနှုန်း၊ လယ်ယာထွက်ကုန် ၄.၂ရာနှုန်းသာ တိုးလာသေး၏။ သံမဏိ နှင့်ကျောက်မီးသွေးထုတ်လုပ်မှုကား ကျဆင်းလာ၏။

အမျိုးသားစီးပွားရေးတစ်ခုလုံး ပြန်လည်နာလန်ထူလာရန် ကြိုးစားကြ ရမည်။ သို့သော် မည်သို့ကြိုးစားမလဲ။ စက်မှု၊ လယ်ယာ၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ။ အားလုံး ပြဿနာတွေကြုံနေကြရ၏။ တစ်နေရာတည်း ဖြေရှင်း၍ မရ။ တစ်ခုနှင့် တစ်ခုက ဆက်စပ်နေသည်။ ဘယ်ကနေ စ,ကိုင်ရမှန်းတောင် မသိ။

တိန့်ရှောက်ဖိန်ကား အခက်အခဲကို ကြောက်သူမဟုတ်။ စိမ်ခေါ်မှုက သူ့အရည်အချင်းကို ပိုတောက်ပြောင်စေသည်ဟုပင် ခံယူထားသူ။ ထို့ကြောင့် ရဲရဲရင့်ရင့်ခြေလှမ်းတွေ စ,သည်။ ဝေဖန်ထိုက်သူကို ဝေဖန်၊ ချီးကျူးထိုက်သူကို ချီးကျူး၊ ထုတ်ပစ်ထိုက်သူ ထုတ်၊ အသစ်ခန့်ထိုက်သူ ခန့်။

တိန့် ပထမဆုံး ကိုင်တွယ်သည်မှာ ရထားပို့ဆောင်ရေး။ ကုန်စည်စီး ဆင်းမှု ချောမွေ့အဆင်ပြေရေးတွင် ရထားပို့ဆောင်ရေးမှာ အခြေခံအကျဆုံးဖြစ် ၏။ မတ်လ ၁၀ ရက်တွင် တိန့်၏အမိန့်အရ ရထားဝန်ကြီးဝမ်လီသည် မူချိုသို့ သွားကာ လူတစ်သောင်းကိုအစည်းအဝေးခေါ်လျက် ရထားလမ်းဖောက်လုပ်ရေး ကို 'ပြည်သူ့စစ်'အသွင်ဖြင့် စတင်အကောင်အထည်ဖော်၏။ ရထားလမ်းဖောက် လုပ်ရေးတို့တွင် ပြည်သူကပါ တစ်တပ်တစ်အား ပါဝင်လှုပ်ရှားကြ၏။ ထိုလမ်း ကြောင်းအတိုင်း တခြားနေရာ ၂၀တွင်ပါ ဤသို့လုပ်ကိုင်ကြ၏။ ဒေသအာဏာ

www.foreverspace.com.mm

ပိုင်များ၊ မီးရထားဌာနနှင့်ပြည်သူတို့၏ကြိုးပမ်းမှုဖြင့် မီးရထားလမ်းများ နေ့ခြင်း ညခြင်း ပေါ်လာကြသည်။

ချူအင်လိုင်း၏ကင်ဆာမှာ တစ်ကိုယ်လုံး ပျံ့သွားပြီ။ မတ်လ ၂၆ရက်တွင် ဝမ်းဗိုက်ကိုခွဲစိပ်ကာ ကင်ဆာဖုကို ထုတ်ခဲ့၏။ ကိုယ့်အခြေအနေ ကိုယ်သိ၍ ချူသည် တိန့်ကိုသာ တာဝန်များကို လွှဲအပ်ခဲ့သည်။

မော်စီတုံးမှာ ဧပြီလ ၁၈ ရက်တွင် ပေကျင်းသို့ပြန်လာကာ သူ့မိတ်ဆွေဟောင်းကြီး၊ တိုက်ဖော်တိုက်ဖက် ရဲဘော်ကြီး၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံခေါင်းဆောင်ကြီး ကင်မ်အီဆွန်းနှင့် တွေ့ဆုံခဲ့၏။

"ရဲဘော်ဒုံဘီဝူလဲ မရှိတော့ဘူး။ ဝန်ကြီးချုပ်လဲ ကျန်းမာရေး မကောင်းဘူး။ ကျုပ်လဲ အခု အသက်က ၈၂နှစ် ရှိပြီ။ ကျန်းမာရေးသိပ်ကောင်းလှတယ် မဟုတ်ဘူး။ ခင်ဗျားတို့လို လူမျိုးကိုပဲ ကျုပ်တို့ အားကိုးနေရတာပဲ" ဟု မော်က ကင်မ်အီဆွန်းကို ပြော၏။

ထို့နောက် မော်သည် တိန့်ရှောက်ဖိန်ဘက်ကိုလှည့်ပြီး မိတ်ဆက်၏။

"ကျုပ် နိုင်ငံရေးကိစ္စတွေမပြောချင်ဘူး။ ပြောချင်ရင် ဒီလူနဲ့ပြော၊သူ့နာမည်က တိန့်ရှောက်ဖိန်ပဲ။ သူက စစ်ဘယ်လိုတိုက်ရမယ်ဆိုတာလဲ သိတယ်။ ပြန်လည်ပြင်ဆင်ရေးဝါဒကို ဘယ်လိုတိုက်ရမယ်ဆိုတာလဲ သိတယ်။ တပ်နီတွေက သူ့ကိုတိုက်ခိုက်ခဲ့ကြတယ်။ ခုတော့ ပြဿနာမရှိတော့ပါဘူး။ သူ ရာထူးက အတော်ကြာအချခံခဲ့ရတယ်။ ခုတော့ သူပြန်လာပြီလေ။ ကျုပ်တို့ သူ့ကို လိုအပ်လို့ပဲ"

ညစာခံပွဲအပြီးတွင် တိန့်သည် မော်အား ကျန်းကျင်းအုပ်စု၏ အနှောင့်အယှက်များကို တင်ပြ၏။ တိန့်သည် ရထားလမ်းဖောက်လုပ်ရေးတွင် အားကြိုးမာန်တက်လုပ်ခဲ့၏။ သို့သော် ကျန်းကျင်းတို့ကမူ ပူးပေါင်းပါဝင်မှုမရှိကြကြောင်း ပြောသည်။ မော်က ငြိမ်ပြီးနားထောင်နေသည်။ ဤသည်မှာ သူ၏ဆောင်ပုဒ်ဖြစ်သော တည်ငြိမ်ရေးနှင့် စည်းရုံးရေးတို့ကို ဖောက်ဖျက်ခြင်းပင်ဖြစ်သည်။ မော်သည် ကျန်းကျင်းကိုနှိပ်ကွပ်ရန် အချိန်ကျပြီဟု တွက်ဆမိလာသည်။

ဧပြီလ ၂၃ ရက် နေ့စွဲဖြင့် ကြေညာချက်တစ်ခု ထွက်လာသည်။

"ကျွန်တော်တို့ဆန့်ကျင်ရမှာက ပြန်လည်ပြင်ဆင်ရေးဝါဒပဲ။ အဲဒီထဲ

www.foreverstore.com.mm

မှာ ပေါလစ်ဗျူရိုတချို့တို့လဲ ပါတယ်။ ဒီပုံစံနှစ်မျိုးစလုံးဟာ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့ပုံစံကွဲတွေပဲ။ ကျွန်တော်တို့ပါတီထဲမှာ မတ်စ်ဝါဒကို နားလည်သူက သိပ်မများဘူး။ တချို့က နားလည်တယ် ထင်နေကြတယ်။ ဒါပေမယ့် သူတို့တကယ်နားမလည်ကြဘူး။ ဆရာကြီးဝင်လုပ်နေတာလောက်ပဲ ရှိတယ်။ ဒါဟာ မတ်စ်ဝါဒကို နားလည်မှုအားနည်းတာကိုပြနေတာပဲ။ ပေါလစ်ဗျူရိုဟာ ဒီကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေးဖို့ ကျွန်တော်တိုက်တွန်းပါတယ်"

မော်က ထိုသို့ပင် ကြေညာခဲ့၏။ ပေါလစ်ဗျူရိုသည် ဧပြီ ၁၂ရက်နေ့တွင် အစည်းအဝေးတစ်ရပ် ကျင်းပသည်။ ယိကျန့်ယင်းရော တိန့်ရှောက်ဖိန်ပါ မိန့်ခွန်းပြောခဲ့ကြ၏။ နှစ်ဦးလုံးပင် ကျန်းကျင်းနှင့်ဇန်ချွန်းကြောင်တို့ကို ဝေဖန်ခဲ့ကြ၏။ လေးဦးဂိုဏ်း၏အမှားများကို ထောက်ပြကြ၏။ ဤသည်မှာ မော်စီတုံး၏သဘောတူညီချက်အရ ပြောခြင်းဖြစ်၍ ကျန်းကျင်းလည်း ဘာမှမတတ်နိုင်။ သူ့အနေဖြင့် "မိမိကိုယ်မိမိဝေဖန်ရေး" ပေးရန်သာ ရှိတော့၏။

သို့သော် တိုက်ပွဲကား ဤမျှဖြင့် မပြီးသေးသည်ကို နှစ်ဘက်စလုံးက သိကြ၏။ ဆေးရုံပေါ်မှ ချူအင်လိုင်းက ဤကိစ္စအပေါ် သိပ်စိတ်ပူနေသည်။

ယိနှင့်တိန့်တို့ကား ဆက်လက်ဆင်နွှဲရမည့်တိုက်ပွဲအတွက် အသင့်ပြင်ကြရတော့သည်။ကျန်းကျင်းကလည်း လွယ်လွယ်ဖြင့်အလျှော့ပေးမည့်သူမဟုတ်။

www.foreverspace.com.mm

## ။ ၃၆ ။
## မော်စီတုံးက လေးဦးဂိုဏ်းကို ဝေဖန်ပြီ

ကျန်းကျင်းကား 'မိမိကိုယ်မိမိ ဝေဖန်ရေး' ကို ပေါ်လစ်ဗျူရိုအစည်းအဝေးတွင် မပေးချင်ဘဲ ပေးရတော့မည်ကိန်း ဆိုက်နေသည်။ လေးဦးဂိုဏ်းကား စိတ်ဓာတ်အလွန်ကျသွားကြသည်။ သူတို့သည် အကြိမ်ကြိမ်အဖန်ဖန် ဆွေးနွေးကြကာ သူတို့ကိုယ်စား ဝမ်ဟုန်ဝင်အား စကားပြောသူကိုယ်စားလှယ်အဖြစ်ရွေးလိုက်ကြ၏။ ဝမ်ဟုန်ဝင်သည် လူသစ်ဖြစ်သည့်အပြင် မော်ကိုယ်တိုင်က ရွေးခဲ့သူမဟုတ်ပါလား။ သို့သော် မော်သည် မေလ၃ ရက်နေ့တွင် ပေကျင်း၌ ပေါ်လစ်ဗျူရိုများကို အစည်းအဝေးခေါ်လိုက်၏။ မော်က ကျန်းကျင်းနှင့် လေးဦးဂိုဏ်းကို ပြောင်ပြင် ဝေဖန်၏။

'မင်းတို့ လေးဦးဂိုဏ်း မဖွဲ့ကြနဲ့။ မလုပ်ကြနဲ့။ မင်းတို့ ဘာရည်ရွယ်ချက်နဲ့ လုပ်ကြတာလဲ။ ဗဟိုကော်မတီထဲမှာမှ လူ ၂၀၀ လောက်ရှိတာတောင် မင်းတို့ ဘာဖြစ်လို့ ညီညီညွတ်ညွတ်မနေနိုင်ကြတာလဲ။ လူနည်းစုနဲ့ ဘာမှလုပ်လို့မရဘူး။ ကိုယ့်အမြင်ကို သူတစ်ပါးကို အတင်းလက်ခံလာအောင် မလုပ်ကြနဲ့။ အငြင်းပွားစရာရှိရင် ပေါ်လစ်ဗျူရိုမှာ ချပြီးဆွေးနွေးကြ။ ကြေညာချက်တွေဘာတွေထုတ်ရင် ဗဟိုကော်မတီအနေနဲ့ပဲ ထုတ်ကြ။ ပုဂ္ဂလိကနာမည်တွေနဲ့မထုတ်နဲ့။

စည်းကမ်းရှိကြ။ တပ်မတော်က သတိနဲ့နေရမယ်။ ဗဟိုကော်မတီဝင်တွေဆိုရင် ပိုပြီးသတိရှိကြရမယ်။ ကျုပ် ကျန်းကျင်းနဲ့စကားပြောပြီးပြီ။ တိန့်ရှောက်ဖိန်နဲ့လဲ စကားပြောပြီးပြီ။ ဝမ်ဟုန်ဝင်နဲ့ကျန်းကျင်းက ကျုပ်နဲ့တွေ့ဖို့ခွင့်တောင်းတယ်။ ကျုပ် သူတို့နဲ့တွေ့ဖို့ငြင်းခဲ့တယ်။ သူတို့လာချင်ရင် သူတို့ချည်း မလာကြနဲ့ လူတိုင်းကိုပါခေါ်ပြီး လာကြ။

ဒါပါပဲ။ ဝမ်းနည်းပါတယ်။ ကျုပ် ဘာမှ ထပ်ပြောစရာ မရှိတော့ဘူး။

ကျုပ်မှာ ရည်မှန်းချက်သုံးရပ်ပဲ ရှိတယ်။ အမြဲအတူတူပဲ။ ၉ကြိမ်မြောက် ကွန်ဂရက်ရော ၁၀ကြိမ်မြောက်ကွန်ဂရက်ရော အတူတူပဲ။ မတ်စ်ဝါဒဟာ ပြန်လည်ပြင်ဆင်ရေးဝါဒမဟုတ်ဘူး။ စည်းရုံးညီညွတ်ရေးဟာ အဓိက၊ ကွဲပြားရေးမဟုတ်ဘူး။ ပွင့်ပွင့်လင်းလင်းရှိကြပါ။ လျှို့လျှို့ဝှက်ဝှက်မလုပ်ကြပါနဲ့ ဒီသုံးချက်ပါပဲ"

မော်စီတုံးသည် မိန့်ခွန်းကို ရှည်ရှည်ဝေးဝေးပြောခဲ့၏။ ကျန်းကျင်းနှင့် သူ့အုပ်စု၏ အမှားဇစ်မြစ်များကိုမူ မတို့ထိခဲ့။

မော်သည် အသက် ၈၃ နှစ်ရှိပြီ။ မျက်လုံးနှစ်ဘက်လုံးကား တိမ်စွဲနေ၏။ သူ စာမဖတ်နိုင်တော့။ နောက်ဆုံးအချိန် ရောက်နေပြီ။ ထို့အတွက်လည်း ကျန်းကျင်းတို့အုပ်စုက ခေါင်းထောင်နေကြခြင်းဖြစ်သည်။

မေလ ၄ ရက်နေ့တွင် ချူအင်လိုင်းသည် ဆေးရုံမှ ခေတ္တထွက်ကာ ပေါ်လစ်ဗျူရိုအစည်းအဝေးခေါ်ကာ မေလ ၃ ရက်နေ့က မော်၏မိန့်ခွန်း အနှစ်သာရများကို ဆွေးနွေး၏။

"အမှားလုပ်ခဲ့တဲ့သူတွေ ကိုယ့်ဘာသာကိုယ်ဝေဖန်သင့်ပါတယ်။ ကိုယ့်အမှားကို ကိုယ်ဝေဖန်ကြပါ။ နည်းနည်းပဲပြောချင်ပြော များများ ပြောချင်ပြော ဘာတစ်ခုမှ မပြောချင်ရင်လဲ ရပါတယ်။ ဘယ်သူ့ကိုမှ အတင်းအကြပ် မတိုက်တွန်းပါဘူး"ဟုလည်း ချူက ပြောခဲ့၏။

တိန့်ရှောက်ဖိန်ကို ပြင်သစ်သမ္မတနိုင်ငံက ဖိတ်ကြားသဖြင့် မေလ၁၂ မှ ၁၇ရက်အထိ ပြင်သစ်သို့သွားခဲ့၏။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၆၄ မှ စ၍ ထူထောင်ခဲ့ရာ တရုတ်ခေါင်းဆောင်တစ်ဦးအနေဖြင့် ယခုအကြိမ်သည် ပထမဆုံးအကြိမ် ပြင်သစ်သို့သွားခြင်းဖြစ်သည်။

ထိုစဉ်က အမေရိကန်နှင့် ဆိုဗီယက်ယူနီယံတို့သည် မဟာအင်အားကြီးနိုင်ငံနှစ်ခု ဖြစ်ကြသည်။ ၄င်းတို့သည် စစ်အေးတိုက်ပွဲ တိုက်နေကြ၏။ ၄င်းတို့ကြားတွင် ဥရောပ ရှိ၏။ ဥရောပကလည်း နှစ်ခြမ်းကွဲနေ၏။ အနောက်ဥရောပတွင် ဗြိတိန်သည် အမေရိကန်၏ သစ္စာရှိနောက်လိုက်ဖြစ်နေ၏။ ဂျာမနီကလည်း အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကွဲနေ၏။ ပြင်သစ်သည် ဥရောပတွင် အကြီးဆုံး လွတ်လပ်သောနိုင်ငံဖြစ်၏။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဗိုလ်ချုပ်ကြီးဒီဂေါလ်၏ဦးဆောင်မှုအောက်တွင် ပြင်သစ်သည် ခေါင်းထောင်လာနိုင်၏။ ပြင်သစ်သည်

www.foreverspace.com.mm



တရုတ်ပြည်သစ်နှင့် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သော ပထမဆုံးနိုင်ငံ ဖြစ်၏။

၁၉၇၃ တွင် သမ္မတ ဂျော့ပွန်ပီဒူးသည် တရုတ်ပြည်သို့ ချစ်ကြည်ရေးခရီးလာခဲ့၏။ တရုတ်ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံခဲ့၏။ ယခုလည်း တရုတ်ပြည်သစ်၏ ကိုယ်စားလှယ်တော်ကြီးအဖြစ် မော်စီတုံးက တိန့်ရှောက်ဖိန်ကိုရွေးချယ်ကာ ပြင်သစ်သို့စေလွှတ်လိုက်ခြင်း ဖြစ်သည်။

မေလ ၁၂ ရက်တွင် ပြင်သစ်သို့ အထူးလေယာဉ်ကြီး ဆင်းသက်ခဲ့၏။ ကြီးကျယ်ခမ်းနားသောကြိုဆိုမှုအောက်တွင် အရပ်ပုပု တရုတ်ခေါင်းဆောင်ကြီးသည် ကော်ဇောနီပေါ်လျှောက်လှမ်းကာ ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေး၏။ လွန်ခဲ့သောနှစ်၅၀က သူသည် ပြင်သစ်နိုင်ငံတွင် အလုပ်လုပ်ရင်း ပညာသင်ခဲ့သောကျောင်းသားဖြစ်ခဲ့၏။ ထိုစဉ်က မြေအောက်လှုပ်ရှားမှုများလုပ်ခဲ့၍ ပြင်သစ်ရဲတို့ အမြဲပင် သူ့နောက်မှလိုက်ကာ စောင့်ကြည့်ခဲ့ကြ၏။ ယခုတော့ ထိုခပ်ပုပုပုဂ္ဂိုလ်လေးသည် ပြင်သစ်သို့ပြန်ရောက်လာကာ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံနေရပြန်ပြီ။

တိန့်ရှောက်ဖိန်သည် ဒုတိယဝန်ကြီးချုပ်အဖြစ် လာရောက်ခဲ့ခြင်း ဖြစ်သော်လည်း သူ့ကို နိုင်ငံတော်အကြီးအကဲပုံစံမျိုးဖြင့်ပင် ကြိုဆိုကြ၏။ ဂုဏ်ပြုဧည့်ခံပွဲများ လုပ်ကြ၏။ ပြင်သစ်သမ္မတရော ဝန်ကြီးချုပ်တို့ကပါ တွေ့ဆုံခဲ့ကြ၏။ နိုင်ငံတကာပြဿနာများကို ဆွေးနွေးခဲ့ကြ၏။ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးများကို တိုင်ပင်ခဲ့ကြ၏။

မေလ ၁၇ ရက်နေ့တွင် တရုတ်ပြည်ပြန်ရောက်၏။အချိန်က တိုတောင်းလှသော်လည်း အထူးအောင်မြင်မှုရသောခရီး ဖြစ်၏။ ယခင်နှစ်က ကုလသမဂ္ဂသို့လည်းကောင်း၊ ယခု ပြင်သစ်သို့လည်းကောင်း တိန့်ရှောက်ဖိန် သွားရောက်ခွင့်ရရှိခဲ့ခြင်းသည် သူ့အတွက် ကမ္ဘာ့အဆင့်မီ နိုင်ငံရေးပုဂ္ဂိုလ်ကြီးအဖြစ် အသိအမှတ်ပြုခံရခြင်းပင် ဖြစ်၏။ မော်စီတုံးကိုယ်တိုင်ကလည်း တိန့်အပေါ် ယုံကြည်အားကိုးမှုများ ပိုလာသည်။ သူ၏အရိုက်အရာကို ဆက်ခံမည့်သူအဖြစ်ပင် တိန့်ကို ထည့်သွင်းစဉ်းစားလာရသည်အထိဖြစ်လာ၏။

ကျန်းကျင်းတို့အုပ်စုကလည်း မိမိကိုယ်မိမိဝေဖန်ရေးကို စာရေးပြီးတင်

www.foreverstar.com.mm

ပြကြ၏။ မော်က ကျန်းကျင်းကို တိန့်ရှောက်ဖိန်နှင့် သွားတွေ့ခိုင်း၏။ ကျန်းကျင်းလည်း မတတ်သာသည့်အဆုံး မာနကို ခဝါချကာ တိန့်အိမ်သို့ သွားတွေ့၏။

ကျန်းကျင်းသည် အပေါ်အင်္ကျီရှည်ကြီးဝတ်ကာ ဦးထုပ်ဆောင်းလျက် တိန့်အိမ်သို့ လာ၏။ ခဏတဖြုတ်စကားပြောပြီး သူ ပြန်၏။ သူတို့နှစ်ယောက် အငြင်းမပွားကြ။ သို့သော် အခဲမကျေမှုများကိုတော့ ပြသွားကြ၏။

ကျန်းကျင်းက တန်ခေတ်က မင်းမျိုးမင်းနွယ်များဝတ်သော ဝတ်စုံမျိုး ချုပ်ဝတ်၏။ ဤဝတ်စုံမျိုးကို တိန့်ရှောက်ဖိန်ဇနီးနှင့် လီရှန်နီယန်ဇနီးတို့ကိုလည်း ချုပ်ဝတ်ခိုင်း၏။ မကြိုက်သော်လည်း ကျန်းကျင်းစိတ်ဆိုးမည်စိုး၍ အောင့်သက်သက်နှင့်လိုက်ချုပ်ကြရ၏။ ကျန်းကျင်းကား မော်စီတုံးကွယ်လွန်လျှင် သူ ရာထူးဆက်ခံရတော့မည်အထင်ရောက်ကာ မဟာဆီမဟာသွေးများဝတ်စုံကို အခုကတည်းက ဝတ်ကြည့်နေခြင်း ဖြစ်၏။

ဖွန်လ ၁ရက်တွင် မော်သည် နိုင်ငံခြားဧည့်သည်တစ်ဦးနှင့်တွေ့ဆုံပြီးနောက် တိန့်ရှောက်ဖိန်ကိုခေါ်တွေ့၏။ သူတို့သည် ပေါ်လစ်ဗျူရိုတွင် ကျန်းကျင်းတို့အုပ်စု မိမိကိုယ်မိမိဝေဖန်ရေးပေးမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြ၏။

"အဲဒါ အောင်မြင်မှုရတယ်လို့ ငါ ထင်တယ်။ ခုလို ပွင့်ပွင့်လင်းလင်းရှိတော့ ကောင်းတာပေါ့"ဟု မော်ကပြော၏။

"ဒါပေမယ့် သူတို့က အဆုံးမှာတော့ သူတို့ဟာ လေးဦးဂိုဏ်း မဟုတ်ကြောင်း ငြင်းသွားကြတယ်။ ပေါ်လစ်ဗျူရိုရဲဘော်တွေက သိပ်စိတ်ဆိုးကြတယ်။ ဒါပေမယ့် ကျွန်တော်က ပြောလိုက်ပါတယ်။ ဒီလောက်ဆို တော်လောက်ပါပြီ။ ရှေ့ဆက် ဘာမှမလုပ်ကြပါနဲ့လို့"

တိန့်က ရှင်းပြ၏။

"မှန်တယ်ကွ။ တော်လောက်ပါပြီကွာ။ ငါလဲ ဝမ်ဟုန်ဝင်ကို ခေါ်တွေ့ပါဦးမယ်"

"ပေါ်လစ်ဗျူရိုက ရဲဘော်အများစုကတော့ သူ့ရဲ့ နောက်ဆုံးတင်ပြချက်တွေက မရိုးသားဘူးလို့ ထင်နေကြတယ်"

"ကျန်းကျင်းကလဲ သူ့ကို မကြိုက်ပါဘူး။ သူနဲ့ပတ်သက်လို့ ခဏခဏ လာတိုင်တတ်တယ်။ ဘာပဲဖြစ်ဖြစ်ကွာ သူတို့လဲ အရင်ကတော့ အကျိုးပြုတာ

www.foreverspace.com.mm



တွေ အများကြီး လုပ်ခဲ့ကြတာပဲ။ သူတို့လဲ လျှုရှောက်ချီတို့ လင်ပြောင်တို့ကို ဝေဖန်ခဲ့ကြတာပဲ။ ခုတော့ သူတို့လဲ မကောင်းတော့ဘူး'

'ပေါ်လစ်ဗျူရိုထဲမှာတော့ တိုက်တဲ့လေက ပြောင်းတော့မယ်နော်'

'လေပြေလေညင်းကနေ ပိုမွှေးရနံ့သင်းတဲ့လေ ဖြစ်လာပါလိမ့်မယ်ကွယ်။ မင်းလဲ ကိုယ့်အလုပ်သာ ကိုယ်ကောင်းအောင်ဖိလုပ်'

'ဒါတော့ စိတ်ချပါဥက္ကဋ္ဌကြီး ကျွန်တော်အကောင်းဆုံးလုပ်ဖို့ သံန္နိဋ္ဌာန် ချထားပါတယ်'

မော်စီတုံးနှင့်ချူအင်လိုင်းတို့၏ထောက်ခံမှုဖြင့် တိန့်ရှောက်ဖိန်နှင့်တော် လှန်ရေးရဲဘော်ဟောင်းများသည် ယာယီအောင်ပွဲကိုတော့ ရရှိခဲ့ပါပြီ။ သို့သော် မပြီးဆုံးသေးပါ။ ရှေ့လာမည့်တိုက်ပွဲများကား ပို၍ရှုပ်ထွေးမည်။ ပို၍ပြင်းထန်မည်။

www.foreverstar.com.mm

# ॥ ၃၇ ॥

# အဆုံးစွန်ပြုပြင်ပြောင်းလဲမှုများ

၁၉၇၅ ဧပြီလတွင် ချူအင်လိုင်းနှင့်တိန့်ရှောက်ဖိန်တို့၏ထောက်ခံမှုဖြင့် ဗဟိုကော်မတီသည် ထိပ်တန်းကေဒါ၃၀၀ကျော်ကို ထိန်းသိမ်းထားရာမှလွှတ်ပေးမည့်အမိန့်ကို ထုတ်ပြန်ခဲ့၏။

'တိန့်'သည် ရထားပို့ဆောင်ရေးကို အဆင်ပြေအောင် ဆောင်ရွက်ခဲ့ပြီးယခု သံမဏိဘက် လှည့်၏။ မေလ ၈ရက်မှ၂၉ရက်အတွင်း ပြည်နယ်၁၇ပြည်နယ်မှတာဝန်ခံများကို အစည်းအဝေး ခေါ်ခဲ့၏။ ထို့နောက် အဓိကသံမဏိစက်ရုံ ၁၁ရုံကို အသွင်ပြောင်းပြီးလည်ပတ်စေခဲ့၏။ နိုင်ငံတော်ကောင်စီအနေဖြင့် သံနှင့်သံမဏိအထူးကော်မတီကိုပါဖွဲ့စည်းကာ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ခဲ့၏။ ဗဟိုစစ်ကော်မရှင်၏ အလုပ်အမှုဆောင်အဖွဲ့ကလည်း ဗျူဟာမြောက်ဒုံးပျံသုတေသနကိုပြုလုပ်၍ တွန်းအားပေးခဲ့၏။ ဇူလိုင်၂၀မှ ဩဂုတ်၄ ရက်နေ့အထိ ဗဟိုကော်မတီက ကာကွယ်ရေးပစ္စည်းစက်ရုံများကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဇွန်လ ၁၆ ရက်မှ ဩဂုတ်လ ၁၁ ရက်အထိတွင် နိုင်ငံတော်ကောင်စီက အစည်းအဝေးများစွာကျင်းပကာ အမျိုးသားစီးပွားရေးအတွက် စီမံကိန်းသစ်များ ရေးဆွဲခဲ့၏။

၁၉၇၅ အောက်တိုဘာတွင် နိုင်ငံတော်ကောင်စီ၏အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့၏။ ထိုအစီရင်ခံစာထဲတွင်

'ယခုနှစ် မတ်လမှ စ၍ စက်မှုထုတ်ကုန်နှင့် ဆက်သွယ်ရေး လမ်းပန်းသယ်ယူပို့ဆောင်ရေးတို့မှာ တစ်လထက်တစ်လ တိုးတက်လာကြောင်း၊ ဆီ၊မီးသွေး၊ လျှပ်စစ်၊ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ အင်ဂျင်စက်၊ စက္ကူစသည့်လုပ်ငန်းများသည် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း၊အမျိုးသားစက်မှုထုတ်လုပ်ရေးသည် ပထမ

www.foreverspace.com.mm



နှစ်ဝက်တွင်ပင် နှစ်စဉ်လျာထားချက်၏ ၄၃%ကို ရရှိခဲ့ကြောင်း”စသဖြင့် တင်ပြထား၏။

လွန်ခဲ့သော၉နှစ်ကဆိုလျှင် ဂျပန်သည် တရုတ်ထက် စီးပွားရေးအခြေခံများများစားစားမကောင်းလှ။ သို့သော် ယဉ်ကျေးမှုတော်လှန်ရေးကာလ ၉နှစ်အကြာ နောက်ပိုင်းတွင် ဂျပန်၏စီးပွားရေးနှင့် အဆင့်မြင့်နည်းပညာသည် ကမ္ဘာ့ထိပ်ဆုံးအဆင့်သို့ရောက်သွားခဲ့၏။ ယဉ်ကျေးမှုတော်လှန်ရေးကြီးကြောင့် တရုတ်ပြည်သည် ၉နှစ် နောက်ကျကျန်ခဲ့၏။ နိုင်ငံနှင့်ပြည်သူများအတွက်ကား ပေးဆပ်ရမှုများစွာ နစ်နာဆုံးရှုံးခဲ့ရ၏။

၉နှစ်သည် အိပ်မက်လိုကြာခဲ့၏။ အိပ်ယာမှနိုးထလာသောအခါ ကမ္ဘာကြီးကား အကြီးအကျယ်ပြောင်းလဲခဲ့ပြီ။ တိုးတက်သောနိုင်ငံများ၏သိပ္ပံနှင့်နည်းပညာများသည် လိုက်မမီနိုင်လောက်အောင် ကျော်တက်သွားပြီ။ ထိုနိုင်ငံများကိုမီအောင် အတော်ကြိုးစားရမည်။

သိပ္ပံနှင့်နည်းပညာတွင်သာ နောက်ကျကျန်ခဲ့သည်ဟုတ်။ စာပေ အနုပညာတွင်လည်း မတိုးတက်။ ဤသည်ကို မော်စီတုံးလည်း သိခဲ့၏။ ထို့ကြောင့် ထိတ်လန့်တကြား လှုပ်ရှားမှုများပြုခဲ့၏။ ‘ပြည်သူ့စာပေနှင့်ကဗျာ’မဂ္ဂဇင်းကို ရပ်ဆိုင်းထားရာမှ ပြန်ထုတ်၏။ ပြဇာတ်သစ်များ၊ အော်ပရာသစ်များကို တင်ဆက်နိုင်ရန် စိုင်းပြင်း၏။ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်းကို ပြန်လည်အားပေးခဲ့၏။

ထိုအချိန်တွင် ကျန်းကျင်းတို့အုပ်စုကလည်း ငြိမ်မနေ။ ဇူလိုင်လ ၁၂ ရက်ထုတ် ရှန်ဟဲသတင်းစာ ဝိန်ဟွေ့ဘိုတွင် ချူနင့်တိန့်တို့ကိုဝေဖန်သော ဆောင်းပါးနှစ်ပုဒ် ပါလာ၏။ ကျားသေကို အသက်သွင်းသူ ကွန်ဖြူးရှပ်စ်ဝါဒီများဟုစွပ်စွဲထား၏။ ဇူလိုင် ၁၃ထုတ် ကွမ်မင်းနေ့စဉ်နှင့် ရှန်ဟဲလွတ်မြောက်ရေးနေ့စဉ်တို့တွင်လည်း တိန့်ကို ဝေဖန်သောဆောင်းပါးများ ပါလာ၏။

ဩဂုတ်လတွင် ဝမ်ဟုန်ဝင်သည် သူ့အုပ်စုတွင်း၌ အစည်းအဝေးများဆက်တိုက်ခေါ်က ‘ပြန်လည်ပြင်ဆင်ရေးဝါဒလွှမ်းမိုးမှုကို သတိပြုကြ။ ပျောက်ကျားစစ်ကိုပြင်ဆင်ကြ။ လမ်းပေါ်မှာ တိုက်ပွဲတွေဆင်နွှဲရမယ်’ဟု တပ်လှန့်ခဲ့၏။ တချို့ပြည်နယ်များရှိ ကွန်မြူနစ်ပါတီတွင်း၌ပင် အကွဲအပြဲတွေဖြစ်လာ၏။

‘ပါတီခေါင်းဆောင်မှုကို အားဖြည့်ကြ။ ပါတီ၏လုပ်ငန်းပုံစံကို တိုးမြှင့်

ကြ"ဟူသော ခေါင်းစဉ်ဖြင့် ဇူလိုင် ၄ ရက်နေ့တွင် တိန့်က ဗဟိုကော်မတီဝင်များကို ဟောပြောခဲ့၏။

"ဥက္ကဋ္ဌမော်က တည်ငြိမ်ရေးနဲ့ စည်းလုံးမှု ရှိရေးကို လမ်းညွှန်ခဲ့တယ်။ ဒါပေမယ့် လူနည်းစုက ပြဿနာတွေလိုက်ရှာနေမှတော့ ဘယ်လိုလုပ်တည်ငြိမ်မှု စည်းရုံးမှုတွေ ရတော့မှာလဲ"ဟု တိန့်ကပြောခဲ့၏။

သူသည် "စက်မှုတိုးတက်မှုကို အရှိန်အဟုန် မြှင့်ကြ"ဟူသော စာတမ်းကိုလည်း ပြုစုကာ နိုင်ငံတစ်ဝှန်းချပြခဲ့၏။

တိန့်ရှောက်ဖိန်သည် တိုက်ခိုက်မှုများစွာ ဆက်တိုက် ခံနေရဆဲမှာပင် "သိပ္ပံနှင့်နည်းပညာလုပ်ငန်းများအတွက် အဟန့်အတားအနှောင့်အယှက်များ"ဟူသောစာတမ်းကိုလည်း ထုတ်ပြန်ခဲ့၏။

သိပ္ပံပညာရှင်များကို ဘူဇွာများဟု ဝေဖန်နေရချိန်တွင် သူတို့ဘက်မှ တိန့်က မားမားမတ်မတ်ရပ်ပြခဲ့၏။

"ဘာလဲဗျ ဘူဇွာအိပ်စပတ်တွေဆိုတာ၊ သူတို့ဟာ နိုင်ငံတော်အတွက် အကျိုးရှိနေသမျှ ဂိုဏ်းခွဲရေးသမားတွေထက်တော့ အသုံးဝင်နေဦးမှာပဲ"ဟုပြောခဲ့၏။

ပညာရေး အောက်တန်းနောက်တန်းကျနေမှုကိုလည်း တိန့်က ပြုပြင်ခဲ့၏။ ဆရာဆရာမများ၏ဘဝကို မြှင့်တင်ခဲ့၏။ ယဉ်ကျေးမှုတော်လှန်ရေးကာလက ခေတ်နောက်ကျခဲ့သော သင်ရိုးညွှန်းတမ်းများကို ပြုပြင်ခဲ့၏။

သူ၏ "ပြဿနာများစွာအစီရင်ခံစာ"သည် အလွန်အရေးကြီး၏။ ၎င်းသည် တရုတ်သိပ္ပံအကယ်ဒမီကိုသာမက သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့်တခြားသောဘာသာရပ်ကဏ္ဍများအတွက်လည်း အရေးကြီး၏။ သူ၏ထောက်ပံ့မှုဖြင့် ဤအစီရင်ခံစာသည် ယဉ်ကျေးမှုတော်လှန်ရေး၏အတားအဆီးများကိုချိုးဖောက်နိုင်ခဲ့သည်။ "သိပ္ပံနှင့်နည်းပညာသည် ကုန်ထုတ်လုပ်မှုအင်အားစုများ၏ အစိတ်အပိုင်းဖြစ်သည်"ဟူသော အယူအဆကျယ်ပြန့်ခဲ့၏။

www.foreverspace.com.mm

## ။ ၃၈ ။

## အကြီးအကျယ်ပြီးမြောက်မှုများ

ပြုပြင်ပြောင်းလဲမှုများကို ဘက်ပေါင်းစုံလုပ်ခဲ့ကြ၏။ လုပ်စရာကလည်း ထောင်နှင့်သောင်းနှင့်ချီပြီး ရှိ၏။ ၉နှစ်တာကာလအတွင်း အဖတ်ဆည်မရအောင် ပျက်စီးမှုမျိုးစုံဖြစ်ခဲ့၏။ ထို့ကြောင့် ချက်ချင်းပြင်စရာရှိတာတွေကို အချိန်မဆိုင်းဘဲ ပြုပြင်နေရ၏။

၁၉၇၅ခု ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာတို့ကား တိန့်ရှောက်ဖိန်အတွက် အလွန်အလုပ်များသောနှစ်များ ဖြစ်ခဲ့၏။

၉နှစ်တိုင်တိုင် ယဉ်ကျေးမှုတော်လှန်ရေးသည် 'ယဉ်ကျေးမှု'ကိုပစ်ပယ်ခဲ့သည်။ ယခုမှ နိုင်ငံတော်ပုံနှိပ်ထုတ်ဝေရေးဗျူရိုကို ၁၀နှစ်စီမံကိန်း ရေးဆွဲကာ တရုတ်နှင့် နိုင်ငံခြားဘာသာအဘိဓာန်များ ထုတ်လုပ်ခိုင်းရ၏။

တရုတ်ပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကို ပြန်ဖွဲ့ရ၏။ လေကြောင်းလိုင်းများကို ပိုမိုတိုးတက်အောင် ပြုပြင်ရ၏။ ပြဇာတ်များကို အဓိပ္ပာယ်ရှိရှိ ဖြေဖျော်မှုပါပါ ကပြစေ၏။ အားကစားကိစ္စလည်း လျစ်လျူမပြု။

စက်တင်ဘာ ၁၂ မှ ၂၈အထိ တတိယအကြိမ်မြောက် အမျိုးသားအားကစားပွဲကျင်းပရာ တစ်ပြည်လုံးမှ အားကစားသမား တစ်သောင်းကျော် ပါဝင်ဆင်နွှဲကြ၏။ ထိုအထဲမှ အားကစားသမား လေးဦးနှင့် အသင်းတစ်သင်းသည် ကမ္ဘာ့စံချိန် ၃ခုကို ချိုးနိုင်ခဲ့၏။ အားကစားသမားနှစ်ဦးမှာမူ ကမ္ဘာ့စံချိန်မီခဲ့၏။

ကျန်းကျင်းတို့အုပ်စုကား ကဖျက်ယဖျက်လုပ်မှုများအဆုံးမသတ်သေး။

မော်ကမူ ထိုအုပ်စု နှစ်ခု ညီညွတ်စေချင်သည်။ ပူးပေါင်း ဆောင်ရွက်စေလို၏။ ၁၉၇၅ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုတွင် ဤအုပ်စုနှစ်ခု၏တိုက်ပွဲကလည်း အရှိန်အမြင့်ဆုံးဖြစ်လာ၏။

စက်တင်ဘာ၁၅မှ အောက်တိုဘာ၁၉ထိ ကျင်းပသော လယ်ယာစိုက်ပျိုးရေးညီလာခံ၌ ကိုယ်စားလှယ် ၃၇၀၀ တက်ကြ၏။ ဤညီလာခံတွင် စိုက်ပျိုးရေးလုပ်ငန်းခေတ်မီတိုးတက်ရေးကို တိန့်ရှောက်ဖိန်က ချပြ၏။ အားလုံးက ထောက်ခံအားပေးကြ၏။ ဤသည်ကို ကျန်းကျင်းက မရှုစိမ့်။ညီလာခံက စိုက်ပျိုးရေးညီလာခံဖြစ်သော်လည်း ကျန်းကျင်းကမူ တိန့်ကို တိုက်ခိုက်သောစကားများသာ ပြောခဲ့၏။

တကယ်တော့ စိုက်ပျိုးရေးညီလာခံကြီးသည် တိန့်ရှောက်ဖိန်နှင့်လေးဦးဂိုဏ်းတို့၏တိုက်ပွဲမှ စစ်မြေပြင်ဖြစ်လာခဲ့၏။ တစ်ဖက်နှင့်တစ်ဖက် ပြောင်တိုက်ခိုက်ကြတော့၏။ တက်ရောက်သူကိုယ်စားလှယ် ၄၀၀၀တို့မှာမူ နားထောင်သည့်ပရိသတ်သက်သက်။ တိန့်ရှောက်ဖိန်သည် လက်တွေ့ကျ၏။ ခိုင်မာ၏။ ကျန်းကျင်းကတော့ သွေးရူးသွေးတန်းရှိလှ၏။ အကျည်းတန်၏။

ကျန်းကျင်းက သူ၏မိန့်ခွန်းကို အသံလွှင့်ရန်၊ သတင်းစာ၌ ထည့်ရန် တောင်းဆိုသည်။ ဤစကား မော်စီတုံးကြားသွားသောအခါ အလွန်စိတ်ဆိုး၏။ သူက ကျန်းကျင်းကိုခေါ်ကာ ချော့တစ်မျိုးခြောက်တစ်မျိုးပြော၏။ ကျန်းကျင်းကတော့ နားမထောင်။

ဤအချိန်တွင်လည်း တိန့်ရှောက်ဖိန်ဘက်က နိုင်သွားပြန်သည်။ ကျန်းကျင်း အရေးနိမ့်ခဲ့ပြန်ချေပြီ။

ဗဟိုကော်မတီသည် စိုက်ပျိုးရေးညီလာခံကို ပေကျင်းတွင် စက်တင်ဘာ ၂၃မှ အောက်တိုဘာ ၂၁အထိ ကျင်းပခဲ့၏။ တိန့်ရှောက်ဖိန်သည် စက်တင်ဘာ ၂၇တွင် တစ်ကြိမ်၊ အောက်တိုဘာ ၄တွင် တစ်ကြိမ် မိန့်ခွန်းပြောခဲ့၏။

"ကျွန်တော်တို့အတွက် အဓိကပြဿနာကြီးတစ်ခု ဖြေရှင်းဖို့ ရှိတယ်။ မော်စီတုံးအတွေးအခေါ်ကို ကျုပ်တို့ဘယ်လိုဖြန့်ဝေသင့်သလဲ။ မော်စီတုံးအတွေးအခေါ်တွေရဲ့ အနှစ်သာရကိုပဲ လေ့လာရမယ်လို့ လင်ပြောင်က ပြောဖူးတယ်။ လင်ပြောင်က မော်စီတုံးရဲ့စာတမ်း ၅စောင်ကိုပဲ လေ့လာခိုင်းတယ်။ မော်စီတုံး

အတွေးအခေါ်က အဲဒီလို ပိုင်းခြားစိတ်ဖြာပြီး လေ့လာလို့ မရဘူး၊ တကယ်တော့ မော်စီတုံးအတွေးအခေါ်ဟာ လက်တွေ့ကနေ ထွက်ပေါ်လာတာပဲ။ ဒါကြောင့် အခြေခံကအစ အကုန်လုံး လေ့လာဖို့လိုတယ်။ ကိုယ့်ဘာသာကိုယ် ကောက်ချက်ဆွဲပြီး ကိုယ်လိုရာယူသုံးလို့ မရဘူး"

တိန့်၏မိန့်ခွန်းမှာ အလွန်လေးနက်၏။ နောက်ကွယ်အဓိပ္ပာယ်အများကြီးပါ၏။ သူပြောနေသော "မော်စီတုံးအတွေးအခေါ်"ဟူသည်မှာ မော်စီတုံး၏ ပုဂ္ဂိုလ်ရေးတစ်ခုတည်းကို ရည်ညွှန်းနေခြင်းမဟုတ်။ တရုတ်ပြည်သမိုင်းတစ်ခုလုံးကို ခြုံငုံရည်ညွှန်းနေခြင်းဖြစ်၏။

၁၉၇၅ကား တရုတ်ပြည်သစ်သမိုင်းတွင် အမြဲမမေ့နိုင်သည့် ဖြစ်ရပ်များစွာ ဖြစ်ပျက်သည့်နှစ်ပင်တည်း။

မော်စီတုံးသည် မျက်စိနှစ်လုံးစလုံးတိမ်စွဲပြီး စာဖတ်၍မရတော့။စာသမားသူ့အဖို့ မျက်စိနှစ်ကွင်း စက္ခုအာရုံဆုံးရှုံးခြင်းသည် ပျော်ရွှင်မှုပျောက်ဆုံးခြင်းပင်တည်း။ သူ့အတွက် ပို၍ပင် အထီးကျန်ဆန်လာတော့သည်။

မော်စီတုံး၏မျက်စိရောဂါကမူ အသက်နှင့်ဝေးသေးသည်။ ချူအင်လိုင်း၏ကျန်းမာရေးကား အယိုယွင်းဆုံးကာလသို့ဆိုက်နေပြီ။ ၁၉၇၅ ဇူလိုင်၆ ရက်နေ့တွင် သူသည် ကျန်းမာရေးမကောင်းသည့်ကြားမှ ယီကျန်ယင်းတို့၊တိန့်ရှောက်ဖိန်တို့ကဲ့သို့ ဗဟိုကော်မတီလူကြီးများကို ခေါ်ကာ မော်၏ကျန်းမာရေးအတွက် မည်သို့ကုသသင့်သည်ကို အကြံဉာဏ်တောင်းခဲ့၏။ ဇူလိုင် ၂၀တွင် ပြန်ဆုံကြကာ မျက်စိခွဲစိတ်ကုသပေးရေးကို တိုင်ပင်ကြ၏။

မော်ကမူ မခွဲစိတ်ချင်။ သို့သော် သူ့မျက်စိကောင်းဖို့ ဤတစ်နည်းသာရှိ၍ သူလက်ခံလိုက်၏။ ဇူလိုင်၂၃တွင် မော်၏မျက်စိကို ခွဲစိတ်ကြ၏။ ချူအင်လိုင်းသည် ဆေးရုံမှထွက်ကာ မော်၏အနားတွင် ထိုင်စောင့်ပေးခဲ့၏။ ခွဲစိတ်မှုမှာ အောင်မြင်ခဲ့၏။ မော်သည် မျက်မှန်အကူအညီဖြင့် စာပြန်ဖတ်၍ရပြီ။ ထို့ကြောင့် သူဝမ်းသာနေ၏။

မော်သည် မျက်လုံးပြန်ကောင်းလာသေးသော်လည်း သိပ်အားမစိုက်နိုင်သေး။ ထို့ကြောင့် စာအုပ်ထူထူကြီးများဆိုလျှင် စာတော်ဖတ်က ဖတ်ပေးရ၏။ ပေကျင်းတက္ကသိုလ်မှ တရုတ်ဘာသာဌာနမှဆရာမ "မစ္စလူဒီ"က မော်ကို စာဖတ်

ပေးရ၏။ ဩဂုတ်လ ၁၄ ရက်နေ့တွင် သူက 'ဝရမ်းပြေးများ' ဂန္ထဝင်စာအုပ်ကို ဖတ်ပြသည်။

'အေးကွ ဒီစာအုပ်ထဲမှာ ဝရမ်းပြေးတွေက ဧကရာဇ်ကို ဆန့်ကျင်ကြတာ မဟုတ်ဘူး။ ဧကရာဇ်ရဲ့တပ်မတော်ကြီးချီတက်လာတဲ့အခါ သူတို့လွတ်ငြိမ်းချမ်းသာခွင့်ရသွားတယ်။ သူတို့က အစိုးရဖက်ကနေ တခြားဝရမ်းပြေးတွေကို ပြန်တိုက်ပေးကြတယ်။ သူတို့က သူတို့လုပ်တာ သူတို့ မကြွားပြတတ်ကြဘူး။ နောက်ဆုံးမှာ သူတို့ဟာ ကျွန်တွေလိုပဲ သစ္စာရှိရှိနေသွားကြတယ်'

ဤသို့ မော်စီတုံးက မှတ်ချက်ချ၏။ သာမန်လူတို့က ဘာပြောပြော အရေးမကြီး။ ယခုပြောသူက မော်စီတုံး။ မော်စီတုံးစကားသည် မိုးကြိုးသွားကဲ့သို့ ထက်၏။

မော်စီတုံး၏မှတ်ချက်စကားသည် လေးဦးဂိုဏ်းနားသို့ ရောက်သွား၏။ ယောင်ဝေယွမ်က ဤသည်ကို ရွှေအခွင့်အရေးဟုပင် မှတ်ထင်ကာ မော်စီတုံးထံ ချက်ချင်းစာရေးသည်။ မော်၏သဘောထားမှတ်ချက်နှင့် သူရေးသောစာကို ပုံနှိပ်ကာ ပေကျင်းရှိ ပေါ်လစ်ဗျူရိုများသို့ဝေရန်။ ထိုမှတစ်ဆင့် ပေကျင်းနှင့် ရှန်ဟဲရှိ သတင်းစာနှင့်မဂ္ဂဇင်းများသို့ဝေပြီး ဖော်ပြရန် တိုက်တွန်း၏။

မော်ကလည်း ချက်ချင်း ဖတ်ပြီး 'သဘောတူသည်' ဟု မှတ်ချက်ပေးလိုက်၏။

'ဝရမ်းပြေး' ဝတ္ထုအပေါ် မော်၏ဝေဖန်ချက်သည် အရေးကြီးသောနိုင်ငံရေးကိစ္စတစ်ရပ် ဖြစ်လာပေပြီ။ ဗဟိုကော်မတီက မော်၏ဝေဖန်ချက်ကို ထုတ်ပြန်၏။ ယောင်ဝေယွမ်က ကွန်မြူနစ်ပါတီအာဘော်မဂ္ဂဇင်းဖြစ်သော 'အလံနီ' မဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းတွင် ထပ်ညွှန်းသည်။ ကျန်းကျင်းကလည်း သူ့အုပ်စုဝင် ယဉ်ကျေးမှုဝန်ကြီးယူဟိုယုန်ကို ဆင့်ခေါ်ကာ ဤအချက်ကိုချပြ၏။

'မော်ရဲ့ဝေဖန်ချက်က သိပ်ရှင်းတယ်၊ပေါ်လစ်ဗျူရိုမှာလဲ မော်ကို ရပ်ပြပြီး လုပ်ချင်တာလုပ်တဲ့လူတွေရှိတယ်' ဟု သူက ပြောပြသည်။

ဩဂုတ်လ၃၁ ရက်နေ့ထုတ် 'ပြည်သူ့နေ့စဉ်' တွင် 'အလံနီ' မှ ခေါင်းကြီးကို ထပ်မံဖော်ပြ၏။

စက်တင်ဘာ ၄ရက်နေ့တွင် 'ပြည်သူ့နေ့စဉ်' ၌ မော်၏ ဝေဖန်ချက်ကို

ဖော်ပြထား၏။ ထိုမှတစ်ဆင့် ဝေဖန်ရေးဆောင်းပါးတွေ ပလူပျံထွက်ပေါ်လာ၏။ အားလုံး၏ ဦးတည်ချက်မှာ ချူအင်လိုင်း၊ တိန့်ရှောက်ဖိန်နှင့် ပါတီ၊ အစိုးရအကြီးအကဲများကို ဝေဖန်ခြင်းသာဖြစ်၏။

ချူနှင့်တိန့်တို့က ဦးတည်ချက်ကို သတိပြုမိ၏။ ထို့ကြောင့် စက်တင်ဘာ၁၅ရက်နေ့တွင် ချူကပြော၏။

'သူတို့လုပ်တာ သိပ်လွန်နေပြီ။ သူတို့က ဘယ်သူတွေကိုဦးတည်တိုက်ခိုက်နေသလဲဆိုတာ ရှင်းနေပြီဗျာ'

၁၉၇၅ ဩဂုတ်လတွင် ချူအင်လိုင်း၏ကင်ဆာရောဂါက သိပ်ပြင်းထန်လာ၏။ တိန့်နှင့်တခြားခေါင်းဆောင်များ မကြာခဏ သွားကြည့်ကြ၏။ ကျန်းကျင်းပင် လာကြည့်၏။ ချူကတော့ သူ့အခြေအနေကို သူသိသွားပြီ။ သူအသက်ရှင်သမျှ ခဏလေးအတွင်းတွင် လေးဦးဂိုဏ်းကို အပြတ် ချေမှုန်းသွားရမည်ကိုလည်း သူကောင်းကောင်းကြီးသဘောပေါက်ထား၏။

ဩဂုတ်လ၇ရက်တွင် ချူကိုခွဲစိတ်၏။ တိန့်က သူ့အနားမှာ တစ်ချိန်လုံး စောင့်ပေးနေသည်။

ရိုမင်းနီးယားပါတီခေါင်းဆောင် အီလီဗာဒက်က ချူထံ လူနာမေးလာ၏။

'ကျုပ်က ကောင်းကင်ဘုံမှာရှိတဲ့ မတ်စ်ဆီကနေ ဖိတ်စာရနေပြီ။ကိစ္စမရှိပါဘူး။ ဘယ်သူမှ သဘာဝရဲ့ဥပဒေသတွေကို မလွန်ဆန်နိုင်ပါဘူး'

ထိုသို့ပင် ချူက လေအေးလေးဖြင့်ပြော၏။

'ကျုပ်က မကျန်းမာဘူး။ ဘာအလုပ်မှ မလုပ်နိုင်တော့ဘူး။ နိုင်ငံတော်ကောင်စီမှာ ကျုပ်နေရာကို ရဲဘော်တိန့်ရှောက်ဖိန် လုပ်ပေးနေရတယ်။ သူ့ကို ခင်ဗျားတို့ ချွင်းချက်မရှိယုံထားကြပါ။ သူက ပါတီရဲ့ပြည်တွင်းရေးပြည်ပရေးပေါ်လစီတွေကို ဆက်ကိုင်တွယ်လိမ့်မယ်။ သူ့မှာ တာဝန်အပြည့်ရှိတယ်'ဟုဆက်ပြော၏။

စက်တင်ဘာ ၂၀တွင် ဆရာဝန်များက ချူအင်လိုင်းကို ထပ်မံခွဲစိတ်ပြန်၏။ ခွဲစိတ်ခန်းသို့ မဝင်မီတွင် သူသည် 'ဂူဟောက်ဖြစ်ရပ်နှင့်ပတ်သက်၍ ကူမင်တန်များ၏ကောလဟာလ' (၁၉၇၂ ဇွန်လ ၂၃ရက်က ပြောခဲ့သော သူ၏

www.foreverstar.com.mm

မိန့်ခွန်း)ကို လက်ရေးဖြင့် ပြန်ရေးသောစာကို ထားခဲ့၏။ အောက်မှ လက်မှတ်ထိုးသည်။

"၁၉၇၅ စက်တင်ဘာ ၂၀။ ခွဲစိတ်ခန်းမဝင်မီ"ဟုလည်း ရက်စွဲ ရေးထိုးခဲ့၏။

ခွဲစိပ်ခန်းသို့ တွန်းလှည်းဖြင့် တွန်းအသွားတွင် သူလေသံသဲ့သဲ့လေးဖြင့် တစ်ခွန်းမေးဖြစ်အောင်မေးသည်။

"ရဲဘော်တိန့်ရှောက်ဖိန် အနားမှာရှိသလား"

တိန့်က သူ့အနားကို အပြေးအလွှားသွားလိုက်၏။ ချူက တိန့်လက်ကို မြဲမြံစွာဆုပ်ကိုင်လိုက်၏။

"ခင်ဗျား ဒီနှစ်လုပ်တာကိုင်တာတွေ သိပ်ကောင်းတယ်။ ကျုပ်လုပ်တာထက်တောင် ပိုကောင်းသေးတယ်"

တွန်းလှည်းကို ဆက်တွန်းသွားကြ၏။

"ကျုပ်က ပါတီအပေါ် သစ္စာရှိတယ်။ ပြည်သူအပေါ် သစ္စာရှိပါတယ်"

ချူက အော်ပြောသွားသည်။

အားလုံး ရင်နင့်သွားကြသည်။

ခွဲစိတ်မှုက ၅နာရီကြာ၏။ ကင်ဆာပိုးများ သူ့တစ်ကိုယ်လုံး ပျံ့နှံ့သွားချေပြီကို သိလိုက်ကြရ၏။ ဆရာဝန်များက ကုလို့မရတော့ဟု လက်လျှော့လိုက်ကြ၏။

တိန့်က ဆရာဝန်များကို ဝေဒနာခံရသက်သာအောင်ပဲ လုပ်ပေးကြပါဟု တောင်းပန်၏။

ချူသည် ခွဲစိတ်မှုကြီးဖကြိမ်၊ သာမန်ခွဲစိတ်မှု ၈ကြိမ်ခံခဲ့ရသည်။ သို့သော် သေခြင်းတရားကို သူတည်ငြိမ်စွာရင်ဆိုင်ခဲ့၏။

သူ၏ နောက်ဆုံးအမိန့်ကိုပင် ရဲရင့်တည်ကြည်စွာ ပေးခဲ့၏။

"ကျုပ်သေရင် ပြာတွေကိုသိမ်းမထားကြနဲ့။လယ်ကွင်းတွေထဲမှာ မြေသြဇာကျွေးလိုက်ကြ။ ငါးတွေကို ကျွေးလိုက်ကြ"

ဆရာဝန်များကိုလည်း သူက မှာခဲ့သည်။

"ဒီနေ့ခေတ်အချိန်အခါမှာတော့ ကင်ဆာရောဂါကို ဘယ်လိုမှမကုနိုင်

ကြသေးဘူးပေါ့။ ကျုပ်သေရင် ခင်ဗျားတို့ ကျုပ်ခန္ဓာကိုယ်ကို သေသေချာချာ ခွဲစိတ်ကြည့်ကြပါ။ ကျုပ်တို့နိုင်ငံအတွက် ဆေးပညာအသိတရားတစ်ခုခု အသေး အဖွဲလေးပဲဖြစ်ဖြစ် ပေးနိုင်မယ်ဆိုရင်ပဲ ကျုပ်ကျေနပ်လှပါပြီ"

သူ့အသုဘအခမ်းအနားကို သိပ်ကြီးကြီးကျယ်ကျယ် ပုံကြီးချဲ့ မကျင်း ပကြရန်လည်း မှာ၏။ ဗဟိုကော်မတီဝင်တစ်ဦး ကွယ်လွန်တဲ့အခမ်းအနားမျိုး လောက်ပဲ လုပ်ပါ။ အထူးအထွေဘာမှမလုပ်ပါနှင့်ဟု တဖွဖွပြော၏။ သူနှင့်သူ့ တစ်သက်တာအဖော် ဇနီးဖြစ်သူ တိန့်ရင်ချောင်းတို့က ယခင်ကပင် သဘောတူ ခဲ့ကြတာတစ်ခုရှိ၏။ သူတို့၏အရိုးပြာများကို မိခင်မြေ၏မြစ်များပေါ် တောင် တန်းများပေါ်တွင် ဖြန့်ကျဲချရန်။

အောက်တိုဘာ ၁၁၊ ၁၂၊ ၁၇တို့တွင် သူသည် တိန့်ရှောက်ဖိန်၊ လီ ကျန်နီယန်၊ ဝမ်တုံမင်းတို့နှင့် စကားပြော၏။ ပါတီ၏အနာဂတ်၊ နိုင်ငံ၏အနာ ဂတ်အတွက် သူ စိတ်မအေး။ လေးဦးဂိုဏ်း၏ ရှုံးသွပ်မှုအတွက် သူ စိုးရိမ်၏။ ယခုအတိုင်းဆိုလျှင် အခြေအနေက ဆိုးတော့မည်။ သူရိပ်စားမိ၏။ သူ့တိုက်ပွဲဝင် ရဲဘော်များအတွက် အန္တရာယ်ရှိနေပြီ။ ချူက အလွန်ပူပန်နေ၏။ နိုဝင်ဘာ၂ရက် တွင် သူသည် တိန့်ရှောက်ဖိန်နှင့် နှစ်ယောက်ထဲတွေ့ဆုံစကားပြော၏။ နိုဝင်ဘာ ၃ရက်တွင် ဝမ်ဟဲရှောင်၊ တန်ဝမ်ရှိန်တို့နှင့်စကားပြော၏။ မည်သူမျှမလာသော နောက်နေ့တွင်...သူသည်...ဆေးရုံမျက်နှာကျက်ကိုမော့ကြည့်ရင်း...ငြိမ်သက် သွားရှာလေပြီ။

## ။ ၃၉ ။

## ယုတ်မာသောသူများ၏စွပ်စွဲချက်

၁၉၇၅ စက်တင်ဘာအထိ မော်စီတုံးသည် တိန့်ရှောက်ဖိန်၏ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကိုထောက်ခံနေဆဲ။ တိန့်သည် ချူအင်လိုင်းနေရာကိုဆက်ခံမည့်သူဟု ထင်ထားဆဲ။

စက်တင်ဘာ ၂၄တွင် မော်သည် ဗီယက်နမ်အလုပ်သမားပါတီအတွင်းရေးမှူး လီဒွပ်ကို တွေ့ဆုံခဲ့၏။

"ဒီနေ့ အဆင်းရဲဆုံးနိုင်ငံက ခင်ဗျားတို့နိုင်ငံမဟုတ်ဘူး။ ကျုပ်တို့နိုင်ငံပဲ။ ကျုပ်တို့က လူဦးရေ သန်း၈၀၀ရှိတယ်။ ခေါင်းဆောင်ပိုင်းအကြပ်အတည်းလဲရှိနေတယ်။ ဝန်ကြီးချုပ်ကျန်းမာရေးက မကောင်းဘူး။ တစ်နှစ်ထဲမှာပဲ ခွဲရတာ ၄ကြိမ်ရှိပြီ။ ကန်ရှိန့်လဲ ကျန်းမာရေး မကောင်းဘူး။ ယိကျန့်ယင်းလဲ မကောင်းဘူး။ ကျုပ်လဲ ၈၂နှစ်ရှိပြီ နေမကောင်းဘူး"

ထိုသို့ပြောကာ တိန့်ရှောက်ဖိန်ကို လက်ညှိုးထိုးပြ၏။

"ထူထူထောင်ထောင်ရှိတဲ့သူဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်"

ထိုအချိန်အထိ မော်သည် တိန့်ကို ယုံနေဆဲရှိဟန်တူ၏။

သို့သော် နောက်ပိုင်းတွင် မော်၏သဘောထားက စတင်ပြောင်းလဲလာပြီ။

ဩဂုတ်လ ၁၃နှင့် အောက်တိုဘာ ၁၃တွင် ဆင်ဟွာတက္ကသိုလ်ပါတီကော်မတီ၏ ဒုတိယအတွင်းရေးမှူးလျူဘင်က မော်ထံစာရေး၏။ တခြားအတွင်းရေးမှူးနှစ်ဦး ပါတီစည်းကမ်းဖောက်ဖျက်ကာ လေးဦးဂိုဏ်းဝင်တို့၏ စည်းရုံး

www.foreverspace.com.mm

ရေးအောက် ရောက်နေသည့်အကြောင်း။ မော်သည် ထိုစာများကို ချက်ချင်းအရေး ယူဆောင်ရွက်ခြင်းမပြုခဲ့။

မော်စီတုံး၏ညီငယ် မော်စီမင်းတွင် မော်ယွမ်ဇင်ခေါ် သားတစ်ဦးရှိ၏။ ယဉ်ကျေးမှုတော်လှန်ရေးစတင်ဖြစ်ပွားချိန်က သူသည် စစ်အင်ဂျင်နီယာကျောင်း တက်နေဆဲ။ ထိုကျောင်းတွင် သူသည်ထင်ရှားသော သူပုန်ခေါင်းဆောင်ဖြစ်လာ ၏။ မကြာခင် ပြည်နယ်တော်လှန်ရေးကော်မတီ၏ ခေါင်းဆောင်နေရာရောက် လာ၏။ သူနှင့် ကျန်းကျင်းလည်း ခင်မင်မှု ပိုလာသည်။ မော်စီတုံး ကျန်းမာရေး ကျဆင်းလာသောအခါ သူ့တူ မော်ယွမ်ဇင်ကို အနားတွင် ခေါ်ထားကာ ဆက် သွယ်ရေးအရာရှိအဖြစ် ခန့်အပ်ခဲ့၏။

နိုဝင်ဘာ ၁ရက်တွင် မော်စီတုံးနှင့် တိန့်ရှောက်ဖိန် တွေ့သောအခါ မော်က လျူဘင်၏စာကို ချက်ချင်းဘာဖြစ်လို့မပေးဘဲ ထိန်းထားတာလဲဟုမေး ကာ ဆူပူ၏။

မော်ယွမ်ဇင်သည် မော်စီတုံးအနားတွင်နေပြီး မော်နှင့် တွေ့ချင်သည့် အချိန် တွေ့ခွင့်၊ ပြောခွင့်ရလာသဖြင့် လေးဦးဂိုဏ်းက သူ့ကို မြှောက်စားကြ၏။ သူကလည်း မော်ကွယ်လွန်လျှင် ကျန်းကျင်းတက်လာမည်။ ကျန်းကျင်းတက်လာ လျှင် သူပင် ရာထူးရမည်ဟု အပိုင်တွက်ထားသည်။

တစ်နေ့တွင် မော်ယွမ်ဇင်သည် မော်အား ဗဟိုကော်မတီထဲမှ လျူ ရှောက်ချီလိုင်း လိုက်နေသူများရှိကြောင်း အတို့အထောင်လုပ်၏။

'သူတို့ထဲက တချို့ဟာ အမြဲပဲ ယဉ်ကျေးမှုတော်လှန်ရေးအကြောင်း မကောင်းပြောတတ်ကြတယ်'

ထိုနောက် သူ၏မြားဦးသည် တိန့်ရှောက်ဖိန်ဘက် လှည့်တိုက်ပေး၏။ မော်က လျူဘင်ကိစ္စနှင့်ပတ်သက်၍ တိန့်ကိုမကျေနပ်နေချိန်တွင် ဤပစ်ချက်က သူ့ကို ချက်ကောင်းထိသွား၏။

'တိန့်ရှောက်ဖိန်ရော ဗီလီယန်ရော တုံမင်းရောကို အစည်းအဝေးခေါ် လိုက်။ ငါတို့ အခုဆွေးနွေးတာတွေကို သူတို့ကိုချပြပြီးတော့ ငါ့ဆီပြန်လာခဲ့'ဟု ပြောလိုက်သည်။

နိုဝင်ဘာ ၂ရက်တွင် အစည်းအဝေးခေါ်၏။

မော်၏ခွင့်ပြုချက်ရထားသူပီပီ သူက ပြောချင်တာများစွတ်ပြောနေ၏။ တိန့်ကမူ အေးအေးဆေးဆေးပင် နားထောင်နေ၏။ ပြီးမှ

'မင်းက စဉ်းစဉ်းစားစားပြောမှပေါ့ကွာ။ ဗဟိုကော်မတီက ပြန်လည်ပြင်ဆင်ရေးလမ်းကြောင်း လိုက်နေတယ်ဆိုရင် ဥက္ကဋ္ဌမော်ကလဲ ဗဟိုကော်မတီ ခေါင်းဆောင်ပဲဟာ။ ဖြစ်နိုင်ပါ့မလားကွ' ဟုဆို၏။

နိုဝင်ဘာ၄ရက်တွင် မော်ယွမ်ဇင်က သူနှင့်တိန့် ငြင်းခုန်ခဲ့ရပုံကို မော်အား ပြန်သံတော်ဦးတင်၏။ မော်က မကျေမနပ်ဖြစ်၏။

'ထပ်အစည်းအဝေးခေါ်ကွာ' ဟု ဆို၏။ ထိုစဉ် ဆင်ဟွာတက္ကသိုလ်၏ ပါတီကော်မတီ အစည်းအဝေးလည်း ကျင်းပနေ၏။ လျူဘင်ကို စွဲချက်ပြန်တင်ကြ၏။ လျူဘင်နှင့် တိန့်ရှောင်ဖိန် ပူးပေါင်းကြသည်ဟု စွပ်စွဲကြ၏။ နိုဝင်ဘာ ၁၂ရက်နေ့တွင် လူ ၁၇၀၀တက်သော အစည်းအဝေးထပ်ကျင်းပကာ လျူဘင်ကိုဝေဖန်ကြ၏။ ထိုမှတစ်ဆင့် ပညာရေးဝန်ကြီးပင် အပြစ်မကင်းဟု ဝေဖန်လာကြ၏။ ပိုစတာတိုက်ပွဲတွေ စဆင်နွှဲ၏။ ထိုမှတစ်ဆင့် တက္ကသိုလ်များသို့ပါ ပျံ့နှံ့သွား၏။

ဤလှုပ်ရှားမှုအားလုံး၏ နောက်ကွယ်မှကြိုးကိုင်နေသူများမှာ လေးဦးဂိုဏ်း။ သူတို့၏တကယ့်တိုက်ကွက်မှာ တိန့်ရှောက်ဖိန်ပြုတ်ကျရေး။

ဇန်နဝါရီလကြောင်းအပါအဝင် ပုဂ္ဂိုလ်၈ဦးကို မော်က ရွေးချယ်ကာ အစည်းအဝေးထိုင်ခိုင်း၏။ ထိုအစည်းအဝေးတွင် မော်ယွမ်ဇင်လည်း ပါ၏။ အစည်းအဝေးအပြီးတွင် မော်ယွမ်ဇင်က မော်ထံ သတင်းပြန်ပို့၏။

'လူများစုရဲ့ယဉ်ကျေးမှုတော်လှန်ရေးအပေါ် သုံးသပ်ချက်အနေနဲ့ တင်ပြရရင် ယဉ်ကျေးမှုတော်လှန်ရေးက လိုလဲလိုအပ်တယ် မှန်လဲမှန်တယ်တဲ့။ အများအယွင်းအနည်းအပါးပဲ ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အမြင်မတူတာလေးတွေ အနည်းအပါးတော့ရှိမှာပေါ့။ အကုန်လုံးထပ်တူထပ်မျှတော့ ဘယ်ရှိနိုင်မလဲ' ဟု မော်က သုံးသပ်၏။

မော်ယွမ်ဇင်က 'အခုတော့ အခြေခံညီညွှတ်မှု ရပါပြီ။ ဒီကတစ်ဆင့် ညီညွှတ်မှုရပါလိမ့်မယ်။ဆွေးနွေးမှုကတစ်ဆင့် စည်းရုံးမှုရမယ်။အဲဒီကနေ ကျွန်တော်တို့ အလုပ်တွေ ကောင်းကောင်းလုပ်နိုင်ကြမယ်' ဟု တင်ပြသည်။

www.foreverspace.com.mm



'မှန်တယ်ကွ။ ဒီအကြောင်းကို ကျန်းကျင်းကိုတော့ မပြောနဲ့။ သူ့ကို ဘာမှမပြောနဲ့'ဟု မော်က သတိပေး၏။

တကယ်တော့ မော်သည် အတော်ရိုးသူ ဖြစ်သည်။ မော်ယွမ်ဇင်သည် ကျန်းကျင်း၏လူဆိုသည်ကို သူလုံးဝမသိ။ ယခုအစီအစဉ်များသည် ကျန်းကျင်း၏အစီအစဉ်။ မော်ယွမ်ဇင်က အကောင်အထည်ဖော်သူ။ဇန်ချွန်းကြောင်က ကြံရာပါ။

www.foreverstore.com.mm

## ။ ၄၀ ။
## ခက်ခဲသောနေ့ရက်များ

တိန့်ရှောက်ဖိန်သည် ဗဟိုကော်မတီ၏ အထွေထွေကိစ္စများကို လုပ်ကိုင်နေရရာ တစ်နေ့တစ်နေ့ လူပေါင်းစုံကို လက်ခံတွေ့ဆုံရ၏။ ယခင်အိမ်နှင့်ခြံဝင်းက ကျဉ်းသည်။ ကားရပ်စရာနေရာမရှိ။ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ကားများမှာ လမ်းပေါ်တွင်ပင် ရပ်ထားကြရ၏။ ထို့ကြောင့် ဗဟိုကော်မတီရုံးက အမှတ် ၁၇၊ ဒုံကြောင်မင်ကျန်းလမ်းအိမ်သို့ ပြောင်းပေး၏။ ခြံဝင်းထဲတွင် အိမ်လေးအိမ်ရှိ၏။ တိန့်မိသားစု အိမ်သူအိမ်သားပေါင်း ၁၂ဦးရှိ၏။ သို့သော် တိန့်သည် မိသားစုနှင့် သိပ်အချိန်မပေးနိုင်။ သူသည် ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီအလုပ်များ အားလုံးကို သိမ်းကျုံးလုပ်ရသည်။ နိုင်ငံခြားဧည့်သည်တော်များကို တွေ့ဆုံရ၏။ အစည်းအဝေးတွေ ဆက်တိုက်တက်ရ၏။

တစ်ညတွင် နိုင်ငံခြားဧည့်သည်တစ်ဦးကို မော်နှင့်အတူတွေ့ဆုံပြီး အိမ်အပြန် အတော်နောက်ကျခဲ့၏။ သူ အတော်ပင်ပန်းနေ၏။ အိပ်ဆေးသောက်ပြီး အိပ်တော့မှ သူ့အဝတ်တွေကို မိသားစုက သိမ်းကြရ၏။ အိတ်တစ်ခုထဲမှစာရွက် တစ်ရွက်ထွက်လာ၏။ မော်၏လက်ရေးနှင့် စာရွက်တစ်ရွက်။ လက်ရေးစာလုံးတွေက မပီပြင်။ ထို့ကြောင့် ဖတ်ကြည့်၍ နားမလည်။ သို့သော် နောင်မှသိရသည်မှာ မော်က တိန့်ကို အနည်းငယ်စိတ်ခုနေကြောင်း သိသာစေသည့်စာများ ဖြစ်သည်ဆို၏။

အိမ်သို့ အလာများသူများမှာ ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသော လီရှန်

နိယန်တို့အုပ်စုဖြစ်၏။ တိန့်ရှင်ချောင်းလည်း မကြာခဏ လာတတ်၏။ မော်မှာ ကျန်းမာရေးမကောင်းသဖြင့် သူ့ကို တွေ့ရဖို့က သိပ်မလွယ်။ ထိပ်တန်းအဆင့် ပုဂ္ဂိုလ်ကြီးများပင်လျှင် သူ့ကိုတွေ့ဖို့ခက်ခဲ၏။ ထို့ကြောင့် တစ်ဆင့်စကားများ ဖြင့်သာ သူ့ထံ သတင်းပို့ကြရ၏။ ထို့ကြောင့် မော်ထံပြောလိုသောစကားများ ကို တိန့်ရှောက်ဖိန်မှတစ်ဆင့်လာပြောပြသူများလည်း အိမ်သို့မပြတ်လာတတ်ကြ ၏။ ဧည့်သည်များထဲတွင် လာခြင်းမကောင်းသောဧည့်သည်မှာကား မော်ယွမ် ဇင်။ မော်ယွမ်ဇင်သည် သူ့ကိုယ်သူ ယခုမှ အသစ်ခန့်အပ်လိုက်သော အဆင့်မြင့် ပုဂ္ဂိုလ်ကြီးပုံစံမျိုးနှင့် တိန့်ကိုလာတွေ့၏။ တိန့်နှင့်သူစကားပြောရင်း အငြင်းအခုန် တွေ ပွားလာသည်။ အရှိန်က မြင့်လာ၏။သူပြန်သွားသောအခါ တိန့်က လိုက်ပင် မပို့တော့။

ရှန်ဟဲသို့ပို့ထားသော ဝမ်ဟုန်ဝင်လည်း ပေကျင်းသို့ပြန်လာ၏။ မော် က သူ့ကို အားကိုးသည်ကို သူသိ၏။ ယခုလည်း တိန့်ရှောက်ဖိန်ကို ထိန်းရန် သူ့ကိုပြန်ခေါ်ခြင်းဖြစ်၏။ နိုဝင်ဘာ ၁၅တွင် မော်ထံမှ စာတစ်စောင်ထွက်လာ ၏။

'ရဲဘော်တိန့်ရှောက်ဖိန်ကို လောလောဆယ်အလုပ်ဆက်လုပ်ခိုင်း။ ပြီး တော့မှ ငါတို့ ပြန်စဉ်းစားမယ်'

မော်သည် တိန့်ကို မကျေနပ်သည်တော့ သေချာ၏။ သို့သော် ချက် ချင်းတော့ မဖယ်ရှားသေး။ စောင့်ကြည့်ဦးမည့်ပုံ ပေါ်သည်။ အကယ်၍ တိန့် သည် ခြေလှမ်းတစ်ချက် တိမ်းစောင်းသွားသော် သူ့နေရာကို တခြားတစ်ဦးအား အစားထိုးပေလိမ့်မည်။ သို့သော် မည်သူ့ကို အစားထိုးမည်နည်း။ မော်စဉ်းစား နေ၏။ သို့သော် သူမဆုံးဖြတ်ရသေး။ သူ စိတ်အခြေအနေ ရှုပ်ထွေးနေ၏။

မကြာမီအချိန်တွင်ကား ရုတ်တရက် အခြေအနေတွေ ပြောင်းလာ၏။ ပိုမိုဆိုးရွားဖို့အတွက်ပင်ဖြစ်၏။

ကန်ရှိန်သည် အကြီးအကျယ်ဖျားနာနေသည့်ကြားမှ မော်ကို ပြော၏။

'တိန့်က ယဉ်ကျေးမှုတော်လှန်ရေးမှာပါတဲ့ လူတွေကို အမြစ်ဖြတ်ချင် နေတယ်'

၁၉၇၅ နိုဝင်ဘာ၂၀တွင် ပေါ်လစ်ဗျူရိုအစည်းအဝေးကျင်းပ၏။ ယဉ်

www.foreverspace.com.mm

ကျေးမှုတော်လှန်ရေးကို ချီးကျူးရန်။ မော်စီတုံးက နားလည်မှုတစ်ခုခု ညှိညွှတ်မှုတစ်ခုခုရရန် မျှော်လင့်၏။သူ့ရည်ရွယ်ချက်က တိန့်ရှောက်ဖိန်သည် ဤအစည်းအဝေးတွင် ကြီးမှူးကျင်းပကာ ယဉ်ကျေးမှုတော်လှန်ရေးသည် ၇၀ ရာနှုန်းအောင်မြင်ပြီး ၃၀ရာနှုန်းသာ ဆုံးရှုံးကြောင်း ဗဟိုကော်မတီ၏ထုတ်ပြန်ချက်ကို ထုတ်ပြန်နိုင်လျှင် အချင်းချင်းညီညွှတ်မှုရသွားမည်ဟု မော်က မျှော်လင့်ထားသည်။ တိန့်အတွက် အခွင့်အလမ်းတစ်ခု လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။

သို့သော် တိန့်သည် ခေါင်းမာ၏။ သူ မယုံကြည်တာကို မလုပ်နိုင်။ သူက မော်၏ တိုက်တွန်းချက်ကို ငြင်းပယ်၏။ သူက အကြောင်းတစ်ခုပြ၏။ ယဉ်ကျေးမှုတော်လှန်ရေးကာလ ၉နှစ်အတွင်းတွင် သူသည် ဖနှစ်မျှ ပြည်သူနှင့် ကင်းဝေးနေခဲ့ရရာ ယဉ်ကျေးမှုတော်လှန်ရေးနှင့်ပတ်သက်၍ သူသည် အပြင်လူဖြစ်နေ၏။ ထို့ကြောင့် သူ ဤကိစ္စနှင့်ပတ်သက်၍ ဘာမှ နားမလည်ပါ။ ထို့ကြောင့် ကြေညာချက်ထုတ်ပြန်ရန် သူ့အတွက် မဖြစ်နိုင်ပါဟူ၍။

သို့ဖြင့် မော်သည် မလွှဲမရှောင်သာ တိန့်ရှောက်ဖိန်ဝေဖန်ရေးလှုပ်ရှားမှု လုပ်ရတော့၏။ မော်အနေနှင့် သူကိုယ်တိုင် မီးစတင်မွေးခဲ့သော ယဉ်ကျေးမှုတော်လှန်ရေးဘက်က ကာကွယ်ဖို့တာဝန် ရှိနေ၏။

နိုဝင်ဘာ ၂၄တွင် ဗဟိုကော်မတီသည် မော်၏ ညွှန်ကြားချက်အရ အစည်းအဝေးတစ်ခု ထပ်ခေါ်ရ၏။ ပေကျင်းရှိ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အားလုံး၊ ပါတီအစိုးရနှင့် တပ်မတော်မှတာဝန်ရှိပုဂ္ဂိုလ်အားလုံး လူပေါင်း၁၃၀ကျော် တက်ရောက်ခဲ့ကြ၏။ဤအစည်းအဝေးတွင် မော်ဖြစ်စေချင်သည်မှာ တိန့်သည် ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေး ပေးရန် ဖြစ်၏။ တိန့်ကို တခြားသူများကလည်း နာမည်မတပ်ဘဲ ဝိုင်းဝေဖန်ကြရန် ဖြစ်၏။ လေးဦးဂိုဏ်းကား ထခုန်မတတ် ဝမ်းသာသွားကြ၏။ အောက်တိုဘာလတွင် ဝမ်ဟုန်ဝင်သည် ရှန်ဟဲတော်လှန်ရေးကော်မတီမှခေါင်းဆောင်များနှင့် ကြိမ်ဖန်များစွာတွေ့ဆုံခဲ့၏။ ယဉ်ကျေးမှုဝန်ကြီးဌာနမှပုဂ္ဂိုလ်များနှင့်လည်း ဆွေးနွေးပြီးပြီ။

'အခုအချိန်က သိပ်အရေးကြီးတဲ့အချိန်ပဲ။ ရဲဘော်တို့ရဲ့သေနင်္ဗျူဟာတွေကို ထုတ်သုံးကြတော့။ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး တိုက်ပွဲအတွက် အသင့်ပြင်ကြတော့'ဟုပင် သူက တိုက်ပွဲခေါ်သံဖြင့် တပ်လှန့်ခဲ့၏။

www.foreverspace.com.mm

ရှန်ဟဲမှလေးဦးဂိုဏ်းအမာခံများကို ပေကျင်းသို့စေလွှတ်ကာ လှုပ်ရှား မှုကို စတင်တော့သည်။

'တိန့်ရှောက်ဖိန်ဟာ မြေရှင်တွေရဲ့ ခေါင်းဆောင်ပဲ။ ဟွကိုဖုံး၊ ယိကျန်ယင်း၊ လီရှန်နီယန်တို့က သူ့ရဲ့ တပ်ဗိုလ်တွေပဲ'ဟု ကြွေးကြော်ကြ၏။

တိန့်အဖို့ကား ဒါမျိုးတွေကို ဖြစ်လာမည်ဟု မျှော်လင့်ပြီးသား။ ထို့ကြောင့် သိပ်မတုန်လှုပ်။

'ကေဒါဟောင်းတွေအနေနဲ့ အပုတ်ချခံရရင်လဲ အေးအေးဆေးဆေးရင်ဆိုင်ကြပါ။ ကိုယ့်အလုပ်ကိုယ် ကောင်းကောင်းလုပ်ပြကြပါ။ ကျုပ်တို့ ရာထူးက အချခံထားရတာတောင်မှ ကိုယ့်လုပ်ရပ်တွေနဲ့ ကိုယ့်နိုင်ငံကို အကျိုးပြုခဲ့ကြရမယ်'ဟု သူက ပြောခဲ့၏။

သူသည် အဝေဖန်ခံနေသည့်ကြားမှပင် ဗဟိုကော်မတီအလုပ်များ၊နိုင်ငံတော်ကောင်စီအလုပ်များကို ဆက်လုပ်၏။ ချူအင်လိုင်းထံ ဆေးရုံသို့ မပြတ်သွားတွေ့၏။

ဒီဇင်ဘာ ၈ရက်တွင် ချူအင်လိုင်းသည် ဝမ်ဟုန်ဝင်ကို သီးခြားခေါ်တွေ့ကာ 'ကျန်းကျင်းကို သတိထား'ဟု ပြောခဲ့၏။ အိပ်ယာပေါ်တွင် ဝေဒနာခံစားရင်း ချူသည် သူ့ရဲဘော်ကြီးတိန့်ရှောက်ဖိန်အတွက် လုပ်ပေးနိုင်သမျှ လုပ်ပေးခဲ့ခြင်းဖြစ်၏။

တိန့်ကိုတိုက်ခိုက်မှုများ ကြားရသောအခါ သူ အလွန်စိတ်မကောင်းဖြစ်သည်။ ဒါတွေကို တိန့်တစ်ယောက် ခံနိုင်ရည်မှရှိပါ့မလားဟု သူစိုးရိမ်၏။ ထို့ကြောင့် သူသည် တိန့်တစ်ယောက်တည်း ခေါ်တွေ့ကာ မေး၏။

'ခင်ဗျား အနေအထားပြောင်းဦးမှာလား'

'ဘယ်တော့မှ မပြောင်းဘူး'

'အေး ဒါဆို ကျုပ် စိတ်အေးပြီ'

ရဲဘော်ဟောင်းကြီးနှစ်ဦးသည် ရင်ထဲမှစကားများကို ပြောနေခြင်းဖြစ်၏။ ဤစကားများသည် အလွန်အရေးကြီး၏။ သမိုင်းဝင်စကားများပင်တည်း။

၁၉၇၅ ဒီဇင်ဘာတွင် ပေါ်လစ်ဗျူရိုသည် အစည်းအဝေးများစွာ ကျင်းပကာ တိန့်ရှောက်ဖိန်ကိုတိုက်ခိုက်ခဲ့ကြ၏။ အကြည့်ရဆိုးသည်ကား တိန့်ရှောက်

ဖိန်ကိုတိုက်ခိုက်သော အစည်းအဝေးတိုင်းကို ကြီးမှူးကျင်းပရသူမှာ တိန့်ရှောက်ဖိန်ကိုယ်တိုင်ပင် ဖြစ်၏။

နောက်ပိုင်း တိန့်ရှောက်ဖိန် ပြန်ပြောသောစကားများက မှတ်သားစရာကောင်းလှ၏။

"အစည်းအဝေးတိုင်းမှာ ကျုပ်လုပ်ပေးရတာက နှစ်ခုပဲရှိတယ်။ အစည်းအဝေးစတင်ကျင်းပပါပြီလို့ ပြောရတာရယ်။ အစည်းအဝေးပြီးဆုံးပါပြီလို့ ကြေငြာရတာရယ်ပါပဲ"

ဒီဇင်ဘာ ၂၀တွင် ပေါ်လစ်ဗျူရိုအစည်းအဝေး၌ သူသည် မိမိကိုယ်မိမိ ဝေဖန်ရေးပေးခဲ့ရ၏။သူသည် ဘာမှကြိုတင်စီစဉ်မထားဘဲ လက်တန်းပင် ပြောခဲ့၏။

"ပထမဆုံးပြောချင်တာက ဥက္ကဋ္ဌမော်ကို သူ့ရဲ့ သင်ကြားချက်များနဲ့ ပတ်သက်လို့ ကျေးဇူးတင်ကြောင်း ပြောလိုတာပါ။ ရဲဘော်တို့ကိုလဲ အကူအညီပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဘာအပြစ်ရှိသလဲဆိုတာ တဖြည်းဖြည်းစဉ်းစားမိခဲ့တယ်။ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်းမှာ စက်ရုံတချို့ ရပ်ဆိုင်းခဲ့ရတယ်။ နေရာတချို့မှာ မတော်တဆအထိအခိုက်တွေရှိခဲ့တယ်။ ဖေဖော်ဝါရီနဲ့ မတ်လအတွင်းမှာ မီးရထားသယ်ယူပို့ဆောင်မှုပြဿနာတွေ ကြုံခဲ့ရတယ်။ဒီအတွက် အမျိုးသားထုတ်လုပ်မှုအင်အားလျော့ပါးစေတယ်။ ဒါကြောင့် မီးရထားဌာနမှာ ပြုပြင်ရေးတွေကို စလုပ်ခဲ့ရတယ်။ ရထားပိုင်းဆိုင်ရာ ကောင်းလာတော့ တရုတ်သိပ္ပံအကယ်ဒမီဘက် လှည့်ရပြန်ရော။ ဒီလိုနဲ့ တစ်ဌာနပြီးတစ်ဌာန အပြောင်းအလဲတွေ လုပ်ခဲ့တာ အောင်မြင်မှုတွေ ရတန်သလောက် ရခဲ့ပါတယ်။ ဒါတောင် ရဲဘော်တချို့က ကျွန်တော့်ကိုဝေဖန်ကြတော့ အံ့သြမိပါတယ်။ ကျွန်တော့်ရဲ့အမှားတကာ့အမှားဆုံးလို့ သူတို့စွပ်စွဲကြရင် အဲဒါကတော့ ယဉ်ကျေးမှုတော်လှန်ရေးအပေါ် သဘောထားပါပဲ။ အဲဒါလဲ ကျွန်တော် ပြောပြီးသားပါ။ ကျွန်တော်ကင်းကွာနေခဲ့ရလို့ မသိလို့ မသိတဲ့အကြောင်း ပြောတာပဲဖြစ်ပါတယ်"

အစည်းအဝေးအပြီးတွင် တိန့်သည် မော်ထံသို့စာရေးသည်။ သူ၏မိမိကိုယ်မိမိဝေဖန်ရေးစာတမ်းကိုလည်း ပူးတွဲထည့်ပေးခဲ့၏။

"ဥက္ကဋ္ဌကြီးခင်ဗျာ။ ဒီနေ့ ၂၀ရက်နေ့ ညနေမှာ ကျွန်တော့်အမှားတွေ

ကို ကျွန်တော်ပြောခဲ့ပါတယ်။ အဲဒီစကားတွေကို ကျွန်တော်ပူးတွဲထည့်ပေးလိုက်ပါတယ်။ ဒါက နိဒါန်းသဘောလောက်ပဲ ရှိပါသေးတယ်။ ဥက္ကဋ္ဌကြီးရဲ့ တိုက်ရိုက်သင်ကြားမှု အခွင့်အရေး ရမယ်လို့ မျှော်လင့်ပါသေးတယ်။ အချိန်ကတော့ ဥက္ကဋ္ဌကြီး အဆင်ပြေမယ့်အချိန်ကိုပဲ ရွေးပါ'

၁၉၇၅ ဒီဇင်ဘာတွင် ယဉ်ကျေးမှုတော်လှန်ရေး၏ အဓိကခေါင်းဆောင် ကန်ရှိန် ကွယ်လွန်ခဲ့၏။

ယဉ်ကျေးမှုတော်လှန်ရေးစင်မြင့်မှ ခေါင်းဆောင်မင်းသားကြီး ကန်ရှိန်သည် ၁၉၇၅ ဒီဇင်ဘာ ၁၆တွင် ကွယ်လွန်ခဲ့၏။ ဇာတ်ခုံပေါ်သို့ ဇာတ်ဆောင်တစ်ဦးပြီးတစ်ဦး ဆင်းလိုက် တက်လိုက်။ ပေါ်လိုက် ပျောက်လိုက်။ သူ့အခန်းကို သူသရုပ်ဆောင်ပြီး ကန့်လန့်ကာနောက်ကွယ်ဝင်သွားကြ၏။ ကန်ရှိန်ကား နိုင်ငံရေးဇာတ်ခုံပေါ်တွင် ခေတ္တခဏမျှ တက်လာကာ ဗီလိန်ဂိုးရုပ်နှင့် လူရွှင်တော်အဖြစ်သရုပ်ဆောင်သွားခဲ့သည်။ သူသည် နိုင်ငံ၊ပြည်သူ၊ပါတီတို့အတွက် ပြင်နိုင်၍မရနိုင်လောက်သောဖျက်ဆီးမှုများကိုပြုလုပ်သွားသူဖြစ်၏။ သူသည် ယဉ်ကျေးမှုတော်လှန်ရေးအုပ်စု၏အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် ပေါ်လစ်ဗျူရို အလုပ်အမှုဆောင်ကော်မတီဝင် တရုတ်ကွန်မြူနစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌရာထူးများအထိ တက်လှမ်း ရောက်ရှိခဲ့သည်။ သူ စိတ်ထင်ရာ လက်ညှိုးထိုးပြခဲ့သရွေ့ အပြစ်မဲ့သူများစွာမှာ အဖမ်းခံခဲ့ရ၊ ဘဝပျက်ခဲ့ကြရ၊ သေဆုံးခဲ့ကြရသည်။ သူသည် နောက်ပိုင်းတွင် လေးဦးဂိုဏ်းနှင့် အာဏာလုရာတွင် အဝေမတည့်ဖြစ်ခဲ့၏။ သူ သေကောင်ပေါင်းလဲဖြစ်ပြီး အရိုးပေါ်အရေတင် ဖုတ်လှိုက်ဖုတ်လှိုက်အခြေအနေမှာပင် သူ့နှုတ်ဖျားက ကျန်းကျင်းနှင့်ဇန်ချွန်းကြောင်တို့ကို ဆဲရေးတိုင်းထွာမှုစကားလုံးများအား ဗျစ်တောက်ဗျစ်တောက်ပြောနေဆဲ။

www.foreverstore.com.mm

## ॥ ၄၁ ॥

## ကြေကွဲဖွယ်ရာအဖြစ်သနစ်များ

၁၉၇၅ခုနှစ် ဆောင်းရာသီကား တကယ်ပင် အေးလှ၏။ ဒီဇင်ဘာစော စောပိုင်းကပင် လေအေးများတိုက်ခဲ့၏။ ပြည်သူတို့၏နှလုံးသားများကား ပို၍ အေးစက်လှပါသည်။ ယဉ်ကျေးမှုတော်လှန်ရေး ကိုးနှစ်တာအတွင်း ယခုနှစ်သည်ကား စီးပွားရေးအတိုးတက်ဆုံးနှစ် ဖြစ်၏။ စက်မှုနှင့်စီးပွားရေး နှစ်ခုပေါင်းသည် ၁၁.၉ ရာခိုင်နှုန်း တက်လာသည်။ တိန့်ရှောက်ဖိန်၏ ကြိုးပမ်းမှုဖြင့် ဇလအတွင်း ဤမျှစီးပွားရေးခေါင်းထောင်လာခြင်းဖြစ်သည်။ သို့သော် တိုးတက်မှုသည် ကြာရှည်မခံလှပါ။ 'တိန့်'ကိုဝေဖန်ရေးနှင့်အတူ တရုတ်ပြည်၏စီးပွားရေးသည်လည်း ပြန်လည်ကျဆင်းလာ၏။ ပြန်လည်ပြုပြင်ပြောင်းလဲရေးများသည် ရပ်တန့်သွားပြီ။ နိုင်ငံတော်သည် လှုပ်လှုပ်ရွရွနှင့် မတည်မငြိမ်ဖြစ်လာပြန်ပြီ။

၁၉၇၆ နှစ်သစ်တွင် 'တိန့်'ကို 'မိမိကိုယ်မိမိ ဝေဖန်ရေး'အသစ်တစ်ခု ပေးရန် တောင်းဆိုလာကြပြန်၏။ ဤသည်ကို 'နောက်ဆက်တွဲဝေဖန်မှု'ဟုခေါ်ကြ၏။'တိန့်'၏ဝေဖန်ရေးသစ်ကလည်း ယခင်ကအတိုင်း မပြောင်းလဲပါ။ သူက မော်ကို စာရေးခဲ့သည်။

'ပေါ်လစ်ဗျူရိုရှေ့မှာ ကြိုတင်ဝေဖန်ရေးလုပ်ပြီးနောက်မှာ ရဲဘော်မော်ယွမ်ဇင်က ဥက္ကဋ္ဌကြီးရဲ့အရေးကြီးတဲ့ညွှန်ကြားချက်တွေကို လက်ဆင့်ကမ်းပါတယ်။ ပထမ ရဲဘော် ၆ဦးက ဝေဖန်ခဲ့ကြတယ်၊ နောက်အစည်းအဝေးနှစ်ခုမှာ ကျွန်တော့်အမှားတွေကို ရဲဘော်တွေက တင်းတင်းကြပ်ကြပ်ကို စိစစ်သုံးသပ်ခဲ့ကြတယ်။ ကျွန်တော့်ရဲ့ မိမိကိုယ်မိမိဝေဖန်ချက်ဟာ မပြည့်စုံဘူးလို့ ပြောကြတယ်။

www.foreverspace.com.mm



ကျွန်တော့်ကိုဝေဖန်ကြတာတွေ ဆက်လုပ်ကြရပါမယ်။ ဒါပေမယ့် ကျွန်တော်က ဥက္ကဋ္ဌကြီးကို ပုဂ္ဂိုလ်ရေးအနေနဲ့ သီးသန့် တင်ပြချင်ပါသေးတယ်။ ဥက္ကဋ္ဌကြီးဆီက သင်ယူမှုတွေရချင်ပါသေးတယ်။ ဥက္ကဋ္ဌကြီးအားရင် ကျွန်တော့်ကို သင်ကြားပေးပါဦး'

မော်စီတုံးက သူ့ကို လက်ခံတွေ့ဆုံခြင်းမပြုပါ။ တိန့်၏ဒုတိယမြောက် မိမိကိုယ်မိမိဝေဖန်ရေးကိုဖတ်ပြီးနောက် ဇန်နဝါရီ ၁၄ရက်တွင် မော်သည် ၎င်းနှင့်ပတ်သက်ပြီး အမိန့်တစ်ခု ထုတ်ခဲ့၏။

'ဒါကို ပုံနှိပ်ပြီး ပေါ်လစ်ဗျူရိုမှာ ဆွေးနွေးဖို့ တင်ပြကြ'

တကယ်တော့ မော်သည် မကျေနပ်သေး။ ဆက်လက်ဆွေးနွေးခိုင်းခြင်းသည် တိန့်ရှောက်ဖိန်ကို ဆက်လက်ဝေဖန်ခိုင်းခြင်းပင်ဖြစ်၏။

နိုင်ငံရေးအခြေအနေ အုံ့ဆိုင်းမှိုင်းဝေနေဆဲတွင် ချူအင်လိုင်း၏ ကျန်းမာရေးမှာလည်း အခြေအနေ ပိုဆိုးသည်ထက် ဆိုးလာ၏။ ၁၉၇၃ ဇွန်လ ၁ရက်နေ့မှ စ၍ ဆေးရုံတက်ခဲ့ရာ ၁၉၇၆ ဇန်နဝါရီ၈ရက်နေ့အထိ ခွဲစိတ်မှု ၁၀ကြိမ်ခံခဲ့၏။ ထိုအချိန်ပိုင်းမှာပင် ဗဟိုကော်မတီခေါင်းဆောင်များနှင့် ၁၆၁ကြိမ် ဆွေးနွေး၊ တခြားဗဟိုကော်မတီဝင်များနှင့် ၅၅ကြိမ် စကားပြော၊ နိုင်ငံခြားဧည့်သည်၆၃ဦးနှင့် တွေ့ဆုံခဲ့သည်အထိ တာဝန်ထမ်းဆောင်ခဲ့၏။

၁၉၇၆ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့ နံနက် ၉း၅၇ တွင် တရုတ်ပြည်သူတို့၏သားကောင်း၊ သစ္စာရှိသောကွန်မြူနစ်၊ တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရ၏အထက်မြက်ဆုံးခေါင်းဆောင်ကြီးချူအင်လိုင်းသည် ကွယ်လွန်ခဲ့ရှာပြီ။ ကွယ်လွန်ချိန်၌ သူ့ အသက် ၇၈နှစ် ရှိပြီ။

စျာပနကော်မတီကို ဇန်နဝါရီ၉ ရက်နေ့တွင် ကြေညာ၏။ မော်စီတုံး၊ ဝမ်ဟုန်ဝင်၊ တိန့်ရှောက်ဖိန်နှင့် ချူတေးတို့ဦးဆောင်ပြီး အဖွဲ့ဝင်၁၀၇ဦး ပါဝင်၏။ တိန်အန်မင်ရင်ပြင်ရှိ လုပ်သားပြည်သူ့ယဉ်ကျေးမှုနန်းတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလံတစ်ဝက် လွှင့်ထူခဲ့၏။ သွေးနီရောင်နောက်ခံပေါ်မှ အဝါရောင်ကြယ်ငါးပွင့်ပါသော အလံတော်သည် အေးစက်သော လေပြေညှင်းတွင် တလွင့်လွင့်လူနေ၏။

ပါတီနှင့် အစိုးရခေါင်းဆောင်များ၊ ကြေကွဲသူ တစ်သောင်းကျော်တို့

သည် ဇန်နဝါရီ ၁၀ နှင့် ၁၁တို့တွင် ပေကျင်းဆေးရုံသို့ စုဝေးရောက်ရှိလာကြကာ ချူအင်လိုင်းကို ဂါရဝပြုကြ၏။ ပြည်သူတစ်ရပ်လုံး ကြေကွဲနေကြသော်လည်း လေးဦးဂိုဏ်းကတော့ ဝမ်းသာနေကြပုံပေါ်၏။ သူတို့၏ အနှောင့်အယှက် အတားအဆီးကြီးတစ်ခုကား ပြိုလဲခဲ့ချေပြီ။

ယောင်ဝေယွမ်သည် ပြည်သူ့နေ့စဉ်တွင် ချူအကြောင်းဖော်ပြမှုများကို ပိတ်ပင်ခဲ့၏။ ချူကွယ်လွန်ပြီး ဖရက်အတွင်းတွင် ချူနှင့်ပတ်သက်သော ဆောင်းပါး နှစ်ပုဒ်သာ ဖော်ပြခဲ့၏။

အသုဘအခမ်းအနားတွင် အားလုံးက ကြေကွဲဝမ်းနည်းမှုကို ထိန်းချုပ်မရနိုင်ကြသော်လည်း ကျန်းကျင်းကား ဦးထုပ်ပင် မချွတ်ခဲ့။ တစ်မိနစ်ငြိမ်သက်ဂါရဝပြုစဉ်တွင်လည်း သူသည် ဂဏှာမငြိမ်ဘဲ တောင်ကြည့်မြောက်ကြည့်လုပ်နေခဲ့၏။ သူမ၏ မူပျက်နေသောဟန်ပန်ကို နိုင်ငံတစ်ဝှန်းလွှင့်နေသော ရုပ်မြင်သံကြားကြည့်ပရိသတ်များက အထင်းသားမြင်ခဲ့ကြရ၏။

လေးဦးဂိုဏ်း၏နောက်လိုက် ယဉ်ကျေးမှုဝန်ကြီးကလည်း ပြဇာတ်ရုံများ မပိတ်ဘဲ ပြမြဲပြရန် ညွှန်ကြားခဲ့၏။ ဈာပနအခမ်းအနားနေ့တွင်ပင် မပိတ်ရဟု အမိန့်ထုတ်ခဲ့၏။ လေးဦးဂိုဏ်းက ဝမ်းနည်းခြင်းအထိမ်းအမှတ် အနက်ရောင်လက်ပတ် ပတ်ခြင်း၊ ချူအင်လိုင်းပုံကို ရုံးများ ဌာနများတွင် ချိတ်ဆွဲခြင်းများ မပြုရန် ပိတ်ပင်ခဲ့၏။

ဇန်နဝါရီ ၁၁ ရက်တွင် ချူအင်လိုင်း၏ရုပ်ကလာပ်ကို တော်လှန်သောအာဇာနည်များဗိမာန်သို့ ဆောင်ကြဉ်းလာကြ၏။ ပေကျင်း၊ ရှန်ဟဲ၊ တီယင်စင်၊ ဂွမ်ဇု၊ ဝုဟန်၊ ဇီယန်၊ နန်ကျင်း၊ ချုံကင်း၊ နေရာတကာတွင် ဝမ်းနည်း ကြေကွဲသောအခမ်းအနားများကျင်းပကြ၏။ လေးဦးဂိုဏ်းက တားမြစ်ပိတ်ပင်ရာ ပြည်သူတို့၏ဒေါသက သူတို့အပေါ် ပုံကျတော့၏။

အသုဘအခမ်းအနားကို ဇန်နဝါရီ ၁၅တွင် မဟာပြည်သူ့ခန်းမ၌ ကျင်းပခဲ့၏။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီ၏ ဒုတိယဝန်ကြီးချုပ်၊ ဗဟိုစစ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ၊ တိန့်ရှောက်ဖိန်က ဂုဏ်ပြုချီးကျူးလွှာ ဖတ်ကြား၏။

'ရဲဘော်ချူအင်လိုင်းဟာ ပါတီနဲ့ပြည်သူအပေါ် သစ္စာရှိသူ ဖြစ်တယ်။ သူဟာ ဥက္ကဋ္ဌမော်ရဲ့ပစ္စည်းမဲ့တော်လှန်ရေးလမ်းကြောင်းကို သယ်ဆောင်ခဲ့တယ်။ တရုတ်ပြည်သူတို့ လွတ်မြောက်ရေးအတွက် ကွန်မြူနစ်အောင်ပွဲအတွက် သူဟာ ရဲဝံ့စွာတိုက်ခိုက်ခဲ့တယ်။ ပြည်သူ့တာဝန်ကို နှိမ့်ချရိုကျိုးစွာ ထမ်းဆောင်ခဲ့တယ်။ အရာရာကို သူ စွန့်လွှတ် အနစ်နာခံခဲ့တယ်။ သူ့ဘဝတစ်လျှောက်လုံး ကွန်မြူနစ် ဝါဒအတွက် တိုက်ပွဲဝင်ခဲ့တယ်။ သူ့ဘဝတစ်လျှောက်လုံး တော်လှန်ရေးအတွက် ရပ်တည်ခဲ့တယ်။ သူဟာ ကျွန်တော်တို့ပါတီတစ်ရပ်လုံး၊ တပ်မတော်တစ်ခုလုံး၊ ပြည်သူအားလုံးတို့အတွက် စံပြပုဂ္ဂိုလ်ပဲ'

ရာစုနှစ်တစ်ဝက်နီးပါးမျှ သူနှင့်ချူအင်လိုင်းသည် ရင်းရင်းနှီးနှီးသိကျွမ်းခဲ့ကြ၏။ ဘေးချင်းယှဉ်တွဲ တိုက်ပွဲဝင်ခဲ့ကြ၏။ ယခုမိန့်ခွန်းသည် သူ၏နောက်ဆုံးဂုဏ်ပြုခြင်းပင် ဖြစ်၏။

ချူ၏ဆန္ဒအတိုင်း သူ၏အရိုးပြာကို နိုင်ငံအနှံ့ တောင်တန်းများ၊ မြစ်ချောင်းများပေါ် ဖြန့်ကြဲလိုက်၏။ ၂၀ရာစု၏ အကြီးကျယ်ဆုံးတရုတ်အမျိုးသားကြီး ချူအင်လိုင်းသည် သူ့ပြည်သူ့ရွာကို ယခုကဲ့သို့ နောက်ဆုံး အကျိုးပြုခဲ့၏။ သူကား ပြည်သူတို့၏ နှလုံးသားဝယ် မည်သည့်အခါမှ မမေ့ပျောက်နိုင်သည့် ထာဝရသူရဲကောင်းကြီးတစ်ဦး ဖြစ်ချေသည်။

## ။ ၄၂ ။
## တိန့်ကို ဝေဖန်ကြ၊ လက်ျာယိမ်းဝါဒီများ၏ ကြိုးပမ်းမှုများကို ဆန့်ကျင်ကြ

၁၉၇၆ ဇန်နဝါရီ၁၅ရက် ချူအင်လိုင်းအသုဘအခမ်းအနားတွင် ဂုဏ်ပြုမိန့်ခွန်းပြောကြားခဲ့သော တိန့်ရှောက်ဖိန်၏ ပုံရိပ်ကို နိုင်ငံတော် ရုပ်မြင်သံကြား ဖန်သားပြင်တွင် နောက်ဆုံးတွေ့ကြရခြင်းဖြစ်၏။ နောက်ပိုင်းတွင်ကား တိန့်ကို ဝေဖန်မှုများ ပြင်းထန်လာခဲ့၏။

မော်သည် ပေါ်လစ်ဗျူရိုအား တိန့်၏ မိမိကိုယ်မိမိသုံးသပ်ဝေဖန်မှုနှစ်ခုကို ချဆွေးနွေးခိုင်းရာ ချူအင်လိုင်းစျာပနကြောင့် ရက်ရွှေ့ထားခဲ့ရ၏။ ဇန်နဝါရီ ၂၀တွင်ကား ဤလုပ်ရှားမှု ပြန်စ၏။

တိန့်ကား နောက်တစ်ချီ အရာကျတော့မည်ကို ကြိုသိနေပေပြီ။ ထို့ကြောင့် သူသည် ပေါ်လစ်ဗျူရိုကို တင်ပြလိုက်၏။

"ကျွန်တော့်ကို မှားတယ်လို့ ယူဆကြရင် ကျွန်တော့်ရဲ့ အခြေခံရပ်တည်ချက်ဟာလဲ မှားနေမှာပဲ။ ဒါဆိုရင် ကျွန်တော်လုပ်ခဲ့သမျှလဲ အမှားတွေချည်းဖြစ်နေမှာပါ။ ဒါကြောင့် ကျွန်တော်ဟာ အရေးကြီးတဲ့တာဝန်တွေကို ထမ်းဆောင်ဖို့ သင့်လျော်တဲ့သူ မဟုတ်တော့ပါဘူး"

ယခုအချိန်ပါဆိုလျှင် သူ ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေးပေးခဲ့တာ သုံးကြိမ်ပင် ရှိခဲ့ပြီ။ ဒါတွေကို မော်က မကျေနပ်သေးကြောင်း သူသိ၏။ သူ အေးအေးသက်သာနုတ်ထွက်ခွင့်တောင်းတာကို လေးဦးဂိုဏ်းက မကျေနပ်ကြောင်း သူသိ၏။ သူ့ကို အပုတ်ချပြီးမှဖယ်ရှားကြမည်ကိုလည်း သူရိပ်စားမိသည်။

ယခု သူသည် နားအတော်ထိုင်းနေပြီ။ သူ့ကို ဝေဖန်မှုများကို မကြား

www.foreverspace.com.mm



တစ်ချက်ကြားတစ်ချက်။ တကယ်လည်း သူ ဘာမှ မကြားချင်ပါ။ ဘာမှလည်း လျှောက်လဲချက် မတင်လိုတော့ပါ။

နောက်ဆုံးသည် သူသည် မော်ထံ စာရေးရပြန်တော့၏။

"ဉက္ကဋ္ဌကြီး ဒီဇင်ဘာ ၂၀နဲ့ ဇန်နဝါရီ ၃တို့မှာ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေးလုပ်ခဲ့ပြီးပါပြီ။ ဉက္ကဋ္ဌကြီးကလဲ ပေါ်လစ်ဗျူရိုကို ဝေဖန်ဖို့ညွှန်ကြားပြီးပါပြီ။ ကျွန်တော် ဘာကြောင့် ဉက္ကဋ္ဌကြီးနဲ့တွေ့ဖို့ တောင်းနေသလဲဆိုတာ ရဲဘော်တွေက သိချင်ကြတယ်။ ကျွန်တော် ဉက္ကဋ္ဌကြီးနဲ့တွေ့ဖို့ တောင်းခံတာ နှစ်ကြိမ် ရှိခဲ့ပါပြီ။ ကျွန်တော့်အမှားကို တင်ပြချင်တာကြောင့်ရယ်၊ ဉက္ကဋ္ဌကြီးရဲ့ပြင်ဆင်မှုတွေကို ကိုယ်တိုင် ခံယူချင်တာကြောင့်ရယ်၊ ကျွန်တော့်တာဝန်တွေကို ပြောချင်တာကြောင့်တွေရယ် တွေ့ခွင့်တောင်းတာပါ။ ကျွန်တော် အဝေဖန်ခံနေရတဲ့ ခုလိုကာလမျိုးမှာ ဒီအခွင့်အရေးတွေ တောင်းဆိုရတာ အားတော့နာပါတယ်။ ကျွန်တော်ကို အာဏာမစွန့်လွှတ်ချင်သူရယ်လို့လဲ မထင်စေချင်ပါဘူး။ ကျွန်တော့်ကိစ္စကို မြန်မြန်အဆုံးအဖြတ်ပေးစေလိုပါတယ်။ ကြာရင် အခြေအနေတွေက ပိုရှုပ်ထွေးလာနိုင်ပါတယ်။ ကျွန်တော်လဲ အမှားတွေ ပိုလုပ်မိလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်ကို ဗဟိုကော်မတီရဲ့ခေါင်းဆောင်တာဝန်က နုတ်ထွက်ခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ ကျွန်တော်ဟာ အရေးကြီးတဲ့တာဝန်တွေကို တာဝန်ယူနိုင်တဲ့ သင့်လျော်တဲ့သူ မဟုတ်တော့ပါဘူး"

တိန့်ရှောက်ဖိန်က လက်မှတ်ထိုးလိုက်သည်။ နေ့စွဲမှာ ဇန်နဝါရီ ၂၀ ရက်ည။

"တိန့်ရှောက်ဖိန်ရဲ့အလုပ်နဲ့ပတ်သက်လို့ နောက်မှပြောကြတာပေ့ါ။ သူ့ရဲ့တာဝန်တွေတော့ လျှော့ပေ့ါကွာ လုံးလုံးလျားလျားတော့မဟုတ်ဘူးပေ့ါ။ မင်းတို့ သူ့ကို တစ်ချက်ထဲနဲ့တော့ အလဲမထိုးလိုက်ကြပါနဲ့ကွာ"ဟု မော်က မော်ယွမ်ဇင်ကို ပြော၏။

"ဉက္ကဋ္ဌကြီးဆိုလိုတာက သူ့ကို အတိတ်က အမှားတွေကို ပြန်ဆင်ခြင်ခိုင်းတာပေ့ါ ဟုတ်လား။ လူနာကိုလက်ခံပြီး ရောဂါတွေကုပေးတဲ့သဘောပေ့ါ"

"ဟုတ်တယ်"ဟု မော်က ပြန်ပြောလိုက်သည်။

တိန့်သည် ဗဟိုအစိုးရ၏ အထွေထွေကိစ္စများတွင် ဆက်လက် ဆောင်

ရှက်ရန် သိပ်မကြာတော့မည်မှာ သေချာ၏။ သို့သော် သူ့နေရာကို မည်သူက အစားထိုးမည်နည်း။မော်ယွမ်ဇင်က ဒုဝန်ကြီးချုပ်သုံးဦး၏အမည်စာရင်းကို တင်ပြ၏။ ဟွကိုဖုန်း၊ ဂျိဒင်ကွီ၊ ချိန်ဇီလျန်။

"ဟွကိုဖုန်းကို ပေးလိုက်ကွာ။ သူကိုယ်တိုင်က ဝန်ခံထားတယ်။ သူ့ရဲ့ နိုင်ငံရေးအဆင့်က သိပ်မမြင့်ဘူးတဲ့။ ဒါဆို တိန့်ရှောက်ဖိန်က နိုင်ငံတကာကိစ္စကို ကိုင်နိုင်တာပေါ့" ဟု မော်ကပြော၏။

မော်စီတုံးက တိန့်ကို ဝေဖန်သည် ကြား၍ လေးဦးဂိုဏ်းက ဝမ်းသာသွား၏။ သို့သော် သူ့ကို တစ်ခါတည်း အပြုတ်မနှံသေးဘဲ နိုင်ငံတကာကိစ္စကို ဆက်ကိုင်ခိုင်းမည်သိရ၍ကား မကျေနပ်ကြ။ နောက်တစ်ခု လေးဦးဂိုဏ်းမကျေနပ်တာ ရှိသေး၏။

တိန့်ရှောက်ဖိန်ကို အလဲထိုးပြီးလျှင် ဝမ်ဟုန်ဝင်သည် ဗဟိုအစိုးရ၏ အထွေထွေကိစ္စများကို ဆက်လက်ကိုင်တွယ်မည်ဖြစ်၏။ ယခုအံ့သြသွားတာက မူ မော်သည် ဟွကိုဖုန်းကို ဗဟိုအစိုးရ၏ အထွေထွေကိစ္စရော နိုင်ငံတော်ကောင်စီကိစ္စရော ကိုင်တွယ်စေရန် ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်၏။ ကျန်းကျင်းက ဤအကွက်ကို လုံးဝတွက်မထား။ လေးဦးဂိုဏ်းက အောင်ပွဲလက်တစ်ကမ်းအလိုဟု သေချာပေါက်တွက်ထားသော်လည်း ယခု ဖျက်မြင်းဟွကိုဖုန်းက ပေါ်လာချေပြီကော။

သို့သော် လေးဦးဂိုဏ်းက တိန့်ရှောက်ဖိန်အပြုတ်ချရေးကို ဆက်လက်ဆောင်ရွက်၏။ ၁၉၇၆ခု ဖေဖော်ဝါရီ ၂တွင် ပါတီဗဟိုကော်မတီက ထိုနှစ်၏ ပထမဆုံးတရားဝင်ကြေညာချက်ကို ထုတ်ပြန်၏။ မော်စီတုံး၏တိုက်တွန်းချက်အရ ပေါ်လစ်ဗျူရိုမှာ ဟွကိုဖုန်းကို နိုင်ငံတော်ကောင်စီ၏ယာယီဝန်ကြီးချုပ်ခန့်အပ်လိုက်ခြင်းပင် ဖြစ်သည်။ မော်၏ သဘောတူညီချက်အရပင် ရဲဘော်ချိန်ဇီလျန်းကို ဗဟိုစစ်ကော်မရှင်အကြီးအကဲအဖြစ်လည်း ခန့်အပ်ခဲ့၏။

ယခင်နှစ်ကပင် ဗဟိုကော်မတီသည် တိန့်ရှောက်ဖိန်ကို ဗဟိုစစ်ကော်မရှင်၏ ဒုဥက္ကဋ္ဌ၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့ပြီးပြီ။ ယခု တစ်နှစ်အကြာတွင် တစ်မျိုးပြောင်းသွားခဲ့ပြီ။ ပါတီနှင့် နိုင်ငံတော်ကောင်စီ၏ အလုပ်များမှ တိန့်ရှောက်ဖိန်ကို ဖယ်ရှားလိုက်သည့်အပြင် ယိကျန်

ယင်းကို ကျန်းမာရေးမကောင်းဟု ကြေညာခဲ့သည်။ သူ့ကို စစ်ကော်မရှင်တွင် မထည့်တော့။

တိန့်အပြင် ယီသည်လည်း ယဉ်ကျေးမှုတော်လှန်ရေးတွင် အပယ်ခံရသူ ဖြစ်၏။သို့သော် မော်သည် လေးဦးဂိုဏ်း၏အဖွဲ့ဝင်များကိုလည်း အစိုးရ သို့မဟုတ် တပ်မတော်တွင် နေရာမပေးခဲ့။

တိန့်မှာ ပါတီ၊ အစိုးရနှင့် စစ်ရေးရာထူးများမှ ဖယ်ရှားခြင်း မခံရသေးသော်လည်း သူသည် မည်သည့်တာဝန်မှ တကယ်တမ်း မထမ်းဆောင်ရတော့။ သူ့အနေဖြင့် အိမ်မှာ သားသမီးများ မြေးများနှင့် အချိန်များများနေရတော့၏။

ဖေဖော်ဝါရီ ၁၉၇၆ တွင် မော်စီတုံး၏ ကျန်းမာရေးက ပို၍ဆိုးလာ၏။ ထိုလကုန်တွင် အမေရိကန်သမ္မတနစ်ဆင် တရုတ်ပြည်သို့ လာလည်၏။ သူ၏ ခရီးစဉ်ကို နောက်ပိုင်းတွင် 'ခေါင်းဆောင်များ' စာအုပ်၌ ရေးသားခဲ့သည်။

မော်စီတုံး၏ကျန်းမာရေးအခြေအနေမှာ အတော်ပင်ယိုယွင်းနေပြီ။ သူ၏စကားသံများမှာ ဗလုံးဗထွေးနှင့်မပီမသရှိလှ၏။ ကျွန်တော်ပြောသမျှကို သူနားလည်၏။ သို့သော် သူက ကြိုးစားပြီး ဖြေသောအခါမူ စကားလုံးများသည် သူ့နှုတ်ဖျားမှထွက်မလာတော့။ သူသည် စာရွက်တစ်ရွက်ကို ယူကာ စာလုံးများ ရေးခြစ်ပြီးပြော၏။ သူ့ကိုကြည့်ရသည်မှာ ရင်ထဲတွင် နာကျင်စရာကောင်း၏။ မည်သူက မည်သို့ပင်ဆိုစေကာမူ သူသည် အဆုံးအထိ တိုက်ပွဲဝင်သွားသူဟူသည်ကိုကား မည်သူမျှ ငြင်း၍မရ။

မတ်လ ၃ ရက်တွင် ဗဟိုကော်မတီ၏တောင်းပန်မှုဖြင့် 'မော်စီတုံး၏ အရေးကြီးသောလမ်းညွှန်ချက်များ' ကို ထုတ်ဝေ၏။ တိန့်နှင့် လက်ျာဝါဒီသွေဖီ ရေးသမားများကို တိုက်ခိုက်ရန်အတွက် မော်ယွမ်ဇင်က စုစည်းထုတ်ဝေခြင်းဖြစ်၏။ တိန့်ရောက်ဖိန်အား အကြီးစားဝေဖန်ရေးလှုပ်ရှားမှုကား တရားဝင်စလေပြီ။

လေးဦးဂိုဏ်း၏ ရှည်ကြာစွာစောင့်မျှော်ခဲ့ရသောအချိန်ကား နောက်ဆုံးတွင် ကျရောက်လာပြီ။ ဖေဖော်ဝါရီအစည်းအဝေးတွင် ဇန်ချွန်းကြောင်က တိန့်ရောက်ဖိန်ကို 'လက်ဝါးကြီးအုပ်ဘုရှွာ' 'ကွန်ပရာဒိုနေရှင်ဝါဒီ' 'ပြန်လည်ပြင်ဆင်ရေးဝါဒကို ပြည်တွင်း၌ ကျင့်သုံးပြီး ပြည်ပတွင် လက်မြှောက် အရှုံးပေးသူ' စသဖြင့် တံဆိပ်မျိုးစုံကပ်ပြီး ဝေဖန်ခဲ့၏။

မတ်လ ၂ရက်နေ့တွင် ကျန်းကျင်းသည် ပြည်နယ် ၁၂ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ရဒေသများမှ ခေါင်းဆောင်များကို စုဝေးစေကာ မိန့်ခွန်းရှည်ကြီးတစ်ခု ပြော၏။

"တိန့်ရှောက်ဖိန်ဟာ ကောလဟာလစက်ရုံရဲ့အထွေထွေမန်နေဂျာပဲ။ တန်ပြန်တော်လှန်ရေးရဲ့ စစ်ဦးစီးချုပ်ပဲ။ မဟာသစ္စာဖောက်ကြီးပဲ။ ဘူဇွာကွန်ပရာဒိုပဲ။ ရန်သူကို ပူးပေါင်းဆန့်ကျင်ကြ။ တိန့်ရှောက်ဖိန်ကို ဆန့်ကျင်ကြ"

လေးဦးဂိုဏ်းအုပ်စုသည် သတင်းစာတိုင်း ဂျာနယ်တိုင်းတွင် တိန့်ဆန့်ကျင်ရေးဆောင်းပါးများကို ထည့်ကြ၏။

"ကေဒါဟောင်းတွေဟာ ဒီမိုကရက်တစ်အုပ်စုဝင်တွေပဲ။ ဒီမိုကရက်တစ်အုပ်စုဆိုတာ ဓနရှင်လမ်းကြောင်းလိုက်သူတွေပဲ" ဟု ကျန်းကျင်းက ဆက်ပြော၏။

လှုပ်ရှားမှုများ အရှိန်အဟုန်ကြီးလာသည်နှင့်အမျှ တစ်ပြည်လုံး မတည်မငြိမ်မှုများလည်း ဖြစ်လာ၏။ စက်ရုံများသည် ကုန်ထုတ်စွမ်းအား ပြည့်မမီနိုင်တော့။ တချို့စက်ရုံများ ရပ်လိုက်ရ၏။ အလုပ်သမားများကို လစာပင် မပေးနိုင်တော့။ ရထားလမ်းတွေ ပြတ်တောက်ကုန်ပြန်သည်။ သင်္ဘောဆိပ်တွေမှာ ကုန်တွေ တောင်လိုပုံနေ၏။

တိန့်တို့၏ ပြန်လည်ပြုပြင်ရေးဝါဒကို အကောင်အထည်ဖော်ခဲ့ကြသူ ဗဟိုကော်မတီခေါင်းဆောင်များမှာ အလုပ်ပြုတ်ကုန်ကြ၏။

ယဉ်ကျေးမှုတော်လှန်ရေးကာလ ၁၀နှစ်တာအတွင်းတွင် တရုတ်ပြည်သူများသည် အရှင်လတ်လတ် ငရဲကျရောက်ခဲ့ကြသည်။ အသက်ကိုပင် ဖြောင့်အောင် မရှူရဲဘဲ ဘယ်နေ့ ငါ့အလှည့်ကြမ္မာဆိုးရောက်မလဲဆိုတာကိုပင် ရင်ထိတ်ရင်း ရင်လျက်နှင့် သေနေကြရရှာသည်။

www.foreverspace.com.mm

## ။ ၄၃ ။
## မဟာပြေ ၅ လှုပ်ရှားမှု

ကျန်းကျင်း၏အဆိုအရ ‘ကေဒါဟောင်း၇၅ရာခိုင်နှုန်းဟာ ခေနရှင်လမ်းကြောင်း လိုက်သူတွေပဲ’ဟူ၍ ဖြစ်၏။ ကွမ်မင်းနေ့စဉ်က ယာယီဝန်ကြီးချုပ်ဟွကိုဖုန်းကိုပင် ဝေဖန်လာ၏။ ပြည်သူတို့ကား ကြာရှည်သည်းမခံနိုင်ကြတော့။ သူတို့လေးစားချစ်ကြည်ညိုကြသော ချူအင်လိုင်း၊ တိန့်ရှောက်ဖိန်တို့ကို ပုတ်ခတ်စွပ်စွဲချက်တွေက လွန်လာပြီ။ အထူးသဖြင့် တစ်ချိန်က တတိယတန်းစားရုပ်ရှင်မင်းသမီးအဆင့်သာ ရှိခဲ့ဖူးသူ ကျန်းကျင်းလို မိန်းမမျိုးက အစဉ်အလာရှိသော ခေါင်းဆောင်များကို အသားလွတ်ပုတ်ခတ်ရှုတ်ချခြင်းကို မခံနိုင်ကြတော့။

ပြည်သူ့ဒေါသသည် ဖေဖော်ဝါရီနှင့် မတ်လတွင် စတင်ခဲ့တော့သည်။ တရုတ်ပြည် အရှေ့ပိုင်း ဖူကျင့်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၃၌ လေးဦးဂိုဏ်း၏ ရာဇဝတ်မှုများဟူသော ပိုစတာတက်လာ၏။ ဖေဖော်ဝါရီ ၂၆တွင် ဖူကျို့တက္ကသိုလ် ပါမောက္ခတစ်ဦးက လင်ပြောင်နှင့်လေးဦးဂိုဏ်းကို ဝေဖန်သော ပိုစတာရေးခဲ့သည်။ ဟုဘေ့ပြည်နယ်၏မြို့တော် ဝူဟန်တွင် မတ်လ၂ရက်နေ့၌ ‘ဝန်ကြီးချုပ်ချူအင်လိုင်း၏ဆန္ဒကို ဆက်လက်ဖြည့်ဆည်းကြ’ဟူသောပိုစတာများ ထောင်လာကြ၏။ မတ်လ၉ရက်တွင် ဂွီကြိုပြည်နယ်၊ ဂွီယန်းမြို့၌ အလုပ်သမားများက ‘လက်ရှိအခြေအနေနှင့် ကျွန်ုပ်တို့၏တာဝန်သစ်များ’ဟု စာတမ်းတင်ကြ၏။ ဝူဟန်ဘွိုင်လာစက်ရုံမှအလုပ်သမား၂၀၀သည် မတ်လ ၂၆တွင် ကျန်းကျင်းနှင့် ဇန်ချွန်းကြောင်တို့ကို ပြောင်ပင်ဝေဖန်ရေးလုပ်ခဲ့၏။ နိုင်ငံအနှံ့အပြားတွင် လေးဦးဂိုဏ်းဆန့်ကျင်ရေးပိုစတာများ၊ကြွေးကြော်သံများ၊ကြေညာစာတမ်းများ ပလူပျံ ထွက်ပေါ်လာနေပြီ။

ရှန်ဟဲသတင်းစာ ဝမ်ဟွီဘိုကမူ မတ်၂၃ရက်တွင်လည်းကောင်း၊ ၂၅ ရက်တွင်လည်းကောင်း ချူအင်လိုင်းကို ဝေဖန်သောဆောင်းပါးများ ထည့်လာကြ၏။ ရေပြင်ပေါ်ခဲကျသကဲ့သို့ ဂယက်များစွာ ရိုက်ထလာတော့သည်။ လူများစွာ ဒေါသအိုးပေါက်ကွဲကုန်တော့၏။

'မင်းတို့ ဘယ်လောက်သတ္တိရှိလို့ ဝန်ကြီးချုပ်ချူအင်လိုင်းကို ဝေဖန်ရဲတာလဲ'

'ဝမ်ဟွီဘိုသတင်းစာကို ကြိုးကိုင်နေတဲ့သူတွေက ဘယ်သူတွေလဲ'

'အမှန်တရားကိုပြောဖို့ ပြည်သူက ဝမ်ဟွီဘိုသတင်းစာကို စောင့်နေကြပြီ'

ဧပြီလ တစ်ရက်တွင် တရုတ်ရိုးရာနေ့တစ်နေ့ရှိ၏။ မိမိတို့ ချစ်ခင်လေးစားသောပုဂ္ဂိုလ်များ၏ ဂူသင်္ချိုင်းများတွင် သွားရောက်ဂါရဝပြုဆုတောင်းကြသောနေ့။ ယခုလည်း ချူအင်လိုင်း၏အုတ်ဂူတွင် ဆုတောင်းပွဲများလုပ်ကြတော့၏။ ချူကွယ်လွန်စဉ်က ဝမ်းနည်းမှုအခမ်းအနားများ မလုပ်ကြရန် လေးဦးဂိုဏ်းအုပ်စုက တားဆီးခဲ့ဖူးသည်။

မတ်လ ၁၉ ရက်နေ့က ပေကျင်းမူလတန်းကျောင်းမှ ကလေးငယ်များသည် ဝန်ကြီးချုပ်ချူအင်လိုင်း အုတ်ဂူရှိရာ တိန်အန်မင်ရင်ပြင်ရှိ ပြည်သူ့သူရဲကောင်းဗိမာန်သို့ သွား၍ လွမ်းသူ့ပန်းခွေ ချခဲ့ကြ၏။ ဤသည်မှာ လေးဦးဂိုဏ်းကိုဆန့်ကျင်သည့် ပြည်သူ့တိုက်ပွဲမီးတောက် စတင်ထွန်းညှိလိုက်ခြင်းပင်ဖြစ်၏။

မတ်လ ၂၄ ရက်နေ့က နန်ကျင်းတွင်လည်း ပြည်သူလူထုက ချီတက်ကာ ချူအင်လိုင်းကို ချီးကျူးကြပြီး လေးဦးဂိုဏ်းကို တိုက်ခိုက်ဝေဖန်ကြ၏။

မတ်လ၂၈ ရက်တွင် နန်ကျင်းတက္ကသိုလ်ကျောင်းသားများသည် ဧရာမ ချူအင်လိုင်းပုံကြီးကိုချိတ်ဆွဲကာ လွမ်းသူ့ပန်းခွေများကိုင်ဆောင်ပြီး လေးဦးဂိုဏ်းကို ဝေဖန်ကြ၏။

'ချူအင်လိုင်းကို ဆန့်ကျင်သူ မည်သူမဆို ကျဆုံးပါစေ'

'ဖန်ချွန်းကြောင်တို့လိုအခွင့်အရေးသမားတွေကို ချေမှုန်းကြ'

ထိုသို့သောပိုစတာများ နေရာတကာတွင် ထွက်ပေါ်လာ၏။ ပေကျင်းရှိ ချူအင်လိုင်းအုတ်ဂူနေရာတွင်ကား တစ်နေ့တခြား လူတွေများလာ၏။ ပန်း

စည်းများ တစ်ယောက်စီ ကိုင်၍ ဂါရဝလာပြုကြရာ ပန်းစည်းများမှာ တောင်ပုံ ရာပုံ ဖြစ်နေ၏။

မတ်လ ၃ဝရက်တွင် ပေကျင်းအလုပ်သမားသမဂ္ဂမှ အဖွဲ့ဝင်၂၉ဦးသည် ချူအင်လိုင်းအုတ်ဂူတွင် လွမ်းသူ့ပန်းခွေ လာချကြ၏။ ထိုမှစ၍ နောက်ပိုင်းတွင် လူထုက ပိုများလာ၏။ ကြွေးကြော်သံများ ညံလာ၏။ ပိုစတာတွေ ပလူပျံလာ၏။

'ချစ်ခင်မြတ်နိုးလှစွာသောဝန်ကြီးချုပ်ကြီး ပြန်လာပါတော့။ ကျွန်တော်တို့ ကျွန်မတို့ နေ့ရောညရော သတိရနေကြပါပြီ'

'အသက်ရှင်တုန်းမှာ တရုတ်ပြည်သစ်အတွက်တိုက်ပွဲဝင်ခဲ့သူ။ အသက်မရှိတော့တဲ့ နောက်ပိုင်းမှာတောင် အရိုးပြာတွေနဲ့ မြေလွှာကို မြေဩဇာကျွေးခဲ့သူ'

'သူ့ရဲ့ကောင်းအတွက် မျက်ရည်လဲ ကျပြီးပါပြီ။ ခုတော့ ဓားအိမ်ထဲက ဓားကိုပဲ ထုတ်ကြရပါပြီ'

ဝန်ကြီးချုပ်ကို ချစ်သောစိတ်၊ လွမ်းသောစိတ်၊ လေးဦးဂိုဏ်းကို ရွံမုန်းသောစိတ်တို့ဖြင့် ပြည်သူက အုံကြွလာပါပြီ။

လေးဦးဂိုဏ်းကား တုန်လှုပ်ချောက်ခြားလာတော့၏။ ဧပြီ ၂ရက်တွင် ဗဟိုကော်မတီအမိန့်ဟုဆိုကာ သူတို့သည် ပေကျင်းရဲနှင့်လုံခြုံရေးတို့ကို စေလွှတ်ပြီး လွမ်းသူ့ပန်းခွေလာချသူများကို တားဆီးခိုင်း၏။ အရပ်ဝတ်စုံထောက်များလွှတ်ကာ ဖမ်းတာဆီးတာတွေ လုပ်၏။

'ယောင်ဝေယွမ်'က 'လွမ်းသူ့ပန်းခွေချခြင်းသည် ခေတ်နောက်ပြန်ဆွဲသော ဓလေ့ထုံးစံဖြစ်သည်'ဟုပင် ကြေညာချက်ထုတ်ကာ တိန်အန်မင်ရင်ပြင်သို့ လူများလာရောက်ခြင်းကို ဟန့်တားခဲ့သည်။

သို့သော် ပြည်သူအားကို မည်သူမျှ မတားဆီးနိုင်။ ပြည်သူများသည် ချူအင်လိုင်းကို ချစ်မြတ်နိုးကြကြောင်း ဆက်ပြကြ၏။ လေးဦးဂိုဏ်းကို မနှစ်မြို့ကြောင်း အာခံပြကြ၏။ ထို့နောက် တစ်ခု သူတို့ပြကြတာရှိသည်။

တိန်အန်မင်ရင်ပြင်ရှေ့ရှိ ထင်းရှူးပင်များတွင် ပုလင်းအသေးလေးများ ချိတ်ဆွဲကြခြင်း။ 'ပုလင်းသေး' ဆိုသည်မှာ မန်ဒါရင်ဘာသာစကားအားဖြင့် 'ရှောက်ဖိန်'ကို ခေါ်ခြင်းပင်ဖြစ်၏။

လေးဦးဂိုဏ်းကမူ တိန့်ရှောက်ဖိန်၏စနက်ကြောင့် ယခုလိုအုံကြွမှုများ

ဖြစ်နေသည်ဟုထင်ကြ၏။ တကယ်တော့ ပြည်သူကို မည်သူကမျှ မလှုံ့ဆော်ပါ။ သူတို့၏အသိစိတ်ဓာတ်နှင့်သူတို့ နိုးကြားကြခြင်းသာ ဖြစ်သည်။

၁၉၇၆ ခုနှစ် ဧပြီလ ၁၄ရက်နေ့တွင်ကား အရှိန်အဟုန်အမြင့်ဆုံးဖြစ်လာ၏။ တိန်အန်မင်ရင်ပြင်တွင် ပြည်သူ ၂သိန်းကျော် ရောက်နေကြပြီ။ လေးဦးဂိုဏ်းကို ပြောင်ပြောင်တင်းတင်းပင် ဝေဖန်ကြ၏။

ပြည်သူများက ကြွေးကြော်သံများကိုကြွေးကြော်ခဲ့ကြသည်။ တိန်အန်မင်ရင်ပြင်၌သာမကပါ။ တစ်နိုင်ငံလုံးပြည်သူများကလည်း မကျေနပ်ချက်များကို ပေါက်ကွဲကုန်ကြပါပြီ။

www.foreverspace.com.mm

## ။ ၄၄ ။

## သန္နိဗာန်နှစ်ရပ်နှင့် တိန့်၏ဒုတိယမြောက် အဖယ်ရှားခံရခြင်း

ဧပြီလ ၂ ရက်တွင် လေးဦးဂိုဏ်းသည် သူတို့ကိုင်တွယ်သော တပ်ရင်းတပ်ဖွဲ့အချို့မှ အမာခံ၃၀၀၀ကို စုစည်းခဲ့သည်။ ဧပြီလ၃ ရက်နေ့ နံနက်၄း၄၀တွင် ဝမ်ဟုန်ဝင် ခေါင်းဆောင်လျက် သူ့တပည့်လက်သားတချို့သည် တိန်အန်မင်ရင်ပြင်သို့ လာခဲ့ကြ၏။ အထိမ်းအမှတ်ကျောက်တိုင်နားအရောက်တွင် ပန်းစည်းတွေ တောင်ပုံရာပုံနှင့်အတူ သူတို့အုပ်စုကိုရှုတ်ချထားသောစာရွက်စာတမ်းများ ကဗျာများကို တွေ့ရ၏။ ဤတွင် ဒေါသူပုန် ထသွားကာ လုံခြုံရေးအဖွဲ့သို့ အကြောင်းကြားပြီး ဓာတ်ပုံ ရိုက်ခိုင်း၏။ 'ဒါတွေကို သက်သေအဖြစ် တင်ပြီး ရုံးတင်စစ်ဆေးရမယ်' ဟုပြော၏။ ထို့ပြင် 'ပြည်သူ့နေ့စဉ်' သို့လည်း ချက်ချင်း ဖုန်းဆက်၏။

'ပြည်သူ့သူရဲကောင်းအထိမ်းအမှတ်ကျောက်တိုင်နားမှာ လှုပ်ရှားတဲ့သူတွေဟာ တန်ပြန်တော်လှန်ရေးသမားတွေပဲ' ဟု သတင်းပို့၏။

ထို့နောက် အနီးအနားရှိမသင်္ကာသူများကိုဖမ်းရာ ထိုနေ့တွင်ပင် ၂၆ ဦး အဖမ်းခံခဲ့ရ၏။

ဧပြီလ ၄ ရက်တွင် ပေါ်လစ်ဗျူရိုအစည်းအဝေးခေါ်ပြီး 'ရင်ပြင်ထဲတွင် လှုပ်ရှားနေသော တန်ပြန်တော်လှန်ရေးသမားများ' ကိစ္စကို ဆွေးနွေးကြ၏။

မော်ယွမ်ဖင်သည် ထိုနေ့အစည်းအဝေးအကြောင်းကို မော်စီတုံးထံအစီရင်ခံစာ ရေးတင်ခဲ့၏။

www.foreverstudy.com.mm

ဧပြီလ ၅ ရက်နေ့တွင် တိန်အန်မင်ရင်ပြင်ကို သူတို့ ရှင်းလင်းကြ၏။ နေ့လည် ၁၂ နာရီနှင့် ၂နာရီ ကြားတွင် သိမ်းဆည်းလိုက်ရသော ပန်းစည်းပေါင်းမှာ ထရပ်ကား အစီး၂၀၀တိုက်ရှိခဲ့၏။ လူ၅၇ဦးကိုရှာဖွေခဲ့ကာ ၇ဦးကို ဖမ်းခဲ့၏။

ပြည်သူများကား ထပ်တိုးလာ၏။ ပန်းခွေများကို တိုး၍ ချ၏။ ပန်းခွေချသူက ချ၊ ပန်းခွေသိမ်းသူက သိမ်း။

ထိုနေ့ညနေ ၆း၃၀ တွင် ရင်ပြင်ရှိ အသံချဲ့စက်များမှ ပေကျင်းပါတီကော်မတီ ပထမအတွင်းရေးမှူးဝုဒေး၏အသံ ထွက်လာ၏။ ဤ တိန့်အန်းမင်ရင်ပြင်၌ စုရုံးရောက်ရှိလာကြသူများမှာ 'တန်ပြန်တော်လှန်ရေးသမား'များ ဖြစ်ကြကြောင်း၊ ထို့ကြောင့် ချက်ချင်းထွက်ခွာသွားကြရန် ကြေညာ၏။ ညနေ ၉း၃၀ တွင် ပြည်သူ့စစ်အဖွဲ့ဝင် ၁၀,၀၀၀နှင့် ရဲ ၃၀၀၀တို့က ရင်ပြင်သို့ ဝင်လာကြသည်။ လူ ၃၈ဦးကို ဖမ်းပြီး ထောင်ထဲပို့ခဲ့၏။ သူရဲကောင်းတို့ကျောက်တိုင်အနီးတွင် သွေးစွန်းချေပြီတကား။

နောက်နေ့နံနက် ၉နာရီတွင် အလုပ်သမားတစ်စုသည် ဧရာမပန်းခွေကြီး ပြုလုပ်ကာ ချီတက်လာကြ၏။ သူတို့သည် ကျောက်တိုင်၏ မြောက်ဘက်ခြမ်းတွင် ပန်းခွေကိုချခဲ့ကြ၏။ ညနေ၆နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ ည ၇နာရီတွင် ရင်ပြင်ကို မာရှယ်လောထုတ်ခဲ့၏။

ဧပြီလ ၇ ရက်နေ့ နံနက် ၈း၀၅တွင် မော်ယွမ်ဖင်သည် မော်စီတုံးထံလာတွေ့ကာ တိန်အန်းမင်ရင်ပြင်အရေးအခင်းကို မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့ပုံကို တင်ပြ၏။

'သူတို့တွေက တန်ပြန်တော်လှန်ရေးသမားတွေပါ။ သူတို့က တိန့်ရှောက်ဖိန်ကိုပေါ်ပေါ်ထင်ထင်ထောက်ခံကြတယ်။ ဥက္ကဋ္ဌမော်စီတုံးဘက်ကိုတော့ မြားဦးလှည့်ပြီး ကလန်ကဆန်လုပ်ခဲ့ကြတယ်။ ဥက္ကဋ္ဌမော်ဦးဆောင်တဲ့ ဗဟိုကော်မတီကို သွေးခွဲဖို့ကြံစည်ကြတယ်'

မော်စီတုံးသည် တစ်နာရီနီးပါး နားထောင်ကာ ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်၏။

'တိန့်ရှောက်ဖိန်ကို ရာထူးအားလုံးက ဖယ်ရှားလိုက်။ ပါတီဝင်အနေနဲ့

www.foreverspace.com.mm



တော့ ဆက်ထား။ ဟွကိုဖုန်းကို ဝန်ကြီးချုပ်ခန့်၊ သူ့ကို ကွန်မြူနစ်ပါတီဒုဥက္ကဋ္ဌ လဲခန့်'

လေးဦးဂိုဏ်းကတော့ အောင်ပွဲခံတော့၏။ သူတို့က တိန့်အပေါ် အပြစ်များ ပုံချကြ၏။ တိန့်ကိုယ်တိုင် ကားနှင့်သွားကာ လှုပ်ရှားမှုကို ဦးဆောင်ခဲ့ပုံ။

ဝမ်ဟုန်ဝင်သည် မော်ထံချက်ချင်းသွားတွေ့ကာ တိန့်ကိုဖမ်းရန် ခွင့်ပြုချက် သွားတောင်း၏။ မော်ထံမှ ခွင့်ပြုချက်ရသောအခါ ဗဟိုအစောင့်တပ်ကို အကြောင်းကြားပြီး တိန့်အိမ်ကို ဝိုင်းခိုင်းသည်။ တစ်ချိန်ထဲမှာပင် ဝမ်တုံမင်းက တိန့်၏အတွင်းရေးမှူးအား တိန့်ကိုတွေ့ချင်ကြောင်း အကြောင်းကြားကာ ကားနှင့်သွားခေါ်ပြီး ဖမ်းရန်ပင် စီစဉ်ခဲ့၏။

ညနေ၃နာရီတွင် ကားတစ်စင်း တိန့်ကို လာခေါ်သည်။ ဝမ်တုံမင်းက တွေ့ချင်လို့ဟု ပြော၏။ အတွင်းရေးမှူးနှင့် ကိုယ်ရံတော် ခေါ်မလာရဟုလည်း ဆို၏။ ညနေ ၅နာရီတွင် ကားတစ်စင်း ထပ်လာကာ တိန့်၏ဇနီးကိုပါ လာခေါ်၏။

တိန့်သည် ဝမ်တုံမင်းနှင့် တွေ့၏။ ဝမ်က တိန့်ကို တိန်အန်မင်ရင်ပြင်သို့ သွားပြီး ဦးဆောင်မှုလုပ်ခဲ့သလားဟု မေး၏။ တိန့်က သူသည် တစ်ကြိမ်သာ ကားဖြင့် ဆံပင်သွားညှပ်တာပဲ ရှိကြောင်း။ လူအုပ်စုကို ဘာမှမလှုံ့ဆော်ကြောင်း ပြောခဲ့သည်။ ဝမ်က 'ခင်ဗျားကို ဖမ်းချင်တဲ့သူတွေရှိနေတယ်။ အပြင်မထွက်နဲ့။ လမ်းလျှောက်ချင်တယ်ဆိုရင်တောင် ကိုယ့်ခြံထဲမှာပဲ ကိုယ်လျှောက်'ဟု တိန့်ကို မှာလိုက်၏။

ဝမ်သည် မော်စီတုံးထံ သတင်းပြန်ပို့ခဲ့သည်။ သို့သော် ထိုအချိန်တွင် ပေါ်လစ်ဗျူရိုအစည်းအဝေးက ပြီးသွားပြီ။ ဧပြီလ၇ရက်နေ့ ညစနာရီတွင် ဗဟိုပြည်သူ့အသံလွှင့်ဌာနက သတင်းကြေညာချက် ထွက်ပေါ်လာ၏။ ဟွကိုဖုန်းကို ကွန်မြူနစ်ပါတီ ဒုဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် ခန့်အပ်ကြောင်း ကြေညာချက်။ တိန်အန်မင်ရင်ပြင် တန်ပြန်တော်လှန်ရေးသမားတို့ လုပ်ရပ်နှင့် ဆက်စပ်၍ တိန့်ရှောက်ဖိန်ကို ရာထူးများအားလုံးမှ ဖယ်ရှားကြောင်း၊ ပါတီဝင်အဖြစ်သာ ဆက်ထားကြောင်း ကြေညာချက်။

တိန်အန်မင်ရင်ပြင်မှပြည်သူ့ဆန္ဒပြပွဲသည်ကား ဤသို့ဖြင့်ပင် နိဂုံးချုပ်

ခဲ့ရ၏။ တရုတ်ပြည်သူများအတွက် မျှော်လင့်ချက်အသစ် ဆောင်ကြဉ်းပေးမည့် တိန့်ရှောက်ဖိန်သည် ရာထူးမှအဖယ်ခံခဲ့ရပြီ။

တိန်အန်မင်ရင်ပြင်ကို ရှင်းလင်းခဲ့ရာတွင် ဧပြီလ ၇ရက်နေ့အထိ ဆန့်ကျင်ကဗျာပေါင်း ၅၈၃ ပုဒ်၊ ဓာတ်ပုံပေါင်း ၁၈၀,၀၀၀ ကျော်ကို ရုံးတော်သို့ တင်ပြနိုင်ခဲ့သည်။ လေးဦးဂိုဏ်းက ထိုအထဲမှ ၆၀၀ကို ရွေးချယ်စုစည်းခဲ့သည်။ ထိုနောက် သူတို့ဘာသာသူတို့ဖန်တီးထားသော သက်သေပြချက်များပါ ပေါင်းကာ အချက် ၁၉၈၀ကို တင်ပြခဲ့ကာ ဖမ်းဆီးထားသော ပုဂ္ဂိုလ် ၃၈၈ဦးအတွက် စွဲချက်တင်ရန် သက်သေအဖြစ် အသုံးပြုခဲ့ကြ၏။

www.foreverspace.com.mm



## ။ ၄၅ ။
## လှိုင်းလုံးများကို မကြောက်မရွံ့ ထိပ်တိုက်ရင်ဆိုင်

တိန့်ရှောက်ဖိန်နှင့်ဇနီးတို့ကား အကျယ်ချုပ်နှင့် နေရပြန်ချေပြီ။ မည်သို့ဆိုစေ တိန့်သည် ဟွကိုဖုန်းအား ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခြင်းကို ထောက်ခံခဲ့သည်။ လေးဦးဂိုဏ်းသားလက်သို့ အာဏာမရောက်သည့်အတွက် မော်၏ဆုံးဖြတ်ချက်ကို သူသဘောကျသွားသည်။ ယခု သူ ပါတီဝင်အဖြစ်ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်ကိုလည်း မော်ကို ကျေးဇူးတင်၏။ သူသည် မော်၏ စိတ်ကိုကောင်းစွာနားလည်သူ ဖြစ်သည်။ မော်က သူ့ကို အသုံးချခဲ့သည်။ ချီးမြှောက်ခဲ့သည်။ ထို့နောက် ဝေဖန်မည်။ နောက်တစ်ခါပြန်လည်ချီးမြှောက်သည်။ ပြီးလျှင် ရာထူးမှ ချမည်။ နောက်တစ်ခါ ပြန်ခန့်မည်။ ဤသံသရာကို သူ မအံ့သြတော့။ ယခု ပါတီဝင်အဖြစ် မရုပ်စဲသေးခြင်းသည်ပင်လျှင် သူ့ကို တစ်ချိန်ချိန် ပြန်သုံးဖို့ လျှို့ထားသည်ဟု သူယုံကြည်၏။

ဧပြီလ ၁၀ ရက်နေ့တွင် မော်သည် နယူးဇီလန်ဝန်ကြီးချုပ်ကို လက်ခံတွေ့ဆုံခဲ့၏။ ထိုအခမ်းအနားသို့ ဟွကိုဖုန်းလည်း တက်ရောက်ခဲ့၏။ ဧည့်သည်တော် ပြန်သွားသောအခါ မော်က စာရွက်တစ်ရွက်တွင် စာကြောင်း သုံးကြောင်းရေးပြီး ဟွကိုဖုန်းကိုလှမ်းပေး၏။

ပထမဝါကျမှာ 'အေးအေးသက်သာနေပါ။ စိတ်ရှည်ရှည်ထား'

ဒုတိယဝါကျမှာ 'ပုံသေနည်းဟောင်းကို ဆက်သုံး'

တတိယဝါကျမှာ 'မင်းအုပ်ချုပ်စီမံနေတာတွေ့ရလို့ ငါ စိတ်သက်သာရာရတယ်'

မော်သည် ကျန်းမာရေးက ယိုယွင်းနေသော်လည်း အတွေးအခေါ်တို့က

ထက်မြက်ဆဲ။ သူ ဟွာကိုဖုန်းအား သူ၏အရိုက်အရာကိုဆက်ခံသူအဖြစ် ရွေးချယ်လိုက်ခြင်းကို လေးဦးဂိုဏ်းကမကျေနပ်ကြောင်း သူသိ၏။ သူ့အာဏာကို မည်သည့်နည်းနှင့်မျှ လေးဦးဂိုဏ်းလက်သို့အရောက်မခံ။

တိန့်ရှောက်ဖိန်လည်း ရာထူးမှကျပြီ။ လေးဦးဂိုဏ်းကလည်း မရေရာမသေချာ။ ထိုအခါ ဟွာကိုဖုန်းတစ်ယောက်သာ ကျန်တော့သည်။ ဟွာကိုဖုန်းသည် မော်၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ဟူနန်တွင် အလုပ်လုပ်ခဲ့သူဖြစ်သည်။ သူသည် ရိုးသားဖြောင့်မတ်သူဟု မော်သိထားသည်။ မော်ယုံကြည်ရမည့်သူဟူ၍ သူသည်သာ နောက်ဆုံးကျန်ရစ်သူ။

ဟွာကိုဖုန်းက မော်၏ပြောစကားများကို ပေါ်လစ်ဗျူရိုသို့ ချပြ၏။

မေလ၁၂ရက်တွင် မော်သည် စင်ကာပူဝန်ကြီးချုပ်လီကွမ်ယုကိုလည်းကောင်း၊ မေလ ၁၇ တွင် ပါကစ္စတန်ဝန်ကြီးချုပ် အလီဘူတိုကိုလည်းကောင်း လက်ခံတွေ့ဆုံခဲ့၏။ ရုပ်မြင်သံကြားတွင် မော်၏ရုပ်မှာ ပျက်နေ၏။ ကတုန်ကယင်နှင့် တုန်တုန်ချိချိ ဖြစ်နေ၏။ ထိုတွေ့ဆုံပွဲများ အပြီးတွင် တရုတ်အစိုးရက ကြေညာချက်တစ်ခု ထုတ်၏။

'မော်စီတုံးသည် သံခင်းတမန်ခင်းကိစ္စများတွင် လက်ခံတွေ့ဆုံတော့မည်မဟုတ်ကြောင်း'

တိန့်ရှောက်ဖိန်၏ဇနီးမှာ မျက်စိဝေဒနာကြောင့် အမှတ်၃၀၁ဆေးရုံတင်လိုက်ရ၏။ ဆေးရုံတွင် နိုင်ငံရေးအတွင်းစကားများ ကြားရ၏။ မော်၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်မှတ်သို့ရောက်နေကြောင်းသိ၍ တိန့်ရှောက်ဖိန်ကို ဆက်သွယ်ပြောဆိုခဲ့၏။ တိန့်မှာ နေအိမ်တွင်ပင် အကျယ်ချုပ်ခံနေရရာ အပြင်သတင်းများ ဘာမှမသိရ။

ထိုကြောင့် ဇွန်လ၁၀ရက်တွင် တိန့်သည် ဝမ်တုံမင်းမှတစ်ဆင့် မော်နှင့် ဗဟိုကော်မတီသို့ စာရေးခဲ့၏။

'ဇနီးသည်လည်း ဆေးရုံမှာ တက်နေရတယ်။ ကျွန်တော်တစ်ယောက်တည်း ဖြစ်နေပါတယ်။ ဒါကြောင့် မိသားစုနဲ့အတူတူ ပြန်နေပါရစေ'

မော်ထံ စာရောက်သွား၏။ မော်က 'လက်ခံသဘောတူပါတယ်'ဟု စာပြန်၏။ ဤစာကို ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အားလုံးထံ ဖြန့်ဝေလိုက်၏။

www.foreverspace.com.mm



တိန့်၏ဇနီးသည် မျက်စိရောဂါကိုကုသရန် ရက်၅၀စောင့်ရမည်။ သူ ဆေးရုံမှာ ကြာကြာမနေလို။ ထို့ကြောင့် ဇွန်လ ၃၀ရက်တွင် သူ ဆေးရုံမှဆင်း ခဲ့၏။ မိသားစုများ ပြန်လည်ပေါင်းစည်းနေခွင့်ရကြပြီ။

'တိန့်ရှောက်ဖိန်ကျဆုံးပါစေ'

'တိန့်ရှောက်ဖိန်ကို ဝေဖန်ကြ' ဟူသော ကြွေးကြော်သံများဖြင့် အပုပ် ချနေကြဆဲတွင် မိသားစုတစ်ခုလုံး အတူတူပြန်ဆုံခွင့်ရကြ၍ စိတ်သက်သာရာ ရကြ၏။

၁၉၇၆ ဇူလိုင် ၆ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင် သူတစ်ဦးဖြစ်သော မာရှယ်ချူတေး ကွယ်လွန်ခဲ့၏။ ၁၉၇၆ကား စိတ်မကောင်း ဖွယ်ရာများပြည့်နှက်နေသည့်နှစ်။ နှစ်စက ချူအင်လိုင်းကွယ်လွန်ခဲ့သည်။ ယခု မာရှယ်ချူတေးတစ်ယောက် သွားရှာပြန်ပြီ။

ဇူလိုင်လ၂၈ ရက်နေ့ နံနက် ၃း၄၂တွင် ရီချက်စတာစကေးလ် ၇.၈ ဒီကရီရှိသော လျှင်ကြီးတစ်ခု တန်ရှိန်မြို့ကို ဗဟိုပြု၍ လှုပ်ခဲ့၏။ ပေကျင်းနှင့် ကီလိုမီတာ၂၀၀သာဝေးရာ ပေကျင်းလည်း အတော်ခံလိုက်ရ၏။ အိမ်တွေ ပြို ကျ၏။ လူတွေ အိမ်အမြင့်ကြီးများတွင်မနေရဲကြတော့။ အိမ်ပြင်ထွက်ပြီး ယာယီ တဲထိုးနေကြ၏။ ငလျင်ပြီးတော့ မိုးတွေ သည်းသည်းမည်းမည်းရွာလာပြန်သည်။ လမ်းပေါ်တွင် လူတွေပြည့်ကျပ်နေ၏။ လူကြီးတွေက အော်ဟစ်နေကြ၊ ကလေး တွေက ငိုယိုနေကြ။ အိမ်အိုအိမ်ဟောင်းအားလုံးလိုလို ပြိုကျကုန်သည်။ လူတွေမှာ ကုလားထိုင်များ၊ ကုတင်များကို အိမ်ထဲမှရွှေ့လာကာ လမ်းပေါ်တွင်ပင် ဖြစ်သလို နေကြ၏။ အားလုံးသည် ငရဲပွက်သကဲ့သို့ဆူညံနေကာ ဆောက်တည်ရာမရဖြစ် နေကြ၏။ တယ်လီဖုန်းအဆက်အသွယ်များ ပြတ်တောက်ကုန်သည်။ ဤငလျင် ကြီးကြောင့် လူပေါင်း ၂၄၀,၀၀၀ သေဆုံးခဲ့ကြရ၏။ ဒဏ်ရာရသူကား မရေမ တွက်နိုင်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတော်ကောင်စီ၊ ပြည်သူ့လွတ် မြောက်ရေးတပ်မတော်တို့သည် ဟွာကိုဖုန်း၏ကြီးကြပ်မှုဖြင့် ကယ်ဆယ်ရေးလုပ် ငန်းများကို ချက်ချင်းဆောင်ရွက်ကြ၏။

ထိုမှျ အတိဒုက္ခရောက်နေသည်ကိုရှုစိမ့်ကြသူများမှာ လေးဦးဂိုဏ်းပင်

www.foreverspace.com.mm

ဖြစ်၏။ အာလုံးပင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် မအားမလပ် အလုပ်ရှုပ်နေကြသည်ဖြစ်ရာ တိန့်ရှောက်ဖိန်ကို အပုပ်ချရေးကို မေ့နေကြ၏။

'သဘာဝဘေးအန္တရာယ်ကို အကြောင်းပြပြီး တိန့်ရှောက်ဖိန်ကို ဝေဖန်ရေးမလုပ်ကြခြင်း ဖြစ်သည်'ဟု တံဆိပ်တပ်ကာ ပြစ်တင်ရှုတ်ချမှုများ ပြုခဲ့၏။ သူတို့၏ဖိအားပေးမှုကြောင့် နိုင်ငံတကာအကူအညီများလည်း မတောင်းဆိုနိုင်ကြတော့။

ဩဂုတ်လ၁၁ရက်နေ့ထုတ် ပြည်သူ့နေ့စဉ်တွင် ယောင်ဝေယွမ်၏ညွှန်ကြားချက်အရ ခေါင်းကြီးပိုင်းတစ်ခု ပါလာ၏။

'ပါတီတွင်းမှ အခွင့်အရေးသမားခေါင်းဆောင်တချို့သည် လျှော့ဒဏ်ခံရပြီး ခေတ္တကြုံတွေ့ရသောအခက်အခဲများကို အခွင့်ကောင်းယူကာ တော်လှန်ရေးလမ်းကြောင်းမှသွေဖည်၍ ခရုရှင်ဝါဒကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းကြ၏'

ကျန်းကျင်းကမူ တိန့်၏ဝေဖန်ရေးများကို ဆက်လုပ်၏။ 'အဆိပ်ပေါင်းပင်သုံးပင်'ဟုသမုတ်ကာ ပါတီ၊ စက်ရုံ၊ သိပ္ပံများတွင် တိန့်လုပ်သော ပြန်လည်ပြုပြင်ရေးများကို ဝေဖန်ခဲ့၏။

သို့သော် သူတို့ မည်သို့မည်ပုံဝေဖန်ကြစေကာမူ ပြည်သူကား သူတို့ကို မယုံကြည်ကြ။ ပြည်သူ၏ဒေါသကား သူတို့ဘက်ကို မြားဦးလှည့်နေကြ၏။

'ကောင်းကင်ဘုံက ဒေါသထွက်ရင် ကမ္ဘာမြေမှာ ငရဲကျတော့တာပဲ' ဟု ပြည်သူကြားတွင် ပြောစမှတ်ပြုနေကြ၏။

သို့သော် လူ့ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်သည်က ကောင်းကင်ဘုံ မဟုတ်ပါ။ လူ့ကံကြမ္မာကို လူသားများကသာ အဆုံးအဖြတ်ပေးနိုင်ကြောင်း သမိုင်းက သက်သေပြခဲ့ပြီ။

www.foreverspace.com.mm

## ॥ ၄၆ ॥

## ရောမလူသားကြီး မော်စီတုံး ကွယ်လွန်ရှာပြီ

ဇူလိုင်လ ၂၈ ရက် နံနက် ၃း၄၂တွင် လျှောင်ကြီးလှုပ်၏။ ဇွန်လအတွင်းက မော်သည် နှလုံးရောဂါ အပြင်းအထန်ခံစားခဲ့ရသည်။ ဇူလိုင်တွင် နှလုံးရောဂါ အနည်းငယ် သက်သာလာ၏။ သူ့အခန်းတွင် အောက်စီဂျင်ဗူးများ၊ နှလုံးတိုင်းစက်များ၊ သွေးသွင်းပိုက်များ စသဖြင့် ပြည့်ကျပ်နေရာ ဆရာဝန်များ၊ သူနာပြုဆရာမများသည်ပင် အခန်းတွင်း၌ အတော်ပင် ကျပ်ကျပ်တည်းတည်း သွားလာနေကြရ၏။ လျှောင်လှုပ်သောအခါ လူများသည် မော်၏အခန်းထဲသို့ ပြေးဝင်သွားကြသည်။ မော်သည် စကားမပြောနိုင်သည့်ကြားမှပင် စိတ်ကို အေးအေးထားကြ၊ ပြဿနာမခတ်ကြနဲ့ဟု မျက်နှာရိပ်မျက်နှာကဲဖြင့် သူတို့ကိုပြသည် ဆို၏။ နောက်တစ်နေ့တွင် လျှောင်နှင့်ပတ်သက်သည့် အစီရင်ခံစာများ အားလုံးကို သူ ဖတ်၏။ ထိုနောက် စာဖြင့်ရေးကာ ဟွကိုဖုန်းကား ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းလုပ်ရန် ညွှန်ကြားခဲ့သည်။

ဩဂုတ်လအတွင်းတွင် ဗဟိုကော်မတီသည် မော်၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ အရေးပေါ်သတင်းထုတ်ပြန်ချက် သုံးစောင် ထုတ်ခဲ့ရ၏။ ဩဂုတ်လ၂၈ရက်တွင် မော်၏သမီး လီမင်းသည် ပါတီဗဟိုကော်မတီ၏ခွင့်ပြုချက်အရ သူ့ဖခင်ကို သွားတွေ့၏။ မော်သည် မျက်လုံးကို အတော်အားယူဖွင့်ကာ ကုတင်ဘေးတွင်ရပ်နေသော သူ့သမီးကို ကြည့်၏။ ထိုနောက် သမီးလက်ကို ဖျစ်ညှစ်လိုက်သည်။ ထိုနောက် မျက်လုံးများကို ပြန်ပိတ်လိုက်၏။ ဘာစကားမှ မပြောနိုင်။

စက်တင်ဘာ ၂ရက်နေ့တွင် အခြေအနေက ပိုဆိုးလာ၏။ စက်တင်ဘာ ၈ ရက်နေ့တွင်ကား မျောသွားပေပြီ။

ဩဂုတ်လ ၂၂ရက်တွင် တိန့်ရှောက်ဖိန်သည် အသက်၇၂နှစ် ပြည့်၏။ တိန့်သည် နဂါးနှစ်တွင်မွေးသူဖြစ်ရာ ယခုနှစ်သည်လည်း နဂါးနှစ် ပြန်ကျနေ၏။ ကြုံတောင့်ကြုံခဲနှစ်ဖြစ်သဖြင့် မိသားစုသည် ရိုတတ်သမျှလေးများနှင့် မွေးနေ့ကျင်းပကြ၏။ အိမ်သူအိမ်သားမိသားစု ၁၂ဦး ကျင်းပသည့် မွေးနေ့ပွဲ။

ငလျင်ဒဏ်ကြောင့် အစားအသောက်များ ပြတ်လတ်နေချိန် ဖြစ်သည်။ ကြက်ဥနှင့်နွားနို့ပင် အတော်ရှာမှရ၏။

လူများစုမှာ စားလည်း မဝရေစာ၊ အိပ်လည်း ဖြစ်သလို။ လမ်းပေါ်မှာ အိပ်၊ လမ်းပေါ်မှာစား။ နေ့ဘက်ဆို နေပူကြဲကြဲအောက်တွင်ပင် အမိုးအကာမဲ့ နေကြရ၏။ အိပ်စရာနေရာပင်မရှိကြ၍ ကုတင်တစ်လုံးတွင် နှစ်ယောက် သုံးယောက် မျှအိပ်ကြရသည်။ တချို့ဆိုလျှင် အလှည့်နှင့် အိပ်ကြရ၏။ အများစုမှာ အပူဒဏ်ကြောင့် ဖျားနာကြသည်။ သို့သော် ဆေးဝါးကုသမှုကလည်း ခက်ခဲလှသည်။

လူများစုမှာ အတိဒုက္ခ ရောက်နေကြပြီး စားဝတ်နေရေးမှာ အနိုင်နိုင် ဖြစ်နေကြရာ စက်ရုံများ၊ ကျောင်းများတွင် ပြုလုပ်နေကြသော တိန့်ရှောက်ဖိန် ဝေဖန်ရေးကို မလုပ်နိုင်ကြတော့။

စက်တင်ဘာကျမှ ရာသီဥတုက နည်းနည်းအေးလာ၏။ နေ့ဘက်တွင် အိမ်ပြန်နေရဲလာကြ၏။ သို့သော် ညဘက်ကျတော့ အိမ်အပြင်ထွက်ပြီး အိပ်ကြစမြဲ။

စက်တင်ဘာလ ၉ရက်နေ့တွင် ရေဒီယိုမှ ကြေညာချက်တစ်ခု ထွက်လာ၏။

'ညနေ ၄နာရီတွင် အထူးသတင်းကြေညာချက် ရှိသဖြင့် စောင့်မျှော်နားဆင်ကြပါရန်'

၄နာရီတွင် ကြေညာချက် ထွက်လာ၏။

'မော်စီတုံး ကွယ်လွန်သွားပြီ'

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတ

www.foreverspace.com.mm

နိုင်ငံကိုထူထောင်သူ ခေါင်းဆောင်ကြီးမော်စီတုံးသည် ၁၉၇၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် နံနက် ၁၂း၁၀တွင် ဤကမ္ဘာမှ ထာဝရထွက်ခွာသွားရှာလေပြီ။

ပြည်သူတို့၏ ပထမဆုံးခံစားမှုမှာ တုန်လှုပ် ခြောက်ခြားသွားကြခြင်း။ မော် မရှိတော့ တရုတ်ပြည် ဘာဆက်လုပ်ကြမလဲ။ သူ၏ခေါင်းဆောင်မှုအောက်တွင် တော်လှန်ရေးစစ်သည် အောင်ပွဲဆင်ခဲ့၏။ တရုတ်ပြည် ဆိုရှယ်လစ်ဝါဒကို ထူထောင်ခဲ့၏။ တော်လှန်ရေးကိုဆက်လက်ဆင်နွှဲဆဲ။ မော်မရှိလျှင် တရုတ်ပြည် ဘာလုပ်နိုင်မလဲ။ ၂၆နှစ်လုံးလုံး တရုတ်ပြည်သူများ ဟစ်ကြွေးခဲ့ကြ၏။

'ဥက္ကဋ္ဌမော် သက်တော်ရာကျော်ရှည်ပါစေ'

ယခု ထိုဆုတောင်း မပြည့်တော့။

မော်ရှိနေလျှင် အခြေအနေကောင်းချိန်ဖြစ်စေ မကောင်းချိန်ဖြစ်စေ ပြည်သူတို့သည် မော်ကိုသာ အားကိုးကြ၏။ ယခု သူမရှိတော့ပြီ။ မည်သူ့ကိုအား ကိုးကြမလဲ။ ချူအင်လိုင်းလည်း မရှိ။ ချူတေးလည်း မရှိ။ တိန့်ရှောက်ဖိန်လည်း ရာထူးမှအထုတ်ခံရ။ ဟွာကိုဖုန်းတစ်ယောက်သာ နည်းနည်းပါးပါး အားကိုးစရာကျန်၏။ လေးဦးဂိုဏ်းကလည်း သောင်းကျန်းနေဆဲ။ တရုတ်ပြည်၏ အနာဂတ်က ဘာဖြစ်လာမလဲ။ နိုင်ငံတော်၊ ပါတီ၊ တပ်မတော်ကို တကယ်ဦးဆောင်နိုင်မည့်သူ မည်သူဖြစ်မလဲ။ ဟွာကိုဖုန်းတစ်ယောက်တည်း တာဝန်ထမ်းဆောင်နိုင်ပါ့မလား။

မော် မရှိတော့ပြီ။ နိုင်ငံရေးအဆောက်အဦတွင် ဧရာမ အကွဲအပြဲသည် ရုတ်တရက်ပေါ်လာတော့သည်။

ဇူလိုင်နှင့် ဩဂုတ်အတွင်းတွင် ဝမ်ဟုန်ဝင်သည် ရှန်ဟဲ၌ 'ဗဟိုကော်မတီထဲက ပြန်လည်ပြင်ဆင်ရေးဝါဒ'ကို သတိထားရန် တပ်လှန့်ခဲ့၏။ 'ပျောက်ကျားစစ်ဆင်နွှဲရန် ပြင်ဆင်'ခိုင်းခဲ့၏။ 'ဒုတိယလက်နက်ကိုင်တပ်မတော်'ဖွဲ့ရန် ကြိုးစားခဲ့၏။ ဩဂုတ်လအတွင်းတွင် ရိုင်ဖယ် ၇၀,၀၀၀၊ ကျည်ဆန် ၁၀သန်းကို ပြည်သူ့စစ်များအား ထုတ်ပေးခဲ့၏။

ကျန်းကျင်းကလည်း ဆင်ဟွာပုံနှိပ်လုပ်ငန်း၊ ဆင်ဟွာတက္ကသိုလ်၊ ပေကျင်းတက္ကသိုလ်များသို့ သွား၏။ 'မော်စီတုံးကိုယ်စား လာရောက်သည်'ဟူသော ပုံစံဖြင့် သတင်းထုတ်ပြန်စေ၏။

တချို့အခမ်းအနားများတွင် သူက ပေါ်ပေါ်တင်တင်ပင် ကြေညာ၏။

'အမျိုးသမီးတွေလဲ ဧကရီဖြစ်နိုင်တာပဲ။ ကွန်မြူနစ်ဝါဒအောက်မှာကိုပဲ အမျိုးသမီးဧကရီတွေ ပေါ်လာနိုင်တယ်'

'အမျိုးသမီးတွေကိုနေရာပေးကြ၊ အမျိုးသားတွေ နေရာဖယ်ပေး။ ရဲဘော် အမျိုးသမီးတွေ ရှေ့တန်းတက်ကြ'

ဩဂုတ်လ၃၀ရက်တွင် သူသည် ရှုးရှုးမိုက်မိုက်ပင် လုပ်ရပ်တစ်ခုလုပ်ခဲ့၏။ တပ်မတော်ဝတ်စုံကိုဝတ်ပြီး တပ်မတော်ကိုစစ်ဆေးမှုပြုလုပ်ခဲ့ခြင်း။ တပ်ဖွဲ့ကို စစ်ဆေးရင်း သူက ကြေညာ၏။

'ဥက္ကဋ္ဌကြီးမရှိတော့ရင် ဥက္ကဋ္ဌကိုယ်စား ကျွန်မကပဲ အာဏာပိုင်လာရမှာပေါ့'

ကျန်းကျင်း၏ လှုပ်ရှားမှုအားလုံးသည် 'အမျိုးသမီးဧကရာဇ်'ပေါ်ထွန်းရေးကိုသာ ဦးတည်နေ၏။

၁၉၇၆ ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် လေးဦးဂိုဏ်းက ပြည်သူ့နေ့စဉ်၊ အလံနီ၊လွတ်မြောက်ရေးတပ်မတော်နေ့စဉ်တို့တွင် ခေါင်းကြီးပိုင်းများထည့်သွင်းခဲ့သည်။ ခေါင်းစဉ်က 'ကျွန်ုပ်တို့၏နှလုံးသားဝယ် ဥက္ကဋ္ဌမော်သည် ထာဝရရှင်သန်နေမည်'

၁၉၇၆ ဧပြီလ ၂၀ ရက်နေ့တွင် မော်က ဟွာကိုဖုန်းကို ပြောခဲ့သည်မှာ 'အေးအေးသက်သာနေ၊ စိတ်ရှည်ရှည်ထား၊ ပုံသေနည်းဟောင်းကိုဆက်သုံး၊မင်းအုပ်ချုပ်စီမံနေတာတွေ့ရလို့ ငါ စိတ်သက်သာရာရတယ်'ဟူသော စာသားအား 'လက်ရှိလုပ်နည်းလုပ်ဟန်တွေကို ဆက်သုံး'ဟု ပြန်ပြင်ရေးခဲ့ကြ၏။

စက်တင်ဘာ ၁၈တွင် မော်၏ အောက်မေ့ဖွယ်အခမ်းအနားကို ကျင်းပ၏။ ကျန်းကျင်းသည် ဝတ်စုံမည်းကို ဝတ်၊ ပဝါမည်းကို မျက်နှာတွင်လွှမ်းထား၏။ သူ့မျက်နှာပြင်တွင် ခံစားမှုမဲ့လျက်။ ဖန်ချွန်းကြောင်နှင့် ယောင်ဝေယွမ်တို့ကား အူကြောင်ကြောင် မျက်နှာပေးများနှင့်။ ဝမ်ဟုန်ဝင်ကား ဟွာကိုဖုန်း မိန့်ခွန်းပြောနေသည်ကို ငေးကြည့်နေ၏။ ရုပ်မြင်သံကြားကြည့်နေသူ ပြည်သူအားလုံးကား လေးဦးဂိုဏ်းသားတို့၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး အသည်းယားနေကြ၏။ မုန်းတီးစိတ်က တဖွားဖွားပေါ်နေကြ၏။

www.foreverspace.com.mm



နောက်နေ့တွင် လေးဦးဂိုဏ်းက ပေါ်လစ်ဗျူရိုအစည်းအဝေး ချက်ချင်းခေါ်သည်။ မော်၏စာရွက်စာတမ်းများအားလုံးကို သူ့ကို ပေးရန် ကျန်းကျင်းက တောင်း၏။ မော်ကွန်းထိန်းအဖြစ် မော်ယွမ်ဇင်ကို ခန့်ရန်။

ရှန်ဟဲတွင်ကား လေးဦးဂိုဏ်း၏ ညွှန်ကြားချက်အရ ပြည်သူ့စစ်ဌာနချုပ်တွင် တိုက်ပွဲဝင်လေ့ကျင့်ခန်းများလုပ်နေကြ၏။ စက်တင်ဘာ၂၃တွင် ဝမ်ဟုန်ဝင်က ရှန်ဟဲသို့ ကြေးနန်းရိုက်၏။

'လူတန်းစားတိုက်ပွဲက မပြီးသေးဘူး။ ဘူဇွာအုပ်စုက ပါတီထဲမှာရှိသေးတယ်။ သူတို့က တိန့်ရှောက်ဖိန်ကိုပြန်တင်လိမ့်မယ်'

စက်တင်ဘာ ၂၇ တွင် ဖန်ချွန်ကြောင်က ရှန်ဟဲရှိ ဂိုဏ်းသားများကို အမိန့်ပေး၏။

'ဗဟိုကော်မတီဟာ ပြန်လည်ပြင်ဆင်ရေးဝါဒီတွေအဖြစ် ပြောင်းလဲကြမယ်။ သတိထားကြ'

စက်တင်ဘာ ၂၈တွင်

'ရှန်ဟဲဟာ စမ်းသပ်မှုသစ် ရင်ဆိုင်ရတော့မယ်။ စစ်ဖြစ်ချင်ဖြစ်မယ်'

ထိုနေ့တွင်ပင် ပေါ်လစ်ဗျူရိုတွင် တစ်ညလုံး စည်းဝေးကြ၏။ နောက်နေ့နံနက်စောစောကျမှ ပြီး၏။

အစည်းအဝေးတွင် မော်ယွမ်ဇင်ကို မော်၏ဆက်သွယ်ရေးအရာရှိတာဝန်မှရုတ်သိမ်းကြောင်း ဆုံးဖြတ်၏။ ကျန်းကျင်းသည် ငိုပြီးပြန်သွားသည်။

အောက်တိုဘာ ၁ရက်တွင် ကျန်းကျင်းသည် ဆင်ဟွာတက္ကသိုလ်တွင် မိန့်ခွန်းပြောရာ၌ ဟွကိုဖုန်းကိုပင် ဝေဖန်လာ၏။ ဟွကိုဖုန်းသည် တိန့်ရှောက်ဖိန်ကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းသူဟု စွပ်စွဲခဲ့၏။

အောက်တိုဘာ ၂ရက်တွင် ဝမ်ဟုန်ဝင်သည် တရားဝင် ဓာတ်ပုံရိုက်ကာ သူ့ပုံကို ရုံးဌာနများတွင်ချိတ်ဆွဲရေးအစီအစဉ်ကို ပြင်ဆင်ခဲ့၏။ အောက်တိုဘာ ၃ရက်တွင် ပေကျင်းမြို့ပြင် ပင်ဂုအရပ်တွင် သူက မိန့်ခွန်းပြောရာ၌

'ဗဟိုကော်မတီက ပြန်လည်ပြင်ဆင်ရေးဝါဒီဖြစ်ကုန်ကြရင် ခင်ဗျားတို့ဘယ်လိုလုပ်ကြမလဲ'

'ဖြုတ်ချပစ်ပေါ့'

www.foreverstore.com.mm

မြားဦးကား ဟွကိုဖုန်းဘက် လှည့်သွားပြီ။

ဂိုဏ်းသားများက ပေကျင်းကို သံချပ်ကာကားများလွှတ်ရန် စီစစ်နေပြီ။ ဝမ်ဟုန်ဝင်သည် တာဝန်မှူးရုံးခန်းပင် ပေကျင်း၌ဖွင့်ခဲ့၏။ ထိုရုံးမှနေ၍ သူ အစစအရာရာညွှန်ကြားခဲ့သည်။ သူတို့အစီအစဉ်အရ ကျန်းကျင်းကို ဗဟိုကော်မတီဥက္ကဋ္ဌနှင့် စစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် တောင်းဆိုသည်။

ကျန်းကျင်းကား တီယန်စင်တွင် အဝတ်အစားများပင် အသင့်ချုပ်ကာ နန်းတက်ရန်ပြင်ဆင်နေပြီ။ အောက်တိုဘာ ၈၊ ၉၊ ၁၀မှာ သတင်းကောင်းကြားရမယ်ဟူသော ကောလာဟလကလည်း ပြည်သူကြားတွင် ပျံ့နှံ့နေ၏။ ဤကောလာဟလသည်လည်း လေးဦးဂိုဏ်းက ဝါဒဖြန့်ထားခြင်းသာ ဖြစ်၏။

မော်စီတုံးကွယ်လွန်ခဲ့သည်မှာ တစ်လပင်မပြည့်သေး။ သို့သော် နိုင်ငံရေးအခြေအနေကား ဝရုန်းသုန်းကား ဖြစ်နေပြီ။ လေးဦးဂိုဏ်းသည် ဤအချိန်အခါကိုအခွင့်ကောင်းယူကာ အာဏာသိမ်းရန် ကြံစည်နေကြ၏။ သူတို့ အချိန်ကာလရှည်ကြာစွာစောင့်ဆိုင်းနေသောအခါအခွင့်ကား နောက်ဆုံးတွင် ရောက်ရှိလာချေပြီ။

www.foreverspace.com.mm

## ။ ၄၇ ။
## လေးဦးဂိုဏ်းကို အပြီးတိုင်ချေမှုန်းပြီ

ဟွကိုဖုန်းနှင့် ဗဟိုကော်မတီမှ တခြားခေါင်းဆောင်များသည် လေးဦးဂိုဏ်း၏အာဏာင်န်းင်န်းတက်မှုများကို သတိပြုမိကြ၏။ ရဲဘော်ဟောင်းများစွာတို့က ဥက္ကဋ္ဌမော်ကွယ်လွန်ပြီးလျှင် ပါတီနှင့်နိုင်ငံတော်သည် အလွန်အမင်းအန္တရာယ်ကြီးမားသောအခြေအနေနှင့် ရင်ဆိုင်ရတော့မည်ကို သဘောပေါက်ကြ၏။ သူတို့သည် ယိကျန်ယင်းထံ သွားကြ၏။

ယိကျန့်ယင်းသည် စစ်ဗိုလ်ချုပ်ဟောင်းကြီးဖြစ်၏။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကိုထူထောင်သူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်၏။ လင်ပြောင်ကျဆုံးသွားပြီးနောက်ပိုင်းတွင် မော်စီတုံးက သူ့ကို တပ်မတော်အား လွှဲပြောင်းတာဝန်ယူစေခဲ့သည်။ သူ၏အနစ်နာခံကြိုးပမ်းမှုကြောင့် တပ်မတော်ကြီးပြန်လည်စည်းရုံးမိလာခြင်း ဖြစ်၏။

တိန့်ရှောက်ဖိန်ကိုပြန်သုံးသောအချိန်တွင် ယိသည် တိန့်ကို ဗဟိုကော်မရှင်၏ဒုတိယဥက္ကဋ္ဌလုပ်ရန် တိုက်တွန်းခဲ့သူဖြစ်၏။

တိန့်ကို ရာထူးမှချလိုက်ချိန်တွင် ယိမှာ ကျန်းမာရေးမကောင်း၍အပြင်ရောက်နေချေပြီ။

သူကိုယ်တိုင် တာဝန်မထမ်းဆောင်နိုင်သော်လည်း ယိက ကော်မရှင်၏အကြီးအကဲအဖြစ်ဆောင်ရွက်နေသူ ချန်ဇီလျန်ကို အလွန်လေးစား၏။ တကယ့်ထိန်းချုပ်မှုမှာမူ ယိ၏လက်တွင်သာ ရှိသေး၏။ ထို့ပြင် ယိသည် ပါတီဗဟိုကော်မတီ၏ဒုတိယဥက္ကဋ္ဌဖြစ်နေဆဲ။ ပေါ်လစ်ဗျူရို၏အလုပ်အမှုဆောင်ကော်မတီဝင်၊ ဗဟိုစစ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီး စသော တာဝန်များကို

ယူထားဆဲဖြစ်၏။ သူသည် ပေါ်လစ်ဗျူရိုအစည်းအဝေးများလည်း တက်နေဆဲဖြစ်၏။

ရဲဘော်ဟောင်းများသည် အမျိုးသားရေးကိစ္စများတွင် မရှုနိုင်မကယ်နိုင်ဖြစ်ကြသောအခါ သူတို့ တိုင်ပင်စရာဟူ၍ ယိကျန့်ယင်းထံသို့သာ သွားကြရတော့၏။ ယိကလည်း နိုင်ငံအခြေအနေ မည်မျှအထိယိုယွင်းနေသည်ကို သိ၏။ လေးဦးဂိုဏ်းကို ညှာမနေဘဲ အပြတ်သုတ်သင်ချေမှုန်းမှဖြစ်မည်ကို သူ သိ၏။

ယိသည် လက်ရှိနိုင်ငံတော်ခေါင်းဆောင် ဟွကိုဖုန်း၏ အကူအညီတော့ ရရန် လို၏။

သူက ဟွထံ သွားတွေ့ကာ ပြောင်ပြောင်တင်းတင်းပင် ပြောသည်။

'သူတို့က ထွက်ခိုင်းလဲ ထွက်ကြမယ့်လူတွေ မဟုတ်ဘူး။ သူတို့က အာဏာရဖို့လဲ စောင့်နိုင်ကြတဲ့သူတွေ မဟုတ်ဘူး။ ဥက္ကဋ္ဌကြီးလဲ မရှိတော့ဘူး။ သူတို့ကို တိုက်ထုတ်ပစ်ဖို့ကတော့ ခင်ဗျားသဘောပဲ ကျန်တော့တယ်'

ဟွကိုဖုန်းသည် ယိစကားများကြောင့် လှုပ်ရှားသွားသည်။ အခြေအနေကား တင်းမာနေပြီ။ လေးဦးဂိုဏ်းသည် သူတို့၏ရည်မှန်းချက်ကို ပေါ်လစ်ဗျူရိုအစည်းအဝေးတွင် နှစ်ကြိမ်တိုင်တိုင် တင်ပြခဲ့ကြပြီးပြီ။ ဟွက ချက်ချင်းအဖြေမပေး။ သူသည် လေးဦးဂိုဏ်းကိုတိုက်ထုတ်ရမည်ကိုတော့ နားလည်၏။ သို့သော် ယခု သူ ရာထူးရတာ ဘာမှမကြာသေး။ အချိန်ယူစဉ်းစားရဦးမည်။

လေးဦးဂိုဏ်းကိုတိုက်ရမည့်တိုက်ပွဲတွင် သူ့အနေအထားက အရေးကြီးသည်ကို ဟွသိသည်။ သူအားကိုးရမည့်သူ နောက်တစ်ဦးရှိသေးသည်ကို သူသိ၏။ ထိုသူသည် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်လည်း ဖြစ်၊ ဗဟိုကော်မတီရုံးမှ ညွှန်ကြားရေးမှူးလည်းဖြစ်သူ ဝမ်တုံမင်းဖြစ်၏။ သူသည် တပ်နီတော် အဖွဲ့ဝင်ဟောင်းဖြစ်ပြီး ခရီးရှည်ချီတက်ပွဲတွင် ပါဝင်ခဲ့သူလည်းဖြစ်၏။ ဝမ်သည် ဗဟိုလုံခြုံရေးဗျူရိုကို ဦးဆောင်ခဲ့၏။ သူသည် မော်စီတုံးကို သစ္စာခံသူ၊ လေးဦးဂိုဏ်းကို ရွံရှာသူဖြစ်၏။ ယိသည် ဝမ်တုံမင်းရှိရာသို့ အမြန်သွားပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေး၏။

'ကျုပ် ခင်ဗျားနဲ့ဟွ ဘာပြောပြော လုပ်ပါမယ်'ဟု ဝမ်က ပြန်ပြော၏။

ဝမ်က ယိအား လူနည်းနည်းနှင့်စစ်ဆင်ရေးလုပ်ရန်၊ လုံးဝဉသုံ လျှို့ဝှက်လုပ်ရန်လည်း အကြံပေးခဲ့၏။

www.foreverspace.com.mm

စက်တင်ဘာ ၂၁ တွင် ဟွကိုဖုန်းသည် လီရှန်နီယန်နှင့် ဆွေးနွေး၏။

'သူတို့အတွင်းမှာ မသင့်မတင့်ဖြစ်ကြတာတော့ မရှောင်မလွှဲသာဘူး' ဟု ပြောလိုက်သည်။ သူက လီကို သူ့ကိုယ်စား ယိကိုပြောပေးရန် တောင်းပန်သည်။ သူ့ကို သီးသန့်အစီအစဉ်နှင့်လုပ်ရန်လည်း တိုက်တွန်းသည်။

ယခုအခါ ဟွသည် သူ့အနေအထားကို ရှင်းလင်းစွာ ပြုလုပ်နိုင်ခဲ့ပြီ။ ယိကျန်ရင်းသည် အသေးစိတ်အစီအစဉ်များကို အာရုံစိုက် ရေးဆွဲသည်။ ဥပဒေကြောင်းက လုပ်မလား။ အချိန်က မရှိတော့ပါ။ တပ်ကို သုံးမလား။ ဒါလည်း လုပ်၍မဖြစ်။ ယိသည် ဟွကိုဖုန်းနှင့် ဝမ်တုံမင်းတို့နှင့် ထပ်ဆွေးနွေးသည်။ ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်အစည်းအဝေး မကြာခင် ကျင်းပပြီး 'မော်စီတုံးလက်ရွေးစင်ကျမ်း အတွဲ(၅)' ထုတ်ဝေရန် တိုင်ပင်စရာ ရှိ၏။ ထိုအစည်းအဝေးတွင် ယောင်ဝေယွမ်ကိုပါဖိတ်ပြီး ဆွေးနွေးစေမည်။ ထိုအစည်းအဝေးတွင် ယောင်ဝေယွမ်၊ ဝမ်ဟုန်ဝင်နှင့် ဇန်ချွန်းကြောင်တို့ကို ဖမ်းလိုက်မည်။ ကျန်းကျင်းကိုကား တစ်နေရာရာတွင် ရှိနေစေမည်။ နေ့ရက်ကို အောက်တိုဘာ ၆ ရက်ဟု သတ်မှတ်လိုက်၏။

ယိကျန်ရင်းသည် နေရာအနှံ့သွားကာ အစီအစဉ်များကိုချမှတ်၏။ တပ်မတချို့ကိုလည်း ညွှန်ကြားချက်များ ပေးထား၏။

အောက်တိုဘာ ၆ရက်နေ့။

အစည်းအဝေးကို ည ၈နာရီတွင် စတင်ရန် စီစဉ်ထား၏။ ယိကျန်ရင်းနှင့် ဟွကိုဖုန်းသည် အစည်းအဝေးလုပ်မည့်နေရာသို့ တစ်နာရီစော၍ ရောက်လာကြ၏။ ဝမ်တုံမင်းနှင့် သူ၏လုံခြုံရေးတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် ဧည့်ခန်းထဲတွင် အသင့်စောင့်နေကြ၏။ ယိနှင့် ဟွတို့သည် အစည်းအဝေးခန်းထဲ ဝင်လာကြ၏။ ဆိုဖာပေါ်တွင်ထိုင်ပြီး တိုးတိုးလေးစကားပြောနေကြ၏။

တိုင်ကပ်နာရီကား ပုံမှန်အတိုင်း တစ်ချက်ချက် မြည်နေ၏။ တစ်မိနစ်ပြီး တစ်မိနစ် အချိန်တို့ နီးကပ်လာ၏။ ၈နာရီ ထိုးတော့မည်။ လေးဦးဂိုဏ်းထဲမှ ပထမဆုံး ရောက်လာသူမှာ ဝမ်ဟုန်ဝင်။ အခန်းထဲဝင်လာလျှင်လာခြင်း အခြေအနေကို ရိပ်စားမိသွား၏။ သူက ရုန်းကန်တွန်းလှန်ပြီး ခုခံရန်ကြိုးပမ်း၏။ သို့သော် လုံခြုံရေးတပ်ဖွဲ့ဝင်အများစုကြားတွင် သူသည် ကားကနဲ ဖမ်းမိသွားသည်။

သူတို့က သူ့ကို အစည်းအဝေးခန်းထဲသို့တွန်းခေါ်သွားကြသည်။သူသည် ယိကျန်ရင်းနှင့်ဟွကိုဖုန်းတို့ အတူတကွထိုင်နေသည်ကို တွေ့လိုက်ရသည်။ သားရဲတစ်ကောင်ကဲ့သို့ပင် သူတို့ဆီသို့ သူက အတင်းပြေးဝင်သွားသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက သူ့ကိုကြမ်းပြင်ပေါ်တွန်းလှဲချလိုက်ကြ၏။ ဟွကိုဖုန်းက သူ၏အပြစ်များကို စွဲချက်တင်လိုက်၏။

'ဒီလောက်မြန်မြန်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှမထင်ခဲ့မိဘူး'ဟု ဝမ်က ကြေကွဲဝမ်းနည်းစွာ အော်ပြော၏။

နောက်ဝင်လာသူမှာ ဇန်ချွန်းကြောင်။ညှော်ခန်းခန်းမအပေါက်တွင် သူ့သက်တော်စောင့်ကို ဝင်ခွင့်မပြုကြ။ တစ်ခုခုတော့မှားယွင်းနေပြီဟု 'ဇန်'ရိပ်မိလိုက်၏။

'ဘာဖြစ်တာလဲကွ'

သူက မေးရင်း အစည်းအဝေးခန်းထဲသို့ ဝင်လာသည်။ ဟွကိုဖုန်းက သူ့ကို ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။

'ဇန်ချွန်းကြောင် နားထောင်ပါ။ ကျန်းကျင်းရယ်၊ ဝမ်ဟုန်ဝင်ရယ်နဲ့ အတူတူ ခင်ဗျားဟာ ပါတီကိုဆန့်ကျင်ခဲ့တယ်။ ဆိုရှယ်လစ်ဝါဒကို ဆန့်ကျင်ခဲ့တယ်။ ခွင့်မလွှတ်နိုင်တဲ့ ရာဇဝတ်မှုတွေအများကြီးကိုလဲ ကျူးလွန်ခဲ့တယ်'

ဟွက ပြောပြောဆိုဆို ဇန်ကိုဖမ်းချုပ်ကာ သီးခြားနေရာတွင် ထားလိုက်၏။ သူသည် လုံခြုံရေးရဲဘော်များနောက်တွင် ပါသွားရရှာတော့၏။

ယောင်ဝေယွမ်ကား နောက်ကျမှ ရောက်လာသည်။ ဗဟိုလုံခြုံရေးတပ်ဖွဲ့မှဒုတိယတပ်မှူးက သူ့ကိုစွဲချက်တင်ကာ ဖမ်းလိုက်၏။

'ကျန်းကျင်း'တစ်ယောက်သာ ကျန်တော့၏။ သူသည် ပိုးအင်္ကျီဝတ်ကာ ဗီဒီယိုဇာတ်ကားတစ်ကားကို အိမ်မှာ ကြည့်နေသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ သူ့အခန်းထဲသို့ ဝင်လာသည်။ သူက ပထမတော့ ဘာမှနားမလည်။

'မင်းတို့ ဘာလာလုပ်ကြတာလဲ'

သူက အော်မေး၏။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စွဲချက်များကိုဖတ်ပြ၏။

'ဘာကြောင့်လဲ ဘာကြောင့်လဲ'

www.foreverspace.com.mm

သူက ဆက်မေးနေ၏။

'တစ်နေရာရာကို သွားကြရအောင်' ဟု လုံခြုံရေးတို့က ယဉ်ကျေးစွာ သူ့ကို ပြောလိုက်သည်။ ထိုနောက် အမျိုးသမီးရဲမေနှစ်ဦးက သူ့ကို ခေါ်သွားကြ၏။

နောက်ဆုံးတစ်ဦးသာ ကျန်တော့၏။

'မော်ယွမ်ဖင်'

လေးဦးဂိုဏ်း၏အာဏာသိမ်းမှုတွင် အနီးကပ်ပါဝင်ခဲ့သူ။ သူ့ကိုဖမ်းရန် မော်၏သက်တော်စောင့်ဟောင်းလီဂျန်ကျင်းအား တာဝန်ပေးထား၏။လီက သူ့ကို ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်ကိုဖတ်ပြ၏။ မိမိကိုယ်မိမိ အိမ်ရှေ့စံဟုထင်နေသူ မော်ယွမ်ဖင်မှာ ဘာမှမပြောနိုင်ဘဲ အဖမ်းခံခဲ့ရ၏။သူ့ခန္ဓာကိုယ်ကို ရှာဖွေသောအခါ ပစ္စတိုတစ်လက်ကိုတွေ့ရ၏။

၁၉၆၆ မေမှ ၁၉၇၆ အောက်တိုဘာအထိ ၁၀နှစ်တိုင် ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် လေးဦးဂိုဏ်းသည် စိုးမိုးခြယ်လှယ်ခဲ့ကြ၏။သူတို့ကို တစ်နာရီအတွင်း သေနတ်တစ်ချက်လေးမျှပင် မပစ်ဖောက်ရဘဲ ဖမ်းဆီးနိုင်ခဲ့သည်။ ဟွာကိုဖုန်းနှင့် ယီကျန်ရင်းတို့သည် ဗဟိုပြည်သူ့အသံလွှင့်ဌာန၊ ဆင်ဟွာသတင်းဌာနနှင့် တခြားသတင်းဌာနများကို သိမ်းပိုက်ရန် တပ်ဖွဲ့များကို စေလွှတ်လိုက်သည်။ ထိုနေရာဌာနများမှာ လေးဦးဂိုဏ်းက အချိန်အတော်ကြာ ထိန်းချုပ်ထားသောနေရာများ ဖြစ်ကြ၏။

ပေကျင်းမြို့တွင် ရှိနေသော ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များသည် ချက်ချင်း ယီကျန်ရင်းအိမ်သို့ လာကြရန်၊ ပေါ်လစ်ဗျူရိုအရေးပေါ်အစည်းအဝေး တက်ကြရန် ချက်ချင်းအကြောင်းကြားလိုက်သည်။ အောက်တိုဘာ ၆ရက် ည ၁၀နာရီတွင် အစည်းအဝေးခန်းထဲသို့ ဟွာကိုဖုန်းနှင့် ယီကျန်ရင်းတို့သည် လက်ချင်းချိတ်တွဲကာ ပြုံးပြုံးကြီး ဝင်လာကြ၏။ ထို့နောက် လေးဦးဂိုဏ်းကို မည်သို့ချေမှုန်းလိုက်ကြောင်း ပြောလိုက်၏။

ရုတ်တရက် အံ့သြသလိုဖြစ်သွားကြပြီး မကြာမီတွင် ဝမ်းသာအားရ လက်ခုပ်သြဘာသံများ ပေါ်ထွက်လာ၏။ အစည်းအဝေးကို ညလုံးပေါက် ကျင်းပကာ အရေးကြီးသောဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြ၏။

ဟွကိုဖုန်းသည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအနေဖြင့် အောက်တိုဘာ ၇ ရက်မှ စ၍ တစ်ပြည်လုံးတွင် အစည်းအဝေးများ စတင်ကျင်းပကာ လေးဦးဂိုဏ်း၏အဖျက်လုပ်ရပ်များကို ကြေညာစေ၏။

အောက်တိုဘာ ၁၀ရက်နေ့တွင် တိန့်ရှောက်ဖိန်သည် ဝမ်တုံမင်းမှတစ်ဆင့် ဟွကိုဖုန်းနှင့် ဗဟိုကော်မတီထံ စာရေးခဲ့၏။

'တရုတ်ပြည်က ပြည်သူတစ်ရပ်လုံးလိုပဲ ဒီမဟာအောင်ပွဲကြီးကို ကျွန်တော်လဲ ချီးကျူးဂုဏ်ပြုပါရစေ။ ကျွန်တော့်နှလုံးသားထဲကလာတဲ့အသံနဲ့ ချီးကျူးပါရစေ။ ဟူးရား ဟူးရား ဟူးရား ဟူးရား ဟူးရား ဟူးရား။

တရုတ်ပြည်နဲ့ တရုတ်လူမျိုးတွေ ပြန်လည်မွေးဖွားကြပါပြီ။

ဟူးရား ဟူးရာ ဟူးရား'

ပါတီဗဟိုကော်မတီက ၁၉၇၆ အောက်တိုဘာ ၁၆ ရက်တွင် လေးဦးဂိုဏ်းကိုဖြိုခွင်းလိုက်ခြင်းကို တရားဝင်ကြေညာခဲ့၏။

အောက်တိုဘာ ၂၁ တွင် ပြည်သူသန်းဝက်မျှ ပေကျင်းမြို့ လမ်းပေါ်ထွက်လာကြ၏။ တိန်အန်းမင်ရင်ပြင်တွင် စုဝေးကာ ပျော်ရွှင်စွာဖြင့် ချီတက်ခဲ့ကြ၏။ သီချင်းတွေဆိုကြ။ ကကြ ခုန်ကြ။ ကြွေးကြော်သံများ ဟစ်ကြွေးကြ။ လင်းကွင်းသံများ ဗုံမောင်းသံများသည် ညံလျက်။ မီးရှူးမီးပန်းတွေ လွှတ်တင်။ ဖျောက်အိုးတွေ ပစ်ဖောက်။ ပြည်သူတို့သည် လွတ်လပ်ရေးပြန်ရကြပြီ။ ပြည်သူတို့ လွတ်မြောက်ကြပြီ။

၁၉၆၆ အောက်တိုဘာမှစတင်ခဲ့သော ယဉ်ကျေးမှုတော်လှန်ရေး ၁၀နှစ်တာကာလအတွင်း လူပေါင်း ၃၉၇,၀၀၀ သည် တံဆိပ်တပ်ခံရ၊ ရှုတ်ချခံခဲ့ကြရသည်။ ကျေးလက်များသို့ အနှင်ခံခဲ့ကြရ၏။

၁၉၆၆ ဩဂုတ်မှစက်တင်ဘာလ ရက်၄၀အတွင်း လူပေါင်း ၈၅,၀၀၀ သည် ပေကျင်းမှနှင်ထုတ်ခံခဲ့ကြရကာ မူလဇာတိမြေများသို့ မောင်းထုတ်ခံခဲ့ကြရ၏။ လူပေါင်း၁၇၇၂ အသတ်ခံခဲ့ရ၏။ လူပေါင်း၃၃,၀၀၀၏အိမ်များသို့ တက်ရောက်ရှာဖွေကြ၏။ ၁၉၆၇မှ ၁၉၇၁အတွင်း အဆင့်မြင့်ရာထူးကြီး ကေဒါပေါင်း ၅၀၀ကျော် ထောင်သွင်းအကျဉ်းကျခံခဲ့ကြရ၏။ ထိုအထဲမှ ၃၄ဦးမှာ အနှိပ်စက်

www.foreverspace.com.mm



ခံရပြီးသေဆုံးကြရ၏။ ၂၀ကျော်မှာ ခြေကျိုးလက်ကျိုးခဲ့ရ၏။ဖ၆၀မှာကား ရူးသွပ်သွားကြသည်။

ယဉ်ကျေးမှုတော်လှန်ရေးကာလ ၁၀ နှစ်တာအတွင်း ပြည်သူတို့သည် ခါးသီးသောအတွေ့အကြုံများကို ခံစားခဲ့ကြရ၏။ နောက်ဆုံးတွင်ကား သူတို့၏ မှန်ကန်မှု၊ သတ္တိရှိမှုတို့ဖြင့် အမှားကို အောင်နိုင်ကြကာ တောက်ပသော သစ္စာတရားနှင့် မျှော်လင့်ချက်လမ်းကို စတင်ရှာဖွေတွေ့ရှိခဲ့ကြသည်။

www.foreverstore.com.mm

## ။ ၄၇ ။

## ပြန်လည်တည်ဆောက်မှု အသီးအပွင့်များ

လေးဦးဂိုဏ်းကား ပျက်သုဉ်းခဲ့ချေပြီ။ သို့သော် တရုတ်ပြည်သူတို့သည် မားမားမတ်မတ်ပြန်လည်ထူထောင်နိုင်ရေးအတွက် အခက်အခဲပေါင်းစုံကို ကျော်နင်းကြရဦးမည်။

လေးဦးဂိုဏ်း မရှိတော့သော်လည်း ဗဟိုကော်မတီသည် တိန့်ရှောက်ဖိန်ဝေဖန်ရေးကား ဆက်လုပ်ကြဆဲ။ တိန့်ရှောက်ဖိန်မှာလည်း အကျယ်ချုပ်ဘဝက မလွတ်သေး။

တိန့်၏ဆီးကျိတ်ရောဂါက မခံမရပ်နိုင်ဖြစ်လာ၍ အိမ်သို့ ဆရာဝန်များ ပင့်ကာ ကုသနေရ၏။ နောက်ဆုံးတွင် အမှတ် ၃၀၁ ဆေးရုံ တက်ကုရတော့၏။ ဆေးရုံတွင် သီးသန့်ခန်း ပေးထား၏။ အပြင်တွင် အစောင့်ရဲဘော် တစ်ယောက် စောင့်ကြပ်နေ၏။ နောက်ဆုံးတွင် ဆီးကျိတ်ကို ခွဲစိတ်ကုသခဲ့ရ၏။

ဆေးရုံပေါ်တွင်ပင် ဗဟိုကော်မတီက သူတို့ဆုံးဖြတ်ချက်များကို တိန့်အား ဖတ်ခွင့် စ,ပေးသည်။

'ဝမ်၊ ဇန်၊ ကျန်နှင့် ယောင်တို့၏ ရာဇဝတ်မှုများနှင့် ပတ်သက်သည့် အချက်အလက် အမှတ်(၁)'ကို စ,ဖတ်ရ၏။

ဆေးရုံသို့ ပထမဆုံးလာတွေ့သူမှာ ဗိုလ်ချုပ်ကြီးဟောင်း 'ယုကွီလု' ဖြစ်၏။ သူသည် တိုက်ပွဲတွင် လက်တစ်ဖက်စွန့်လွှတ်ခဲ့ရသူ ဖြစ်၏။

'ဘယ်သူက ပြောလဲကွ၊ ငါ သူ့ကိုမတွေ့ရဘူးလို့'ဟုပြောကာ လာတွေ့၏။ 'ယု'လာပြီးနောက် လမ်းပွင့်သွားကာ တခြားရဲဘော်များလည်း လာတွေ့ကြ၏။

'အပြင်ထွက်ပြီး အလုပ်လုပ်ပြပါတော့'ဟု တောင်းဆိုကြ၏။

www.foreverspace.com.mm

ဆေးရုံတွင် ၅၅ ရက် တက်ပြီး ဆေးရုံမှ ပြန်ဆင်းခဲ့၏။ တိန့်၏ရောဂါမှာ ရှင်းရှင်းလင်းလင်းပင် ပျောက်ကင်းသွားပြီ။

တစ်ညနေတွင် ဗိုလ်ချုပ်ကြီးယိ၏ သားက တိန့်ထံ ပေါက်ချလာကာ သူ့ကားနှင့်တင်ပြီး သူ့ဖခင်ထံ ခေါ်သွား၏။ 'ယိ'အိမ်တွင် ညစာစားကြ၏။

ဧပြီလ ၁၀ ရက်တွင် တိန့်သည် ဗဟိုကော်မတီထံစာရေး၏။ ပါတီနှင့် ပြည်သူအပေါ် သစ္စာစောင့်သိလျက်ရှိကြောင်း၊ မော်စီတုံးအတွေးအခေါ်ကို လိုက်နာယုံကြည်ဆဲဖြစ်ကြောင်း။

ဗဟိုကော်မတီက တိန့်၏စာကို မေလ ၃ ရက်တွင် ပုံနှိပ်ဖြန့်ဝေ၏။

မေလ၂၄ ရက်တွင် ဗဟိုကော်မတီဝင်နှစ်ဦးနှင့်တွေ့ဆုံရ၏။ ဗဟိုကော်မတီဝင်တစ်ဦးက တိန့်အား မိမိကိုယ်မိမိဝေဖန်ရေး ရေးခိုင်းသည်။ 'တိန်အန်မင်းအဖြစ်အပျက်'သည် တန်ပြန်တော်လှန်ရေးလုပ်ခြင်းဖြစ်ကြောင်း ဝန်ခံခိုင်းသည်။ တိန့်က ခေါင်းတွင်တွင်ခါပြီး ငြင်းခဲ့၏။

ယိကျန်ရင်း၊ ချိန်ယွန်း၊ လီရှန်နီယန်၊ ဝမ်ဇင်တို့က တိန့်ကို ကောင်းစွာ နားလည်သဘောပေါက်ကြ၏။ ထို့ကြောင့် လေးဦးဂိုဏ်း ဖယ်ရှားခံရပြီး ၉လ အကြာ ၁၉၇၇ ဇူလိုင်လတွင် တိန့်ရောက်ဖိန်သည် အလုပ်ပြန်ဆင်းခဲ့ရပြန်သည်။

ဤသည်မှာ ပြည်သူတစ်ရပ်လုံး၏ဆန္ဒပင်တည်း။ တရုတ်ပြည်၏ ကံကြမ္မာသစ်ကိုဖော်ဆောင်မည့် အတိတ်နိမိတ်ပင်တည်း။

www.foreverstar.com.mm

## ။ ၄၉ ။
## နိဂုံးကောက်ချက်ချရလျှင်

၁၀နှစ်ကြာ ယဉ်ကျေးမှုတော်လှန်ရေးကား ပြီးဆုံးခဲ့လေပြီ။ ပြည်သူတို့၏ နှလုံးသားပေါ်မှ အမာရွတ်များကား မည်သည့်အခါမှ ပျောက်ပျက်နိုင်မည်မဟုတ်။

တိန့်ရှောက်ဖိန်သည် ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်းက ရရှိခဲ့သော သင်ခန်းစာများကို ယူကာ တရုတ်ပြည်သစ်အတွက် ပြန်လည်ပြုပြင်ရေး၊ ပြန်လည်တံခါးဖွင့်ရေးလမ်းစကို ရခဲ့၏။ လုံး၀ဥဿုံသစ်လွင်သော ဆိုရှယ်လစ်လမ်းသစ်ကိုဖွင့်ခဲ့၏။ တိန့်ရှောက်ဖိန်သည် သဘောတရားနှင့်လက်တွေ့ကို ထပ်တူကျအောင် ကြိုးစားလုပ်ဆောင်ပြခဲ့၏။ မှန်ကန်သောလမ်းကိုရှာဖွေခဲ့၏။ အလုပ်ပြန်လုပ်ခွင့်ရသည်နှင့် သူနှင့်သူ့လုပ်ဖော်ကိုင်ဖက်များသည် တရုတ်ပြည်သူတို့ကို ရှာဖွေမှုသစ်လမ်းကြောင်းကို ဦးဆောင်ခေါ်ယူ လမ်းပြခဲ့ကြသည်။ ဤသည်မှာ မလွယ်ကူပါ။ သို့သော် အောင်မြင်ခဲ့ပါသည်။ နှစ်ပေါင်း၂၀ကြာ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ခဲ့ပြီးနောက် တရုတ်ပြည်သည် မှန်ကန်သော လမ်းကြောင်းပေါ်ရောက်ခဲ့၏။ တိုးတက်သောကမ္ဘာကြီးနှင့် လျင်မြန်စွာရင်ဘောင်တန်းနိုင်ခဲ့၏။

တိန့်ရှောက်ဖိန်သည် အမှန်တရားကို ဘ၀တစ်လျှောက်လုံးရှာဖွေခဲ့သူဖြစ်၏။ သူသည် ပါတီကို ယုံကြည်သက်ဝင်သစ္စာရှိသူဖြစ်၏။ သူ့တွင် ရှည်ကြာသောတော်လှန်ရေးအတွေ့အကြုံများရှိ၏။ ၄င်းတို့ကိုအခြေခံကာ သူသည် ပြည်သူနှင့်နိုင်ငံတော်အတွက် ထင်ရှားသောလုပ်ငန်းများစွာကိုလုပ်ပြခဲ့၏။ နိုင်ငံတော်တိုးတက်ရေးနှင့် ပြည်သူတို့ ချမ်းသာကြွယ်ဝရေးလမ်းစများကို ဖောက်ထွင်နိုင်ခဲ့၏။

www.foreverspace.com.mm



လေးဦးဂိုဏ်းခေါင်းဆောင် ကျန်းကျင်းသည် မော်စီတုံး၏တတိယဇနီး ဖြစ်သည်။ မော်နှင့် အိမ်ထောင်မကျမီက မထင်မရှားရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ခဲ့သည်။ မော်နှင့် အိမ်ထောင်ကျပြီးနောက် ဗဟိုကော်မတီ၏ ရုပ်ရှင်နှင့်ပြန်ကြားရေးဌာနအကြီးအကဲဖြစ်ခဲ့၏။ သို့သော် ကျန်းမာရေးအကြောင်းပြပြီး မည်သည့်အခါမှ အလုပ် မလုပ်ခဲ့။ ယဉ်ကျေးမှုတော်လှန်ရေးကာလကျမှ သူသည် တန်ပြန်တော်လှန်ရေးအုပ်စု(လေးဦးဂိုဏ်း)ကို စည်းရုံးဦးဆောင်ခဲ့သည်။ ၁၉၈၁ ဇန်နဝါရီလတွင် သူသည် သေဒဏ်တရားစီရင်ခြင်း ခံခဲ့ရ၏။ နောက်ပိုင်းတွင် သေဒဏ်ကို နှစ်နှစ်ရွှေ့ဆိုင်းခဲ့သည်။ ၁၉၈၃ ဇန်နဝါရီလတွင်ကား သေဒဏ်မှ ထောင်ဒဏ်တစ်သက်ဟု ပြောင်းလဲအပြစ်ပေးခံခဲ့ရ၏။ ၁၉၉၁တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် သူ့အသက်မှာ ၇၇နှစ် ရှိပြီ။

ဝမ်ဟုန်ဝင်သည် ယဉ်ကျေးမှုတော်လှန်ရေးအတွင်း ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ပေါ်လစ်ဗျူရိုအလုပ်အမှုဆောင်၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌတို့ ဖြစ်ခဲ့၏။ ကျန်းကျင်း၊ ဇန်ချွန်းကြောင်၊ ယောင်ဝေယွမ်တို့နှင့်အတူ လေးဦးဂိုဏ်းအဖွဲ့ဝင်ဖြစ်ပြီး ပါတီခေါင်းဆောင်မှုကို ဖြိုခွဲပြီး နိုင်ငံတော်အာဏာလုယူရန် ကြံစည်သူဖြစ်ခဲ့သည်။ ၁၉၇၇ ဇူလိုင်လတွင် ၁၀ကြိမ်မြောက် ဗဟိုကော်မတီ၏ တတိယအကြိမ်ညီလာခံက သူ့ကို ပါတီနှင့် ရာထူးများမှ ထုတ်ပယ်ခဲ့၏။ ၁၉၈၁ ဇန်နဝါရီတွင် ရုံးတော်မှ ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်ခဲ့၏။ ၁၉၉၂တွင် ကွယ်လွန်ခဲ့ရာ ကွယ်လွန်ချိန်တွင် အသက် ၅၈နှစ်သာ ရှိသေးသည်။

ယောင်ဝေယွမ်သည် ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီက ရှန်ဟဲမြူနီစပယ်ကော်မတီ၏နိုင်ငံရေးသုတေသနဗျူရိုမှ အဖွဲ့ဝင်တစ်ဦးမျှသာ ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ကျန်းကျင်းအုပ်စုဝင်ဖြစ်လာသည်။၁၉၈၁ ဇန်နဝါရီလတွင် သူသည် ထောင်ဒဏ်အနှစ်၂၀ ကျခဲ့၏။ ယောင်ဝေယွမ်သည် ယခုအခါ အသက် ၇၆နှစ်ရှိပြီး ၁၉၉၈ကတည်းက ထောင်မှလွှတ်ပေးခြင်းခံခဲ့ရကာ ယခုအခါမထင်မရှား ဇာတ်မြုပ်နေထိုင်လျက်ရှိသည်။

ဇန်ချွန်းကြောင်မှာ ယဉ်ကျေးမှုတော်လှန်ရေးအတွင်းတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဖြစ်ခဲ့ကာ လေးဦးဂိုဏ်းနှင့်

ပေါင်းခဲ့သူဖြစ်၏။ ၁၉၈၁ဇန်နဝါတွင် သူ့အား သေဒဏ်ချမှတ်စီရင်ခဲ့၏။နောက်ပိုင်းတွင် သေဒဏ်ကို နှစ်နှစ် ရွှေ့ဆိုင်းခဲ့သည်။ ၁၉၈၃ ဇန်နဝါရီတွင် သူ့အား သေဒဏ်မှထောင်ဒဏ်တစ်သက်သို့ပြောင်းလွဲချမှတ်ခဲ့၏။ နောက်ပိုင်းတွင် ကျန်းမာရေးအကြောင်းပြချက်ဖြင့် အကျဉ်းထောင်မှ ခံဝန်ချက်ဖြင့် လွှတ်ပေးခြင်းခံခဲ့ရသည်။ ၂၀၀၅ မေလတွင် သူကွယ်လွန်ခဲ့ရာ ကွယ်လွန်ချိန်တွင် အသက်၈၈ နှစ် ရှိခဲ့သည်။

ယဉ်ကျေးမှုတော်လှန်ရေးကား တရုတ်ပြည်တစ်ပြည်လုံးကို ကပြောင်းကပြန်ဖြစ်စေခဲ့သည်။ ယဉ်ကျေးမှုတော်လှန်ရေးသည် တရုတ်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးဝရုန်းသုန်းကားဖြစ်ရပ်ပင် ဖြစ်ခဲ့ပါသည်။ ကျန်းကျင်းဦးဆောင်သော လေးဦးဂိုဏ်းအနက် ယခု ယောင်ဝေယွမ်တစ်ယောက်သာ အသက်ရှင်ကျန်ရစ်ခဲ့သည်။သူသည်လည်း သူ၏လုပ်ရပ်အမှားကြီးများအတွက် တစ်သက်တာ ဖြေဆည်မရအောင် နောင်တအကြိမ်ကြိမ်ရမိနေမည်သာ ဖြစ်သည်။

ယဉ်ကျေးမှုတော်လှန်ရေးသည် သူ့အချိန်အခါနှင့်သူ ပေါ်သင့်ပေါ်ထိုက်၍ ပေါ်ခဲ့သည်ကား မှန်၏။ မော်စီတုံးသည် ပြဿနာအားလုံးကို "လူတန်းစားတိုက်ပွဲ" အနေဖြင့် ရှုမြင်သုံးသပ်ခဲ့၏။ပါတီခေါင်းဆောင်ပိုင်းတချို့က ဤအချက်ကို သိပ်ဘဝင်မကျကြ။ သံသယရှိသူရှိ၏။ ဆန့်ကျင်သူ ဆန့်ကျင်ကြ၏။သို့သော် မော်သည် အားလုံးကို ကျော်လွှားဖြတ်သန်းခဲ့သည်။ ၁၉၆၀ ခုနှစ်များတွင် ဆိုဗီယက်ယူနီယံ၏ ကွန်မြူနစ်ပါတီ၌ အရင်းရှင်လမ်းကြောင်း ပြန်လိုက်လိုသူ တစ်စုပေါ်လာခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီတွင်လည်း ဤအရေးကို မော်က ကြိုမြင်ခဲ့၏။ ပါတီတွင်းသြဇာထူထောင်ခြင်း၊ ကိုယ်ကျိုးစီးပွားရှာခြင်း၊ လာဘ်ပေးလာဘ်ယူလုပ်ခြင်း၊ သြဇာအာဏာအလွဲသုံးစားလုပ်ခြင်း၊ စာရိတ္တခြစားခြင်း၊ ပြည်သူ့အရေးကိုလျစ်လျူရှုခြင်း စသည်တို့ဖြစ်ပျက်ခဲ့၏။ မော်က ဤသည်တို့ကို အလွန်အန္တရာယ်များသည်ဟု မြင်ခဲ့၏။ ပါတီ ပျက်စီးရာပျက်စီးကြောင်းဖြစ်ကာ အရင်းရှင်လမ်းကြောင်းကို ပြန်လိုက်သွားနိုင်သည်။ သို့မဟုတ် ထို့ထက်ဆိုးစွာ ဖက်ဆစ်စနစ်သို့ပင် ရောက်သွားနိုင်သည်။ ဤသည်တို့ကို မော်စီတုံးက အလွန်စိုးရိမ်၏။ ထို့ကြောင့် မော်စီတုံးသည် အာဏာကျင့်သုံးကိုင်စွဲနေသူကွန်မြူနစ်များ အားလုံးကိုခေါ်ကာ စစ်ဆေးရေးလုပ်ခိုင်း၏။ မိမိအရည်အချင်းအပေါ် မူတည်၍

www.foreverspace.com.mm

မိမိဘာသာ အကဲဖြတ်ခိုင်း၏။ အများများရှိက ပြန်ပြင်ခိုင်းသည်။ ဤပေါ်လစီကို ၁၉၆၆မှ စတင် ကျင့်သုံးခဲ့သည်။ ၎င်းသည် ယဉ်ကျေးမှုတော်လှန်ရေး၏အစပင် ဖြစ်၏။ ထိုအချိန်က ပါတီခေါင်းဆောင်ပိုင်းနေရာတွင် ရောက်နေသူ တိန့်ရှောက် ဖိန်အပါအဝင် တရုတ်ပြည်ရှိ ပညာတတ်အများစုတို့က ထောက်ခံအားပေးခဲ့၏။ ဤသည်မှာ ကျိုးကြောင်းဆီလျော်သည် လိုအပ်သည်ဟုမြင်ထားကြပုံရ၏။ သို့သော် တကယ်လက်တွေ့ဆောင်ရွက်သောအခါ၌မူ ယဉ်ကျေးမှုတော်လှန်ရေးကို လက်တစ်ဆုပ်စာတစ်စုတို့က အသုံးချကာ ကိုယ့်မြင်းကိုယ်စိုင်း ရောက်ချင်ရာ ရောက် နှင်ကြလေတော့၏။ ထိုသူတစ်စု၏လုပ်ရပ်များကြောင့် လူမှုရေးနှင့်နိုင်ငံရေးတွင် ဧရာမအပျက်အစီးကြီးများ ဖြစ်ခဲ့ကြရ၏။ စတင် မီးမွှေးသူ မော်စီတုံး ကိုယ်တိုင်ပင် ကိုယ့်မီးတောက်ကို ကိုယ်ပြန်မသတ်နိုင်တော့။ အခြေအနေသိပ်ဆိုးလာသောအခါ သူလည်း လန့်နိုးလာ၏။ သို့သော် သူကိုယ်တိုင်ပင် ပြန်ထိန်း၍ မရတော့။

တိန့်ရှောက်ဖိန်၏ ဘဝကား အတက်အကျ များလှစွာ၏။ သူသည် အနောက်တောင်ဗျူရို၏ပထမအတွင်းရေးမှူး၊ အနောက်တောင် စစ်ဘက်နှင့်အုပ်ချုပ်ရေးဘက် ကော်မရှင်၏ဒုတိယဥက္ကဋ္ဌ၊ အနောက်တောင်စစ်ဌာနချုပ်၏ နိုင်ငံရေးမှူးဘဝဖြင့် ကူမင်တန်လက်ကျန်များအား တိုက်ထုတ်ရာတွင် အထူးအောင်မြင်မှုများ ရခဲ့၏။ သူ၏ခေါင်းဆောင်မှုအောက်တွင် စက်မှုနှင့် လယ်ယာထုတ်လုပ်ရေးသည် လျင်မြန်စွာ တိုးတက်ခဲ့၏။ ချိန်ဒူး-ချုံကျင်းရထားလမ်း ဖောက်လုပ်နိုင်ခဲ့သည်ကား သူ၏လုပ်ရပ်များတွင် အထင်ကရမှတ်တိုင်ကြီး ဖြစ်ခဲ့သည်။ ၁၉၅၁ တွင် သူသည် တိဘက်ကို လွတ်မြောက်အောင်လုပ်နိုင်ခဲ့သည်။ ကမ္ဘာ့ခေါင်မိုးနှင့်တူသောတိဘက်၏မြင့်မားလှသောတောင်တန်းပေါ်တွင် ကြယ်ငါးပွင့်အောင်လံနီသည် တလွင့်လွင့်။ တိန့်ရှောက်ဖိန်နှင့်သူ့ရဲဘော်များသည် အနောက်တောင်ဒေသတွင် သုံးနှစ်ကြာနေထိုင်ခဲ့စဉ်အတွင်း အခြေခံပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်နိုင်ခဲ့သည်။

၁၉၅၂ ဇူလိုင်တွင် သူ့ကို ပါတီဗဟိုကော်မတီမှဗဟိုသို့လာရန် ဆင့်ခေါ်၏။ ပထမတွင် သူသည် အစိုးရအုပ်ချုပ်ရေးကောင်စီ(နောင်တွင် ၁၉၅၃၌ နိုင်ငံတော်ကောင်စီ) ဖြစ်လာသည်တွင် ဒုတိယဝန်ကြီးချုပ်တာဝန် စီးပွားရေးနှင့်

ဘဏ္ဍာရေးကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ တာဝန်များကို ယူခဲ့၏။ မကြာမီမှာပင် ဘဏ္ဍာရေးဝန်ကြီးနှင့် ဆက်သွယ်ရေးရုံးညွှန်ကြားရေးမှူးတာဝန်များကိုပါ ပူးတွဲခန့်အပ်ပြန်သည်။ ၁၉၅၄ တွင် သူ့အား ပေးအပ်ထားသောတာဝန်များ များပြားလှသဖြင့် ဒုဝန်ကြီးချုပ်ရာထူးတစ်ခုတည်းကိုသာ ထမ်းဆောင်စေ၏။ ထို့နောက် ပါတီဗဟိုကော်မတီ၏အထွေထွေအတွင်းရေးမှူးလည်း ဖြစ်လာပြန်သည်။ အမျိုးသားကာကွယ်ရေးကော်မရှင်၏ဒုဥက္ကဋ္ဌရာထူးကို တာဝန်ယူခဲ့ပြန်သည်။ ၁၉၅၅ သတ္တမမြောက် ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးတွင် ကော်မတီ၏ နိုင်ငံရေးဗျူရိုတာဝန်ကိုပါ တာဝန်ပေးအပ်ခဲ့၏။ ၁၉၅၆ ရှစ်ကြိမ်မြောက် အမျိုးသားကွန်ဂရက်တွင် တိန့်သည် ပါတီဖွဲ့စည်းပုံပြင်ဆင်မှုအစီရင်ခံစာကို တင်ခဲ့၏။ ဗဟိုကော်မတီက သူ့အား နိုင်ငံရေးဗျူရို အလုပ်အမှုဆောင်နှင့် ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့သည်။ ထို့ကြောင့် အသက် ၅၂နှစ်တွင် သူသည် တရုတ်ကွန်မြူနစ်ပါတီ၏ အဓိကခေါင်းဆောင်များ ဖြစ်ကြသော မော်စီတုံး၊ လျူရှောက်ချီ၊ ချူအင်လိုင်း၊ ချူတေး၊ ချင်ယွန်းတို့နှင့်အတူ ထိပ်တန်းစာရင်းဝင်ဖြစ်ခဲ့သည်။ နောက် ၁၀နှစ်မျှ ကြာသည်အထိ တိန့်ရှောက်ဖိန်သည် ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးအဖြစ် လုပ်ငန်းများစွာကို ဆောင်ရွက်ခဲ့သည်။ "ဒီအချိန်ဟာ ကျွန်တော့်ရဲ့ဘဝမှာ အလုပ်အများဆုံးကာလပါပဲ" ဟု တိန့်ရှောက်ဖိန်က နောက်ပိုင်းတွင် ပြန်ပြောခဲ့သည်။

၁၉၅၆ စက်တင်ဘာမှ ၁၉၆၆ မေလအထိကာလသည် တရုတ်ပြည်က ဆိုရှယ်လစ်ဝါဒကို ဘက်စုံထောင့်စုံ စတင်တည်ဆောက်ချိန် ဖြစ်၏။ ကွန်မြူနစ်ပါတီ၏ဦးဆောင်မှုအောက်တွင် တစ်နိုင်ငံလုံးသည် ဆိုရှယ်လစ်ဘောဂဗေဒနှင့် ယဉ်ကျေးမှုတိုးတက်မှုများကို အကြီးအကျယ်အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့၏။ ထိုအချိန်တွင် ပါတီသည် အရေးကြီးသောအတွေ့အကြုံများစွာရရှိသကဲ့သို့ ကြီးမားသောအမှားများကိုလည်း ရရှိခဲ့၏။ ပါတီဥက္ကဋ္ဌနှင့်ဒုဥက္ကဋ္ဌတို့ကို ကူညီဆောင်ရွက်ရသော အထွေထွေအတွင်းရေးမှူးတိန့်ရှောက်ဖိန်သည် ဗဟိုကော်မတီတွင် နေ့မအားညမအား လုပ်ငန်းများကို ဆောင်ရွက်ရ၏။ ၁၉၅၆ ခု ပါတီ၏ရှစ်ကြိမ်မြောက် အမျိုးသားကွန်ဂရက်တွင် တိန့်သည် ပါတီကို ခွန်အားပိုကောင်းအောင် မည်သို့လုပ်ရမည်။ စမ်းသပ်မှုသစ်များကို မည်သို့ရင်ဆိုင်ရမည်။ ဒီမိုကရက်တစ်

ဗဟိုဦးစီးအလေ့အကျင့်ကို မည်သို့လက်တွေ့ကျင့်သုံးရမည် စသည်တို့ကို တင်ပြခဲ့၏။

၁၉၅၈ ခုနှစ်တွင် ‘ရှေ့သို့ မဟာခုန်ပျံကျော်လွှားရေး’ လှုပ်ရှားမှုအရပြည်သူ့ဘုံအဖွဲ့များကိုဖွဲ့စည်းခဲ့၏။လက်ဝဲအမှားများစွာ စတင်ပျံ့နှံ့လာ၏။ထို့ကြောင့် သုံးနှစ်တာမျှ ခါးသီးသောအတွေ့အကြုံများကို ရရှိခဲ့၏။ အတိတ်ကာလအမှားများကို ပြင်ဆင်ရန် အမှန်တရားကို ရှာရမည်ဆိုပြီး တိန့်ရှောက်ဖိန်သည် အောက်ခြေအထိဆင်း၍ လေ့လာစစ်ဆေးခဲ့၏။

၁၉၆၂ တွင် ဗဟိုကော်မတီသည် ဗဟိုလုပ်ငန်းညီလာခံကို ကျင်းပရာ ကိုယ်စားလှယ်ပေါင်း၇၀၀၀ တက်ရောက်ခဲ့၏။ ဤညီလာခံတွင် တိန့်က မိန့်ခွန်းပြောကြားရာ၌ ယခင်နှစ်များက ရရှိခဲ့သောအတွေ့အကြုံများကို အခြေတည်၍ ဒီမိုကရက်တစ်ဗဟိုဦးစီးစနစ်ကိုဖော်ဆောင်ရန် အရေးကြီးပုံကို အလေးအနက်ထားတင်ပြခဲ့၏။ ကေဒါများ၏ အတိတ်ကကျင့်သုံးခဲ့သော နိုင်ငံရေးလှုပ်ရှားမှုများမှ မှားယွင်းချက်များကို ပြန်လည်ပြုပြင်ရန်လည်း တပ်လှန့်ခဲ့၏။ ဗဟိုကော်မတီ၏အတွင်းရေးမှူးအနေဖြင့် သူကိုယ်တိုင်လည်း မိမိကိုယ်မိမိဝေဖန်ရေး ပေးခဲ့၏။

ပါတီအထွေထွေအတွင်းရေးမှူးအနေဖြင့် သူသည် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုများမှ တခြားခေါင်းဆောင်များနှင့်လည်း အဆက်အသွယ်မပြတ်ခဲ့။ သူသည် မော်စကိုသို့ ကြိမ်ဖန်များစွာသွားရောက်ကာ ခရုရှက်ဖ်နှင့်တကွ ဆိုဗီယက်ခေါင်းဆောင်များစွာနှင့် တွေ့ဆုံဆွေးနွေးခဲ့၏။

မော်စီတုံးပြုလုပ်ခဲ့သော ယဉ်ကျေးမှုတော်လှန်ရေးကား တရုတ်ပြည်ကို မှားယွင်းသောလမ်းကြောင်းသို့ တွန်းပို့ခဲ့၏။ လင်ပြောင်၊ ကျန်းကျင်းတို့အုပ်စု၏ မင်းမဲ့ဆန်ဆန် ဗရမ်းဗတာ လှုပ်ရှားမှုများအောက်တွင် ပြည်သူများ ပြားပြားဝပ်ခါးစည်းခံခဲ့ကြရ၏။ ထိုဆယ်နှစ်တာကာလအတွင်း တိန့်ရှောက်ဖိန်သည် ရာထူးမှ နှစ်ကြိမ်တိုင်တိုင်ဖယ်ရှားခံခဲ့ရသည်။

ယဉ်ကျေးမှုတော်လှန်ရေး စလျှင် စချင်း လျူရှောက်ချီနှင့် တိန့်ရှောက်ဖိန်တို့သည် အဓိကပစ်မှတ်များအနေဖြင့် အတိုက်ခိုက်ခံခဲ့ရသည်။ ၁၉၆၆ ခုနှစ် ရှစ်ကြိမ်မြောက်ဗဟိုကော်မတီ၏ ၁၁ ကြိမ်မြောက် အစည်းအဝေးတွင် မော်စီတုံး

သည် 'ဌာနချုပ်ကို ဗုံးကြဲ'ဟူသောကြွေးကြော်သံနှင့်အတူ လျူနှင့်တိန့်တို့ကို မှားယွင်းစွာ ဝေဖန်ခဲ့၏။ ရှုတ်ချခဲ့ကြ၏။ တိန့်ကို အရင်းရှင်ဝါဒလမ်းကြောင်း လိုက်သူ တရုတ်ပြည်၏နံပါတ်၂ပုဂ္ဂိုလ်ဟု တံဆိပ်ကပ် ရှုတ်ချခဲ့၏။ သူ့မိသားစု သည်လည်း ဝေဖန်ခံရမှုသားကောင်များဖြစ်ကြရရှာသည်။ ပေကျင်းတက္ကသိုလ်မှ ရူပဗေဒကျောင်းသား သူ့သား တိန့်ပုဖုန်းဆိုလျှင် ဒဏ်ရာအနာတရ ဖြစ်ပြီး တစ်သက်တာလုံး ဘီးတပ်လှည်းနှင့်သွားရသူ ဒုက္ခိတ ဖြစ်ခဲ့၏။

၁၉၅၉ အောက်တိုဘာတွင် လင်ပြောင်သည် ပါတီနှင့်နိုင်ငံတော်အာဏာကို ဆုပ်ကိုင်ရယူကာ စစ်ပွဲကို ပြင်ဆင်သည့်အနေဖြင့် 'အမှတ် ၁ အမိန့်'ကို ထုတ်ခဲ့၏။ သို့ဖြင့် တိန့်ရှောက်ဖိန်ကို ကျန်ဇီပြည်နယ် စင်ကျန်မြို့သို့ အစောင့်အရှောက်ဖြင့် နယ်နှင်ဒဏ်ပေးခဲ့၏။

ရာထူးအားလုံးမှ ဖယ်ရှားလိုက်သည့်အပြင် တိန့်သည် လယ်ထွန်စက်ပြင်စက်ရုံတွင် အလုပ်ကြမ်းသမားအဖြစ် ဝင်လုပ်ခဲ့ရသည်။ ဇနီးသည် လူမမာချိုလင်း၊ မိထွေးကြီး ဘိုလင်တို့နှင့်အတူ ခက်ခက်ခဲခဲပင်ပင်ပန်းပန်းနေထိုင်ခဲ့ကြရ၏။ အသက် ၆၅နှစ်အရွယ် တိန့်ရှောက်ဖိန်သည် ကြမ်းတိုက်၊ ထင်းခုတ်၊မီးမွေးခဲ့ရသောအလုပ်ကြမ်းများ လုပ်ရ၏။ သားဖြစ်သူပုဖုန်းကိုပါ သူတို့ထံပို့လိုက်ရာ အိုကြီးအိုမသုံးဦးသား မစွမ်းမသန်ကလေးကိုပါ ထိန်းသိမ်းပြုစုရသောတာဝန်ပါ ပိုလာ၏။ ထိုအချိန်ကာလတွင် တိန့်သည် အချိန်အားတိုင်း စာအုပ်များဖတ်၏။ မက်(စ်)လီနင်ကျမ်းများစွာ၊ တရုတ်နှင့်နိုင်ငံခြား ဂန္ထဝင်နှင့်ခေတ်သစ်ဝတ္ထုများစွာ ဖတ်ရှုခဲ့၏။ စင်ကျန်တွင် သုံးနှစ်ကြာ နေခဲ့ရ၏။

၁၉၇၁ စက်တင်ဘာတွင် လင်ပြောင်၏ တန်ပြန်တော်လှန်ရေး အာဏာသိမ်းမှုပြိုကွဲကာ လင်ပြောင်သည် ထွက်ပြေးရင်း လေယာဉ်ပျက်ကျသေဆုံးခဲ့၏။ ၁၉၇၂ တွင် မော်စီတုံးက တိန့်ရှောက်ဖိန်ကို ရာထူးပြန်ခန့်ရန် စတင်စဉ်းစားမိသည်။ နောင်နှစ်တွင် ချူအင်လိုင်း၏ အကူအညီဖြင့် ဒုတိယဝန်ကြီးချုပ်ရာထူးပြန်ရ၏။

၁၉၇၄ တွင် ကုလသမဂ္ဂ၏ ဖိုကြိမ်မြောက် အထူးအစည်းအဝေးတွင် တိန့်ရှောက်ဖိန် တက်ရောက် မိန့်ခွန်းပြောကြားခဲ့ရ၏။ ထိုညီလာခံတွင် သူသည် မော်စီတုံး၏ 'သုံးကမ္ဘာ'သဘောတရားကိုချပြခဲ့၏။၁၉၇၅ ဇန်နဝါရီတွင် ဝန်

ကြီးချုပ်ချုအင်လိုင်း အကြီးအကျယ်မကျန်းမမာဖြစ်၍ ဆေးရုံတက်ရသောအခါ တိန့်သည် ဒုတိယဝန်ကြီးချုပ်နှင့် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဦးစီးချုပ်တို့အဖြစ် ခန့်အပ်ခြင်းခံရပြန်သည်။ သူသည် ချုအင်လိုင်း၏နေရာတွင် ပါတီနှင့်နိုင်ငံတော်တာဝန်များကို မအားမလပ်အောင် ဆောင်ရွက်ခဲ့ရ၏။

တိန့်ပြန်ရောက်လာသည်ကို ကျန်းကျင်းသည် လုံးဝ မရှုစိမ့်။ သို့သော် ၁၉၇၅ တွင် တိန့်နှင့် လေးဦးဂိုဏ်းတို့၏ တိုက်ပွဲသည် အနည်းငယ် အားပျော့လာသည်။ တိန့်သည် ယဉ်ကျေးမှုတော်လှန်ရေးကြောင့် ပျက်စီးယိုယွင်းခဲ့ရသော အခြေအနေများကို ပြန်လည်ပြုပြင်တည်ဆောက်နေရ၍ မအားမလပ်။

'လောလောဆယ်မှာ ကျွန်တော်တို့အနေနဲ့ ပြဿနာအကြီးအကျယ်တွေကို ဖြေရှင်းရဖို့ရှိတယ်။ တော်ရုံတန်ရုံစိတ်ဓာတ်နဲ့တော့ ဖြေရှင်းလို့ရမှာ မဟုတ်ဘူး။ ကျွန်တော်တို့ သန္နိဋ္ဌာန်ပြတ်သားပြီး သတ္တိရှိရှိနဲ့လုပ်နိုင်ဖို့အရေးကြီးတယ်' ဟု တိန့်က ပြောခဲ့၏။ သူသည် အမျိုးသားစီးပွားရေးတိုးတက်စေရန် တည်ငြိမ်မှုနှင့်စည်းရုံးမှုကို ကြိုးပမ်းဆောင်ရွက်ခဲ့၏။ သို့သော် ယဉ်ကျေးမှုတော်လှန်ရေးနှင့်ပတ်သက်၍ တိန့်၏ မိမိကိုယ်မိမိဝေဖန်ရေးကို မော်က မကျေနပ်၍ တိန့်ကို ဝေဖန်မှုများပြုလုပ်ကာ လက်ျာသွေဖည်ရေးသမားဟု အပုပ်ချခဲ့ပြန်သည်။ တိုင်းပြည်ကား မငြိမ်မသက်ပြန်ဖြစ်ပြန်ပြီ။ အကွက်ချောင်းနေကြသော လေးဦးဂိုဏ်းသည် တိန့်ကိုပြန်လည်ဖြုတ်ချရန် အခြေအနေကိုရခဲ့၏။ ၁၉၇၆ ဧပြီလ ၅ရက်တွင် ဖြစ်ပွားခဲ့သော 'တိန်အန်မင်အရေးအခင်း'တွင် ပြည်သူများသည် ဝန်ကြီးချုပ်ချုအင်လိုင်းကိုလွမ်းဆွတ်မှုနှင့် လေးဦးဂိုဏ်းကို မုန်းတီးမှုတို့ကြောင့် စုရုံးရောက်ရှိလာကြကာ တိန်အန်မင်ရင်ပြင်သို့ ရောက်လာကြကာ ကြွေးကြော်မှုများလုပ်ခဲ့ကြသည်။ ဤအရေးအခင်းကို နောက်ကွယ်မှကြိုးကိုင်သူမှာ တိန့်ရှောက်ဖိန်ဖြစ်သည်ဟု စွပ်စွဲကြ၏။ သို့ဖြင့် တိန့်သည် ရာထူးအားလုံးမှ ဖယ်ရှားခြင်းခံရပြန်သည်။ တစ်နိုင်ငံလုံးတွင် တိမ်တိုက်မှောင်မည်းများ ပြန်လည် စိုးမိုးလာပြန်ပြီ။

## ॥ ၅၀ ॥

## အနိမ့် အမြင့် အတက်အကျ ဘဝအစ အလည် အဆုံး

တိန့်ရှောက်ဖိန်၏ဘဝသည် ဝတ္ထုဇာတ်လမ်းဆန်၏။ ဘဝအတက်အကျ အနိမ့်အမြင့် လောကဓံကို ကြုံကြုံခံ ရင်ဆိုင်ဖြတ်သန်းခဲ့ရ၏။ ဘဝပင်လယ်ပြင်တွင် မုန်တိုင်းထန်သည့်အခါထန်၊ လှေပျက်သည့်အခါပျက်။လှေလှော်ရင်း တက်ကျိုးခဲ့ရသလို ပန်းတိုင် ရောက်သဖြင့် တက်ထောင်ရသည့်အခါမျိုးလည်း ရှိ၏။ နိုင်ငံရေးဇာတ်ခုံတွင် နှစ်ကြိမ်တိုင်တိုင် အကြီးအကျယ်အရှုတ်ချခံရပြီး ထိပ်တန်းခေါင်းဆောင်ပြန်ဖြစ်လာသူဟူ၍ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ရှာမှရှား။

၁၉၀၄ ခုနှစ်တွင် တိန့်ရှောက်ဖိန်ကိုမွေးချိန်၌ တရုတ်ပြည်တွင် မန်ချူးဘုရင်၏ နေဝင်ချိန်ဖြစ်၏။ တိန့်ရှောက်ဖိန် (၇)နှစ်သားအရွယ်တွင် တရုတ်နိုင်ငံအထက်ပိုင်းနှင့်တောင်ပိုင်းတွင် မန်ချူးဘုရင်အုပ်စိုးမှုချုပ်ငြိမ်းကာ နန်ကင်းတွင် ဒေါက်တာဆွန်ယက်ဆင်က ပထမဆုံး တရုတ်သမ္မတနိုင်ငံ ထူထောင်ကြောင်း ကြေညာခဲ့၏။ ၁၉၁၂တွင် ဒေါက်တာဆွန်ယက်ဆင်က သမ္မတရာထူးကို စစ်ဘုရင်ကြီးယွမ်းစီးကိုက်အား ပြောင်းလဲပေးအပ်ခဲ့ရ၏။ ထိုနောက်ပိုင်းတွင် တရုတ်လူငယ်တို့သည် ရုရှတော်လှန်ရေးကိုအားကျလာကြကာ တော်လှန်ရေးစာပေများကိုဖတ်ရှုလာကြ၏။ တိန့်ရှောက်ဖိန်သည် အသက် ၁၅နှစ်တွင် ချုံကင်းသို့ရောက်လာကာ ပြင်သစ်ပြည်တွင် ပညာသင်ရန်ပြင်ဆင်ခဲ့သည်။ ၁၉၂၀ တွင် သူသည် ပြင်သစ်ပြည်သို့ထွက်ခွာခဲ့၏။ ပညာလည်းသင် အလုပ်လည်းလုပ်ရင်း နိုင်ငံရေးကို စိတ်ဝင်စားလာ၏။ ပြင်သစ်ပြည်တွင် ချူအင်လိုင်းနှင့်တွေ့ဆုံပြီး တိန့်ရှောက်ဖိန်လည်း ကွန်မြူနစ်ဖြစ်လာသည်။ တရုတ်ပြည်၏ အဝေးရောက်ကွန်မြူနစ်ပါတီဝင်ဖြစ်လာပြီး တိန့်သည် ၁၉၂၅ တွင် ဆိုဗီယက်ယူနီယံသို့ သွားခဲ့၏။ ထိုနောက်

တရုတ်ပြည်ပြန်လာကာ ၁၉၂၇တွင် ရှန်ဟဲကွန်မြူနစ်ပါတီတွင်တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၂၁တွင် သူသည် ဗဟိုကော်မတီ၏လက်ထောက်အတွင်းရေးမှူး ဖြစ်လာ၏။ ၁၉၂၉တွင် အမှတ်(၇)တပ်နီတော်ကိုထူထောင်ရာတွင် တစ်ဦးအပါအဝင် အဖြစ် ဦးဆောင်ခဲ့၏။ ၁၉၃၀တွင် အမှတ်(၇)တပ်နီတော်၏နိုင်ငံရေးမှူးဖြစ်လာသည်။ မကြာမီပင် ချိန်ကေရှိတ်သည် ကွန်မြူနစ်တို့ကို အကြီးအကျယ်နှိမ်နင်းတော့သည်။ တိန့်သည် တပ်နီတော်မှထုတ်ဝေသော "ကြယ်နီ"စာစောင်၏ အယ်ဒီတာအဖြစ်လည်း ဆောင်ရွက်၏။ ချန်ကေရှိတ်၏ထိုးစစ်ကြီး(၄)ကြိမ်ကို ကွန်မြူနစ်များ လိမ့်နေအောင် ခံခဲ့ရ၏။ သို့သော် စည်းရုံးမှုအားက ပိုကောင်းလာသည်။ ချန်ကေရှိတ်၏ပိတ်ဆို့မှုကို ထိုးဖောက်ရန် ကမ္ဘာကျော် ခရီးရှည်ချီတက်ပွဲကြီးကို မော်စီတုံး ဦးဆောင်စတင်ခဲ့သည်။ အမှတ်(၈)တပ်မတော်ဖွဲ့သောအခါ တိန့်သည် နိုင်ငံရေးမှူးဖြစ်လာသည်။ အမှတ်(၁၂၉)တပ်မ ဖွဲ့သောအခါတွင်လည်း သူသည် နိုင်ငံရေးမှူးပင် ဖြစ်သည်။ ဤ(၁၂၉)တပ်မသည် စစ်ရေးရော နိုင်ငံရေးတွင်ပါ အောင်မြင်ခဲ့၏။ တိန့်၏စစ်ရေးရောနိုင်ငံရေးပါ အစွမ်းပြခွင့် ကြီးစွာရခဲ့၏။ ထို အရည်အသွေးများကြောင့် ၁၉၄၅ တွင် တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ သတ္တမ အကြိမ်မြောက် ပါတီကွန်ဂရက်တွင် တိန့်သည် ဗဟိုကော်မတီအဖြစ် အရွေးခံခဲ့ရ၏။ ၁၉၄၅ တွင် ဂျပန်တို့လက်နက်ချခဲ့သော်လည်း ကူမင်တန်နှင့်ကွန်မြူနစ်တို့ တိုက်ပွဲကား စတင်လေပြီ။ "လွတ်မြောက်ရေးတိုက်ပွဲကာလ။ အမှတ်(၂) တောနင်းတပ်တွင် တိန့်သည် နိုင်ငံရေးမှူးတာဝန်ဖြင့်ပင် တိုက်ပွဲဝင်ခဲ့ရပြန်၏။ အမှတ်(၂)တောနင်းတပ်နှင့် အမှတ်(၃)တောနင်းတပ်တို့ပေါင်းပြီး တပ်သားဦးရေ (၆) သိန်းပါသော ပူးပေါင်းစစ်ဆင်ရေး၏ရှေ့တန်းဌာနချုပ်ကော်မတီ၏ အတွင်းရေးမှူးအဖြစ် တိန့်ပင် ဦးဆောင်ခဲ့ကာ တိုက်ပွဲများဆက်တိုက်ဆင်နွှဲခဲ့၏။ ထို့ကြောင့် တရုတ်ပြည်သည် လွတ်မြောက်ကာ ၁၉၂၉ ခု အောက်တိုဘာလ (၁)ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သည်။ ပါတီဥက္ကဋ္ဌက မော်စီတုံး၊ ဝန်ကြီးချုပ်က ချူအင်လိုင်း။ ၁၉၅၂တွင် တိန့်သည် ဒုတိယဝန်ကြီးချုပ်ဖြစ်ခဲ့၏။ ထို့နောက် တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး။ ၁၉၅၅ တွင် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်။ ဘဏ္ဍာရေးဝန်ကြီး။

၁၉၅၆ အဋ္ဌမအကြိမ်မြောက်ပါတီကွန်ဂရက်တွင် တိန့်သည် ပါတီဗဟို

ကော်မတီ၏ အထွေထွေအတွင်းရေးမှူးချုပ်။ ဝန်ကြီးချုပ် ချူအင်လိုင်း ပြည်ပသို့ ခရီးထွက်ခွာသွားလျှင် တိန့်သည် ခေတ္တဝန်ကြီးချုပ်ရာထူးကို ထမ်းဆောင်ရ၏။

၁၉၆၃ ခုနှစ် ဇူလိုင် ၅မှ ၂၀ ရက်အထိကျင်းပသော အစည်းအဝေးကို ဆိုဗီယက်ယူနီယံ၌ကျင်းပရာ တရုတ်ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်အဖြစ် တိန့်ပင် တက်ခဲ့၏။

၁၉၆၇ ခုနှစ်တွင်ကား တိန့်၏ ကံဇာတာမှေးမှိန်လာသော နှစ်ဖြစ်၏။ သမိုင်းပညာရှင် ဝူဟန် ရေးသော "ဟိုင်လွီ ရာထူးမှအချခံရခြင်း" ပြဇာတ်သည် ခေတ်ကိုလှောင်ပြောင်သည်ဟုဆိုကာ ရှန်ဟဲမှယောင်ဝေယွမ်က ဝေဖန်၏။ ထိုသည်မှာ ယဉ်ကျေးမှုတော်လှန်ရေး၏အစပင်ဖြစ်သည်။ တပ်နီလူငယ်တို့ ပေါ်လာကာ ခေါင်းဆောင်ပိုင်း၊ လူကြီးပိုင်းများကို ဝေဖန်ရေးစ,လာ၏။ မော်စီတုံး၏ ဇနီး ကျန်းကျင်းခေါင်းဆောင်ကာ ဇန်ချွန်းကြောင်၊ ဝမ်ဟုန်ဝင်၊ ယောင်ဝေယွမ်တို့ လေးဦးဂိုဏ်းက လျူရှောက်ချီ၊ ပိန်ကျင်းတို့ကိုဖြုတ်ချ၏။ တိန့်ရှောက်ဖိန်ကိုလည်း "အရင်းရှင်လမ်းကြောင်းလိုက်သူ အမှတ်(၂)"ဟုတံဆိပ်ကပ်ကာ ဝေဖန်ထိုးနှက်ကြ၏။ သို့ဖြင့် တိန့်သည် နိုင်ငံရေးဇာတ်ခုံမှ ပထမဆုံးအကြိမ်ဆင်းခဲ့ရ၏။ လင်ပြောင်နှင့်လေးဦးဂိုဏ်းက တိန့်ကို လျူရှောက်ချီနှင့် တစ်တန်းထဲထားကာ အပျောက်ရှင်းလိုသော်လည်း ဥက္ကဋ္ဌကြီးမော်က ဤသည်ကို ဘဝင်မကျ။ မော်က လျူ၏အပြစ်နှင့်တိန့်၏အပြစ်သည် မတူဟု ခွဲခွဲခြားခြားမြင်ထားသည်။ ထို့ကြောင့် တိန့်ကို ရာထူးမှရပ်စဲထားသော်လည်း ပါတီဝင်အဖြစ်ဆက်ထား၏။ ၁၉၇၁ တွင် လင်ပြောင်သည် မအောင်မြင်သောအာဏာသိမ်းမှုလုပ်ပြီး ထွက်ပြေးရာ လေယာဉ်ပျက်ကျ သေဆုံးခဲ့၏။ ၁၉၇၃ တွင် တိန့်ကို ပေကျင်းသို့ ပြန်ခေါ်၏။ လူထုမြင်ကွင်းမှ ၆နှစ်ကြာပျောက်ကွယ်ခဲ့သောတိန့် ပြန်ပေါ်လာပြီ။ တိန့်သည် ယခင်ရာထူးများ ပြန်ရ၏။ တာချင့်ရေနံမြေကို သူ အကောင်အထည်ဖော်ခဲ့၏။

၁၉၇၄တွင် တိန့်သည် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဦးစီးချုပ်နှင့် စစ်ကော်မရှင်ပထမဒု-ဥက္ကဋ္ဌဖြစ်လာသည်။(ဥက္ကဋ္ဌမှာ မော်စီတုံး၊ဒု-ဥက္ကဋ္ဌမှာ ချူအင်လိုင်း၊ ပထမဒု-ဥက္ကဋ္ဌမှာ တိန့်ရှောက်ဖိန်၊အမှုဆောင်ဥက္ကဋ္ဌမှာ မာရှယ်ယဲ့ကျန်ရင်း)

ဝန်ကြီးချုပ် ချူအင်လိုင်း မမာမကျန်းဖြစ်နေစဉ် ကာလများတွင် တိန့်သည်သာ တာဝန်အားလုံးကို သိမ်းကျုံးလုပ်ခဲ့၏။ ၁၉၇၄ ကုလသမဂ္ဂ ဖြကြိမ်မြောက်အထူးအစည်းအဝေးကို တိန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရခဲ့၏။ တိန့်ကို နိုင်ငံတကာကအသိအမှတ်ပြုသည့် ခေါင်းဆောင်ကောင်းအဖြစ် ဤပွဲတွင် အစွမ်းပြခွင့်ရခဲ့သည်။

၁၉၇၅ တွင် တိန့်သည် တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌရာထူးအထိ ရလာသည်။ စတုတ္ထအကြိမ်မြောက် ပြည်သူ့ကွန်ဂရက်တွင် ပထမဒု-ဝန်ကြီးချုပ်ဖြစ်လာ၏။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ စစ်ဦးစီးချုပ်လည်းဖြစ်သည်။ ပါတီပိုင်းရော အုပ်ချုပ်ရေးပိုင်းရော စစ်ရေးပိုင်းတွင်ပါ တိန့်သည် သြဇာအညောင်းဆုံးပုဂ္ဂိုလ်ဖြစ်လာသည်။

စတုတ္ထအကြိမ်မြောက်ပြည်သူ့ကွန်ဂရက်ပထမအစည်းအဝေး၌ ဝန်ကြီးချုပ်ချူအင်လိုင်းက ၁၉၈၈မကုန်မီနှစ်(၁၅နှစ်အတွင်း) သီးခြားလွတ်လပ်သော အတော်အတန်ပြည့်စုံသောစက်မှုလုပ်ငန်းနှင့် အမျိုးသားစီးပွားရေးအဆောက်အဦ တည်ဆောက်ရန်။ စိုက်ပျိုးရေး၊ စက်မှု၊ ကာကွယ်ရေး၊ သိပ္ပံနှင့် နည်းပညာလုပ်ငန်းများ ခေတ်မီအောင် လုပ်ဆောင်ရန် စီမံချက်ချခဲ့၏။ ဤသည်မှာ 'ခေတ်မီရေးလေးမျိုး' ပင် ဖြစ်၏။

စီမံချက်ချသူက ချူအင်လိုင်းဖြစ်သော်လည်း ချူမှာ မကျန်းမာသဖြင့် တကယ်တမ်း အကောင်အထည်ဖော်ရသူမှာ တိန့်ပင် ဖြစ်၏။ တိန့်သည် ကုန်ထုတ်စီးပွားရေးအစည်းအဝေးကြီး ဖိရပ်ကို ခေါ်ခဲ့၏။ (ကုန်ထုတ်စီးပွားရေးဖိရပ်မှာ-သံမဏိ၊ ကျောက်မီးသွေး၊ ရထားပို့ဆောင်ရေး၊ နိုင်ငံတော်စီမံကိန်း၊ သိပ္ပံသုတေသန၊ လယ်ယာတို့ဖြစ်ကြ၏။) ယဉ်ကျေးမှုတော်လှန်ရေးကာလ (၁၀)နှစ်အတွင်း ပျက်ယွင်းခဲ့သည်များကို ပြင်ဆင်နိုင်သည့်အပြင် ကုန်ထုတ်စီးပွားကိုပါ တိုးတက်အောင်လုပ်နိုင်သောလမ်းစကို သူ တွေ့ခဲ့သည်။ အမှန်တကယ်လည်း စီးပွားရေးက ဦးမော့စပြုလာပြီ။ သို့သော် လေ့လျော်ရင်း တက်ကျိုးသည့်ပမာ။

၁၉၇၆ ဧပြီလ၅ရက် ချိန်မင်းပွဲတော်နေ့။ ကွယ်လွန်သူတို့၏သင်္ချိုင်းကို သွားရောက်ဂါရဝပြုကြသောအစဉ်အလာ တရုတ်တို့တွင် ရှိ၏။ သို့သော် ဤနေ့တွင် ပြည်သူတို့သည် တိန်အန်မင်ရင်ပြင်ရှိ အာဇာနည်ကျောက်တိုင်သို့လာ

www.foreverspace.com.mm

ရောက်ကာ ကွယ်လွန်သူဝန်ကြီးချုပ်ချူအင်လိုင်းကို လွမ်းသူ့ပန်းခွေ လာချကြ၏။ ဤတွင် ပိုစတာတိုက်ပွဲဆင်နွှဲပြီး လေးဦးဂိုဏ်းကိုဆန့်ကျင်မှုများ ဖြစ်ပေါ်လာ၏။ သို့ဖြင့် အဓိကရုဏ်း ဖြစ်ခဲ့သည်။ ဤလှုပ်ရှားမှုနောက်ကွယ်က ကြိုးကိုင်သူမှာ တိန့်ရှောက်ဖိန်ဟု လေးဦးဂိုဏ်းက စွပ်စွဲကြသည်။ ဤသို့ဖြင့်ပင် တိန့်သည် နိုင်ငံရေးဇာတ်ခုံပေါ်မှ ဒုတိယအကြိမ်ဆင်းခဲ့ရပြန်ပြီ။

လေးဦးဂိုဏ်းက တိန့်ကို နိုင်ငံရေးလောကမှ ဖယ်ရှားလိုသည့်အပြင် တစ်ခါတည်း အပြတ်ရှင်းရန်ပင် ကြံစည်ကြ၏။ ထို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်တချို့တို့က တိန့်ကို ပေကျင်းတွင် မထားတော့ဘဲ လုံခြုံရာဒေသသို့ ရွှေ့ထားပေးခဲ့ကြရသည်အထိ ဖြစ်လာ၏။ လေးဦးဂိုဏ်းဖယ်ရှားပြီးမှသာ တိန့်သည် ပေကျင်းသို့ပြန်ရောက်လာရ၏။

ဥက္ကဋ္ဌကြီးမော်သည် ၉-၉-၁၉၇၆တွင် ကွယ်လွန်ခဲ့၏။ ၂၀-၁၀-၁၉၇၆တွင် ပြည်သူတစ်သန်းခွဲတက်ရောက်သော လူထုအစည်းအဝေးကြီးက ဥက္ကဋ္ဌကြီးမော်၏အရိုက်အရာကို ဟွကိုဖုန်းအား အပ်နှင်းခဲ့ကြ၏။ ၁၉၇၇ ဇန်နဝါရီလ ၈ ရက် ချူအင်လိုင်း ကွယ်လွန်သည့် တစ်နှစ်မြောက်အထိမ်းအမှတ်နေ့တွင် ပြည်သူများက ပိုစတာများထောင်ပြီး တိန်အန်မင်ရင်ပြင်တွင် စုဝေးကြ၏။

'ရဲဘော်ဟွကိုဖုန်း ဦးဆောင်သည့် ပါတီကော်မတီမှ ရဲဘော်တိန့်ရှောက်ဖိန်ကို ပြန်ခေါ်ပေးပါ'

၂၂-၇-၁၉၇၇။ ပေကျင်းရေဒီယိုမှ ကြေညာချက်ထွက်လာ၏။

'တိန့်ရှောက်ဖိန်အား တရုတ်ကွန်မြူနစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌရာထူးနှင့် ဒုတိယဝန်ကြီးချုပ်ရာထူး ပြန်လည်ခန့်အပ်ကြောင်း'

၁၉၇၇ ဩဂုတ်လ ၁ရက်နေ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ထူထောင်သည့် နှစ်၅၀ပြည့် ရွှေရတုသဘင် နေ့ထူးနေ့မြတ်ဖြစ်၏။ ဤအခမ်းအနားသို့တက်ရောက်သူများကို ဝါစဉ်အလိုက်ကြေညာရာ ဥက္ကဋ္ဌကြီးဟွကိုဖုန်း၊ ကာကွယ်ရေးဝန်ကြီး မာရှယ်ယဲ့ကျန်ရင်း၊ ထို့နောက် တိန့်ရှောက်ဖိန်။ သို့ဆိုလျှင် တရုတ်ပြည်တွင် ဦးဆောင်နေသူများထဲတွင် တိန့်သည် နံပါတ်၃ အဆင့်တွင်ရှိနေကြောင်း သိသာထင်ရှား၏။

၁၁ကြိမ်မြောက် တရုတ်ပြည်ကွန်မြူနစ်ပါတီကွန်ဂရက်ကို ဩဂုတ်လ

www.foreverspace.com.mm

၁၂မှ ၁၈ထိ ကျင်းပခဲ့ရာ တိန့်ရှောက်ဖိန်သည် ပါတီဒုတိယဥက္ကဋ္ဌအဖြစ် အရွေး ခံခဲ့ရ၏။

ထိုအချိန်မှစ၍ တိန့်ရှောက်ဖိန်သည် တရုတ်ပြည်ခေတ်မီတိုးတက်ရေး နှင့် စီးပွားရေးဖွံ့ဖြိုးရေးတို့ကို အတားအဆီးအနှောင့်အယှက်မရှိ ဆက်တိုက်လုပ် ကိုင်နိုင်ခဲ့သည်။အထူးသဖြင့် "အခြေခံအကျဆုံးမူလေးရပ်"ကို ပထမဆုံးအကောင် အထည်ဖော်နိုင်ခဲ့ကာ တံခါးဖွင့်ပေါ်လစီနှင့်စီးပွားရေးတိုးတက်မှုတို့ကို ချမှတ်နိုင် ခဲ့၏။ အထူးစီးပွားရေးဇုန်လေးခုကို ထူထောင်နိုင်ခဲ့ပြီး ပြင်ပကမ္ဘာနှင့် ဆက်ဆံ နိုင်သော ကမ်းရိုးတန်းမြို့ကြီး ၁၄မြို့ ပေါ်ထွန်းလာသည်မှာလည်း သူ၏ပေါ်လစီ မှန်ကန်မှုရလဒ်၏ သက်သေပြမှုများသာဖြစ်ပါသည်။ သူ၏လမ်းကြောင်းအခြေ ခံကား ဆိုရှယ်လစ်ဝါဒခေတ်မီရေး။ တစ်နိုင်ငံ စနစ်နှစ်ခု လမ်းစဉ်ကို ချမှတ်ဖော် ဆောင် အောင်မြင်အောင်လုပ်နိုင်ခဲ့၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘက်စုံဝပြော စည်ပင်လာသည်ကိုလည်း မည်သူမှ မငြင်းနိုင်။

www.foreverstore.com.mm

## ။ ၅၁ ။
## တိန့်၏နောက်ဆုံးနေ့များ

၁၉၇၆ တွင် ချူအင်လိုင်း၊ ချူတေးနှင့် မော်စီတုံးတို့ ဆင့်ကဲ ဆင့်ကဲ ကွယ်လွန်ခဲ့ကြ၏။ အောက်တိုဘာလတွင် ဗဟိုကော်မတီက လေးဦးဂိုဏ်းကိုချေမှုန်းလိုက်နိုင်သဖြင့် ယဉ်ကျေးမှုတော်လှန်ရေး အဆုံးသတ်သွားခဲ့၏။ နိုင်ငံတော်သည် သမိုင်း၏ကဏ္ဍသစ်ကို ဝင်ရောက်နိုင်လေပြီ။

ယဉ်ကျေးမှုတော်လှန်ရေး၏ရလဒ်မှာ တိုင်းပြည်၏စီးပွားရေး ယိုယွင်းပျက်စီးခဲ့ခြင်းပင်ဖြစ်သည်။ ယခုအခါ တရုတ်ပြည်သည် မည်သည့်လမ်းကိုလိုက်ရမည်နည်း။ ဤမေးခွန်းသည် ပြည်သူ သန်းပေါင်းများစွာကို ဒုက္ခပေးနေသော မေးခွန်းဖြစ်၏။

ခေတ်သစ်တွင် လုပ်ငန်းသစ်များက ခေါင်းဆောင်သစ်တစ်ယောက်ကို မျှော်လင့်နေ၏။ သို့ဖြင့် ယဲကျန်ရင်းနှင့်ရဲဘော်ဟောင်းကြီးများက ပြည်သူတို့၏ အလိုဆန္ဒများနှင့်အညီ ဇူလိုင် ၁၉၇၇၌ ၁၀ကြိမ်မြောက်ဗဟိုကော်မတီ၏တတိယ အစည်းအဝေးတွင် တိန့်ကို ပြန်လည်ရာထူးခန့်အပ်ခဲ့ကြ၏။ သို့ဖြင့် တိန့်သည် ဗဟိုကော်မတီဒုဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဒုဝန်ကြီးချုပ်၊ စစ်ကော်မရှင် ဒုဥက္ကဋ္ဌ၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဦးစီးချုပ်ရာထူးများ ပြန်ရခဲ့၏။ ၁၉၇၈တွင် သူ့ကို ပဉ္စမမြောက် တရုတ်ပြည်သူ့နိုင်ငံရေးအကြံပေးညီလာခံ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံခဲ့ရ၏။

တိန့်သည် ပြည်သူတို့၏မျှော်လင့်ချက်ကို သူ၏အမြော်အမြင်ရှိလှသည့်

www.foreverspace.com.mm



သေနင်္ဗျူဟာဖြင့် အကောင်အထည်ဖော်ရန် ကြိုးပမ်းရပြန်သည်။ လုပ်ငန်းဌာန အသီးသီး၏ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဖြေရှင်းရန် သော့ချက်မှာ မှန်ကန်သော အတွေးအခေါ်ပင်ဖြစ်သည်ဟု သူနားလည်လာ၏။ အချက်အလက်များထဲမှ အမှန်တရားကိုရှာရန်မှာ အနှစ်သာရပင် ဖြစ်၏။ သူသည် 'ဘာပဲဖြစ်ဖြစ်လုပ်ရမည့် အချက်နှစ်ချက်' သဘောတရားကို အပြင်းအထန်ဆန့်ကျင်ခဲ့၏။ (ဥက္ကဋ္ဌမော် ဘာပြောပြော ဘာညွှန်ကြားညွှန်ကြား မတွန့်မဆုတ်လိုက်နာရမည်ဟူသော သဘောတရား ဖြစ်သည်) ပါတီ၏အတွင်းနှင့်အပြင်မှ ပြည်သူများသည် လက်ရှိအခြေအနေကို သေချာစွာစိစစ်လေ့လာကာ ထွက်ပေါ်လာသော ပြဿနာများကို ဖြေရှင်းကြရန် သူ လှုံ့ဆော်လာသည်။ ဤကြီးမားသောလှုပ်ရှားမှုသည် ပြည်သူတို့၏စိတ်ကို တက်ကြွစေလျက် ပါတီ၏၁၁ကြိမ်မြောက် ဗဟိုကော်မတီ၏ တတိယအစည်းအဝေးကြီးကို ဦးတည်ကျင်းပဖြစ်စေခဲ့သည်။

ဤအစည်းအဝေးသည် ဒီဇင်ဘာ ၁၉၇၈တွင် စတင်ခဲ့သည်။ ဤသည်မှာ တရုတ်ကွန်မြူနစ်ပါတီ၏သမိုင်းတွင် အခြေခံအလှည့်အပြောင်းကို ဖြစ်စေသည်။ အစည်းအဝေးတွင် တိန့်သည် မိန့်ခွန်း ပြောခဲ့၏။ ဤအစည်းအဝေး၏ရလာဒ်မှာ ပြန်လည်ပြုပြင်ရေးခေတ်သစ်ကိုကြိုဆိုနိုင်ခဲ့ကာ ပြင်ပကမ္ဘာနှင့် တံခါးဖွင့်ရေးကို စတင်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

၁၉၇၉ မတ်လတွင် တိန့်သည် ခေတ်မီတိုးတက်ရေး၏ မှန်ကန်သော လမ်းကြောင်းမှာ 'အခြေခံအကျဆုံးမူလေးချက်' ကို မရှိမဖြစ်ကျင့်သုံးရမည်ဟု ကြေညာခဲ့၏။ ဆိုရှယ်လစ်လမ်းကြောင်းကို ဆက်လျှောက်လှမ်း၊ ပစ္စည်းမဲ့အာဏာရှင်စနစ်(ပြည်သူ့ဒီမိုကရက်တစ် အာဏာရှင်စနစ်)ကို ကိုင်စွဲ၊ ကွန်မြူနစ်ပါတီနှင့်မာ့က်(စ်)လီနင်ဝါဒ၊ မော်စီတုံးအတွေးအခေါ်၏ဦးဆောင်မှုကိုလိုက်နာ စသည်တို့မှာ အခြေခံမူလေးချက်ဖြစ်၏။

အတွေးအခေါ်နှင့် နိုင်ငံရေးလမ်းကြောင်းကို အကောင်အထည်ဖော်ရန် မှန်ကန်သောစည်းရုံးရေးလမ်းကြောင်းကို တည်ထောင်ရမည်ဟု တိန့်က တိုက်တွန်းခဲ့၏။ အသက်ကြီးသောကေဒါများနေရာကို အစားထိုးဆက်ခံမည့်သူများကို ရွေးချယ်မှုကိုပါ တိန့်သည် အထူးဂရုပြုခဲ့၏။ သူ၏တိုက်တွန်းမှုကြောင့် မျိုးဆက်သစ်မွေးမြူလေ့ကျင့်ရေးကိုပါ အရေးတကြီးကိစ္စအနေဖြင့် ဆောင်ရွက်ခဲ့သည်။

ဤကေဒါသစ်များ အသက်ကြီးသောကေဒါများ နေရာတွင် အစားထိုးနိုင်ကာ ကျန်ရစ်သူများနှင့်လက်တွဲလုပ်ဆောင်နိုင်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။

တိန့်၏လုံးပမ်းအားထုတ်မှုများကြောင့် တရုတ်ပြည်သည် ပုံမှန်တိုးတက်မှုလမ်းကြောင်းသို့ ပြန်ရောက်ခဲ့၏။ ဤသည်မှာ ဆိုရှယ်လစ်ခေတ်မီတိုးတက်ရေးနှင့်ပြန်လည်ပြုပြင်ရေး၊ ပြင်ပကမ္ဘာများနှင့်တံခါးဖွင့်ဆက်ဆံရေးတို့ကို လုပ်ဆောင်ရာတွင် အရေးပါသော တိန့်၏စွမ်းဆောင်မှုများပင် ဖြစ်သည်။

လက်ဝဲအမှားများကို ကျော်နင်းနိုင်ရေးနှင့် ပတ်သက်၍လည်း ၁၁ကြိမ်မြောက် ဗဟိုကော်မတီ၏ ၆ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ချက်တစ်ခု ချနိုင်ခဲ့သည်။

"တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီးချိန်မှစ၍ ကွန်မြူနစ်ပါတီသမိုင်း၏ပြဿနာဆုံးဖြတ်ချက်အဖြေများ" ဟူသော စာတမ်းကို တင်သွင်းရာတွင် တိန့်က ကြီးကြပ်ခဲ့ရ၏။ ဤစာတမ်းသည် ပါတီတစ်ခုလုံး၏အတွေးအခေါ်များကို ညှိနိုင်းပေးပြီး နိုင်ငံတစ်ဝှန်း ညီညွတ်မှုနှင့် ခိုင်မာမှုတို့ကို အာမခံနိုင်ခဲ့၏။

၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ဆိုရှယ်လစ်ခေတ်မီတိုးတက်ရေးနှင့် ပြန်လည်ပြုပြင်ရေးတံခါးဖွင့်ဝါဒတို့၏ကနဦးအောင်မြင်မှုများဖြင့် ၁၂ကြိမ်မြောက် အမျိုးသားကွန်ဂရက်ကို ပါတီက ကျင်းပခဲ့၏။ ဤကွန်ဂရက်တွင် တိန့်သည် တရုတ်ပြည်၏လတ်တလောသမိုင်းအတွေ့အကြုံများကို အကျဉ်းချုပ်တင်ပြကာ အခြေခံကောက်ချက်ကို ဆွဲပြခဲ့၏။ အခြေခံကောက်ချက်မှာ -

"တရုတ်ပြည်၏ ခိုင်မာသောဖြစ်ရပ်အနေအထားများပေါ်တွင် မူတည်၍ မာ့က်စ်ဝါဒ၏ အကြွင်းမဲ့သစ္စာတရားကိုပေါင်းစပ်ရမည်။ တရုတ်ပြည်သည် မိမိ၏ကိုယ်ပိုင်လမ်းကြောင်းကိုရွေးချယ်ပြီး တရုတ်လက္ခဏာဝိသေသနှင့်လျော်ညီသော ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရမည်"

ဤသို့ပြုလုပ်နိုင်ရန်မှာ တရုတ်ပြည်၏သမိုင်းလမ်းကြောင်းအဆင့်ကို မှန်ကန်စွာနားလည်နိုင်ရန် လိုအပ်၏။ တရုတ်ပြည်သည် ယခုအခါ ဆိုရှယ်လစ်စနစ်၏အခြေခံအဆင့်တွင်ရှိ၏။ ဤအဆင့်မှနေ၍ ပါတီ၏အခြေခံလမ်းကြောင်းဖြင့် တရုတ်ဝိသေသလက္ခဏာ ပါရှိသော ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရမည်ဖြစ်၏။ တိုင်းရင်းသားပြည်သူလူမျိုးပေါင်းစုံတို့ကို ညီညွတ်သော၊ မိမိကိုယ်

www.foreverspace.com.mm

မိမိအားကိုးသော၊ အစွမ်းကုန်အားထုတ်သော၊ ကြိုးပမ်းမှုများဖြစ်ထွန်းရန် ဦးဆောင်ကာ ချမ်းသာကြွယ်ဝ၊ ခိုင်မာတောင့်တင်း၊ ယဉ်ကျေးမှု တိုးတက်မြင့်မားသော ခေတ်မီဆိုရှယ်လစ်နိုင်ငံကို တည်ဆောက်ကြရမည်။ စီးပွားရေးတိုးတက်မှုရရှိကာ မူဝါဒလေးချက်ကိုဖော်ဆောင်ရင်း ပြန်လည်ပြုပြင်ရေးနှင့် တံခါးဖွင့်ဝါဒတို့ကို လုပ်ဆောင်သွားကြရန် ရှိ၏။

တိန့်ရှောက်ဖိန်သည် တရုတ်ပြည်ကို ပြန်လည်ပြုပြင်ရေးလုပ်ရန် တံခါးဖွင့်ဝါဒကျင့်သုံးရန်၊ စီးပွားရေးတိုးတက်ရန် ပထမဆုံးတိုက်တွန်းလှုံ့ဆော်သူဖြစ်၏။ တရုတ်ပြည်သူလူထု၏ ၈၀ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများ ဖြစ်ကြရာ ပြန်လည်ပြုပြင်ရေးကို ကျေးလက်တွင်စတင်လုပ်ကိုင်ခဲ့၏။ ရှီကျမ်းနှင့်အန်ဟွေ့ပြည်နယ်တို့တွင် စတင်ခဲ့၏။ ဤဒေသနှစ်ခုမှ အောင်မြင်မှုအတွေ့အကြုံများ ရယူကာ တစ်နိုင်ငံလုံးတွင် ဆက်လုပ်ခဲ့၏။

သန်း ၈၀၀မျှသော လယ်သမားများက တက်ကြွ နိုးကြားလာကြကာ ကုန်ထုတ်လုပ်မှုအင်အားစုများ ကျယ်ပြန့်တိုးတက်လာ၏။ ကျေးရွာနှင့် မြို့နယ်များတွင် စီးပွားရေးလုပ်ငန်းများစွာပေါ်ထွန်းလာကြကာ လယ်သမားများ၏လူနေမှုဘဝသည် မြင့်တက်လာကြ၏။ သုံးနှစ်အကြာတွင် ထင်ရှားသောအောင်မြင်မှုများ ရရှိလာသဖြင့် တခြားကျေးလက်များတွင် ဆက်လက် လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် မြို့များပါပျံ့နှံ့လာ၏။သို့သော် မြို့ပြပြုပြင်ပြောင်းလဲမှုမှာ ကျေးလက်ပြုပြင်ပြောင်းလဲမှုထက် ပို၍ ရှုပ်ထွေး၏။

တိန့်က 'ရဲရဲလုပ်၊ သို့သော် သတိကြီးစွာ ထား၊ အမြော်အမြင်ရှိရှိနှင့် လုပ်'ဟု လမ်းညွှန်ခဲ့၏။

သူ၏တိုက်တွန်းမှုဖြင့် 'အထူးစီးပွားရေးဇုန် လေးခု' တည်ထောင်လာနိုင်သည့်အပြင် ကမ်းရိုးတန်းမြို့ကြီး ၁၄မြို့ကိုလည်း ပြင်ပကမ္ဘာသို့ဖွင့်ပေးနိုင်ခဲ့၏။ ထိုဇုန်များကို လှည့်လည်စစ်ဆေးပြီး ပေါ်လစီမှန်ကန်ကြောင်း သူခိုင်မာစွာ ယုံကြည်ခဲ့၏။ နှစ်ဦးနှစ်ဘက်အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို နိုင်ငံခြားတိုင်းပြည်များနှင့်အကြီးအကျယ်ချဲ့ထွင်လုပ်ဆောင်သင့်ကြောင်း သူက ကြေညာခဲ့၏။ ပုဂ္ဂလိကကဏ္ဍသည် ဆိုရှယ်လစ်ကဏ္ဍကိုအထောက်အပံ့ဖြစ်စေရန် မှန်ကန်စွာဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်းလည်း သူက ပြောသည်။

တချို့ဒေသမှ လူတချို့သည် ပထမဆုံးအလုပ်ကြိုးစားလုပ်ပြီး ကြွယ်ဝချမ်းသာလာကြရမည်။ သို့မှ တခြားသူများက သူတို့ကိုနမူနာယူလာကြမည်ဟု သူက ပြော၏။ ဤသို့ဖြင့် စီးပွားရေးတစ်ခုလုံး လျင်မြန်စွာတိုးတက်လာစေရမည်ဟု အာမခံသည်။

တိန့်သည် တရုတ်ပြည်ဆိုရှယ်စနစ်တည်ဆောက်မှု၏ ရည်မှန်းချက်ကြီးလှသောပန်းတိုင်များကို အောက်ပါအတိုင်း ဖွင့်ဆိုပြခဲ့၏။

"ပထမဆုံးအနေနှင့် ၁၉၈၀ အမျိုးသားအသားတင်ထုတ်လုပ်မှုကို ဤရာစုအကုန်တွင် လေးဆ တိုးစေရမည်။ သို့မှသာ ပြည်သူများ၏လူမှုဘဝအဆင့်အတန်း သက်တောင့်သက်သာမြင့်မားလာနိုင်မည်။ဒုတိယအချက်အနေဖြင့် ဤအောင်မြင်မှုကိုအခြေတည်ပြီး နောင်နှစ်၃၀မှ၅၀အကြာတွင် အမျိုးသားတစ်ဦးချင်းဝင်ငွေသည် လေးဆတိုးပွားစေရမည်။ သို့မှသာ တရုတ်ပြည်သည် အသင့်အတင့်တိုးတက်သောနိုင်ငံအဆင့်သို့ ရောက်မည်။ တရုတ်ပြည်က ဤသို့လုပ်ပြနိုင်လျှင် တတိယကမ္ဘာမှ ပြည်သူများလည်း လိုက်လုပ်ကြလိမ့်မည်။ တတိယကမ္ဘာမှပြည်သူများသည် ကမ္ဘာ့လူဦးရေ၏ လေးပုံ သုံးပုံရှိ၏။ အရေးကြီးတကာ့အရေးကြီးဆုံးကား လူသားအားလုံးသည် ဆိုရှယ်လစ်ဝါဒသာလျှင် တစ်ခုတည်းသောထွက်ပေါက်အဖြေဖြစ်ပြီး အရင်းရှင်ဝါဒထက် သာလွန်ကောင်းမွန်ကြောင်း ပြသနိုင်ရန်ဖြစ်သည်။

၁၉၈၀ခု ဩဂုတ်လကပင်လျှင် နိုင်ငံရေးဗျူရိုအစည်းအဝေးတွင် သူသည် ပါတီနှင့်နိုင်ငံတော်ပေါင်းစပ်မှုစနစ်များကိုပြုပြင်ပြောင်းလဲရန် အရေးကြီးသောမိန့်ခွန်းတစ်ခု ပြောခဲ့၏။ ဆိုရှယ်လစ် ဒီမိုကရေစီကို ချဲ့ထွင်ရန် လိုအပ်ပုံ၊ ဆိုရှယ်လစ်ဥပဒေစနစ်အားကောင်းရန် လိုအပ်ပုံတို့ကို သူပြောကြားခဲ့၏။ ၁၉၈၆ကတည်းက သူသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ အရေးပါပုံကို ထောက်ပြခဲ့၏။ ဆိုရှယ်လစ်လူ့ဘောင်တစ်ခုကိုတည်ဆောက်ရာတွင် ယဉ်ကျေးမှုနှင့် အတွေးအခေါ်မြင့်မားရေးအပြင် ရုပ်ဝတ္ထုမြင့်မားစွာရှိနေဖို့လည်း အရေးကြီးကြောင်း သူပြောခဲ့၏။

တိန့်ရှောက်ဖိန်သည် တရုတ်ပြည်ပြန်လည်ပြုပြင်ပြောင်းလဲရေးကို ဦးဆောင်သူ ဖြစ်၏။ ၁၁ကြိမ်မြောက် ဗဟိုကော်မတီ၏တတိယအစည်းအဝေးတွင်

သူသည် ဗဟိုကော်မတီ၏ဒုဥက္ကဋ္ဌ၊ နိုင်ငံရေးဗျူရို၏အလုပ်အမှုဆောင်၊ ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌ၊ ဗဟိုအကြံပေးအဖွဲ့၏ ဥက္ကဋ္ဌတို့ ဖြစ်လာ၏။ ပြည်သူတို့က သူ့ကို တရုတ်ပြုပြင်ပြောင်းလဲရေး၏အဓိကဗိသုကာကြီးဟု ခေါ်ဝေါ်လာကြ၏။ ဆိုရှယ်လစ်စနစ်ကိုတိုးတက်အောင်လုပ်ရင်း ခေတ်မီတိုးတက်ရေးကို အစွမ်းကုန် ဖော်ဆောင်နိုင်သည်မှာ သူ၏ဦးဆောင်မှုကြောင့်သာ ဖြစ်၏။

ထိုင်ဝမ်၊ ဟောင်ကောင်နှင့် မကာအိုတို့နှင့် ပတ်သက်ပြီး တရုတ်ပြည် ပြန်လည်ညီညွတ်ရေးအတွက် သူသည် "တစ်နိုင်ငံ စနစ်နှစ်ခု" အယူအဆကိုထုတ်ဖော်ခဲ့၏။ ဤအယူအဆမှာ တရုတ်ဝိသေသလက္ခဏာနှင့်အညီ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး၏ အရေးကြီးသောအစိတ်အပိုင်း ဖြစ်၏။ ၁၉၈၄ ကတည်းက ဟောင်ကောင်နှင့် မကာအိုပြဿနာကို ဤအခြေခံဖြင့်ပင် ဖြေရှင်းပေးနိုင်ခဲ့၏။ ဤချဉ်းကပ်နည်းဖြင့်ပင် တခြားသောနိုင်ငံတကာပြဿနာများကို ကိုင်တွယ်အသုံးပြုနိုင်ကြောင်း တိန့်က ယုံကြည်၏။

ဤ "တစ်နိုင်ငံ စနစ်နှစ်ခု" သည် တရုတ်ပြည်တွင်သာမက တခြားနိုင်ငံများအတွက်လည်း ထိရောက်သောသက်ရောက်အကျိုးရှိမှုရနိုင်စေပါသည်။ ဤသည်မှာ ရှုတ်ထွေးသောလက်တွေ့ပြဿနာများကို အခြေခံအချက်အလက်မှထုတ်ယူရှာဖွေထားသော အမှန်တရားဖြင့်ဖြေရှင်းပြသော တိန့်၏နည်းပေါင်းများစွာထဲမှ ဥပမာတစ်ခုပင် ဖြစ်ပါသည်။

တိန့်ရှောက်ဖိန်သည် အမြင်ကျယ်၏။ သူသည် နိုင်ငံတကာဆက်ဆံရေးကိစ္စများကို နှစ်ပေါင်းများစွာကျင့်သုံးခဲ့သောအတွေ့အကြုံများကြောင့် နိုင်ငံတကာအမြင်လည်း ရှိသည်။ သူသည် နိုင်ငံခြားတိုင်းပြည်များစွာကိုရောက်ဖူး၏။ နိုင်ငံခြားခေါင်းဆောင်များစွာနှင့် တွေ့ဆုံဆွေးနွေးဖူးသည်။ သူသည် တရုတ်ပြည်၏ လွတ်လပ်သောနိုင်ငံခြားရေးဝါဒသဘောတရားကိုလည်း ဖော်ထုတ်နိုင်ခဲ့၏။ တတိယကမ္ဘာမှပြည်သူများဘက်မှ ခိုင်မာစွာ ရပ်တည်ပြီး ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆန့်ကျင်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ခဲ့ခြင်းမှာ သူ့အယူအဆ၏ အနှစ်သာရပင်ဖြစ်သည်။ တရုတ်ပြည်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် စီးပွားရေးတိုးတက်ရေး နှစ်ခုစလုံးတွင် အရေးပါသောပါဝင်ဆောင်ရွက်မှုလုပ်နိုင်သည်ဟုသူ ကောင်းစွာ ယုံကြည်ခဲ့၏။

သူ၏ စာပေလက်ရာများ ဖြစ်ကြသော 'တိန့်ရှောက်ဖိန် လက်ရွေးစင် (၁၉၇၅-၁၉၈၅)'၊ 'မျက်မှောက်ခေတ် တရုတ်ပြည်၏ အခြေခံမူဝါဒများ (၁၉၈၂ -၁၉၈၄)'၊ 'ရဲဘော်တိန့်ရှောက်ဖိန်၏အရေးကြီးသောမိန့်ခွန်းများ(ဖေဖော်ဝါရီ-ဇူလိုင် ၁၉၈၇)' စသည့်ကျမ်းများကို တရုတ်ပြည်တွင်ရော နိုင်ငံရပ်ခြားများတွင်ပါ လူပေါင်းများစွာ ဖတ်ရှုလေ့လာကြ၏။ နှစ်၆၀ တော်လှန်ရေးအတွေ့အကြုံရှိသူ တိန့်ရှောက်ဖိန်၏သဘောတရားအယူအဆများသည် ဖတ်ရှုသူတို့အတွက် အတွေးသစ် စိတ်ကူးသစ်များကို ရရှိစေနိုင်သည်။

အသက် ၈၀ကျော်သည်အထိ သူသည် တရုတ်ပြည်တွင်းနှင့် နိုင်ငံခြားမှ ဧည့်သည်များစွာကို လက်ခံတွေ့ဆုံနေသေးရာ သူ၏ အံ့မခန်း ကျန်းမာရေးကောင်းမွန်မှုနှင့်ပေ့ါပါးဖျတ်လတ်မှုတို့ကို လူတိုင်းက မအံ့ဩမချီးကျူးဘဲ မနေနိုင်ကြ။ နွေရာသီရောက်တိုင်း သူသည် မြစ်ဝါမြစ်၏ ဘိုဟိုင်းပင်လယ်ကွေ့ရှိ ပင်လယ်ကမ်းခြေသို့သွားကာ ရေကူးတတ်၏။

တိန့်ရှောက်ဖိန်သည် လူငယ်များကို ခေါင်းဆောင်ပိုင်း နေရာများသို့ ရောက်အောင် လေ့ကျင့်ပျိုးထောင်ပေးရာတွင် အထူးအာရုံစိုက်ခဲ့သည်။ ပါတီနှင့် နိုင်ငံတော်၏ကံကြမ္မာသည် လူငယ်တို့လက်ထဲတွင်ရှိသည်ဟု သူကယုံကြည်၏။ လူသစ်ခေါင်းဆောင်ပိုင်းများစွာကို သူသည် ပါတီ၏၁၃ကြိမ်မြောက် အမျိုးသားကွန်ဂရက်နှင့် ၁၃ကြိမ်မြောက်ဗဟိုကော်မတီအစည်းအဝေးတို့တွင် ခန့်အပ်တာဝန်ပေးခဲ့၏။ ဗဟိုကော်မတီဝင်နှင့်နိုင်ငံရေးဗျူရိုမှတာဝန်များမှ သူ အနားယူခဲ့၏။ ဗဟိုစစ်ကော်မရှင်၏ဥက္ကဋ္ဌရာထူးပြန်လည်ခန့်အပ်သည်ကိုသာ သူလက်ခံခဲ့သည်။

မည်သို့ဆိုစေ သူ၏ကြီးမားသောဂုဏ်သိက္ခာ၊ ဩဇာတိက္ကမနှင့် ကျယ်ပြောလှသောဉာဏ်ပညာတို့ကြောင့် ပါတီနှင့် နိုင်ငံတော်၏ အရေးပါသောမူဝါဒများကိုဆုံးဖြတ်ကြရာတွင် သူ၏အခန်းကဏ္ဍက အရေးပါလျက်ပင် ရှိသေးသည်။ ပြည်သူ့အပေါ် တစ်သက်တာအလုပ်အကျွေးပြုမှုများကြောင့် တိန့်ရှောက်ဖိန်သည် သူ့ရဲဘော်ရဲဘက်သန်းပေါင်းများစွာတို့၏ လေးစားသမှုနှင့် ချစ်ခင်မြတ်နိုးမှုများစွာကို ရရှိခံယူနိုင်ခဲ့သည်။

တိန့်၏ကြိုးပမ်းမှုကြောင့် ၁၉၈၆တွင် ပုဂ္ဂလိကလုပ်ငန်းပေါင်း ၁.၆ သန်းမျှ ပေါ်ထွန်းလာကာ အလုပ်သမား ၁၅သန်းမျှ ပုဂ္ဂလိကလုပ်ငန်းများတွင်

www.foreverspace.com.mm



အလုပ်ရကြ၏။ စုပေါင်းသမဝါယမလုပ်ငန်းပေါင်း ၁.၇သန်း ပေါ်ထွန်းလာပြီး အလုပ်သမားပေါင်း သန်း၁၀၀ အလုပ်ရကြ၏။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းပေါင်းက ၈၅,၀၀၀မျှ ရှိခဲ့၏။

၁၉၈၆ ပတ်ဝန်းကျင်တွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအများစုကို ပင်လယ် ရပ်ခြားတရုတ်အမျိုးသားများက ပိုင်ဆိုင်ခဲ့ကြ၏။ အမေရိကန်လုပ်ငန်းရှင် ၇၀၊ ဂျပန်လုပ်ငန်းရှင် ၆၇၊ ဗြိတိသျှလုပ်ငန်းရှင်၄၂နှင့် အနောက်ဂျာမနီ၊ ပြင်သစ်တို့မှကုမ္ပဏီများလည်း လာဖွင့်ကြ၏။

နိုင်ငံခြားသားများပိုင်သော စက်ရုံပေါင်း ၉၄ရုံကိုလည်း ပေကျင်းတွင် လာရောက်တည်ဆောက်ကြ၏။ ထို့ကြောင့် ကွန်မြူနစ်တရုတ်ပြည်တွင် ကိုကာကိုလာ၊ ကင်တပ်ကီကြက်ကြော်၊ မက်ဒေါ်နယ်ဆိုင်၊ ဟမ်ဘာဂါဆိုင်၊ ပီဇာဆိုင်များ မှိုလိုပေါက် ဖွင့်လှစ်ကြကာ ပီယေကာဒင်ကဲ့သို့သော ကုမ္ပဏီကြီးများ၏ ဖက်ရှင်ပွဲများ၊ မော်ဒယ်ပြိုင်ပွဲများ စသည်တို့လည်း ပေါ်ပေါ်ထင်ထင်ပင် တည်ရှိလာကြ၏။ ပါရီမြို့၏နာမည်ကျော် မက်ဇင်စားသောက်ဆိုင်မျိုးပင် ပေကျင်းတွင် ရှိ၏။

"တချို့က ပြောကြတယ်။ ပြတင်းပေါက်တွေ မဖွင့်သင့်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ပြတင်းပေါက်တွေဖွင့်လိုက်ရင် ယင်ကောင်တွေပိုးမွှားတွေ ဝင်မှာစိုးလို့။ သူတို့က ပြတင်းပေါက်တွေကိုဆက်ပိတ်ထားစေချင်ကြတယ်။ ဒါဆိုလေမရဘဲ ကျုပ်တို့ သေကုန်ကြမှာပေါ့။ ပြတင်းပေါက်တွေကို ဖွင့်ပါ။ လေကောင်းလေသန့်ကို ရှူရှိုက်ပါ။ တစ်ချိန်ထဲမှာပဲ ယင်ကောင်တွေ ပိုးမွှားတွေကို သတ်ပေါ့"ဟု တိန့် ပြောဖူး၏။

တံခါးဖွင့်လိုက်သဖြင့် ပြည့်တန်ဆာလုပ်ငန်းများ၊ ညကလပ်များ၊ အပြာရောင်သန်းသောဓာတ်ပုံ၊ ရုပ်ရှင်များ ပေါ်လာသည်ကလည်း မဆန်းလှ။ ထိုကိစ္စများကို ဆန့်ကျင်သည့် အနေဖြင့် တက္ကသိုလ်ကျောင်းသား အများအပြားသည် ပေကျင်းနှင့်အခြားမြို့ကြီးများတွင် ကန့်ကွက်ဆန္ဒပြကြသည်လည်း ရှိ၏။

တိန့်လက်ထက်တွင် သတင်းစာလွတ်လပ်ခွင့်လည်း အတော်အတန်ရလာ၏။ တရုတ်တစ်ပြည်လုံးတွင် ပုဂ္ဂလိကပုံနှိပ်လုပ်ငန်းများစွာ ပေါ်လာသည်။ စာစောင်များစွာလည်းထုတ်ဝေလာကြ၏။ စာစောင်များသည် ပေါ်လစီကို ဝေ

ဖန်ခွင့်မရှိသော်လည်း ပြည့်တန်ဆာကိစ္စ၊ လာဘ်ပေးလာဘ်ယူလုပ်မှု၊ မှောင်ခိုလုပ်ငန်း၊ ပါတီအာဏာပိုင်တချို့၏မတရားလုပ်ဆောင်မှု စသည်တို့ကိုကား လွတ်လပ်စွာ ရေးသားခွင့်ရှိ၏။

"ရွှေကြာမယ်"ဟုခေါ်သော လိင်ကိစ္စအသားပေးဂန္ထဝင်စာအုပ်ကို မော်စီတုံးသည် ဝန်ကြီးအဆင့် သို့မဟုတ် ထို့ထက်မြင့်မားသောပုဂ္ဂိုလ်များကိုသာ ဖတ်ခွင့်ပြု၏။ ပြည်သူ့စာပေတိုက်မှအကြီးအကဲဝေယွန်ယိက ထိုစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ရာ ပြည်သူတွင်း အဆိပ်အတောက်ခတ်မှုဖြင့် ပိတ်ပင်ခြင်း ခံခဲ့ရ၏။ ၁၉၈၅တွင် ထိုစာအုပ်ကို စာရေးဆရာများ၊ သုတေသီများကို ရောင်းခွင့်ပြုခဲ့၏။ အုပ်ရေတစ်သောင်းကို တစ်အုပ်လျှင် ၆.၆၅ ဒေါ်လာနှင့် ရောင်းရာ ချက်ချင်းကုန်သွား၏။

မော်၏အုပ်ချုပ်မှုအောက်တွင် ဉာဏ်ကွန့်မြူးခွင့်မရကြသော အနုပညာရှင်များအားလုံးသည် တိန့်၏လက်ထက်တွင် အနုပညာကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့် ရခဲ့ကြ၏။

ရုပ်ရှင်လောက၊ စာပေလောက၊ ဂီတလောက၊ ပန်းချီလောကတို့၌သာမက ဖက်ရှင်လောကကိုပါ တစ်ခေတ်ဆန်းစေခဲ့သည်။ မော်၏ခေတ်တစ်ခေတ်လုံး နိုင်ငံတော်က ချုပ်ကိုင်ခဲ့သောမီဒီယာလောကကို ပုဂ္ဂလိကလက်သို့ ယုံယုံကြည်ကြည် လွှဲပေးခဲ့သည်။ ပုဂ္ဂလိကမီဒီယာသမားတို့ကလည်း ကွန်မြူနစ်ပါတီခေါင်းဆောင်ပိုင်းပင်ဖြစ်စေ အကျင့်ပျက်ခြစားက ဥပဒေဘောင်တွင်းမှဖော်ထုတ်ဖွင့်ချခွင့်ရကြ၏။

ကွယ်လွန်ခါနီးတွင် မျက်စိလည်း ကွယ်လုနီးပါး၊ နားလည်း မကြားသလောက်နီးပါး ထိုင်းသွားပြီ။

"မှက်စ်က ကောင်းကင်ဘုံမှာ ထိုင်နေတယ်။ သူက သိပ်တန်ခိုးကြီးတယ်။ ကျွန်တော်တို့ ဘာလုပ်တယ်ဆိုတာ အားလုံး သူမြင်နေရတယ်။ သူက ကျွန်တော်တို့လုပ်တာ ကိုင်တာကို မကြိုက်ဘူး။ ဒါကြောင့်မို့ သူက ကျုပ်ကို နားပင်းသွားအောင် အပြစ်ပေးလိုက်တာဖြစ်မယ်"ဟု တိန့်က ပြောဖူး၏။ ပြည်သူသန်းတစ်ထောင်၏ခေါင်းဆောင်ကြီးမှာ တမင်တကာပင် နောက်ပြောင်ပြောခဲ့ခြင်းဖြစ်သည်။ တကယ်တော့ အရပ် ၄ပေ ၁၁လက်မသာရှိသော ပုပုသေးသေး

www.foreverspace.com.mm

လူဗလန်လေးသည် နားမကောင်းလှသော်လည်း ဉာဏ်ကတော့ ထက်မြက်လှ၏။ ၁၉၈၆ ဇန်နဝါရီ ၆ ရက်နေ့ထုတ် တိုင်းမ်းမဂ္ဂဇင်းတွင် တိန့်ရှောက်ဖိန်ကို 'ၥ၉၈၅ အထူးချွန်ဆုံးလူသား' ဟု ဖော်ပြခဲ့သည်။

တရုတ် ဝါရင့်သဘာရင့်ခေါင်းဆောင်ကြီးတိန့်ရှောက်ဖိန်သည် ဇရာထောင်းသည့်ဝေဒနာဖြင့် နာမကျန်းဖြစ်နေရာမှ ၁၉-၂-၁၉၉၇၊ ဗုဒ္ဓဟူးနေ့ည ၉ နာရီ ၈ မိနစ်တွင် ပေကျင်းမြို့၌ ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် သူ့အသက် ၉၃နှစ် ရှိပြီ။

'တိန့်ရှောက်ဖိန်' ၏ရုပ်ကလာပ်ကို တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးကျန်ဇီမင်း ဦးဆောင်သော အဖွဲ့ဝင်(၄၅၉)ဦး ပါဝင်သည့် ရုပ်ကလာပ်ကော်မတီက တာဝန်ယူ ဆောင်ရွက်ခဲ့၏။ တစ်ပြည်လုံး ဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလအဖြစ် (၆) ရက်သတ်မှတ်ကာ ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ရုပ်ကလာပ်အခမ်းအနား ကျင်းပခဲ့၏။

'တိန့်ရှောက်ဖိန်' ကွယ်လွန်သည့်အတွက် ရုရှားသမ္မတ 'ဘောရစ်ယဲ့ဆင်' က 'တရုတ်ပြည်သူတို့၏လူနေမှုဘဝကို မြှင့်တင်ပေးသည့် ဈေးကွက်စီးပွားရေးစနစ်ကို ဦးဦးဖျားဖျား သတ္တိရှိရှိ ဖော်ဆောင်ပေးခဲ့သော ထူးချွန်သည့် နိုင်ငံရေးသမားကြီးဖြစ်ကြောင်း' သဝဏ်လွှာပို့ခဲ့၏။

အမေရိကန်သမ္မတကလင်တန်ကလည်း 'တရုတ်နိုင်ငံ၏လူနေမှုအဆင့်အတန်းကို တိုးတက်လာစေခြင်းသည် မစ္စတာတိန့်၏ပြုပြင်ပြောင်းလဲမှုကြောင့်သာ ဖြစ်သည်' ဟု ချီးကျူးခဲ့၏။

ဖိလစ်ပိုင်သမ္မတ 'ဖီဒယ်ရာမို့စ်' က 'မစ္စတာတိန့်သည် တရုတ်ပြည်ကြီးကို တံခါးဖွင့်ပေးခဲ့သူ၊ တရုတ်ပြည်ခေတ်မီတိုးတက်အောင် လုပ်ဆောင်ပေးခဲ့သော လမ်းပြကြယ်ကြီးဖြစ်သည်' ဟု ထုတ်ဖော်ပြောခဲ့၏။

တောင်ကိုရီးယားသမ္မတ 'ကင်ယုံဆမ်' ကလည်း 'တိန့်ရှောက်ဖိန်သည် ကမ္ဘာ့သမိုင်းကို စာမျက်နှာသစ်ဖွင့်ပေးခဲ့သော ထူးမြတ်သည့်ခေါင်းဆောင်ကြီးဖြစ်သည်' ဟု ပြောကြားခဲ့၏။

စင်ကာပူဝန်ကြီးချုပ် 'ဂိုချောက်တောင်' က 'တိန့်ရှောက်ဖိန်သည် ကမ္ဘာ့သမိုင်းတွင် ထာဝရတွင်စေမည့် အကြီးကျယ်ဆုံး စီးပွားရေးစနစ်တော်လှန်ရေး

ကြီးတစ်ရပ် ဖော်ဆောင်ပေးခဲ့သူ အမြော်အမြင်ကြီးသည့် ခေါင်းဆောင်ကြီးဖြစ်သည်' ဟု သဝဏ်လွှာပို့ခဲ့၏။

အင်ဒိုနီးရှားသမ္မတ 'ဆူဟာတို' ကမူ 'တိန့်ရှောက်ဖိန်၏ ရဲရင့်သော ပြုပြင်ပြောင်းလဲမှုကြီးသည် တရုတ်နိုင်ငံ၏ သန်းပေါင်း ၁၂၀၀ မျှသော ပြည်သူများအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အကျိုးဖြစ်ထွန်းစေသည်' ဟု ချီးကျူးထောမနာပြုခဲ့၏။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် 'ဂေါဒါ' ကလည်း 'တိန့်ရှောက်ဖိန်၏စွမ်းဆောင်ချက်သည် တရုတ်ပြည် ခေတ်မီတိုးတက်ရေးနှင့် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွန်းလာရေးအတွက် ဈေးကွက်စီးပွားရေးပြုပြင်မှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးသူ' ဟု ချီးကျူးခဲ့သည်။

နိုင်ငံတကာခေါင်းဆောင်များက အမှန်တကယ်လည်း ချီးကျူးကြလောက်သည့် အံ့မခန်းပုဂ္ဂိုလ်ဖြစ်ပါသည်။ သူသည် ဆိုရှယ်လစ်စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို စမ်းသည့်အနေဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ဒေသများကို အထူးစီးပွားရေးဇုန်များအဖြစ် သတ်မှတ်ပေးခဲ့သည်။ ထိုဒေသတွင် နိုင်ငံခြားသားများအား လွတ်လွတ်လပ်လပ် ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့၏။ သို့ဖြင့် အထူးစီးပွားရေးဇုန်များတွင် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ခဲ့သည်။ ပုဂ္ဂလိကပိုင်အပြင် နိုင်ငံပိုင်ကဏ္ဍကိုပါ တိန့်သည် ဆက်လက်ရှင်သန်ခွင့်ပေးထားသဖြင့် နိုင်ငံဝန်ထမ်းများ အလုပ်လက်မဲ့ဖြစ်မသွားကြသလို ပုဂ္ဂလိကလုပ်ငန်းများကြောင့်လည်း အလုပ်လက်မဲ့ ဖြစ်နေကြသူ အမြောက်အများ အလုပ်အကိုင်များ ရရှိလာကြ၏။ သို့ဖြင့် အထူးစီးပွားရေးဇုန်ဒေသများရှိ တံငါတဲကလေးများသည် လေးငါးနှစ်အတွင်း မိုးမျှော်တိုက်ကြီးများအဖြစ်သို့ ပြောင်းလဲလာကြ၏။ ခေတ်နောက်ကျကျန်ခဲ့သောဒေသများသည် ခေတ်မီစက်မှုမြို့ပြများအဖြစ် မျက်နှာပန်းလှလာခဲ့ကြပြီ။

ဗဟိုချုပ်ကိုင်မှုကို အနည်းဆုံးဖြစ်အောင် လျှော့ချခဲ့သည်။ အမြတ်အစွန်းများများရသော စီးပွားရေးလုပ်ငန်းများ အပြိုင်းအရိုင်းပေါ်ထွက်လာအောင် အားပေးခဲ့၏။

သို့ဖြင့် ငွေကြေးချမ်းသာသူ အမြောက်အများပေါ်ထွက်လာကြသည်။

'လူတချို့ ချမ်းသာတာ ချမ်းသာကြပါစေ၊ ချမ်းသာကြွယ်ဝခြင်းဟာလည်း ဂုဏ်သိက္ခာတစ်ပါးပါပဲ'ဟု တိန့်က ပြောဖူး၏။ သို့ဖြင့် တိန့်ရှောက်ဖိန်လက်ထက် ၁၅နှစ်တာကာလအတွင်း တရုတ်ပြည်သည် အံ့သြလောက်စွာပင် တိုးတက်ထွန်းကားလာခဲ့၏။

၁၉၉၂ခုနှစ်တွင် ကျင်းပခဲ့သော ၁၄ကြိမ်မြောက် ပါတီကွန်ဂရက်ညီလာခံက တိန့်ရှောက်ဖိန်၏ ဈေးကွက်စီးပွားရေးစနစ်ကို **'ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်'**ဟု တရားဝင်ကင်ပွန်းတပ်ခဲ့ကြ၏။ ဤဝေါဟာရသည် ကမ္ဘာ့နိုင်ငံရေးနယ်ပယ်တွင် ခေတ်အစားဆုံးစကားလုံးတစ်ခု ဖြစ်လာခဲ့၏။

ယဉ်ကျေးမှုတော်လှန်ရေး ဆယ်နှစ်ဆယ်မိုးအတွင်း ခေတ်နောက်ပြန်ဆွဲခဲ့သော ပညာရေးလောကကို တိန့်သည် ပြုပြင်ပြောင်းလဲမှုလုပ်ခဲ့ကာ နိုင်ငံတကာ ပညာရေးစနစ်နှင့်အညီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခဲ့သည်။ အင်္ဂလိပ်ဘာသာအပါအဝင် နိုင်ငံခြားဘာသာများကို အထူးပြုသင်ယူခွင့်ပေးခဲ့၏။ တက္ကသိုလ်၊ ကောလိပ်များ၊ သုတေသနအဖွဲ့အစည်းများကို ကမ္ဘာ့အဆင့်မီတိုးတက်အောင် တွန်းအားပေး ဖန်တီးနိုင်ခဲ့၏။ အင်အားသာလွန်ကြီးမားရေးမဟာဗျူဟာပေါ်တွင် အခြေပြုတည်ဆောက်ထားသော တရုတ်တပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ပေးကာ အင်အားကြီးမားသောခေတ်မီတပ်မတော်ကြီး ဖြစ်စေခဲ့၏။ တရုတ်လူငယ်လူရွယ်များကို နိုင်ငံခြားတိုင်းပြည်များသို့သွားရောက်ပညာ သင်ခွင့်ပြုကာ နိုင်ငံတကာမှကျောင်းသားများနှင့် ကမ္ဘာလှည့်ခရီးသည်များကိုလည်း တံခါးကျယ်ကျယ်ဖွင့်၍ ကြိုဆိုခဲ့၏။

တရုတ်ပြည်ကြီးကို မာ့က်စ်လီနင်ဝါဒနှင့် မော်စီတုံးဝါဒ စည်းရုံးရေးအကျဉ်းအကျပ်ထဲမှဆွဲထုတ်ကာ ကမ္ဘာ့အဆင့်မီနည်းပညာတိုးတက်မှုနှင့် နိုင်ငံတကာကုန်သွယ်ရေးနယ်ပယ်သို့ လမ်းကြောင်းပြောင်းပေးခဲ့သူ ကျေးဇူးရှင်ကား တိန့်ရှောက်ဖိန်သာဖြစ်သည်ကု သမိုင်းက သက်သေပြနိုင်ခဲ့ပါပြီ။

ဆင်းရဲတွင်းနက်ခဲ့ကြသော အငတ်ငတ် အပြတ်ပြတ် တရုတ်ပြည်သူသန်းပေါင်းများစွာကို ဝဝလင်လင်စားနိုင်၊ လှလှပပဝတ်နိုင်၊ အဆင့်ရှိရှိ နေထိုင်နိုင်ရန် နိုင်ငံ၏စီးပွားရေးလမ်းမှန်ကို ချပြပြီး အကောင်အထည်ဖော်နိုင်ခဲ့သူမှာလည်း တိန့်ပင်ဖြစ်၏။

တရုတ်နိုင်ငံရေး သုခမိန်-တိန့်ရှောက်ဖိန်

ယနေ့တရုတ်ပြည်၏အဆင့်ကား ကောင်းကောင်းမွန်မွန် ဝဝလင်လင် စားသောက်သုံးစွဲနေထိုင်သည့်အဆင့်မှ ကျော်၍ ကမ္ဘာ့ အချမ်းသာဆုံးစာရင်းဝင် စီးပွားရေးလုပ်ငန်းရှင်ကြီးများစွာပေါ်ထွန်းလာသည့်အခြေအနေထိ ရောက်နေပါပြီ။

ဤသည်မှာ ခေါင်းဆောင်တစ်ဦး၏ မှန်ကန်သော အတွေးအခေါ်ကို အခြေတည်ကာ လက်တွေ့ကျသောလုပ်ရပ်ကို ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား စွန့်စားလုပ်ကိုင်နိုင်ခဲ့ခြင်း၏ရလဒ်အနှစ်သာရကို နိုင်ငံနှင့် ပြည်သူက အသီးအပွင့် ရယူစားသုံးခွင့်ရခြင်း၏ သရုပ်သကန်ပင်ဖြစ်ပါသည်။

တိန့်ရှောက်ဖိန်ကား ယခု သက်ရှိထင်ရှားမရှိတော့ပြီ။ သို့သော် သူ့ဘဝ တစ်လျှောက်လုံး အမျိုးစုံ အနှစ်နာ အဆင်းရဲခံ၊ နေ့မအိပ် ညမနား အပင်ပန်းခံ တီထွင်ဖောက်လုပ်ခဲ့သော လမ်းကြီးကား ယခုအခါ ချောမွေ့စွာဖြောင့်တန်းနေသဖြင့် တရုတ်ပြည်သူအားလုံး ဆူးညှောင့်ခလုတ်ကန်သင်း ကင်းကင်းရှင်းရှင်း ဖြင့် စိတ်ချပျော်ရွှင်စွာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်နေကြပြီ ဖြစ်ပါသည်။

ဟိန်းလတ်
(၉-၇-၂၀၀၈)

www.foreverspace.com.mm

## နောက်ဆက်တွဲ (က)
## တိန့်ရှောက်ဖိန်နှင့် မြန်မာနိုင်ငံ

၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၁၁ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံတော်သမ္မတကြီး ဦးဆောင်ကာ နိုင်ငံတော်ကော်မတီဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့ ပါဝင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌမစ္စတာချူတေး၊ ဝန်ကြီးချုပ်ချူအင်လိုင်းတို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကြ၏။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပေကျင်းနိုင်ငံတကာလေဆိပ်တွင် စောင့်ကြိုနေသူမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်တိန့်ရှောက်ဖိန် ဦးဆောင်သောအဖွဲ့ ဖြစ်၏။ ထိုညတွင် ဝန်ကြီးချုပ်ချူအင်လိုင်းကိုယ်စား ဒုတိယဝန်ကြီးချုပ် တိန့်ရှောက်ဖိန်က ပြည်သူ့ခန်းမဆောင်တွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာစားပွဲတည်ခင်းဧည့်ခံခဲ့၏။ ထိုဧည့်ခံပွဲတွင် တိန့်ရှောက်ဖိန်က မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။

'မြန်မာနိုင်ငံဟာ ကျွန်တော်တို့နဲ့ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးနားချင်းနိုင်ငံပါ။ တရုတ်ပြည်သူတို့က မြန်မာပြည်သူတို့အပေါ် အမြဲပဲ နက်နက်ရှိုင်းရှိုင်းနဲ့ ဆွေမျိုးပေါက်ဖော်လို သဘောထားပါတယ်။ မြန်မာပြည်သူတွေရဲ့အမျိုးသားလွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်ရေးတို့ကို ကမ္ဘာ့ပြည်သူတွေနဲ့အတူ နက်နက်နဲနဲ စာနာထောက်ထားပြီး ထောက်ခံအားပေးနေပါတယ်။ မြန်မာနိုင်ငံဟာ အမြော်အမြင်ကြီးမားတဲ့ လွတ်လပ်တဲ့နိုင်ငံခြားရေးဝါဒနဲ့ ဘက်မလိုက်ရေးဝါဒကို အမြဲလိုက်နာနေတာ တွေ့ရပါတယ်။ တခြား တတိယကမ္ဘာ

www.foreverstore.com.mm

တွေနဲ့လဲ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ပြီး ကိုလိုနီစနစ်ရဲ့ လက်ဝါးကြီးအုပ်ချယ်လှယ်ရေးဝါဒကိုဆန့်ကျင်တဲ့အပြင် နိုင်ငံတကာအရေးတွေမှာလဲ အရေးပါတဲ့ကဏ္ဍတွေက ပါဝင်ထမ်းဆောင်နေပါတယ်။ဒီလုပ်ငန်းရပ်တွေကို ကျွန်တော်တို့က အထူးတလည်ချီးကျူးဂုဏ်ပြုပါတယ်" စသဖြင့် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ချူအင်လိုင်းသည် ကျန်းမာရေးမကောင်းသဖြင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို တစ်ချိန်လုံး ဆွေးနွေး ထိတွေ့ခဲ့ရသူမှာ တိန့်ရှောက်ဖိန်ပင် ဖြစ်သည်။ မြန်မာခေါင်းဆောင်များနှင့်တိန့်ရှောက်ဖိန်သည် ၁၂-၁၁-၁၉၇၅ မှ ၁၄-၁၁-၁၉၇၅ ထိ သုံးကြိမ်တိုင်တိုင် ဆွေးနွေးခဲ့သည်။

၁၉၇၈ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ဒုတိယဝန်ကြီးချုပ် တိန့်ရှောက်ဖိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဟန်ညံလိုအပါအဝင် ထိပ်တန်းအရာရှိကြီးများနှင့်သတင်းစာဆရာ၆ဦးအပါအဝင် အဖွဲ့ဝင်၁၅ဦးနှင့်အတူ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။ မြန်မာနိုင်ငံမှ နိုင်ငံတော်သမ္မတကြီးနှင့်ခေါင်းဆောင်ကြီးများက ကြိုဆိုခဲ့ကြ၏။ ရန်ကုန်လေဆိပ်တွင် တိန့်ရှောက်ဖိန်က နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်မှုနှင့်ပတ်သက်ပြီး ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

"မြန်မာနိုင်ငံကို အလည်အပတ်ရောက်ခွင့်ရတဲ့အတွက် ကျွန်တော်ရော ကျွန်တော့်လုပ်ဖော်ကိုင်ဖက်များပါ အထူးပဲဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။ တရုတ်မြန်မာ နှစ်နိုင်ငံဟာ တောတောင်ရေမြေချင်းဆက်စပ်နေပြီး ရှေးပဝေသဏီကတည်းက ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံလာခဲ့ကြတဲ့ အိမ်နီးနားချင်းနိုင်ငံတွေ ဖြစ်ကြပါတယ်။ လတ်တလောနှစ်တွေမှာလဲ ကျွန်တော်တို့ နှစ်နိုင်ငံနဲ့ မိတ်ဆွေဖြစ်ဆက်ဆံမှုဟာ နောက်ထပ်တိုးတက်လာပါတယ်။ ခုလိုတိုးတက်လာတာဟာ နှစ်နိုင်ငံပြည်သူတို့ရဲ့အကျိုးစီးပွားနဲ့ရော တူညီတဲ့ဆန္ဒနဲ့ပါ လုံးဝကိုက်ညီပါတယ်။ မြန်မာနိုင်ငံကို ကျွန်တော်တို့ အခုအခေါက် အလည်အပတ်လာတာဟာလဲ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အရင်က အကြိမ်ကြိမ် သွားလာလည်ပတ်ခဲ့ကြတာလိုပဲ ကျွန်တော်တို့နှစ်နိုင်ငံပြည်သူများရဲ့အစဉ်အလာချစ်ကြည်မှုနဲ့ နှစ်နိုင်ငံမိတ်ဆွေဖြစ်ဆက်ဆံမှုကို ပိုမိုခိုင်မြဲစေဖို့ အားသစ်လောင်းပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ခမ်းခမ်းနားနားသိုက်မြိုက်စွာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတဲ့

မြန်မာအစိုးရခေါင်းဆောင်များနဲ့ မြန်မာပြည်သူများကို နှစ်နှစ်ကာကာကျေးဇူး ဥပကာရတင်ရှိကြောင်း ပြောကြားလိုပါတယ်။ မြန်မာအစိုးရနဲ့ မြန်မာပြည်သူ များကို တရုတ်အစိုးရနဲ့တရုတ်ပြည်သူတို့က ခင်မင်ရင်းနှီးစွာ နှုတ်ခွန်းဆက်သ လိုက်တဲ့အကြောင်းနဲ့ ဆုတောင်းမေတ္တာပို့သလိုက်တဲ့အကြောင်းလဲ ခုလို အခွင့် ကြုံခိုက် ကျွန်တော်ပြောပြလိုပါတယ်။ တရုတ်မြန်မာနှစ်နိုင်ငံပြည်သူတို့ရဲ့ အစဉ် အလာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှုနဲ့ နှစ်နိုင်ငံမိတ်ဆွေဖြစ်ဆက်ဆံမှု အဆက် မပြတ်ခိုင်မြဲတိုးပွားပါစေ။ မြန်မာနိုင်ငံတော်စည်ပင်ဝပြောပြီး ပြည်သူတို့ ချမ်းမြေ့ ပျော်ရွှင်ကြပါစေ’ဟူ၍ဖြစ်၏။

တိန့်ရှောက်ဖိန်သည် မြန်မာနိုင်ငံတွင် ၆ရက်ကြာ နေထိုင်သွားခဲ့သည်။ မြန်မာပြည်တွင် ရှိနေစဉ်ကာလအတွင်း တိန့်ရှောက်ဖိန်သည် အာဇာနည်ဗိမာန် တွင် လွမ်းသူ့ပန်းခွေချခြင်း၊ ရွှေတိဂုံစေတီတော်အား ကြည်ညိုခြင်း၊ ကျောက် မျက်ရတနာပြပွဲသို့သွားရောက်ကြည့်ရှုခြင်း၊ မြန်မာနိုင်ငံဆေးဝါးစက်ရုံသို့ သွား ရောက်ကြည့်ရှုခြင်း၊ ငပလီသို့ သွားရောက်အပန်းဖြေခြင်း၊ ရခိုင်ရိုးရာ လှေပြိုင်ပွဲ အားကစားပွဲများသို့ သွားရောက်ကြည့်ရှုခြင်း၊ ပုလဲမွေးမြူရေးလုပ်ငန်း နေလှန်း ဆားလုပ်ငန်း၊ သစ်ထုတ်လုပ်မှု၊ ငါးဖမ်းလုပ်ငန်းများကို လေ့လာခြင်းများ ပြုလုပ် ခဲ့၏။

ဟိန်းလတ်

၉-၇-၂၀၀၈

www.foreverstore.com.mm

## ၂၆-၁-၁၉၇၈ နေ့ ဂုဏ်ပြုညစာစားပွဲ၌ ဒုတိယဝန်ကြီးချုပ် တိန့်ရှောက်ဖိန် ပြောကြားသောမိန့်ခွန်း

လေးစားအပ်သော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား၊ အဆွေတော်နှင့်မိတ်ဆွေများ ခင်ဗျား....

မြန်မာပြည်ရဲ့ သာယာတင့်တယ်ကြည်နူးဖွယ်ဖြစ်တဲ့ ခုလိုအချိန်ကောင်း ရာသီကောင်းမှာ ကျွန်တော်ဟာ တရုတ်ပြည်သူတို့ရဲ့ ကြီးမြတ်တဲ့ ခေါင်းဆောင်ကြီးနဲ့ ဆရာကြီးဖြစ်သူ ဥက္ကဋ္ဌကြီးမော်စီတုံး သက်ရှိထင်ရှားရှိစဉ်က ညွှန်ကြားသွားတဲ့အတိုင်း မြန်မာအစိုးရနဲ့မြန်မာပြည်သူတို့အပေါ် တရုတ်အစိုးရနဲ့တရုတ်ပြည်သူတို့ထားရှိတဲ့ ဖြူစင်တဲ့မေတ္တာစေတနာကိုဆောင်ကြဉ်းပြီး အစိုးရဧည့်သည်တော်အဖြစ်နဲ့ အဆွေတော်တို့နိုင်ငံကို ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိလာတာဖြစ်ပါတယ်။ မနေ့က သမ္မတကြီးနဲ့တကွ အခြားသော မြန်မာအစိုးရခေါင်းဆောင်များနဲ့ မြန်မာပြည်သူတို့က ခမ်းခမ်းနားနားလှိုက်လှိုက်လှဲလှဲကြိုဆိုတာကို ကျွန်တော်တို့ ခံခဲ့ရပါတယ်။ ကနေ့ညလဲ အဆွေတော်ဝန်ကြီးချုပ် တည်ခင်းတဲ့ ခမ်းနားသိုက်မြိုက်လှတဲ့ ညစာစားပွဲကြီးကို တက်ရောက်ပြီး မြန်မာမိတ်ဆွေများနဲ့ တပျော်တပါးဆုံစည်းခွင့်ရတဲ့အတွက် ကျွန်တော်တို့ဟာ ခင်မင်ရင်းနှီးမှုနဲ့ဝမ်းမြောက်ပျော်ရွှင်မှုကိုအထူးပဲခံစားမိကြပါတယ်။ ဒီအတွက် မြန်မာအစိုးရနဲ့မြန်မာပြည်သူတို့ကို နှစ်နှစ်ကာကာကျေးဇူးဥပကာရတင်ရှိတဲ့အကြောင်း တရုတ်အစိုးရနဲ့ တရုတ်ပြည်သူတို့ရဲ့ကိုယ်စား ကျွန်တော် ပြောကြားပါရစေ။

မြန်မာနိုင်ငံဟာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်ပြီး သက်တမ်းရှည်ကြာတဲ့၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တွေ စုံလင်ကြွယ်ဝတဲ့နိုင်ငံလဲ ဖြစ်ပါတယ်။ မြန်မာပြည်သူတို့ဟာ လုံ့လဝီရိယ၊ သူရသတ္တိတို့နဲ့ပြည့်စုံပြီး လွတ်လပ်မှုကို ပြင်းပြင်းပြပြမြတ်နိုးကြပါတယ်။ နယ်ချဲ့သမားနဲ့ ကိုလိုနီသမား

တွေကို ဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ဂုဏ်ရောင်ထွန်းပြောင်တဲ့ အစဉ်အလာ ရှိကြပါတယ်။

သမ္မတကြီးရဲ့ ခေါင်းဆောင်မှုအောက်မှာ မြန်မာပြည်သူတို့ဟာ အမျိုးသားလွတ်လပ်ရေးနဲ့ နိုင်ငံအချုပ်အခြာအာဏာကို ပြတ်ပြတ်သားသားထိန်းသိမ်းကာကွယ်ခဲ့ကြပါတယ်။ စက်မှုလယ်ယာကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလုပ်ကိုင်ခဲ့ကြပါတယ်။ အမျိုးသားယဉ်ကျေးမှု ထွန်းကားအောင်ဆောင်ရွက်ခဲ့ကြပါတယ်။ မိမိတို့တိုင်းပြည်ကို ထူထောင်ခဲ့ကြပါတယ်။ ချီတက်ရာခရီးလမ်းမှာ မြန်မာပြည်သူတို့ကို ပိုမိုကြီးမားတဲ့ အောင်မြင်မှုတွေ ရရှိကြစေကြောင်း ကျွန်တော် အနူးအညွတ် ဆုမွန်ကောင်းတောင်းလိုပါတယ်။ နိုင်ငံတကာရေးရာနယ်ပယ်မှာ မြန်မာအစိုးရဟာ ကြားနေရေးနဲ့ ဘက်မလိုက်ရေး ပေါ်လစီကို ကာလကြာရှည်စွာ ကိုင်စွဲခဲ့ပါတယ်။ တတိယကမ္ဘာဝင်နိုင်ငံတွေနဲ့ ခင်ခင်မင်မင် တိုးတက်ဆက်ဆံခဲ့ပါတယ်။ နယ်ချဲ့ဝါဒနဲ့ဗိုလ်ကျလွှမ်းမိုးရေးဝါဒကို ဆန့်ကျင်ခဲ့ပါတယ်။ ဒါကို အနိုင်နိုင်ငံပြည်သူတို့က ကောင်းချီးထောပနာပြုခဲ့ကြပါတယ်။

မိတ်ဆွေများခင်ဗျား

မျက်မှောက် ကမ္ဘာ့အခြေအနေဟာ ကမ္ဘာ့အနိုင်နိုင်ငံ ပြည်သူတို့အဖို့ အကျိုးရှိပြီး နယ်ချဲ့သမားနဲ့ဗိုလ်ကျလွှမ်းမိုးရေးသမားတွေအဖို့ အကျိုးမရှိပါဘူး။ ကမ္ဘာ့ပြည်သူတို့ဟာ  နယ်ချဲ့ဝါဒနဲ့ဗိုလ်ကျလွှမ်းမိုးရေးဝါဒဆန့်ကျင်ရေးတိုက်ပွဲအတွင်းမှာ သံခဲအတင်ခံခဲ့ပြီး အဆက်မပြတ်ချီတက်နေကြပါတယ်။ အာရှအခြေအနေဖြစ်ပေါ်တိုးတက်မှုဟာလဲ အင်မတန်အားတက်စရာကောင်းပါတယ်။ အရှေ့တောင်အာရှနဲ့တောင်အာရှ အနိုင်နိုင်ငံပြည်သူတို့ဆင်နွှဲတဲ့ အမျိုးသားလွတ်လပ်မှု၊ နိုင်ငံအချုပ်အချာ အာဏာပိုင်မှု၊ စီးပွားရေးအခွင့်အရေးနဲ့ အကျိုးစီးပွားတို့ကို ထိန်းသိမ်းကာကွယ်တဲ့ တိုက်ပွဲတွေဟာ နက်ရှိုင်းတိုးတက်လျက်ရှိပါတယ်။

အာရှဒေသမှာ နယ်ချဲ့သမားနဲ့ဗိုလ်ကျလွှမ်းမိုးရေးသမားတွေပြုလုပ်တဲ့ နယ်ချဲ့မှုနဲ့ ဖောက်ထွင်းစိမ့်ဝင်မှုတွေဟာ ဆက်ကာ ဆက်ကာ အရေးနိမ့်ရလျက်ရှိပါတယ်။ ကမ္ဘာ့ဘယ်ဒေသမှာ ဘယ်နိုင်ငံ ဗိုလ်ကျလွှမ်းမိုးတာကိုမဆို မိမိတို့ဆန့်ကျင်ကြောင်း အာရှနိုင်ငံများစွာတို့က ပြတ်ပြတ်သားသား ကြေညာထားပါ

www.foreverstudy.com.mm

တယ်။ ဒီအချက်က အာရှနိုင်ငံပြည်သူတို့ရဲ့ တူညီတဲ့ဆန္ဒကို ထင်ဟပ်ပြနေပါတယ်။

အာရှနိုင်ငံများကြားမှာတည်ရှိနေတဲ့ ဒီလိုဟိုလိုအငြင်းပွားမှုတွေနဲ့ပတ်သက်လို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူငါးချက်အခြေခံပေါ်မှာ သက်ဆိုင်ရာနိုင်ငံအချင်းချင်း မိတ်ဆွေလို ညှိနှိုင်းတိုင်ပင်ပြီး ဖြေရှင်းကြဖို့ ကျွန်တော်တို့တစ်လျှောက်လုံး တိုက်တွန်းတင်ပြခဲ့ပါတယ်။ အာရှနိုင်ငံ ပြည်သူတို့အနေနဲ့သာ တိုးတက်စည်းလုံးပြီး မဆုတ်မနစ်တိုက်ပွဲဆင်ကြရင် နယ်ချဲ့သမားနဲ့ဗိုလ်ကျလွှမ်းမိုးရေးသမားတွေရဲ့လုပ်ကြံမှုတွေကို တိုက်ဖျက်ပစ်ပြီး အမျိုးသားလွတ်လပ်မှုနဲ့နိုင်ငံအချုပ်အခြာ အာဏာကာကွယ်ရေးတိုက်ပွဲမှာ ပိုမိုကြီးမားတဲ့ အောင်ပွဲတွေဆွတ်ခူးသွားနိုင်ကြမှာ မြေကြီးလက်ခတ်မလွဲဖြစ်တယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

မိတ်ဆွေများခင်ဗျား

လက်ငင်းအချိန်မှာ တရုတ်ပြည်ရဲ့ဆိုရှယ်လစ်တော်လှန်ရေးနဲ့ထူထောင်ရေးဟာ တိုးတက်မှုကာလသစ် တစ်ခုကို လှမ်းဝင်ခဲ့ပြီး တရုတ်ပြည်သူတို့ဟာ ထက်မြက်တဲ့ခေါင်းဆောင်ကြီး ဥက္ကဋ္ဌဟွာကိုဖုန်း အမှူးရှိတဲ့ ပါတီ ဗဟိုကော်မတီရဲ့ပတ်လည်မှာ ခိုင်မြဲစွာစည်းလုံးပြီး စိတ်အားတက်ကြွတိုက်ခိုက်စိတ်ပြည့်ဝစွာနဲ့ လုပ်ကိုင်ခဲ့ကြလို့ လူတန်းစားတိုက်ပွဲဆိုတဲ့ အခရာကို ကိုင်ကာ တိုင်းပြည်တည်ငြိမ်တိုးတက်အောင်လုပ်ဆောင်ရာမှာ ပဏာမ အကျိုးဖြစ်ထွန်းချက်ဖြစ်တဲ့ မဟာအောင်မြင်မှုကြီး ရရှိခဲ့ကြပါပြီ။

ခုဆိုရင် အကျိုးဖြစ်ထွန်းချက်ကြီးဖြစ်တဲ့ အောင်မြင်မှုကို သုံးနှစ်အတွင်း ဆွတ်ခူးရေးအတွက်လည်းကောင်း၊ ဒီရာစုနှစ်မကုန်ခင် တရုတ်ပြည်ကို အင်အားတောင့်တင်းတဲ့ ခေတ်မီဆိုရှယ်လစ်နိုင်ငံဖြစ်လာအောင်ထူထောင်သွားရေးအတွက်လည်းကောင်း၊ တစ်ဆင့်တိုးပြီး အားထုတ်လုံးပမ်းနေကြပါတယ်။ နိုင်ငံတကာရေးရာနယ်ပယ်မှာ ကျွန်တော်တို့အနေနဲ့အရင့်အရင်ကလိုပဲ ဥက္ကဋ္ဌကြီးမော် ချမှတ်ထားတဲ့ တော်လှန်တဲ့နိုင်ငံခြားရေးလမ်းစဉ်ကို ထိထိရောက်ရောက်လိုက်နာခန့်ခွဲသွားမယ်ဖြစ်ပါတယ်။ ကမ္ဘောအနိုင်နိုင်ငံပြည်သူတို့ရဲ့ ရင်ဘောင်တန်းတိုက်ပွဲဝင်ပြီး ကမ္ဘာ့အခြေအနေကို ကမ္ဘာ့အနိုင်နိုင်ငံပြည်သူတို့အဖို့ အကျိုးရှိတဲ့ ဦးတည်

www.foreverspace.com.mm

ချက်အတိုင်း ဆက်လက်တိုးတက်စေရေးအတွက် ဆောင်ရွက်သွားမယ်ဖြစ်ပါတယ်။

တရုတ်မြန်မာ နှစ်နိုင်ငံတို့ရဲ့ ဆွေမျိုးပေါက်ဖော်လို ခင်မင်တဲ့ဆက်ဆံမှုဟာ ဥက္ကဋ္ဌကြီး မော်စီတုံး၊ ဝန်ကြီးချုပ် ချူအင်လိုင်းနဲ့ မြန်မာနိုင်ငံ သမ္မတကြီးတို့ကိုယ်တိုင် အရေးထားပြုစုပျိုးထောင်ပေးလို့ တိုးတက်လာတဲ့ ဆက်ဆံမှုဖြစ်ပါတယ်။ အချိန်ရဲ့စမ်းသပ်မှုကိုခံခဲ့ပြီးတဲ့ ဆက်ဆံမှုဖြစ်ပါတယ်။ မနှစ်က တရုတ်ပြည်ကို သမ္မတကြီး နှစ်ကြိမ် အလည်အပတ်ကြွရောက်ခဲ့တာရယ်။ မြန်မာပြည်ကို အမြဲတမ်းကော်မတီဥက္ကဋ္ဌတိန့်ရှင်ချောင်း အလည်အပတ်ရောက်ခဲ့တာရယ်တို့ဟာ ကျွန်တော်တို့နှစ်နိုင်ငံရဲ့ မိတ်ဆွေဖြစ်ဆက်ဆံမှုကို နောက်ထပ် တိုးတက်လာစေပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံပြည်သူတို့ဟာ နောင်လာ နောက်သားအဆက်ဆက်တိုင် ခင်ခင်မင်မင်ပေါင်းသင်းဆက်ဆံသွားကြရမည် ဖြစ်ပါတယ်။ ဒီအချက်ဟာ နှစ်နိုင်ငံပြည်သူတို့ရဲ့အရင်းခံအကျိုးစီးပွားနဲ့ ကိုက်ညီရုံမက ဗိုလ်ကျွှမ်းမိုးမှုကို အာရှပြည်သူတို့ စည်းစည်းလုံးလုံး ဆန့်ကျင်တဲ့ အကျိုးတူအရေးတော်ပုံအဖို့လဲ အကျိုးရှိပါတယ်။ တရုတ်အစိုးရနဲ့ တရုတ်ပြည်သူတို့ဟာ ကျွန်တော်တို့နှစ်နိုင်ငံရဲ့မိတ်ဆွေဖြစ်ဆက်ဆံမှုကို ဆက်လက်တိုးတက်စေရေးအတွက် မြန်မာအစိုးရ မြန်မာပြည်သူတို့နဲ့ လက်တွဲလုံးပမ်းသွားလိုပါတယ်။

တရုတ်မြန်မာ နှစ်နိုင်ငံ မိတ်ဆွေဖြစ်ဆက်ဆံမှုနဲ့ နှစ်နိုင်ငံ ပြည်သူတို့ရဲ့ အစဉ်အလာချစ်ကြည်မှု အဆက်မပြတ်တိုးတက်စေရေးအတွက်လည်းကောင်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စည်ပင်ဝပြောစေရေးနှင့် ပြည်သူတို့ ချမ်းမြေ့ပျော်ရွှင်စေရေးအတွက်လည်းကောင်း

အဆွေတော်သမ္မတကြီးရဲ့ ကျန်းမာရေးအတွက်လည်းကောင်း

အဆွေတော်ဗိုလ်ချုပ်ကြီးရဲ့ ကျန်းမာရေးအတွက်လည်းကောင်း

အဆွေတော်ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေးအတွက်လည်းကောင်း

ကြွရောက်လာကြတဲ့ အဆွေတော်များနဲ့ မိတ်ဆွေများရဲ့ ကျန်းမာရေးအတွက်လည်းကောင်း

ကျွန်တော်နဲ့အတူ ဆုမွန်ကောင်းတောင်းကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

www.foreverstore.com.mm

## ၃၁-၁-၁၉၇၈ နေ့ည ဒုတိယဝန်ကြီးချုပ် တိန့်ရှောက်ဖိန်က ပြန်လည်တည်ခင်းသော ညစာစားပွဲ မိန့်ခွန်း

မြန်မာနိုင်ငံ၌ တည်ခင်းသော နှုတ်ဆက်ညစာစားပွဲတွင် ဒုတိယဝန်ကြီးချုပ်တိန့်ရှောက်ဖိန် ပြောကြားသော ဆုတောင်းစကား

လေးစားအပ်သော အဆွေတော်သမ္မတကြီးခင်ဗျား

လေးစားအပ်သော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား

အဆွေတော်များနဲ့ မိတ်ဆွေများခင်ဗျား

အဆွေတော်တို့နိုင်ငံက ကျွန်တော်တို့ ပြန်ကြကာနီးမှာ အဆွေတော်သမ္မတကြီးနဲ့ရော အဆွေတော်ဝန်ကြီးချုပ်နဲ့ရော တခြားမြန်မာမိတ်ဆွေများနဲ့ပါ တပျော်တပါး ထပ်မံဆုံစည်းခွင့်ရတဲ့အတွက် ကျွန်တော်တို့ အထူးပဲ ဂုဏ်ယူမိကြပါတယ်။

တရုတ်မြန်မာနှစ်နိုင်ငံဟာ ဆွေမျိုးပေါက်ဖော်လိုခင်မင်တဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံခေါင်းဆောင်တွေ အတုန့်အပြန်သွားလာလည်ပတ်ဆက်ဆံကြတာဟာ ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦးကြားက ချစ်ကြည်မှုနဲ့နားလည်မှုကို တိုးပွားစေရေးအတွက် အင်မတန်အကျိုးရှိပါတယ်။ ခုအကြိမ်အလည်အပတ်ရောက်ရှိရာမှာ ကျွန်တော်တို့ဟာ သမ္မတကြီးဗိုလ်ချုပ်ကြီး ဝန်ကြီးချုပ်တို့နဲ့ရော တခြားမြန်မာခေါင်းဆောင်များနဲ့ပါ တွေ့ဆုံခဲ့ကြပါတယ်။ အဲသလိုတွေ့ဆုံကြရာမှာ နှစ်ဦးနှစ်ဖက်စလုံးအရေးထားကြတဲ့ပြဿနာများနဲ့ပတ်သက် လို့ ချစ်ကြည်ရေးစိတ်ဓာတ်ထင်မြင်ချက်များ အပြည့်အဝ ဖလှယ်ခဲ့ကြပါတယ်။ နှစ်နိုင်ငံဆက်ဆံမှုတိုးတက်လာတာနဲ့ပတ်သက်လို့ နှစ်ဦးနှစ်ဖက်စလုံးကလဲ ကျေနပ်ကြပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ အလွန်ကောင်းမွန်တဲ့အပြန်အလှန်ကူညီမှုနဲ့ပူးပေါင်းဆောင်ရွက်မှုများရှိကြပါတယ်။ လွန်ခဲ့တဲ့နှစ်များမှာ ကျွန်တော်

www.foreverspace.com.mm

တို့ဟာ ခင်ဗျားတို့အတွက် အကျိုးပြုမှုအနည်းငယ်ရှိတယ်လို့ပြောမယ်ဆိုရင်လဲ မပြောပလောက်အောင် ဖြစ်ပါတယ်။ နှစ်နိုင်ငံ မိတ်ဆွေဖြစ်ဆက်ဆံမှုနဲ့ နှစ်နိုင်ငံ ပြည်သူတို့ရဲ့ အစဉ်အလာချစ်ကြည်မှုကို နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဘက် များမှာ ပိုပြီးခိုင်မြဲတိုးပွားစေဖို့ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်စလုံးက လိုလားကြ ပါတယ်။ အဲသလို ဆောင်ရွက်သွားဖို့လဲ စိတ်ပိုင်းဖြတ်ထားကြပါတယ်။ ကျွန် တော်ရောက်လေရာ နေရာတိုင်းမှာ မြန်မာအစိုးရနဲ့ပြည်သူတို့က ကျွန်တော်တို့ ကို အထူးခမ်းနားသိုက်မြိုက်စွာ လှိုက်လှိုက်လှဲလှဲကြိုဆိုပြီး အလွန်ခင်မင်ရင်းနှီး စွာ ဧည့်ဝတ်ပြုခဲ့ကြပါတယ်။ မြန်မာပြည်သူတွေရဲ့ကြီးမားနက်နဲတဲ့ မေတ္တာ စေတနာတွေဟာ ကျွန်တော်တို့စိတ်ထဲမှာ အမှတ်ထင်ထင်စွဲနေပါတယ်။ ကျွန်တော်တို့ဟာ ကိုယ့်ဆွေမျိုးသားချင်းတွေဆီကို အလည်လာရသလို အထူး ပျော်ရွှင်ကြပါတယ်။ အခုလိုလှည့်လည်ကြည့်ရှုခဲ့ခြင်းအားဖြင့် ကျွန်တော်တို့ဟာ မြန်မာပြည်သူများနဲ့ တွေ့ဆုံဆက်ဆံခွင့်ရခဲ့ပါတယ်။ သမ္မတကြီးရဲ့ ခေါင်းဆောင်မှု အောက်မှာ တိုင်းပြည်ထူထောင်မှုဘက်မှာ မြန်မာနိုင်ငံရရှိတဲ့ တိုးတက်မှုတွေကို ကျွန်တော်တို့ကိုယ်တိုင် တွေ့မြင်ခဲ့ရပါတယ်။ နယ်ချဲ့ဝါဒနဲ့ကိုလိုနီဝါဒဆန့်ကျင် တိုက်ခိုက်ခဲ့တဲ့ မြန်မာပြည်သူတို့ရဲ့အစဉ်အလာကို ကျွန်တော်တို့ ပိုပြီးလေးလေး နက်နက်သိရှိကြရပါသည်။ မြန်မာပြည်သူတို့ အပင်ပန်းခံပြီး ဇွဲနဲ့ လုံးပမ်းသွားကြ ရင် မိမိတို့တိုင်းပြည်ကို စည်ပင်ဝပြောပြီး အင်အားတောင့်တင်းတဲ့တိုင်းပြည် ဖြစ်အောင် ထူထောင်သွားကြမှာ သေချာတယ်လို့ ကျွန်တော် အလေးအနက် ယုံကြည်ပါတယ်။

ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးဟာ မနက်ဖြန်ဆိုရင်ပဲ ပြီးဆုံးပါတော့မယ်။ မြန်မာပြည်သူတို့ရဲ့ ဖြူစင်တဲ့မေတ္တာကို တရုတ်ပြည်သူများ ထံသို့ ကျွန်တော်တို့ဆောင်ကြဉ်းသွားပါ့မယ်။ သမ္မတကြီး၊ ဝန်ကြီးချုပ်နဲ့ တခြား မြန်မာမိတ်ဆွေများကို နက်နက်နဲနဲကျေးဇူးတင်ကြောင်း ကျွန်တော် ထပ်လောင်း ပြောကြားပါရစေ။ အဆွေတော်သမ္မတကြီးအဖို့ အဆင်ပြေတဲ့အချိန်မှာ တရုတ် ပြည်ကို နောက်ထပ် အလည်အပတ်ကြွရောက်ပါရန် ဥက္ကဋ္ဌကြီးနဲ့ ဝန်ကြီးချုပ် ဟွာကိုဖုန်းကိုယ်စား ကျွန်တော် ဖိတ်ကြားအပ်ပါတယ်။ အဆွေတော် ဗိုလ်ချုပ် ကြီး၊ အဆွေတော်ဝန်ကြီးချုပ်နဲ့တကွ တခြားမြန်မာမိတ်ဆွေများ တရုတ်ပြည်ကို

www.foreverspace.com.mm

အလည်အပတ်လာကြဖို့လဲ တရုတ်အစိုးရရဲ့ကိုယ်စား ကျွန်တော်က လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။ တရုတ်မြန်မာ နှစ်နိုင်ငံပြည်သူတို့ရဲ့ ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှု အစွန့်ရှည်စွာ တည်မြဲစေကြောင်း ကျွန်တော် အနူးအညွတ်ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

တရုတ်မြန်မာနှစ်နိုင်ငံ ပြည်သူတို့ရဲ့ ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှုနဲ့ နှစ်နိုင်ငံ မိတ်ဆွေဖြစ်ဆက်ဆံမှုတိုးတက်ရေးအတွက်လည်းကောင်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စည်ပင်ဝပြောစေရေးနဲ့ ပြည်သူတို့ ချမ်းမြေ့ပျော်ရွှင်စေရေးအတွက်လည်းကောင်း

အဆွေတော်သမ္မတကြီးရဲ့ကျန်းမာရေးအတွက်လည်းကောင်း

အဆွေတော်ဗိုလ်ချုပ်ကြီးရဲ့ကျန်းမာရေးအတွက်လည်းကောင်း

အဆွေတော်ဝန်ကြီးချုပ်ရဲ့ကျန်းမာရေးအတွက်လည်းကောင်း

ကြွရောက်လာကြတဲ့မြန်မာမိတ်ဆွေအပေါင်းတို့ရဲ့ ကျန်းမာရေးအတွက်လည်းကောင်း ကျွန်တော်နဲ့အတူ ဆုတောင်းမေတ္တာပို့သကြပါရန် ကျွန်တော်ပန်ကြားအပ်ပါတယ်ခင်ဗျား။

* * *

www.foreverspace.com.mm

## နောက်ဆက်တွဲ (ခ)

## မှီငြမ်းကိုးကားသော စာအုပ်စာတန်းများ


1. ALLEY, Rewi - Travels in China - Beijing, New World Press, 1973
2. MACLAINE, Shirley - You can't get there from here. N.Y, Bantan, 1978.
3. RONG, Deng - Deng Xiaoping and the Cultural Revolution. Beijing, Foreign Languages Press, 2002.
4. RONG, Deng - My Father Deng Xiaoping. Beijing, Foreign Languages Press, 1993.
5. SNOW, Edgar - Red Star Over China. London, Macmillan, 1980.
6. XIAOPING, Deng - Selected Works (1975-1985)
7. XIAOPING, Deng - Speeches (February-July, 1985)
8. XIAOPING, Deng - Present Day China's Fundamental Principles (1982-1984)
9. YANCHI, Quan - Mao Zedong - Man, not God. Beijing, Foreign Languages Press, 1996

၁၀။ ကံဟိန်း - တိန့်ရှောက်ဖိန်။ ရန်ကုန် (စပယ်ဦးစာပေ၊ ၁၉၇၈)

၁၁။ စာပေဗိမာန် - မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ် (၁၉၉၈)

၁၂။ ဒဂုန်တာရာ - ဂန္ဓာလရာဇ်၊ ရန်ကုန်၊ ဂျာနယ်ကျော်မမလေး၊ ၁၉၅၂။


၁၃။ ရဲရင့်တင့်ဆွေ - တိန့်ရှောက်ဖိန်၊ ကျန်ဇီမင်းနှင့် ခေတ်သစ် တရုတ်ပြည်သူ့တပ်မတော်။ ရန်ကုန်၊ ပြည့်စုံ၊ ၂၀၀၇။

၁၄။ သခင်နု - ဂန္ဓာလရာဇ်၊ ရန်ကုန်၊ နဂါးနီ၊ ၁၉၄၀။

www.foreverspace.com.mm

<u>စာစောင်များ</u>

15. Newsweek Magazine - 6-1-1986/3-3-1997
16. Time Magazine - 3-3-1997.
17. Deng Xiaoping Archives
18. The Life of Deng Xiaoping - Internet
19. Bangkok Post - 21-2-1997
20. Chinese Pictorail - 6/1997
21. The Nation - 21-2-1997
၂၂။ ယနေ့တရုတ်ပြည်စာစောင်များ
၂၃။ China Reconstruct စာစောင်များ
၂၄။ Beijing Review စာစောင်များ
၂၅။ ဆင်ဟွာသတင်းစဉ်များ
၂၆။ ကြေးမုံသတင်းစာများ
၂၇။ ဗိုလ်တထောင်သတင်းစာများ
၂၈။ မြန်မာ့အလင်းသတင်းစာများ
၂၉။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာများ
၃၀။ မြန်မာ့သတင်းစဉ်သတင်းလွှာများ



www.foreverspace.com.mm